
www.burmeseclassic.com

တက္ကသိုလ်

# မှော်ပင့်ငွေအောင်

ကျင်းယုံ၏ချစ်ချောက်ကွမ်းရှုံ

ရဲသွေးနီနီ လွှမ်းတေးပန်းချီ




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## ရဲ့သွေးနီနီလွှမ်းတေးပန်းချီ

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၃၉၉၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၀၆၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟန်း (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၅၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

### ခေါင်းဆောင်သစ်

"ဟေး ... ဟေး"

တစ်ခဲနက် ဟစ်ကြွေးသံကြီး ဘဝဂ်ညံသွားသည်။

အရပ်ရှစ်မျက်နှာပြင် ပွဲတင်ထပ်ကာ ကြူးဝမ်းခုံး ရပ်နေသည့် တောင်ထိပ်များပင် ငိုက်ညွတ်တုန်ခါသွားသည် ထင်ရ၏။

"ကြိုးစားလိုက်စမ်းပါ ကြူးဝမ်းခုံ။ ခြသေ့်ဆိုတာ မုဆိုးရဲ့ သားကောင်ပါ။ ခြသေ့်ရဲ့ အာခံတွင်းထဲကို မြောင်မျိုးနွယ်စုရဲ့ မဟာရာ ကို ထိုးသွင်းလိုက်စမ်းပါ"

တောင်ခြေ၌ စုရုံးရောက်ရှိနေသူများသည် ရာထောင်ချီပြီး ရှိနေသည်။

အားလုံးသည် မြောင်မျိုးနွယ်စု၏ သူရဲကောင်းများ၊ သူ့ရဲ ဟောင်းအိုကြီးများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးဝမ်းခုံးက နဖူးပေါ်စို့လာသည့် ချွေးများကို သုတ်ပစ်လိုက်သည်။ မဟူရာလုံ့ကို တင်းတင်းကျုပ်ကျုပ် ဆုပ်ကိုင်လိုက်သည်။

သူ စိတ်လှုပ်ရှားနေသည်ကို ဖြူကြီးက သိသည့်အလား နှာမှုတ်သံပေးသည်။

ဖြူကြီးသည် အဖြူရောင်အမွေးမှ မြင်းကြီးတစ်ကောင်ဖြစ်၏။

တောင်ပေါ်ဒေသ ချိုင့်ဝှမ်းတောင်ကြားဒေသတစ်ခွင်တွင် ကောင်းပေ့ဆိုသည့် မြင်းသည်ပင် ဖြူကြီး၏ သန်မာထွားကျိုင်းမှုကို မမီ။

ဖြူကြီးသည် ရှာမှရှားသော မြင်းတစ်ကောင် ဖြစ်သည်။

ထို့သို့ပင် ...

ကြူးဝမ်းခုံးသည်လည်း ဖြိုင်ဘက်ကင်းသော သူရဲကောင်းတစ်ယောက် မဟုတ်ပါလား။

"ကဲ ဖြူကြီးရေ ... ပန်းတိုင်ရောက်ဖို့ သိပ်မလိုတော့ပါဘူး။ ကြိုးစားလိုက်စမ်းပါဦးကွာ"

ဖြူကြီးသည် ကြူးဝမ်းခုံး၏စကားကို နားလည်သည့်အလား ရှည်လျားစွာ ဟီလိုက်သည်။ ထို့နောက် မြေပေါ် ခွာရှပ်ပြီး လေးညို့မှပစ်လွှတ်လိုက်သည့် မြားတစ်စင်းပမာ ရှေ့သို့ တစ်ဟုန်



ထိုး ပြေးထွက်သွားလေသည်။

ကြူးဝမ်းခုံးက မဟူရာလုံ့ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ဖြူကြီးကို အသားတကျ စီးနှင်းသွား၏။

မဟူရာလုံ့သည် မြောင်ဒေသ၌သာ တွေ့ရှိသည့် အနက်ရောင်သံရိုင်းဖြင့် ပြုလုပ်ထား၏။ အသွားမှာ စီနံသွားဖြစ်၏။

မဟူရာလုံ့သွား မဖောက်နိုင်သည့်အရာ မရှိဟုပင် မြောင်မျိုးနွယ်စုတွင် ဆိုရိုးရှိသည်။

မဟူရာလုံ့သည် မြောင်မျိုးနွယ်စု၏ ခေါင်းဆောင်တစ်ဦးတည်းသာ ကိုင်ဆောင်ခွင့်ရှိသည့်လုံ့ ဖြစ်သည်။

ယခု မဟူရာလုံ့သည် ကြူးဝမ်းခုံး၏ လက်တွင်း၌ ရှိနေချေပြီ။

မြောင်နယ်ခြားတွင် မဟူရာလုံ့ကို ယှဉ်နိုင်သည့်လက်နက် မရှိသလို လူငယ်လူရွယ်များတွင် မြောင်နယ်ခြားအတွင်းပိုင်းမှ တောင်ပေါ်သား ရွာသူကြီး ကြူးလောက်၏သား ကြူးဝမ်းခုံးအား ယှဉ်နိုင်သူမရှိဟု ဆိုရလိမ့်မည်။

မြောင်နယ်ခြားရှိ များပြားလှသော မြောင်လူမျိုး မျိုးနွယ်စုများသည် ရှေးနှစ်ပေါင်းများစွာကပင် စားကျက်နယ်မြေရေး အချင်းချင်း သွေးချောင်းစီးတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးနွယ်စုအချင်းချင်း မသင့်မမြတ်ဖြစ်နေခြင်းသည် မြောင်နယ်ခြားနှင့် ဆက်စပ်လျက်ရှိသော တာလိနေပြည်တော်အတွက် အခွင့်အရေး ဖြစ်စေခဲ့သည်။

တာလိနေပြည်တော်မှ တပ်ဖွဲ့များသည် မကြာခဏဆိုသလိုပင် မြောင်နယ်ခြားသို့ ကျူးကျော်ဝင်ရောက်လာကြသည်။

မြောင်နယ်ခြားမှ သီးနှံဖြစ်ထွန်းသော နယ်မြေများကို တာလိနေပြည်တော်ပိုင်နက်အတွင်းသို့ သွတ်သွင်းလိုက်ကြသည်။

တာလိနေပြည်တော်မှ တပ်ဖွဲ့များကြောင့်ပင် အချင်းချင်း စိတ်ဝမ်းကွဲပြားနေကြသည့် မြောင်မျိုးနွယ်စုတို့သည် ပြန်လည် သင့်မြတ်လာကြသည်ဟု ဆိုနိုင်ပြန်သည်။

တောင်ပေါ်သား ရွာသူကြီးကြူးလောက်၏အဘိုး ကြူးရှ ဆိုသူက ဦးဆောင်၍ မြောင်မျိုးနွယ်စုများကို စည်းရုံးသိမ်းသွင်းခဲ့သည်။

နွားကွဲလျှင် ကျားကိုက်သည်ဟူသောစကားပုံသည် မြောင်မျိုးနွယ်စုများ၏ ဆောင်ပုဒ်ပမာ ဖြစ်လာသည်။ ကြူးရှ၏ စည်းရုံးသိမ်းသွင်းမှုကြောင့် မြောင်မျိုးနွယ်စုများ ညီညီညွတ်ညွတ် ဖြစ်လာသည်။

အင်အားကောင်းသည့် တာလိနေပြည်တော်မှပင် မတွေ့မ



ရှိသည့် အနေအထားသို့ ရောက်လာသည်။

ကြူးရှ၏လက်ထက်မှ စတင်ခဲ့သော မြောင်မျိုးနွယ်စုတို့၏ စည်းလုံးညီညွတ်မှုသည် ကြူးလောက်၏လက်ထက်တိုင်အောင် ဖြစ်ခဲ့သည်။

အကွဲကွဲအပြားပြား ရှိနေခဲ့သော မြောင်မျိုးနွယ်စုများအတွက် ကြူးရှရှိစဉ်က အကြီးအကဲဆယ့်သုံးယောက် ရွေးချယ်ပြီး မြောင်နယ်ခြားဒေသတွင် ညီညွတ်မျှတမှုကို ဦးစားပေးကာ ဦးစီးဆောင်ပြုခဲ့သည်။

အကြီးအကဲ ဆယ့်သုံးယောက်လက်အောက်တွင် မြောင်နယ်ခြားဒေသရှိ မျိုးနွယ်စုအားလုံးတို့သည် သွေးစည်းခဲ့ကြသည်။ အသည်အချင်းပြည့်ဝသည် အကြီးအကဲများသည်ပင် အချို့သော ကိစ္စများတွင် သဘောထား ကွဲလွဲမှုများ ရှိတတ်ကြပေရာ အဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်တစ်ယောက်ကို ပြန်လည်ရွေးချယ်ကြပြန်သည်။

ကြူးရှသည် မြောင်မျိုးနွယ်စုအားလုံး၏ ခေါင်းဆောင် ဖြစ်လာသည်။

✵

www.burmeseclassic.com



ကြူးရှုကွယ်လွန်သောအခါ ကြူးလောက် ခေါင်းဆောင် ဖြစ်လာသည်။

နောင်တွင် မြောင်မျိုးနွယ်စုများသည် တောင်ပေါ်သားရွာ သူကြီး ကြူးရှု၏ အဆက်အနွယ်များကိုပင် ခေါင်းဆောင်အဖြစ် တင်မြှောက်သည့် အစဉ်အလာ ဖြစ်လာတော့သည်။

ကြူးရှု၏ အဆက်အနွယ်များသည် မြောင်မျိုးနွယ်စုများအတွင်း သတ္တိအရှိဆုံး၊ အရဲဝံ့ဆုံး မြောင်မျိုးနွယ်စုများအတွက် အသက်စွန့်သူ၊ လမ်းမှန်ပြနိုင်သူများ ဖြစ်လာကြသည်။

မျိုးနွယ်စုခေါင်းဆောင်တစ်ယောက်၏ အရည်အချင်းမျိုး တော်ရုံတန်ရုံလူတွင် ရှိနိုင်မည် မဟုတ်ပါ။

အကြီးအကဲဖြစ်သူ သို့မဟုတ် အကြီးအကဲ အရိုက်အရာ ဆက်ခံမည့်သူသည် မြောင်မျိုးနွယ်စု အကြီးအကဲများ ရွေးမှောက်သူရဲကောင်းများ ရွေးမှောက်ဝယ် မိမိ၏အရည်အချင်းကို ဖော်ထုတ်



ပြသ အစစ်ခံရပေသည်။

လူငယ်လူရွယ်တိုင်း မလုပ်ရဲ မလုပ်ဝံ့သည့် လုပ်ရပ်များကို ပြုလုပ်နိုင်သူသည်သာလျှင် အကြီးအကဲ အရိုက်အရာ ဆက်ခံသင့်သူ မဟုတ်ပါလား။

ယနေ့ ...

ကြူးဝမ်းခုံးသည် ကျွဲရိုင်းတစ်ကောင်နှင့် တောကြီးမြွေဟောက်တစ်ကောင်ကို အများရှေ့မှောက်၌ပင် သုတ်သင်ပြီးဖြစ်သည်။

ယခု ကျောက်တောင်ပေါ်မှ ဝံအောင်းခြင်္သေ့ကြီးနှင့် ရင်ဆိုင်ရတော့မည် ဖြစ်ပေသည်။

ခြင်္သေ့ကြီးသည် တောင်ဆိတ်များ၊ ဆတ်များကို လိုက်လံဖမ်းဆီးရင်း တောင်ပေါ်ရောက်လာသည့် မုဆိုးများကို အကြီးအကျယ် ဒုက္ခပေးခဲ့သည်။

ခြင်္သေ့ကြီး၏လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားရသူပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။

ကြူးဝမ်းခုံးသည် ခြင်္သေ့ဆိုးကြီးကို နှိမ်နင်းပစ်ရပေလိမ့်မည်။

"ဟေး ... ဟေး ...ဟေး"

www.burmeseclassic.com

www.burmeseclassic.com



တောင်အောက်မှ အားပေးသံများ ပို၍ ပို၍ ကျယ်လောင်လာ၏။

မြောင်မျိုးနွယ်စုများမှ သူရဲကောင်းများ၊ အကြီးအကဲများသည် မိမိအား ခေါင်းဆောင်တင်မြှောက်လိုသည့် သဘောထားရှိကြောင်း ရင်ထဲမှဆန္ဒကို ဖော်ကျူးပြနေသည့် အသံများ ဖြစ်သည်။

မြင်းဖြူကြီးသည် တရိပ်ရိပ် ပြေးနေသည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံသည် မိုးသီးမိုးပေါက်များ ကျဆင်းလာသည့်နှယ် ကျယ်လောင်စွာ မြည်ဟည်းနေသည်။ ကျောက်တောင်ပေါ် ရောက်မှန်းမသိ ရောက်လာခဲ့ပြီ ဖြစ်သည်။

'ဝေါင်း'

ရုတ်တရက် ကျယ်လောင်သော ဟိန်းသံကြီး ထွက်ပေါ်လာသည်။ ကြူးဝမ်းခုံးက မဟူရာလှံကို ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်မိ၏။

ထိုစဉ် ...

'ဝေါင်း'

ဟိန်းသံ၊ မာန်ဖီသံနှင့်အတူ ကျောက်တုံးကျောက်ခဲများကြားမှ ခြင်္သေ့ကြီးတစ်ကောင် ပြေးထွက်လာပြီး ခုန်အုပ်လာလေ



တော့သည်။

အဖြစ်အပျက်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သာ ဖြစ်၏။

ကြူးဝမ်းခုံးက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ တစ်ဆက်တည်းပင် မဟူရာလှံဖြင့် ရှေ့သို့ အားကုန် ထိုးသွင်းလိုက်လေသည်။

ဖြူကြီးသည် မြင်းကောင်းတစ်ကောင် ဖြစ်သော်လည်း သတ္တဝါအရ ခြင်္သေ့ကိုကြောက်ရွံ့သည်မှာ အပြစ်မဆိုသာချေ။

ကြူးဝမ်းခုံး ခုန်ထွက်သွားလျှင် ဖြူကြီးလည်း နောက်လှည့်ထွက်ပြေး၏။

ထို့ကြောင့် မြင်းကောလှပါ ခြင်္သေ့စာမှ လွတ်မြောက်သွားသည် ဆိုရပေမည်။

ခြင်္သေ့ကြီးသည် သူ၏ပိုင်နက်ထဲသို့ ကျူးကျော်လာသည့် ကြူးဝမ်းခုံးထံ ဒေါသတကြီး ခုန်အုပ်လိုက်ပြန်သည်။

ကြူးဝမ်းခုံးက လှံဖြင့် ထိုးသွင်းလိုက်သည်တွင် ...

'ဝေါင်း ဝေါင်း'

နာကြည်းစွာ ဟိန်းဟောက်လိုက်သည့် ခြင်္သေ့ကြီး၏ အသံသည် တစ်တောလုံး တစ်တောင်လုံး ဟိန်းထွက်သွားတော့သည်။

ခြင်္သေ့ကြီးသည် လှံစူးနစ်ဝင်နေသည့်ကြားမှ ကြူးဝမ်းခုံးထံ

www.burmeseclassic.com

www.burmeseclassic.com



ခုန်အုပ်လိုက်လေသည်။

ကြူးဝမ်းခုံးမှာ ခြသေ့်ကြီးနှင့်အတူ လုံးထွေးကာ မြေပေါ်လဲကျသွား၏။

ကြူးဝမ်းခုံးသည် သတိကောင်းသူပီပီ ခါးမှဓားကို ဆွဲထုတ်ကာ ခြသေ့်ကြီး၏ အာခံတွင်းထဲသို့ ထိုးသွင်းလိုက်၏။

'ဝေါင်း'

ခြသေ့်ကြီး မြည်ဟိန်းရင်း တစ်ဖက်သို့ လွင့်စဉ်သွားရာ ကြူးဝမ်းခုံးက မြေပေါ်မှ ခုန်ထလိုက်၏။

ခြသေ့်ကြီး ကုတ်ဆွဲခဲ့သဖြင့် သူ၏အဝတ်အစားများ စုတ်ပြကုန်သလို ဓားသွားများအလား ချွန်ထက်လှသည့် လက်သည်းများက သူ၏အသားများကို လှီးဖြတ်သလိုရှိခဲ့ရာ သွေးခြင်းခြင်းနီရဲနေတော့သည်။

သို့သော် သူသည် ဒဏ်ရာများကို အမှုမထားအားဘဲ ခြသေ့်ကြီးကို လှမ်းကြည့်လိုက်လေသည်။

ခြသေ့်ကြီးသည် မြေပေါ်ဝယ် လူးလိမ့်ရင်း တစ်ခဏအကြာတွင် ငြိမ်ကျသွားတော့သည်။

ခြသေ့်ကြီးသေဆုံးသွားတော့မှ ကြူးဝမ်းခုံးက ဓားနှင့် မျောရာလုံကို ဆွဲနုတ်ယူလိုက်သည်။



ထို့နောက် ဖြူကြီး၏ကျောပေါ် တက်ကာ အပြန်ခရီး စ ...င်လိုက်သည်။

နောက်ဆုံးပိတ် အရှည်အချင်းသက်သေပြစရာ တစ်ခုသာ ...ျန်တော့၏။

မြောင်မျိုးနွယ်စုတိုင်း စေးစေးမှ ရှောင်တတ်သည့် မရဏ ...ောက်ကမ်းပါးကို ကျော်ဖြတ်ခြင်းသည် မရဏကို အောင်နိုင်သည့် ...နွယ်စု အကြီးအကဲ၏ အရည်အချင်း ဖြစ်သည် မဟုတ်ပါလား။

✱

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဟေး"

"ကြူးဝမ်းခုံးကွ ... ကြူးဝမ်းခုံး"

"မရဏချောက်ကမ်းပါးကို ကျော်ဖြတ်လိုက်စမ်းပါ"

"ဟေး ... ဟေး"

အားပေးသံများ ကျက်ကျက်ညံသွားသည်။

ကြူးဝမ်းခုံးမှာ ဖြူကြီးပေါ်တွင် အကျအန ထိုင်နေ၏ နောက်ဘက်တွင် များပြားလှသော ပရိသတ်ကြီးများ အော်ဟစ်အား ပေးလျက်ရှိနေသည်။

ရှေ့ဘက်တွင်ကား မရဏချောက်ကမ်းပါး ရှိနေ၏။ မရဏ ချောက်ကမ်းပါးသည် ညီညာပြန့်ပြူးသော မြေပြင်တွင် ပပ်ကြား အက်ကြီး ဖြစ်ပေါ်နေခြင်းဟု ဆိုနိုင်သည်။

အောက်ဘက်မှာ မှောင်မည်းနေပြီး ဘာဆိုဘာမျှ မမြင် ရသဖြင့် အဆုံးအစမရှိ နက်ရှိုင်းလှကြောင်း သိနိုင်၏။



မည်သူမဆို ပပ်ကြားအက်အတွင်းသို့ ကျသွားမည်ဆိုလျှင် ပြန်လမ်းရှိနိုင်တော့မည် မဟုတ်ချေ။

ပပ်ကြားအက်ကြီးသည် မြောင်မျိုးနွယ်စုများအတွက် မရ ဏအထိမ်းအမှတ် ဖြစ်လာခဲ့ပေတော့သည်။

မရဏချောက်ကမ်းပါး၏ တစ်ဖက်မှ အခြားတစ်ဖက်သို့ မြင်းနှင့်ခုန်ကူးပြီး မူလကမ်းပါးဘက်သို့ ပြန်လည် ခုန်ကူးလာနိုင်လျှင် မြောင်မျိုးနွယ်စုတို့၏ အကြီးအကဲဘွဲ့ထူးသည် ခြွင်းချက်မရှိ ကြူး ဝမ်းခုံးထံ ရောက်ရှိလာမည် ဖြစ်ပေသည်။

မရဏချောက်ကမ်းပါး၏ တစ်ဖက်သို့ ခုန်ကူးပြီး မူလကမ်း ပါးသို့ ပြန်လည်ကူးလာရသည်မှာ မြင်းစီးကျွမ်းကျင်မှုသာမက ကံတရားနှင့်လည်း သက်ဆိုင်ပေသည်။

ကြူးဝမ်းခုံးက ဖြူကြီး၏လည်ဆံမွေးကို ပွတ်သပ်ကာ စုတ် သပ်လိုက်၏။

"ကဲ သားကြီးရေ ... တို့တစ်တွေ အစွမ်းပြဖို့ အချိန်ရောက် ပြီကွ" ဟု တီးတိုး ပြောလိုက်လေသည်။

ထိုစဉ် ...

'ခွပ် ခွပ် ခွပ် ခွပ်'

'ခွပ် ခွပ် ခွပ် ခွပ်'

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကြူးဝမ်းခုံး လှည့်ကြည့်လိုက်သောအခါ သူ့ထံသို့ ဦးတည်ကာ မြင်းနှစ်ကောင် ခုံးစိုင်းနှင်လာနေသည်ကို တွေ့ရ၏။

မြင်းစီးလာသူနှစ်ယောက်မှာ အဘိုးအိုတစ်ယောက်နှင့် လူငယ်လေး တစ်ယောက်တို့ ဖြစ်ကြပေသည်။

အဘိုးအိုသည် တည်ကြည်ခန့်ညားသည့် ရုပ်သွင်ရှိ၏။ အသက်ခြောက်ဆယ်ခန့် ရှိပြီဖြစ်သော်လည်း ခန္ဓာကိုယ် တောင့်တင်းသန်မာသူဖြစ်ကြောင်း ပေါ်လွင်နေသည်။

ထိုအဘိုးအို၏ရုပ်သွင်နှင့် ကြူးဝမ်းခုံး၏ရုပ်သွင် ခပ်ဆင်ဆင်တူသည်။

ထိုအဘိုးအိုမှာ ကြူးဝမ်းခုံး၏ဖခင် ကြူးလောက်ဖြစ်ပေသည်။

ကြူးလောက်သည် အနီးသို့ ရောက်ရှိလာသည်နှင့် ...

"ငါ့သား ကြူးဝမ်းခုံး ... မင်း တကယ် မရဏချောက်ကမ်းပါးကို ခုန်ကူးတော့မှာလား"

ဟု မေးလိုက်လေသည်။

ကြူးဝမ်းခုံး ပြုံးလိုက်သည်။



"ဟိုတုန်းက အဖေလည်း မရဏချောက်ကမ်းပါးကို မြင်းနဲ့ ခုန်ကူးခဲ့တာပဲ မဟုတ်လား"

ကြူးလောက် ရယ်မောလိုက်သည်။

"ငါက ဟိုဘက်ကို ခုန်ကူးတယ်၊ ပြီးတော့ ဒီဘက်ကို ပြန်ပြီး ခုန်ကူးလာခဲ့တယ်၊ ဒါကြောင့်လည်း မျိုးနွယ်စုအားလုံးရဲ့ ခေါင်းဆောင် ဖြစ်နေခဲ့တာပေါ့"

"ကျွန်တော်လည်း ဟိုဘက်ကို ခုန်ကူးမယ်၊ ပြီးတော့ ဒီဘက်ကို ပြန်ကူးလာမယ်၊ မျိုးနွယ်စုအားလုံးရဲ့ အကြီးအကဲ အရိုက်အရာကို ဆက်ခံမယ်လေ"

"ဟား ဟား ဟား"

ကြူးလောက် သဘောကျစွာ ရယ်မောလိုက်သည်။

"မင်း မဆိုးဘူး၊ မင်းဟာ မြောင်မျိုးနွယ်စုအားလုံးရဲ့ ခေါင်းဆောင် ဖြစ်လာမှာပါ၊ တာလိတွေအတွက် သံမဏိလူသားပေါ့ကွာ၊ ...ို ငါ စိတ်ချပြီဟေ့"

စကားဆုံးလျှင် မျိုးနွယ်စု အကြီးအကဲများ စုရုံးနေသည့် ...ဘက်သို့ မြင်းကို ပြန်လည်မောင်းနှင်သွားလေသည်။ ကြူးဝမ်း...တွင် လူငယ်သာ ကျန်ရစ်ခဲ့တော့၏။

ထိုလူငယ်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပိုင်းတွင် ဦးခေါင်းပြောင်အောင် ဆံပင်များရိတ်ထားပြီး နောက်မှ ရှည်လျားစွာထားရှိသော ဆံပင်များကို ကျစ်ဆံမြီးကျစ်ထားသူ ဖြစ်၏။

မြောင်ဒေသအလယ်ပိုင်းရှိ 'တာ'မျိုးနွယ်စုခေါင်းဆောင် 'တာဖုံး' ၏သား တာနားဖြစ်လေသည်။

တာဖုံးတို့လူစုနှင့် တောင်ပေါ်သား ကြူးလောက်တို့လူစုသည် မြောင်နယ်မြေးတွင် အင်အားအတောင့်တင်းဆုံး အုပ်စုကြီးများဖြစ်ကြသည်။

ကြူးလောက်နှင့် တာဖုံးတို့ ခင်မင်ရင်းနှီးကြသလို ကြူးဝမ်းခုံးနှင့် တာနားတို့မှာလည်း ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြသူများ ဖြစ်ပေသည်။

တာနားက ကြူးဝမ်းခုံးကိုကြည့်ကာ သဘောကျစွာ ပြုံးလိုက်ပြီး ...

"မျိုးနွယ်စုခေါင်းဆောင်ဖြစ်လာဖို့ ပပ်ကြားအက်ကြီးကို မြင်းနဲ့ခုန်ကူးရလိမ့်မယ်ဆိုတာ သိလို့ တို့တစ်တွေ လူ့သိအောင် ညဘက်မှာ တိတ်တဆိတ်ကျင့်ခဲ့တာ ဘယ်သူမှ မရှိပ်မိဘူးကွ၊ ခါ တိုင်းဆိုရင် မင်းနဲ့ဖြူကြီးက အသာလေး ခုန်ကူးနိုင်ခဲ့တာပဲ၊ ဒီကနေ့ မျိုးနွယ်စုခေါင်းဆောင်တွေရှေ့မှာ ခုန်မကူးနိုင်ဘူးဆိုရင် မင်းကို ငါ



ဘယ်တော့မှ ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ဘူး"

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

သူနှင့်တာနားသည် ပပ်ကြားအက်ကြီးကို အကြိမ်ပေါင်းများစွာ ခုန်ကူးခဲ့ဖူးကြပေသည်။ သူတို့ ခုန်ကူးခဲ့ကြသည်ကိုသာ လူကြီးများသိခဲ့လျှင် သူတို့အား ပြင်းပြင်းထန်ထန်တားမြစ်ကြမည်သာ ဖြစ်သည်။

သူတို့သည် လသာသည့်ညများတွင် လူကြီးများ မသိအောင် ခိုး၍ ခုန်ကူးခဲ့ကြခြင်း ဖြစ်သည်။ အကြိမ်ပေါင်းများစွာ ခုန်ကူးခဲ့ကြဖူးသည် ဖြစ်ရာ မရဏချောက်ကမ်းပါးကို အကြောက်အရွံ့ ကျိုးခဲ့ကြတော့ချေ။

"စိတ်ချစမ်းပါကွာ ... အားလုံးရှေ့မှာ ငါ ခုန်ကူးပြပါ့မယ်"

ကြူးဝမ်းခုံး ပြောလိုက်သည်။

တာနားက ...

"ကောင်းပြီ ... ယဉ်ယဉ်ကို ငါပြောထားလိုက်မယ်၊ ဒီကနေ့ညမှာ မင်း သူ့ကို ချစ်ရေးဆိုလိမ့်မယ်လို့ ... ဟား ဟား ဟား"

စကားဆုံးလျှင် သဘောကျစွာ ရယ်မောပြီး မြင်းကို နောက်လှည့်ကာ အပြင်းနှင်သွား၏။

ယဉ်ယဉ်သည် တာနားနှင့် မောင်နှမဝမ်းကွဲတော်စပ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ယဉ်ယဉ်အား ကြူးဝမ်းခုံး မေတ္တာသက်ဝင်နေသည်ကို လူတိုင်း သိထားကြ၏။

ကြူးဝမ်းခုံးသည် မျိုးနွယ်စုခေါင်းဆောင် ဖြစ်လိုက်သည့် သူ့ရဲကောင်းတစ်ယောက်ဖြစ်သလို ယဉ်ယဉ်သည် အဆန်းပြားဆုံး အဆင်များ ရက်လုပ်တတ်သည့် မိန်းကလေးတစ်ယောက် ဖြစ်ပေသည်။

ကြူးဝမ်းခုံးက ရုတ်တရက် မြင်းပေါ်မှ ထရပ်လိုက်သည်။ အားပေးနေသည့် ဝရိသတ်ကြီးကို လက်ဝှေ့ယမ်းပြလိုက်သည်။

မရဏချောင်းကမ်းပါးကို ခုန်ကျော်တော့မည့်သဘော ဖြစ်လေသည်။

"ကြူးဝမ်းခုံး ... ကြူးဝမ်းခုံး"

"မျိုးနွယ်စုခေါင်းဆောင် ကြူးဝမ်းခုံး"

အော်ဟစ် အားပေးသံများ ဘဝဂ်ညံသွားသည်။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။

မြင်းကျောပေါ် မတ်တတ်ရပ်ချက် အနေအထားနှင့်ပင် ခက်ကြိုးကို ဆတ်ခနဲ ဆွဲလိုက်ရာ မြင်းဖြူကြီးမှာ ဟီသံတစ်ချက်ပေးပြီး ရှေ့သို့ တစ်ဟုန်ထိုး ပြေးထွက်သွားတော့၏။



'ဟီး ဟီး ဟီး'

မြင်းဖြူကြီး ရှည်လျားစွာ ဟီကာ ပပ်ကြားအက်ကြီး ခုန်ကျော်လိုက်လေသည်။

ပပ်ကြားအက်အတွင်းမှ ပင့်ကာတိုက်ခိုက်နေသည့် လေကြောင့် ကြူးဝမ်းခုံး၏ရင်ထဲ အေးခနဲဖြစ်သွားသည်။

ဆူညံစွာ အားပေးနေသည့် ပရိသတ်များမှာလည်း ရုတ်ခြည်း ငြိမ်ကျသွားလေသည်။

ကြူးဝမ်းခုံးသည် မြင်းပေါ် ပြားပြားဝပ်ထား၏။

အခန့်မသင့်လျှင် မြင်းရောလူပါ ပပ်ကြားအက်အတွင်းသို့ ကျသွားမည် ဖြစ်ပေသည်။

သို့သော် အကြိမ်ပေါင်းများစွာ လေ့ကျင့်ထားခဲ့သည် ဖြစ်ရကား မြင်းဖြူကြီးသည် ပပ်ကြားအက်ကြီးတစ်ဖက်သို့ မိမိရရကြီး ရောက်ရှိသွားခဲ့တော့သည်။

"ဟေး ... ဟေး"

အော်ဟစ်အားပေးသံများ ပြန်လည်ထွက်ပေါ်လာသည်။ တန်းကျင်တစ်ခုလုံး ပြန်လည်လှုပ်ရှား သက်ဝင်လာသည်။

ကြူးဝမ်းခုံးသည် ပပ်ကြားအက်တစ်ဖက်သို့ ရောက်လျှင် ခြေလှမ်းသုံးရာခန့်အထိ မြင်းကို ဆက်ပြီးနှင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပပ်ကြားအက်တစ်ဖက်တွင် ဖုန်တဆောင်းဆောင်း ထ သွားသည်။ အတော်ဝေးဝေးသို့ ရောက်သွားမှ ကြူးဝမ်းခုံးက မြင်းကို နောက်ပြန်လှည့်လာသည်။

ထို့နောက် ဖခင်ဖြစ်သူနှင့် မျိုးနွယ်စုအကြီးအကဲများ စောင့်ကြည့်နေသည့် တစ်ဖက်ကမ်းဆီသို့ အရှိန်ယူကာ ပြန်လည်ခုန် ကူးလိုက်၏။

တစ်ဖက်ကမ်းသို့ မြင်းခြေလေးချောင်းစလုံး ချမိသည်နှင့် ကြူးဝမ်းခုံးသည် ဖခင်ကြူးလောက်၏ အရိုက်အရာကို ဆက်ခံမည့် မျိုးနွယ်စု ခေါင်းဆောင်ဘွဲ့ထူးကို ရရှိပိုင်ဆိုင်သွားလေတော့သည်။

❋ ❋ ❋



## အခန်း ( ၂ )

## သွေးတိုးစမ်းခြင်း

'ဟီ ဟီ ဟီ'

မြင်းဟီသံ ထွက်ပေါ်လာသည်။

ကြူးလောက်က ရွှက်ဖျင်တဲအပြင်ဘက် လှမ်းထွက်လိုက် သည်။ ထိုအခါ ကြူးဝမ်းခုံးသည် မြင်းဖြူကြီးပေါ် ခုန်တက်ရန် ဟန် ပြင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကြူးလောက်က ...

"သား ... အလယ်ရွာကို သွားမလို့လား"

ဟု လှမ်းမေးလိုက်လေသည်။

ကြူးဝမ်းခုံးသည် ဖခင်အား လှည့်ကြည့်လာပြီး ခေါင်းညိတ် ပြလေသည်။

"ဟုတ်ပါတယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... တာနားရဲ့ညီမ ယဉ်ယဉ်ဆီကို မဟုတ်လား"

"ဟား ဟား ဟား"

ကြူးဝမ်းခုံး သဘောကျစွာ ရယ်မောလိုက်၏။ ကြူးလောက်လည်း ရယ်မောလိုက်လေသည်။ သူတို့၏ ထုံးစံအတိုင်း သားအဖပင်ဖြစ်စေကာမူ ရင်းနှီးပွင့်လင်းစွာ ပြောဆိုတတ်ကြပေသည်။

"ဟုတ်ပါတယ် ဖေဖေ ... ခေါင်းဆောင်တစ်ယောက်ဟာ ကြင်ဖော်ရှိမှ ပိုပြီးတင့်တယ်မယ် မဟုတ်လား"

"ကောင်းပါတယ်ကွာ ... ဒီကောင်မလေးဟာ ရိုးရိုးအေးအေးလေးပါ၊ သူ့အဖေကလည်း ငါနဲ့ရင်းနှီးတာပဲ၊ မင်း သူ့ကိုယူမယ်ဆိုရင် တစ်ခုခုတင်တောင်းမှ ကောင်းမယ်"

"မပူပါနဲ့ ဖေဖေရာ၊ ဟိုနေ့က တျွန်တော်ရခဲ့တဲ့ ကျဲရိုင်းရယ်၊ ခြသေ့ရယ်၊ တောကြီးမြွေဟောက်ရယ် အရေခွံဆုတ်ပြီးပေးရင် ကျေနပ်ပြီပြောလို့ တာနားနဲ့ပေးခိုင်းလိုက်ပါပြီ"

"မင်း တယ်ခြေသွက်တာကိုး၊ ထားပါတော့လေ၊ မင်းဟာ ခေါင်းဆောင်ဖြစ်လာပြီဆိုတာ မမေ့နဲ့၊ မင်းရဲ့ ကိုယ်ရေးကိုယ်တာထက် မျိုးနွယ်စုတွေအားလုံးအတွက် ဦးဆောင်ဦးရွက်ပြုဖို့ပဲ အရေးကြီးတယ်"



ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်သည်။

"ဖေဖေပြောတာ သား နားလည်ပါတယ် ဖေဖေ"

"ဒါဖြင့် သား သွားစရာရှိတာ သွားပြီးရင် ဖေဖေ့ဆီကို ပြန်လာခဲ့၊ ဖေဖေစောင့်နေမယ်"

"ဖေဖေ့မှာ ပြောစရာ ရှိနေလို့လား"

"ဖေဖေတစ်ယောက်တည်း မဟုတ်ဘူး၊ အကြီးအကဲအားလုံးက ပြောချင်နေကြတာ"

"ဒါဆို သား မသွားတော့ဘူး"

ကြူးလောက် ပြုံးလိုက်သည်။

"မင်းဟာ ငါ့သားပါပဲ"

ဟု ပြောလိုက်၏။ ကြူးဝမ်းခုံး မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

ကြူးလောက်က ...

"လာ ... ငါ့နောက်လိုက်ခဲ့"

ပြောပြီး ရွက်ဖျင်တဲထဲသို့ ပြန်ဝင်သွား၏။

ကြူးဝမ်းခုံးသည် ယဉ်ယဉ်ထံသို့ မသွားတော့ဘဲ ဖခင် [illegible]သို့ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

✹

www.burmeseclassic.com

www.burmeseclassic.com



ရှက်ဖျင်တဲအတွင်းတွင် အကြီးအကဲ ဆယ့်သုံးယောက်စလုံး အစီအရီ ထိုင်နေကြ၏။

သူတို့သည် ကြူးဝမ်းခုံးကို မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

ကြူးဝမ်းခုံးက အားလုံး၏ရှေ့တွင် မားမားမတ်မတ် ရပ်နေလိုက်လေသည်။

ကြူးလောက်က တာအမျိုးအနွယ်ခေါင်းဆောင် တာဖုံးကို ကြည့်လိုက်ပြီး ...

"တာဖုံး ... မင်းပဲ ပြောပြလိုက်ပါ"

ဟု ပြောလိုက်လေသည်။

တာဖုံး ထရပ်လိုက်သည်။ တာဖုံးသည် ယဉ်ယဉ်၏ ဦးလေးဖြစ်၏။ ယဉ်ယဉ်၏ဖခင်နှင့် တာဖုံးသည် ညီအစ်ကိုများ ဖြစ်ကြသည်။



တာဖုံးသည် ကြူးဝမ်းခုံးကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး တည်ကြည်သည့် မျက်နှာထားဖြင့် ...

"မကြာသေးခင်က တာလိတ်တပ်ဖွဲ့တွေဟာ မြောင်ဒေသထဲ ဝင်လာခဲ့ကြတယ်၊ နယ်ခြားက စားကျက်နယ်မြေတစ်ခုကို သိမ်းပိုက်ပြီး မြင်းရိုင်းတွေကို ဖမ်းဆီးနေကြတယ်၊ ကျုပ်တို့ဆီက လူတွေ သွားပြီး တားမြစ်တာကို တိုက်ခိုက်မောင်းထုတ်ခဲ့ကြတယ်၊ သူတို့ရဲ့ စော်ကားတဲ့လုပ်ရပ်ကို ကျုပ်တို့ ခေါင်းငုံ့ခံမနေနိုင်ဘူး၊ အဲဒါ ခေါင်းဆောင်ကြီးရဲ့ အဆုံးအဖြတ်ကို စောင့်နေကြတာပဲ၊ ကျုပ်တို့ ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ပေးပါ"

သူ၏စကားကို သဘောတူသည့်အလား ကျန်အကြီးအကဲများက ခေါင်းညိတ်လိုက်ကြလေသည်။

ကြူးဝမ်းခုံး ရင်ထိတ်သွားသည်။ ခေါင်းဆောင်ဖြစ်လာသည်နှင့် မြောင်မျိုးနွယ်စုအားလုံး၏ တာဝန်သည် သူ့ပခုံးပေါ် ကျရောက်လာခဲ့ပြီ မဟုတ်ပါလား။

ဖခင်ဖြစ်သူ ကြူးလောက်ကို လှမ်းကြည့်မိသည်။ ကြူးလောက်က မျက်နှာလွှဲထားလိုက်သည်။

သူကိုယ်တိုင် ဆုံးဖြတ်ရမည့်ကိစ္စဟု သဘောထားကာ မျက်နှာလွှဲလိုက်ခြင်းဖြစ်ကြောင်း ကြူးဝမ်းခုံး နားလည်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အရည်အချင်းကို မြောင်မျိုးနွယ်စုများ ရှေ့မှောက်၌ ဖော်ထုတ်ပြသခဲ့ပြီး ဖြစ်သည်။ ယခု တကာယ်တမ်း ခေါင်းဆောင်နိုင်သည့် အရည်အချင်း ရှိ မရှိ အစမ်းသပ်ခံရမည့်အခြေအနေသို့ ရောက်ရှိလာချေပြီ။

တာလိတပ်ဖွဲ့များသည် မြေသြဇာကောင်းမွန်ပြီး သားကောင်ပေါများလှသော မြောင်နယ်မြေသို့ ရေးနှစ်ပေါင်းများစွာကပင် ကျူးကျော်ဝင်ရောက်ခဲ့ကြဖူးပေသည်။

တာလိတို့နှင့် မြောင်မျိုးနွယ်စုများသည် ကမ္ဘာ့ရန်များ ဖြစ်ကြသည်ဟု ဆိုရမည်ဖြစ်သည်။

အကြီးအကဲများသည် တာလိတပ်ဖွဲ့နှင့်ပတ်သက်လာလျှင် ပြင်းပြင်းထန်ထန် တုံ့ပြန်လိုကြသူများသာ ဖြစ်ကြသည်။

ကြူးဝမ်းခုံး တိတ်တခိုး သက်ပြင်းရှိုက်လိုက်သည်။ သူ့အား အကဲခတ်ကြည့်နေသည့် အကြီးအကဲအားလုံးကို တစ်ချက် ဝေ့ကြည့်ပြီး ...

"ဒီကိစ္စကို ကျွန်တော်တာဝန်ယူပြီး ဖြေရှင်းပါ့မယ် ... ကျွန်တော့်ကို သုံးရက်အချိန်ပေးပါ"

ဟု ပြောလိုက်လေသည်။

ကြူးလောက် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။



သားဖြစ်သူ၏ ဆင်ခြင်တုံတရားရှိသောစကားကို သဘောကျသွားပုံရ၏။

ကျန်အကြီးအကဲ ခေါင်းဆောင်များသည်လည်း သူ၏ တောင်းဆိုမှုကို လက်ခံလိုက်ကြလေသည်။

"ကောင်းတယ် ကောင်းတယ်"

"ခေါင်းဆောင်လေးရဲ့ သဘောပဲ"

အားလုံးက ခွင့်ပြုလိုက်ကြ၏။

ကြူးဝမ်းခုံးက ...

"ကဲ ... ကျွန်တော့်ကို ခွင့်ပြုကြပါဦး၊ နယ်ခြားဒေသကို (…)န်တော်ကိုယ်တိုင်သွားပြီး အကဲခတ်ကြည့်လိုက်ပါဦးမယ်"

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ထွက်ခဲ့သည်။

သူ့အား မည်သူမျှ တားဆီးခြင်း မပြုကြချေ။

ကြူးဝမ်းခုံးသည် ရွက်ဖျင်တဲအပြင်ဘက်ရောက်လျှင် မြင်း(…)ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။ ထို့နောက် ရှေ့သို့ ဒုန်းစိုင်း(…)လိုက်လေသည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ရွက်ဖျင်(…)သည် အနောက်ဘက်တွင် တရိပ်ရိပ် ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက် တုံးကျောက်ခဲများ ထူထပ်ပေါများစွာ ရှိနေသည့် တောင်ပေါ်မှ ဆင်းလာပြီး တောင်ခြေသို့ရောက်လာသည်နှင့် ...

"ကြူးဝမ်းခုံး ... ကြူးဝမ်းခုံး"

ခေါ်သံကြောင့် ကြူးဝမ်းခုံး လှည့်ကြည့်လိုက်သည်။ ထိုအခါ မြင်းတစ်ကောင် ဒုန်းစိုင်းဝင်လာနေသည်ကို တွေ့မြင်လိုက်ရ၏။ မြင်းစီးလာသူမှာ တာနားဖြစ်လေသည်။

တာနားက ...

"ကြူးဝမ်းခုံး ... မှင်း နယ်ခြားကို သွားမလို့ဆို"

"ဟုတ်တယ် ... တာလီတပ်ဖွဲ့တွေ ကျူးကျော်နေတယ်လို့ ကြားရတယ် ... အခြေအနေ သွားကြည့်မလို့"

"ဒါဖြင့် ငါလည်းလိုက်မယ်လေ"

"ကောင်းသား့ပဲ"

"ကဲ ... သွားစို့"

သူတို့နှစ်ယောက် မြင်းဒုန်းစိုင်းကာ ထွက်လာခဲ့ကြ၏။ စိမ်းလန်းသောတောအုပ်များသည် လရောင်အောက်၌ ဆိတ်ငြိမ်စွာတည် ရှိနေကြပေသည်။

တောအုပ်များရှေ့တွင် ချောင်းကလေးတစ်ခု ကွေ့ကွေ့ ကောက်ကောက် စီးဆင်းနေ၏။



ချောင်းကလေး၏ တစ်ဖက်ကမ်းသည် တာလီနေပြည် တော်၏ ပိုင်နက်ဖြစ်၏။

ချောင်း၏ ဤဘက်ကမ်းမှာမူ မြောင်နယ်ခြားဒေသ ဖြစ်ပေတော့သည်။ မြောင်နယ်ခြားတွင် သားကောင်ပေါများလှသည်။ တာလီနယ်မြေမှ မုဆိုးများသည် မြောင်နယ်ခြားသို့ ဝင်ကာ အမဲလိုက်လေ့ရှိကြသည်။

ထိုအခါ မြောင်မျိုးနွယ်စုများနှင့် ဆုံတွေ့မိသောအခါ ပြဿနာများ မကြာခဏ ပေါ်ပေါက်ခဲ့ရတော့သည်။

အဆိုးဝါးဆုံးမှာ ...

တာလီတပ်ဖွဲ့များသည် မြောင်နယ်သို့ ကျူးကျော်ဝင်လာပြီး မြောင်မျိုးနွယ်စုများအား တိုက်ခိုက်ခြင်းဖြစ်၏။

ကြူးဝမ်းခုံးနှင့် တာနားတို့သည် ချောင်းကလေးရှေ့တွင် မြင်းများကို ရပ်တန့်လိုက်ကြသည်။

တောအုပ်တစ်ဖက်စွန်းတွင် မီးရောင်များ တွေ့မြင်နေရ၏ မြောင်နယ်ခြားသို့ ဝင်ရောက်လာကြသည့် တာလီတပ်ဖွဲ့များ ချထားသည့်နေရာဖြစ်ကြောင်း ထင်ရှားစေခြင်း ဖြစ်သည်။

"သူတို့ကို နှင်ထုတ်လိုက်မှ ဖြစ်မယ်"

ဟု ပြောလိုက်၏။ တာနား ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... တို့က ငြိမ်နေလိုက်ရင် တို့နယ်ထဲကို တစ်စ ထက်တစ်စ ထိုးဖောက်ဝင်လာကြတော့မှာပဲ"

ကြူးဝမ်းခုံးက ...

"ငါ့ရဲ့ဘိုးဘေးတွေလက်ထက်က တာလီတွေနဲ့ စစ်ခင်းခဲ့ဖူးတယ်၊ အဲဒီအချိန်ကစပြီး တာလီတွေ တို့နယ်ကို ယောင်လို့တောင် ခြေမချဝံ့ကြတော့ဘူး၊ အခု တစ်စခန်းထလာပြန်ပြီ"

"တို့က ဆုံးမရမှာပေါ့"

"တိုက်ခိုက်တယ်ဆိုတာ ငါတို့ရဲ့ထုံးစံပဲ၊ အရင်ကဆိုရင် ကိုယ့်မျိုးနွယ်စုအချင်းချင်း စစ်ခင်းနေကြတာပဲ မဟုတ်လား၊ ဒါပေမဲ့ တိုက်ရခိုက်ရတာကို ငါသဘောမကျဘူး"

"ဟေ"

တာနား ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ကြူးဝမ်းခုံးကို နားမလည်နိုင်စွာ ကြည့်ကာ ...

"မင်းသဘောက ဘယ်လိုလဲ"

"တိုက်ခိုက်ကြမယ်ဆိုရင် နှစ်ဖက်စလုံး အသေအပျောက် ရှိမယ်၊ ထိခိုက်ဒဏ်ရာရသူတွေ ရှိလာမယ်၊ ငါတို့လူတွေရဲ့ အသက်တွေကို အလဟဿ မဖြစ်စေချင်ဘူး"

"သူတို့က ကျူးကျော်လာတာကိုးကွ"



"အေးပါ ... သူတို့ကို မောင်းထုတ်နိုင်ဖို့ အကောင်းဆုံးနည်းလမ်းတို့ ငါစဉ်းစားပါဦးမယ်"

"မင်းက"

"သူတို့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ သွားပြီး အကဲခတ်ကြည့်ကြရအောင်"

ကြူးဝမ်းခုံးသည် စကားဆုံးသည်နှင့် မြင်းကို ရှေ့သို့ နှင်သွားလေ၏။

တာနားသည် ဘာမျှမပြောနိုင်တော့ဘဲ နောက်မှလိုက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ တောအုပ်ကို ဖြတ်ကျော်မိသည်နှင့် ...

"ရပ်လိုက်"

ဟန့်တားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကြူးဝမ်းခုံးနှင့် တာနားတို့ မြင်းဇက်ကြိုး တင်းတင်းဆွဲကာ ရပ်တန့်လိုက်ကြလေသည်။

ထိုအခါ သစ်ပင်များကြားမှ အနီရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူများ လက်နက်ကိုင်ဆွဲကာ ကြူးဝမ်းခုံးနှင့် တာနားတို့ကို ချက်ချင်း ဝိုင်းရံထားလိုက်ကြ၏။

ကြူးဝမ်းခုံး ပြုံးလိုက်လေသည်။ မြောင်နယ်ခြား၏ အကြီးအကဲတစ်ယောက်ကို ကျူးကျော်သူများက ဝိုင်းစိုးပိုင်နင်း ဝိုင်းရံထား



ကြပြီ မဟုတ်ပါလား။

အနီရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူများမှာ တာလီနေပြည်တော်မှ တပ်ဖွဲ့ဝင်များ ဖြစ်ကြပေသည်။

ထိုလူများ၏ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ရှေ့သို့လှမ်းထွက်လာပြီး ...

"မင်းတို့ ဘယ်သူတွေလဲ၊ အချိန်မတော် ဘယ်ကို သွားကြမလဲ ပြောကြစမ်း"

တာနား ဒေါပွသွားသည်။ ပြန်လည်အော်ငေါက်ရန် ဟန်ပြင်လိုက်စဉ် ကြူးဝမ်းခုံးက ဟန့်တားထားလိုက်သည်။

ကြူးဝမ်းခုံးက အစောင့်ခေါင်းဆောင်ကို ကြည့်ကာ ...

"တာလီတပ်ဖွဲ့ခေါင်းဆောင် ဘယ်မှာလဲ၊ သူ့ကို တွေ့ချင်လို့ ကျုပ်တို့ လာခဲ့တာပဲ၊ ကျုပ်ဟာ မြောင်နယ်ခြားက ထောင်ပေါ်သား ... ကြီး ကြူးလောက်ရဲ့သား ကြူးဝမ်းခုံးပဲ"

ဟု ပြန်လည်အော်ပြောလိုက်သည်။

ကြူးလောက်မှူးသည့် အမည်ကြားလျှင် အစောင့်များ လှုပ်... ရှားရှား ဖြစ်သွားကြ၏။

တာလီတပ်ဖွဲ့များနှင့် ရင်ဆိုင်ရာတွင် ထောင်ပေါ်သားများ ... သည် အံ့မခန်း အစွမ်းပြနိုင်ခဲ့ကြသူများ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကြူးလောက်သည် မြောင်နယ်ခြားရှိ မျိုးနွယ်စုများ၏ ခေါင်းဆောင် ဖြစ်သည်ကိုလည်း ကြားဖူးထားကြပေသည်။

အစောင့်ခေါင်းဆောင်က ...

"ခင်းတို့နှစ်ယောက်စာသည်းလား ... ဘယ်သူတွေ ပါသေးသလဲ"

ကြူးဝမ်းခုံးက ...

"နှစ်ယောက်လာရတာတောင် လူများနေလို့ ကျုပ် စိတ်ပျက်နေတာ ခင်များမသိသေးဘဲကိုး"

ဟု ပြန်ပြောလိုက်သည်။

သူ၏စကားကြောင့် အစောင့်ခေါင်းဆောင် ကျွဲမြီးတိုသွားလေသည်။

သို့သော် ယခု မြောင်နယ်ခြားသို့ရောက်နေသည့် သူတို့၏ တပ်ဖွဲ့သည် မုဆိုးများနှင့် စစ်သည်တော်များအားလုံးပေါင်းပါမှ တစ်ရာခန့်သာ ရှိမည်ဖြစ်သည်။

မြောင်မျိုးနွယ်စုများ စုရုံးရောက်ရှိလာလျှင် လူအင်အားထောင်ချီပြီး ရင်ဆိုင်ရမည်ဖြစ်သည်။ သူတို့တပ်ဖွဲ့သည် စီစီညက်ညက် ချေမှုန်းခံရမည်သာ ဖြစ်သည်။

ထိုသို့ တွေးမိသည်နှင့် အစောင့်ခေါင်းဆောင်သည် မပေါ့ဆဝံ့တော့ချေ။



"ကျုပ်တို့ဆရာ ယန်ဝူးကို အစီရင်ခံလိုက်ဦးမယ် ... ခဏစောင့်ပါ"

စကားဆုံးလျှင် သူ၏တပည့်တစ်ယောက်ကို လက်ဖြင့်ယမ်းပြလိုက်၏။

သူ၏လူတစ်ယောက်သည် ချာခနဲ လှည့်ကာပြေးထွက်သွားသည်။

မလှမ်းမကမ်းတွင် ရွက်ဖျင်တဲများ စုရုံးတည်ရှိနေ၏။ တဲများရှေ့တွင် မီးတုတ်များ စိုက်ထူထားသည်။ လှံရှည်ကိုင် အနီရောင်ကိုယ်ကျပ်အကျီဝတ်ဆင်ထားသည့် အစောင့်များ စောင့်ကြပ်နေသည်ကို တွေ့နိုင်သည်။

ရွက်ဖျင်တဲများကို ကြည့်ကာ တာလီတပ်ဖွဲ့၏အင်အားကို ကြူးဝမ်းခုံး တွက်ချက်ကြည့်လိုက်သည်။

"လူတစ်ရာလောက်ပဲ ရှိတယ် ... ဒီထက်မပိုနိုင်ဘူး"

ဟု မှန်းဆမိသည်။

တာလီတပ်ဖွဲ့ဝင်များသည် စံနစ်တကျ စောင့်ကြပ်နေခြင်း ဖြစ်၏။ ရွက်ဖျင်တဲများ ပတ်လည်တွင် သစ်ကိုင်းများဖြင့်အဖျားချွန်ကာ ဆူးကြောင့်များသဖွယ် ပြုလုပ်ရံထား၏။

www.burmeseclassic.com

www.burmeseclassic.com



တာလီတာပ်ဖွဲ့ စခန်းချထားသည့် နေရာကို ရုတ်တရက်
း နင်းတိုက်ခိုက်ရန် မလွယ်ကြောင်း ခန့်မှန်းမိ၏။

တာလီတာပ်ဖွဲ့အား မဆင်မခြင် ဝင်ရောက်တိုက်ခိုက်မည်ဆို
လျှင် အထိအခိုက် အကျအဆုံး အလွန်များပြားမည် ဖြစ်ပေသည်။

ကြူးဝမ်းခုံး တွေးတောစဉ်းစားနေစဉ်မှာပင် သတင်းသွားပို့
သည့်အစောင့် ပြန်လည်ရောက်ရှိလာပြီး ...

"ဆရာယန်ဝူးက ညှိသည်တွေကို လက်ခံတွေ့ဆုံမယ်၊
ကောင်းကောင်းမွန်မွန် ခေါ်လာပါလို့ အမိန့်ပေးလိုက်ပါတယ်"

အစောင့်ခေါင်းဆောင်က ကြူးဝမ်းခုံးကို ကြည့်ကာ ...

"က ... ကျုပ်နောက်လိုက်ခဲ့ပါဗျာ"

ပြောပြီး ရှေ့မှ လမ်းပြခေါ်ဆောင်သွားသည်။

တာနားက ...

"ကြူးဝမ်းခုံး ... တို့လိုက်သွားလို့ ဖြစ်ပါ့မလား"

ဟု တီးတိုးမေးလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"ဘာကြောင့်မဖြစ်ရမှာလဲ ... ငါတို့ကို လက်ဖျားနဲ့တောင်
မထိဝံ့ပါဘူးကွာ"

စကားဆုံးသည်နှင့် မြင်းကို ရှေ့သို့ နှင်သွား၏။ တာနား
လည်း မတတ်သာတော့ဘဲ နောက်မှ လိုက်လာရလေသည်။



သူတို့နှစ်ယောက်သည် လှုံ့ရှည်ကိုင် အစောင့်အကြပ်များ
ကြားမှ ဖြတ်ကာ တာလီတာပ်ဖွဲ့စခန်းသို့ ဝင်သွားကြသည်။

ကြူးဝမ်းခုံးနှင့်တာနားတို့သည် ဆိတ်သားရေဖြင့် ချုပ်ထား
သည့် ချိုင်းပြတ်အင်္ကျီများ ဝတ်ဆင်ထားကြသည်။ သူတို့၏ အသား
အရေများသည် ကြေးနီရောင်သန်းနေသည်။

ယောကျ်ားပီသပြီး သန်စွမ်းသူဖြစ်ကြောင်း အထင်းသား
ပေါ်လွင်နေ၏။

အစောင့်များသည် သူတို့နှစ်ယောက်အား အကြီးမား ဆုံး
ရွက်ဖျင်တဲကြီးတစ်ခုဆီသို့ ခေါ်ဆောင်သွားကြသည်။

ရွက်ဖျင်တဲပတ်လည်တွင် အစောင့်အကြပ်များ ပို၍ ထူ
ထပ်စွာ ရှိနေ၏။

ကြူးဝမ်းခုံးတို့အား လမ်းပြခေါ်ဆောင်လာသူက ...

"မိတ်ဆွေတို့ရဲ့ လက်နက်တွေ အပြင်မှာ ထားပစ်ခဲ့ရမယ်"

"ဟား ဟား ဟား"

တာနား သဘောကျစွာ ရယ်မောလိုက်သည်။ အားလုံး
ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

တာနားက ...

"ရယ်စရာကောင်းလိုက်တာ၊ ခင်ဗျားတို့က ဒီနေ့ကျင်းနဲ့

www.burmeseclassic.com



ကျုပ်တို့က မကြောက်မရွံ့ ဝင်လာတာကို အားနာစမ်းပါ။ ကျုပ်တို့ရဲ့ လက်နက်တွေကို ကိုယ်နဲ့မကွာ ဆောင်မထားရရင် ဘယ်လိုမှ မနေ တတ်ဘူးဆိုတာ ခင်ဗျားမသိသေးဘူးထင်ရာယ်"

ဟု ပြောလိုက်လေသည်။

အစောင့်ခေါင်းဆောင် မကျေမနပ်ဖြစ်သွားလေသည်။

"ခင်ဗျားတို့လက်နက်တွေယူ"

သူ၏စကားမဆုံးမီ ရွက်ဖျင်တဲအတွင်းဘက်မှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သူတို့ကို အထဲလွှတ်လိုက်ပါ"

အစောင့်ခေါင်းဆောင် မည်သို့မျှ မတတ်နိုင်ပါတော့ချေ။

"အထဲဝင်သွားပါ"

မျက်နှာ မသာမယာဖြင့် ပြောလေသည်။

ကြူးဝမ်းခုံးနှင့် တာနားတို့ မြင်းပေါ်မှ ဆင်းလိုက်ကြသည်။ ထို့နောက် ရွက်ဖျင်တဲအတွင်းသို့ ရင်ကော့ပြီး ဝင်သွားကြသည်။

ရွက်ဖျင်တဲအတွင်း၌ စားပွဲတစ်လုံး ရှိနေပြီး ထိုင်ခုံများ ခ ထား၏။

ထိုင်ခုံတစ်လုံးတွင် အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ် ယောက် ထိုင်နေသည်။



တာလီတပ်ဖွဲ့မှ ခေါင်းဆောင်တစ်ယောက်၏ အဆောင် အယောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။ ယောကျ်ားပီသ သည့် ရုပ်သွင်ရှိသလို ယဉ်ကျေးသိမ်မွေ့ပြီး မွန်မွန်ရည်ရည်ရှိပုံရ၏။

ကြူးဝမ်းခုံးတို့ ဝင်လာသည်ကိုမြင်လျှင် ...

"ထိုင်ကြပါ ... ထိုင်ကြပါ"

ထိုင်ခုံများကို ညွှန်ပြရင်း ပြောလေသည်။ တာနားက မထိုင် ဘဲ ကြူးဝမ်းခုံး၏နောက်ဘက်တွင် ရပ်နေလိုက်သည်။

ကြူးဝမ်းခုံးနှင့် တာလီတပ်ဖွဲ့ခေါင်းဆောင်တို့ မျက်နှာချင်း ဆိုင် ထိုင်မိကြပြီ ဖြစ်လေသည်။

တာလီတပ်ဖွဲ့ခေါင်းဆောင်က ...

"ကျုပ်နာမည် ယန်ဝူးလို့ ခေါ်ပါတယ်ဗျာ၊ မိတ်ဆွေက မြောင်အကြီးအကဲ ကြူးလောက်ရဲ့သားလို့ သိရပါတယ်၊ ဒါ ... အမှန် ပဲနော်"

ကြူးဝမ်းခုံးက ...

"ရှာသူကြီး ကြူးလောက်မှာ ကြူးဝမ်းခုံးဆိုတဲ့ သားတစ် ယောက်ပဲ ရှိတယ်ဆိုတာ လူတိုင်းသိတာပဲ၊ မြောင်နယ်ခြားထဲ နိုးဝင် လာတဲ့ ခင်ဗျားတို့က ပိုပြီး သိသင့်တာပေါ့"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကို တာနားသဘောကျသွားလေသည်။

ကြူးဝမ်းခုံးသည် ရန်သူများအလယ်၌ပင် ရဲဝံ့ပြတ်သားစွာ ပြောဆိုဝံ့သူ မဟုတ်ပါလား။

ကြူးဝမ်းခုံး၏စကားကြောင့် ယန်ဝူးမျက်နှာ ကွက်ခနဲ ပျက်သွား၏။ သို့သော် ချက်ချင်းပင် ပြုံးခြွေဆည်လိုက်၏။

"ကျုပ်တို့က ခိုးဝင်လာတာ မဟုတ်ပါဘူး၊ သားကောင်လာဖမ်းတဲ့ မုဆိုးတွေကို လူဆိုးဓားပြတွေရန်က ကာကွယ်ပေးဖို့ လိုက်လာခဲ့ကြတာပါ၊ ဒီဘက်ကိုလာပြီး အမဲလိုက်တဲ့ မုဆိုးတွေ မကြာခဏ အလုခံရတယ်၊ အသတ်ခံရတယ်၊ ကျုပ်တို့ စောင့်ရှောက်ဖို့ လိုက်လာခဲ့ကြတာပါ"

"ဟား ဟား ဟား"

ယန်ဝူး၏ စကားအဆုံးတွင် ကြူးဝမ်းခုံး သဘောကျစွာ ရယ်မောလိုက်လေ၏။

ယန်ဝူး မျက်မှောင်ကြုတ်သွား၏။ ကြူးဝမ်းခုံးကို မကျေမနပ်ဖြင့် ကြည့်နေ၏။

ကြူးဝမ်းခုံးက သဘောကျစွာ ရယ်မောပြီးမှ ...

"မြောင်ဒေသမှာ သူခိုးဓားပြ မရှိပါဘူး၊ သူခိုးဓားပြတွေက သာ မြောင်ဒေသကို ကျူးကျော်ဝင်လာကြတာပါ၊ တာလိမုဆိုးတွေ



အတွက် အမဲလိုက်သင့်တဲ့နေရာဟာ တာလိပိုင်နက်ထဲမှာပါ ... မြောင်ဒေသမှာ မဟုတ်ပါဘူး၊ မြောင်ဒေသထဲကို ကျူးကျော်ဝင်လာပြီဆိုရင် မြောင်မျိုးနွယ်စုတွေရဲ့ စီရင်မှုကိုခံရမှာပါပဲ၊ မြောင်ဒေသထွက် ပစ္စည်းတွေကို ဝယ်ယူဖို့ ရောက်လာကြတဲ့ကုန်သည်တွေ ဘာများဖြစ်ဖူးတယ် ကြားမိပါသလဲ၊ တာလိတွေဟာ မြောင်ဒေသထွက်ကုန်တွေ လိုချင်တယ်ဆိုရင် တန်ရာတန်ဖိုးယူလာတဲ့ နည်းလမ်းပဲရှိတယ်"

သူ၏စကားကို တာနား လွန်စွာ သဘောကျနေ၏။

ကြူးဝမ်းခုံးသည် အခြားသော မြောင်မျိုးနွယ်စု အကြီးအကဲများနှင့်မတူဘဲ စကားကို အချက်ကျကျပြောတတ်သည် မဟုတ်ပါလား။

ယန်ဝူးမှာ မည်သို့ ပြန်ပြောရမည်မှန်းမသိ ဖြစ်နေတော့၏။ ကြူးဝမ်းခုံးက ဆက်ပြောလိုက်သည်။

"မြောင်ဒေသမှာ သားကောင်တွေ၊ မြင်းရိုင်းတွေ အလွန်ပေါပါတယ်၊ ခင်ဗျားတို့ လိုချင်ရင် မြောင်တွေအတွက် ပုတီးကုံးတွေ၊ သုံးအသုံးအဆောင်ပစ္စည်းတွေ ယူလာခဲ့ပါ၊ ခင်ဗျားတို့ပါတဲ့ ပစ္စည်းတွေထက် နှစ်ဆလောက်ပိုပြီး တန်ဖိုးရှိတဲ့ မြောင်ဒေသထွက်ပစ္စည်းတွေ ရပါလိမ့်မယ်၊ အခုလို ကိုယ့်သဘောနဲ့ကိုယ် ကျူးကျော်ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ထင်တာလုပ်မယ်ဆိုရင် ကျုပ်တို့ ခေါင်းငုံ့ခံနေမယ် မဟုတ်ဘူး ဆိုတာ နားလည်ပါ"

ယန်ရှူးက ...

"ဒီနေရာဟာ မြောင်ပိုင်နက်လို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ဒါကြောင့် ကျုပ်တို့ဘလီတွေ ကြိုက်သလိုသွားလာနိုင်ပါတယ်၊ ကျုပ်တို့ကို ဘယ်သူမှ တားမြစ်ပိုင်ခွင့် မရှိပါဘူး"

ဟု ပြောလေသည်။

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"ချောင်း ဒီဘက်ကမ်းဟာ မြောင်ပိုင်နက်ဆိုတာ ခေတ်အဆက်ဆက်က တာလီဘုရင်တွေ လက်ခံခဲ့ကြတာပါ၊ ခင်ဗျားကျမှ မြောင်ပိုင်နက်ကို အသိအမှတ်မပြုတဲ့စကားမျိုးပြောတာ ဝမ်းနည်းစရာကောင်းပါတယ်၊ ဟဲ ... မြောင် အကြီးအကဲတစ်ယောက်အနေနဲ့ ကျုပ်ပြောချင်တာက မိုးလင်းတာနဲ့ ခင်ဗျားတို့လူစု ချောင်းတစ်ဖက်ကမ်းကို ပြန်ကူးသွားကြပါ၊ မြောင်ပိုင်နက်က ထွက်သွားကြပါ"

စကားဆုံးလျှင် ထိုင်နေရာ ထလိုက်လေသည်။ ယန်ရှူး မဲ့ပြုံးပြုံးရင်း ...

"ကျုပ်တို့ ထွက်မသွားဘူးဆိုရင်ကော"

"မြောင်တွေဟာ တိုက်ရည်ခိုက်ရည် ပြည့်ဝတဲ့လူတွေ၊ စော



ကားလာတာကို ခေါင်းငုံ့ခံမနေတတ်တဲ့လူတွေဆိုတာ ခင်ဗျားတို့ သိရမှာပါ"

"ဟား ဟား ဟား"

ယခုတစ်ကြိမ် ယန်ရှူးသဘောကျစွာ ရယ်မောလိုက်လေသည်။ ကြူးဝမ်းခုံး၏မျက်နှာ တင်းမာသွားလေသည်။ တာနားက စောင့်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

ယန်ရှူးက ...

"ခင်ဗျားတို့နှစ်ယောက်ဟာ ကျုပ်တို့တပ်ဖွဲ့ကြားထဲ ရောက်နေတယ်ဆိုတာ မေ့နေပြီ ထင်တယ်"

ကြူးဝမ်းခုံးက ...

"ခင်ဗျားတို့ကို မမှုလို့ ကျုပ်တို့ ဝင်လာခဲ့ကြတယ်ဆိုတာ ခင်ဗျားတို့ မေ့နေတာပါ"

ယန်ရှူး မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး ...

"ခင်ဗျားတို့ သွားနိုင်ပါပြီ"

ကြူးဝမ်းခုံးက သူ့အား စေ့စေ့ကြည့်ကာ ...

"ကျုပ်ပြောတာကို မမေ့နဲ့နော်၊ မနက်ဖြန် မိုးလင်းတာနဲ့ ခင်ဗျားတို့လူစု တစ်ဖက်ကမ်းကူးသွားတာ အကောင်းဆုံး"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် ချာခနဲလှည့်ကာထွက်သွား၏။ တာနား က နောက်မှ လိုက်သွား၏။

သူတို့နှစ်ယောက် ရွက်ဖျင်တဲအပြင်ဘက်သို့ ရောက်လာ သည့်တိုင် မည်သူမျှ ဟန့်တားတိုက်ခိုက်လာခြင်း မပြုကြချေ။

ကြူးဝမ်းခုံးနှင့် တာနားတို့က မြင်းပေါ်ခုန်တက်လိုက်ကြ သည်။ ထို့နောက် တာလီတပ်ဖွဲ့စခန်းအတွင်းမှ မြင်းစိုင်းနှင်ကာ ထွက်လာခဲ့ကြလေတော့သည်။



အဝေးမှ ကြက်တွန်သံများထွက်ပေါ်လာလေသည်။ အရှေ့ ...ဆီတွင် ရောင်နီများပျို့အန်လာပြီ ဖြစ်သည်။ မကြာမီ မိုးစင်စင် ...င်းတော့မည် ဖြစ်၏။

ကြူးဝမ်းခုံး၏မျက်နှာ တည်ကြည်လေးနက်နေ၏။ သူ ...ည် မြင်းကြီး၏ကျောပြင်၌ ခြေတင်ကာ ထိုင်နေ၏။ သူ၏ခါး၌ ဓား ...လက် ချိတ်ထားပြီး ဝဲဘက်လက်တွင် လှံတစ်လက်ကိုင်ထား၏။

မြောင်မျိုးနွယ်စု ခေါင်းဆောင်၏ အထိမ်းအမှတ် မဟုတ်ရာ ...င် ဖြစ်လေသည်။ ခါတိုင်းဆိုလျှင် သူ၏ကျောပေါ်တွင် မြား ...င်း တစ်ရာတိတိပါသော မြားကျည်တောက် လွယ်ပိုးထားစမြဲ။

ယခုတော့ မြားကျည်တောက်က တာနား၏ ကျောပြင်တွင် ...ယှက်ရှိနေချေပြီ။ ကြူးဝမ်းခုံးက ပတ်ဝန်းကျင်ကို အကဲခတ် ကြည့် ...၏။

ကျောက်တုံးကျောက်ခဲ ထူထပ်လှသည့် တောင်...ါမှသည်

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေမြေပြန့်သို့ ရောက်သည့်တိုင် များပြားလှသော မြောင်မြင်းသည်တော်များကို တွေ့မြင်နေရ၏။

အားလုံးသည် မားလှံလေးမြား လက်နက်ကိုယ်စီ ဆောင်ထားကြ၏။ သန်မာထွားကျိုင်းသလို သားရေမြင့် ချုပ်ထားသည့်အဝတ်အစားများအောက်မှ ဖုထစ်ကြွရှနေသည့် ကြွေးနီရောင်အသားအရေနှင့် ခက်ထန်သောမျက်နှာထားများသည် မြောင်သူရဲကောင်းများ၊ စစ်သည်များ၏ သင်္ကေတအဖြစ် ရှိနေသည်။

မြောင်မျိုးနွယ်စုများသည် တိုက်ပွဲပျော်သူများ ဖြစ်ကြပေသည်။ ကြူးဝမ်းခုံး သက်ပြင်းချလိုက်၏။ မနေ့ကပင် မျိုးနွယ်စုခေါင်းဆောင်အဖွဲ့ကို ရယူခဲ့သည်။

ယနေ့ပင် သွေးချောင်းစီးတိုက်ပွဲအတွက် အမိန့်ပေးရမည့်သူ ဖြစ်လာသည်။ မြောင်ဒေသ၌ ကြီးပြင်းပေါက်ဖွားလာသူ တစ်ယောက်အတွက် တိုက်ခိုက်ခြင်းနှင့်သေဆုံးခြင်းသည် ထူးခြားလှသည်တော့ မဟုတ်ပါ။

ကြူးဝမ်းခုံး တောင်စဉ်ရေမရ စဉ်းစားနေစဉ်မှာပင် ...

'ခွပ် ခွပ် ခွပ် ခွပ်'

အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကြူးဝမ်းခုံး ခေါင်းထောင်ကြည့်လိုက်၏။ မြင်းစီးလာသူ



မှာ မြောင်နယ်စပ်မှ ဝမ်မျိုးနွယ်စု၏သူရဲကောင်း ဝမ်းဟိုး ဖြစ်လေသည်။

ဝမ်းဟိုးသည် တစ်လအတွင်း ကျားငါးကောင်ရအောင် အမဲလိုက်နိုင်ခဲ့သူ ဖြစ်၏။ လူငယ်လူရွယ်များကြား ကြူးဝမ်းခုံးနှင့်တာနားတို့အမည် ရေပန်းစားနေသကဲ့သို့ ဝမ်းဟိုး၏အမည်သည်လည်း ပြောစမှတ်ပြုစရာ ဖြစ်နေသည်။

ဝမ်းဟိုးသည် ကြူးဝမ်းခုံးထံသို့ ဦးတည်ကာ မြင်းဒုန်းစိုင်းနှင်လာပြီးလျှင် ...

"တာလီတာပ်ဖွဲ့တွေ ထွက်မသွားတဲ့အပြင် နောက်ထပ် စစ်သူခေါ်ထားပုံရတယ်၊ ချောင်းကို တာလီတာပ်ဖွဲ့တွေ ဖြတ်ကူးလာနေကြတာကို တွေ့ခဲ့ရပါတယ်"

ဟု အစီရင်ခံလေသည်။ ကြူးဝမ်းခုံးက တာနားကို ကြည့်လိုက်၏။ တာနားက ...

"ဒါ သက်သက် ရန်စတာပဲကွ"

ကြူးဝမ်းခုံး ဖြူးလိုက်သည်။ သူ၏ဖခင် ကြူးလောက် အပါအဝင် မြောင်အကြီးအကဲများသည် သူ့အား ခေါင်းဆောင် အရိုက်အရာ လွှဲပြောင်းပေးအပ်လိုက်ကြပြီးသည့်နောက် မည်သည့်ကိစ္စမှ မပါတော့ဘဲ ခေါင်းရှောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တာမျိုးနွယ်စု အကြီးအကဲတာဖိုးသည် သူ၏သား တာနားကို သူ၏အရိုက်အရာ လွှဲပေးသလို ဝမ်းမျိုးနွယ်စု ခေါင်းဆောင်သည်လည်း သားဖြစ်သူ ဝမ်းတိုးကို လွှဲပေး၏။

မြောင်မျိုးနွယ်စု၏ အကြီးအကဲခေါင်းဆောင်နေရာများကို လူငယ်လူရွယ်များက လက်ဆင့်ကမ်း လွှဲယူခဲ့ကြခြင်း ဖြစ်သည်။ ထိုသို့ လွှဲပြောင်းယူပြီး ရက်ပိုင်းအတွင်း၌ပင် တာလီတပ်ဖွဲ့များနှင့် အချင်းများစရာ ဖြစ်လာရသည်။

ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။

သွေးချောင်းစီးတိုက်ပွဲကို သူမလိုလားပါ။ သို့သော် ရင်ဆိုင်ဘဲ နေ၍ရတော့မည်မဟုတ်ပါ။

ကြူးဝမ်းခုံးက ...

"တာလီတပ်ဖွဲ့တွေကို မှတ်လောက်သားလောက် ဖြစ်အောင် ဆုံးမရမယ်၊ တာလီတပ်ဖွဲ့ခေါင်းဆောင် ယန်ဝူးကို ရတဲ့လူအတွက် ကျွဲတစ်ကောင် ဆုချမယ်၊ ကဲ ... သွားကြစို့"

သူ၏အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဟေး ... ဟေး"

မြောင်သူရဲကောင်းများ၏ တစ်ခဲနက် ဟစ်ကြွေးသံများ ထွက်ပေါ်လာ၏။



အားလုံးသည် တိုက်ပွဲကို ငံ့လင့်နေကြသည် မဟုတ်ပါလား။

ကြူးဝမ်းခုံး၊ တာနားနှင့် ဝမ်းတိုးတို့ သုံးယောက် ရှေ့ဆုံးမှ ဦးဆောင်ကာ မြင်းဒုန်းစိုင်းနှင်သွားလေသည်။ သူတို့၏နောက်မှ မြောင်သူရဲကောင်းများ မြင်းကိုယ်စီဖြင့် ဒုန်းဆိုင်းလိုက်လာကြသည်။

✹

www.burmeseclassic.com

ယန်စွူးသည် နဖူးပေါ်မှ စီးကျလာသည့် ချွေးများကို သုတ်ပစ်လိုက်သည်။

တာလီနေပြည်တော်မှ စေလွှတ်လိုက်သည့် တပ်ဖွဲ့များသည် ချောင်းကိုဖြတ်ကူးကာ သူ၏တပ်ဖွဲ့နှင့် ပူးပေါင်းမိခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် ... မြောင်ဒေသ ချောင်းနံဘေး၌ တည်ဆောက်ထားသည့် သူ၏ခံတပ်တွင် အင်အားအတော်တောင့်တင်းလာပြီဟု ဆိုနိုင်သည်။

ခံတပ်ပတ်လည်တွင် ဆူးခြောင့်ထောင်ချောက်များ ဆင်သည်။

အင်အားသုံးရာခန့်ဖြင့် ရန်သူသုံးထောင်ခန့်ကို ကြံ့ကြံ့ခံနိုင်ရန် စီစဉ်ထားသည်။

ခံတပ်ပတ်ဝန်းကျင်ကို စစ်ဆေးကြည့်ရင်း မြောင်ဒေသ



မလာမီ တာလီဘုရင် တန်ပာန်၏ အမှာစကားကို ကြားယောင်လာမိသည်။

"ကျုပ်တို့မှာ သားငါးတိရစ္ဆာန် ရှားပါးသလောက် မြောင်ဒေသမှာ ပေါများတယ်၊ ချောင်းတစ်ဖက်ကမ်း မိုင်တစ်ရာလောက်သာ တာလီပိုင်နက်ထဲ ရောက်လာရင် ဘာမှပူစရာ မလိုတော့ဘူး၊ တို့က အလုံးအရင်းနဲ့ ကျူးကျော်လာရင် မြောင်မျိုးနွယ်စုအားလုံး စုစုစည်းစည်းနဲ့ တိုက်ခိုက်လာကြမှာပဲ၊ ဒါကြောင့် ပထမဆုံး သွေးတိုးစမ်းကြည့်မယ်၊ မြောင်မျိုးနွယ်စုတွေ အချင်းချင်း စိတ်ဝမ်းကွဲအောင် လုပ်ရမယ်၊ သူတို့အချင်းချင်း မတည့်တော့ဘူးဆိုရင် မြောင်ဒေသဟာ ငါတို့လက်ထဲ ရောက်လာမှာပဲ၊ ယန်ဝူး ... ခင်ဗျားတာဝန်ယူပါ၊ မြောင်ဒေသမှာ ခြေကုပ်စခန်းတစ်ခု ရအောင်လုပ်ပါ"

ယန်ဝူး သက်ပြင်းချလိုက်သည်။

သူသည် တာလီဘုရင်၏အမိန့်ဖြင့် မြောင်ဒေသသို့ လာခဲ့ကြသည်။ သူ၏အစီအစဉ် အကောင်အထည်မဖော်နိုင်မီ မြောင်ဒေသမှ ချက်ချင်းထွက်သွားရန် ကျူးဝမ်းခုံးက အမိန့်ပေးလာပြီ ဖြစ်သည်။

တာလီနေပြည်တော်မှ အလုံးအရင်းဖြင့် အကူအညီပေးမည်မှန်သော်လည်း ချက်ချင်းပင် နယ်ခြား၌ တာဝန်ကျသည့် တပ်ဖွဲ့

www.burmeseclassic.com



များကို ခေါ်ယူအင်အားဖြည့်ဆည်းခဲ့ရခြင်း ဖြစ်ပေသည်။

ခြောင်မျိုးနွယ်စုဝင်များသည် အရက်သောက်ဖို့ အမဲလိုက်ဖို့ တိုက်ခိုက်ဖို့မျှသာ စိတ်ဝင်စားနေသည့် ယဉ်ကျေးမှုခေါင်းပါးသူများဟု သူ၏စိတ်ထဲ ယူဆထားသည်။

ထို့ကြောင့် စနစ်တကျ ခုခံတိုက်ခိုက်ခြင်းနှင့် ကြုံရလျှင် ခြောင်စစ်သည်တော်များက ကစဉ့်ကလျားဖြစ်သွားနိုင်သည်ဟု တွေးမိလေသည်။

ယန်ဝူးသည် သစ်လုံးများကာရံထားသည့် ခံတပ်စည်းရိုးပေါ်မှ ပြန်ဆင်းရန် ဟန်ပြင်လိုက်စဉ် ---

"ရန်သူ --- ရန်သူ"

'ရှီ --- ရှီ'

ကျယ်လောင်သော အော်ဟစ်သံများ၊ စူးရှသော ခရာသံများ ဆက်တိုက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယန်ဝူး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ချက်ချင်းပင် လှမ်းမျှော်ကြည့်လိုက်သောအခါ အရှေ့ဘက်ဆီဝယ် ဖုန်လုံးကြီးများ အလိပ်လိုက် အလိပ်လိုက် ထလာသည်ကို တွေ့မြင်ရလေသည်။

တခြောင်းခြောင်း မြည်ဟည်းကာ ထွက်ပေါ်လာသည့်



မြင်းခွာသံများမှာလည်း မိုးခြိမ်းသံနှင့်ပင် အမှတ်မှားစရာ ရှိပေသည်။

ကြည့်ရင်းကြည့်ရင်း မိုးကုပ်စက်ဝိုင်းအောက်မှ ရာပေါင်းများစွာသော မြင်းသည်တော်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရတော့သည်။

"ဟိုက်"

ယန်ဝူး လွှတ်ခနဲ ရေရွတ်လိုက်၏။

ခြောင်မျိုးနွယ်စုတို့၏အင်အား ဤမျှကြီးမားနေမည်ဟု ထင်မိခဲ့ချေ။ ခြောင်မြင်းသည်တော်များသည် အတောမသတ်နိုင်အောင် ထွက်ပေါ်လာ၏။

သူတို့၏ ဟြသံပေးသံများ၊ မြင်းခွာသံများသည် ကြောက်တတ်သူများအတွက် သည်းခြေပျက်သွားစေနိုင်လောက်၏။

ဤမျှများပြားလှသော ခြောင်မြင်းသည်တော်များကို လူနည်းစုခန့်ဖြင့် မည်သို့ ရင်ဆိုင်ရမည်နည်း။

"လေးသည်တော်တွေ အသင့်ပြင်"

ယန်ဝူး အော်ဟစ်အမိန့်ပေးလိုက်၏။

တာလီလေးသည်တော်များသည် ခံတပ်တစ်ခုလုံး၏ စည်းရိုးပေါ် အသင့်နေရာယူလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အမိန့်မရဘဲ ဘယ်သူမှ စကြီးမပစ်နဲ့၊ သူတို့ ခြံစည်းရိုးကို ရောက်လာတဲ့အထိ စောင့်နေရမယ်"

ယန်ဝူးက အမိန့်ပေးလိုက်ပြန်သည်။

ထိုအချိန်တွင် ...

မြောင်မြင်းသည်တော်များသည် အုပ်စုသုံးစု ခွဲလိုက်ကြသည်ကို တွေ့ရ၏။

လူစုခွဲပြီးသည်နှင့် ယန်ဝူးတို့၏ခံတပ်ကို သုံးဘက်သုံးတန်မှ ညှပ်ပူးညှပ်ပိတ် ဝိုင်းရံထားလိုက်ကြလေတော့သည်။

မြောင်မြင်းသည်တော်များသည် အနီးသို့ ချဉ်းကပ်လာခြင်း မပြုဘဲ မြားတစ်စင်းစာ အကွာအဝေးမှ ဝိုင်းရံထားလိုက်ကြခြင်း ဖြစ်၏။

ယန်ဝူး ဒေါပွသွား၏။

"သတ္တိရှိရင် လာခဲ့ကြစမ်း"

ဟု ဒေါကြီးမောကြီး အော်ပြောလိုက်သည်။ သို့သော် မြောင်မြင်းသည်တော်များသည် လုံးဝ ချဉ်းကပ်မလာဘဲ ဝိုင်းရံသာ ဝိုင်းထားကြ၏။

ယန်ဝူးသည် ရန်သူ၏ ပရိယာယ်ကို မတွေးတတ်အောင် ဖြစ်သွား၏။



ရင်ဆိုင်တိုက်ပွဲတစ်ခုတွင် ရန်သူ၏ပရိယာယ်ကို နားမလည်နိုင်ခြင်း၊ မသိနိုင်ခြင်းသည် ရှုံးနိမ့်ခြင်းသို့ ဦးတည်သွားစေကြောင်း ယန်ဝူး ကောင်းစွာသိပါ၏။

အမျိုးမျိုး တွေးတောစဉ်းစားသော်လည်း ရန်သူ၏ ပရိယာယ်ကို မတွေးတတ်အောင် ရှိနေရာ၊ ယန်ဝူးမှာ ခံတပ်စည်းရိုးပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဟိုးက တာနားကို ကြည့်လိုက်သည်။

တာနား လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။ လက်ထဲမှာကိုင်ထားသည့် လှံကို တဆဆလှုပ်နေသည်။

ရန်သူနှင့် ပြတ်ပြတ်သားသား ရင်ဆိုင်တိုက်ခိုက်လိုစိတ်များ ဖြင်းပြနေပုံရလေသည်။

ဝမ်းဟိုးက ကြူးဝမ်းခုံးကို ကြည့်လိုက်၏။ ကြူးဝမ်းခုံးမှာ တည်တည်ငြိမ်ငြိမ် ရှိနေသည်ကို တွေ့ရလေသည်။

ကြူးဝမ်းခုံးသည် ရန်သူ၏ ခံတပ်ကို တွေ့မြင်သည်နှင့် ရှေ့သို့ ဆက်မတိုးခိုင်းတော့ဘဲ အားလုံးကို ရပ်တန့်ခိုင်းလိုက်လေသည်။ အဖွဲ့သုံးဖွဲ့ခွဲကာ ရန်သူ၏ ခံတပ်ကို ဝိုင်းရံထားခိုင်းသည်။ ထို့နောက် တိုက်ခိုက်ရန် အမိန့်မပေးဘဲ သည်အတိုင်း ဝိုင်းရံထားစေသည်။

ရန်သူကိုမြင်နေရပြီး တိုက်ခိုက်ခြင်း မပြုရသည့်အတွက် အားလုံး၏ စိတ်ထဲ မရိုးမရွ ဖြစ်လာစေတော့သည်။



မနေနိုင်တော့သည့်နောက်ဆုံး ဝမ်းဟိုးက ကြူးဝမ်းခုံးအနီးသို့ မြင်းမောင်းနှင်သွားပြီး ...

"ခေါင်းဆောင်ကြီး ... ရန်သူကို တိုက်ခိုက်ကြရတော့မှာလား"

ဟု မေးလိုက်လေသည်။ ကြူးဝမ်းခုံး ခေါင်းယမ်းလိုက်သည်။

"တိုက်စရာမလိုဘူး ... သူတို့ ဒူးထောက်ပြီး ထွက်လာလိမ့်မယ်"

"ဗျာ"

"တို့က ထွက်ပေါက်မရှိအောင် ဝိုင်းထားမယ်လေ၊ သူတို့ အစာရေစာပြတ်ပြီဆိုရင် ခံတပ်ထဲမှာ ဆက်ပြီး နေနိုင်ဦးမလား၊ တို့ ရှေ့ရောက်အောင် ဒူးထောက်ပြီး ထွက်လာကြရမှာပေါ့"

ဝမ်းဟိုး မကျေမနပ် ဖြစ်သွားလေသည်။ သူတို့သည် ရန်သူနှင့် သူသေကိုယ်သေ ရင်ဆိုင်တိုက်ခိုက်ရန် စိတ်အားထက်သန်နေကြသည်။

ရန်သူအား တိုက်ခိုက်ခြင်း မပြုဘဲ သည်အတိုင်း ဝိုင်းရံထားသည်ကို သဘောမကျလှပါချေ။

ဝမ်းဟိုး အားမလို အားမရ ဖြစ်သွား သည်ဟု ကြူးဝမ်းခုံး

www.burmeseclassic.com

www.burmeseclassic.com



ရှိမိလေသည်။ သူက နားလည်သဘောပေါက်အောင် ရှင်းပြလိုက်သည်။

"ရန်သူက ဆူးကြောင့်ထောင်ချောက်တွေ ဆင်ပြီး သစ်လုံးတွေနဲ့ အခိုင်အမာ ခံတပ်ဆောက်လုပ်ထားတယ်ဆိုတာ အားလုံးအမြင်ပဲ၊ တို့က အတင်းဝင်တိုက်မယ်ဆိုရင် ရန်သူစခန်းကို ဖျက်ပစ်နိုင်မှာပဲ၊ ဒါပေမဲ့ တို့ဘက်ကလည်း အကျအဆုံးနည်းမှာမဟုတ်ဘူး၊ ကျုပ်တိုက်ရတဲ့တိုက်ပွဲမှာ ကျုပ်လူတွေ အထိအခိုက် အကျအဆုံး နည်းနိုင်သမျှနည်းအောင် ဦးစားပေးရလိမ့်မယ်"

ဝမ်းဟိုးက ...

"ခေါင်းဆောင်ကြီး၏ သဘောထားကို နားလည်ပါပြီ၊ ဒါပေမဲ့ မြောင်သူရဲကောင်းတွေဟာ ဒီလို လက်ပိုက်ကြည့်ရမှာထက် အသက်စွန့်ပြီး တိုက်ရတာကို ပိုပြီး သဘောကျတယ်ဆိုတာ စဉ်းစားပါဦး"

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"ဒီအတွက် မပူနဲ့ ... ကျိန်းသေ ရင်ဆိုင်တိုက်ရဦးမှာပါ၊ အခုလောလောဆယ် ပျင်းနေရင် မပျင်းရအောင် ပြိုင်ပွဲလေးတစ်ခု ကျင်းပပေးပါ့မယ်"

ထိုစကားကြားလျှင် ဝမ်းဟိုးသာမက တာနားပါ စိတ်ဝင်



ဆေးလာပြီး ...

"ဘယ်လို ပြိုင်ပွဲလဲ"

ဟု မေးကြလေသည်။ ကြူးဝမ်းခုံးက ...

"ရန်သူခံတပ်ကို မြင်တယ် မဟုတ်လား"

"ရှင်းရှင်းလင်းလင်း မြင်နေရတာပဲ"

"ကောင်းပြီ၊ ခံတပ်စည်းရိုးပေါ်မှာ ရန်သူတွေ လှုပ်ရှားသွားလာနေကြတယ်၊ သူတို့ကို ထိအောင် ဒီကနေပြီး မြားနဲ့ ဘယ်သူပစ်နိုင်သလဲ"

ဝမ်းဟိုးနှင့် တာနားတို့က သူတို့ရောက်ရှိသည့်နေရာနှင့် ရန်သူ၏ နေရာအကွာအဝေးကို တွက်ဆလိုက်ကြလေသည်။

"ခံတပ်စည်းရိုးပေါ် ရောက်အောင် ပစ်ဖို့ မလွယ်လှဘူး၊ အိပ်ဝေးလွန်းတယ်၊ ဒါပေမဲ့ ကျုပ်က မြားဆယ်ချောင်းလောက်တော့ ရောက်အောင်ပစ်နိုင်လိမ့်မယ်၊ ဆယ်ချောင်းကျော်ရင်တော့ စည်းရိုးအထိ မြားတံရောက်အောင် ပစ်ချင်မှ ပစ်နိုင်တော့မှာပဲ"

လေးညို့တို့ အားကုန်တင်ကာ ပစ်ရမည်ဖြစ်ရာ မည်သူမျှ ကြာကြာပစ်ခတ်နိုင်မည် မဟုတ်ပါချေ။ ကြူးဝမ်းခုံးက ...

"ရန်သူကို ဒီကနေပြီး မြားနဲ့ပစ်ရမယ့် ပြိုင်ပွဲလုပ်မယ်၊ စည်းရိုးပေါ်ရောက်အောင် ပစ်နိုင်တဲ့လူကို ဆုချမယ်၊ ရန်သူကို ထိမိအောင်

www.burmeseclassic.com

www.burmeseclassic.com



ပစ်နိုင်ရင် ရန်သူတစ်ယောက်ကို ဆိတ်တစ်ကောင် ဆုချမယ်"

ဟု ပြောလိုက်၏။

ဝမ်းဟိုးနှင့် တာနားတို့ ပျော်ရွှင်သွားကြလေသည်။ ကြူးဝမ်းခုံးက ...

"မြားတံတွေကို အလဟဿ ဖြုန်းတီးပစ်မှာမျိုးတော့ ကျုပ် မလိုလားဘူး၊ ဘယ်သူမဆို ပထမမြားတံဟာ ရန်သူစည်းရိုးပေါ် ကျအောင်မပစ်နိုင်ရင် နောက်ထပ် ပစ်ခွင့်မရှိတော့ဝါဘူး"

ဟု ပြောလိုက်၏။ တာနား ခေါင်းညိတ်လိုက်သည်။

"ဒီလိုလုပ်တာ တရားပါတယ်၊ ဒါထက် မြားပစ်ပြိုင်ပွဲကို ဘယ်သူမဆို ပါဝင်နိုင်တယ် မဟုတ်လား"

"ပါနိုင်တာပေါ့"

"ကောင်းပြီ"

တာနားနှင့် ဝမ်းဟိုးတို့သည် တိုက်ခိုက်ရန် ဟန့်တပြင်ပြင် ဖြစ်နေကြသည့် မြောင်သူရဲကောင်းများအား မြားပစ်ပြိုင်ပွဲ အစီအစဉ်ကို ပြောပြလိုက်လေသည်။

"ဟေး ... ဟေး"

မြောင်သူရဲကောင်းများ ယခုမှ ပျော်ပျော်ရွှင်ရွှင် ဖြစ်လာကြသည်။ မြင်းသည်တော် ငါးဆယ်ခန့် ရှေ့သို့ လှမ်းထွက်လာကြ၏။



ဝမ်းဟိုးနှင့်တာနားတို့ကလည်း ...

"ငါတို့လည်း ပြိုင်ပွဲဝင်မယ်"

ပြောပြီး ရှေ့သို့ ထွက်လာကြသည်။ ကြူးဝမ်းခုံးက သဘောကျစွာ ပြုံးလိုက်သည်။ ဝမ်းဟိုးက ...

"ကဲဟော့ ... ပထမဆုံး ပစ်တဲ့မြားတံဟာ ရန်သူစည်းရိုးပေါ် ရောက်အောင် ပစ်နိုင်ရင်ပစ်၊ မပစ်နိုင်ရင် နောက်ထပ်ပစ်ဖို့ စိတ်မကူးနဲ့တော့ ပစ်တဲ့လူ ငါနဲ့တွေ့မယ်"

ပြောပြီး ကျောပေါ်မှ လေးနှင့်မြားကို ဖြုတ်ယူလိုက်၏။ ထို့နောက် လေးညို့တင်ကာ ...

"ကဲ ... ပစ်တော့ဟေ့"

ဟု ပြောလိုက်သည်။ သူကိုယ်တိုင်လည်း မြားတံတစ်စင်း ပစ်လွှတ်လိုက်၏။ မြောင်မြင်းသည်တော်များ ပစ်လွှတ်လိုက်သော မြားတံသည် ယန်ရွာ၏ ခံတပ်စည်းရိုးဆီသို့ တဝီဝီမြည်ကာ ပျံသန်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ဝူးမကျေမနပ် ဖြစ်သွားသည်။

"တောက် ... အလကားသတ္တိကြောင်တဲ့ကောင်တွေ၊ ရှေ့တိုးမလာဝံ့ကြတော့ဘူး မဟုတ်လား"

ဟု ရေရွတ်လိုက်သည်။

သူ၏ စကားကြားလျှင် တာလီတာပ်ဖွဲ့ဝင်များ တဟားဟားရယ်လိုက်ကြသည်။

ယန်ဝူး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ထိုင်ရာမှ ထရပ်လိုက်ပြီး ...

"သူတို့မလာရင် တို့ထွက်ပြီး တိုက်ရမှာပဲ"

ဟု ပြောလိုက်၏။ သူ၏စကားကို တာလီတာပ်ဖွဲ့ဝင်များ တစ်ခဲနက် ထောက်ခံလိုက်ကြ၏။

ထိုစဉ် ...

'ဝူး ... ဝူး ... ဝူး'



စူးရှသော ခရာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ယန်ဝူး လှမ်းကြည့်လိုက်သောအခါ မြောင်မြင်းသည်တော်တစ်စု ရှေ့သို့ ထွက်လာကြသည်ကို တွေ့ရ၏။

ထိုမြင်းသည်တော်များသည် လေးမြားများဖြင့် တရစပ်ပစ်ခတ်နေကြသည်ကိုလည်း တွေ့လိုက်ရလေသည်။

ယန်ဝူး ပြုံးလိုက်သည်။

"အရူးတွေပဲ ... မြားနဲ့ပစ်လို့ ဘယ်လိုလုပ် ရောက်နိုင်မှာလဲ"

သူ၏စကားကြောင့် တာလီတာပ်ဖွဲ့ဝင်များ ဝါးခနဲ ရယ်မောလိုက်ကြပြန်သည်။

ထိုအခိုက်မှာပင် ...

'ဝိုး'

'ဒုတ်'

"အား"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တာလီတာပ်ဖွဲ့ဝင် အချို့မှာ တရစပ် ပစ်လှဲကျလာသည်

www.burmeseclassic.com

www.burmeseclassic.com



မြားထိမှန်ကာ ခံတပ်စည်းရိုးပေါ်မှ ပြုတ်ကျသွားလေသည်။

ယန်ဝူး ကြောင်အမ်းအမ်းဖြစ်သွားသည်။

သို့သော် အတွေ့အကြုံရင့်ကျက်သူပီပီ ချက်ချင်းသတိဝင်လာပြီး ...

"အားလုံးနေရာယူကြ"

အော်ဟစ်အမိန့်ပေးလိုက်လေသည်။

ခံတပ်စည်းရိုးပေါ် ဝင့်ကြွားစွာ ရပ်နေကြသည့် တာလီတပ်ဖွဲ့ဝင်များသည် ချက်ချင်းပင် အကာအကွယ်များနောက်သို့ ဝင်ရောက်နေရာယူလိုက်ကြသည်။

မြားတံများသည် ခံတပ်စည်းရိုး၌ တဒုတ်ဒုတ်မြည်ကာ လာရောက်စိုက်ဝင်လေသည်။ သို့သော် ချက်ချင်းပင် ရပ်တန့်သွားသည်။

ယန်ဝူး ခေါင်းထောင်ကြည့်လိုက်သောအခါ မြောင်မြင်းသည်တော်များသည် နောက်သို့ ပြန်ဆုတ်သွားကြသည်ကို တွေ့ရ၏။

ယန်ဝူး ထရပ်လိုက်သည်။

ခံတပ်စည်းရိုး၌ မြားတံပေါင်း တစ်ရာကျော် စိုက်ဝင်နေပြီး မြားထိကာ စည်းရိုးအပြင်ဘက်သို့ ကျသွားသူမှာ လူသုံးဆယ်ခန့်



ရှိနေသည်ကို တွေ့ရလေသည်။

"တောက်"

ယန်ဝူး မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

မြောင်မြင်းသည်တော်များနှင့် တာလီတပ်ဖွဲ့များကြား တိုက်ပွဲဖြစ်ပွားသည်ဟူ၍ မရှိသေးပါ။

သို့တိုင်အောင် မြောင်မြင်းသည်တော်များ၏ မြားစမ်းခြင်းကြောင့် တာလီတပ်ဖွဲ့ဝင် သုံးဆယ်ခန့် ဆုံးရှုံးလိုက်ရပြီ ဖြစ်လေသည်။ ယန်ဝူး အံကြိတ်လိုက်သည်။

"သူတို့ကတောင် တို့ဆီကိုရောက်အောင် ပစ်နိုင်သေးရင် တို့က ဘာကြောင့် သူတို့ကို ထိအောင် မပစ်နိုင်ရမှာလဲ၊ သူတို့က အကာအကွယ် ကင်းမဲ့နေသေးတယ်၊ ကဲဟေ့ လေးသည်တော်တွေ — အသင့်ပြင်ကြစမ်း"

ဟု အမိန့်ပေးလိုက်လေသည်။

သူ၏အမိန့်စကားကြောင့် တာလီလေးသည်တော်များသည် ချက်ချင်းထရပ်ကာ လေးမြားအသင့်ပြင်လိုက်ကြသည်။

ဝိုင်းရံထားကြသည့် မြောင်စစ်သည်တော်များထံသို့ လေးမြားများကို ချိန်ရွယ်လိုက်ကြသည်။

ယန်ဝူးမျက်နှာ တင်းမာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပစ်"

သူ၏အမိန့်ပေးသံ ထွက်ပေါ်လာသည်နှင့် လေးသည်တော်များ တရစပ် ပစ်လွှတ်လိုက်ကြသည်။

'ဝှစ်'

'ဝှစ် ... ဝှစ်'

မြားတံများသည် မိုးသီးမိုးပေါက်များပမာ တရစပ် ပစ်လွှင့်သွားသည်။

သို့သော် မြားတစ်စင်းတလေမျှပင် မြောင်စစ်သည်တော်များအား ထိမှန်ခြင်းမရှိပါချေ။

မြားတံများသည် မြောင်မြင်းသည်တော်များ၏ရှေ့ ဝါးတစ်ရိုက်ခန့်အကွာ မြေပြင်သို့ ကျသွားတော့သည်။

"ဟေး ... ဟေး"

"အရှုံးတွေ အရှုံးတွေ"

"တို့ကိုထိအောင် ပစ်နိုင်တဲ့အား မရှိဘူးလား။ ယောကျ်ားမဟုတ်ဘူးလား"

မြောင်စစ်သည်တော်များ၏ လှောင်ပြောင်ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ယန်ဝူး၏မျက်နှာ နီမြန်းသွားသည်။



"အသုံးမကျတဲ့ကောင်တွေ ... အခုချက်ချင်း ရပ်လိုက်ကြစမ်း"

သူ၏လူများကို အော်ငေါက်လိုက်လေသည်။

မြောင်မြင်းသည်တော်များ ပစ်လွှင့်လိုက်သည့် မြားတံများသည် သူတို့ထံသို့ရောက်လာပြီး သူတို့ပစ်လွှတ်လိုက်သည့် မြားတံများသည် အဘယ်ကြောင့် မြောင်မြင်းသည်တော်များထံသို့ မရောက်သည်ကို စဉ်းစားမရဘဲ လက်မှိုင်ချနေမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ကြူးဝမ်းခုံး၊ ဝမ်းတိုးနှင့်တာနားတို့ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

"ခေါင်းဆောင်ကြူး ... ကျုပ်တို့ကို ဆုချဖို့ပြင်ထားပေတော့၊ အနည်းဆုံး ရန်သူသုံးဆယ်လောက်တော့ မြားထိသွားပြီ"

ဟု ပြောလိုက်လေသည်။

တာနားက ...

"ကျုပ်တ မြားငါးချောင်း ပစ်လိုက်တယ်၊ ငါးချောင်းစလုံး ရန်သူကို ထိမှန်သွားတာဗျ"

ဟု ပြောလေသည်။ ကြူးဝမ်းခုံးက ...

"မင်း ဘယ်လိုလုပ် သိသလဲ"

တာနားက ပြုံးလိုက်ပြီး ...

"လွယ်ပါတယ်၊ ကျုပ်ရဲ့မြားတံ နောက်မြီးမှာ အနီရောင်



ဝိတ်စ ချည်ထားတယ်၊ တကယ်လို့ ရန်သူ့ခံတပ် စည်းရိုးအနားကို သွားနိုင်မယ်ဆိုရင် မြေပေါ်မှာ လဲကျတဲ့လူတွေထဲမှာ ငါးယောက်ဟာ ကျုပ်ရဲ့မြားတံ ထိထားတာ တွေ့ရမှာပဲ"

ဟု ပြောလေသည်။ ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်သည်။

"ငါယုံပါတယ်ကွာ၊ ကဲ ... တို့ အစီအစဉ်တစ်မျိုး ပြောင်းကြရအောင်"

ဟုပြော၏။ တာနားနှင့်ဝမ်းတိုးတို့ စိတ်ဝင်စားသွားကြလေသည်။

"အစီအစဉ်ပြောင်းမယ် ... ဟုတ်လား"

"ဘယ်လိုပြောင်းမှာလဲ"

ကြူးဝမ်းခုံးက ...

"တို့လူတွေက သူတို့ထက်ပိုပြီး မြားကို ဝေးဝေးရောက်အောင် ပစ်နိုင်တယ်ဆိုတာ ထင်ရှားတယ်၊ ဒီအတိုင်း စိုင်းရှိထားရတာကိုလည်း ကျေနပ်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် တိုက်ပွဲလေးတစ်ခုဖန်တီးလိုက်ကြရအောင်"

"ဘယ်လိုဖန်တီးမယ်ဆိုတာ ပြောဦးမှပေါ့"

တာနားက မေးသည်။ ကြူးဝမ်းခုံးက ...

"ငါပြောမယ်လေ ... မြားပစ်နိုင်တဲ့ စွမ်းအားအပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မှတည်တယ်၊ တို့လူစုက လက်ရွေးစင် လေးသမားနှစ်ရာလောက် ရွေးထုတ်လိုက်ရမယ်၊ လူနှစ်ရာကို အုပ်စု နှစ်စု ခွဲထားရမယ်"

"တစ်စုကို တစ်ရာစီပေါ့"

ဝမ်းဟိုးပြောဏ်။

ကြူးစမ်းခုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မင်းတို့နှစ်ယောက်က တစ်စုစီကို ဦးဆောင်ကြရလိမ့်မယ်၊ တာနား မင်းဦးဆောင်တဲ့လူစုက ရန်သူစည်းရိုးကို မြားနဲ့ပစ်ရမယ် ... ရန်သူ ခေါင်းမထောင်နိုင်အောင် ပစ်ရမှာနော်"

တာနားက ...

"စိတ်ချစမ်းပါကွာ"

ကြူးစမ်းခုံးက ဝမ်းဟိုးဘက်လှည့်လိုက်ပြီး ...

"ဝမ်းဟိုး ... မင်းကတော့ တာနားရဲ့ လက်ချက်ကြောင့် ရန်သူတွေ ခေါင်းမထောင်နိုင်တဲ့အချိန်မှာ မြားတံထိပ်ဖျားတွေကို မီးရှို့ပြီး ရန်သူစည်းရိုးကို မီးတဟုန်းဟုန်းတောက်လောင်အောင် ဖျက်ဆီးပစ်ရမယ်"

တာနား လက်ဖျစ်တီးလိုက်သည်။

"သိပ်ကောင်းတာပေါ့ဗျာ"



"ကဲ ... စကြပေတော့"

တာနားနှင့်ဝမ်းဟိုးတို့ ပျော်ရွှင်သွားကြလေသည်။ ချက်ချင်းပင် လေးသည်တော်များ စုလိုက်သည်။

●

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဟေး"

"တာလီတာပ်ဖွဲ့တွေကို မောင်းထုတ်ပစ်"

အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ယန်ဝူး ခေါင်းထောင်ကြည့်လိုက်၏။ ထိုအခါ မြောင်မြင်းသည်တော်များ ရှေ့သို့ ထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ယန်ဝူး မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒီတစ်ခါ မင်းတို့ ရမယ်ထင်ရင် မှားသွားမယ်"

ဟု တီးတိုးရေရွတ်လိုက်၏။ ထို့နောက် လက်ဝှေ့ယမ်းပြလိုက်ပြီး ...

"အားလုံး အကာအကွယ်ယူထားကြ"

ဟု အမိန့်ပေးလိုက်လေသည်။

တာလီတာပ်ဖွဲ့များသည် မြောင်မြင်းသည်တော်များ၏



လေးအစွမ်းကို အံ့ဩနေကြသည်။

သူတို့ပစ်လွှတ်သော်လည်း မရောက်နိုင်သည့် အကွာအဝေးကို မြောင်မြင်းသည်တော်များက ရောက်အောင် ပစ်ခတ်နိုင်ကြသည် မဟုတ်ပါလား။

မြောင်မြင်းသည်တော်များ ရှေ့သို့ ထွက်လာသည်မြင်လျှင် လေးမြားဖြင့် ပစ်ခတ်လာတော့မည် ဆိုသည်ကို ရိပ်မိကြ၏။ ထို့ကြောင့် ချက်ချင်းဝင် အကာအကွယ်ယူထားလိုက်ကြ၏။

ယန်ဂူးတို့လူစု အကာအကွယ်ယူပြီး မရှေးမနှောင်းမှာပင် ...

'ရှီး ... ရှီး ... ရှီး'

မြားတံများ တဖွဲဖွဲ ကျရောက်လာလေသည်။ ယန်ဝူး ပြုံးလိုက်သည်။

"မင်းတို့ မြားတံ ဘယ်လောက်များများ ဖြုန်းနိုင်မလဲ ကြည့်ကြသေးတာပေါ့"

ဟု တီးတိုးရေရွတ်လိုက်လေသည်။

သူက သစ်လုံးတစ်လုံး ကို ကျောမှီကာ အေးအေးဆေးဆေး ထိုင်နေလိုက်၏။

မြားတံများ တဖွဲဖွဲ ကျဆင်းလာဆဲ ...။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူသူတစ်ဦးတစ်ယောက်ကိုမျှ ထိမှန်ခြင်း မရှိတော့ချေ။

"တစ်ခါပဲ ရမယ်ကွ"

ယန်ဝူး စိတ်ထဲမှ ကြုံးဝါးလိုက်၏။ ထိုစဉ် သူ၏မျက်လုံးများသည် သစ်လုံးစည်းရိုးအတွင်းထက်မှ ရှက်ဖျင်တဲများဆီသို့ ရောက်ရှိသွား၏။

မြောင်မြင်းသည်တော်များ ပစ်လွှတ်လိုက်သည့် မြားတံများသည် ခံတပ်စည်းရိုးကိုကျော်ကာ အတွင်းဘက်သို့တိုင် တဖွဲဖွဲ ကျဆင်းလာနေသည်။

တာလီတပ်ဖွဲ့ဝင်များ ကြိုတင်အကာအကွယ် ယူထားပြီးဖြစ်၍ ထိခိုက်ခြင်း မရှိတော့ချေ။

သို့သော် ...

နောက်ထပ်ကျဆင်းလာသည့် မြားတံများ တွေ့မြင်ရသောအခါ ယန်ဝူး မျက်လုံးပြူးသွားရလေတော့သည်။

"ဟင် ... မီးမြားတွေပါလား"

မှန်ပေသည်။ တဖွဲဖွဲ ကျဆင်းလာသည့် မြားတံများ ထိပ်ဖျားၵ် မီးတဟုန်းဟုန်း တောက်လောင်နေလေသည်။

ယန်ဝူး ထခုန်လိုက်၏။



"ဟော့ ... မီးမြန်မြန်ငြိမ်းကြစမ်း"

တာလီတပ်ဖွဲ့ဝင်များ လန့်ဖျပ်ကာ ထရပ်လိုက်ကြလေသည်။

မီးမြားများသည် ခံတပ်စည်းရိုးအတွင်းသို့ ကျလာပြီး ရှက်ဖျင်တဲများကို မှန်ကာ မီးစွဲလောင်သွားလေသည်။

ယန်ဝူး၏အမိန့်ကြောင့် အကာအကွယ် ယူထားကြသည့် တာလီ တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရန် ပြေးထွက်လာကြသည်။

ထိုအခါ အဆက်မပြတ် ပစ်လွှင့်လာသည့် မြားတံများ ထိမှန်ကုန်တော့၏။

"အား"

"အွန့်"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာသည်။

တာလီတပ်ဖွဲ့ဝင်များ အဝုံးအရုံး လဲကျကုန်သည်။ ယန်ဝူး သချောင်းချောင်း ထွက်သွား၏။

"တောက် ... မြားနဲ့ပြန်ပစ်ကြစမ်းဟေ့"

ဟု အော်ဟစ်အမိန့်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တာလီတာပ်ဖွဲ့ဝင်များသည် လေးမြားအသင့်ပြင်ထားကာ ထရပ်လိုက်ကြ၏။

ထိုအခါ မြောင်မြင့်းသည်တော်များမှာ မြားတစ်ပစ်အကွာသို့ ပြန်လည်ဆုတ်သွားကြသည်ကို တွေ့ရ၏။

လေးမြားဖြင့် တရစ်ပစ်ခတ်လိုက်ရသော်လည်း ထိရောက်ခြင်း မရှိတော့ပေ။

ယန်ရူး ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။

ရွက်ဖျင်တဲများကား မီးတဟုန်းဟုန်း တောက်လောင်နေပြီဖြစ်သည်။

"မီးငြိမ်းကြ"

ယန်ရူး အော်ပြောလိုက်၏။ တာလီတာပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရန် ကြိုးစားလိုက်ကြရပြန်လေသည်။ မည်မည်ရရ တိုက်ခိုက်ခြင်း မပြုရသေးမီ တာလီတာပ်ဖွဲ့သည် ဖရိုဖရဲ ဖြစ်နေလေတော့သည်။

တာလီတာပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရန် ကြိုးစားရင်း ပစ်လွှင့်လာသည့်မြားတံများ ထိမှန်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

ယန်ရူး ဒေါပွသွား၏။



"အရှုံးတွေပဲ ... မီးကို ဘယ်လိုလုပ် ငြိမ်းနိုင်တော့မှာလဲ"

အကာအကွယ် ယူထားရာမှ ခုန်ထလိုက်ပြီး ...

"မီးမငြိမ်းနဲ့တော့၊ တိုက်ခိုက်ဖို့ အသင့်ပြင်ထားကြ"

သူ၏အသံသည် မြေကြီးတုန်ဟည်းမတတ် ထွက်ပေါ်လာသည့် မြင်းခွာသံများအောက်၌ ကွယ်ပျောက်သွားလေသည်။

ယန်ရူး မျက်လုံးပြူးသွားသည်။

"ဘယ်လိုဖြစ်တာလဲ"

တွေးရင်း ခံတပ်စည်းရိုးအပြင်ဘက် မျှော်ကြည့်လိုက်၏။ ထိုအခါ ရာပေါင်းများစွာသော မြောင်မြင်းသည်တော်များသည် လေးမြားကို တရစပ် ပစ်ခတ်ရင်း တစ်ဟုန်ထိုး ချဉ်းကပ်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုစဉ် ...

'ဝုန်း'

ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာသည်။ ယန်ရူး ကြောင်အမ်းအမ်း ဖြစ်သွား၏။

လှမ်းကြည့်လိုက်သောအခါ ခံတပ်စည်းရိုးမှာလည်း တ...ဟုန်း တောက်လောင်နေပြီး အချို့နေရာ၌ သစ်လုံးများ ပြိုကျ...နေသည်ကို တွေ့မြင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခံတပ်စည်းရိုးပေါက်သွားချေပြီ။ ယန်ဖူးသည် သူ၏ လူများကို စုစည်းနိုင်ရန် အမျိုးမျိုး အော်ဟစ်အမိန့်ပေးလေသည်။ သို့သော် သူ၏ အမိန့်ကို နာခံမည့်သူ မရှိတော့ချေ။ ယန်ဖူးလည်း စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်၏။

မြင်းခွာသံများ ပိုပြီး ကျယ်လောင်လာသည်။ ကြွေးသံပေးသံများ ကြောက်ခမန်းလိလိ ထွက်ပေါ်လာသည်။ တဖွဲဖွဲ ကျဆင်းလာသည့် မြားတံများ ရပ်တန့်သွားသည်။ မြောင်မြင်းသည်တော်များသည် သစ်လုံးခံတပ်အတွင်းသို့ ထိုးဖောက်ဝင်လာကြလေတော့သည်။



'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်နေသည်။ နေရာအနှံ့တွင် တိုက်ပွဲဖြစ်ပွားနေသည်။

မြောင်မြင်းသည်တော်များသည် မီးတဟုန်းဟုန်း တောက်လောင်သည့် ခံတပ်အတွင်းသို့ အတောမသတ်အောင် ဝင်လာကြသည်။

တာလီတစ်ဖွဲ့ဝင်များသည် ရှိသမျှအင်အားဖြင့် ခုခံကြသည်။

သို့သော် မြောင်မြင်းသည်တော်များ၏ ဓားလှံလက်နက်များအောက်၌လည်းကောင်း၊ မြင်းခွာများအောက်၌လည်းကောင်း အသက်ပျောက်သွားကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲသည် ပြင်းထန်စွာ ဖြစ်ပွားလာပြီး တစ်ခဏအတွင်း ပင် ပြီးဆုံးခြင်းသို့ ရောက်သွားလေသည်။

တာလီတာပ်ဖွဲ့ဝင်အားလုံးလိုလိုသည် ဒဏ်ရာပရှမှုဖြင့် မြေပေါ် လဲကျသွား၏။

တာလီတာပ်ဖွဲ့များ မရှုမလှ ရှုံးနိမ့်သွားခဲ့ရပြီ ဖြစ်လေသည်။

✹



ယန်ဝူးသည် ဓါးရှည်တစ်ကောင်နှင့် တူလှသည် ဝမ်းဟိုးနှင့် ရင်ဆိုင် တိုက်ခိုက်ပြီးနောက် မြေပေါ် ဒူးထောက်ကျသွား၏။

တာလီတာပ်ဖွဲ့ခေါင်းဆောင်ဖြစ်သည်ကို သိထား၍ ဝမ်းဟိုး က မသတ်တဲ လက်ရဖမ်းဆီးခဲ့သည်။

တိုက်ပွဲပြီးဆုံးသွားသောအခါ အသက်ရှင်လျက် ကျန်ရစ်ခဲ့ သည့် ယန်ဝူးနှင့် တာလီတာပ်ဖွဲ့ဝင် နှစ်ဆယ်ခန့်သည် မြောင်သူရဲ ကောင်းများ၏ သုံ့ပန်းများအဖြစ် ရောက်ရှိသွား၏။

သုံ့ပန်းများကို ကြူးဝမ်းခုံးရှေ့သို့ ခေါ်ဆောင်သွား၏။ ကြူး ဝမ်းခုံးနှင့် ယန်ဝူးတို့ ပြန်လည်တွေ့ဆုံရပြီး ဖြစ်သည်။

သို့သော် သူတို့နှစ်ယောက်၏တွေ့ဆုံမှုသည် ပထမတစ် ကြိမ်တွေ့ဆုံမှုနှင့် လားလားမျှ မတူပါတော့ချေ။

✹

www.burmeseclassic.com

www.burmeseclassic.com



ကြူးဝမ်းခုံးသည် မြင်းပေါ်၌ ခြေတစ်ဖက်ကွေး၍ တင်ကာ ထိုင်နေ၏။ သူ၏ အဝတ်အစားများ၌ နီရဲသော သွေးများ စွန်းထင်း ကျဲနေသည်။

ရန်သူတို့၏ သွေး ဖြစ်ပေသည်။ မြောင်သူရဲကောင်းတို့သည် အောင်ပွဲဆင်နွှဲခဲ့ကြပြီး ခံတပ်အတွင်းမှ ရနိုင်သမျှ ပစ္စည်းများကို သိမ်းကျုံးယူငင်နေကြသည်။

ဖမ်းမိထားသော တာလီတပ်ဖွဲ့ဝင်များသည် ကြူးဝမ်းခုံး၏ ရှေ့၌ ဒူးထောက်လျက် ရှိနေကြချေပြီ။ ကြူးဝမ်းခုံးက ယန်ဝူးကို ကြည့်လိုက်၏။

မောက်မာလှသည့် ယန်ဝူး၏ အသွင်အပြင်ကို မြန်လည် အမှတ်ရလာသည်။ ယခု ယန်ဝူးသည် အသနားခံသည့် အကြည့်ဖြင့် ကြည့်နေရှာပြီ မဟုတ်လား။

ကြူးဝမ်းခုံးက ...



"မြောင်ဒေသကို ကျူးကျော်ဝင်တဲ့အတွက် ဘယ်လိုအပြစ်ဒဏ်မျိုး ခံရတယ်ဆိုတာ သိဖို့ကောင်းတယ်၊ ကျုပ်တို့ ဘိုးဘေးတွေ လက်ထက်ကတည်းက မရခဲ့ဘူးဆိုတာ အထင်အရှား သာဓကတွေ ရှိနေတာပဲ"

ယန်ဝူးက ...

"ကျုပ်က အမိန့်နာခံရတဲ့လူပဲ၊ တာလီဘုရင်က သေဆိုရင် သေရမှာပဲ၊ ရှင်ဆိုရင် ရှင်ရမှာပဲ"

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"အခုလို ဖြစ်ရတာ တာလီဘုရင်ရဲ့အမိန့်ကြောင့်လို့ ခင်များ ပြောချင်တာပေါ့"

"ဒါ ရှင်းနေတာပဲ၊ သူ့ရဲ့အမိန့်ကြောင့် ကျုပ်တို့ ဒီဘက်ကမ်းကို ကူးလာခဲ့ကြတာပဲ"

"ကောင်းပြီ ... ခင်များပြန်သွားပါ၊ နောက်တစ်ကြိမ် ကျုပ်တို့ဒေသကို ကျူးကျော်ဖို့ စိတ်မကူးသင့်ဘူးဆိုတာ တာလီဘုရင်ကိုလည်းအစေ့ ပြောပြလိုက်ပါ၊ ကျူးကျော်လာဦးမယ်ဆိုရင် ကျုပ်တို့ရဲ့ မြင်းခွာအောက်မှာ တာလီပြည် ပျက်ပြုန်းသွားရမယ်ဆိုတာ ရှင်းပြ လိုက်ပါ"

သူ၏စကားကြောင့် ယန်ဝူး ဝမ်းသာနေသည်။ ကြူးဝမ်းခုံး

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့အား လွှတ်ပေးမည့်သဘော ရှိနေသည် မဟုတ်လား။ သူ၏ အတွေးမဆုံးမီ ကြူးဝမ်းခုံးက ...

"ခင်ဗျားရဲ့လူတွေကို ခေါ်ပြီး ချောင်းတစ်ဖက်ကမ်း ကူးသွားကြပါ၊ မြင်းတွေ့လက်နက်တွေ ယူသွားခွင့်မရှိဘူး၊ နောက်နောင် ဒီဘက်ကို ကူးလာဖို့ စိတ်မကူးနဲ့"

ယန်ဝူး ထရပ်လိုက်လေသည်။ ကြူးဝမ်းခုံးအား လက်နှစ်ဖက် ဆုပ်ကာ ဂါရဝပြုလိုက်ပြီး ...

"ကျုပ်ရဲ့အသက်ကို ချမ်းသာပေးလို့ ကျေးဇူးတင်ပါတယ် ဗျာ၊ တာလိဘုရင် နားလည်သဘောပေါက်အောင် ကျုပ်ရှင်းပြလိုက်ပါ့မယ်"

ကြူးဝမ်းခုံး လက်ဖွေ့ယမ်းပြလိုက်သည်။ ယန်ဝူးသည် အသက်ရှင်လျက် ကျန်ရစ်ခဲ့သည့် သူ၏လူများကို ခေါ်ဆောင်ကာ ခပ်သွက်သွက် ထွက်သွားကြလေသည်။

ယန်ဝူးတို့လူစုအား လွှတ်ပေးလိုက်သည်ကို ဝမ်းဟိုးနှင့် တာနားတို့ မကျေမနပ် ဖြစ်သွားကြလေသည်။ ဝမ်းဟိုးက ...

"ခေါင်းဆောင်ကြီး ... သူတို့ကို လွှတ်ပေးလိုက်ဖို့ မကောင်းဘူး"

တာနားက ထောက်ခံလိုက်သည်။



"ဟုတ်တယ်၊ ကျုပ်တို့ဘက်က လူတွေဆိုရင် သူတို့ ဘယ်တုန်းကမှ သဏ်ညှာခဲ့ဖူးတယ်ဆိုတာ မရှိဘူး"

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"ကျုပ်က သူတို့ကို တမင်လွှတ်ပေးလိုက်တာပါ"

"ဘာဖြစ်လို့လဲ"

"သူတို့တာ ကျုပ်တို့ရဲ့ အင်အားဘယ်လောက်ကြီးမားတယ်၊ တိုက်ရည် ခိုက်ရည် ဘယ်လို ပြည့်ဝတယ်ဆိုတာ လက်တွေ့မြင်ခဲ့ရသူတွေပဲ၊ တာလိပြည်ကိုရောက်ရင် ကျုပ်တို့အကြောင်း သူတို့ ပြန်ပြောပြကြလိမ့်မယ်၊ ဒါဆိုရင် နောက်ထပ်ကျူးကျော်ဖို့ကြတော့ မှာမဟုတ်ဘူး"

ဝမ်းဟိုးက ...

"သူတို့ ကျူးကျော်လာတော့ကော၊ အရေးစိုက်စရာလား။ ချောင်ဒေသရဲ့ မြေတစ်လက်မတောင် သူတို့ရခဲ့ဖူးတဲ့ထုံးစံ မရှိပါဘူး"

ကြူးဝမ်းခုံးက ...

"မှန်တယ်လေ၊ ဒါပေမဲ့ တိုက်ပွဲနွှဲရမယ်ဆိုရင် နှစ်ဖက်စလုံး ထိခိုက်ကျဆုံးမှုတွေ ရှိလာမယ် မဟုတ်လား၊ ရန်သူတစ်ရာကို သုတ်သင်နိုင်ပေမယ့် ကျုပ်တို့လူတစ်ယောက် ကျဆုံးသွားတာကို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမသာနိုင်ဘူး”

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။ ဝမ်းဟိုး ပါးစပ်ပိတ်ထားလိုက်၏။ တာနားက …

“ဒါလည်း ဟုတ်ပါတယ်၊ တာလီတွေဟာ ကျုပ်တို့ကို အရက်သောက်ဖို့ မြင်းစီးဖို့ အမဲလိုက်ဖို့လောက်ပဲ နားလည်တဲ့ အရိုင်းအစိုင်းတွေလို့ သဘောထားကြတာပဲ၊ ကျုပ်တို့ကလည်း တာလီတစ်ရာနဲ့ ကျုပ်တို့လူတစ်ယောက် မလဲနိုင်ဘူးဆိုတာ သူတို့သိစေရမယ်”

ဟု ပြော၏။ ဝမ်းဟိုးက …

“ဒါတော့ ဟုတ်ပါတယ်၊ တကယ်လို့ တာလီတွေ ကျူးကျော်လာဦးမယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ”

“လွယ်ပါတယ်၊ မောင်းထုတ်ကြတာပေါ့၊ ကျုပ် ပြောခဲ့တဲ့အတိုင်းပဲ ကျုပ်တို့ မြင်းသည်တော်တွေဟာ တာလီပြည်အထိ ချီတက်ပြီး ချေမှုန်းကြမယ်”

ဝမ်းဟိုး ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ကြူးဝမ်းခုံးကို မယုံကြည်နိုင်စွာ ကြည့်လိုက်၏။ ကြူးဝမ်းခုံးသည် လူငယ်သလောက် ပြတ်သားသူ မဟုတ်ပါလား။

ရှေးအစဉ်အဆက် မြောင်မျိုးနွယ်စု ခေါင်းဆောင်များသည်



မြောင်နယ်ခြားသို့ ထိုးဖောက်ဝင်လာသည့် ရန်သူများကို တိုက်ခိုက်မောင်းထုတ်ပစ်သည်သာ ရှိခဲ့၏။

ရန်သူများ ရှုံးနိမ့်ထွက်ပြေးသွားလျှင် ချောင်းတစ်ဖက်ကမ်းသို့ လိုက်လံတိုက်ခိုက်ခြင်း မပြုဘဲ တပ်ခေါက်ပြန်ခဲ့သည် ဖြစ်၏။ တာလီနေပြည်တော်အထိ ချီတက်တိုက်ခိုက်မည်ဟု မည်သူမျှ မစဉ်းစားခဲ့ကြပါချေ။

ယခု ကြူးဝမ်းခုံးသည် နောက်ထပ်တစ်ကြိမ် တာလီများ ကျူးကျော်လာပါက တာလီနေပြည်တော်သို့တိုင်အောင် လိုက်လံတိုက်ခိုက်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ဝမ်းဟိုး သက်ပြင်းချလိုက်သည်။

“ကောင်းတယ်၊ ဒီတစ်ခါလာရဲရင် လာစမ်းပါစေ”

ကြူးဝမ်းခုံးက …

“တို့ ပြန်ကြရအောင်”

ဟု ပြောလိုက်၏။ တာနားနှင့် ဝမ်းဟိုးတို့သည် ဖျော်ရွှင်မြူးတူးနေကြသည့် မြင်းသည်တော်များ စုစုစည်းစည်း ဖြစ်သွားစေရန် အမိန့်ပေးလိုက်ကြသည်။

ထို့နောက် တာလီတပ်ဖွဲ့မှ သိမ်းပိုက်ရရှိသည့် ပစ္စည်းများကို ထုတ်ပိုးကာ မြင်းများပေါ် တင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဟိုးက ကွဲချိုမှုတ်လိုက်သည်။ ကွဲချိုမှ ထွက်ပေါ်လာသည့် အသံသည် အဝေးသို့တိုင် လွင့်ပျံ့သွားသည်။ ကြူးဝမ်းခုံး ဦးဆောင်ကာ မြောင်းသူရဲကောင်းများသည် မြင်းကိုယ်စီဖြင့် အပြန်ခရီး စတင်လိုက်ကြလေတော့သည်။

● ● ●



## အခန်း ( ၃ )

## သားတော်၏အကြံအစည်

နေရောင်ခြည်အောက်တွင် တာလီနေပြည်တော်မှာ စည်ကားသိုက်မြိုက်စွာ တည်ရှိနေပေသည်။

ကျယ်ဝန်းသောလမ်းများသည် မြို့ကွက်ကျကျ ဖောက်လုပ်ထား၏။ ကြီးမားခန့်ညားသော အဆောက်အအုံများသည် လမ်းဘေးတစ်ဖက်တစ်ချက်တွင် အစီအရီ ရှိနေသည်။

ဈေးဆိုင်များ၊ တည်းခိုခန်းများ၊ အာမခံဌာနများ၊ စားသောက်ဆိုင်များ စသည် စသည်ဖြင့် စည်ကားစွာ ရှိနေသည်။

ဝတ်ကောင်းစားလှဝတ်ဆင်ထားသည့် မြို့သူမြို့သားများမှာလည်း ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် သွားလာလှုပ်ရှားနေကြလေသည်။

အနယ်နယ်အရပ်ရပ်မှ ကုန်သည်ပွဲစားများသည် အမျိုး

www.burmeseclassic.com

www.burmeseclassic.com



စုံလင်လှသည့် ရောင်းကုန်ပစ္စည်းများ ယူဆောင်လာကြပြီး ရောင်းချကာ တာလိပြည်မှ ပျားရည်၊ ဓရဆေးပင်၊ တိရစ္ဆာန်သားရေနှင့် ရှားပါးသောတိရစ္ဆာန်များကို ပြန်လည်ဝယ်ယူကြသည်။

မိုးလင်းချိန်မှစပြီး မိုးချုပ်သည့်အထိ အစဉ်အမြဲ စည်ကားသိုက်မြိုက်နေခြင်းသည် တာလိပြည်၏ ထူးခြားသော ဝိသေသ ဖြစ်ပေတော့သည်။

တာလိပြည်သည် ရှေးခေတ်အဆက်ဆက်ကပင် စည်ကားသိုက်မြိုက်ခဲ့၏။

ဘုရင်တန့်ယန်၏ လက်ဝယ်ရောက်လျှင် ပိုပြီးစည်ကားလာသည် ဆိုနိုင်၏။

အထူးခြားဆုံးမှာ တန့်ယန်ဘုရင်လက်ထက်၌ တာလိပြည်၏ တိုက်ခိုက်ရေး တပ်ဖွဲ့များ အင်အားကြီးမား တောင့်တင်းလာခဲ့ခြင်း ဖြစ်လေသည်။

တန့်ယန်ဘုရင်သည် တာလိနေပြည်တော်၏ပိုင်နက်ကို ချဲ့ထွင်လိုသည့်သဘော ရှိပေသည်။

တန့်ယင်ဘုရင်၏ဖခင်သည် မြောင်မျိုးနွယ်စုများနှင့် စစ်ခင်းခဲ့သူ ဖြစ်၏။ တာလိတပ်ဖွဲ့များသည် မြောင်ဒေသကို ကျူးကျော်သိမ်းပိုက်နိုင်ခဲ့ကြသည်။



သို့သော် ရက်ပိုင်းအတွင်းမှာပင် အကျအဆုံး မြောက်မြားစွာနှင့် ဆုတ်ခွာလာခဲ့ရသည့်ချည်းပင်။

ဖခင်ဖြစ်သူသည် မြောင်ဒေသသို့ ဘယ်သောအခါမှ ကျူးကျော်ခြင်းမပြုရန် အတန်တန်မှာကြားခဲ့သည်ကို တာလိဘုရင် တန့်ယန် မေ့နိုင်မည်မဟုတ်ပါ။

တန့်ယန်သည် တာလိတပ်ဖွဲ့များ အင်အားတောင့်တင်းအောင် စွမ်းဆောင်နိုင်ခဲ့သည် မှန်သော်လည်း မြောင်နယ်ထဲသို့ ကျူးကျော်ဝင်ရန် မြောင်ဒေသကိုသိမ်းပိုက်ရန် ဘယ်သောအခါမှ စဉ်းစားသူ မဟုတ်ပါချေ။

ဤသို့ဆိုလျှင် ...

ချောင်းတစ်ဖက်ကမ်းသို့ ကူးလာကာ မြောင်ဒေသသို့ ကျူးကျော်ဝင်ခဲ့သည့် ယန်ရူးတို့လူစုသည် မည်သူ၏အမိန့်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသနည်း။

မြောင်ဒေသကို ကျူးကျော်ဝင်ရောက်သည့်ကိစ္စမှာ ထင်ရှားများ ပေါ်လွင်လာခဲ့လေသည်။

မြင်း အကောင်နှစ်ဆယ်ခန့်သည် တာလိနန်းဆောင်ဆီသို့ လမ်းမကြီးအတိုင်း ဒုန်းစိုင်းမောင်းနှင်သွားကြ၏။

လမ်းမပေါ်၌ သွားလာနေကြသူများသည် ကမန်းကယာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးသို့ ရှောင်တိမ်းပေးလိုက်ကြရ၏။

မြင်းသည်တော်များသည် အဝတ်အစားများ စုတ်ပြဲနေကြသလို သွေးစသွေးနများ ပေကျံနေကြသည်။

တိုက်ပွဲတစ်ခုမှ ပြန်လာကြခြင်းဖြစ်ကြောင်း သိနိုင်၏။

တာလိနေပြည်တော်သည် မည်သူနှင့်မျှ စစ်မက်ဖက်ပြိုင်နေခြင်း မရှိပါ။

သို့ဖြစ်၍ တာလိနေပြည်တော်၌ မှီတင်းနေထိုင်ကြသူများသည် မြင်းစီးတပ်ဖွဲ့ဝင်များကို တအံ့တဩ ကြည့်နေမိကြလေသည်။

မြင်းစီးတပ်ဖွဲ့သည် တာလိနန်းတော်ဆီသို့ ဦးတည်ကာ ဒုန်းစိုင်းနှင်သွားကြလေသည်။

မြင်းစီးတပ်ဖွဲ့ကို ကြည့်ရုံဖြင့် တိုက်ပွဲတွင် မရှုမလှ ရှုံးနိမ့်လာခဲ့ကြကြောင်း သိနိုင်ပေတော့သည်။

မှန်ပေသည်။

ထိုမြင်းစီးတပ်ဖွဲ့မှာ မြောင်ဒေသမှ ဆုတ်ခွာလာသည့် ယန်ဝူးတို့လူစု ဖြစ်ပေသည်။

ယန်ဝူးတို့လူစုသည် တာလိနန်းတော်သို့ ရောက်လာကြ၏။ ယန်ဝူးက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

ထိုစဉ် ...



နန်းတော်၏ တစ်ခုတည်းသောအဆောင်အတွင်းမှ ပြတင်းတံခါးပေါက်အနီး၌ ရပ်နေသည့် လူငယ်တစ်ယောက်၏မျက်နှာ ရှုံ့မဲ့သွားသည်ကို တွေ့မြင်နိုင်၏။

ထိုအဖြစ်အပျက်ကို မည်သူမျှ သိလိုက်ကြမည် မဟုတ်ချေ။ မြင်းစီးတပ်ဖွဲ့သည် နန်းတော်ရှေ့သို့ ရောက်သည်နှင့် ရပ်တန့်ပစ်လိုက်ကြ၏။

တာလိနန်းတော်၏ လုံခြုံရေးကို တာဝန်ယူထားသည့် အစောင့်အကြပ်များသည် ချက်ချင်းပင် ဒဏ်ရရလာသည့် မြင်းစီးတပ်ဖွဲ့ဝင်များကို ဖေးမလိုက်ကြ၏။

အစောင့်အကြပ်များ၏အကူအညီဖြင့် ယန်ဝူးသည် တာလိဘုရင်မင်းမြတ် တန့်ယန်၏ ရှေ့သို့ ရောက်ရှိသွားခဲ့လေတော့၏။ တန့်ယန်မှာ မမျှော်လင့်ဘဲ ကြားလိုက်ရသည့်သတင်းကြောင့် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားလေသည်။ သတင်းလာပို့သူကို စိုက်ကြည့်ရင်း ...

“ဘာပြောတယ် ... တာလိတပ်တွေဟာ မြောင်နယ်ခြားကို ကျူးကျော်ခဲ့ကြတယ် ... ဟုတ်လား”

“ဟုတ် ... ဟုတ်ပါတယ် ဘုရင်မင်းမြတ်”

“ဘယ်သူ့အမိန့်နဲ့ ကျူးကျော်ခဲ့တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါကတော့"

တန့်ယန်ဘုရင်က ...

"နေစမ်းပါဦး ...တာလီတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာမရှိမှုနဲ့ ပြန်ရောက်လာကြတယ်ဆို"

"ဟုတ် ... ဟုတ်ပါတယ်"

"ကောင်းပြီ ... သူတို့ကို ရှေ့တော်သွင်းလိုက်စမ်း"

တန့်ယန်ဘုရင်၏ စကားသံနှင့် မရှေးမနှောင်းတွင် အစောင့်အကြပ်အချို့သည် လူတစ်ယောက်အား ဖေးမကာ ခေါ်ဆောင်လာကြလေသည်။

ထိုလူမှာ ယန်ဝူးဖြစ်လေသည်။ ယန်ဝူးသည် ဘုရင်မင်းမြတ်ကို ဒူးထောက်ဂါရဝပြုလိုက်လေသည်။ တန့်ယန်ဘုရင်က ...

"ဘယ်သူများမှတ်တယ် ... နယ်ခြားစောင့် တပ်မှူးယန်ဝူးကိုး"

"မှန်ပါတယ် ဘုရင်မင်းမြတ်"

"ကဲ ပြောစမ်းပါဦး ... ဘယ်သူ့အမိန့်နဲ့ မြောင်ဒေသကို ကျူးကျော်ခဲ့ကြတာလဲ"

"မင်း ... မင်းသားလေး တန့်ယုံရဲ့ အမိန့်ပါ ဘုရင်မင်းမြတ်"

ထိုစကားကို ကြားလျှင် အားလုံး အံ့သြသွားကြလေသည်။



တန့်ယုံသည် တန့်ယန်ဘုရင်၏ တစ်ဦးတည်းသော သားတော်လေးဖြစ်ပေသည်။ တန့်ယန်ဘုရင်က ...

"သားတော်တန့်ယုံရဲ့ အမိန့် ... ဟုတ်လား"

"ဟုတ်ပါတယ်"

"သားတော်က ဘယ်လိုအမိန့်ပေးခဲ့တယ်ဆိုတာ ပြောစမ်းပါဦး"

ယန်ဝူးက ...

"မင်းသားလေးက မြောင်ဒေသရဲ့ တစ်စိတ်တစ်ဒေသကို သိမ်းပိုက်ထားဖို့ ပြောပါတယ်၊ စစ်ကူတွေ စေလွှတ်ပေးမယ်၊ မြောင်မျိုးနွယ်စုတွေကို ချေမှုန်းပြီး မြောင်ဒေသကို သိမ်းပိုက်နိုင်မယ်ဆိုရင် တာလီပြည်အတွက် လိုအပ်နေတဲ့ စားနပ်ရိက္ခာတွေ အလျှံပယ်ရောမယ်လို့ ပြောပါတယ်"

"တယ်ခက်ပါလား"

တန့်ယန်ဘုရင် ညည်းညူလိုက်လေသည်။ လက်ဖွေ့ယမ်းပြ၍ ...

"ကဲ ကဲ ... အားလုံးသွားကြတော့၊ ယန်ဝူးရဲ့ဒဏ်ရာတွေ ပျောက်ကင်းသွားအောင် ဆေးကုပေးလိုက်ကြပါ၊ ပြီးတော့ သားတော်လေးကို ကျုပ်က တွေ့ချင်နေတယ်ဆိုတာ သွားပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြပါဦး”

ဟု အမိန့်ရှိလိုက်၏။ တာလိဘုရင်၏ ရှေ့မှောက်၌ ရှိနေသူအားလုံးသည် ဦးညွှတ်အရိုအသေပြုလိုက်ကြသည်။ ထို့နောက် ရိုကျိုးစွာ ထွက်သွားကြ၏။

တာလိဘုရင် တန့်ယန်လည်း မျက်နှာမသာမယာဖြင့် စာဖတ်ခန်းထဲ ဝင်သွားလေတော့သည်။

●



စာဖတ်ခန်းမှာ ကြီးမားကျယ်ဝန်းလှပေသည်။ စာဖတ်ခန်းအတွင်း၌ မှန်တံခါးတပ်ဆင်ထားသည့် သစ်သားဗီရိုကြီးများ အစီအရီ ရှိနေသည်။

ဗီရိုများအတွင်း၌ သားရေဖုံးချုပ်ထားသည့် ကျမ်းစာ၊ စာစောင်များ အပြည့်ရှိနေသည်။

အနောက်ဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားသဖြင့် တန့်ယန်လှည့်ကြည့်လိုက်သောအခါ လူရွယ်တစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရွယ်မှာ အသက်သုံးဆယ်ခန့်ရှိပြီး ယောကျ်ားပီသချောမောခန့်ညားသည့်အသွင် ရှိလေသည်။ မာန်မာနကြီးသည့် အရိပ်အရောင်များ သူ၏မျက်နှာတွင် အထင်းသားပေါ်လွင်နေသည်ကို တွေ့နိုင်၏။

ထိုလူရွယ်မှာ တန့်ယန်ဘုရင်၏သား မင်းသားလေး တန့်ယုံ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ တန့်ယုံသည် စာဖတ်ခန်းအတွင်းသို့ ရောက်လျှင် ဖခင်ဖြစ်သူအား ဦးညွှတ် ဂါရဝပြုလိုက်လေသည်။

"ဖေဖေ သားကို ခေါ်တယ်ဆို"

တန့်ယန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဘယ်လိုကိစ္စများရှိနေလို့လဲဟင်"

"အဲဒီကိစ္စဆိုတာ သားသိပါတယ်"

ထိုစကားကြားလျှင် တန့်ယုံ ခေါင်းငုံ့ထားလိုက်လေသည်။ တန့်ယန်က ...

"သား တပ်မှူးယန်ဝူးကို မြောင်ဒေသထဲ ကျူးကျော် ဝင်ရောက်ဖို့ အမိန့်ပေးခဲ့တယ်ဆို"

တန့်ယုံ အဖြေမပေးချေ။ ယန်ဝူးတို့လူစု မရှုမလှ ရှုံးနိမ့်ခဲ့ကြသည့်သတင်းကို ကြားသိပြီးဖြစ်သည်။

ယန်ဝူး၏တပ်နှင့် နယ်ခြား တာလီတပ်ဖွဲ့နှစ်ဖွဲ့စလုံး မီးညက်ညက်ချေမှုန်းခြင်း ခံလိုက်ရသည်။

တန့်ယုံ၏ စိတ်ထဲ၌ မြောင်မျိုးနွယ်စုများအား ဆုံးမလိုစိတ်များ ဖြစ်ပေါ်နေ၏။ သို့သော် ဖခင်ရှေ့တွင် ဘာမှမပြောဘဲ နေလိုက်လေသည်။ တန့်ယန်က ...



"ဒီမှာကြည့်စမ်းသား"

နံရံပေါ်မှ ရုပ်ပုံပန်းချီကားကို ညွှန်ပြရင်း ပြောလိုက်၏။ တန့်ယုံက ကြည့်လိုက်သည်။ တန့်ယန်က ...

"ဘယ်သူလဲဆိုတာ သားသိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... သိပါတယ်၊ သားရဲ့ဘိုးဘိုးပါ"

"အင်း ... သားအဘိုးဟာ တာလီပြည်က သူရဲကောင်းတွေကို စုစည်းခဲ့တယ်၊ ပြီးတော့ မြောင်ဒေသကို ကျူးကျော်ခဲ့တယ်"

တန့်ယုံ ငြိမ်နေလိုက်၏။ သူ၏အဘိုးမှာ မြောင်ဒေသကို သိမ်းပိုက်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးကြောင်း သိထားခဲ့ပြီး ဖြစ်သည်။ တန့်ယန်က ဆက်ပြောလေသည်။

"သားရဲ့အဘိုးဟာ အင်အားတောင့်တင်းလှတဲ့ တာလီတပ်ဖွဲ့တွေကို မြောင်ဒေသ စေလွှတ်လိုက်တယ်၊ တာလီတပ်ဖွဲ့တွေဟာ ချောင်းတစ်ဖက်ကမ်းကူးပြီး မြောင်ဒေသကို သိမ်းပိုက်လိုက်ကြတယ်၊ ဒါပေမဲ့ မကြာပါဘူး၊ မြောင်မျိုးနွယ်တွေ စုရုံးပြီး တိုက်ခိုက်လာကြတော့တာပါပဲ၊ တိုက်ပွဲတွေ အပြင်းအထန် ဖြစ်ပွားခဲ့တယ်၊ နောက်ဆုံးတော့ တာလီတပ်ဖွဲ့တွေ နာလန်မထူနိုင်အောင် ရှုံးနိမ့်ဆုတ်ခွာလာခဲ့ကြရတာပဲ၊ ဒါဟာ တစ်ကြိမ်မကဘူး ၁နှစ်၊ သားဘိုးဘိုးဟာ မကျေနပ်လို့ အကြိမ်ကြိမ် ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ကြိုးစားတိုင်း

www.burmeseclassic.com



ရှုံးနိမ့်ခဲ့ရတာချည်းပဲ၊ အဲဒါ ဘာကြောင့်လဲ သားနားလည်သလား”

တန့်ယုံသည် သူပြောလိုသည့် စကားကိုမပြောဘဲ ...

“သား မသိပါဘူးဖေဖေ”

ဟု ပြောလိုက်လေသည်။

တန့်ယန်က ...

“တာလိတာပ်ဖွဲ့တွေဟာ မတရားကျူးကျော်သူတွေ ဖြစ်သလို မြောင်မျိုးနွယ်စုတွေဟာ သူတို့ရဲ့ဒေသကို ကာကွယ်တဲ့ မျိုးချစ်တွေ ဖြစ်ခဲ့ကြတယ်၊ သူတို့ဟာ အင်မတန် စည်းလုံးညီညွတ်ကြတယ်၊ မြင်းစီးကျွမ်းကျင်တယ်၊ အသတ်အပုတ် ကျွမ်းကျင်တယ်၊ သေသေချာချာ လေ့ကျင့်ထားတဲ့ တာလိတာပ်ဖွဲ့ဝင်တွေတောင် လက်ရုံးရည်ချင်း မယှဉ်နိုင်ဘူး၊ အါကြောင့် ရှုံးရတာပဲ၊ မြောင်မျိုးနွယ်စုတွေရဲ့ စည်းလုံးညီညွတ်မှုဟာ အဓိက အကျဆုံးပေါ့”

တန့်ယုံက ငြိမ်နေပါ၏။ တန့်ယန်က ဆက်ပြောလိုက်သည်။

“သားရဲ့အဘိုးဟာ မြောင်ဒေသကို သိမ်းပိုက်ဖို့ အကြိမ်ကြိမ် ကြိုးစားလို့ မအောင်မြင်တဲ့အဆုံးမှာ မြောင်မျိုးနွယ်စုတွေ စည်းလုံးညီညွတ်နေသမျှ မြောင်ဒေသကို ကျူးကျော်ဖို့ မစဉ်းစားနဲ့လို့ မှာသွားခဲ့တယ်”

“သူတို့အချင်းချင်း စိတ်ဝမ်းကွဲပြားသွားရင်တော့ မြောင်



ဒေသကို အလွယ်တကူ သိမ်းပိုက်နိုင်မှာပေါ့နော်”

“ဒါပေါ့ သားရဲ့”

“သူတို့ကို စိတ်ဝမ်းကွဲသွားအောင် ဘိုးဘိုးက မလုပ်ခဲ့ဘူးလား၊ ဖေဖေကကော မလုပ်ခဲ့ဘူးလား”

တန့်ယန် သက်ပြင်းချလိုက်သည်။

“မိမိရဲ့ကိုယ်ကျိုးစီးပွားအတွက် သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်း ဖေဖေ မလုပ်ချင်ဘူးသား”

“ဖေဖေ ... တာလိပြည်မှာ ဆန်ရေစပါး ပေါများတယ်ဆိုပေမယ့် ပရဆေးပင်တို့ ပျားရည်တို့ စတဲ့ တောထွက်ပစ္စည်း ရှားပါးလှပါတယ်၊ တောင်တိရစ္ဆာန်ဆိုတာလည်း မြောင်ဒေသမှာပဲ ရနိုင်တယ်၊ တကယ်လို့ မြောင်ဒေသဟာ တာလိပြည်ရဲ့ပိုင်နက်ထဲ ရောက်လာမယ်ဆိုရင် တာလိပြည်ဟာ အတိုင်းတိုင်းအပြည်ပြည်က လေးစားလာရလောက်အောင် စည်ပင်ဖွံ့ဖြိုးတဲ့ နေပြည်တော်တစ်ခု ဖြစ်လာမှာပါ”

“သားက လောဘကြီးတာကိုး၊ တာလိပြည်က ထွက်ကုန်တွေနဲ့ မြောင်ဒေသ ထွက်ကုန်တွေကို ဖလှယ်ဖို့ ကြိုးစားရင် နှစ်ဖက်စလုံး အကျိုးကျေးဇူးရှိနိုင်တယ် မဟုတ်လား”

“ဒါ ... ဒါက”

www.burmeseclassic.com

www.burmeseclassic.com



တန့်ယန်က ...

"နောက်နောင် ဖေဖေမပါဘဲ ဘာမှ မလုပ်ပါနဲ့၊ မြောင်ဒေသကို ကျူးကျော်ဖို့ ဘယ်တော့မှ မစဉ်းစားနဲ့ ဟုတ်ပြီလား"

"ဟုတ် ... ဟုတ်ကဲ့ပါ ဖေဖေ"

"သား သွားပေတော့"

တန့်ယုံ ဦးညွှတ်ဂါရဝပြုပြီး ထွက်သွားလေသည်။ တန့်ယုံ မြင်ကွင်းမှ ကွယ်ပျောက်သွားလျှင် တန့်ယန်က ...

"ကုန်းချူး"

ဟု ခေါ်လိုက်လေသည်။

စကားသံနှင့် မရှေးမနှောင်းမှာပင် အသက်လေးဆယ် ဝန်းကျင်တွင် ရှိသူတစ်ယောက် ခပ်သွက်သွက် လှမ်းဝင်လာသည်။ ထိုလူမှာ ပညာရှိတစ်ယောက်၏ ရုပ်သွင်ရှိသည်။

တာလီနန်းတော်မှ ပညာရှိကြီး ကုန်းချူး ဖြစ်လေသည်။ ကုန်းချူးက တန့်ယန်ကို ဦးညွှတ်ဂါရဝပြုလိုက်၏။ တန့်ယန်က —

"မြောင်ဒေသနဲ့ ပတ်သက်ပြီး စုံစမ်းလို့ သိရသမျှ ပြောစမ်းပါ"

ဟု မေးလိုက်၏။ ကုန်းချူးက ...

"မြောင်ဒေသမှာ မျိုးနွယ်စု ဆယ့်သုံးစု မှီတင်နေထိုင်ကြ



ပါတယ်၊ မျိုးနွယ်စု ခေါင်းဆောင်တွေဟာ ခေါင်းဆောင်တစ်ယောက်ကို ရွေးချယ်ခန့်ထားကြပါတယ်၊ ခေါင်းဆောင်အမိန့်ကို တစ်သဝေမတိမ်း နာခံကြပါတယ်၊ အရည်အချင်းရှိတဲ့ ခေါင်းဆောင်ရဲ့ ကွပ်ကဲလမ်းညွှန်မှုအောက်မှာ စည်းစည်းလုံးလုံး ရှိကြပါတယ်"

ဟု ပြောလေသည်။ တန့်ယန်က ...

"မြောင်တွေဟာ တိုက်ခိုက်ဖို့နဲ့ သေဆုံးဖို့ရှု ဖြစ်လာကြတယ်ဆိုတာတော့ ထည့်မပြောတော့ဘူးလား"

"မှန်ပါတယ် အရှင်မင်းမြတ်"

မြောင်ဒေသကို သိမ်းပိုက်နိုင်ရင် မြောင်ဒေသရဲ့ ထွက်ကုန်တွေကို ကျုပ်တို့ရမှာပဲ၊ တာလီပြည်ဟာ ပိုပြီး တိုးတက်လာမယ်ဆိုတာကော ဘယ်လိုသဘောရသလဲ"

"ဒါလည်း အမှန်ပါပဲ"

"ဒါဖြင့် ကျုပ်တို့ဟာ မြောင်ဒေသကို သိမ်းပိုက်ဖို့ အမှန်တကယ်လိုအပ်တယ်ပေါ့"

"ဒါ ... မှန်ပါတယ်"

တန့်ယန် ပြုံးလိုက်သည်။

"မြောင်ဒေသကို သိမ်းပိုက်တဲ့နည်းလမ်းကလွဲပြီး မြောင်ဒေသရဲ့ ထွက်ကုန်တွေရနိုင်တဲ့ နည်းလမ်းကော မရှိတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကုန်းချူး နှုတ်ဆိတ်သွားသည်။ တန့်ယန်ကို လှမ်းကြည့်လိုက်လေသည်။ တန့်ယန်က …

"ကဲ … ကျူပ် မေးတာဖြေပါဦး"

ဟု ထပ်မေးလိုက်သည်။ ကုန်းချူး သက်ပြင်းချလိုက်ပြီး

"နည်းလမ်းတစ်ခုတော့ ရှိပါတယ်"

"ဘယ်လိုနည်းလမ်းပဲ"

"မြောင်မျိုးနွယ်စု ခေါင်းဆောင်တွေနဲ့ ချစ်ကြည်ရင်းနှီးမှု ရယူပြီး တာလိပြည်က ထွက်ကုန်နဲ့ မြောင်ဒေသက ထွက်ကုန်တွေကို ဖလှယ်ဖို့ပါပဲ"

တန့်ယန် သဘောကျသွားလေသည်။

"ဒီနည်းလမ်းနဲ့ မြောင်ဒေသကို အမွေကျူးကျော်သိမ်းပိုက်တဲ့နည်းလမ်း ဘယ်ဟာက ပိုကောင်းသလဲ"

ကုန်းချူး ပါးစပ်ပိတ်ထားလိုက်ပြန်သည်။ တန့်ယန်က …

"ကုန်ပစ္စည်းဖလှယ်ယူတာက တရားမျှတတယ်၊ သွေးချောင်းစီး တိုက်ပွဲတွေကို ရှောင်ရှားနိုင်တယ် မဟုတ်လား"

"မှန်ပါတယ်၊ ဘုရင်မင်းမြတ်"

"ကောင်းပြီ၊ ပညာရှိကြီးပဲ ဒီကိစ္စကို တာဝန်ယူပါ၊ မြောင်မျိုးနွယ်စုတွေနဲ့ သင့်သင့်မြတ်မြတ် လက်တွဲနေနိုင်သွားရေးအတွက်



အစွမ်းကုန် ဆောင်ရွက်ပေတော့၊ ကျူပ် အာဏာကုန် လွှဲပေးလိုက်တယ်"

ကုန်းချူး သက်ပြင်းချလိုက်သည်။ ကြီးလေးသော တာဝန်တစ်ခု သူ၏ပခုံးပေါ်သို့ ကျရောက်လာပြီဖြစ်ကြောင်း နားလည်မိလေသည်။

မည်သို့ဆိုစေ ဘုရင်မင်းမြတ်၏ အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရပေတော့မည်။

"ပညာရှိကြီး"

ရုတ်တရက် ထွက်ပေါ်လာသော ခေါ်သံကြောင့် ကုန်းချူး ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားသည်။ ခေါ်သံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ မင်းသားလေးတန့်ယုံ လှမ်းလာသည်ကို တွေ့မြင်လေသည်။ တန့်ယုံသည် အနီးသို့ရောက်လာလျှင် ကုန်းချူးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး …

"မြောင်တွေနဲ့ ပတ်သက်ပြီး ဘာပြောလိုက်သလဲ"

ဟု မေးလိုက်လေ၏။ ကုန်းချူး ရင်ထိတ်သွား၏။ မြောင်ဒေသအပေါ် တန့်ယုံ မည်သို့ သဘောထားသည်ကို သိနှင့်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပွင့်ပွင့်လင်းလင်းပင် ပြောပြလိုက်၏။

"မြောင်မျိုးနွယ်စုတွေနဲ့ တိုက်ပွဲဆင်နွှဲတာထက် သင့်သင့်မြတ်မြတ်နေတာ အကောင်းဆုံးပဲလို့ ပြောပါတယ်၊ ချစ်ကြည်ရင်းနှီးမှုကို ရယူပြီး ကုန်ပစ္စည်းချင်း ဖလှယ်နိုင်အောင် ကြိုးစားရမယ်လို့ ပြောပါတယ်"

"တောက်"

တန့်ယုံ မကျေမနပ်ဖြင့် တက်ခေါက်လိုက်၏။ ကုန်းချူး ငြိမ်နေလိုက်၏။ တန့်ယုံက ...

"မြောင်မျိုးနွယ်စုတွေဟာ ယဉ်ကျေးမှုခေါင်းပါးတဲ့ လူတွေပဲ၊ သူတို့ကို တန်းတူရည်တူ သဘောထားပြီး ဆက်ဆံမယ်ဆိုတာကို ကျုပ် သဘောမကျနိုင်ဘူး၊ ပြတ်ပြတ်သားသားပဲ နှိမ်နင်းပစ်ဖို့လိုတယ်"

ကုန်းချူးက ...

"ဘုရင်မင်းမြတ်ကတော့ သူတို့နဲ့ ချစ်ကြည်ရင်းနှီးမှုရယူရမယ်လို့ပြောတယ်"

ဟု စောဒက တက်လိုက်၏။ သူသည် ဘုရင်မင်းမြတ်၏ အမိန့်ကို ဦးထိပ်ပန်ဆင်သူ ဖြစ်ကြောင်း ဖော်ပြခြင်းပင် ဖြစ်ပေ၏။ တန့်ယုံ မကျေမနပ် ဖြစ်သွား၏။



"သူတို့နဲ့ ချစ်ကြည်ရင်းနှီးမှု ယူလိုက်မယ်ဆိုရင် သူတို့ကို ကျုပ်တို့နဲ့ တန်းတူ အခွင့်အရေး ပေးလိုက်သလို ဖြစ်သွားမှာပေါ့၊ တာလိနေပြည်တော်မှ ခေါ်လိုက်နက် တကားကား ချိတ်ဆွဲထားပြီး အကျီမပါဘဲ မြင်းစီးသမားတွေ လမ်းသလားနေတာကို ကျုပ် မတွေ့ချင် မမြင်ချင်ဘူး"

ဟု ပြောလိုက်သည်။ ကုန်းချူးက ...

"သူတို့ကို ဒီလို အခွင့်အရေးပေးဖို့ ဘုရင်မင်းမြတ်က ခွင့်ပြုတာ မဟုတ်ပါဘူး၊ ကုန်ပစ္စည်းချင်း ဖလှယ်နိုင်ဖို့လောက်ပဲ ပြောတာပါ"

တန့်ယုံ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ မြောင်မျိုးနွယ်စုတွေ စည်းစည်းလုံးလုံး နေသမျှ မြောင်ဒေသကို သိမ်းပိုက်ဖို့ မလွယ်ဘူးဆိုတာ အမှန်ပဲ၊ သူတို့အချင်းချင်း စိတ်ဝမ်းကွဲသွားအောင် စည်းလုံးညီညွတ်မှု ပြိုကွဲသွားအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ လှေလာခဲ့ပါ"

ဟု ပြောလိုက်သည်။ ကုန်းချူး မျက်နှာတည်သွားသည်။ ခုံပေါ်သို့ နောက်တာဝန်ကြီးတစ်ခု ကျရောက်လာပြန်ပြီဟု ညီမိသည်။

မည်သို့ဆိုစေ ...

www.burmeseclassic.com

www.burmeseclassic.com



သူသည် တန့်ယန်နှင့် တန့်ယုံတို့နှစ်ယောက်စလုံး ကျေနပ်သွားအောင် စွမ်းဆောင်နိုင်မှသာလျှင် မိမိ၏ ပညာရှိရာထူး ဆက်လက်တည်မြဲနေမည်ဟု နားလည်သဘောပေါက်ထားပေသည်။

သူက အစွမ်းကုန်ကြိုးစားရမည်ဖြစ်၏။

✻ ✻ ✻



## အခန်း (၄)

## ရွှေလမ်းငွေလမ်း

လေပြည်လေညင်း ဇွေ့ယမ်း တိုက်ခတ်လာသည်။ တောလေပ်ပန်းများ၏ မွှေးကြိုင်သင်းပျံ့သော ရနံ့များ လွင့်ပျံ့လာသည်။ ကြူးဝမ်းခုံးက အားပါးတရ ရှူရှိုက်လိုက်သည်။

သူ၏ရင်ထဲ လန်းလန်းဆန်းဆန်း ဖြစ်လာသည်။ အရှေ့ဘက် မလှမ်းမကမ်းတွင် တောတန်းကလေးတစ်ခု ရှိနေတော့သည်။

တောတန်းလေးကို ဖြတ်ကျော်ပြီးလျှင် တာမျိုးနွယ်စု ရွာကလေးသို့ ရောက်ရှိသွားမည် ဖြစ်ပေသည်။ မြောင်နယ်မြေအတွင်း တာမျိုးနွယ်စု၊ ဝမ်းမျိုးနွယ်စုနှင့် ကြူးမျိုးနွယ်စုတို့သည် အင်အားကြီးမားဆုံး မျိုးနွယ်စုများ ဖြစ်ကြပေသည်။

တာမျိုးနွယ်စု အကြီးအကဲ တာဖုံးသည် သူ၏ဖခင် ကြူး[illegible]နှင့် ညီရင်းအစ်ကိုပမာ ချစ်ခင်ရင်းနှီးသူ ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တာဖုံး၏သား တာနားနှင့် သူသည်လည်း လွှမ်းရွာမှပင် ချစ်ခင်ရင်းနှီးခဲ့ကြသည် မဟုတ်ပါလား။ ယခု တာနားသည် တာ အမျိုးအနွယ် ကျေးရွာ၌ သူ့အားစောင့်နေပေလိမ့်မည်။

တာနား သူရောက်လာမည်ဖြစ်ကြောင်း ယဉ်ယဉ်ကို ပြော ပြထားပြီး ဖြစ်ပေလိမ့်မည်။ ယဉ်ယဉ်သည် တာနားတို့ရွာတွင်သာ မက မြောင်ဒေသတစ်ခုလုံးတွင် ပြိုင်စံမမီသည့် အချောအလှတစ်ပါး ဟု ဆိုနိုင်ပေသည်။

ယဉ်ယဉ်အား လိုချင်သူများ ဝိုင်းဝိုင်းလည်နေ၏။ သို့သော် သူမသည် ကြူးဝမ်းခုံးတစ်ယောက်တည်းကိုသာ စိတ်ဝင်စားခဲ့ပေ၏။

သူမထံမှ တုံ့ပြန်မေတ္တာ လက်ခံရရှိနိုင်ကြောင်း တာနား မှ တစ်ဆင့် ကြိုတင်သိထားရသဖြင့် ကြူးဝမ်းခုံး ကျေနပ်နေမိတော့ သည်။

သူ၏ မြင်းလိမ္မာဖြူကြီးကို အသေအနင်ခဲ့ရာ တောတန်း ကလေးကိုပင် ဖြတ်ကျော်လာခဲ့ပြီ ဖြစ်သည်။ တာနားတို့ရွာစုကလေး ကို ဘွားခနဲ တွေ့မြင်လိုက်ရ၏။

"ကြူးဝမ်းခုံး ... ကြူးဝမ်းခုံး"

ခေါ်သံနှင့်အတူ ရွာအက်မှ မြင်းတစ်ကောင် ခုန်ဆိုင်းနှင် လာနေသည်ကို တွေ့မြင်လိုက်ရလေ၏။ ကြူးဝမ်းခုံး ပြုံးလိုက် [illegible]



"တာနား"

ဟုလည်း ရေရွတ်လိုက်၏။ မှန်ပေသည်၊ သူ့ထံ ဦးတည်လာ နေသည့် မြင်းစီးသမားမှာ တာနားဖြစ်လေသည်။ တာနားသည် တစ် ခဏအတွင်း၌ပင် ကြူးဝမ်းခုံးအနီးသို့ ရောက်ရှိလာ၏။

"ကြူးဝမ်းခုံး ... မင်း နောက်ကျလှချည်လား၊ မနက်မိုးလင်း ကတည်းက ငါတို့ စောင့်နေကြတာကွ"

ဟု ပြောလာသည်။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"ငါလည်း လာမလို့ဘဲ၊ ဒါပေမဲ့ ကိစ္စလေးတစ်ခု ပေါ်နေလို့ နောက်ကျသွားတာ"

"ဘယ်လိုကိစ္စလဲ ပြောစမ်းပါဦးကွာ"

"တာလီတွေက ပဝါဖြူ လာတာမ်းတယ်"

မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် တာနား [illegible]အပေါင်းသား ဖြစ်သွား၏။ ကြူးဝမ်းခုံးကို စိုက်ကြည့်လိုက် [illegible] ကြူးဝမ်းခုံးက ...

"ဒီကိစ္စ နောက်မှ ပြောကြတာပေါ့၊ ဒီကိစ္စတွေကြောင့် [illegible]ညီနဲ့တောင် တွေ့ဖို့ အချိန်မရနိုင်အောင် ဖြစ်နေရပြီ၊ တာကယ် [illegible] သူ့ကို လွမ်းခဲ့တဲ့ ဆယ်ရက်လောက်ကတည်းက ငါ တွေ့သင့် [illegible]"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါတော့ဟုတ်တယ်"

တာနား ထောက်ခံလိုက်သည်။

"ကဲ ... ရွာထဲ သွားကြစို့"

သူတို့နှစ်ယောက် ပခုံးချင်း ယှဉ်ကာ ရွာဘက်သို့ ဦးတည် မြင်းမောင်းနှင်သွားကြလေတော့သည်။



ရွာလယ်တွင် ကျောက်တုံးကျောက်ခဲများနှင့် ဆောက်လုပ်ထားသည့် အိမ်တစ်လုံးရှိသည်။ ထိုအိမ်သည် ယဉ်ယဉ်တို့အိမ် ဖြစ်သည်။

ယဉ်ယဉ်၏ ဖခင်သည် အမဲလိုက်ရင်း ကျားသစ်ကိုက်ခံရကာ သေဆုံးသွားခဲ့ပေသည်။ ယဉ်ယဉ်သည် မိခင်ကြီးနှင့်အတူ အဝတ်အထည် ရက်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုလေသည်။

ယဉ်ယဉ်သည် စိတ်ကူးကောင်းသူဖြစ်ရာ သူမ၏ လက်ရာ အဝတ်အထည်များသည် အရောင်အသွေးမှအစ နိုင်ခန့်သည့်အဆုံး မြောင်ဒေသတွင် မြိုင်ဘက်ကင်းကာ ကျော်ကြားခဲ့ပေသည်။

ယခု ကြူးဝမ်းခုံးသည် ယဉ်ယဉ်တို့ အိမ်ကလေးရှေ့သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။ ကြူးဝမ်းခုံး ရောက်လာသည်ကိုမြင်လျှင် ယဉ်ယဉ်၏ မိခင်ကြီးသည် ပျာပျာသလဲ ထွက်လာပြီး ကြိုဆို

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ကြွပါ ခေါင်းဆောင်ကြီး၊ ကျွန်မတို့အိမ်ကို လာရောက်
[illegible]မြင့်တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်"

ဟု ပြောလေသည်။ ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။

မြောင်ဒေသမှ လူအားလုံးသည် သူ့အား ခေါင်းဆောင်
အဖြစ် တလေးတစား ဆက်ဆံနေကြသည် မဟုတ်ပါလား။ ကြူးဝမ်း
ခုံးက ခါးကိုင်း၍ ပြန်လည် အရိုအသေပြုလိုက်သည်။

"ကျွန်တော်က ယဉ်ယဉ်ကို တွေ့ချင်လို့ လာခဲ့တာပါဗျာ"

"သမီးရှိပါတယ် ခေါင်းဆောင်ကြီး။ သမီးရေ ... သမီး"

ယဉ်ယဉ်၏ မိခင်ကြီးသည် သမီးဖြစ်သူကို လှမ်းခေါ်လိုက်
သည်။

"ရှင် ... လာပါပြီ မေမေ"

ချိုလွင်သာယာသော စကားသံနှင့်အတူ အိမ်ထဲမှ မိန်းက
လေးတစ်ယောက် ထွက်လာသည်ကို တွေ့မြင်ရသည်။

အသက်နှစ်ဆယ် ပတ်ဝန်းကျင်ခန့်ရှိပြီး လွန်စွာမှပင် ချော
မောလှပသူကလေး ဖြစ်ပေသည်။

"ယဉ်ယဉ်"

ကြူးဝမ်းခုံး လွှတ်ခနဲ ခေါ်လိုက်သည်။ ယဉ်ယဉ်ကို တွေ့



မြင်လိုက်ရသည်နှင့် သူ၏ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့
သည်။

ယဉ်ယဉ်သည် သူ့အား တစ်ချက်ကြည့်လိုက်ပြီး ခေါင်း
ကလေး ငုံ့ထားလိုက်၏။ ကြူးဝမ်းခုံးက သူမအနီးသို့ ချဉ်းကပ်သွား
ပြီး ...

"ယဉ်ယဉ် ... ညီမကို ကျုပ် လက်ထပ်ပါရစေ၊ ကျုပ်က
အဲလိုက်နိုင်တယ်၊ တောင်ယာခုတ်နိုင်တယ်၊ မြင်းတစ်စီးနဲ့ မြောင်
ဒေသတစ်လွှားကို သွားနိုင်ပါတယ်"

ဟု ပြောလိုက်လေသည်။

ယဉ်ယဉ်၏ မျက်နှာကလေး နီရဲကာ ခေါင်းငုံ့ထားပါသည်။
ကြူးဝမ်းခုံးက ...

"ယဉ်ယဉ် ... ကျုပ်က ကျွဲဆယ်ကောင် တင်တောင်းပါ့
မယ် ဘယ်လိုသဘောရသလဲဟင်"

ဟု ထပ်မေးလိုက်၏။ ယဉ်ယဉ်က ...

"အမေ့ကိုပြောပါလား။ အမေခွင့်ပြုရင် ကျွန်မ လိုက်လျော
မယ်ရှင်"

ဟု မပွင့်တပွင့်ကလေး ပြောလေသည်။ ကြူးဝမ်းခုံး [illegible]
[illegible]သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမ မငြင်းပယ်ဘူးဆိုရင် ကျုပ် ဝမ်းသာပါပြီဗျာ"

ပြောပြောဆိုဆို ယဉ်ယဉ်၏မိခင်ဘက်သို့ လှည့်ကာ ...

"ဒေါ်ဒေါ် ... ကျွန်တော်က ယဉ်ယဉ်ကို လက်ထပ်ချင်တယ်၊ ဒေါ်ဒေါ်ရဲ့ သဘောထားကို သိချင်ပါတယ်"

ဟု မေးလိုက်၏။

တောင်ပေါ်သားတို့သည် ဟန်ဆောင်မှု အလျဉ်းကင်းမဲ့ပြီး ပွင့်လင်းကြသည် မဟုတ်ပါလား။ ယဉ်ယဉ်၏မိခင်က ...

"ကျုပ်ရဲ့သမီးဟာ ခေါင်းဆောင်ကြီးအတွက် ပန်းရိုင်း တစ်ပွင့်လောက်တောင် တန်ဖိုးရှိပါ့မလားဟင်"

အမှန်ဆိုလျှင် ယဉ်ယဉ်သည် အညတရ မိန်းမပျိုလေး တစ်ယောက်ဖြစ်ပြီး ကြူးဝမ်းခုံးမှာ မြောင်ဒေသ၏ ခေါင်းဆောင်ဖြစ်နေသည် မဟုတ်ပါလား။

ကြူးဝမ်းခုံးက ...

"ယဉ်ယဉ်ဟာ ကျွန်တော့်အတွက် ကောင်းကင်ပေါ်က လဝန်းကြီးပါပဲ"

"ဒါဆိုရင်လည်း ယဉ်ယဉ်ကို သိမ်းပိုက်နိုင်ပါပြီ"

ကြူးဝမ်းခုံးက ယဉ်ယဉ်ဘက်သို့ လှည့်ကာ ကြည့်လိုက်သည်။ ထိုအခါ ယဉ်ယဉ်က သူ့အား ပြုံး၍ကြည့်နေသည်ကို တွေ့မြင်



ရလေတော့သည်။

တာလီပြည်နှင့် မြောင်ဒေသကို ချောင်းကလေးတစ်ခုက နယ်နိမိတ်အဖြစ် ပိုင်းခြားထားလေသည်။ ချောင်းတစ်ဖက် မြောင်ဒေသ၏ ကွင်းပြင်ကျယ်ကြီးအတွင်း၌ ရွက်ဖျင်တဲကြီးတစ်လုံး ရှိနေသည်။

ရွက်ဖျင်တဲပတ်လည်တွင် တာလီစစ်သည်တော်များ၊ လှံရှည်များ ကိုင်ဆောင်ကာ စောင့်ကြပ်နေသည်။ ခုံရှည်ကြီးတစ်ခု ခင်းကျင်းထားပြီး စားသောက်ဖွယ်ရာများ၊ အရက်အိုးများ အလျှိုစယ် ရှိနေသည်။

ခုံတစ်လုံး၌ ရွှေရောင်တောက်ပသည့် အဝတ်အစားများ ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက် ထိုင်နေလေသည်။ ထိုအဘိုးအိုမှာ တာလီနေပြည်တော်မှ ပညာရှိ ကုန်းချူး ဖြစ်ပေသည်။ ကုန်းချူးသည် နဖူးပေါ်မှ စီးကျလာသော ချွေးများကို သုတ်ပစ်လိုက်သည်။

နေဝန်းနီသည် ကောင်းကင်အလယ် ဗဟိုတည့်တည့် ရောက်ရှိနေပြီ ဖြစ်လေသည်။

"နေမွန်းတည့်တော့မှာပဲ၊ သူတို့ဘာကြောင့် မလာတာလဲ"

ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



'ခွပ်ခွပ် ခွပ်ခွပ်'

"သူတို့လာပြီ ထင်တယ်"

ကုန်းချူး ထိုင်ရာမှ ထကာ မြင်းခွာသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေ၏။

ထိုအခါ မြင်းသုံးကောင် ဒုန်းစိုင်းနှင်လာနေသည်ကို တွေ့မြင်လိုက်ရ၏။ တာလီတပ်ဖွဲ့ဝင်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ၏။ ကုန်းချူးက ...

"အားလုံး ငြိမ်နေကြ၊ အလံဖြူ လွှင့်တင်လိုက်ကြစမ်း"

ထိုစဉ် မြင်းစီးသမား သုံးယောက်မှာ တစ်စထက်တစ်စ နီးကပ်လာပြီ ဖြစ်သည်။ မြင်းစီးသမား သုံးယောက်မှာ ကြူးဝမ်းခုံ၊ တာနားနှင့် ဝမ်းဟိုးတို့ ဖြစ်ကြလေ၏။

ကြူးဝမ်းခုံသည် တာလီတပ်စခန်းမှ အလံဖြူလွှင့်တင်လိုက်သည်ကို မြင်လျှင် သဘောကျစွာ ပြုံးလိုက်၏။ တာနားက ...

"သူတို့ မြေပေါ်ကို ကျူးကျော်လာကြပြန်ပြီ"

ကြူးဝမ်းခုံက ...

"သူတို့က စေ့စပ်ဆွေးနွေးစရာရှိလို့တဲ့၊ ကျူးကျော်တာ မဟုတ်ပါဘူး"



ဝမ်းဟိုး မကျေမနပ်ဖြင့် ...

"အာမျှား စေ့စပ်ဆွေးနွေးစရာ ရှိလို့လဲ၊ သူတို့ကို ယုံရတာ မဟုတ်ဘူး"

ကြူးဝမ်းခုံက ...

"သူတို့နဲ့တွေ့ရင် အကျိုးအကြောင်း သိရမှာပေါ့ကွာ"

"သူတို့က ထောင်ချောက်ဆင်ထားရင်ကော"

တာနားက ...

"လွယ်ပါတယ် ... သူတို့အားလုံးကို ရှင်းပစ်လိုက်တာပေါ့"

"ဟား ဟား ဟား"

သူတို့သည် တာလီတပ်ဖွဲ့ရှိနေသည့် နေရာသို့ မြင်းဒုန်းစိုင်းနှင်းလိုက်ကြလေ၏။ ကြူးဝမ်းခုံတို့သုံးယောက် ရွက်ဖျင်တဲရှေ့သို့ ရောက်ရှိသွားကြလေတော့သည်။ ရွက်ဖျင်တဲရှေ့ဝယ် ကုန်းချူး အသင့် စောင့်နေပါ၏။ ကုန်းချူးက ...

"ကြွပါဗျာ ကြွပါ၊ အကြီးအကဲတွေကို ကျုပ်က စောင့်မျှော်နေတာကြာပါပြီ"

ကြူးဝမ်းခုံတို့ မြင်းပေါ်မှ ဆင်းလိုက်ကြ၏။ မြောင် အကြီးအကဲများသည် လူငယ်လူရွယ်များ ဖြစ်နေသည်ကို တွေ့ရသောအခါ ကုန်းချူး အံ့သြသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကြျူးဝမ်းခုံးက ကုန်းချူးနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတစ်လုံး၌ ထိုင်ချလိုက်၏။ တာနှားနှင့် ဝမ်းဟိုးတို့က ဘေးတစ်ဖက်တစ်ချက်၌ ရပ်နေလိုက်၏။ မြောင်ဒေသမှ အကြီးအကဲမှာ မည်သူမည်ဝါ ဖြစ်နေသည်ကို ခွဲခြားသိလိုက်ရပြီ ဖြစ်၏။

သို့တိုင် ကြျူးဝမ်းခုံးတို့မှာ လူငယ်လူရွယ်များ ဖြစ်နေသဖြင့် မယုံဝံ့ပါသေးချေ။ ကြျူးဝမ်းခုံးအား စိုက်ကြည့်လိုက်ပြီး ...

"ဟောဒီမှာ တာလီဘုရင်ရဲ့ အထိမ်းအမှတ်အလံ ပါပါတယ်၊ ကျုပ်ဟာ တာလီဘုရင်ရဲ့ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရတဲ့ ပညာရှိ ကုန်းချူး ဖြစ်ပါတယ်၊ ကျုပ်ရဲ့ တာဝန်ကတော့ မြောင်ဒေသ အကြီးအကဲ ခေါင်းဆောင်တွေနဲ့ အေးချမ်းစွာ လက်တွဲနေနိုင်ရေး အတွက် ဆွေးနွေးစဉ်ဆွေးနွေးဖို့ လာခဲ့တာပါ၊ ကျုပ်တွေ့ရမယ့် လူတွေဟာ ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ မြောင်အကြီးအကဲတွေ ဖြစ်ဖို့ လိုပါတယ်"

သူ၏ စကားအဓိပ္ပာယ်ကို ကြျူးဝမ်းခုံး နားလည်လိုက်၏။ သူက မဟူရာလုံကို ထုတ်ယူကာ စားပွဲပေါ် ထိုးစိုက်လိုက်၏။ ဝုန်းခနဲ မြည်သံနှင့်အတူ မဟူရာလုံမှာ စားပွဲခုံကို ထုတ်ချင်းဖောက် စိုက်ဝင်သွား၏။

ကုန်းချူးခန္ဓာကိုယ် နောက်သို့ ယိမ်းလိုက်၏။ အသင့် စောင့်ကြည့်နေကြသည့် တာလီတပ်ဖွဲ့ဝင်များ လှုပ်လှုပ်ရှားရှား ဖြစ်



သွားကြ၏။

ကုန်းချူးက လက်ကာပြလိုက်လေသည်။

ကြျူးဝမ်းခုံး ထိုင်ရာမှ ထလိုက်သည်။ ထိုင်ခုံပေါ် ခြေတစ်ချောင်းတင်ကာ ခန္ဓာကိုယ် ရှေ့သို့ကိုင်းရင်း ကုန်းချူးကို စေ့စေ့ကြည့်ကာ ...

"မြောင်ဒေသမှာရှိတဲ့ မျိုးနွယ်စု ဆယ့်သုံးစုရဲ့ ခေါင်းဆောင်ဟာ ကျုပ်ပဲ"

မြောင်ဒေသ၏ အကြီးအကဲသည် ရောင်စုံပန်းပွားများ တပ်ဆင်ထားသည့် ထက်မြက်သော လှံတစ်လက်ကို ကိုင်ဆောင်ရလေ့ရှိကြောင်း ကုန်းချူး ကြားသိထားပြီဖြစ်၏။

မဟူရာလှံကို တွေ့သည်နှင့် ကြျူးဝမ်းခုံးသည် ခေါင်းဆောင်ဖြစ်ကြောင်း နားလည်သဘောပေါက်သွားသည်။ တာနှားက ...

"ကျားဆိုး၊ ခြင်္သေ့ဆိုး၊ ကျွဲရိုင်းတွေကို သုတ်သင်ပြီး မရဏာ ချောက်ကို ဖြတ်နိုင်တဲ့လူ လောကပေါ်မှာ ဘယ်နှယောက်ရှိသလဲ၊ မြောင်မျိုးနွယ်စုတွေအားလုံးက တစ်ညီတစ်ညွတ်တည်း ခေါင်းဆောင်တင်မြှောက်ထားတဲ့ မြောင်ခေါင်းဆောင်ကို အထင်မြင်သေးတဲ့ စကားပြောရင် သေရမယ်ဆိုတာ မှတ်ထားပါ"

ဝမ်းဟိုးက စကားမပြောပါ။ အချိန်မရွေး တိုက်ခိုက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ရဲခင်းရိုးပေါ် သက်တင်ထားလိုက်၏။ ကုန်းချူး သက်ပြင်း ချလိုက်သည်။ မြောင်ဒေသမှာ အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်ကြောင်း ရိပ်မိလိုက်၏။

အကြီးအကဲခေါင်းဆောင်များနေရာတွင် လူရွယ်များ အစား ထိုး နေရာယူလာကြပြီ ဖြစ်သည်။ လူငယ်လူရွယ်တို့နှင့် ဆက်ဆံရာ၌ များစွာ သတိထားရမည်ဟု ဆင်ခြင်မိ၏။

"မြောင်ခေါင်းဆောင်ကို ဂါရဝပြုပါတယ် ခင်ဗျာ၊ ထိုင်ပါဦး ... ကျုပ်တို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

တာနားက ...

"ကျုပ်တို့ခေါင်းဆောင်ဟာ တာလိဘုရင်နဲ့ပဲ တန်းတူရည်တူ ပြောဆိုနိုင်မယ်၊ တာလိဘုရင် လက်အောက်ကလူနဲ့ တန်းတူ မပြောနိုင်ဘူး"

ကုန်းချူးက ...

"ကျုပ်ကို ခွင့်ပြုပါဗျာ ... ကျုပ်ဟာ တာလိဘုရင်ကိုယ်စား လာခဲ့သူပါ၊ ဒါကြောင့်"

သူ၏စကား မဆုံးမီ ကြူးဝမ်းခုံးက ကြားဖြတ်ပြောလိုက်လေသည်။

"ကဲ ... ဒါတွေ ထားဖယ်ထားလိုက်ပါ၊ ခင်ဗျားတို့ဘာကိစ္စနဲ့



မြောင်ဒေသကို လာခဲ့ရတယ်ဆိုတာ ပြောပါ"

ကုန်းချူးက ...

"မြောင်ဒေသမှာ သားကောင်ပေါများတယ်၊ စားကျက် နယ်မြေပေါတယ်၊ သစ်တွေ ဝါးတွေ ထွက်တယ်၊ ရှားပါးတဲ့ ပန်းတွေ၊ ပရဆေးပင်တွေ၊ မှိုးရည်တွေ ရနိုင်တယ်၊ ကျုပ်တို့ တာလိပြည်မှာ ဒါတွေမရှိပါဘူး၊ ဒါတွေကို ကျုပ်တို့ လိုချင်ပါတယ်"

မြောင်လူမျိုးနွယ်စုများနှင့် တာလိတပ်ဖွဲ့များ စစ်ခင်းကြသည့်တိုက်ကို ဆက်မပြောတော့ဘဲ လိုရင်းကို ပြောလေသည်။ ဆက်ပြောလျှင်လည်း အကြောင်းထူးမည် မဟုတ်သည်ကို နားလည်သဘောပေါက်သွားသည် မဟုတ်ပါလား။

ကြူးဝမ်းခုံးက ...

"မြောင်ဒေသရဲ့ ပစ္စည်းတွေကို ခင်ဗျားတို့လိုချင်ခဲ့တာ အခုမှ မဟုတ်ဘဲ"

"မှန်ပါတယ်၊ မြောင်ဒေသမှာ ဆားနဲ့လူ့အသုံးဆောင် ပစ္စည်းတွေ ရှားပါးပါတယ်၊ ဒါတွေကို တာလိပြည်မှာပဲ ရနိုင်ပါတယ်"

ကုန်းချူးဆိုလိုသည့် သဘောအဓိပ္ပာယ်ကို သူနားလည် သဘောပေါက်သွားပြီ ဖြစ်လေသည်။

"မြောင်ဒေသ ထွက်ကုန်နဲ့ တာလိပြည်က ထွက်ကုန်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖလှယ်ချင်တဲ့ သဘောလား”

ကုန်းချူးခေါင်းညိတ်လိုက်သည်။

“မှန်ပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် ရင်ဆိုင်တိုက်ပွဲတွေ ဆင်နွှဲနေကြမယ့်အစား အတူဓာကွ လက်တွဲပြီး နေထိုင်သွားကြတာ အကောင်းဆုံးဖြစ်မယ်လို့ တာလီဘုရင်မင်းမြတ် ယုံကြည်ထားပါတယ်၊ ရွှေလမ်းငွေလမ်းဖောက်ပြီး ကုန်စည်ဖလှယ်ကြမယ်၊ ကူးသန်းရောင်းဝယ်ကြတယ်ဆိုရင် မိတ်ဆွေတွေ ဖြစ်လာကြမှာ သေချာပါတယ်”

မြောင်ဒေသ ခေါင်းဆောင်အဖြစ် သူတာဝန်ယူပြီးသည်နှင့် ထူးခြားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီ မဟုတ်ပါလား။

မြောင်ဒေသတစ်ခုလုံး၏ အဆိုးအကောင်းသည် သူ၏ အဆုံးအဖြတ်အပေါ်တွင် မူတည်နေမည် ဖြစ်လေသည်။ ဝမ်းဟိုးနှင့် တာနားတို့လည်း မမျှော်လင့်ဘဲ ကြားလိုက်ရသည့် ကုန်းချူး၏ စကားကြောင့် တအံ့တသြ ဖြစ်နေကြသည်။

သူတို့သည် တာလီများကို ကျူးကျော်သူများဟု မြင်နေ သလို တာလီများကလည်း သူတို့အား ရိုင်းပျသူများဟု မြင်နေကြ သည် မဟုတ်ပါလား။

နှစ်ပေါင်းများစွာကတည်းက သန္ဓေတည်လာခဲ့သည့် ရန်



သည် တစ်ဖက်နှင့်တစ်ဖက် အပေးအယူပြုလုပ်ကာ ကူးသန်း ရောင်းဝယ်ခြင်း၊ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခြင်းဖြင့် အဆုံးသတ်သွားစေတော့မည်လော။

ထိုသို့ အဆုံးသတ်သွားမည်ဆိုလျှင် မြောင်ဒေသအတွက် လိုအပ်သည့် ပစ္စည်းများ အလွယ်တကူ ရနိုင်ပေမည်။ မြောင်လူငယ်လူရွယ်တို့၏ အသက်ကို တိုက်ပွဲများ၌ စတေးစရာ လိုတော့မည် မဟုတ်ပါ။

ကြူးဝမ်းခုံးက …

“ခင်ဗျားဟာ တာလီဘုရင်ရဲ့ ကိုယ်စား လာခဲ့တယ်ဆိုတာ သေချာပါတယ်နော်”

ကုန်းချူး ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်၊ တာလီဘုရင်ရဲ့ အမိန့်နဲ့ ကျူပ်လာခဲ့တာပါ၊ တာလီဘုရင်ဟာ ရွှေလမ်းငွေလမ်း ဖောက်ဖို့ ကျူပ်ကို စေလွှတ်လိုက်တာပါ”

ကြူးဝမ်းခုံး စိတ်ယိုင်လာသည်ကို ရိပ်မိသဖြင့် …

“နှစ်ဦးနှစ်ဖက် သဘောတူညီကြပြီး ဟရားမျှတစွာ ရောင်းဝယ်ဖောက်ကားကြမယ်ဆိုရင် ရန်သူဘဝကနေပြီး မိတ်ဆွေဖြစ်လာမယ်ဆိုတာ ထင်ရှားပါတယ်၊ တာလီပြည်အတွက် လိုအပ်တဲ့ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ရနေမှတော့ ကျူးကျော်လာစရာ မလိုတော့ပါဘူး၊ မြောင်မျိုးနွယ်စုတွေရဲ့ လိုအပ်ချက်တွေကိုလည်း ကျုပ်တို့ ဖြည့်ဆည်းပေးမှာပါ၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အကျိုးပြုကြပြီး မိတ်ဆွေအဖြစ် အတူတကွ လက်တွဲသွားကြမယ်ဆိုရင် ...”

သူ၏စကားမဆုံးမီ ကြူးဝမ်းခုံးက ကြားဖြတ်ပြောလိုက်လေသည်။

“ခင်ဗျားပြောတာ မဆိုးပါဘူး။ ဒါပေမဲ့ မကြာသေးခင်ကဘဲ ယန်ရှူးဦးဆောင်တဲ့ တာလီပြည်တပ်ဖွဲ့တွေဟာ မြောင်ဒေသကို ကျူးကျော်ဝင်လာခဲ့ကြပါသေးတယ်၊ ကျုပ်တို့အတွက် တာလီတွေကို ယုံကြည်စိတ်ချဖို့ဆိုတာ မလွယ်သေးပါဘူး၊ ဒီကိစ္စကို အပြန်ပြန် အလှန်လှန် စစ်ဆေးပြီး စဉ်းစားဖို့ လိုပါဦးမယ်”

ကုန်းချူး စိတ်ပျက်သွား၏။

“ဒီလောက်ကောင်းတဲ့အစီအစဉ်ကို စဉ်းစားနေစရာ လိုသေးလို့လား”

“လိုတာပေါ့ဗျာ”

ကုန်းချူး သက်ပြင်းချလိုက်သည်။

မြောင်ခေါင်းဆောင် ကြူးဝမ်းခုံးမှာ အသက်ငယ်ပင် ငယ်သော်ငြားလည်း အရည်အချင်းရှိသူဖြစ်ကြောင်း အကဲခတ်မိလိုက်လေသည်။



ကြူးဝမ်းခုံးက ...

“ဒီကနေ့ကစပြီး တစ်လတင်းတင်းပြည့်တဲ့နေ့မှာ ကျုပ်တို့ရဲ့သဘောထားကို သိလိမ့်မယ်”

ကုန်းချူးက ...

“ကောင်းပါပြီ ... ကျုပ်တို့ ပြန်လာခဲ့ပါ့မယ်”

“နေဦး”

“ဘာပြောစရာရှိလို့လဲ”

“ခင်ဗျားတို့ လာစရာမလိုဘူး”

“ဘာ ... ဘာဖြစ်လို့လဲ”

“ကျုပ်ရဲ့အဖြေကို ပေးမယ့် လူတစ်ယောက်ကို တာလီနန်းတော်ကို စေလွှတ်လိုက်မယ်”

ကုန်းချူး ပြုံးလိုက်သည်။ သူတို့သည် မြောင်ဒေသကို ဝင်လာခဲ့ကြပြီး မြောင်ခေါင်းဆောင်များအား တွေ့ဆုံခဲ့ကြသည်နှင့်အညီ အာလိဘုရင်နှင့် ဆွေးနွေးညှိနှိုင်းရန် မြောင်အကြီးအကဲ တစ်ယောက်ကို စေလွှတ်မည်ဖြစ်သည်။

ကြူးဝမ်းခုံးမှာ ကြက်ခေါင်းဆိတ်မခံသူဖြစ်ကြောင်း ထင်ရှားပေတော့သည်။ မည်သို့ဆိုစေ ကြူးဝမ်းခုံး၏ စကားကို ငြင်းစရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါချေ။

"ကောင်းပါပြီဗျာ"

ကြူးဓမ်းခိုးက ...

"ခင်ဗျားတို့ ဒီကနေ့ညနေအချိန် နောက်ဆုံးထားပြီး ဒီက ပြန်သွားကြပါ၊ တကယ်လို့ ညမိုးချုပ်တဲ့အထိ ဆက်ပြီးမြင်တွေ့ရဦး မယ်ဆိုရင် ကျုပ်တို့ဆီကို ကောင်းတဲ့အကြံနဲ့လာတာ မဟုတ်ဘူးလို့ ယူဆရမှာပဲ"

"စိတ်ချပါဗျာ ... ကျုပ်တို့ ထွက်သွားမှာပါ၊ ကျုပ်တို့လာ ရင်းကိစ္စ ပြီးပြတ်သွားပါပြီ"

ကြူးဝမ်းခုံးက ...

"ကျုပ်တို့သွားမယ် ... ခင်ဗျားရဲ့စကား တည်ပါစေ"

စကားဆုံးလျှင် မြင်းပေါ် လွှားခနဲ ခုန်တက်လိုက်လေ သည်။ ဝမ်းဟိုးနှင့်တာနှားတို့လည်း မြင်းပေါ်ခုန်တက်လိုက်ကြသည်။ ထို့နောက် သူတို့သုံးယောက် တာလီတပ်စခန်းအတွင်းမှ ဒုန်းစိုင်း ထွက်သွားကြလေတော့သည်။

❋



လရောင်ဖြာကျနေသည့် တောင်ထိပ်များ တစ်နေရာရှိ မြေ ကွက်လပ်ကြီးဝယ် ရွက်ဖျင်တဲများ အစီအရီ။ တောင်ပေါ်သားများ၏ ရွက်ဖျင်စခန်းကြီး ဖြစ်ပေသည်။

တောင်ပေါ်သားတို့သည် တစ်နေရာတည်း၌ အတည်တကျ နေထိုင်ခြင်းမရှိဘဲ ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေထိုင် လေ့ရှိပေသည်။

ရွက်ဖျင်တဲစခန်းကြီး၏ ထောင့်စွန်းဝယ် သမင်တစ်ကောင် ဦးခေါင်းပုံပါရှိသည့် အလံတစ်ခု စိုက်ထူထားသည့် အလွန်ကြီးမား သော ရွက်ဖျင်တဲကြီးတစ်ခု ရှိပေသည်။

ထိုရွက်ဖျင်တဲကြီးအတွင်း၌ မီးရောင်များ လင်းထိန်နေ၏။ ရွက်ဖျင်တဲအတွင်းသို့ ဝင်ကြည့်မည်ဆိုပါလျှင် ...

မြေပေါ်တွင် တိရစ္ဆာန်သားရေချပ်များ ခင်းကျင်းထား သည်။ ထိုသားရေများပေါ်ဝယ် လူတစ်စု ဝိုင်းဖွဲ့ထိုင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့လူများသည် ဆေးတံရှည်ကြီးများ သောက်နေကြသည်။

အချို့က အရက်ခွသောက်နေကြ၏။ ထိုလူများမှာ မြောင်ဒေသအတွင်း၌ မှီတင်းနေထိုင်ကြသည့် မြောင်လူမျိုးနွယ်စုများ၏ ခေါင်းဆောင်များ ဖြစ်ကြပေတော့သည်။

မျိုးနွယ်စု ခေါင်းဆောင်များ ယခုလို စုဝေးရောက်ရှိနေကြရသည့် အကြောင်းရင်းမှာ ...

ကြူးဝမ်းခုံးက ထိုင်ရာမှ ထရပ်လိုက်သည်။ ဝိုင်းဖွဲ့ထိုင်နေသူများကို ဝေ့ကြည့်လိုက်ပြီး ...

"တာလီတွေဟာ မြောင်ဒေသရဲ့ ထွက်ကုန်တွေကို မက်မက်မောမော လိုချင်နေကြပါတယ်၊ သူတို့ဟာ မြောင်ဒေသကို မတရားသဖြင့် ကျူးကျော်ဝင်လို့ မရဘူးဆိုတာကို နားလည်သဘောပေါက်သွားကြပါပြီ၊ ဒါကြောင့် တာလီဒေသ ထွက်ကုန်တွေနဲ့ မြောင်ဒေသက ထွက်ကုန်တွေကို ဖလှယ်ဖို့ စိတ်ကူးလာကြပါတယ်"

အကြီးအကဲများ၏ တီးတိုးဝေဖန်ပြောဆိုသံများ ထွက်ပေါ်လာသည်။ အားလုံးသည် တာလီများကို မယုံကြည်နိုင်သည့်သဘော တညီတညွတ်တည်း ပေါ်လွင်လာလေသည်။

ကြူးဝမ်းခုံး ပြုံးလိုက်လေသည်။

"တာလီတွေကို ကျွန်တော်မယုံပါဘူး။ ဒါပေမဲ့ သူတို့နဲ့ နှစ်ပေါင်းများစွာ ရင်ဆိုင်တိုက်ခိုက်နေတာကို အဆုံးသတ်ထားနိုင်အောင် မြောင်ဒေသအတွက် လိုအပ်တဲ့ပစ္စည်းတွေ ရလာနိုင်အောင် သူတို့နဲ့စည်းကမ်းသတ်မှတ်ချက်တွေ သွားပြီး ဆက်ဆံကြည့်ရင် အကျိုးရှိမယ်လို့ တွေးမိပါတယ်"



သူ၏စကားကို အချို့က သဘောတူကြသည်။ အချို့က သဘောမတူကြချေ။ အချို့ကား ဝေဖန် ပြောဆိုခြင်းမပြုဘဲ ဆိတ်ဆိတ်နေကြလေသည်။

ကြူးဝမ်းခုံးက ...

"ကျွန်တော့်သဘောကတော့ တာလီကုန်သည်တွေကို အရင်ဆုံး လက်ခံပြီး ဆက်ဆံကြည့်ချင်ပါတယ်၊ သူတို့ဟာ နှစ်ဦးနှစ်ဖက် မျှမျှတတရှိအောင် ကုန်စည်ဖလှယ်ဖို့ စိတ်ထားရှိတယ်ဆိုရင်တော့ ဆက်ပြီး ဆက်ဆံသွားမှာ ဖြစ်ပါတယ်၊ တကယ်လို့ ကျွန်တော်တို့အပေါ်မှာ အမြတ်ထုတ်ဖို့ပဲ စဉ်းစားနေကြမယ်ဆိုရင်တော့ ဘယ်လိုမှ လက်မခံနိုင်ပါဘူး"

"တာလီကုန်သည်တွေကို စောင့်ရှောက်ဖို့ အကြောင်းပြပြီး တာလီတပ်ဖွဲ့တွေ လိုက်လာကြမယ်ဆိုရင်ကော"

တစ်ယောက်က မေးလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"တာလီကုန်သည်တွေ မှဲ့တစ်ပေါက်မစွန်းရအောင် ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ တာဝန်ယူပါ့မယ်၊ တာလိတပ်ဖွဲ့တွေကို လက်မခံနိုင်ပါဘူး”

“ဒါ ကောင်းတယ်”

“တာလိတွေဆီက ရှက်ထည်တွေ၊ ဆားနဲ့လူ့အသုံးအဆောင် ပစ္စည်းတွေဟာ ကျွန်တော်တို့အတွက် အမှန်တကယ်လိုအပ်နေပါတယ်၊ တာလိတွေနဲ့ ဆက်ဆံကြည့်တာ မမှားဘူးလို့ ထင်ပါတယ်၊ တကယ်လို့များ သူတို့ဟာ မြောင်ဒေသကို ပျက်စီးရာပျက်စီးကြောင်း လုပ်လာကြမယ်ဆိုရင် တာလိနေပြည်တော်အထိ မြောင်သူ့ရဲ့ ကောင်းတွေကို ကျွန်တော်ဦးဆောင်ပြီး ခေါ်သွားပါ့မယ်”

သူ၏စကားကို အားလုံးသဘောကျသွားလေသည်။ တာလိများသည် မြောင်ဒေသသို့ ကျူးကျော်လာခဲ့ဖူးသည်သာရှိ၏။ မြောင်တို့က တာလိနယ်ထဲသို့ ကျူးကျော်ဝင်ဖူးသည်ဟူ၍ မရှိပါ။

ထို့ကြောင့် တစ်ခါတစ်ရံတွင် မြောင်အကြီးအကဲများ တာလိနယ်ထဲသို့ ဝင်ရောက်တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်ခဲ့ပေသည်။ သို့သော် လက်တွေ့ဝယ် မည်သူမျှ ဦးဆောင်ပြီး ကျူးကျော်ဝင်ဖူးသည် မရှိခဲ့ပါ။

ကြူးဝမ်းဖုံးသည် တာလိတို့တက်မှပျက်ယွင်းခဲ့လျှင် တာလိနေပြည်တော်သို့ ချီတက်သိမ်းပိုက်မည်ဟု အခိုင်အမာ ပြောနေပြီဖြစ်၏။



ထို့ကြောင့် အားလုံး နှစ်ထောင်းအားရ ဖြစ်သွားကြခြင်းဖြစ်သည်။ ထိုစကားတစ်ခွန်းတည်းနှင့်ပင် ကြူးဝမ်းခုံး၏ အစီအစဉ်ကို တားမြစ် ကန့်ကွက်မည့်သူ မရှိတော့ချေ။

ကြူးဝမ်းခုံးက ...

“တာလိနေပြည်တော်ကို သွားပြီး တာလိဘုရင်နဲ့ တွေ့ဖို့တာနားကို ကျွန်တော် ရွေးချယ်ထားပါတယ်”

သူ၏စကားအဆုံးတွင် ဩဘာသံများ တစ်ခဲနက် ထွက်ပေါ်လာလေတော့သည်။

✺

www.burmeseclassic.com

www.burmeseclassic.com

"မင်း ဘယ်လိုသဘောရသလဲ"

တာနားက ...

"ကောင်းကွာ၊ မင်းကိုယ်တိုင် လူကြီးတွေရှေ့နားမှာ ငါ့ကို လွှတ်မယ်လို့ ပြောပြီးမှ ငါ့ရဲ့သဘောထားကို လာမေးနေရသေးသလားကွာ"

"ငါက တခြားလူ ရွေးစရာမရှိလို့ မင်းကိုရွေးလိုက်ရတာပါကွာ"

"ဝမ်းဟိုးကကော ဘာဖြစ်လို့လဲ"

"ဝမ်းဟိုးက စိတ်ဆတ်တယ်ကွ၊ တာလီတွေက သူ့ကို စော်ကားတဲ့ အပြုအမူတစ်ခုခု လုပ်လိုက်တယ်ဆိုရင် ချက်ချင်း ပြဿနာဖြစ်မှာပဲ"

တာနားက ကြူးဝမ်းခုံးကို အကဲခတ်ကြည့်လိုက်ပြီး —

"နေပါဦး ... မင်းက သူတို့နဲ့ ဆက်ဆံချင်နေတယ်လို့ ငါထင်



တယ်"

ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။

"ဒါအမှန်ပဲ၊ တာလီတွေနဲ့ တိုက်ခိုက်ဖို့ဆိုတာ သိပ်လွယ်တယ်၊ ရှေးကတည်းက တိုက်ခိုက်ခဲ့ကြတာပဲ၊ သူတို့နဲ့ သင့်သင့်မြတ်မြတ် နေနိုင်ဖို့သာ မလွယ်တာ၊ သင့်သင့်မြတ်မြတ် နေနိုင်မယ်ဆိုရင် အားလုံး အကျိုးရှိမှာပဲ၊ ငါဟာ ဘယ်သူမှ မလုပ်နိုင်တဲ့ အလုပ်တွေကို ဖြစ်အောင်လုပ်ချင်တဲ့စိတ် ရှိတယ်ဆိုတာ မင်းသိပါတယ်"

တာနားက ...

"အင်း ... သူတို့နဲ့ အဆင်ပြေသွားရင် ဘယ်ခေါင်းဆောင်မှ မလုပ်နိုင်ခဲ့တဲ့ ကိစ္စကြီးတစ်ခုကို မင်းလုပ်နိုင်ပြီလို့ဆိုရမှာပဲ၊ တစ်ခုပဲ ရှိတယ်ကွ"

"ဘာများလဲ ပြောစမ်းပါဦး"

"တို့ရဲ့ ဘိုးဘေးဘီဘင် လက်ထက်ကစပြီး ပြောခဲ့ကြတဲ့ စကားတစ်ခွန်းကို မင်းမေ့လို့ မရဘူး"

"ဘာများလဲ"

"တာလီတွေကို မယုံရဘူးဆိုတာလေ"

ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။ တာနားကို မကြည့်ဘဲ မျက်နှာလွှဲကာ အဝေး၌ မြင်တွေ့ရသည့် စားကျက်နယ်မြေ

www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

စားကျက်နယ်မြေအတွင်းဝယ် ကလေးငယ်များသည် ဆိတ်များ၊ ကျွဲများ ကျောင်းနေကြသည်ကို တွေ့ရ၏။

တာနားက ...

"မင်းစိတ်ဆိုးသွားသလား"

ကြူးဝမ်းခုံး ခေါင်းယမ်းလိုက်သည်။

"စိတ်ဆိုးစရာ မလိုပါဘူးကွာ၊ မင်းပြောတာ မှန်နေတာပဲ"

"ဒါဖြင့် ... မင်းလည်း တာလီတွေကို မယုံဘူးပေါ့"

"ဟုတ်တယ်"

ကြူးဝမ်းခုံး သက်ပြင်းချလိုက်ပြီး ...

"အင်း ... ငါလည်း သူတို့ကို မယုံဘူး၊ ဒါပေမဲ့ တကယ်တမ်း ဆက်ဆံမယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် သံသယရှိနေကြမယ်ဆိုရင် ဘယ်တော့မှ အဆင်ပြေမှာမဟုတ်ဘူး"

"မင်း ဘယ်လိုလုပ်ချင်သလဲ"

"သူတို့ရဲ့ သဘောထားအမှန်ကို သိအောင် လုပ်ရမှာပဲ၊ ဒါမှ တကယ်တမ်း ဆက်ဆံလို့ဖြစ်မဖြစ် သိရမှာပေါ့"

"ဘာလဲ ... မင်းက ဒီတာဝန်ကို ငါ့ခေါင်း ပုံချမလား"

"မင်းက တာလီနေပြည်တော်ကို သွားရမယ့်လူဆိုတော့ မင်းပဲ တာဝန်ယူရတော့မှာပေါ့"



"ကောင်းကွာ"

တာနား ရယ်မောလိုက်လေသည်။ ကြူးဝမ်းခုံးကား မရယ်နိုင်ပါချေ။

"မင်း ဘာပြောချင်လို့လဲ"

"ငါ ခေါင်းဆောင်ရတဲ့အချိန်မှာ ငါ့ရဲ့ အဆုံးအဖြတ် မှားယွင်းသွားလို့ မြောင်မျိုးနွယ်စု ဒုက္ခရောက်ရမယ့်အဖြစ်မျိုးကို ငါ ဘယ်တော့မှ အဖြစ်မခံဘူး"

တာနားပြုံးလိုက်သည်။

"မင်းက တို့အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားနေတယ်ဆိုတာ ငါသိပါတယ်၊ အားလုံးလည်း သိကြပါတယ်ကွာ"

"တာနားတို့မျိုးနွယ်စု ပျက်စီးအောင် လုပ်တဲ့လူဆိုရင် ငါ့ရဲ့ ဆွေမျိုးရင်းခြာ မပြောနဲ့ နောက်ဆုံးငါ့ရဲ့သားကိုတောင် ခွင့်မလွှတ် [illegible]ဘူး"

တာနားက ...

"မင်းရဲ့စိတ်ဓာတ်ကို ငါနားလည်ပါတယ်ကွာ၊ သူ့မာနနဲ့သူ အဆင်ပြေသွားမှာ၊ သိပ်လည်း စိုးရိမ်မနေစမ်းပါနဲ့၊ ဒါထက် မင်းက ချစ်သည့်ဆီကို မသွားတော့ဘူးလား၊ သူက မင်းကို မျှော်နေတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်ဟူသည့် အမည်ကြားမှ ကြူးဝမ်းခုံး၏ မျက်နှာ ပြုံးရွှင်ရွှင် ဖြစ်လာ၏။ ယဉ်ယဉ်သည် သူ့အတွက် တစ်ခုတည်းသော ထွက်ပေါက်မဟုတ်ပါလား။

ယဉ်ယဉ်သည့် စိတ်ရှုပ်ထွေးမှု၊ မောပန်းနွမ်းနယ်မှုများကို ဖြေဖျောက်နိုင်သည်။ သူ့အား ယုယပိုက်ထွေးနိုင်သည့် တစ်ဦးတည်းသော ဘဝကြင်ဖော်ဖြစ်ပေ၏။ မြောင်အကြီးအကဲတို့သည် မြောင်ဒေသမှ မိမိကြိုက်နှစ်သက်သည့် မည်သည့်မိန်းကလေးကိုမဆို သိမ်းပိုက်ရယူနိုင်ခွင့် ရှိပေသည်။

သို့သော် ကြူးဝမ်းခုံးသည် သူ၏မေတ္တာကို ယဉ်ယဉ်တစ်ဦးတစ်ယောက်တည်းအတွက် သတ်မှတ်ခဲ့၏။ ယဉ်ယဉ်မှလွဲပြီး တခြားမည်သည့် မိန်းကလေးကိုမျှ စိတ်ကူးမည်မဟုတ်ပါ။ ကြူးဝမ်းခုံးက ပြုံးလိုက်ပြီး ...

“သူနဲ့တွေ့ဖို့ ရှိသေးတယ်၊ လူကြီးတွေရှေ့မှာ သူ့ကို ငါက လက်ထပ်ယူတော့မယ်၊ ပြီးရင် ငါနေတဲ့ တောင်ပေါ်ရွာကို ခေါ်သွားတော့မယ်”

တာနား ပြုံးလိုက်၏။

“ငါက မင်းအတွက် မြင်းတစ်ကောင်လက်ဖွဲ့မယ်”

ကြူးဝမ်းခုံး စိတ်ဝင်စားသွား၏။



“မြင်း ဟုတ်လား၊ မကြာသေးခင်က မြင်းရိုင်းတွေကို မင်းဖမ်းလာခဲ့သေးတယ်ဆို”

“ဟုတ်တယ်လေ၊ ငါသွားဖမ်းတာ မြင်းဆယ်ကောင်လောက် ရခဲ့တယ်၊ ထူးထူးခြားခြား မြင်းမကြီးတစ်ကောင်လည်း ရခဲ့တယ်”

“မြင်းမကြီး ... ဟုတ်လား”

“ဟုတ်တယ်၊ ဆိုးလိုက် ရိုင်းလိုက်တာ မပြောနဲ့တော့၊ ဘယ်မြင်းမှ လိုက်လို့မီမယ် မထင်ဘူး။ တစ်ကိုယ်လုံး ခွတ်ခွတ်ဖြူဖွေးတဲ့ အမွေးရှည်တွေ ဖုံးနေတယ်၊ မင်းရဲ့ မြင်းဖြူကြီးနဲ့ စပ်လိုက်မယ်ဆိုရင် ကတယ့်မြင်းကောင်းတွေ ရလာမှာပဲ”

ကြူးဝမ်းခုံး စိတ်ဝင်စားသွား၏။

“မင်းပြောတာနဲ့ ငါတောင်လိုချင်လာပြီ၊ ကဲ ... ဘယ်မှာလဲ ဒါကိုပြစမ်းပါဦး”

“လာ လာ ... ငါ့နောက်လိုက်ခဲ့”

ကြူးဝမ်းခုံးသည် တာနားနောက်သို့ လိုက်သွားတော့၏။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

## သံခင်းတာမန်ခင်း

တာလီနေပြည်တော်၊ ဆုံးစံအတိုင်း တာလီနေပြည်တော်မှာ စည်ကားသိုက်မြိုက်နေသည်။

"ဘေးကို ဘေးကို"

ရုတ်တရက် ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။ လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသူများသည် ချက်ချင်းပင် လမ်းဘေးသို့ ဆင်းလိုက်ကြ၏။

မြင်းစီးလာသူများ၊ မြင်းလှည်းသမားများသည်လည်း လမ်းဘေးသို့ ကပ်ကာ ရပ်လိုက်ကြသည်။ အော်သံများ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လျှင် တာလီနန်းတော်မှ စစ်သည်တော်တစ်စု မြင်းခုန်းစိုင်းနှင်လာနေသည်ကို တွေ့မြင်ရ၏။

မြင်းသည်တော်များသည် လမ်းရှင်းပြီး တာလီနန်းတော်ဆီ



သို့ ဦးတည်နှင်သွားကြသည်။ မြင်းသည်တော်များဖြတ်ပြီး မရှေးမနှောင်းမှာပင် နောက်ထပ် မြင်းသည်တော်တစ်စု နှင်လာပြန်သည်ကို တွေ့ရလေ၏။

ဒုတိယအသုတ် မြင်းသည်တော်များသည် မြင်းစီးသမားဆယ်ယောက်ကို ဝိုင်းရံစောင့်ကြပ်ကာ ခေါ်ဆောင်လာခြင်း ဖြစ်ပေသည်။

တာလီမြို့တော်သူမြို့တော်သားများသည် တာလီမြင်း[illegible]ည်တော်များကို မြင်ဖူးနေကျဖြစ်ပေရာ အထူးအဆန်းမဖြစ်မိတော့[illegible]

မြို့သူမြို့သားများ စိတ်ဝင်စားနေကြသည်မှာ တာလီမြင်း[illegible]ည်တော်များ ခေါ်ဆောင်လာသူများ ဖြစ်ပေ၏။ ထိုလူ ဆယ်[illegible]ာက်သည် အသားအရေ ကြေးနီရောင် တဖိတ်ဖိတ်တောက်ပ[illegible] များသားရေဖြင့် ချုပ်ထားသည့် အဝတ်အစားများကို ဝတ်ဆင်[illegible]ကြသည်။

သူတို့၏ လည်ပင်း၌ လည်းကောင်း၊ လက်မောင်း၌ လည်း[illegible]င်း တိရစ္ဆာန်တို့၏ သွားများ၊ အရိုးများဖြင့် ပြုလုပ်ထားသည့် [illegible]များ အဆောင်လက်ဖွဲ့များ ဆွဲထားသလို ရစ်ပတ်ချည်နှောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ဆံပင်များသည် နီကျင်ကျင်ရှိပြီး အချို့ကျစ်ဆံမြီး ကျစ်ထားကြ၏။ အချို့က ယေထိပ်ကို ဖြောင်အောင်ရိတ်ကာ နောက်မှ ရှည်လျားသောဆံပင်များကို ဆံထုံးထုံးထားကြ၏။

သူတို့၏ ကျောပေါ်၌ ငှက်မွေးတစ် လေးမြားများကို လွယ်ပိုးထားကြသည်။ သူတို့၏ခါး၌ ဓားရှည်များ၊ ရဲခင်းကြီးများ ချိတ်ဆွဲထားကြသည်။

ထိုလူစု၏ ပုံပန်းသဏ္ဌာန်ကို မြင်သည်နှင့် မြောင်ဒေသမှ လူများဖြစ်ကြောင်း သိနိုင်ပေသည်။ မှန်ပေသည်။ တာနားဦးဆောင်သည့် မြောင်သူရဲကောင်းဆယ်ယောက်သည် ကြူးဝမ်းခုံး၏ အမိန့်ဖြင့် တာလီနေပြည်တော်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

မြို့သူမြို့သားတို့သည် တာနားတို့ လူစုကိုမြင်လျှင် တံတွေးထွေးသူ ထွေးကြသည်။ မကျေမနပ် ကြည့်သူကြည့်ကြ၏။

"အရိုင်းအစိုင်းတွေ"

မြို့သူမြို့သားတို့၏ ပုံသဏ္ဌာန်ကို မြင်သည်နှင့် သူတို့အား သဘောမကျသည့်အပြင် မတူမတန်သလို သဘောထားကြကြောင်း တာနားရိပ်မိလိုက်သည်။

ဝမ်းဟိုးသည် သူ့အား စော်ကားမော်ကား ပြုလုပ်လာလျှင် ချက်ချင်း လက်တုံ့ပြန်မည်သာ ဖြစ်သည်။ မြို့သူမြို့သားများ



အပြုအမူကြောင့် ပြဿနာပေါ်ပေါက်လာနိုင်သည်ကို တာလီစစ်သည်တော်များ သိကြလေသည်။

တာနားတို့ လူစုအား တာလီနန်းတော်သို့ ခေါ်ဆောင်သွားကြသည်။ မှန်းတီးခြင်း၊ အထင်သေးခြင်း စသည့် အကြည့် ရောပြွမ်းပါဝင်နေသည့် မျက်လုံးပေါင်းများစွာကို ဖြတ်သန်းပြီးမှ တာလီနန်းတော်သို့ ရောက်ရှိလာခဲ့ကြသည်။

တာလီနေပြည်တော်သည် လွန်စွာမှပင် ပျော်ရွှင်ဖွယ်ကောင်းသည် နိဗ္ဗာန်ဘုံတစ်ခုနှင့် တူလှသည်ဟုလည်း ထင်မိကြသည်။

တာလီမြို့သူမြို့သားများ၏ မနှစ်မြို့သည့်အကြည့်များကိုပင် မေ့လျော့ကာ အလိုလို ပျော်ရွှင်လာမိကြလေသည်။ တာလီနန်းတော်သို့ ရောက်သောအခါ ပို၍ အံ့သြကုန်ကြလေတော့သည်။

တာလီနန်းတော်သို့ ရောက်သောအခါ ပို၍ အံ့သြကုန်ကြလေတော့သည်။ တာလီနန်းတော်သည် သူတို့ အိပ်မက်ပင် မမက်ဖူးသည့် ကြီးကျယ်ခမ်းနားလှသည့် အဆောက်အအုံကြီးတစ်ခု ဖြစ်နေသည် မဟုတ်ပါလား။

တာလီနန်းတော်ကို ကျောက်ဖြူတုံးများဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အဝင်တံခါးမကြီးမှ နန်းတော်ရှေ့ လှေကားထစ်

www.burmeseclassic.com

www.burmeseclassic.com



များသို့ ရောက်သည့်တိုင် ကျောက်ပြားများ ခင်းထားသည်။

ကျောက်ပြားလမ်းတစ်ဖက်တစ်ချက်တွင် ရောင်စုံပန်းများ ဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီး ရှိနေသည်။ အစောင့်အကြပ်များ သည်လည်း နန်းတော်ကြီး၏ ဝင်ပေါက် ထွက်ပေါက်နေရာများ၌ စုစုရုံးရုံး ရှိနေကြသည်။

တာလီစစ်သည်တော်များသည် တာနားလို့လူစုကို အတွင်း ဘက်သို့ ခေါ်ဆောင်သွားကြလေသည်။ တံခါးအထပ်ထပ်ကို ဖြတ် ကျော်ပြီးမှ ကျယ်ဝန်းသော အခန်းကြီးတစ်ခုအတွင်းသို့ ရောက်ရှိ သွားကြသည်။

ထိုအခန်းတွင်း၌ တာလီနန်းတော်မှ တာဝန်ရှိသူများ စုရုံး ရောက်ရှိနေကြသည်။ တာလီဘုရင်သည် ရွှေချထားသည့် နောက်မှီ မြင့်သည့် ခုံတစ်လုံး၌ ထိုင်နေ၏။

တာလီဘုရင်မင်းမြတ်၏ ဝဲယာတစ်ဖက်တစ်ချက်တွင် တပ်မှူးအဆောင်အယောင်ရှိသူ နှစ်ယောက် မတုန်မလှုပ် ကျောက် ရုပ်များအလား ရပ်နေကြ၏။

အကယ်၍ တာနားတို့လူစုက တာလီဘုရင်အား လုပ်ကြံ ရန် ကြိုးစားမည်ဆိုပါက လက်နက်ဆွဲထုတ်ရန်ပင် အချိန်မပေး ချေမှုန်းသုတ်သင်ပစ်နိုင်ရန် ကြိုတင်စီစဉ်ထားလေသည်။



"ထိုင်ပါ ... ထိုင်ကြပါ"

တာနားက ခုံတစ်လုံးဆွဲကာ ထိုင်လိုက်၏။ ကျန်လူများက သူ၏ အနောက်ဘက်၌ ရပ်နေလိုက်ကြသည်။ သူတို့သည် အသက် ကို ပဓာနထားသူများမဟုတ်၊ သေရမည်၊ ရှင်ရမည်ကို မှုသူများ မဟုတ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

တာလီနန်းတော်မှ လူများသည် အမွှေးနံ့သာ ဆွတ်ဖျန်း မွှေးကြိုင်နေသော်လည်း ,တာနားတို့ လူစုမှာကာ ချွေးသံရဲရဲဖြင့် ချွေးနံ့လှိုင်နေသည် မဟုတ်ပါလား။

ကုန်းချူးက ...

"မိတ်ဆွေတို့ ရောက်လာကြရမယ်ဆိုတဲ့အတိုင်း ရောက် လာခဲ့ကြတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်၊ တာလီ နေပြည် တော်နဲ့ မြောင်မျိုးနွယ်စု အကြီးအကဲတွေကြားမှာ အဆင်ပြေသွား ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိမယ့် ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်း အတွက် မိတ်ဆွေတို့ဆီက ကောင်းတဲ့အကြောင်းပြန်ချက် ကြားရ လိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်"

တာနားက ...

"တာလီနဲ့ မြောင်မျိုးနွယ်စုတွေ ကြားမှာ ဖြစ်ပွားခဲ့တဲ့ သွေး ချောင်းစီးတိုက်ပွဲတွေ ထပ်မံ မဖြစ်ပွားရတော့အောင် နှစ်ဦးနှစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



သဘောတွေ့ကြပြီး မိတ်ဆွေလို ဆက်ဆံဖို့ မြောင်ခေါင်းဆောင် ကြူး ဝမ်းခုံးက ဆန္ဒရှိနေပါတယ်"

မြောင်ဒေသမှ လူများသည် လွန်စွာမှပင် သတ္တိကောင်းသူများ ဖြစ်ကြပေ၏။ တာလီနှင့် မြောင်စစ်ပွဲတွင် မြောင်တို့ အနိုင်ရခဲ့သည်ချည်းပင်တည်း။

မြောင်ဒေသကို ကျူးကျော်ခဲ့သည့် တာလီတပ်ဖွဲ့များ ကစဉ့်ကလျားဖြစ်ကာ ဆုတ်ခွာလာခဲ့ကြရစမြဲ။ ထို့ကြောင့် မြောင်တို့၏ ရဲစွမ်းသတ္တိကို အသိအမှတ်မပြုဘဲ နေ၍ မရချေ။

မြောင်တို့နှင့် ရင်ဆိုင်ရမည်ကို တာလီစစ်သူကြီးများပင် စိုးရိမ်ကြ၏။ တာနား၏စကား ကြားသောအခါ အားလုံး စမ်းသာသွားကြသည်။ တာလီနှင့် မြောင်တို့အကြား ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားစရာအကြောင်း မရှိတော့လျှင် အကောင်းဆုံး မဟုတ်ပါလား။

တာနားက ဆက်ပြောလိုက်၏။

"တာလီနဲ့ မြောင်တို့ကြား ချစ်ကြည်ရင်းနှီးမှုရဖို့ဆိုတာဟာ တာလီတွေက ချောင်းတစ်ဖက်ကမ်းကူးပြီး မြောင်ဒေသကို မကျူးကျော်ဖို့ အရေးကြီးပါတယ်၊ ဒါကို တာလီတွေဘက်က စောင့်ထိန်းနိုင်မယ်ဆိုရင် ဆက်ပြီးဆွေးနွေးသွားနိုင်မှာပဲ"

တာလီဘုရင် တန့်ယန်က ကုန်းချူးကို ကြည့်လိုက်၏။



ကုန်းချူး ထိုင်ရာမှ ထကာ ...

"တာလီတွေဟာ ကျူးကျော်သူတွေ မဟုတ်ပါဘူး၊ မုန်ဆိုးတွေကို အကာအကွယ်ပေးရင်း မြောင်နယ်ထဲ ဝင်မိကြတာပါ၊ ကဲ ဒါတွေ ထားပါလေ၊ တာလီတပ်ဖွဲ့တွေ ချောင်းတစ်ဖက်ကမ်းကို မကူးစေရဘူးလို့ ကျုပ်တို့ကတိပြုပါတယ်၊ ဒါကို အခွင့်ကောင်းယူပြီး မြောင်တွေက တာလီကမ်းကို ကူးမလာမိအောင် ဂရုစိုက်ဖို့ လိုလိမ့်မယ်"

တာနား ပြုံးလိုက်သည်။

"မြောင်တွေဟာ တစ်ဖက်ကမ်းကို ကူးလာခဲ့ဖူးတဲ့ အစဉ်အလာ မရှိပါဘူး"

"ကောင်းပြီလေ၊ ကျုပ်တို့ရဲ့ ကုန်ပစ္စည်းဖလှယ်မှုကို ပြောကြရအောင်"

တာနားက ...

"ဒီကိစ္စက ရှင်းရှင်းကလေးပါ၊ လက်နက်မပါတဲ့ တာလီကုန်သည်တွေ မြောင်နယ်တစ်ခွင် ကြိုက်သလို လှုပ်ရှားသွားလာနိုင်ပါတယ်၊ သူတို့ မုဲ့တစ်ပေါက် မစွန်းရအောင် ကျုပ်တို့ တာဝန်ယူပါမယ်၊ သူတို့ရဲ့ ပစ္စည်းတွေကို ကြိုက်မယ်၊ ဈေးနှုန်းကို သဘောကျမယ်ဆိုရင် မြောင်တွေ ဝယ်ယူကြပါလိမ့်မယ်၊ ဒီလိုပဲ မြောင်ကုန်သည်

www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း တာလိနယ်ထဲမှာ လွတ်လပ်စွာ သွားလာရောင်းချခွင့် ပြုရပါလိမ့်မယ်၊ သူတို့ရဲ့ လုံခြုံရေးကို တာလိတွေက တာဝန်ယူရပါလိမ့်မယ်”

ထိုစကားကြားလျှင် ကုန်းချူးဝမ်းသာသွားသည်။ မြောင်တို့ဘက်မှ လိုက်လိုက်လျောလျော ရှိသည်ထင်မိ၏။ မြောင်တို့သည် စစ်တိုက်ရာ၌ ထူးချွန်ကြသူများ ဖြစ်သော်လည်း ကုန်သွယ်ရောင်းချမှုကို နားလည်တျွမ်းကျင်သူများ မဟုတ်ချေ။

တစ်ဖက်နှင့်တစ်ဖက် ကုန်ပစ္စည်း ဖလှယ်ရောင်းဝယ်ကြလျှင် တာလိတို့ဘက်မှ အမြတ်ထွက်မည်ဖြစ်ကြောင်း နားလည်မိလေသည်။

ကုန်းချူးက တာလိဘုရင် တန့်ယန်ကို လှမ်းကြည့်လိုက်၏။ တန့်ယန်က ခေါင်းညိတ်ပြလိုက်သည်ကို တွေ့ရ၏။ ကုန်းချူး ပြီးလိုက်သည်။

“မိတ်ဆွေပြောတာ လက်မခံနိုင်စရာအကြောင်း မရှိပါဘူး မိတ်ဆွေပြောတဲ့စကားတွေကို မြောင်မျိုးနွယ်စု ခေါင်းဆောင် ကိုယ်တိုင် ပြောတဲ့စကားလို့ မှတ်ယူနိုင်ပါ့မလား”

“မှတ်ယူနိုင်ပါတယ်”

ဤနေရာသို့ မလာခင်ကပင် သူနှင့်ကြူးဝမ်းခုံးတို့ တိုင်ပင်



ဆွေးနွေးခဲ့ကြသည် မဟုတ်ပါလား။ သူတို့၏ အစီအစဉ်သည် တာရှည်မှာပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် အစီအစဉ် ဖြစ်ပေသည်။

တာလုံတို့ ဝမ်းမြောက်ဝမ်းသာ လက်ခံကြမည်ဟု ရှေးမဆွကပင် တွက်ဆထားခဲ့ကြပြီး ဖြစ်သည်။ သူတို့ ရေးဆွဲထားသည့် အတိုင်းပင် တာလိတို့လက်ခံနေပြီ မဟုတ်ပါလား။

ကုန်းချူးက …

“ကျုပ်တို့နှစ်ဦးနှစ်ဖက် သဘောတူတဲ့ အထိမ်းအမှတ် တစ်ခုခုတော့ လုပ်မှထင်တယ်”

တာနှား လက်ဖြန့်လိုက်သည်။ ထိုအခါ မြောင်သူရဲကောင်းတစ်ယောက် ရှေ့သို့ လှမ်းထွက်လာပြီး လက်သီးဆုပ်ခန့်ရှိ ကျောက်တုံးတစ်တုံးကို ပေးလေတော့သည်။

တာနှားက ထိုကျောက်တုံးက ကုန်းချူးလက်သို့ ကမ်းပေးလိုက်၏။

“ဟောဒီ ကျောက်တုံးဟာ မြောင်ချိုင့်ဝှမ်းက ထွက်တဲ့ ကျောက်ပါပဲ၊ တာလိတွေ သဘောကျတဲ့ ကျောက်အမျိုးအစား ဖြစ်ပါတယ်၊ နှစ်ဖက်သဘောတူညီမှုရတဲ့ အထိမ်းအမှတ်အဖြစ် ကျုပ်တို့က လက်ဆောင်ပေးပါရစေ”

ကုန်းချူး ဝမ်းသာအားရ လက်ခံယူလိုက်၏။ ပညာရှိပီပီ

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲ ရောက်သည်နှင့် ထိုကျောက်တုံးမှာ စိန်ရိုင်းတုံးဖြစ်ကြောင်း နားလည်မိလေသည်။

ကုန်းချူးက တာလီဘုရင်ထံ ရိုရိုသေသေ ဆက်သလိုက်သည်။

"စိန်ရိုင်းတုံးပါ ဘုရင်မင်းမြတ်"

တာလီနန်းတွင်းမှ တာဝန်ရှိသူများ တအံ့တသြ ဖြစ်သွားကြ၏။ စိန်၏ အဖိုးတန်မှုကို ကောင်းစွာနားလည် သဘောပေါက်ထားကြသည် မဟုတ်ပါလား။

မြောင်တို့ကား စိန်ကိုပင် ကျောက်ခဲသလဲမှာ သဘောထားကြပေသည်။ တာလီဘုရင် တန့်ယန် သဘောကျသွား၏။

"ကျုပ်တို့ကလည်း မြောင်ခေါင်းဆောင်အတွက် လက်ဆောင်ပစ္စည်းတွေ ပြန်ပေးလိုက်ပါ၊ နှစ်ဦးနှစ်ဖက် သဘောတူညီမှု ရပြီဆိုရင် တာလီကုန်သည်တွေကို အမြန်ဆုံး စေလွှတ်လိုက်မယ်လို့ ပြောပြလိုက်ပါ"

ကုန်းချူးသည် နှစ်ဦးနှစ်ဖက် ပြေလည်သွားခဲ့လျှင် လက်ဆောင်ပေးရန် ကြိုတင်စီစဉ်ထားသည့် ရွှေချည်ထိုးအဝတ်အထည်များကို ယူဆောင်လာစေသည်။

ထို့နောက် တာနား၏လက်သို့ ပေးအပ်လိုက်လေသည်။



တာနားလည်း သဘောကျသွား၏။ သူတို့၏ သားရေထည် အဝတ်အစားများနှင့်စာလျှင် ရွှေချည်ထိုး အဝတ်အစားများသည် လှပပြီး နူးညံ့ပျော့ပျောင်းလှသည် မဟုတ်ပါလား။

ကုန်းချူးက ...

"မိတ်ဆွေလေးတို့ ရောက်တုန်းရောက်ခိုက် တာလီ နေပြည်တော်မှာ တစ်ရက်နှစ်ရက်လောက် နေကြဖို့ မေတ္တာရပ်ခံပါတယ်၊ မိတ်ဆွေလေးတို့ကို ဧည့်ခံပြုစုပါရစေ"

တာနားသည်လည်း တာလီတို့၏ စိတ်သဘောထား အမှန်ကို သိရအောင် စုံစမ်းဖို့ ကြူးဝမ်းခုံး တာဝန်ပေးလိုက်သဖြင့် တစ်ရက် နှစ်ရက် နေထိုင်ရန် သဘောတူလိုက်လေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ကုန်းချူးသည် တာနားတို့လူစုအား ပြုစုညှော်ခံရန် တာဝန်ယူခဲ့လေသည်။ တာလီနန်းတော်အတွင်း၌ပင် နေရာထိုင်ခင်း စီစဉ်ပေးခဲ့သည်။ တာလီနန်းတော်မှ အတော်ဆုံး စားဖိုမှူးများ ချက်ပြုတ်ထားသည့် အကောင်းဆုံး စားသောက်ဖွယ်ရာများ၊ အကောင်းဆုံး အရက်များဖြင့် တည်ခင်းကျွေးမွေးသည်။

နန်းတွင် ကချေသည်များ အဆိုအက အတီးအမှုတ်များဖြင့် ဧည့်ခံ၏။ တာနားတို့ လူစုအတွက် နိဗ္ဗာန်ဘုံ ရောက်နေသည်ဟုပင် ဆိုနိုင်တော့သည်။

တာနားသည် ကျောက်တုံးကျောက်ခဲ ထူထပ်ပေါများလှသည့် အရိုးကွဲမတတ် အေးစိမ့်သည့် လေတဟူးဟူး တိုက်ခတ်နေသည့် တောင်ပေါ်ဒေသ၌ နေထိုင်ရသည်ထက် ပျော်စရာ စုံလင်လှသည့် တာလီနန်းတော်အတွင်း၌ နေထိုင်ရသည်ကို ခံတွင်းတွေ့လာသည်။



မည်သို့ဆိုစေ တာလီနန်းတော်တွင် မြင်းရိုင်းစီးခြင်း၊ နပန်းလုံးခြင်း၊ အမဲလိုက်ခြင်း၊ အရက်မြိုင်သောက်ခြင်းသည်တို့ကို ရရှိနိုင်မည် မဟုတ်ပါချေ။

တာလီနန်းတွင်း၌ တစ်ရက် နှစ်ရက်ထက် ပိုပြီး ပျော်ရွှင်နိုင်မည် မဟုတ်သည်ကို တွေးမိသည်။ တာလီနန်းတော်၌ နေထိုင်ရင်း တာလီတို့သည် အပျော်ကျူးသူများအဖြစ် တွေ့မြင်လာလေတော့သည်။

"ဘာတွေ စဉ်းစားနေတာလဲ မိတ်ဆွေလေးရဲ့"

ရုတ်တရက် အနီးသို့ရောက်ရှိလာသည့် ကုန်းချူး၏ အသံကြောင့် တာနား သတိဝင်လာလေသည်။ ကုန်းချူးကို ပြုံးပြရင်း

"တာလီနေပြည်တော်ဟာ ပျော်စရာကောင်းလှတာကို တွေးနေမိတာပါ"

ကုန်းချူးက ...

"မှန်တာပေါ့ဗျာ၊ တာလီပြည်ဟာ နတ်ဘုံနတ်နန်းတမျှ ပျော်စရာကောင်းလှပါတယ်၊ တာလီသူတွေဟာ ချောမောလှပပြီး သဘောလည်းကောင်းကြပါတယ်၊ မိတ်ဆွေလေးဟာ တာလီနေပြည်တော်မှာပဲ နေထိုင်သွားချင်တယ်ဆိုရင်လည်း ကြည်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



တာနား ခေါင်းယမ်းလိုက်သည်။

"ကျေးဇူးပါပဲဗျာ၊ ကျုပ်အတွက် မလိုပါဘူး၊ ကျုပ်က တောင်ပေါ်မှာမွေးပြီး တောင်ပေါ်မှာပဲ သေသွားမယ့်လူပါ၊ ဒါထက် ကုန်စည်ဖလှယ်ဖို့ စိတ်ကူး ဘယ်ကစပြီး ရခဲ့ရတာလဲဗျ"

ကုန်းချူးက ...

"တန်ယန် ဘုရင်မင်းမြတ်ကပါ"

"သြော် တာလီဘုရင်ကိုယ်တိုင်ကိုး"

"မှတ်တယ်၊ တာလီဘုရင် မြောင်ဒေသကို အင်အားသုံးပြီး ကျူးကျော်လို့ မရဘူးဆိုတာ နားလည်ထားတယ်၊ မြောင်ဒေသရဲ့ ထုတ်ကုန်တွေလည်း လိုလားတယ်၊ ဒါကြောင့် တစ်ဖက်နဲ့တစ်ဖက် ချစ်ကြည်ရင်းနှီးမှု ယူပြီး တရားမျှတစွာ ကုန်စည်ဖလှယ်ကြမယ် ဆိုရင် တိုက်ပွဲတွေကို ရှောင်ရှားနိုင်ပြီး နှစ်ဦးနှစ်ဖက် အကျိုးခံစားရမယ်ဆိုတာ တွေးမိသွားပုံရတယ်"

တာနားက ...

"တာလီဘုရင်က စိတ်ကူးကောင်းတာပဲ၊ မြောင်ဒေသရဲ့ ထွက်ကုန်တွေကို လိုချင်လို့ မြောင်ဒေသကို ကျူးကျော်တိုက်ခိုက်တယ်ဆိုတာ ဘယ်တရားမျှမလဲ၊ အခုလို စီစဉ်တာ အကောင်းဆုံးပဲ မဟုတ်လား၊ မြောင်တွေကလည်း သီချင်းဆိုနေရင်၊ အမဲလိုက်နေ



ရရင် ပျော်နေကြတာပါပဲ၊ တာလီတွေကို သတိတောင်မရကြပါဘူး ဗျာ"

တာလီဘုရင်သည် ဉာဏ်အမြော်အမြင်ရှိကြောင်း တာနား သိလိုက်ရပြီ ဖြစ်လေသည်။ တာလီတို့နှင့် ဆက်ဆံရန် ကြိုးစမ်း ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်နေပြီဟုလည်း တွေးမိလေသည်။

ကုန်းချူးက ...

"တာလီကုန်သည်တွေ မြောင်နယ်ထဲမှာ လွတ်လွတ်လပ် လပ် သွားလာပြီး စီးပွားရှာနိုင်အောင်သာ ဆောင်ရွက်ပါ၊ တာလီနဲ့ မြောင်နယ်တို့ ရေရှည်လက်တွဲလို့ရမှာပါ"

"မြောင်ကုန်သည်တွေအတွက်လည်း ခင်ဗျားတို့ ဆောင် ရွက် ပေးကြရမှာပေါ့"

ကုန်းချူး ခေါင်းညိတ်လိုက်သည်။

"စိတ်ချ၊ မှဲ့တစ်ပေါက် မစွန်းစေရဘူးလို့ ကျုပ် တာဝန်ယူ တယ်"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ သဘောကျစွာ ပြုံးလိုက်ကြလေသည်။ ထိုစဉ်မှာပင် ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တာနား နှင့် ကုန်းချူးတို့ လှည့်ကြည့်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တာနား၏ လူနှစ်ယောက် ခပ်သွက်သွက် လှမ်းဝင်လာပြီး တာလီစစ်သည်တော်များက နောက်မှ ပိုင်းရံလိုက်ပါလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဘာဖြစ်တာပါလိမ့်"

ကုန်းချူး ထိုင်ရာမှ ထလိုက်ပြီး ...

"ဟေ့ ... ဘာတွေဖြစ်နေတာလဲ"

ထိုအခါ တာလီစစ်သည်တော်တစ်ယောက်က အရိုအသေပြုပြီး ...

"ပညာရှိကြီးခင်ဗျား၊ မြောင်နှစ်ယောက်ဟာ တားမြစ်ထားတဲ့ အဆောင်ဘက်ကို သွားမလို့ လုပ်နေတာ တွေ့လို့ ဖမ်းဆီးဖို့ကြိုးစားခဲ့ပါတယ်၊ သူတို့ အဖမ်းမခံဘဲ ထွက်ပြေးလာလို့ ကျွန်တော်တို့ လိုက်လာကြတာပါ ခင်ဗျာ"

ကုန်းချူးက တာနားကို လှည့်ကြည့်လိုက်သည်။ တာနားမျက်လုံးပြူးသွားလေသည်။

"ကျူပ်လူတွေက တားမြစ်ထားတဲ့နေရာကို သွားကြတယ် ... ဟုတ်လား"

"ဟုတ်တယ် ... အစောင့်တွေ ပြောနေပါတယ်"

"ဘယ်လို တားမြစ်တာလဲ"



ကုန်းချူးက ရှင်းပြလိုက်သည်။

"တာလီနန်းတွင်းသူတွေ မောင်းမသားတွေရဲ့ အဆောင်ဘက်ကို ဘယ်သူမှ မသွားကြရပါဘူး၊ သွားရင် ကြီးလေးတဲ့ အပြစ်အဏ် ခံရပါလိမ့်မယ်"

တာနား သက်ပြင်းချလိုက်သည်။

"ကျူပ်လူတွေဟာ တားမြစ်ထားတဲ့ နေရာမှန်းမသိလို့ သွားမိတာ ဖြစ်ပါလိမ့်မယ်ဗျာ"

"မသိစရာ အကြောင်းမရှိပါဘူး၊ အဆောင်သွားတဲ့လမ်းမှန်း ဘယ်သူမှ မဝင်ရဘူးလို့ ဆိုင်းဘုတ်ချိတ်ဆွဲထားပြီး အထင်အရှား တားမြစ်ထားတာပဲ"

"ဆိုင်းဘုတ်ဟုတ်လား"

"ဟုတ်တယ်"

"ဘာဆိုင်းဘုတ်လဲ"

ကုန်းချူး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

တာနားက ...

"ဘာဆိုင်းဘုတ်လဲ ပြောစမ်းပါဦး"

ကုန်းချူးက မည်သို့ ရှင်းပြရမှန်းမသိ ဖြစ်သွားလေသည်။ ခေါင်းကုတ်ကာ စဉ်းစားရင်း နန်းဆောင်တံခါးဝ၌ ချိတ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်တစ်ခုကို တွေ့မြင်သွား၏။ ကုန်းချူး အကြံရလာပြီး ...

"ဟောဟိုက ဆိုင်းဘုတ်ကိုကြည့်ပါ၊ နန်းဆောင်တံခါး၌ မည်သူမဆို စစ်ဆေးခံရမယ်လို့ ရေးထားတာကိုတွေ့တယ် မဟုတ်လား"

ဟု ဆိုင်းဘုတ်ကို ညွှန်ပြရင်း ပြောလိုက်၏။ တာနားသည် ဆိုင်းဘုတ်ကို တွေ့မြင်သွား၏။ သို့သော် ဆိုင်းဘုတ်ပေါ်၌ ရေးသားထားသည့် စာများကို သူ နားမလည်ချေ။

"ဘာရေးထားတာလဲ"

"ဟော"

တာနားတို့လူစုသည် စာမတတ်ကြောင်း တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။ သူက အစောင့်အကြပ်များကို လက်ဇွေ့ယမ်းပြလိုက်ပြီး ...

"မင်းတို့ သွားကြတော့၊ သူတို့အတွက် ကျုပ် တာဝန်ယူတယ်"

ထိုအခါမှ ကုန်းချူးက တာနားဘက်သို့ လှည့်ကာ ...

"မင်းတို့ စာမတတ်ဘူး မှုတ်လား"

တာနား ခေါင်းညိတ်လိုက်သည်။

"မှုတ်တယ်"

အခန်း ( ၆ )

မင်္ဂလာသတင်း

ကြူးဝမ်းခုံးသည် မြောင်မျိုးနွယ်စုခေါင်းဆောင်ဘွဲ့ထူးကို ယူခဲ့ပြီး ခြောက်လအတွင်းမှာပင် မြောင်ဒေသအတွက် မင်္ဂလာ သတင်းကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

နယ်ခြားချောင်းကလေးကို ဖြတ်ကျော်ကာ တာလီကုန် သည်များ ရောက်ရှိလာခြင်း ဖြစ်လေသည်။ မြောင်ဒေသသို့ ပထမ ဦးဆုံး ဝင်ရောက်ခဲ့သူများ အဆမတန် အမြတ်အစွန်းရခဲ့ကြပြီး တာ လီသို့ အားမသိရန်မခ ပြန်ရောက်လာသည့်သတင်းကြားလျှင် မြောင် ဒေသသို့ဝင်ပြီး ကုန်ရောင်းလိုသူများ နေ့ချင်းညချင်း ပေါ်များလာလေ ...သည်။

မြောင်မြင်းသည်တော်များသည် ကုန်သည်များကို ဖော် ...ရွှေ ဆက်ဆံခဲ့ကြပြီး တာလီနယ်စပ်သို့ ရောက်သည့်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ရွက်ဖျင်တဲအတွင်းကို တာနား လှမ်းဝင်လိုသည်နှင့် လူနှစ်ယောက်က သူ့အား စောင့်ကြို့နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

စောင့်ကြို့နေသူ နှစ်ယောက်မှာ ကြူးဝမ်းခိုးနှင့် ဝမ်းဟိုးတို့ ဖြစ်ကြပေသည်။ ဝမ်းဟိုးက ...

"မင်းတို့ ချောင်းဒီဘက်ကမ်းကို ကူးလာကတည်းက ငါတို့ သိနေကြတယ်ကွ"

တာနားက ...

"ငါ့ကို လာကြိုတဲ့သူတွေ မနည်းပါလားကွ"

"ဟုတ်တယ်၊ တမင်လွှတ်လိုက်တာ၊ မင်း ပြန်မလာဘူးဆိုရင် ငါတို့ တာလီနေပြည်တော်ကို ချေမှုန်းပစ်ဖို့တောင် စီစဉ်ပြီးကြပြီ"

"သူတို့က တို့နဲ့ ရင်မဆိုင်ချင်ပါဘူးကွာ"



တာနား၏ စကားကြားလျှင် ကြူးဝမ်းခိုး၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

"သူတို့က တို့နဲ့ ရင်မဆိုင်ချင်ကြဘူး ဟုတ်လား"

"ဟုတ်တယ်"

ပြောပြောဆိုဆို ကြူးဝမ်းခိုးတို့နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။ အရက်တစ်ခွက် ငှဲ့ကာ သောက်လိုက်ပြီး အသားကင် တစ်တုံးယူကာ ပါးလုပ်မါးလောင်း ဝါးစားလိုက်လေသည်။ ကြူးဝမ်းခိုးက

"နေစမ်းပါဦး၊ မင်းပြောတာ သေချာရဲ့လားကွ"

တာနားက ...

"သေချာတာပေါ့ကွာ၊ တာလီဘုရင် တန့်ယန်က မြောင်နယ်ခြားကို ကျူးကျော်ရင် တို့တစ်တွေရဲ့ ချေမှုန်းခြင်း ခံရမယ်ဆိုတာ သိနေတယ်၊ မြောင်ဒေသရဲ့ ထွက်ကုန်တွေကို တိုက်ခိုက်သိမ်းပိုက်ပြီး ယူတာထက် လိုအပ်တဲ့ ကုန်ပစ္စည်းချင်း ဖလှယ်ပြီး မျှမျှတတ ရယူဘာ ဖို့ပြီး အဆင်ပြေနိုင်တယ်လို့ နားလည်ထားတယ်၊ တာလီဘုရင်က ဉာဏ်ရှိတယ်ကွ"

ဝမ်းဟိုး ပြုံးလိုက်သည်။

"တာလီနေပြည်တော်မှာ သုံးရက်လောက် နေခဲ့တာနဲ့ တာလီဘုရင် ကောင်းတယ်လို့ မင်းပြောချင်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

တာနား သဘောကျစွာ ရယ်မောလိုက်၏။ ပြီးလျှင် တာလိ နေပြည်တော်၌ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည် ဖောက်သည်ချလိုက်လေသည်။

ဝမ်းဟိုးနှင့်ကြူးဝမ်းခုံးတို့ စိတ်ဝင်စားစွာ နားစွင့်နေကြလေ သည်။ တာနား၏စကားဆုံးလျှင် ဝမ်းဟိုးက ...

"မင်းပြောတာမှန်ရင် ယန်ရှူးဆိုတဲ့လူက ဘာကြောင့် မြောင်ဒေသထဲ ကျူးကျော်လာခဲ့ရတာလဲ၊ သူတို့ကို မောင်းထုတ် လိုက်တာ ဘာမှမကြာသေးဘူး မဟုတ်လား"

တာနားက ...

"ဒီကိစ္စကို ငါစုံစမ်းခဲ့ပါတယ်၊ ယန်ရှူးတို့လူစု ကျူးကျော်လာ တာဟာ တာလီဘုရင်ရဲ့ အမိန့်ကြောင့်မဟုတ်ဘူး။ တာလီဘုရင်ရဲ့ သားတော် မင်းသားလေး တန့်ယုံက တာလီဘုရင်မသိအောင် တိတ် တဆိတ် အမိန့်ပေးပြီး ခိုင်းလိုက်တာ"

"ဟေ"

"ဟာ"

တာနားက ...

"ဒီကိစ္စနဲ့ပတ်သက်ပြီး တာလီဘုရင်က မင်းသားလေး



တန့်ယုံကို ဆူပူကြိမ်းမောင်းခဲ့တယ်လို့ ကြားရတယ်၊ တာလီဘုရင် ဟာ စစ်ပွဲကို မလိုလားပေမယ့် မင်းသားလေး တန့်ယုံကိုတော့ စိတ် မချရဘူး၊ သူက မြောင်ဒေသကို တစ်နေ့သိမ်းပိုက်မယ်လို့ ကြုံးဝါးနေ တယ်ကွ"

ဝမ်းဟိုးက ...

"ဒါဆို တာလီတွေနဲ့ ဆက်ဆံလို့ မဖြစ်ဘူးထင်တယ်၊ တစ် နေ့ သူတို့နဲ့ ရင်ဆိုင်ရမှာ သေချာတယ်"

"တာလီဘုရင် ရှိပါသေးတယ်ကွာ၊ ဘယ်သူမှ တာလီဘုရင် ကို ကျော်ပြီးလုပ်လို့ မရပါဘူး"

ကြူးဝမ်းခုံးက ...

"မင်းပြောတဲ့အတိုင်းဆိုရင် တာလီဘုရင်ဟာ ငါတို့နဲ့ အဆင် ပြေနိုင်တယ်၊ အဲ မင်းသားလေးတန့်ယုံကိုတော့ သတိထားရလိမ့် မယ်"

"ဒါကလဲကွာ၊ တို့တစ်တွေ ဆက်ဆံကြည့်လို့ နှစ်ဦးနှစ်ဖက် အကျိုးရှိတာသိသွားရင် မင်းသားလေးတန့်ယုံ စိတ်သဘောထား ပြောင်းလဲသွားနိုင်တာပဲ မဟုတ်လား၊ သိပ်ပြီး ပူစရာ မလိုပါဘူး"

"မင်းပြောတာ သဘာဝကျပါတယ်၊ ဒါထက် တို့လူတွေ ... တာ ဒုက္ခတစ်ခုလို့ မင်းပြောခဲ့တယ် မဟုတ်လား"

www.burmeseclassic.com



"ဟုတ်တယ်လေ၊ စာမတတ်တော့ ဘာတွေရေးထားမှန်းမှ မသိဘဲ"

ဝမ်းဟိုးက ...

"ဒါ အရေးလားကွာ၊ ငါ့အဘိုးလည်း စာမတတ်ဘူး၊ ငါ့အဖေလည်း မတတ်ဘူး၊ ငါလည်း စာမတတ်ဘူး၊ စာမတတ်လို့ ဘာဖြစ်သလဲ၊ တို့တစ်တွေ မြောင်ဒေသမှာ မွေးဖွားလာကြတယ်၊ မြောင်ဒေသမှာပဲ သေဆုံးသွားကြတယ်၊ ဘဝတစ်လျှောက်မှာ မြင်းစီးမယ်၊ အရက်သောက်မယ်၊ အမဲလိုက်မယ်၊ စစ်တိုက်မယ်၊ ငါတို့အားလုံး လုပ်နိုင်ကြတာပဲ၊ စာတတ်မှ မဟုတ်ပါဘူး"

ကြူးဝမ်းခုံးက ...

"ရုတ်တရက် ကြည့်ရင်တော့ အရေးမကြီးဘူးပေါ့၊ ဒါပေမဲ့ စေ့စေ့တွေးကြည့်ရင် စာမတတ်တာ ဒုက္ခတစ်ခုပဲဆိုတာ အမှန်ပဲ"

"ဟာ"

မမျှော်လင့်ဘဲ တာနားကို ကြူးဝမ်းခုံးက ထောက်ခံလိုက်သဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။ ကြူးဝမ်းခုံးကို နားမလည်နိုင်သလို ကြည့်လိုက်သည်။

ကြူးဝမ်းခုံးက ...

"တာလီတွေက စာတတ်ကြတယ်၊ ဒါကြောင့် တေးသီချင်းတွေ ရေးစပ်နိုင်တယ်၊ တာလီပြည်ကို ဦးဆောင်ခဲ့တဲ့ ဘုရင်တွေအကြောင်း မှတ်သားထားနိုင်ခဲ့ကြတယ်၊ တရုတ်ပြည်တစ်ဝှမ်းလုံးကို ကူးလူးဆက်ဆံနိုင်ကြတယ်၊ တို့တစ်တွေ စာတတ်ခဲ့ရင်လည်း သူတို့လို လုပ်နိုင်မှာပဲ"



ဝမ်းဟိုးက ...

"မင်းက စာသင်မလို့လား"

"ငါ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"ငါ့သား"

"ဟာ"

ယခုတစ်ကြိမ် ဝမ်းဟိုးသာမက တာနားပါ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကြူးဝမ်းခုံးနှင့်ယဥ်ယဥ်သည် မြောင်လူမျိုးတို့၏ ထုံးတမ်းဓလေ့အတိုင်း လက်ထပ်လိုက်ကြပြီ ဖြစ်သည်။

ကြူးဝမ်းခုံးက ပြုံးလိုက်ပြီး ...

"ငါလည်း စာမတတ်ဘူး။ ဒါကြောင့် ငါနဲ့ယဥ်ယဥ်က မွေးလာတဲ့ကလေးကို မြင်းစီးလှံထိုးပညာအဖြစ် စာတတ်အောင်သင်ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဟိုးက ...

"တို့ထဲမှာ စာတတ်တဲ့လူမှ မရှိတာ ဘယ်သူက သင်ပေးနိုင်မှာလဲ"

ကြူးဝမ်းခုံးက ...

"တာလီပြည်ကို လွှတ်ရမှာပေါ့"

"ကောင်းကွာ"

ဝမ်းဟိုး မကျေမနပ်ဖြင့် ညည်းညူလိုက်၏။

"ဟအး ဟအး ဟအး"

ဝမ်းဟိုးက ...

"ငါ တစ်ခုမေးချင်တယ်"

တာနားက ...

"မေးပါ ဘာမေးမလဲ"

"စာတတ်တာနဲ့ စာမတတ်တာ ဘာကွာသလဲ ငါသိချင်တယ်"

ကြူးဝမ်းခုံးက တာနားကိုကြည့်လိုက်၏။ တာနားမှလွဲပြီး သူလည်း ဖြေနိုင်မည် မဟုတ်ဟု နားလည်၏။ တာနားသည် ဝမ်းဟိုး လက်ခံနိုင်သည်အထိ ရှင်းပြနိုင်ပါစေဟု ဆုတောင်းနေမိသည်။

တာနားက ...



"ကောင်းပြီ ... မင်းသိချင်တယ်ဆိုရင် ငါရှင်းပြမယ်"

ပြောပြောဆိုဆို ခါးကြား၌ ထိုးထားသည့် ပုလွေတစ်ချောင်းကို ထုတ်ယူလိုက်၏။ ထို့နောက် ပလွေကို နှုတ်ခမ်း၌တေ့ကာ မှုတ်လိုက်လေသည်။ တေးသွားတစ်ပိုဒ်ကို မှုတ်ပြီး ရပ်နားကာ ...

"ဝမ်းဟိုး ... မင်းက ငါမှုတ်ခဲ့တဲ့ တေးသွားအတိုင်း လိုက်ပြီး မှုတ်နိုင်ပါ့မလားကွ"

ဝမ်းဟိုး ပြုံးလိုက်သည်။

"မြောင်နယ်ခြားက ကလေးတစ်ယောက်ကို သွားမေးရင်တောင် မှုတ်နိုင်တယ်လို့ ပြောမှာပဲ၊ တစ်ခါကြားလိုက်တာနဲ့ တူအောင် လိုက်မှုတ်နိုင်ပါတယ်ကွာ"

တာနား ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... တို့တစ်တွေဟာ သူများဆိုတဲ့ သီချင်းများ တီးမှုတ်တဲ့တေးသံကို နားထောင်ပြီး တူအောင်လိုက်မှုတ်နိုင်တယ်၊ တာတယ်လို့ သူများဆိုတာလည်း မကြားဖူး၊ တီးမှုတ်သံလည်း မကြားဖူးဘဲနဲ့ တစ်ယောက်တည်းတူအောင် တေးသွားအလိုက်ကို တီးမှုတ်နိုင်တယ်၊ သီချင်းကို သီကြွေးနိုင်တယ်ဆိုရင်ကော"

"ဟာ ... မဖြစ်နိုင်တာဘဲ"

တာနားက ...

www.burmeseclassic.com



"ဒါကြောင့် စာတတ်တာနဲ့ စာမတတ်တာ ကွာတယ်လို့ ပြောတာပေါ့၊ စာတတ်တဲ့လူတစ်ယောက်က သူများသီဆိုတဲ့ တေးသီချင်းနဲ့ တေးသွားကို စာနဲ့ ရေးမှတ်ထားလိုက်မယ် ဆိုပါတော့၊ ဒီစာကို တခြားစာတတ်တဲ့ လူတစ်ယောက်က ကြည့်ပြီး သူတစ်ခါမှ မကြားဘူး မဆိုဖူးတဲ့ တေးသွားတစ်ပုဒ်ကို သံစဉ်မှန်မှန် သိနိုင်တယ်လေ"

ဝမ်းဟိုးမှာ တာနားရှင်းပြသည်ကို တဖြည်းဖြည်း နားလည်သဘောပေါက်လာ၏။

တာနားက ...

"တို့က သူများဆိုပြ တီးမှုတ်ပြတာ ကိုယ်တိုင်ကြားဖူး နားထောင်ဖူးမှ ပြန်တီးပြနိုင်တယ်၊ တီးမှုတ်နိုင်တယ်၊ စာတတ်တဲ့လူက သူကိုယ်တိုင် မကြားဖူး၊ နားမထောင်ဖူးလည်း ရေးမှတ်ထားတဲ့စာကို ကြည့်ပြီး ဆိုနိုင်တယ်၊ တီးမှုတ်နိုင်တယ်လေကွာ"

ဝမ်းဟိုး သက်ပြင်းချလိုက်သည်။

"မင်းက တီးမှုတ်သီဆိုတာတွေကို ဥပမာပြပြီး တခြားနေရာတွေမှာလည်း စာတတ်မြောက်ထားတာဟာ အရေးပါတယ်၊ အသုံးဝင်တယ်လို့ ပြောချင်တာပေါ့"

"ဟုတ်တယ်"



ဝမ်းဟိုးက ကြူးဝမ်းခုံးဘက်သို့ လှည့်ကာ ...

"ခေါင်းဆောင်ကြီးရဲ့သားကို စာသင်ပေးဖို့ ကျုပ်လည်း တိုက်တွန်းပါရစေဗျာ"

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



"တမတတ်တဲ့လူမှာ မျက်ကန်းတစ်ယောက်လိုပဲဆိုတာကို မင်းတို့ သိကြဖို့ကောင်းတယ်"

တာနား ပြုံးလိုက်သည်။

"ဒီစကားကို မြောင်နယ်စပ်က တောင်ပေါ်မှာ လာပြောရင် လူတွေ ဝိုင်းရယ်ကြလိမ့်မယ်ဗျ"

ကုန်းချူး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။



လိုက်လံစောင့်ရှောက် ပို့ဆောင်ပေးခဲ့ကြသည် မဟုတ်ပါလား။

တာလီကုန်သည်များ မြောင်ဒေသတွင် လွတ်လပ်စွာ စီးပွား ရှာနိုင်ကြသည်ကို ကြားသိရလျှင် တာလီဘုရင် တန့်ယန် ခွန်စွာမှ ပင် နှစ်သောင်းအားရဖြစ်မိသည်။

မြောင်မြင်းသည်တော်များနှင့် ရင်ဆိုင်စရာမလိုဘဲ မြောင်ဒေသ ထွက်ကုန်များကို ဈေးချိုချိုဖြင့် ရရှိနိုင်ပြီ မဟုတ်ပါလား။

ဤနည်းအတိုင်း ရှေ့ရှည်သွားနိုင်မည်ဆိုလျှင် ချစ်ကြည်ရေး နိုင်မြဲနေမည့်အပြင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနေပေလိမ့်မည်။

နှစ်ပေါင်းများစွာကတည်းက ရန်သူကြီးများပမာ ရင်ဆိုင် ခဲ့သည့် တိုက်ပွဲများကို အဆုံးသတ်နိုင်ပေလိမ့်မည်။ မြောင်နှင့်တာလီ တို့သည် မိတ်ဆွေရင်းခြာများ ဖြစ်လာကြတော့မည် မဟုတ်ပါလား။

တာလီဘုရင် တန့်ယန် ကျေနပ်နေသလို မြောင်ဒေသ ခေါင်းဆောင် ကြူးဝမ်းခိုးလည်း ကျေနပ်နေပေတော့၏။

www.burmeseclassic.com

“တောက် ... ကျုပ် မကျေနပ်ဘူး”

တက်ခေါက်သံနှင့် စကားသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ပညာရှိကုန်းချူးနှင့် တာလီတစ်မှူး ယန်ဝူးတို့ မျက်နှာပျက်သွားကြသည်။

မင်းသားလေး တန့်ယုံ စိတ်ဆိုးဒေါသထွက်နေခြင်းကြော င့် သူတို့ နေစရာမရှိဘဲ ဖြစ်နေကြသည်။ အရက်ခွက်ကို စားပွဲပေါ် ဒုန်းခနဲမြည်အောင် ဆောင့်ချလိုက်ပြီး ...

“ကျုပ်က အရှိုင်းအစိုင်းတွေနဲ့ စားပွဲတစ်လုံးတည်းမှာ ထိုင် ပြီး စားသောက်နိုင်မယ့်လူ မဟုတ်ဘူးဆိုတာ ခင်ဗျားတို့ မှတ် ကြစမ်းပါ”

ယန်ဝူး မနေသာတော့ပါ။

“ဘုရင်မင်းမြတ်က မြောင်တွေကို စစ်ခင်းဖို့ ခွင့်မပြု မင်းသားလေး၊ မြောင်တွေကို တန်းတူရည်တူ ဆက်ဆံပြီး ...



ခွင့်ပြုရမယ်၊ စောင့်ရှောက်ရမယ်လို့ အမိန့်ထုတ်ထားပါတယ်”

ဟု ပြောလိုက်လေသည်။

“မြောင်တွေဟာ ကျုပ်တို့လို မြို့ကြီးပြကြီးတွေ တည် ဆောက်ပြီး ယဉ်ယဉ်ကျေးကျေး နေထိုင်တတ်တဲ့ လူတွေမဟုတ်ဘူး၊ သူတို့ဟာ မြင်းစီးမယ်၊ အရက်သောက်မယ်၊ စစ်တိုက်မယ်၊ ဒါ လောက်ပဲ နားလည်ကြတာ၊ ကျုပ်က ဘယ်လိုလုပ်ပြီး တန်းတူရည် တူ ဆက်ဆံနိုင်မှာလဲ၊ အို ... ကျုပ် ရှင်းရှင်းပြောမယ်၊ သူတို့ကို ကျုပ် ကြည့်လို့မရဘူး၊ ဒါကို ခင်ဗျားတို့ နားလည်ထားကြပါ”

ယန်ဝူးနှင့် ကုန်းချူးတို့ သက်ပြင်း တိတ်တခိုး ချမိကြလေ သည်။

“ကဲ ... ခင်ဗျားတို့နှစ်ယောက်ကို ပြတ်ပြတ်သားသား မေး လိုက်မယ်၊ ကျုပ်မေးတာကို ဖြေပါ။ ခင်ဗျားတို့နှစ်ယောက်ဟာ ကျုပ် ဘက်မှာ နေကြမလား၊ မနေကြဘူးလား။ ကျုပ်ဘက်မှာ မနေဘူးဆို ရင်တော့ ကျုပ်က နေမယ့်လူ ရှာရလိမ့်မယ်၊ ကဲ ... ပြတ်ပြတ်သား သား ပြောကြပါ”

ဟု မေးလိုက်လေသည်။

ကုန်းချူးနှင့်ယန်ဝူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့် ကြ၏။ တန့်ယုံသည် နောက်တစ်နေ့ဝယ် တာလီဘုရင် ဖြစ်မည့်သူ

www.burmeseclassic.com



တည်း။

မရှုမလှ ဒုက္ခတွေ့ရမည်ကို နားလည်မိကြသည်။ သူတို့အတွက် ရွေးချယ်စရာလမ်း ရှိလှသည်မဟုတ်ပါ။ ယန်ဝူးက ...

"ကျုပ်က မင်းသားလေးအပေါ် အသက်ပေးပြီး သစ္စာစောင့်သိပါ့မယ်လို့ ကတိပြုပါတယ်ဗျာ"

ကုန်းချူးလည်း မနေသာတော့ပါ။

"ကျုပ်ကလည်း အသက်ထက်ဆုံး မင်းသားလေးရဲ့ အမှုတော်ကို ထမ်းရွက်ပါ့မယ်လို့ ကတိပြုပါတယ်"

ဟု ပြောလိုက်ရလေသည်။ သူတို့နှစ်ယောက်၏ စကားကြားလျှင် တန့်ယုံ၏မျက်နှာ ပြုံးရွှင်သွားလေတော့၏။ ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ဒီလိုမှပေါ့၊ ကျုပ်ရဲ့ အမှုထမ်းရွက်ရင် ခင်ဗျားတို့ မနစ်နာစေရပါဘူး။ တစ်နေ့ ကျုပ်က တာလီဘုရင်မင်း ဖြစ်လာတဲ့အခါ ယန်ဝူးက တာလီတပ်ဖွဲ့အားလုံးရဲ့ တပ်မင်းကြီး ဖြစ်လာရမယ်၊ ပညာရှိကြီးကတော့ နန်းရင်ဝန်ကြီးပေါ့ ... ဟား ဟား ဟား"

ပြောပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။ ကုန်းချူးနှင့် ယန်ဝူးတို့သည် တန့်ယုံ၏ စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။



သူတို့၏ဘဝလည်း ရေမြင့်လျှင် ကြာတင့်သကဲ့သို့ မြင့်မားတိုးတက်လာလိမ့်မည် မဟုတ်ပါလား။

မြောင်တို့နှင့် ထိပ်တိုက် ရင်ဆိုင်ခဲ့ဖူးသည့် ယန့်ဝူးသည် မြောင်သူရဲကောင်းများရှေ့၌ ဒူးထောက်ခဲ့ရသည့်အဖြစ်ကို ဘယ်သောအခါမှ မေ့နိုင်မည် မဟုတ်ပါချေ။

အခွင့်အရေးရလျှင် မြောင်တို့ကို ဆုံးမလိုသည်။ ရာဇဝင်ကြွေး ဆပ်လိုသည်။ မင်းသားလေး တန့်ယုံနှင့် နက်နက်ရှိုင်းရှိုင်း ပေါင်းနိုင်ရန် လိုအပ်ကြောင်း နားလည်သလို တန့်ယုံ၏ လူရင်းတစ်ယောက် ဖြစ်သွားပြီတည်း။

တန့်ယုံက ...

"မြောင်ကုန်သည်တွေ မကြာခင် တာလီပြည်ကို ရောက်လာကြလိမ့်မယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။ ကုန်းချူး ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ် မင်းသားလေး"

"ကောင်းပြီ၊ မြောင်ကုန်သည်တွေ ရောက်လာတဲ့အခါ"

သူက အကြံအစည်တစ်ခုကို တီးတိုးပြောပြလိုက်သည်။ ကုန်းချူးနှင့် ယန်ဝူးတို့ နားထောင်နေကြ၏။ တန့်ယုံ၏ စကားဆုံးသွားမှ သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ သူတို့၏

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ လေးလံနေသည်။

တန့်ယုံ၏ အကြံအစည်သည် မစားရသည့်အမဲကို သဲနှင့်ပက်သည့်နှယ် အခြေအနေမရှိတဲ ဖြစ်နေသည်။ အကြံအစည်အောင်မြင်လျှင်သော်လည်းကောင်း၊ အောင်မြင်ခြင်း မရှိလျှင်သော်လည်းကောင်း ထူးထူးခြားခြား အကျိုးခံစားရမည် မဟုတ်ကြောင်း နားလည်မိကြ၏။

တန့်ယုံက ...

"ကဲ ဘယ့်နှယ်လဲ ... ကျုပ်ရဲ့အကြံအစည် ကောင်းရဲ့လား"

"သင့်မြတ်လှပါတယ် မင်းသားလေး"

ယန့်ဝူးနှင့် ကုန်းချူးတို့က ပြိုင်တူ ပြောလိုက်ကြ၏။ သူတို့သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ တန့်ယုံသဘောကျ ခေါင်းညိတ်ပြမည့်သူများ ဖြစ်သွားကြလေတော့သည်။

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ ဦးချိုကား ကျွဲကြီးများဆွဲလာသည့် လှည်းသုံးစီးမှာ တာလိနေပြည်တော်သို့ ဝင်ရောက်လာလေသည်။

ထိုကျွဲလှည်းများမှာ မြောင်ဒေသမှ လာခဲ့ခြင်းဖြစ်ကြောင်း လှည်းပေါ်တွင် လိုက်ပါလာသူများနှင့် တင်ဆောင်လာသည့် ကုန်ဓာည်းများကို ကြည့်လျှင် သိရှိနိုင်ပေတော့သည်။



ကုန်သည်အဖွဲ့ကို ဦးဆောင်လာသူမှာ တာအင်းဆိုသူ ဖြစ်ပေသည်။ တာအင်းသည် တာနား၏ ညီဝမ်းကွဲ တစ်ယောက်ဖြစ်ပေသည်။

သူရဲကောင်းတစ်ယောက်လည်း ဖြစ်သည်။ တာလိများမြောင်ဒေသသို့ လာရောက်စဉ်က မှဲ့တစ်ပေါက်မှ မစွန်းရလေအောင် မြောင်တို့က စောင့်ရှောက်ခဲ့ပေသည်။

မြောင်ကုန်သည်များ တာလိနယ်ထဲသို့ ဝင်သွားသောအခါ တာလိတပ်မှူးက စောင့်ရှောက်ရမည့်တာဝန် ရှိပေသည်။ သို့သော် တာလိများကို စိတ်မချနိုင်ပေ။

ထို့ကြောင့်လည်း မြောင်ကုန်သည်များကြား၌ တာအင်းနှင့် မြောင်သူရဲကောင်း ငါးယောက်ကို ကြားညှပ်ထည့်သွင်းပေးလိုက်ခြင်း ဖြစ်ပေသည်။

ယခု တာအင်းဦးဆောင်သည့် မြောင်ကုန်သည်များသည် တာလိနေပြည်တော်သို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

မြို့တွင်းသို့ ဝင်မိသည်နှင့် စောင့်ရှောက်လျက် လိုက်ပါလာသည့် တာလိမြင်းသည်တော်တစ်စု၏ ခေါင်းဆောင်ဖြစ်သူက ရှေ့ဆုံး

www.burmeseclassic.com

www.burmeseclassic.com



မှ ဖျဲ့လှည်းတွင် ဦးဆောင်လာသည့် တာအင်းထံ ချဉ်းကပ်လာပြီး…

"မိတ်ဆွေ၊ ခင်ဗျားတို့လှည်းတွေကို ဈေးရှေ့က မြေကွက်လပ်မှာ ရပ်နားလိုက်ပါ၊ အဲဒီမှာပဲ စခန်းချပြီး ရောင်းဝယ်နိုင်ပါတယ်"

ဟု ပြောလိုက်လေသည်။ ကြီးကျယ်ခမ်းနားလှသည့် တာလီ နေပြည်တော်ကို ရောက်လာရသည်မို့ တာအင်းတို့လူစု တအံ့တသြ ဖြစ်နေကြသည်။

ကြီးကျယ်ခမ်းနားသော အဆောက်အအုံများ၊ ဝတ်ကောင်းစားလှ ဝတ်ဆင်ကာ သွားလာနေကြသူများကို ကြည့်ကာ အားကျလာကြသည်၊ အထင်ကြီးလာကြသည်။

တာလီနေပြည်တော်၌ နေထိုင်လိုစိတ်များပင် ပေါ်ပေါက်လာကြသည်။ သို့သော် သူတို့အား အထင်သေးစွာ ကြည့်လာကြသည့် မျက်လုံးများကို မြင်ရသောအခါ မြောင်ဒေသသို့ ချက်ချင်းပြန်သွားလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

သူတို့အတွက် သတ်မှတ်ပေးသည့် မြေကွက်လပ်တွင် ဖျဲ့လှည်းများကို ရပ်နားလိုက်ကြသည်။ ထို့နောက် သယ်ဆောင်လာသည့် ပစ္စည်းများကို လှည်းပေါ်မှ ချလိုက်ကြလေသည်။

တာအင်းတို့လူစု သယ်ဆောင်လာသည့်ပစ္စည်းများမှာ အဖိုးတန် စိန်ရိုင်းတုံးများနှင့် ပျားရည်များ ဖြစ်သည်။ တာလီတို့



သည် အလွန်ကြိုက်နှစ်သက်သည့် ပစ္စည်းများဖြစ်ပေသည်။ ပစ္စည်းများကို နေရာတကျ စုပုံပြီးလျှင် တာအင်းကိုယ်တိုင် မြေကွက်လပ်ရှေ့သို့ ထွက်ကာ တာလီကုန်သည်များကို အတုယူပြီး…

"တာလီရွှေမြို့တော်သူ မြို့တော်သားများခင်ဗျား၊ မြောင်ဒေသကထွက်တဲ့ အဖိုးတန်ကုန်ပစ္စည်းတွေကို လာရောက်ကြည့်ရှုနိုင်ပါတယ်ဗျား၊ ကျုပ်တို့ဟာ တာလီနေပြည်တော်ကို ပထမဆုံး ရောက်လာတဲ့ ကုန်သည်တွေဖြစ်တဲ့အတွက် မိတ်သစ်ဆွေသစ်အနေနဲ့ ဈေးနှုန်း ချိုသာစွာ ရောင်းချပေးမှာ ဖြစ်ပါတယ်၊ ပျားရည်တွေ၊ တိရစ္ဆာန်သားရေတွေ၊ အဖိုးတန် ကျောက်ရိုင်းတုံးတွေ ပါပါတယ်၊ လာရောက်ကြည့်ရှုအားပေးကြပါခင်ဗျာ"

ဟု ကြေညာလိုက်လေသည်။ တာလီမြို့သူမြို့သားများသည် တာအင်း၏ အသံကြောင့် ဝိုင်းအုံကြည့်ရှုလာကြလေသည်။ သို့သော် ကြည့်ရုံသာကြည့်ပြီး မည်သူမျှ ဝယ်ယူခြင်း မပြုကြသေး… တာအင်းက …

"ကြည့်ပါဗျာ ကြည့်ပါ … မြောင်ဒေသက ပစ္စည်းတွေကို ကြိုက်သလို စစ်ဆေးကြည့်နိုင်ပါတယ်၊ ဈေးနှုန်းချိုချိုနဲ့ ရောင်းချပေးမှာ ဖြစ်ပါတယ်"

ဟု ထပ်တလဲလဲ ပြောနေ၏။ ဝိုင်းကြည့်နေသူများသည်

www.burmeseclassic.com

www.burmeseclassic.com



မြောင်ဒေသထွက်ကုန်များကို သဘောကျ နှစ်မြို့က်မိကြ၏။ မြောင်ဒေသမှ လူများအား ရိုင်းစိုင်းခက်ထန်သူများဟု သတ်မှတ်ထားရကား စကားပြောရန်ပင် ဝန်လေးနေကြသည်။

ထို့ကြောင့် ကုန်ပစ္စည်းများကို သဘောကျသော်လည်း မမေးဝံ့ မပြောဝံ့ဘဲ ဖြစ်နေကြ၏။ တာလီမြို့သူမြို့သားများ၏ သဘောထားကို အကဲခတ်မိသည့် တာအင်းက ...

"မြောင်ဒေသထွက်ကုန်တွေကို စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကုန်ပစ္စည်းတွေကို ကြိုက်မှ ဝယ်ယူနိုင်ပါတယ်၊ ကျုပ်တို့က မိတ်ဖြစ်ဆွေဖြစ် နမူနာလက်ဆောင်ပေးပါ့မယ်"

ပြောပြီး လက်ဆောင်ပေးရန် ကြိုတင်ယူဆောင်လာသည့် ပျားရည်ပုလင်းငယ်များ ကျောက်ရိုင်းတုံးကလေးများကို ဝေငှပေးလိုက်လေသည်။

မြို့သူမြို့သားများသည် မယူရဲ ယူရဲဖြင့် ယူလိုက်ကြသည်။ သူတို့ ပေးရှိသည့်လက်ဆောင်သည်ပင် တန်ဖိုး မနည်းလှကြောင်း သတိပြုမိကြ၏။

အားလုံး ဝမ်းသာအားရ ဖြစ်သွားကြ၏။ မြောင်များကို ရိုင်းစိုင်းခက်ထန်သူများဟု သတ်မှတ်ထားရာမှ သဘောကောင်းပြီး



ရက်ရောသူများဟု နားလည်လာကြသည်။

မြို့သူမြို့သားများ ပျော်ရွှင်သွားကြသည်ကို ကြည့်ကာ တာအင်း ပိုပြီးပျော်ရွှင်လာလေသည်။ မြောင်ဟူသည်လည်းကောင်း၊ တာလီဟူသည်လည်းကောင်း၊ လူနေမှုစရိုက်ချင်း ကွာခြားသော်လည်း လောကပေါ်မှ လူသားများ ဖြစ်ကြသည်။ လူလူချင်း အတူတူပင် ဖြစ်သည်ဟူသော အတွေးများ ဝင်လာသည်။

တာလီတို့နှင့် တိုက်ခိုက်နေမည့်အစား အတူတကွ ချစ်ကြည် ရင်းနှီးစွာ လက်တွဲနေသွားနိုင်လျှင် ကောင်းမည်ဟူသော အသိရလာသည်။

တာအင်းသည် တာလီမြို့သူမြို့သားများနှင့် ရင်းရင်းနှီးနှီး ဖြစ်လာစေရန် ရည်ရွယ်ပြီး ...

"မိတ်ဆွေများခင်ဗျား ... ဆား တစ်ပိဿာလောက်သာ ယူလာခဲ့ကြပါ၊ ကျုပ်တို့က ပျားရည်တစ်ပုလင်း ပြန်ပေးပါ့မယ်၊ အသုံးအဆောင်ပစ္စည်းတချို့ ယူလာပါ၊ အဖိုးတန်ကျောက်ပွင့်တွေ ပေးပါ့မယ်"

ဟု ကြေညာလိုက်လေသည်။ တာအင်းတို့ ရောင်းချသည့် ဈေးနှုန်းမှာ တာလီကုန်သည်များ ရောင်းချသည့် ဈေးနှုန်းနှင့် အလွန်တရာ ကွာခြားနေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့သူမြို့သားများ ပျော်ရွှင်သွားကြလေသည်။

"ဟော ... သဘောကောင်းလှတဲ့ မြောင်ကုန်သည်တွေပဲ"

"တို့တစ်တွေ ပစ္စည်းတွေ မြန်မြန်ပြန်ယူကြမယ်"

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။ တာအင်း ရောင်းချမည့် ပစ္စည်းများနှင့် လဲလှယ်နိုင်ရန် မိမိတို့၏ ပစ္စည်းများ ပြန်ယူဖို့ လူစုခွဲကာ ထွက်သွားကြလေသည်။

တာအင်း အကျေနပ်ကြီး ကျေနပ်နေသည်။ တာလိနေပြည် တော်သို့ရောက်လျှင် ကုန်ပစ္စည်းရောင်းချကာ အမြတ်အစွန်းရဖို့ထက် တာလိမြို့သူမြို့သားများနှင့် ရင်းရင်းနှီးနှီး ဆက်ဆံနိုင်ဖို့ ဦးစားပေး ရန် သူ့အား တာနားနှင့်ကြူးဝမ်းခုံးတို့က တာဝန်ပေးခဲ့ကြသည်။

ကုန်ပစ္စည်း ဖလှယ်ရောင်းချမှုအပေါ် အခြေခံကာ တစ် ယောက်နှင့်တစ်ယောက် ရင်းနှီးပွင့်လင်းမှု ချစ်ကြည်မှု ရယူနိုင်မည် ဆိုလျှင် ဘယ်သောအခါမှ တိုက်ပွဲဆင်နွှဲရတော့မည် မဟုတ်ချေ။

တာအင်းက မကြာခင် တာလိမြို့သူမြို့သားများ ပြန်လည် ရောက်ရှိလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားလေသည်။ သို့သော် သူမျှော်လင့်ထားသလို ဖြစ်မလာပါချေ။ နေမွန်းတည့်ချိန်သို့ ရောက် လာသည့်တိုင် မည်သူတစ်ဦးတစ်ယောက်မှ ရောက်မလာပါချေ။

တာအင်း အံ့သြသွားသည်။



"ဘယ်လိုဖြစ်တာလဲ ... တစ်ယောက်မှ မလာကြပါလား"

ဟု ညည်းညူလိုက်လေသည်။ ထိုစဉ် ကုန်သည်ပွဲစားပမာ ဝတ်ဆင်ထားသူ တစ်ယောက် ယစ်တောင်တဖျစ်ဖျစ်ခတ်ရင်း လှမ်း လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကုန်သည်ပွဲစားသဏ္ဌာန် ဝတ်ဆင်ထားပြီး အသက်လေး ဆယ်ခန့်ရှိသူတစ်ယောက် လှမ်းလာနေ၏။ ထိုလူသည် တာအင်းတို့ လူစုအနီးသို့ ရောက်လာပြီး မြေပေါ်၌ စုပုံထားသည့် ကုန်ပစ္စည်းများ ကို စစ်ဆေးကြည့်ရှုလိုက်သည်။

တာအင်း ပြုံးလိုက်၏။

"ကြည့်ပါမိတ်ဆွေ ... ကြည့်ပါ။ မြောင်ဒေသရဲ့ ထွက်ကုန် တွေကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးပါ့မယ်"

ဟု ပြောလိုက်လေသည်။ ထိုလူသည် ပစ္စည်းများကို စစ်- ဆေးကြည့်ပြီးလျှင် နှာခေါင်းရှုံ့ကာ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားရဲ့ ပစ္စည်းတွေက အပေါစားတွေပဲ"

ဟု နှိမ့်ချသည့်လေသံဖြင့် ပြောလိုက်သည်။ တာအင်း ဒေါသထွက်သွား၏။ သို့သော် စိတ်ကို ချုပ်တည်းထားလိုက်ပြီး ...

"မြောင်ဒေသထွက်တဲ့ အကောင်းဆုံးပစ္စည်းတွေပါဗျာ။ ဒီပစ္စည်းတွေကို မြောင်ဒေသမှာပဲ ရနိုင်ပါတယ်၊ ကျုပ်တို့ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ရောင်းချပေးတဲ့အတွက် ဈေးချိုချိုနဲ့ ရနိုင်ပါတယ်၊ မြောင်ဒေသကိုလာရောက်ပြီး ဝယ်ယူတဲ့ ကုန်သည်တွေဆီကတစ်ဆင့် ပြန်ဝယ်ယူမယ်ဆိုရင် ဈေးကြီးပေးရမှာပါ”

ဟု ရှင်းပြလိုက်လေသည်။

“ဈေးကြီးတယ် ဟုတ်လား။ ဒီလောက် အပေါစားပစ္စည်းတွေကို ဈေးကြီးတယ်လို့ ခင်ဗျားပဲ ပြောရဲတယ်၊ ကျုပ်ကို အလကားပေးတောင် ကျုပ်က မယူဘူး”

ထိုစကားကြားလျှင် တာအင်းနှင့်အတူ လိုက်ပါလာသူများ မကျေမနပ် ဖြစ်သွားကြလေတော့သည်။ တစ်ယောက်က ...

“အစ်ကိုကြီးတာအင်း ... ကျုပ်တို့ပစ္စည်းတွေကို ဒီလောက်တောင် နှိမ်နေတာ မပြောပါနဲ့ဗျာ၊ ရောင်းလည်း မရောင်းပါနဲ့တော့”

တာအင်း ခေါင်းညိတ်လိုက်သည်။

“စိတ်ချ ... ကျုပ်မရောင်းပါဘူး”

သူ၏စကားကြားလျှင် ကဲ့ရဲ့ ပြောဆိုနေသည့် ကုန်သည်ပွဲစားနှင့် တူသူ ရှုံးရှုံးရှားရှား ဖြစ်သွားလေတော့သည်။

“ဘာဗျ ... မရောင်းနိုင်ဘူး ဟုတ်လား။ ကြီးကြီးကျယ်ကျယ် ဘယ်သူက ဝယ်မှာလဲ”

တာအင်း အံကြိတ်လိုက်သည်။ ထိုလူအား တိုက်ခိုက်ရန်



တာန်ပြင်လိုက်၏။ သို့သော် ထိုလူသည် တမင်သက်သက် ရန်စလာနေဖြစ်ကြောင်း ဆင်ခြင်မိလိုက်သည်။ ထို့ကြောင့် စိတ်လျှော့လိုက်ပြီး...

“မိတ်ဆွေ ... မဝယ်ဘူးဆိုရင်လည်း မကဲ့ရဲ့ပါနဲ့ဗျာ၊ သွားပါတော့”

ဟု တောင်းပန်လိုက်လေသည်။ ထိုလူက ...

“ကျုပ်က ဒီမြို့မှာနေတာ၊ ကျုပ်ကသွားရမှာလား၊ ခင်ဗျားတို့က သွားရမှာလား၊ တာလီနေပြည်တော်ကိုလာပြီး မဟုတ်ကဟုတ်က ပစ္စည်းတွေ ရောင်းချဖို့ စိတ်မကူးစမ်းပါနဲ့”

“ဘာဗျ”

တာအင်း ဒေါသထွက်သွား၏။ တမင်သက်သက် စော်ကားနေခြင်းဖြစ်ရာ သည်းမခံနိုင်တော့ချေ။ ထိုလူအား စေ့စေ့ကြည့်ရင်း...

“ကျုပ်တို့က မတရား အမြတ်စားတဲ့ ကုန်သည်ပွဲစားတွေ မဟုတ်ဘူးဗျ၊ မိတ်ဖြစ်ဆွေဖြစ် ရောင်းချဖို့ လာကြတာ၊ ဆားတစ်ပွင့်သောက်နဲ့ ပျားရည်တစ်မှုလင်း ပေးနိုင်တယ်၊ ကုန်ကုန်ပြောရရင် ကျုပ်တို့ရဲ့ ပစ္စည်းတွေကို အလကားလိုလို ပေးဖို့လာခဲ့တာ၊ ကျုပ်တို့ လိုချင်တာ ရွှေမဟုတ်ဘူး၊ ငွေမဟုတ်ဘူး၊ ငြိမ်းချမ်းမှုပဲဗျ”

ဟု အော်ပြောလိုက်၏။ ထိုလူက မြေပေါ်ခြေဆောင့်လိုက်ပြီး —

www.burmeseclassic.com

www.burmeseclassic.com



"ထို့ ... ခင်ဗျားတို့ကပဲ ကြီးကြီးကျယ်ကျယ် ပြောရသေးတယ်၊ တာလီတွေက ခင်ဗျားတို့နဲ့ ထမင်းတစ်စားပွဲတည်း ထိုင်စားမယ့်လူတွေလို့များ ထင်နေသလား။ ဟွန်း ဝေးပါသေးတယ်"

တာအင်း စိတ်မထိန်းနိုင်ပါတော့ချေ။ ထိုလူ၏ မျက်နှာတည့်တည့်သို့ လက်သီးတစ်လုံးပစ်သွင်းလိုက်လေသည်။

'ခွပ်'

"အား"

ကျယ်လောင်သောမြည်သံ ထွက်ပေါ်လာ၏။ ထိုလူမှာ တာအင်း၏ လက်သီးထိုးချက်ကြောင့် မြေပေါ် ဖင်ထိုင်ကျသွား၏။

နှာခေါင်းရိုးကျိုးကာ သွားသုံးချောင်း ကျိုးသွားသဖြင့် မျက်နှာတစ်ပြင်လုံး သွေးချင်းချင်းနီရဲသွားလေသည်။ ထိုလူမှာ ပြန်လည်တိုက်ခိုက်ရန် မစဉ်းစားဘဲ ...

"ကယ်ကြပါဦး၊ ကျုပ်ကို မတရားအနိုင်ကျင့်နေတယ်"

ဟု ကုန်းအော်လိုက်၏။ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ မရှေးမနှောင်းမှာပင် ...

"ဟေး ဟေး"

ဩသံပေးသံနှင့်အတူ တာလီစစ်သည်များ စုရုံးပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရတော့၏။



"ကျုပ်မှားသွားတယ်"

တာအင်းက ပြောလေသည်။ ကြူးဝမ်းခုံး ခေါင်းယမ်းလိုက်သည်။

"မင်းမမှားဘူး"

တာနားက ...

"မင်းနေရာမှာ ငါသာဆိုရင် အဲဒီလူလည်ပင်းကို လိမ်ချိုးပစ်မိမှာပဲကွ"

ဟု မကျေမနပ်ဖြင့် ပြောလေသည်။ တာအင်း စိတ်သက်သာရာ ရသွားသည်။ တာလီနေပြည်တော်သို့ သွားခဲ့သည့် သူတို့အ[illegible]သည် မရှမလှ တပ်ခေါက်ပြန်ခဲ့ရသည် မဟုတ်ပါလား။

ကြူးဝမ်းခုံးက ...

"တာလီတွေက တမင်စော်ကားဖို့ အကွက်ဆင်ထားကြတာ [illegible]တယ်၊ မင်းတို့ ရောက်ရောက်ချင်း လူတွေ ဝိုင်းလာတယ် [illegible]သား။ လက်ဆောင်ပစ္စည်းတွေပေးတော့ ယူကြတယ် မဟုတ်[illegible]"

"ဟုတ်တယ် ... သူတို့ ဝိုင်းကြည့်နေကြတယ်၊ ကျုပ်က [illegible]ဆောင်ပစ္စည်းတွေပေးတော့ ဝမ်းသာအားရ ယူကြတယ်။ [illegible]တိုင်းပြောရင် မြို့သူမြို့သားတွေက ကျုပ်တို့ရဲ့ပစ္စည်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို လိုချင်ကြတာ သေချာတယ်၊ တစ်ယောက်ယောက်က တားဆီးလိုက်လို့ မလာဝံ့ကြတာဘဲ ဖြစ်ရမယ်"

"ဘယ်သူက ဟန့်တားတာလဲ"

ဝမ်းဟိုးက မေးလေသည်။ တာနားက ...

"မင်းသားလေး တန့်ယုံရဲ့ လက်ချက် ဖြစ်မှာပေါ့"

"သူက ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"တို့တစ်တွေ ဆက်ဆံတာကို နဂိုကတည်းက သူသဘောကျတာမဟုတ်ဘဲ၊ သူက တို့တစ်တွေကို ကြည့်လို့မရဘူးဆိုတာ သေချာတယ်"

"တို့က သူတို့ကို ဘာလုပ်ခဲ့လို့လဲ"

"ဘာမှ မလုပ်ဘူးလေ၊ တစ်ခုပဲပြောစရာရှိတယ်၊ လွှတ်လိုက်တဲ့ ယန့်ဂူတို့လူစုကို တို့က ဆုံးမလိုက်တာကို သူမကျေမနပ်ဖြစ်နေတာပဲ ဖြစ်မယ်"

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"တာလီဘုရင်က မင်းဟာ တာလီကုန်သည်တစ်ယောက်ကို ထိုးကြိတ်ရိုက်နှက်လိုက်တဲ့အတွက် အပြစ်ဒဏ်ပေးတဲ့ အနေနဲ့ မင်းရဲ့ ကုန်ပစ္စည်းတွေကို သိမ်းယူတယ်၊ ဒါပေမဲ့ သူက မင်းမနစ်နာရလေအောင် လက်ဆောင်အနေနဲ့ တာလီပြည်က အမိုးတန်ပစ္စည်းတွေ



လှည်းသုံးစီးအပြည့် ပြန်ပေးလိုက်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် တာလီဘုရင်ရဲ့ မှုတာတဲ့စိတ်ထား ပေါ်လွင်တာပေါ့"

"ဘာဗျ"

ဝမ်းဟိုး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ကြူးဝမ်းခုံးက ရှင်းပြလိုက်သည်။

"တာလီဘုရင်က တို့နဲ့ အေးအေးချမ်းချမ်း နေချင်တယ်၊ ဆက်ဆံချင်တယ်၊ ဒါကြောင့် ပြဿနာ ဖြစ်လာတဲ့တိုင် ဘယ်သူမှ မနစ်နာအောင် ဆုံးဖြတ်လိုက်တာပေါ့၊ တကယ်ဆိုင် မင်းကို နှောင့်ယှက် စော်ကားတာ လက်တုံ့ပြန်ဖို့ မကောင်းဘူး၊ တာလီတွေဘက်က တာဝန်ရှိတဲ့ လူတစ်ယောက်ယောက်ကို အကျိုးအကြောင်း ပြောပြ တိုင်တန်းသင့်တယ်၊ သူက အရေးမယူဘူးဆိုရင် သူတို့ဘက်က စိတ်ထားမမှန်တာ ပေါ်လွင်နေပြီပေါ့၊ ကိုယ်က စိတ်လိုက်မာန်ပါ လုပ်လိုက်တဲ့အတွက် သူများအမှားဟာ ကိုယ့်အမှား ဖြစ်သွားရတာပေါ့၊ တာလီဘုရင်နဲ့ငါတို့ နားလည်မှုရခဲ့ကြပေမယ့် မကျေနပ်တဲ့လူ ရှိနေတာ သေချာတယ်၊ သူက အမျိုးမျိုး နှောင့်ယှက်နေမှာပဲ၊ ဒါပေမဲ့ တာလီဘုရင်ရဲ့ အဆုံးအဖြတ်ကိုကြည့်ရင် နှောင့်ယှက်တဲ့လူဟာ တာလီဘုရင်ကို ကျော်လို့မရဘူးဆိုတာ ထင်ရှားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူဟာ မင်းသားလေး တန့်ယုံဆိုတာ ထင်ရှားနေတာပဲ"

"တန့်ယုံဟာ အခုအချိန်မှာ ရေမြေတစ်ကောင်ပါပဲ၊ တို့ ဂရုစိုက်စရာ မလိုပါဘူး၊ တာလိဘုရင်နဲ့ အဆင်ပြေအောင် ဆက်ဆံဖို့ပဲ ရှိတယ်၊ အေး ... တာလိဘုရင် မရှိတော့ဘူးဆိုရင် တန့်ယုံ တာလိ ထီးနန်းကို ဆက်ခံပြီဆိုရင် သတိထားရတော့မယ်"

တာနားက ...

"ဟုတ်တယ်၊ တို့ရဲ့နံပါတ်တစ် ရန်သူဟာ မင်းသားလေး တန့်ယုံပဲ၊ ဒါကို ကျုပ်တို့ နားလည်သဘောပေါက်ဖို့ လိုတယ်"

ကြူးဝမ်းခုံးက ...

"အင်းလေ ... ကျုပ်တို့ တစ်ဖက်နဲ့တစ်ဖက် ကူးသန်းဆက်ဆံ ရင်း ချစ်ကြည်ရင်းနှီးမှု ရယူကြတာပေါ့၊ တကယ်လို့ သူတို့ဘက်က သဘောထားမပြောင်းလဲရင် ရှေးဆက်ပြီး ဆက်ဆံသွားကြတာပေါ့၊ တကယ်လို့ သူတို့ဘက်က ပုံသဏ္ဌာန်မမှန်တော့ရင် အဆက်အသွယ် ဖြတ်လိုက်ကြတာပေါ့"

တာနား၊ တာအင်းနှင့် ဝမ်းဟိုးတို့သည် ကြူးဝမ်းခုံးကို စိုက်ကြည့်လိုက်ကြလေသည်။ ကြူးဝမ်းခုံးသည် မြောင်မျိုးနွယ်စု ခေါင်းဆောင်များတွင် အသက်အငယ်ဆုံးနှင့် စိတ်သဘောထား အပျော့



ပျောင်းဆုံး ဖြစ်နေသည် မဟုတ်ပါလား။

"တာလိနေပြည်တော်ကို မင်းတို့ ရောက်ဖူးကြမှာပေါ့၊ သူတို့ရဲ့ လူနေမှု စရိုက်နဲ့ တို့ရဲ့ လူနေမှုစရိုက် ဘယ်လိုကွာခြားသလဲဆိုတာ လက်တွေ့သိကြမှာပဲ၊ တို့တစ်တွေ သွားလာစားသောက်နေထိုင်ကြတာနဲ့ သူတို့တစ်တွေရဲ့ ပုံသဏ္ဌာန် ဘယ်လိုကွာခြားသလဲ"

တာအင်းနှင့်တာနားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်လေသည်။

"သူတို့က မိန်းမဆန်တာပေါ့"

"ဟား ဟား ဟား"

တာအင်းနှင့်တာနားတို့သည် သဘောကျစွာ ရယ်မောလိုက်ကြလေသည်။ ကြူးဝမ်းခုံးက ရယ်မောခြင်းမပြုပေ။

တာအင်းက ...

"သူတို့ဟာ မိန်းမဆန်တာဆိုပေမယ့် ကြီးကျယ်ခမ်းနားတဲ့ အဆောက်အအုံတွေ ဆောက်ပြီး နေကြတယ်၊ ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ကြတယ်၊ အချိန်တိုင်းလိုလို ပွဲလမ်းသဘင်တွေ ဆင်ဆင် ကျင်းပနေတာပဲ"

တာနားက ...

"သူတို့ဟာ ချမ်းသာကြွယ်ဝကြတယ်ကွ၊ ဒါပေမဲ့ တာလိပြည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြည်လုံး ပေါင်းတာတောင် မြောင်ဒေသရဲ့ စားကျက်နယ်မြေ တစ်ခုလောက် တန်ဖိုးမရှိသေးပါဘူး”

ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ သူတို့ဟာ တို့လောက် သယံဇာတ မပေါများပါဘူး။ ဒါပေမဲ့ တို့ထက် အဆင်အတန်းမြင့်မြင့် နေနိုင်ကြတယ်၊ လူ ယဉ်ကျေးတွေလို့ ခံယူကြတယ်၊ တို့ဟာ သယံဇာတ ပေါကြွယ်တယ်၊ ဒါပေမဲ့ တို့ကို ရိုင်းစိုင်းခက်ထန်တဲ့ လူတွေလို့ သတ်မှတ်ခံရတယ်၊ အဲဒါ ဘာကြောင့်လဲ စဉ်းစားကြည့်ကြစမ်းပါ”

တာအင်း၊ တာနားနှင့်ဝမ်းဟိုးတို့ ပါးစပ်ပိတ်ထားလိုက်ကြသည်။ ကြူးဝမ်းခုံးက သူတို့သုံးယောက်အား ငေးကြည့်လိုက်ပြီး ...

“ကျုပ်မေးခွန်းရဲ့ အဖြေကတော့ သူတို့ဟာ တို့ထက် ယဉ်ကျေးမှု ပိုပြီးကြွယ်ဝလို့ပဲ၊ စာပေကျမ်းဂန် တတ်မြောက်တဲ့လူ ပိုများလို့ပဲ”

တာအင်း၊ တာနားနှင့် ဝမ်းဟိုးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။ ကြူးဝမ်းခုံး၏ စကား မှန်ကန်နေသည်ကိုလည်း သတိပြုမိလိုက်ကြလေသည်။ ကြူးဝမ်းခုံးက ...

“တို့တစ်တွေ စာပေပညာ တတ်မြောက်ထားကြမယ်ဆိုရင် မြို့တွေ ရွာတွေ ဘယ်လိုတည်ဆောက်ကြမယ်မသိ၊ စည်းပင်အောင်



ဘယ်လို လုပ်ကြရမယ်၊ ဘယ်လိုစီမံခန့်ခွဲ အုပ်ချုပ်ကြရမယ်ဆိုတာ သိလာကြမှာပဲ၊ တာလီတွေနဲ့ ဆက်ဆံတဲ့အချိန်မှာ စီးပွားရေးအရ သူတို့က အမြတ်ထုတ်ကြသလို တို့ကလည်း လူငယ်လူရွယ်တွေ စေလွှတ်ပြီး သူတို့ဆီက စာပေယဉ်ကျေးမှု ပညာကို လေ့လာရင်း အမြတ်ထုတ်ရမှာပဲ”

ဟု ပြောလိုက်၏။ မည်သည့် မြောင်ခေါင်းဆောင်မှ မပြောသည့် စကား ကြူးဝမ်းခုံးက ပြောလိုက်ခြင်း ဖြစ်ပေသည်။

“တို့ရဲ့ လူငယ်လူရွယ်တွေထဲမှာ ဉာဏ်ကောင်းပြီး အရည်အချင်းရှိတဲ့လူတွေ၊ မြောင်ဒေသကို ချစ်မြတ်နိုးတဲ့ လူတွေ ရွေးချယ်ရလိမ့်မယ်၊ တာလီဘုရင်နဲ့ ညှိနှိုင်းမှုယူပြီး တို့လူငယ်တွေကို တာလီပြည်မှာ ပညာတော်သင် စေလွှတ်ရလိမ့်မယ်”

တာအင်း၊ တာနားနှင့် ဝမ်းဟိုးတို့သည် ကြူးဝမ်းခုံးအား ငေးကြည့်နေကြ၏။ သူတို့သည် ကြူးဝမ်းခုံး၏ တွေးခေါ်မြော်မြင်မှုကို အံ့သြလေးစားနေကြပြီ ဖြစ်လေသည်။

ကြူးဝမ်းခုံးသည် မြောင်ဒေသ တိုးတက်စည်ပင်အောင် ရွမ်းဆောင်နိုင်မည့် တစ်ဦးတည်းသောခေါင်းဆောင်ဖြစ်သည်ဟု ထင်သည်း ယုံကြည်လာကြသည်။

“တာနား ... ဒီကိစ္စကို မင်းပဲ တာဝန်ယူပါ၊ မြောင်ဒေသက

www.burmeseclassic.com

www.burmeseclassic.com



မြင်းရိုင်းတွေကို လက်ဆောင်ပေးမယ်ဆိုရင် တာလီဘုရင် သဘော မတူဘဲနေမှာ မဟုတ်ပါဘူး။ တာအင်းတို့လူစု သွားတုန်းက ပြဿနာ ဖြစ်ခဲ့လို့ အခုတစ်ခါ တို့လူတွေကို စေလွှတ်လိုက်ရင် ဘယ်လိုပြဿနာ မျိုးမှ မပေါ်ပေါက်ရလေအောင် သူတို့ဘက်က စောင့်ထိန်းကြလိမ့် မယ်လို့ ငါယုံကြည်တယ်"

ဟု ပြတ်သားစွာပြောလိုက်၏။ ထိုစကားကြားလျှင် ဝမ်းဟိုး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။



တာလီနေပြည်တော်နှင့် မြောင်မျိုးနွယ်စုများ၏ ဆက်ဆံ ရေးမှာ မကြုံစဖူး ထူးတဲစွာ ကောင်းမွန်ခဲ့သည်။ တာလီကုန်သည် များသည် မြောင်ဒေသသို့ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာကြ

မြောင်ဒေသမှ ထွက်ကုန်များကို တစ်ကြိမ်ထက်တစ်ကြိမ် ဈေးနှုန်းမြှင့်ပေးပြီး ဝယ်ယူကြသည်။ မြောင်ဒေသအတွက် လိုအပ် နေသည့် တာလီပြည်မှ ထွက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးကြသည်။

တာလီကုန်သည်များနှင့်အတူ မြောင်ဒေသသို့ လှေ့လာရန် တာလီများ လိုက်ပါလာကြသည်။

ထို့အတူ ...

မြောင်လူငယ်လူရွယ်များသည်လည်း တာလီပြည်ခံ့ပုမှ စီးပွားရေး ယဉ်ကျေးမှု စသည့်ပညာရပ်များ သင်ယူလေ့လာ

www.burmeseclassic.com

www.burmeseclassic.com



နေကြပြီ ဖြစ်သည်။

တာလီပြည်နှင့် မြောင်ဒေသ ကူးလူးဆက်ဆံမှု တိုးတက်များပြားလာသည်ဟု ဆိုရပေမည်။ တာလီပြည်သူပြည်သားများ၏ စိတ်ထဲဝယ် မြောင်မျိုးနွယ်စုများသည် ရိုင်းစိုင်းခက်ထန်သူများ ဖြစ်ကြသည်ဆိုသည့် ယူဆချက်များ လျော့ပါးသွားသလို မြောင်ဒေသမှ မျိုးနွယ်စုများသည်လည်း တာလီတို့သည် မြောင်ဒေသကို သိမ်းပိုက်လိုသည့် ကျူးကျော်သူများဟု သတ်မှတ်ထားခြင်းသည်လည်း လျော့ပါးလာသည်။

တာလီနှင့် မြောင်တို့ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည့် အကျိုးကျေးဇူးကို နှစ်ဖက်စလုံး ခံစားခဲ့ကြရပေသည်။

ကြူးဝမ်ခုံးသည် မြောင်ဒေသတိုးတက်ရေးကို ပြင်းပြင်းထန်ထန် ကြိုးစားဆောင်ရွက်ခဲ့သလို သူ၏ အိမ်ထောင်ရေးသာယာဖို့အတွက် လည်း အတတ်နိုင်ဆုံး ကြိုးစားခဲ့လေသည်။

ယဉ်ယဉ်သည် အိမ်ရှင်မကောင်း ပီသသူ ဖြစ်ပေသည်။ သူတို့နှစ်ယောက်၏ အိမ်ထောင်ရေးသည် ဖြောင့်ဖြူးသာယာခဲ့သည်။

သူတို့နှစ်ယောက်သည် တောင်ပေါ်ရွာကလေး၌ပင် သစ်လုံးများဖြင့် အိမ်ကလေးတစ်လုံး ဆောက်ကာ နေထိုင်ခဲ့ကြသည်။



အေးမြသော ဆောင်းကာလ၏ နေ့တစ်နေ့တွင် ယဉ်ယဉ်သည် ကြူးဝမ်ခုံးအတွက် သံယောဇဉ်ကြိုးတစ်ချောင်းဖြင့် ထပ်မံ တုပ်နှောင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သစ်လုံးအိမ်ကလေး ပတ်ဝန်းကျင်ဝယ် နှင်းပင်လယ်ကြီး ဖြစ်နေသည်။ ကြူးဝမ်းခုံးသည် ရှေ့၌ချထားသည့် အရက်အိုးကို မယူဘဲ တစ်ကျိုက်ပြီးတစ်ကျိုက် သောက်နေ၏။ ထိုစဉ် ...

"မင်းအရက်မူးနေလို့ ဖြစ်ပါမလားကွ"

ကြူးဝမ်းခုံး လှမ်းကြည့်လိုက်သည်။ ထိုအခါ သူ့ထံသို့ ခန္ဓာကိုယ် ထွားကျိုင်းသန်မာလှသူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟာ တာနား ... မင်းရောက်လာတာ အတော်ပဲကွ"

မှန်ပေသည်။ လှမ်းလာနေသည့် လူသန်ကြီးမှာ တာနား ဖြစ်လေသည်။ တာနားသည် မြင်းရိုင်းများ လိုက်လံဖမ်းဆီးနေသဖြင့် ကြူးဝမ်းခုံးထံ မရောက်သည်မှာ ကြာပြီဖြစ်လေသည်။

တာနားက ...

"အခုအချိန်မှာ မင်းက အရက်မူးနေလို့ မဖြစ်ဘူး၊ ကဲ —



ငါ့ကို အရက်အိုး ပေးစမ်းပါဦး"

ကြူးဝမ်းခုံးက လှမ်းပေးလိုက်သည်။ တာနားက လှမ်းယူပြီး တစ်စက်မကျန် ကုန်စင်သည်အထိ မော့ချလိုက်သည်။ ပြီးလျှင် အရက်အိုးကို လွှင့်ပစ်လိုက်ပြီး ...

"ကောင်းလိုက်တဲ့အရက်"

ဟု ချီးကျူးလိုက်လေသည်။

"ဆောင်းတွင်းအတွက် ကြိုပြီး စိမ်ထားတာလေကွာ၊ ငှက်တွေ အသိုက်ပြောင်းတာကို ကြည့်ပြီး ဒီနှစ် ဆောင်းတွင်းမှာ ပိုအေးမယ်ဆိုတာ ငါရိပ်မိခဲ့တယ်၊ ဒါကြောင့် အရက်ကို အပြင်းဆုံးဖြစ်အောင် စိမ်ပြီး မနှစ်ကတည်းက စိမ်ထားခဲ့တာပေါ့"

ဟု ရှင်းပြသည်။ တာနားက ...

"မင်းကတော့ ဘာမဆို သေသေချာချာ တွက်ချက်ပြီး လုပ်တာပဲ၊ အခုဆိုရင် မြောင်ဒေသဟာ အတော်တိုးတက်နေပြီကွ၊ ဟာလီတွေနဲ့ ရင်ဆိုင်စရာ မလိုတော့ဘူးဆိုတော့ အမဲလိုက်ဖို့ မြင်းမွေးမြူဖို့ အချိန်ပိုရတာပေါ့"

မှန်ပေသည်။ ရင်ဆိုင်တိုက်ပွဲများကို ရှောင်ရှားနိုင်ခဲ့ပြီ ဖြစ်သော မြောင်သူရဲကောင်းများ၏ အသက်သွေးချွေးကို တိုက်ပွဲများ၌ ပေးဆပ်ရန် မလိုတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အမဲလိုက်ခြင်း၊ မြင်းရိုင်းဖမ်းခြင်း၊ မြေရိုင်းများဖော်ထုတ်ခြင်း စသည့် လုပ်ငန်းများ လုပ်ဆောင်ရန် အချိန်ပိုရလာသည်။ တာလိပြည်နှင့် မြောင်ဒေသ နှစ်ခုလုံး အေးချမ်းသာယာပြီး ဖွံ့ဖြိုး တိုးတက်လာသည်ဟု ဆိုရမည် ဖြစ်ပေသည်။

တာနားက ...

"ဘယ်လိုလဲ၊ ယဉ်ယဉ် မီးဖွားခါနီးပြီဆို၊ ဒီသတင်းကြောင့် ငါ အမြန်ဆုံး လိုက်လာခဲ့တာကွ"

ကြူးဝမ်းခုံးက နောက်ကျောခိုင်းထားသည့် သစ်လုံးအိမ်ကလေးကို ညွှန်ပြရင်း ...

"အိမ်ထဲမှာ လူရှုပ်နေတာပဲ ကြည့်ပေတော့"

မှန်ပေသည်။ သစ်လုံးအိမ်ကလေးအတွင်း၌ တောင်ပေါ်ရွာမှ အမျိုးသမီးကြီးများ စုရုံးရောက်ရှိနေကြပေသည်။ သူတို့သည် တိုးတိတ်စွာ လှုပ်ရှားသွားလာ နေကြသော်လည်း အသံဗလံများမှာ အပြင်ဘက်သို့တိုင် လွင့်ပျံ့နေသည်။

ဘအင်းအင်း ညည်းညူသံများလည်း ထွက်ပေါ်နေသည်ကို ကြားနိုင်သည်။ ယဉ်ယဉ်၏မိခင်ကြီးသည် လွန်ခဲ့သည့် ခြောက်လခန့်ကပင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့် ယဉ်ယဉ်မှာ အထီးကျန်ပမာ ဖြစ်ခဲ့ရသည်။



မိခင်ကြီးအတွက် ဝမ်းနည်းပူဆွေးပြီး တမှိုင်မှိုင် တတွေတွေ ဖြစ်နေခဲ့သည့် ယဉ်ယဉ်မှာ ရင်သွေးငယ်မွေးဖွားပြီးလျှင် ဘဝကို ရင်ဆိုင်ရန် ခွန်အားများ ရရှိလာမည်ဟု ကြူးဝမ်းခုံး ယုံကြည်ထားလေသည်။

ထိုစဉ် ...

"အူဝဲ အူဝဲ"

သစ်လုံးအိမ်ကလေးအတွင်းမှ ကလေးငိုသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကြူးဝမ်းခုံးက ထခုန်လိုက်သည်။

"မွေးပြီကွ"

"ဟုတ်တယ်"

သူတို့နှစ်ယောက် သစ်လုံးအိမ်ကလေးဘက် လှည့်ကြည့်လိုက်ကြသည်။ ထိုအခါ လက်သည်အဘွားအိုက အတွင်းဘက်မှ ခေါင်းပြူထွက်လာပြီး ...

"ခေါင်းဆောင်ကြူးအတွက် မြောင်သူရဲကောင်းတစ်ယောက် ရပြီ"

ဟု လှမ်းပြောလေသည်။ ကြူးဝမ်းခုံး မျက်လုံးပြူးသွားပြီး မှ —

"ဟုတ်ပြီကွ ... ယောကျ်ားလေးကွ"

ဟု အော်ဟစ်လိုက်လေသည်။ တာနား ပြုံးဖြီးဖြီး ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



၏။ ကြူးဝမ်းခုံးနှင့် ယဉ်ယဉ်တို့မှ သားယောကျာ်းလေး မွေးဖွားလာပါစေဟု သူက ကျိတ်ပြီး ဆုတောင်းခဲ့သည် မဟုတ်ပါလား။

သို့မှသာလျှင် ကြူးဝမ်းခုံး၏ အရိုက်အရာ ဆက်ခံနိုင်မည့် သူရဲကောင်းတစ်ယောက် ပေါ်ထွန်းလာမည် ဖြစ်လေသည်။ ထိုစဉ်

"ခေါင်းဆောင်ကြူး ဒီကိုလာပါဦး"

ခေါ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကြူးဝမ်းခုံး ခပ်သွက်သွက် လျှောက်သွား၏။ လက်သည်အဘွားအိုက နီရဲနေသော ကလေးပေါက်စလေးကို သူ၏လက်ထဲ ထည့်ပေးလိုက်၏။

ကြူးဝမ်းခုံးက ပိုင်ပိုင်နိုင်နိုင် ထွေးပွေ့လိုက်၏။ ထို့နောက် သစ်လုံးအိမ်ကလေးရှေ့ရှိ သစ်သားအင်တုံကြီးအနီးသို့ လှမ်းသွား၏။

သစ်သားအင်တုံထဲဝယ် ရေအပြည့် ရှိနေပါသည်။ ရေခဲမတတ် အေးစိမ့်လှသည်ဖြစ်ရာ အင်တုံထဲမှရေသည်ပင် အပေါ်ယံ ကျော ခင်းမာနေသည်။

ကြူးဝမ်းခုံးက အင်တုံထဲမှ ရေကို လက်ဖြင့် လျှစ်ခပ်လိုက်၏။ ပြီးလျှင် သူ၏ရင်သွေးကို ရေထဲ ဆတ်ခနဲ နှစ်လိုက်၏။ မွေးကင်းစ ကလေးငယ်ကို ရေထဲစုန်းစုန်းမြုပ်အောင် နှစ်ချလိုက်ခြင်း ဖြစ်သည်။

ကလေးငယ်မှာ အေးသည်ကတစ်ကြောင်း၊ ရေမွန်းသည်က တစ်ကြောင်းကြောင့် ငိုပင်မငိုနိုင်တော့ပါ။ တာနားက မာန့်တားခြင်း မပြုဘဲ ဘေးမှရပ်ကြည့်နေ၏။

ကလေးတစ်ယောက် မွေးဖွားလာသည်နှင့် အေးမြလှသည့် ရေထဲ စုန်းစုန်းမြုပ်အောင် နှစ်မြှုပ်ရသည်မှာ တောင်ပေါ်သားတို့၏ ထုံးစံဖြစ်၏။

ရေခဲမတတ် အေးမြသည့် တောင်ပေါ်ဒေသ၌ အအေးဒဏ်ကို ခံနိုင်ရည်ရှိမှ အသက်ရှင်ကြီးပြင်းနိုင်ပေလိမ့်မည်။ ထို့ကြောင့် မွေးဖွားပြီးသည်နှင့် အအေးဒဏ် ခံနိုင်ရည်ရှိအောင် ရေထဲနှစ်ခြင်း ဖြစ်သည်။

အကယ်၍ အေးမြလွန်းသဖြင့် ကလေးငယ် သေဆုံးသွားသည်ဆိုလျှင် နှင်းတောထဲ၌ စွန့်ပစ်လိုက်ရုံသာ ရှိ၏။ အသက်ရှင်မည်ဆိုလျှင်ကား တောင်ပေါ်ဒေသ၏ ဆိုးရွားသော ရာသီဥတုကို မှုစရာ ဆိုတော့မည် မဟုတ်ပါချေ။

ကြူးဝမ်းခုံးက ကလေးကို ရေထဲမှ ဆယ်ထုတ်လိုက်၏။ ခြေနှစ်ချောင်းကို ကိုင်ကာ ဇောက်ထိုး မြှောက်ထားလိုက်ပြီး တင်ပါးသို့ လက်ဝါးဖြင့် ခပ်ဆတ်ဆတ် ရိုက်ချလိုက်၏။

'ဖြန်း'

"ဝါး"

www.burmeseclassic.com



ကလေးငယ်သည် ဝါးခနဲ ငိုကြွေးလိုက်သည်။ ကြူးဝမ်းခုံး၏ မျက်နှာ ပြုံးရွှင်သွား၏။ ကလေးကို ရင်ခွင်ထဲ ပွေ့ထားလိုက်၏။ တာနားက လက်သည်အဘွားအိုပေးသည့် အမွေးပွစောင်တစ်ထည်ကို ယူကာ ကြူးဝမ်းခုံးအား လှမ်းပေးလိုက်၏။ ကြူးဝမ်းခုံးယူကာ ကလေးကို ထွေးပွေ့လိုက်၏။

"ကျုပ်ကို ပေးပါ"

လက်သည်အဘွားအိုက ကလေးတောင်းသည်။ ကြူးဝမ်းခုံးက မပေးချင်ပေးချင် ပေးလိုက်၏။ လက်သည်အဘွားအိုသည် ကလေးကို နို့တိုက်ရန် သစ်လုံးအိမ်ကလေးအတွင်းဘက်သို့ ပြန်လည်ခေါ်ဆောင်သွား၏။

ကြူးဝမ်းခုံးနှင့်တာနားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ထို့နောက် ...

"ဟား ဟား ဟား"

ပြိုင်တူ ရယ်မောလိုက်ကြသည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ရဲသွေးနီနီလွမ်းတေးပန့်ချီ

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၃၉၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၈၆၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း။
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံတော်၏ အဓိကရည်မှန်းချက်သုံးရပ်

- ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

## ကြိတ်ပုန်းခုတ်သူများ

လေပြည်လေညင်း ဖွေ့ယမ်းတိုက်ခတ်လာသည်။ ပြတင်းပေါက် စာခန်းဆီးများ လူးလွန့်သွားၡ၏။ လေပြည်တို့သည် မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များကို သယ်ဆောင်လာသည်။ ထို့အပြင် အေးစိမ့်မှုကိုလည်း သယ်ဆောင်လာသည်။

ချမ်းစိမ့်စိမ့် ဖြစ်လာ၍ တန့်ယုံ အင်္ကျီရင်ဘတ်ကို တင်းတင်းဆွဲစေ့လိုက်သည်။ စားပွဲပေါ်မှ အသင့်ထည့်ပြီးသား အရက်ခွက်ကို ကောက်ယူကာ မော့ချလိုက်၏။

ထိုစဉ် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တန့်ယုံ လှည့်မကြည့်ဘဲ ...

"ပညာရှိကြီး ... တပ်မှူးတွေရောက်လာကြပြီလား"

ဟု ပြောလိုက်၏။ မှန်ပေသည်။ သူ၏ရှေ့သို့ ယန်ရှင့်ထုန်းချူးတို့ရောက် ရှိလာကြသည်။ ယန်းဝူနှင့် ကုန်းချူး ဂါရဝ

www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်ကြ၏။

"မင်းသားလေးကို ဂါရဝပြုပါတယ်"

တန့်ယုံ လက်ဝှေ့ယမ်းပြ၏။

"ထိုင်ကြပါ"

ယန်ဝူးနှင့် ကုန်းချူးတို့ ထိုင်ချလိုက်၏။ ယခုဆိုလျှင် သူတို့ သုံးယောက်သည် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံနေမိကြပြီ ဖြစ်သည်။

ယန်ဝူးသည် တန့်ယုံ၏ ကူညီစောင်မမှုဖြင့် ရာထူးအဆင့် တဖြည်းဖြည်း မြင့်မားလာပြီး ယခုဆိုလျှင် တပ်မှူးကြီးအဆင့်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

ကုန်းချူးသည်လည်း တာလီနေပြည်တော်၌ မိန်းမ သုံးယောက်ယူပြီး တင့်တောင့်တင့်တယ် ထားနိုင်သည့် အခြေအနေသို့ ရောက်ရှိလာသည်။

ယန်ဝူးနှင့် ကုန်းချူးတို့သည် တန့်ယုံ တာလီထီးနန်းကို သိမ်းပိုက်နိုင်ခဲ့လျှင် ယခုထက်ပိုပြီး အကျိုးရှိဦးမည် ဖြစ်သည်ကို နားလည်မိကြ၏။

ထို့ကြောင့် တန့်ယုံ၏ အလိုလိုက် အကြိုက်ဆောင်နေကြ၏။ တန့်ယုံက ယန်ဝူးနှင့် ကုန်းချူးတို့နှစ်ယောက်ကို တစ်လှည့်ကြည့်လိုက်၏။ ပြီးလျှင် ...



"နေပြည်တော်မှာ မြောင်တွေ အတော့်ကို ခြေရှုပ်နေတာပဲ"

ဟု ပြောလိုက်သည်။ အတတ်ပညာများ၊ ယဉ်ကျေးမှုများ၊ စာပေကျမ်းဂန်များ သင်ပေးရန် မြောင်လူငယ်လူရွယ် အမြောက်အများ တာလီနေပြည်တော်သို့ ရောက်ရှိနေကြပါသည်။ ယန်ဝူးက—

"ဘုရင်မင်းမြတ်ကိုယ်တိုင်က သူတို့ကို ကာကွယ်စောင့်ရှောက်ရမယ်၊ သူတို့ကို ဒုက္ခပေးရင် နောင်ယှက်ရင် ကြီးလေးတဲ့ အပြစ်ဒဏ်ခတ်မယ်လို့ အမိန့်ထုတ်ထားလို့ ဘာမှ မတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေရတာပါ၊ ဒီလိုမှ မဟုတ်ရင် သူတို့ကို ကောင်းကောင်းကြီး ဆုံးမပြီးပါပြီ"

ဟု မျက်နှာလို မျက်နှာရ ပြောလိုက်လေသည်။ ကုန်းချူးက

"မင်းသားလေးပြောတာ မှန်တယ်၊ သူတို့ဟာ တစ်နေ့တခြား တွင်ကျယ်လာနေကြပြီ၊ စာပေကျမ်းဂန်တွေ တက်သွားမယ်၊ မြို့ပြယဉ်ကျေးမှုဆိုင်ရာ အတတ်ပညာတွေ တတ်သွားမယ်ဆိုရင် ကြီးကျယ်လာကြမှာပဲ၊ မြင်းကို ချိုတပ်ပေးတာနဲ့ အတူတူပေါ့"

ဟု ဝင်ထောက်၏။

"သူတို့ကို ဆုံးမဖို့ နည်းလမ်းမရှိတော့ဘူးလား"

ယန်ဝူးနှင့် ကုန်းချူးတို့ ပြိုင်တူခေါင်းခါယမ်းလိုက်ကြလေသည်။

"ဘုရင်မင်းမြတ်ရဲ့ အမိန့်ကြောင့် ဘာမှ မတတ်နိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေး"

"ဟာ ... ခက်တာပဲ"

"ဖေဖေက ကျုပ် ခုလို လွတ်လွတ်လပ်လပ် နေတာကို သဘောမကျဘူး ထင်ပါရဲ့ဗျာ၊ ကျုပ်ကို အိမ်ထောင်ချပေးဖို့ စီစဉ် နေတယ်၊ ကျုပ်တော့ စိတ်ထဲရှိတာ ဘာမှ လုပ်နိုင်တော့မှာမဟုတ် ပါဘူး"

ဟု ပြောလေသည်။

"မင်းသားလေးနဲ့ ရွှေကျား ရဲတိုက်သခင်မလေးတို့ကို လက် ဆက်ပေးမယ့်သတင်း တာလီနေပြည်တော်မှာ ပျံ့လွင့်နေပါပြီ၊ မြို့ သူမြို့သားတွေကလည်း များစွာပဲ နှစ်ထောင်းအားရ ဖြစ်နေကြပါ တယ်"

ကုန်းချူးက ...

"ရွှေကျားရဲတိုက် သခင်မလေးဟာ တာလီပိုင်နက်ထဲမှာ မြို့စားကောင်းတဲ့ အလှမယ်တစ်ပါးပါပဲ၊ မင်းသားလေးနဲ့သာ ထိုက် တန်ပါတယ်"

ဟု ဝင်ပြောလေ၏။ တန့်ယုံ သက်ပြင်းချလိုက်သည်။

ရွှေကျားရဲတိုက်သခင်မလေးသည် ငယ်ရွယ်နုပျိုပြီး လွန်စွာ မှပင် ချောမောလှပသူလေးဖြစ်ကြောင်း သူကိုယ်တိုင် သိထားပါ၏။

ရွှေကျားရဲတိုက် သခင်မလေး လန်းလန်းကို မနှစ်မြို့စရာ



အကြောင်းမရှိပါ။ သို့သော် အိမ်ထောင်ပြုလိုက်လျှင် သူနေချင်သလို နေရမည်မဟုတ်၊ သူလုပ်ချင်ရာ လုပ်ရတော့မည် မဟုတ်ဟု နား လည်ထားခြင်းကြောင့် အိမ်ထောင်ပြုရန် ဝန်လေးနေခြင်း ဖြစ်ပေ သည်။

တာလီပြည်သည် မြောင်ဒေသမှ ထွက်ကုန်များကို အား ထားနေရ၏။ တရုတ်ပြည်တစ်ဝန်းလုံးတွင် မြောင်ဒေသမှ ထွက်ကုန် များကို တာလီပြည်မှ ထွက်ကုန်များဟု သိထားကြ၏။

မြောင်ဒေသကို သိမ်းပိုက်နိုင်မည်ဆိုလျှင် တာလီပြည်မှာ ပြောစရာမရှိအောင် တိုးတက်လာမည် ဖြစ်သည်။ တရုတ်ပြည်မကြီး အတွင်းရှိ အကွဲကွဲအပြားပြား ဖြစ်ပေါ်နေသော မြို့စား၊ နယ်စားများ ပြည်ထောင်များဝယ် တာလီပြည်သည် အင်အားအကြီးမားဆုံး ပြည် ထောင်တစ်ခု ဖြစ်လာပေ၏။

တာလီပြည်ကို အခြေပြုတာ နီးစပ်ရာ နယ်မြေဒေသများ ကို သိမ်းပိုက်ခြင်းဖြင့် တာလီပြည်၏ ပိုင်နက်မြေ ပိုမိုကျယ်ပြန့်လာ ပြီး နောက်ဆုံးတွင် တရုတ်ပြည်တစ်ဝှမ်းလုံးကို မိမိ၏ ဩဇာအောက် သွတ်သွင်းကာ တစ်ဦးတည်းသော မင်းကေရာဇ်ဘွဲ့ထူးကို ခံယူနိုင် [illegible] တန့်ယုံ မျှော်မှန်းလျက် ရှိပေ၏။

တန့်ယုံသည် လွန်စွာမှပင် အကြံအစည် ကြီးမားသည်ကို ... နှင့် ကုန်းချူးတို့ ရိပ်မိကြ၏။ တန့်ယုံက ...

www.burmeseclassic.com



"ကျုပ် အိမ်ထောင်ပြုလိုက်မယ်ဆိုရင် ကျုပ်ရဲ့ အကြံအစည်တွေ ဘယ်လိုလုပ် အကောင်အထည်ဖော်နိုင်တော့မှာလဲ"

ဟု ညည်းညူလိုက်သည်။ ကုန်းချူးက ...

"မင်းသားလေး ... ဒီကိစ္စကိုမပူပါနဲ့ မင်းသားလေးအတွက် အကောင်းဆုံး အကြံအစည်တစ်ခုကို ကျုပ် စဉ်းစားထားပါတယ်"

တန့်ယုံ မျက်မှောင်ကြုတ်သွား၏။

"ကျုပ်အတွက် အကြံအစည် ... ဟုတ်လား"

"ဟုတ်ပါတယ်"

"ပြောစမ်းပါဦး"

"တာလိပြည်ရဲ့ ပတ်ဝန်းကျင်မှာ မြို့စား၊ နယ်စားတွေ အုပ်ချုပ်တဲ့ ပြည်နယ်တွေ ဝန်းရံလျက်ရှိပါတယ်၊ ဒီပြည်နယ်တွေထဲက အင်အားချည့်နဲ့တဲ့ ပြည်နယ်တွေကို အရင်ဆုံး အကြောင်းအမျိုးမျိုးရှာ အမြစ်ဖွဲ့ပြီး သိမ်းပိုက်ရမှာဖြစ်ပါတယ်၊ ဒီလိုလုပ်တာကို တာလိပြည်နဲ့ ပခုံးချင်းယှဉ်နိုင်တဲ့ ပြည်နယ်တွေက မကျေနပ်ဖြစ်လာမယ်ဆိုရင် မြောင်တွေကို စည်းရုံးပြီး ရန်တိုက်ပေးဖို့ပါပဲ"

"မြောင်တွေ ... ဟုတ်လား"

တန့်ယုံ အထိတ်တလန့် မေးလိုက်၏။ ကုန်းချူး ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ မြောင်တွေဟာ အင်အားတောင့်တင်း...



ပါတယ်၊ သူတို့ရဲ့ မြင်းတပ်ဖွဲ့ကြီးဟာ ဘယ်ဒေသကိုမဆို အရောက်သွားနိုင်ကြပါတယ်၊ တာလိပြည်ရဲ့ ရန်သူကို ကိုယ်တိုင် ရင်မဆိုင်ဘဲ မြောင်တွေနဲ့ ထိပ်တိုက်တွေ့အောင် ကြံဆောင်နိုင်မယ်ဆိုရင် တာလိပြည်အတွက် အကျိုးအမြတ်တွေက်မှာ သေချာပါတယ်"

ကုန်းချူးဆိုသည့် သဘောအဓိပ္ပာယ်ကို တန့်ယုံ နားလည်သဘောပေါက်တော့သည်။ ကုန်းချူးအား ချီးကျူးသော အကြည့်ဖြင့် ကြည့်လိုက်၏။

"ဒီလိုဆိုတော့ ပညာရှိကြီးကို အားကိုးရမြန်တယ်၊ ဒါပေမဲ့ မြောင်တွေဟာ တခြားဒေသတွေကို အောင်နိုင်ခဲ့ရင် သူတို့ရဲ့ မဟာရန်သူကြီးဖြစ်တဲ့ တာလိပြည်ကိုကော မျက်စောင်းထိုးမထားဘူးလို့ ပြောနိုင်မလား"

ဟု မေးလိုက်သည်။ ကုန်းချူးက ...

"ဒါ လွယ်ပါတယ်၊ မြောင်ဒေသမှာ ထင်ရှားတဲ့ မျိုးနွယ်စုဆယ့်သုံးစုတောင် ရှိနေကြပါတယ်၊ သူတို့အချင်းချင်း ညီညွတ်မှုမရှိအောင်၊ သွေးကွဲအောင် ကျုပ်တို့က ပရိယာယ်သုံးပြီး ကြိုးစားရမှာဖြစ်ပါတယ်၊ သူတို့အချင်းချင်း စိတ်ဝမ်းကွဲပြီဆိုရင် မြောင်ဒေသဟာ ကျုပ်တို့ရဲ့ လက်အောက်ကို ရောက်လာမှာဖြစ်သလို မြောင် မြင်းသည်တော်တွေဟာလည်း ကျုပ်တို့ အသုံးချခံရသူတွေ ဖြစ်လာမှာပါ"

တန့်ယုံ သဘောကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြံအစည် ကောင်းတယ် ပညာရှိကြီး။ ဘာကြောင့် စောစောစီးစီး အကောင်အထည် မဖော်ခဲ့တာလဲ"

"မင်းသားလေး ဆန္ဒစောနေလို့ မပြောခဲ့တာပါ။ မင်းသားလေး နားလည်သဘောပေါက်ပြီဆိုရင် အခုအချိန်ကစပြီး အကောင်အထည်ဖော်ပါ့မယ်၊ ဒါပေမဲ့ အကြံအစည် ရုပ်လုံးပေါ်လာအောင် အချိန်ကြာပြီး စောင့်ဆိုင်းနေရမှာ ဖြစ်ပါတယ်"

တန့်ယုံ လက်ဖဝါးယမ်းပြလိုက်၏။

"ကိစ္စမရှိဘူး။ အဲဒီအတိုင်း လက်ပိုက်ကြည့်နေတာထက်စာရင် တစ်နေ့ ကျုပ်ဆန္ဒတွေ အကောင်အထည်ပေါ်လာအောင် ဘာကြောင့် မစောင့်ဆိုင်းနိုင်ရမှာလဲ၊ ပညာရှိကြီးပဲ တာဝန်ယူပြီး စီစဉ်ပါ"

ဟု ပြောလိုက်သည်။ ကုန်းချူးက ...

"မင်းသားလေးဟာ မြောင်တွေကို သဘောမကျဘူးဆိုတာ လူတိုင်းသိကြပါတယ်၊ ဒါကြောင့် တစ်ချိန်မှာ အားနည်းချက် ဖြစ်လာနိုင်ပါတယ်၊ မင်းသားလေးဘက်က စိတ်လျှော့ထားဖို့ လိုပါလိမ့်မယ်။ အထူးသဖြင့် ဘုရင်မင်းမြတ် သဘောကျအောင် နေပြဖို့လိုပါလိမ့်မယ်၊ ဒါမှ ကျုပ်တို့အကြံအစည်ကို ဘယ်သူမှ မရိပ်မိကြဘဲ အောင်မြင်စွာ ဆောင်ရွက်နိုင်မှာပါ"

ဟု ပြောလိုက်သည်။ တန့်ယုံ ခေါင်းညိတ်လိုက်သည်။



"ကျုပ် နားလည်ပါတယ်၊ ပညာရှိကြီးသာ ကြိုးစားပါ။ ကျုပ်ဘက်က အမှားမရှိအောင် နေပါ့မယ်"

"ဒီလိုဆိုရင် ပထမဦးဆုံး ရဟတ်ရဲတိုက်ကို ကျုပ်တို့ရဲ့ ပစ်မှတ်အဖြစ် ရွေးချယ်လိုက်ရင် ကောင်းပါလိမ့်မယ်"

"ရဟတ်ရဲတိုက် ... ဟုတ်လား"

"ဟုတ်ပါတယ်၊ ရဟတ်ရဲတိုက် ပိုင်နက်ဟာ တာလီနယ်နဲ့ ထိကပ်နေပါတယ်၊ ရဟတ်ရဲတိုက်ရဲ့ လက်အောက်မှာ မြို့ကြီးငါးမြို့၊ မြို့ငယ် ငါးမြို့ ရှိပါတယ်၊ စစ်သည်အင်အားသုံးထောင်ကျော်လောက်ပဲ ရှိပါတယ်၊ ရဟတ်ရဲတိုက်ကို ချေမှုန်းပြီး သူတို့ရဲ့ ပိုင်နက်ကို တာလီနယ်ထဲ သွတ်သွင်းလိုက်မယ်ဆိုရင် တာလီပြည်ဟာ ပိုပြီး ကျယ်ဝန်းလာမှာပါ"

တန့်ယုံ ဝမ်းသာသွားသည်။ သို့သော် စိုးရိမ်မကင်းသောလေသံဖြင့် ...

"ရဟတ်ရဲတိုက်ပိုင်ရှင်ဟာ ဖေဖေနဲ့ ညီရင်းအစ်ကိုလို ခင်မင်ရင်းနှီးတဲ့သူဆိုတာ မေ့ထားလို့ မဖြစ်ဘူး။ ဖေဖေက ရဟတ်ရဲတိုက်ကို တိုက်ခိုက်ဖို့ ဘယ်တုန်းကမှ စိတ်ကူးတာ မဟုတ်ဘူး။ ရှေး တာလီဘုရင် အဆက်ဆက်ကတည်းက ငြိမ်ငြိမ်းချမ်းချမ်း လက်တွဲပြီးနေခဲ့ကြတာ မဟုတ်လား။ တော်ကြာ ကျုပ်တို့အပေါ် အပြစ်ပုံလာစရာဖြစ်သွားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကုန်းချူး ပြုံးလိုက်သည်။

"ဒီကိစ္စအတွက် မပူပါနဲ့ ကျုပ် စဉ်းစားထားပြီးပါပြီ၊ တာလိ
မြို့ပြည်ဟာ ခေါင်းရှောင်နေလို့ ရပါတယ်"

သူက တန့်ယုံအား စိုက်ကြည့်လိုက်ပြီး ...

"ရဟတ်ရဲတိုက်ပိုင်နက်တွေကို တာလိပြည်ထဲ သွတ်သွင်း
ထားပြီး တာလိထီးနန်း အရိုက်အရာကို မင်းသားလေး ဆက်ခံယူတဲ့
အခါကျရင် ရဟတ်ရဲတိုက်ကို ကျုပ်အတွက် ချီးမြှင့်ဖို့ တောင်းဆိုပါရ
စေဗျာ"

ဟု ပြောလိုက်လေသည်။

"ဒါဟာ ခင်ဗျားရဲ့ အစွမ်းအစပေါ်မှာ မူတည်နေပါတယ်၊
တာလိနယ် ဂုဏ်သိက္ခာမထိခိုက်စေဘဲ ရဟတ်ရဲတိုက်ကို သိမ်းယူနိုင်
စွမ်း ရှိမရှိ စောင့်ကြည့်သေးတာပေါ့"

"စိတ်ချပါ။ ကျုပ်ကို သုံးလသာအချိန်ပေးပါ မင်းသားလေး"

"ကောင်းပြီလေ"

သူတို့ သဘောကျစွာ ပြုံးလိုက်ကြလေသည်။ ကုန်းချူးက

"တပ်မှူးကြီး ယန့်ဝူကလည်း ကျုပ်ကိုကူညီဖို့ လိုပါလိမ့်
မယ်"

ယန့်ဝူး ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... ပညာရှိကြီးအတွက် လိုအပ်တာ မှန်သမျှ ကျုပ်



ကူညီပါ့မယ်"

သူတို့စည်းစည်းလုံးလုံး ရှိနေသည်ကိုကြည့်ကာ တန့်ယုံ
သဘောကျနေ၏။ ကုန်းချူးက ...

"ကျုပ်ရဲ့အစီအစဉ်ကို ပြောပြပါ့မယ်၊ တာလိနေပြည်တော်
မှာ"

သူ၏အစီအစဉ်ကို ပြောပြလိုက်လေတော့သည်။

●

ကြူးဝမ်းခုံး ဝုန်းခနဲ ထရပ်လိုက်သည်။

"ဒါ အမှန်ပဲလား"

ဟု မေးလိုက်၏။ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်
လာလေသည်။ ဝမ်းပိုးနှင့် တာနားတို့ပင် ရင်ထိတ်သွားကြ၏။ သူတို့
ခေါင်းသင်းဆက်ဆံလာကြသည့် ကာလတစ်လျှောက်တွင် ကြူးဝမ်း
ခုံး ယခုလို ဒေါသထွက်သည်ကို မတွေ့ဖူး မကြုံဖူးကြချေ။

ကြူးဝမ်းခုံး၏မျက်နှာ နီရဲခက်ထန်နေ၏။ ဒေါသခြောင်း
ခြောင်း ထွက်နေကြောင်း သိနိုင်၏။ တာအင်းက ...

"အမှန်ပါပဲ၊ တာလိနေပြည်တော်မှာ ပညာသင်ကြားတဲ့ ထိမူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လူငယ်ဟာ ရန်ပွဲတစ်ခုမှာ သေဆုံးသွားခဲ့ပါတယ်"

"ထိမ္မးဆိုတာ မြောင်ဒေသက သွားတဲ့ လူငယ်လူရွယ်တွေ ထဲမှာ အတော်ဆုံးဆိုတဲ့ လူငယ်လေး မဟုတ်လား"

"ဟုတ်ပါတယ်၊ ထိမ္မးဟာ အတွေးချွန်ဆုံးပါ။ တာလီ နေပြည် တော်က ပညာသင်ပေးတဲ့ ဆရာတွေကတောင် ထိမ္မးကို ချီးကျူးကြ ပါတယ်"

"တောက် ... နစ်နာလိုက်တာဗျာ၊ ထိမ္မးက ဘယ်လိုဖြစ်ပြီး အသတ်ခံလိုက်ရတာလဲ"

တာအင်းက ...

"ဟော ... ဝင်လာခဲ့စမ်း"

ရွက်ဖျင်က အပြင်ဘက်သို့လှည့်ကာ အော်ပြောလိုက် သည်။ သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် လူငယ်လေး တစ် ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူငယ်မှာ တာလီပြည်မှ ရက်လုပ်သည့် ပိုးဖဲ အဝတ် အစားများ ဝတ်ဆင်ထားသည်။ တာလီ နေပြည်တော်၌ ပညာသွား သင်ခဲ့သည့် မြောင်ဒေသမှ လူငယ်တစ်ယောက် ဖြစ်လေသည်။

သေဆုံးသွားသည့် ထိမ္မးဆိုသူနှင့် ညီအစ်ကို တော်စပ်သည့် ထိချိုဆိုသူ ဖြစ်ပေသည်။ ထိချိုသည် ရွက်ဖျင်တဲအတွင်းသို့ ရောက် လျှင် ကြူးဝမ်းခုံ၊ ဝမ်းဟိုးနှင့် တာများတို့ကို ဦးညွှတ်ဂါရဝပြုလိုက်



လေသည်။

ကြူးဝမ်းခုံက ထိချိုကို စိုက်ကြည့်လိုက်ပြီး ...

"တာလီနေပြည်တော်မှာ တို့ရဲ့ ပညာသင်လူငယ်တွေ ကျန် ရစ်ခဲ့သေးသလား"

ထိချို ခေါင်းယမ်းလိုက်သည်။

"တစ်ယောက်မှ မကျန်ခဲ့ပါဘူး။ အားလုံး ပြန်လာခဲ့ကြပါပြီ"

"ကောင်းတယ်၊ ကဲ ... ထိမ္မး ဘယ်လိုဖြစ်ရတယ်ဆိုတာ ပြောစမ်းပါဦး"

ထိချိုက ရှင်းပြလေသည်။

"ထိမ္မးဟာ တာလီနေပြည်တော်မှာ အတော်ဆုံး ပညာ သင် တပည့်တစ်ယောက် ဖြစ်ခဲ့ပါတယ်၊ ဒါကို တခြားပညာသင်တွေ က မနာလို ဖြစ်ခဲ့ကြပါတယ်၊ ထိမ္မးကို မခံချင်အောင် နှောက်ပြောင် ကြတယ်၊ ရန်စကြပါတယ်"

ဝမ်းဟိုးက ...

"ထိမ္မးက မခံနိုင်လို့ ပြန်ပြောရင်း ရန်ဖြစ်ကြပြီး ထိမ္မး အသတ်ခံလိုက်ရတယ် ဆိုပါတော့"

ဟု ကြားဝင်ပြောလိုက်သည်။ ထိချို ခေါင်းယမ်းလိုက်သည်။

"ဒီလို မဟုတ်ပါဘူး။ ထိမ္မးဟာ လူကြီးတွေ မှာကြားထားတဲ့ အတိုင်း ရန်ကိုရန်ချင်း မတုံ့ပြန်ဘဲ ဆရာတွေကို တိုင်ကြားခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။ ဝမ်းဟိုးက ...

"ဆရာတွေကို တိုင်ကြားခဲ့တော့ အရေးမယူဘူးလား"

"အရေးယူပါတယ်၊ အများရှေ့ ကြိမ်းမောင်းပေးခဲ့ပါတယ်"

"ဒါကို မကျေနပ်လို့ သူတို့က ထိမ္မူးကို ဒုက္ခပေးကြတာပေါ့"

ထိချို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... သူတို့ဟာ ညဘက်မှာ ထိမ္မူး စာသင်ဆောင်က အပြန်လမ်းကို စောင့်ပြီး ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြပါတယ်၊ သူတို့ဟာ ဓားလှံလက်နက်တွေ ယူဆောင်လာလို့ ထိမ္မူးက ခုခံတိုက်ခိုက်ပေမယ့် မခံနိုင်ဘဲ သေဆုံးသွားတာပါ"

ဝမ်းဟိုးက ...

"ထိမ္မူးကို ဝိုင်းပြီး တိုက်ကြတော့ မင်းတို့ ထိမ္မူးဘက်က မကူညီကြဘူးလားကွ"

ဟု မကျေမနပ်ဖြင့် မေးလိုက်လေသည်။ ထိချိုက ...

"ထိမ္မူးဟာ အားလုံးထက် ပိုပြီး စာကြိုးစားပါတယ်၊ ညဉ့်နက်တဲ့အထိ ဆရာတွေရဲ့ သင်ယူမှုကိုခံခဲ့ပါတယ်၊ တခြား စာသင်သား အားလုံး ကိုယ့်အခန်းကိုယ် ပြန်ကြပေမယ့် သူကတော့ မရှင်းလင်းတာတွေကို ဆရာတွေဆီမှာ မေးရင်း ညဉ့်နက်တဲ့အထိ နေတတ်ပါတယ်၊ ဒါကြောင့် သူရဲ့ အခန်းကိုပြန်တဲ့အခါ သူတစ်ယောက်ထဲ ပြန်ရတာ များပါတယ်၊ ကျွန်တော်တို့ လူစုတွေဟာ ထိမ္မူးပြန်တဲ့အချိန်



မှာ အိပ်ပျော်နေတာက များပါတယ်"

"ကောင်းကွာ"

ဝမ်းဟိုး မကျေမနပ်ဖြင့် ရေရွတ်လိုက်လေသည်။ ထိချို ခေါင်းငုံ့ထားလိုက်သည်။ ကြူးဝမ်းခုံးက ...

"ထိမ္မူး အသတ်ခံလိုက်ရတာကို မင်းတို့ ဘယ်လိုလုပ် သိတာလဲ"

"အော်သံကြားလို့ ထွက်ကြည့်တဲ့အခါ လူတွေ အုံနေတာ တွေ့ရပါတယ်၊ ထိမ္မူးက လဲကျသေဆုံးနေပါပြီ၊ ထိမ္မူးကို တိုက်ခိုက်တဲ့ သူတွေက ထွက်ပြေးသွားကြပါတယ်"

"မင်းတို့ကို စာသင်ပေးတဲ့ ဆရာတွေနဲ့ တာလီတာဝန်ရှိသူ တွေ ဘာပြောကြသလဲ"

"သူတို့က ကျွန်တော်တို့အားလုံး ပစ္စည်းသိမ်းပြီး ပြန်ကြဖို့ ပြောပါတယ်၊ ဒီကိစ္စကို ပြေလည်အောင် ဖြေရှင်းပေးမယ်လို့လည်း ပြောပါတယ်"

ဝမ်းဟိုးက ...

"တို့ရဲ့ စာအတော်ဆုံးလူ အခုလို ဖြစ်သွားတာ ရင်နာဖို့ ကောင်းလိုက်တာ၊ တာလီနေပြည်တော်မှာ တို့လူတွေရဲ့ အသက် အိုးမှု မရှိတော့ဘူးလား၊ ဘယ်သူကမှ အာမခံချက် မပေးနိုင်ကြ တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က မြောင်ဒေသက လာတဲ့လူတွေ မုဲ့တစ်ပေါက်မှ မစွန်းရအောင် စောင့်ရှောက်ပါ့မယ်လို့ အာမခံချက်ထားတာပဲ၊ ဒီကိစ္စ သူတို့မှာ တာဝန်ရှိတယ်"

တာနားက ...

"ဟုတ်တယ်လို့ ငြိမ်နေလိုက်မယ်ဆိုရင် တို့လူတွေကို တန်ဖိုး ထားတော့မှာ မဟုတ်ဘူး၊ ဒီကိစ္စကို ပြတ်ပြတ်သားသား ဖြေရှင်းကြ ရလိမ့်မယ်"

သူတို့သည် မြောင်ဒေသအတွက် အလေးအလေး အရှုံးဆုံး လူငယ်တစ်ယောက် လုပ်ကြံခံလိုက်ရခြင်းကြောင့် ဒေါသဖြစ်နေကြသည်။

တာလီနေပြည်တော်၌ ဖြစ်ပျက်ခဲ့သည်မို့ တာလီတို့ဘက်၌ တာဝန်ရှိသည်ဟု ခံယူထား၏။ တာနား ပြောသကဲ့သို့ ငြိမ်နေကြမည်ဆိုလျှင် နောက်နောင် မြောင်မျိုးနွယ်စုများ တာလီနေပြည်သို့ ဝင်ထွက်သွားလာရာ၌ လုံခြုံစိတ်ချမှုရှိတော့မည် မဟုတ်ချေ။

ကြူးဝမ်းခုံးက ပြတ်သားသော လေသံဖြင့် ...

"ကျုပ်တို့ စိတ်ကျေနပ်တဲ့အထိ သူတို့က ဖြေရှင်းမပေးနိုင်ရင် ကျုပ်တို့ ပြတ်ပြတ်သားသား အရေးယူကြမယ်"

ဟုပြောလိုက်လေသည်။ ဝမ်းဟိုး ကျေနပ်သွား၏။ တိုက်ပွဲများနှင့် ဝေးကွာနေခဲ့သည်မှာ ကြာပြီ မဟုတ်လား။ ထိုစဉ် ...



'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ မြင်းခွာသံများ ဝေးရာမှ တဖြည်းဖြည်း နီးလာသည်။ ထို့နောက် ရွက်ဖျင်တဲရှေ့သို့ ရောက်ရှိလာသည်။ မြင်းစီးသမားသည် မြင်းပေါ်မှ စုန်ဆင်းကာ ရွက်ဖျင်တဲဝ၌ ဒူးထောက်လိုက်ပြီး ...

"ခေါင်းဆောင်ကြီး ခင်ဗျား ... တာလီတပ်ဖွဲ့ ချီတက်လာနေပါတယ်"

ဟု အစီရင်ခံလိုက်လေတော့သည်။ သူတို့ မျှော်လင့်နေကြဆဲ အချိန်မှာပင် တာလီများ ရောက်ရှိလာပြီဖြစ်လေသည်။

•

တာလီမြင်းသည်တော်တစ်စုသည် တောင်ကုန်းမြင့်ပေါ် ရောက်ရှိလာပြီ ဖြစ်၏။ တာလီတို့သည် ဓားလှံလက်နက်များ ယူဆောင်လာကြခြင်း မရှိချေ။

ထို့ကြောင့်လည်း မြောင်ဒေသနယ်ခြားသို့ ဖြတ်ကျော်ကာ ကြူးဝမ်းခုံး၏ တောင်ပေါ်ရွာသို့ ရောက်သည်အထိ ခရီးနှင်လာနိုင်ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နက် ကိုင်ဆောင်ထားခြင်း မရှိသည့် တာလီများကို ချည်သူမှု နှောင့်ယှက်ခြင်း မပြုရဟု ကြူးဝမ်းခုံး အမိန့်ထုတ်ထားသည် မဟုတ်ပါလား။

မြောင်မြင်းသည်တော်များမှာ ဓားလှံလေးမြား လက်နက်များ အသင့်ဆောင်ထားကြပြီး ဖြစ်သည်။ ရာပေါင်းများစွာသော မြင်းသည်တော်များကို တောင်ခြေမှသည် ကြူးဝမ်းခုံးနေထိုင်ရာ တောင်စောင်းရှိ တောင်ပေါ်ရွာသို့ ရောက်သည့်တိုင် ထူထပ်များပြားစွာ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

တာလီတပ်ဖွဲ့သည် မြင်းသည်တော်များကြားမှ ဖြတ်သန်းလာရခြင်း ဖြစ်လေသည်။ တာလီတပ်ဖွဲ့၏ ရှေ့ဆုံးမှ မြင်းစီးသမားသည် အလံဖြူလွှင့်ကာ စီးနင်းလာ၏။

တာလီတပ်ဖွဲ့သည် တောင်ပေါ်ရောက်သည်နှင့် ရပ်တန့်လိုက်ကြ၏။ ထို့နောက် မြင်းစီးသမားသုံးယောက်သည် ရှေ့သို့ ထွက်လာကြ၏။

တာလီ မြင်းသည်တော်နှစ်ယောက်က လူတစ်ယောက်ကို ခြံရံလာခြင်း ဖြစ်ပေသည်။ အလယ်မှလိုက်လာသူမှာ ပညာရှိ ကုန်းချူး ဖြစ်လေသည်။ ပညာရှိ ကုန်းချူးသည် ကြူးဝမ်းခုံးတို့ရှေ့သို့ ရောက်ရှိလာ၏။ ကြူးဝမ်းခုံး၏ မျက်နှာတင်းမာနေ၏။ တောင်ပေါ်သားပီပီ ဟန်မဆောင်တတ်ဘဲ ...



"ဘယ်လိုလည်း ပညာရှိကြီးရဲ့ ... ခင်ဗျားတို့က ရိုင်းစိုင်းခက်ထန်တယ်လို့ သတ်မှတ်ထားတဲ့ မြောင်ဒေသမှာ တာလီတစ်ယောက်မှ သေးမသီရန်မခံကြဘူး။ ယဉ်ကျေးလှပါတယ်ဆိုတဲ့ တာလီနေပြည်တော်မှာ မြောင်လူငယ်တစ်ယောက် အသက်ပေးလိုက်ရပါလား"

ဟု ပြောလိုက်လေသည်။ ထိုစကားကြောင့် ကြူးဝမ်းခုံး စိတ်ဆိုးနေကြောင်း ကုန်းချူး နားလည်လိုက်လေသည်။ ကုန်းချူးက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ခေါင်းဆောင်ကြူး ... ဒီကိစ္စကို ဖြေရှင်းဖို့ ကျုပ်တို့လာခဲ့ကြတာပဲ"

"ကဲ ... ပြောစမ်းပါဦးဗျာ"

ကုန်းချူးက ...

"တာလီနေပြည်တော်ကို မြောင်လူငယ်လူရွယ်တွေ မကပါဘူး။ အနီးအနား ပတ်ဝန်းကျင်ဒေသက လူငယ်လူရွယ်တွေလည်း လာပြီး ပညာသင်ကြပါတယ်"

ကြူးဝမ်းနား နားထောင်နေလိုက်သည်။

"တာလီ နေပြည်တော်မှာ ပညာလာသင်တဲ့ အနယ်နယ် အရပ်ရပ်က လူငယ်လူရွယ်တွေဟာ ထောင်ချီပြီး ရှိကြပါတယ်၊ ပီမူးဆိုတဲ့ လူငယ်ကလေးနဲ့ ပြဿနာဖြစ်ခဲ့သူဟာ ရဟတ်ရဲတိုင်းပိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



က လာခဲ့သူပါ”

“ဘာဗျ ... သူဟာ တာလီမဟုတ်ဘူးလား”

ဝမ်းဟိုးက ကြားဝင်မေးလိုက်သည်။ ကုန်းချူး ခေါင်းယမ်းလိုက်ပြီး ...

“မဟုတ်ပါဘူး။ သူဟာ ရဲတိုက်ပိုင်နက်ကလာတဲ့လူပါ”

“သူက ဘယ်သူလဲ”

“ထိမူး အသတ်ခံလိုက်ရတဲ့ ကိစ္စကြောင့် သူ့ကို ဖမ်းဆီးဖို့ တာလီပြည်တပ်ဖွဲ့ဝင်တွေ လိုက်ရှာတဲ့အခါ နေပြည်တော်က ထွက်ပြေးတိမ်းရှောင်သွားပါတယ်”

“သူ့ကို ကျုပ်လိုချင်တယ်”

ကြူးဝမ်းခုံးက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

“ဟုတ်ပါတယ် ... ထိမူးကို အနိုင်ကျင့်ခဲ့တဲ့အတွက် သူ့ကို အပြတ်ဒဏ်ခတ်ရမှာ ဖြစ်ပါတယ်၊ သူ ထွက်ပြေးသွားလို့ ရဟတ်ရဲတိုက်ပိုင်ရှင်ဆီကို အကြောင်းကြားပြီး ကျုပ်တို့ လက်ကိုအပ်ဖို့ ပြောခဲ့ပါတယ်”

“သူ့ကို ကျုပ်တို့လက်ထဲအပ်ရမယ်”

ဝမ်းဟိုးပြောသည်။ ကုန်းချူးက ...

“သူတို့ဖမ်းမိရင် မိတ်ဆွေတို့လက်ထဲ အပ်ဖို့ပါပဲ၊ ဒါပေမဲ့ ရဟတ်ရဲတိုက်ပိုင်ရှင်က လူငယ်ချင်းဖြစ်တဲ့ကိစ္စ လူကြီးတွေ ဝင်ပါစရာ



မလိုပါဘူး။ မအပ်နိုင်ဘူးလို့ အကြောင်းပြန်ပါတယ်”

“ဟာဗျ”

ကြူးဝမ်းခုံး၏အသံ ဟိန်းထွက်လာလေသည်။ ဝမ်းဟို၊ တာနာနှင့် တာအင်းတို့သည် မကျေမနပ်ဖြစ်သွားကြလေသည်။

“တော်တော် စော်ကားတာပဲ”

“ရဟတ်ရဲတိုက်က ဘာမို့လဲ”

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။ ကုန်းချူး စိတ်ထဲမှာ ကျိတ်ပြုံးလိုက်သည်။ သူစီစဉ်ထားသည့်အတိုင်း ဖြစ်လာပြီ မဟုတ်ပါလား။ မှင်သေသေဖြင့် ဆက်ပြောလိုက်လေသည်။

“တာလီဘုရင်မင်းမြတ် တရားခံကို ပို့ပေးဖို့ ပြောခဲ့ပေမယ့် ရဟတ်ရဲတိုက်ပိုင်ရှင်က ခါးခါးသီးသီး ငြင်းဆန်ခဲ့တာမို့ အတော်ကြီး ဒေါပွသွားခဲ့ပါတယ်၊ ရဟတ်ရဲတိုက်ဟာ နဂိုကတည်းက တာလီအပေါ် ရန်လိုနေသူတွေပါ။ အခုလည်း တရားခံကို ဖော်ထုတ်ပေးတဲ့ အခြင် တာလီပြည်ကိုတောင် ကျူးကျော်တိုက်ခိုက်ဖို့ ကျိတ်ပြီး ကြံစည်နေကြပါတယ်၊ မြောင်လူငယ်လေး လုပ်ကြံခံရတဲ့ကိစ္စဟာလည်း တာလီနဲ့ မြောင်ကို ရန်တိုက်ပေးပြီး ပြိုကွဲအောင် လုပ်တဲ့သဘောပဲ”

ဝမ်းဟိုးက ...

“တော်တော်ဆိုးတဲ့လူတွေပဲ၊ မြောင်မြင်းသည်ဖော်တွေ

www.burmeseclassic.com

www.burmeseclassic.com



မသွားရဲတဲ့နေရာ မရှိဘူးဆိုတာ သူတို့မသိဘူးထင်တယ်"

ဟု ပြောလိုက်လေသည်။ ကုန်းချူးက ...

"ဒီကိစ္စကို တာလီဘုရင်မင်းမြတ်က တာဝန်ယူပြီး ဖြေရှင်းရပါလိမ့်မယ်ဗျာ။ မကြာခင် တာလီတပ်ဖွဲ့တွေဟာ ရဟတ်ရဲတိုက်ကို ချီတက်ပြီး ချေမှုန်းကြပါတော့မယ်"

ဝမ်းဟိုးက ကြူးဝမ်းခုံးကို ကြည့်ကာ ...

"ခေါင်းဆောင်ကြီး။ ကျုပ်တို့ ဒီအတိုင်း လက်ပိုက်ကြည့်နေကြတော့မှာလားဗျ"

ကြူးဝမ်းခုံးက ကုန်းချူးကို ကြည့်ကာ ...

"ပညာရှိကြီးကျုပ်တို့ဟာ ဘယ်သူ့ကိုမှ မစော်ကားပါဘူး။ ကျုပ်တို့ကို စော်ကားရင်လည်း ခေါင်းငုံ့ခံမနေကြပါဘူး။ ရဟတ်ရဲတိုက်ရဲ့ လုပ်ရပ်ကြောင့် ကျုပ်တို့ပဲ တာဝန်ယူဖြေရှင်းပါ့မယ်"

ဟု ပြောလိုက်၏။

ဝမ်းဟိုး၊ တာနား၊ တာအင်းနှင့် ကုန်းချူးတို့ နှစ်ယောင်းအာရေ ဖြစ်သွားကြ၏။ သို့သော် ကုန်းချူးသည် ပို၍ သေချာစေရန်

"ခေါင်းဆောင်ကြီး ... ဘာကိုဆိုလိုတာလဲဗျာ"

ဟု မေးလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"ကျုပ်တို့ မြင်းသည်တော်တွေက ရဟတ်ရဲတိုက်ကို ချေမှုန်းပစ်ကြပါလိမ့်မယ်"



ကုန်းချူးက ထိတ်လန့်သွားဟန်ဖြင့် ...

"ဟာ ... ဒီကိစ္စကို တာလီပြည်နယ်က တာဝန်ယူပါ့မယ်၊ မြောင်မြင်းသည်တော်တွေ ရဟတ်ရဲတိုက်ကို သွားပြီး တိုက်ခိုက်ကြမယ်ဆိုရင် လမ်းတစ်လျှောက်မှာရှိတဲ့ တာလီမြို့ရွာကလူတွေဟာ"

သူ၏စကားမဆုံးမီ ကြူးဝမ်းခုံးက ကြားဖြတ်ပြောလိုက်လေသည်။

"ဒီအတွက် ခင်ဗျားတို့ ဘာမှမစိုးရိမ်ကြပါနဲ့။ တို့မြင်းသည်တော်တွေဟာ တာလီနယ်စပ်ကို ကွေ့ပတ်ပြီးသွားမှာပါ။ တာလီနယ်ထဲ ခြေမချပါဘူး။ တာလီတွေ အထိတ်တလန့်ဖြစ်သွားအောင် မလုပ်ပါဘူးဗျာ"

ကုန်းချူး ကျေနပ်သွား၏။

"ကြော်၊ မြောင်မြင်းသည်တော်တွေ ဖြတ်သွားမယ်ဆိုရင် တာလီပြည်သူပြည်သားတွေ ထိတ်လန့်တုန်လှုပ်ကုန်ကြမှာ စိုးရိမ်လို့ပါ၊ ပြီးတော့ မိတ်ဆွေတို့ ရဟတ်ရဲတိုက်ကို သွားပြီး ချေမှုန်းမယ့်ကိစ္စကို တာလီဘုရင်မင်းမြတ်က သဘောတူချင်မှတူပါလိမ့်မယ်၊ သူကိုယ်တိုင် တာလီတပ်ဖွဲ့တွေကို ဦးဆောင်ပြီး ချီတက်တိုက်ခိုက်ဖို့ စီစဉ်နေပါတယ်"

ကြူးဝမ်းခုံး လက်ဝှေ့ယမ်းပြလိုက်သည်။

"ကိစ္စမရှိပါဘူး။ ဒီကိစ္စကို ကျုပ်တာဝန်ယူမယ်လို့ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ"

"တာလိဘုရင်က"

"ခင်များတို့ ပြန်သွားပါတော့၊ မြောင်လူငယ်တစ်ယောက်ကို စော်ကားရင် မြောင်မျိုးနွယ်စုအားလုံးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ရဟာတ်ရဲတိုက်ကလူတွေ သိသွားစေရပါမယ်၊ ရဟာတ်ရဲတိုက်ကို ချေမှုန်းဖို့ အစီအစဉ်တွေ လုပ်ရပါဦးမယ်"

ကုန်းချူးက ...

"ခေါင်းဆောင်ကြီးကို ကျုပ်ကူညီနိုင်ရင် ကူညီပါရစေလားဗျာ"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"တာလိနယ်ကို မဖြတ်ဘဲ ရဟာတ်ရဲတိုက်ကို ရောက်အောင် ဘယ်လိုသွားရမယ်ဆိုတာ ကျုပ် လမ်းညွှန်ပြနိုင်ပါတယ်၊ ရဟာတ်ရဲတိုက်ရဲ့ တပ်ဖွဲ့တွေ ဘယ်နေရာမှာ စခန်းချထားတယ်ဆိုတာလည်း ပြောပြနိုင်ပါတယ်"

ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်၏။ သူတို့သည် မြေပေါ် ဝိုင်းဖွဲ့ထိုင်လိုက်ကြလေသည်။ ကုန်းချူး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် သူလည်း ဒူးထောက်ထိုင်ချလိုက်လေသည်။ တာအင်းက ဓားတစ်လက်ဆွဲထုတ်လိုက်ပြီး မြေပေါ်တွင် ရေးခြစ်



လိုက်သည်။

မြောင်ဒေသ တာလိနယ်နှင့် ရဟာတ်ရဲတိုက် ပိုင်နက်တို့ကို မြေပေါ်၌ ရေးဆွဲလိုက်ခြင်း ဖြစ်ပေသည်။ တာအင်းသည် ရဟာတ်ရဲတိုက်ပိုင် နယ်မြေများအတွင်းသို့ မည်သို့မည်ပုံ ဝင်ရောက်တိုက်ခိုက် သင့်ကြောင်း အကြံပြု ပြောကြားနေသည်။

ကြူးဝမ်းခုံး၊ တာနားနှင့် ဝမ်းဟိုးတို့သည် စိတ်ဝင်စားစွာ နားစွင့်နေ၏။ သူတို့သည် တာအင်းဆွဲထားသည့် မြေပုံကိုလည်း စေ့စေ့စပ်စပ် ကြည့်နေကြလေသည်။

ကုန်းချူးငြိမ်နေရ၏။ ထိုစဉ် ကြူးဝမ်းခုံး၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ကောင်းပြီ၊ လက်နက်ရိက္ခာ အပြည့်အစုံနဲ့ မနက်ဖြန်နံနက်မိုးသောက်ချိန်မှာ နယ်ခြားချောင်းနံဘေးကို ရောက်လာကြပါစေ၊ တိုက်ပွဲမှာ သိမ်းပိုက်လို့ရတဲ့ပစ္စည်းတွေ ဆုအဖြစ် ယူခွင့်ပေးမယ်လို့ ကြေညာလိုက်ပါ"

ထိုစကားကြားလျှင် ကုန်းချူး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ မိမိတို့ လုယက်၍ ရသမျှကို ဆုအဖြစ် ပေးမည်ဆိုလျှင် မြောင်မြင်းသည်တော်များသည် မီးကုန်ယမ်းကုန် တိုက်ခိုက်ခုယက်ကြတော့မည် ဖြစ်ပေသည်။

မြောင်မြင်းသည်တော်တို့၏ မြင်းစွာအောက်တွင် ရဟာတ်

www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်မှာ ပြားပြားဝပ် ကြေမွပျက်စီးသွားရပေတော့မည်။ ထိုကိစ္စကို ဘာမျှ မသိသေးသည့် တာလီဘုရင်ကို လှည့်ပတ်ပြောဆိုရဦးမည်ဖြစ်သည်။

ကုန်းချူးက ...

"ခေါင်းဆောင်ကြီးအတွက် အကူအညီ လိုအပ်တယ်ဆိုရင် ပြောပါ။ ကျုပ်တို့ အစွမ်းကုန်ကူညီမယ်လို့ ကတိပေးပါတယ်"

ကြူးဝမ်းခုံး ခေါင်းယမ်းလိုက်သည်။

"မလိုဘူး၊ ကျုပ်တို့ ဖြေရှင်းနိုင်ပါတယ်"

ဟု ခပ်ပြတ်ပြတ် ပြောလေသည်။ ကုန်းချူးက ...

"ဒါဖြင့် ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦးဗျာ"

"ကောင်းပြီ"

ကုန်းချူးသည် ဒူးထောက်ရာမှထကာ မြင်းပေါ် ခုန်တက်လိုက်၏။ သူ၏လူများကို လက်ဝှေ့ယမ်းပြပြီး တောင်ကုန်းပေါ်မှ ဆင်းသွားလေသည်။ ကုန်းချူးထွက်သွားလျှင် တာနားက ...

"ဒီကိစ္စမှာ တာလီနယ်က နောက်ထပ် မပေါ်ဆဝ့်အောင် အကြောင်းပြရမှာပဲ"

ဟုပြော၏။ သူ၏စကားကို အားလုံး သဘောတူလိုက်ကြလေတော့သည်။

●



"အစ်ကို"

ချိုလွင်သာယာသောခေါ်သံ ထွက်ပေါ်လာလေသည်။

ကြူးဝမ်းခုံး လှမ်းကြည့်လိုက်သည်။ ထိုအခါ ယဉ်ယဉ်က ကလေးကိုချီကာ ထွက်လာနေသည်ကို တွေ့ရ၏။

ဇနီးသည်နှင့် သားကလေး၏မျက်နှာ တွေ့မြင်လိုက်ရလျှင် သူ၏ရင်ထဲမှ ပူပင်သောကများ လွင့်ပါးပျောက်ကွယ်သွားစေမြ ဟုတ်ပါလား။

"ညီမ"

ဟု ခေါ်လိုက်မိ၏။ ယဉ်ယဉ်က သူ့ထံသို့ ခပ်သွက်သွက် လှမ်းလာ၏။ တောင်ပေါ် လေတဖူးဖူး တိုက်ခတ်နေသည်ဖြစ်ရာ ယဉ်ယဉ်၏ ရှည်လျားသော ဆံကေသာ လေထဲတွင် လွင့်ပျံနေလေသည်။

ရင်အုပ်ကားကား ကြေးနီရောင်တောက်ပနေသည့် အသားအရေနှင့် သန်မာထွားကျိုင်းလှသည့် တောင်ပေါ်သား ခေါင်းဆောင်ကြီး ကြူးဝမ်းခုံးနှင့် လှပကျော့ရှင်းလှပြီး နွဲ့နွဲ့နှောင်းနှောင်းရှိသည့် ယဉ်ယဉ်တို့သည် ဆန့်ကျင်ဘက် အသွင်ဆောင်နေကြလေ သည်။

ယဉ်ယဉ်သည် ပျော့ပျော့ပျောင်းပျောင်း ရှိလှသည်။ ကြူး

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းခုံးကား ကြမ်းတမ်းမာကျောလှသည်။ သူတို့နှစ်ယောက်မှ မွေးဖွားလာသည့် ကြူးစုသည် ကြမ်းတမ်းခြင်းနှင့် ပျော့ပျောင်းခြင်း အသွင်နှစ်မျိုးစလုံး ဆောင်နေပေတော့သည်။

ကြူးစုသည် အခြားကလေးများကဲ့သို့ ငိုခြင်း ရယ်ခြင်း မရှိချေ။ အမြဲတစေ ပတ်ဝန်းကျင်ကို စူးစမ်းနေတတ်သည်။ ကြူးဝမ်းခုံးက စားလုံလက်နက်များကို သွေးရာ၌ လည်းကောင်း၊ အမဲလိုက်၍ ရလာသည့် သားကောင်များကို ဖျက်ရာ၌ လည်းကောင်း စိတ်ဝင်စားစွာ ကြည့်နေတတ်သည်။

ထိုအခါ ယဉ်ယဉ် ချက်ပြုတ်ရာ၌လည်းကောင်း၊ အဝတ်အစားများချုပ်လုပ်ရာ၌လည်းကောင်း စိတ်ဝင်စားမြန်သည်။ ကြူးစုသည် တောင်ပေါ်သားပီပီ အရွယ်နှင့်မလိုက်အောင် ထွားကျိုင်းသန်မာလိမ့်မည်ဟု ကြူးဝမ်းခုံး မျှော်လင့်ထားသည်။

သို့သော် သူမျှော်လင့်ထားသလို ဖြစ်မလာဘဲ ကြူးစုသည် ခန္ဓာကိုယ်သေးသေးသွယ်သွယ်ကလေး ဖြစ်လာခဲ့သည်။ ကြူးဝမ်းခုံးအားမရဘဲ ကျန်းမာသန်စွမ်းလာအောင် အမျိုးမျိုး ကြိုးစားခဲ့၏။

ကြူးစုအား အရပ်ရှည်လာသည်မှလွဲပြီး ထွားကျိုင်းသန်မာခြင်း မရှိခဲ့ချေ။ ကြူးစုသည် ဖျားနာခြင်းလည်း အလျဉ်းကင်းမဲ့သည်။

အခြားကလေးများ ငိုချိကောင်းနေချိန်တွင် သူက တောတီတီတာတာ ပြောဆိုနေပြီဖြစ်လေသည်။ ကြူးဝမ်းခုံးက အနီး၌



ရောက်ရှိလာသည့် ကြူးစုကို ပွေ့ချီလိုက်သည်။ ကြူးစုသည် ဖခင်၏ ရင်ခွင်ထဲ၌ တခစ်ခစ် ရယ်မောနေ၏။

"ငါ့သားကြီးလာရင် အမဲလိုက်မယ် မဟုတ်လား"

ကြူးစုက ...

"မြင်းစီးမယ်၊ မြင်းစီးမယ်"

ဟု မပီကလာ ပီကလာ ပြောလေသည်။ ယဉ်ယဉ်သည် သားအဖနှစ်ယောက် ပျော်ရွှင်ကြည်နူးနေသည်ကို ပြုံးကြည့်ပြီးမှ...

"အစ်ကို"

ဟု ခေါ်လိုက်လေသည်။

"ညီမ ဘာပြောချင်လို့လဲ"

"အစ်ကို ရဟတ်ရဲတိုက်နယ်မြေကိုသွားပြီး တိုက်ခိုက်မယ်ဆို"

ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်လေ"

"အစ်ကို မြောင်လူငယ်လူရွယ်တစ်ယောက်အတွက် လူပေါင်းများစွာရဲ့အသက်ကို စတေးမလို့လားဟင်"

ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။

"ညီမ ... အစ်ကိုက တာလီတွေနဲ့ အမြဲတမ်း စစ်ခင်းနေရတဲ့အဖြစ်က လွတ်ကင်းအောင် ဘယ်လိုကြိုးစားခဲ့ရှက်ခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မြောင်မျိုးနွယ်စုတွေ သိသလို ညီမလည်း သိမှာပါ၊ အစ်ကိုတို့ဟာ အမဲလိုက်မယ်, မြင်းစီးမယ်, အရက်သောက်မယ်၊ မြောင်ဒေသက မိန်းမတွေဟာလည်း အဝတ်အထည်ချုပ်မယ်, အိမ်ထောင်မှုထိန်းသိမ်းမယ်၊ ဒါနဲ့ပဲ အချိန်တွေ ကုန်ခဲ့ကြရတယ်၊ မြောင်ဒေသက လူတွေရဲ့ လူမှုရေးဘဝ တိုးတက်မြင့်မားလာအောင် ဘယ်သူမှ မစွမ်းဆောင်ခဲ့ကြဘူး၊ တောတောင်တွေထဲမှာပဲ အချိန်ကုန်နေခဲ့ကြတယ်၊ တကယ်လို့ အစ်ကိုတို့ဟာ စာတတ်ရင် ယဉ်ကျေးမှု မြင့်မားလာရင် တရုတ်ပြည်တစ်ဝန်းလုံးနဲ့ ကူးလူးဆက်ဆံနိုင်တယ်၊ မြောင်ဒေသကို အားလုံးက လေးစားလာကြမယ်၊ ပြုပြင်ပြောင်းလဲပစ်ဖို့ အစ်ကိုကြိုးစားနေချိန်မှာ ပညာသင်နေတဲ့ လူငယ်တစ်ယောက် လုပ်ကြံခံလိုက်ရတာဟာ မြောင်ဒေသတစ်ခုလုံးကို စော်ကားလိုက်တာနဲ့ အတူတူပဲ၊ ဘယ်နည်းနဲ့မှ အစ်ကိုလက်မခံနိုင်ဘူး၊ ခေါင်းငုံ့ခံနေလိုက်မယ်ဆိုရင် နောက်နောင် မြောင်ဒေသအပြင်ဘက် ထွက်သွားကြတဲ့ မြောင်လူငယ်တွေ ကုန်သည်တွေရဲ့ အသက်အန္တရာယ် လုံခြုံမှု ရှိတော့မှာမဟုတ်ဘူး"

"အစ်ကို ဒီကိစ္စကို တာလီတွေက တာဝန်ယူမယ်လို့ ကတိပြုထားကြတယ် မဟုတ်လား"

"သူတို့ ကတိပြုတာပဲ ရှိတယ်၊ ကျုပ်တို့ လူတစ်ယောက် အသတ်ခံလိုက်ရပြီ"



"တရားခံကို တာလီတွေ ဖမ်းပေးရမှာပေါ့"

"တာလီတွေက ဖမ်းဆီးဖို့ ကြိုးစားနေတုန်းမှာ ရဟာတ်ရဲတိုက် ပိုင်နက်ထဲ ဝင်ပြေးသွားတယ်လေ"

"ဒါဆို ရဟာတ်ရဲတိုက်ပိုင်ရှင်နဲ့ ညှိနှိုင်းရမှာပေါ့"

"သူက ဒီကိစ္စသူတို့နဲ့ ဘယ်လိုမှ မပတ်သက်ဘူးလို့ ငြင်းဆန်နေတယ်"

ယဉ်ယဉ်က ...

"ဒါဟာ တာလီပြည်က ပညာရှိကြီးပြောလို့ သိရတာ မဟုတ်လား။ ကိုယ်တိုင်သွားပြီး စုံစမ်းကြည့်ဖို့ ကောင်းတယ်"

ဟု ပြောလေသည်။ ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။

"ညီမ ... မြောင်တွေဟာ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ ဒါပေမဲ့ သိပ်ပြီး စိတ်ကြီးတယ်၊ စိတ်မြန်ကြတယ်ဆိုတာ ညီမသိမှာပါ၊ ဒီကိစ္စ မှာ အေးတိအေးစက်လုပ်နေရင် အချင်းချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်လာနိုင်တယ်၊ အခုတော့ ဘာမှပြုပြင်လို့ ရတော့မှာ မဟုတ်ဘူး။ ရဟာတ်ရဲတိုက်ပိုင်နက်ကို စီးနင်းတိုက်ခိုက်ဖို့ပဲ ရှိတော့တယ်"

ယဉ်ယဉ် မျက်နှာပျက်သွားလေသည်။

"ဒါဆိုရင် သွေးချောင်းစီး တိုက်ပွဲကို ရှောင်ရှားလို့ ရတော့မှာ မဟုတ်ဘူးပေါ့"

ကြူးဝမ်းခုံး ပါးစပ်ပိတ်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ် ... တိုက်ပွဲတွေကို ရှောင်နိုင်သမျှ ရှောင်ပါလို့ ညီမ တိုက်တွန်းပါရစေ"

ကြူးဝမ်းခုံး ပြုံးလိုက်သည်။ သူက မပြောချင်ပါဘဲ ...

"ညီမဟာ မြောင်မျိုးနွယ်စုက မွေးဖွားလာသူ မဟုတ်တဲ့ အတိုင်းပဲ"

ဟု ပြောလိုက်၏။ ထိုစကားကြားလျှင် ယဉ်ယဉ်မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ ဘာမှ မပြောတော့ဘဲ ကြူးစုကိုရိုက လှည့်ထွက်သွား၏။ ထိုအခါမှ ကြူးဝမ်းခုံး သက်ပြင်းချကာ ...

"အစ်ကို့ကို ခွင့်လွှတ်ပါညီမရယ်"

ဟု တိုးတိုးပြောလိုက်လေတော့သည်။

●

"အရှင်မင်းကြီး ... မြောင်မြင်းသည်တော်တွေဟာ နယ်ခြား ချောင်းတစ်ဖက်မှာ စုရုံးရောက်ရှိနေကြပါတယ်"

သံတော်ဆင့်တစ်ယောက်က အစီရင်ခံလိုက်လေသည်။ မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် တန့်ယန် မျက်လုံး ပြူးသွား၏။



"ဘာ ... မြောင်မြင်းသည်တော်တွေ စုရုံးရောက်နေကြ တယ် ... ဟုတ်လား"

"ဟုတ်ပါတယ် ... သူတို့ဟာ တိုက်ပွဲကြီးတစ်ပွဲ ဆင်နွှဲဖို့ စုရုံးပြင်ဆင်နေကြတယ်ဆိုတာ ထင်ရှားပါတယ်"

"တို့ရဲ့ နယ်ခြားစောင့် တပ်ဖွဲ့ကကော"

"နယ်ခြားစောင့်တပ်ဖွဲ့ အသင့်ဖြစ်ထားပါတယ်၊ ဒါပေမဲ့ မြောင်တွေ ချောင်းတစ်ဖက်ကမ်းကို ဖြတ်ကျော်လာကြမယ်ဆိုရင် တော့ စစ်ကူအမြန်ဆုံး စေလွှတ်ပေးမှ ဖြစ်ပါလိမ့်မယ်၊ သူတို့ ကြာ ကြာ ခုခံနိုင်ကြမှာ မဟုတ်ဘူး"

တန့်ယန် မျက်မှောင်ကြုတ်သွား၏။ အနည်းငယ် စဉ်းစား လိုက်ပြီးမှ ...

"သူတို့တပ်ဖွဲ့ အင်အားဘယ်လောက်ရှိသလဲ"

"သူတို့ဟာ အုပ်စုကြီးသုံးစု ခွဲထားကြပါတယ်၊ တစ်စုကို မြင်းသည်တော် နှစ်သောင်းကျော်ကျော် ပါဝင်ကြပါလိမ့်မယ်"

"အုပ်စုကြီးသုံးစု ဟုတ်လား"

"ဟုတ်ပါတယ်"

"ဟာ ... ဒါဆို သူတို့အင်အားက ကြောက်ခမန်းလိလိ များပြားနေတာပေါ့။ မဖြစ်ဘူး တာလီတပ်ဖွဲ့တွေကို အမြန်ဆုံး ပို့ ပေးပြီး နယ်ခြားကို ဖို့မှပဲ"

www.burmeseclassic.com

www.burmeseclassic.com



တန့်ယန်မှာ မြောင်တို့၏အင်အားကို ကြားသိရလျှင် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားလေတော့သည်။ မြောင်တို့သည် တာလီပြည်ကိုပင် ဝင်ရောက်တိုက်ခိုက်နိုင်သည့်အင်အား ရှိနေသည် မဟုတ်ပါလား။

တန့်ယန် လက်နှစ်ဖက် နောက်ပစ်ကာ အခန်းတွင်းဝယ် ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်ပြီးမှ …

"မြောင်တွေနဲ့ အဆက်အသွယ်ရှိနေတဲ့ ပညာရှိကြီးကော ဘယ်ရောက်နေသလဲ … ပြောစမ်းပါဦး"

ဟု မေးလိုက်လေသည်။ သူ၏စကားသံနှင့် မရှေးမနှောင်း မှာပင် …

"ကျုပ်ရောက်ပါပြီ ဘုရင်မင်းမြတ်"

စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တန့်ယန် လှမ်းကြည့်လိုက်၏။ ထိုအခါ မင်းသားလေး တန့်ယုံ၊ တစ်မှူး၊ ယန်ဝူးနှင့်ပညာရှိ ကုန်းချူးတို့ လှမ်းဝင်လာသည်ကို တွေ့ မြင်လိုက်ရလေသည်။ တန့်ယန်က …

"မြောင်တွေက နယ်ခြားချောင်းတစ်ဖက်မှာ အလုံးအရင်းနဲ့ ရောက်နေကြတယ်ဆိုပါလား ပညာရှိကြီးရဲ့"

ဟု လှမ်းပြောလိုက်လေသည်။ ကုန်းချူးက …

"မြောင်တွေဟာ တာလီပြည် နေပြည်တော်က ထိမူးဆိုတဲ့



လူငယ်တစ်ယောက် လုပ်ကြံခံရတာကို မကျေမနပ် ဖြစ်နေကြပါ တယ်၊ တရားခံကို သူတို့ကိုယ်တိုင်ဖမ်းဆီးမယ်လို့ မြောင်ခေါင်း ဆောင်တွေက ပြောပါတယ်"

"ဘာ … ထိမူးဆိုတဲ့လူ အသတ်ခံလိုက်ရတယ် ဟုတ် လား"

"ဟုတ်ပါတယ်"

"ထိမူးဟာ မြောင်ဒေသက လာတာ … ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီကိစ္စ ဘာကြောင့် ကျုပ်ကို မပြောကြတာလဲ"

"ဘုရင်မင်းမြတ် စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ မပြော တာပါ။ ဒီကိစ္စ တစ်မှူးယန်ဝူးက တာဝန်ယူဖြေရှင်းနေပါတယ်"

"တစ်မှူးယန်ဝူး … ဟုတ်လား"

"ဟုတ်ပါတယ် ဘုရင်မင်းမြတ်"

ယန်ဝူးက ဦးညွှတ်ပြီး ပြောလေသည်။ တန့်ယန်က …

"ကဲ … ပြောစမ်းပါဦး"

"ယန်ဝူးက"

"ထိမူး အသတ်ခံလိုက်ရတဲ့ကိစ္စကြောင့် မြောင်တွေ မကျေ မနပ်ဖြစ်မှာစိုးရိမ်လို့ လက်သည်တရားခံကို ဖမ်းဆီးဖို့ ကြိုးစားခဲ့ ပါတယ်၊ ဒါပေမဲ့ တရားခံဟာ အဖမ်းမခံဘဲ ထွက်ပြေးသွားပါတယ်၊ ရှဟာတ်ရဲတိုက်ပိုင်နက်ထဲက လာတဲ့လူပါ။ ရှဟာတ်ရဲတိုက်ပိုင်နက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတာမို့ ရဟတ်ရဲတိုက် ပိုင်ရှင်ကို အကျိုးအကြောင်း ပြောပြတဲ့အခါ ရဲတိုက်ပိုင်ရှင်က လက်မခံတဲ့အပြင် တရားခံကို ထုတ်မပေးပါဘူး"

"ခုကွဲ ... ရဟတ်ရဲတိုက်ပိုင်ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီကိစ္စ မြောင်ခေါင်းဆောင်တွေကို ရှင်းမပြဘူးလား"

"ရှင်းပြခဲ့ပါတယ်"

"ဒါဖြင့် သူတို့ဟာ တာလီနယ်စပ်မှာ စုရုံးရောက်နေကြတာ ဘာသဘောလဲ"

"သူတို့ဟာ တာလီကို တိုက်မလို့မဟုတ်ပါဘူး။ ရဟတ်ရဲတိုက်ကို တိုက်ခိုက်ကြမလို့ပါ"

တန့်ယန် သက်ပြင်းချလိုက်သည်။ မြောင်တို့၏အင်အားသည် တာလီတို့ထက်ပင် ကြီးမားပေသည်။ ရဟတ်ရဲတိုက်သည် မြောင်တို့အား မည်သို့မျှ ခုခံနိုင်မည် မဟုတ်သည်ကို နားလည်ထားလေသည်။

တန့်ယန်က ...

"ဒီကိစ္စမှာ တိုက်ခိုက်ခြင်း မပြုဘဲ အေးအေးဆေးဆေး ဖြေရှင်းလို့ရအောင် မစွမ်းဆောင်နိုင်ကြတော့ဘူးလား"

ဟု မေးလိုက်လေသည်။ ယန်ဝူးက ...

"မြောင်တွေဟာ တားဆီးလို့ရတော့မှာ မဟုတ်ပါဘူး"



"ဘာ"

တန့်ယန်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

"မြောင်တွေဟာ တိုက်ပွဲကို မျှော်လင့်နေကြတယ်ဆိုရင် အားလုံးသိကြပါတယ်၊ သူတို့ရဲ့ လူတစ်ယောက် မတရားအသတ်ခံလိုက်ရတာကို လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး"

"ဒါဖြင့် တို့က လက်ပိုက်ကြည့်နေကြရမှာလား"

ယန်ဝူး ပါးစပ်ပိတ်ထားလေသည်။ တန့်ယန်က ...

"ဘာပဲဖြစ်ဖြစ် မြောင်တွေ ကျူးကျော်မတိုက်ခင် တရားခံထုတ်ပေးလိုက်ဖို့ ရဟတ်ရဲတိုက်ပိုင်ရှင်ဆီကို အကြောင်းကြားလိုက်ရင်ကောင်းမယ်၊ မြောင်တွေနဲ့ တကယ်တမ်း ရင်ဆိုင်ရရင် သူတို့မီးညက်ညက် ကြေသွားကြမှာပဲ"

ယန်ဝူးက ...

"ကောင်းပါပြီ ခင်ဗျာ၊ တာလီမြေမြန်စေတမန်တစ်ယောက်ကို လွှတ်ပြီး အကြောင်းကြားနိုင်းလိုက်ပါ့မယ်"

ဟု ပြောလိုက်သည်။

"မြန်မြန်လုပ်ကြ ... အချိန်မရှိဘူး"

ဟု ပြောလိုက်လေသည်။ ယန်ဝူးက ဦးညွှတ်ပြီး ထွက်သွားသည်။ မင်းသားလေး တန့်ယန်နှင့် ပညာရှိ ကုန်းချူးတို့ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တာလီဘုရင်သည် ရဟတ်ရဲတိုက်သို့ ခြေမြန်တော်စေလွှတ်လျှင်လည်းကောင်း၊ မြောင်တို့ တိုက်ခိုက်လာသဖြင့် တာလီတို့၏ အကူအညီကို ရဟတ်ရဲတိုက်မှ တောင်းခံလာလျှင် လည်းကောင်း၊ မည်သို့ ဆောင်ရွက်ရမည်ကို သူတို့ ကြိုတင်တိုင်ပင်ထားကြပြီး ဖြစ်သည်။

သူတို့ အကြံအစည်အောင်မြင်ရန် လက်မတင်လေးသာ လိုတော့၏။ သူတို့၏ အကြံအစည် အောင်ရမည်ဟု နှစ်ယောက်စလုံး နားလည်ထားကြလေတော့သည်။

*

မြောင်မြင်းသည်တော်များသည် နယ်ခြားချောင်းကို စတင်ကျော်ဖြတ်နေကြပြီ ဖြစ်လေသည်။ တစ်ဖက်ကမ်းသည် တာလီပိုင်နက်အတွင်းသို့ ခြေမချမိအောင် ချောင်းရိုးအတိုင်း အထက်ပိုင်းသို့ စုန်တက်သွားကြ၏။

မြောင်မြင်းသည်တော်များသည် တားဖို့ လေးမြားလက်နက်ကိုယ်စီ သယ်ဆိုးထားကြသည်။ မြင်းစီးကျွမ်းကျင်ပြီး ခက်ထန်ကြမ်းတမ်းသူများ ဖြစ်ကြလေရာ သူတို့အားကြည့်ရသည်မှာ အား



ရစရာကောင်းသလို ကြောက်စရာလည်း ကောင်းလှပေသည်။

မြောင်မြင်းသည်တော်များ တစ်စုတစ်ဝေးတည်း ချီတက်သွားကြသည့်အခါ ချောင်းရိုးတစ်ခုလုံး မြည်လျှံသွားလေသည်။ ချောင်းရိုးထဲမှရေသည် မြင်း၏ဝမ်းဗိုက်ခန့်သာ အနက်ရှိသည်။

မြောင်မြင်းသည်တော်များ ချီတက်သွားကြသည်ကို ကြည့်ကာ တစ်ဖက်ကမ်းသို့ ကျူးကျော်တိုက်ခိုက်လာလျှင် အကြီးအကျယ် ဒုက္ခရောက်ရမည်ဟု တာလီနယ်ခြားစောင့်တပ်ဖွဲ့များ နားလည်ထားလေသည်။

သို့သော် မြောင်မြင်းသည်တော်များသည် တာလီနယ်စပ်သို့ ချဉ်းကပ်လာခြင်းမပြုကြချေ။ ချောင်းရိုးထဲသို့ဆင်းလာသည့် ပထမဦးဆုံး မြင်းစီးတပ်ဖွဲ့သည် နံနက်ခင်း နေခြည်ပေါ်ထွက်လာချိန်မှ အစပြုခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံးတပ်ဖွဲ့ ဖြတ်သန်းသွားသောအခါ နေမွန်းတည့်ချိန်သို့ပင် ရောက်ရှိနေပြီ ဖြစ်လေသည်။ မြောင်မြင်းသည်တော်များ ဖြတ်သန်းသွားသည်ကို တာလီတပ်ဖွဲ့ဝင်များ မြော်မဆုံးနိုင်အောင် မြင်လျှက် ကျန်ရစ်ခဲ့ကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ရဟတ်ရဲတိုက် အဝင်တံခါးမကြီးရှေ့၌ စောင့်ကြပ်နေသည့် အစောင့်အကြပ်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

လှံရှည်ကြီးများကိုင်ကာ ချက်ချင်း လမ်းပိတ်ထားလိုက်ကြသည်။ ရဟတ်ရဲတိုက်သည် ကြီးမားခန့်ညားသော အဆောက်အအုံကြီးတစ်လုံး ဖြစ်ပေသည်။

ရဲတိုက်ပတ်လည်တွင် မြင့်မားသောအုတ်ရိုး ကာရံထား၏။ အပြင်ဘက်၌ ကျုံးကြီးတစ်ခုတူးထားပြီး ကျုံးပေါ်၌ တံတားတစ်ခုထိုးထားကာ ကြိုးများဖြင့်ဆိုင်းပြီး စက်သီးဖြင့် အတင်အချပြုလုပ်၍ရအောင် ဆောက်လုပ်ထား၏။

အကယ်၍ ရန်သူရောက်လာပါလျှင် တံတားကြီးကို ကြိုးဖြင့် မ,တင်ထားလိုက်ပါက ကျုံးကိုဖြတ်ကာ ရန်သူများ ကူးလာရမည် ဖြစ်သည်။ ကျုံးအတွင်း၌ ဆူးကြောင့်များထောင်ထားပြီး သားစားကျူးသည့် မိကျောင်းများ မွေးမြူထားသည်။ မည်သူမျှ ကျုံးကိုကူးကာ လာနိုင်မည်မဟုတ်ပါချေ။

မြင်းစီးသမားသည် ရဲတိုက်အဝင်တံခါးမကြီးရှေ့ရှိ တံတားဆီသို့ ဦးတည်ကာ အပြင်းမောင်းနှင်လာနေပါသည်။ အစောင့်



အကြပ်များက တံတားထိပ်မှပိတ်ဆို့ထားလိုက်ကြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် မြင်းစီးသမားသည် တံတားထိပ်သို့ရောက်လျှင် မြင်းကိုရပ်တန့်လိုက်ရလေတော့သည်။

"ရပ်လိုက် ... ဘယ်သူလဲ"

အစောင့်များက အော်မေးလိုက်ကြသည်။ မြင်းစီးသမားက

"မြောက်ပိုင်းက တပ်မှူးထိခွမ်းပါ၊ ရဟတ်ရဲတိုက်ပိုင်ရှင်နဲ့ တွေ့မှဖြစ်မယ်၊ အရေးကြီးတယ်၊ ရန်သူတွေ ရဟတ်ရဲတိုက်ပိုင်နက်ထဲကို ကျူးကျော်ဝင်လာကြပြီ"

ဟု အော်ပြောလိုက်လေသည်။ ထိုစကားကြားလျှင် အစောင့်အကြပ်များ ထိတ်လန့်သွားကြ၏။ ချက်ချင်း လမ်းဖယ်ပေးလိုက် ကြလေသည်။

တပ်မှူးထိခွမ်းသည် မြင်းကို ခုန်းစိုင်း စီးနှင်းကာ တံတားပေါ်မှ ဖြတ်ကျော်ပြီး ရဟတ်ရဲတိုက်အတွင်းဘက်သို့ ဝင်သွားသည်။ ထိခွမ်းဝင်သွားပြီး မရှေးမနှောင်းမှာပင် ရဲတိုက်အတွင်းမှ စူးရှသော အချက်ပေးခရာသံများ ထွက်ပေါ်လာလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ရဲတိုက်ပိုင်ရှင်မှာ ကျောင်းချူးဆိုသူ ဖြစ်လေသည်။ ကျောင်းချူးသည် အသက်ငါးဆယ်ကျော်ခန့်ရှိပြီး နှုတ်ခမ်းမွေးကားကား ဥပမိကောင်းသူဖြစ်သည်။

ဉာဏ်ပညာပြည့်စုံပြီး အမြော်အမြင် ကြီးမားလှသူလည်း ဖြစ်သည်။ ရဟတ်ရဲတိုက်ကို အေးချမ်းသာယာစွာ အုပ်ချုပ်နိုင်ခဲ့သူလည်း ဖြစ်သည်။

နယ်ချင်းထိစပ်နေသည့် တာလီနှင့်မြောင်တို့ ချစ်ကြည်မှုရှိလာသောအခါ မြောင်ဒေသထွက်ကုန်များသည် တာလီမှတစ်ဆင့် ရဟတ်ရဲတိုက်သို့ ရောက်လာသည်။

ရဟတ်ရဲတိုက်မှတစ်ဆင့် တရုတ်ပြည်တစ်ဝှမ်းလုံးသို့ ဖြန့်ဖြူးရောင်းချကာ အမြတ်ငွေများ ရရှိခဲ့သည်။ ထို့နည်းတူ တရုတ်ပြည်တစ်ဝှမ်းလုံးမှ ကုန်ပစ္စည်းများနှင့် ရဟတ်ရဲတိုက်ဒေသမှ ထွက်သည့် ကုန်ပစ္စည်းများသည်လည်း တာလီမှတစ်ဆင့် မြောင်ဒေသသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။

ရဟတ်ရဲတိုက်ပိုင်ရှင် ကျောင်းချူးသည် တာလီဘုရင် တန့်ယန်နှင့် လွန်စွာမှဝင် ခင်မင်ရင်းနှီးသူဖြစ်ပေသည်။ တာလီနှင့် မြောင်တို့ ချစ်ကြည်မှုရယူနိုင်ရန် တာလီဘုရင် တန့်ယန်ထံမှတစ်ဆင့် ဆက်သွယ်ရန် ကြိုးပမ်းနေသူဖြစ်၏။

ယခု သူ၏ရှေ့သို့ ထီခွမ်းရောက်ရှိလာသောအခါ ကျောင်း



ချူးမှာ သူ၏နားကိုပင် မယုံနိုင်အောင် ဖြစ်သွားရလေတော့သည်။

"မြောင်တွေဟာ တို့ပိုင်နက်ထဲကို ကျူးကျော်ဝင်လာခဲ့ကြတယ် ဟုတ်လား"

ဟု တအံ့တဩ မေးလိုက်သည်။ ထီခွမ်းက ...

"ဟုတ်ပါတယ် ... သူတို့ဟာ မွန်းလွဲပိုင်းလောက်မှာ စတင်ကျူးကျော်ခဲ့တာပါ"

"ကျုပ်ကို သေသေချာချာ ရှင်းပြစမ်းပါ"

"နယ်ခြားစောင့်တပ်ဖွဲ့ဟာ ရောမမြင်းတပ်ဖွဲ့ကြီးတစ်ခု တက်လာနေကြတာကိုတွေ့လို့ သွားပြီး သတင်းစုံစမ်းပါတယ်၊ ဒါ ခဲ့ သူတို့ ဘာသတင်းမှ မရခဲ့သလို တပ်စခန်းကို ပြန်မလာနိုင်ခဲ့ကြတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့ဟာ ရောမမြင်းတပ်ဖွဲ့ကြီးအောက်မှာ ကွယ်ပျောက်သွားခဲ့ပါတယ်"

"နောက်ကော"

"နောက်တော့ မြောင်မြင်းသည်တော်တွေဟာ ရဟတ်ရဲတိုက်ပိုင်နက်ထဲကို တရကြမ်း ဝင်လာကြတော့တာပါပဲ၊ သူတို့ဟာ ရဟတ်ရဲတိုက်က တပ်ဖွဲ့တွေကို တိုက်ခိုက်တယ်၊ မြို့ရွာတွေကို ဖျက် ယက်တယ်၊ အခုဆို ရဟတ်ရဲတိုက်ပိုင်နက် သုံးပုံနှစ်ပုံလောက်

www.burmeseclassic.com

www.burmeseclassic.com



ဟာ မြောင်မြင်းသည်တော်တွေလက်အောက်ကို ရောက်သွားပါပြီ”

“ဘာ”

ကျောင်းချုပ်၏အသံ ပါိန်းထွက်လာလေသည်။ ထိခွမ်းက

“ကျွန်တော် ဒီကို လာနေတဲ့အချိန်မှာပင် သူတို့ဟာ နောက်က လိုက်လာကြနေကြပါတယ်”

“ဒါ ... ဒါဆို မကြာခင် ဒီကိုရောက်လာတော့မှာပေါ့”

“မှန်ပါတယ် သခင်ကြီး”

ကျောင်းချုပ် ဂနာမငြိမ်ဖြစ်သွား၏။ ရဟာတ်ရဲတိုက်၏ တပ်ဖွဲ့များသည် မြောင်းမြင်းသည်တော်များကို မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်ကြောင်း နားလည်ထားသည်။ ကျောင်းချုပ်က

“တို့ ဘယ်လိုလုပ်ကြမလဲ”

ခြေမကိုင်မိ လက်မကိုင်မိဖြင့် မေးလေသည်။ ထိခွမ်းက

“တာလိတွေဆီမှာ အကူအညီတောင်းရင် ကောင်းပါလိမ့် မယ်၊ မြောင်တွေကို ရင်ဆိုင်နိုင်တာ တာလိတွေပဲ ရှိပါတယ်”

“ဟုတ်တယ်၊ တပ်မှူးထိခွမ်း မင်းပဲ တာလိကို သွား... တာလိဘုရင် တန်ယန့်ကို ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေ ... ပြီး အကူအညီတောင်းပါ၊ မြောင်တွေ ရောက်လာရင် တို့က ရဲတိုက် တံခါး အသေပိတ်ပြီး ခုခံထားမယ်၊ ကဲ ကဲ ... မြန်မြန်သွားပေတော့”

ထိခွမ်း ဦးညွတ်ပြီး ကတိုက်ကရိုက် ထွက်သွား... ကျောင်း...



ချုပ်က ...

“တို့ရဲ့ တပ်ဖွဲ့တွေကို အသင့်ပြင်ထားခိုင်းလိုက်၊ ထိခွမ်း ထွက်သွားပြီးတာနဲ့ ရဲတိုက်တံခါးကို အသေပိတ်လိုက်၊ တံခါးကို အပေါ် ဆွဲတင်ထားလိုက်”

ဟု အမိန့်ပေးလိုက်လေသည်။

✸

‘ခွပ်ခွပ် ခွပ်ခွပ်’

မြင်းခွာသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ မြင်း တစ် ...ကောင်သည် တောလမ်းအတိုင်း တာလိပြည်ဘက်သို့ ဦးတည်ကာ ...ပြင်းနှင်နေသည်။

မြင်းပေါ်မှလိုက်ပါလာသူမှာ ရဟာတ်ရဲတိုက်မှ တပ်မှူး ထိ ...ခွမ်း ဖြစ်ပေသည်။ မြောင်မြင်းသည်တော်များ၏ မြင်းခွာအောက် ...တွင် ရဟာတ်ရဲတိုက်ပိုင်နက်နယ်မြေများ ပြားပြားဝပ် ရောက်ရှိခဲ့ ...သည်ဖြစ်ရာ တာလိဘုရင်၏ အကူအညီရရှိမှသာလျှင် ရဟာတ်ရဲတိုက် ...အတွက် အသက်ရှူချောင်ပေတော့မည်။

သို့မဟုတ်လျှင် ရဟာတ်ရဲတိုက်အမည်သည် လောကပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ကွယ်ပျောက်သွားတော့မည် ဖြစ်ပေသည်။ ထိခွမ်းသည် တာလိနေပြည်တော်သို့ အရောက်သွားရာ၌ လမ်းခရီးတွင် ရပ်နားဖို့ လုံးဝစိတ်မကူးချေ။

သို့သော် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာခြင်းကြောင့် မြင်းကို ရပ်တန့်လိုက်ရလေတော့သည်။ ရဟတ်ရဲတိုက်ပိုင်နက်မှ တာလိပိုင်နက်သို့ ဖြတ်ကျော်ဝင်ရောက်မိသည်နှင့်

"ရပ်လိုက်"

ဟန့်တားသံထွက်ပေါ်လာသည်။ သစ်ပင်များကြားမှ မြင်းစီးသမားတစ်စု ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။ ထိုလူများကို မြင်လျှင် ထိခွမ်း ဝမ်းသာသွားလေသည်။

"ဟာ ... တာလိမြင်းသည်တော်တွေပါလား"

မှန်ပေသည်။ တာလိမြင်းသည်တော် ဆယ်ယောက်ခန့် ထွက်ပေါ်လာသည်။ ယခင်က ရဟတ်ရဲတိုက်ပိုင်နက်နှင့် တာလိပိုင်နက် ထိစပ်လျက်ရှိသောနေရာ၌ တာလိမြင်းသည်တော်များ ရံဖန်ရံခါ ကင်းလှည့်ထွက်လာသည်မှအပ တွေ့ရခဲပေသည်။

အရေးကြီးနေသည့် အချိန်တွင် တွေ့လိုက်ရသည်ဖြစ်ရာ ထိခွမ်းက ...

"ကျုပ်ဟာ ရဟတ်ရဲတိုက်က တပ်မှူးထိခွမ်းပါ။ ရဟတ်ရဲတိုက်ပိုင်နက်ထဲကို မြောင်မြင်းသည်တော်တွေ ကျူးကျော်လာလို့



တာလိဘုရင်ဆီမှာ အကူအညီတောင်းဖို့ လာခဲ့တာပါ"

ဟု အော်ပြောလိုက်လေသည်။ တာလိမြင်းသည်တော်များကို ဦးဆောင်လာသူမှာ ယန်ဝူးဖြစ်လေသည်။ ယန်ဝူး သဘောကျစွာ ပြုံးလိုက်သည်။

တာလိဘုရင်သည် မြောင်မြင်းသည်တော်များနှင့်ပတ်သက်ပြီး အသိပေးရန် ရဟတ်ရဲတိုက်သို့ သူ့အား စေလွှတ်လိုက်ခြင်းဖြစ်၏။ သို့သော် သူက တာလိဘုရင်၏အမိန့်ကို နာခံမည်မဟုတ်ဘဲ မင်းသားလေး တန့်ယုံ၏ အမိန့်အတိုင်း ဆောင်ရွက်မည်ဖြစ်လေသည်။ ထိခွမ်းကို ကြည့်ကာ ...

"မြောင်မြင်းသည်တော်တွေ ကျူးကျော်လာရင် လက်ပိုက်ကြည့်မနေနဲ့ပေါ့။ တိုက်ထုတ်ပစ်လိုက်ပေါ့"

"ဗျာ"

ထိခွမ်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ရဟတ်ရဲတိုက်ဟာ ခိုင်မာတောင့်တင်းတယ်လို့ ကျော်ကြားနေတာပဲ၊ ဘာကြောင့် မခုခံရတာလဲ"

ထိခွမ်း ဒေါ်ပွသွားလေသည်။

"မြောင်မြင်းသည်တော်တွေဟာ ထောင်ပေါင်းများစွာ ရှိတယ်ဗျ။ ကျုပ်တို့ထက် အဆပေါင်းတစ်ရာလောက် အင်အားကြီးတယ်၊ ဘယ်လိုလုပ် ရင်ဆိုင်နိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လည်း အရှုံးပေးလိုက်ပေါ့"

"ဘာဗျ ... ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

"အရှုံးပေးလိုက်ဖို့ ပြောတာပေါ့"

ယန်ဝူးက ခပ်တည်တည် ပြောလေသည်။ ထိခွမ်း အံကိုက်လိုက်သည်။

"ရဟတ်ရဲတိုက်ကလူတွေကို အထင်မသေးပါနဲ့ဗျာ၊ ကျုပ်တို့လူ တစ်ယောက်မကျန်တဲ့အထိ ရန်သူကို ရင်ဆိုင်တိုက်ခိုက်ကြမှာပါ"

"ဒါဖြင့် ခင်ဗျားက ဘာကြောင့် တာလီနယ်ထဲ ဝင်လာရတာလဲ"

"ရဟတ်ရဲတိုက်ပိုင်ရှင်က တာလီဘုရင်ဆီကို လွှတ်လိုက်လို့ပေါ့"

"ဘာလဲ ... ကျုပ်တို့ဆီက အကူအညီတောင်းချင်လို့ မဟုတ်လား ... ဟား ဟား ဟား"

ပြောပြောဆိုဆို ယန်ဝူးက လှောင်ပြောင်ရယ်မောလိုက်ရာ ထိခွမ်း မကျေမနပ် ဖြစ်သွားသည်။ ယန်ဝူးကို စေ့စေ့ကြည့်ကာ ...

"ကျုပ် ခင်ဗျားနဲ့ စကားပြောဖို့ လာတာမဟုတ်ဘူး။ တာလီဘုရင်ဆီကိုလာတာ ... လမ်းဖယ်ပေးပါ"

"လွယ်ပါတယ်၊ ကျုပ်ကို ကျော်ဖြတ်သွားနိုင်တယ်ဆိုရင်



တာလီဘုရင်ဆီကို ခင်ဗျားရောက်သွားမှာပဲ"

ထိခွမ်းသည် ယန်ဝူးက အဘယ်ကြောင့် သူ့အား နှောင့်ယှက် တားဆီးနေသည်ကို စဉ်းစားမရချေ။ သို့ရာတွင် ယန်ဝူးအား ကျော်ဖြတ်သွားနိုင်မှသာလျှင် တာလီဘုရင်ထံ ရောက်နိုင်မည်ဖြစ်ကြောင်း ဆင်ခြင်မိသည်။ ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ...

"ကောင်းပြီ ... ကျုပ် ကျော်ဖြတ်သွားမယ်"

ဟု ပြောလိုက်သည်။ ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး ယန်ဝူးထံ တစ်ဟုန်ထိုး တိုးဝင်သွား၏။ ယန်ဝူးကလည်း ဓားရှည်ကို ဆွဲထုတ်လိုက်ပြီး ...

"သူ့ကို ဆုံးမလိုက်ကြစမ်းဟေ့"

ဟု အော်ပြောလိုက်လေသည်။ ထိုအခါ သူ၏လူများသည် သက်နက်ကိုယ်စီ ဆွဲကိုင်ကာ ထိခွမ်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။ ထိခွမ်းသည် တစ်ယောက်နှင့်အများ ရင်ဆိုင်လိုက်ရသော တစ်ခဏအတွင်းမှာပင် ...

"အား"

ရူးရှူးစွာ အော်ဟစ်ကာ မြင်းပေါ်မှ ပြုတ်ကျသွားလေတော့သည်။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

## အခွင့်ကောင်းကိုလက်လွှတ်သူ

နေခြည်ဖြာကျလာပြီ ဖြစ်လေသည်။ နေခြည်အောက်တွင် ရဟာတ်ရဲတိုက်မှာ ဝင့်ကြွားသည်ဂါဝှာ တည်ရှိနေ၏။ ရဲတိုက်အမြင့်ဘက်၌ ကျုံးရေရစ်ခွေ စီးဆင်းနေသည်။

ရဲတိုက်၏ အုတ်ရိုးပေါ်၌ လက်နက်ကိုယ်စီ လွယ်မိုးထားသည့် ရဟာတ်ရဲတိုက်မှ စစ်သည်တော်များ နေရာယူထား၏။ ရဟာတ်ရဲတိုက်သည် ဖြိုဖျက်မရနိုင်သည့် ခံတပ်ကြီး ဖြစ်ပေတော့သည်။

ရဟာတ်ရဲတိုက်ပိုင်ရှင် တာလီစစ်ကူများ ရောက်လာမည့်အချိန်ကို မျှော်လင့်နေသည်။ သို့သော် မြောင်မြင်းသည်တော်များ၏ ထွက်ပေါက်မရှိနိုင်သည့် ဝိုင်းရံမှုကိုသာ ခံရသည်။ တာလီစစ်ကူများ ရောက်မလာကြပါချေ။

ရဟာတ်ရဲတိုက်ပိုင်ရှင်သည် ကျောင်းချူး အကြီးအကျယ် စိတ်ဓာတ်ကျဆင်းနေတော့၏။ ထိုအချိန်တွင် ကြူးဝမ်းခုံး တာနားနှင့်



ဝမ်းဟိုးတို့သည် ရဟာတ်ရဲတိုက်ပိုင်နက်အတွင်းကို အုပ်စုခွဲကာ သုံးနေရာမှ ထိုးဖောက်ဝင်လာခဲ့ကြသည်။

ရဟာတ်ရဲတိုက်အနီးတွင် မြွန်လည်စုစည်းမိလေသည်။ ရဟာတ်ရဲတိုက်ပိုင်နက် နယ်မြေအတွင်းရှိ မြို့ရွာများကား မီးတဟုန်းဟုန်း တောက်လောင်ကာ မြောင်မြင်းသည်တော်များ၏ မြင်းခွာအောက်ဝယ် ပြားပြားဝပ်ခဲ့ရပေသည်။

ယခု ကြူးဝမ်းခုံးတို့သည် စုရုံးကာ ရဟာတ်ရဲတိုက်ကို ချေမှုန်းရန် ပြင်ဆင်နေကြပြီ ဖြစ်လေသည်။

တာနားက ...

"အတော့်ကို ခိုင်ခံ့ပြီး ထုထည်ကြီးမားလှတဲ့ ခံတပ်ကြီးပဲ"

ဟု ပြောလေသည်။ ဝမ်းဟိုးက ...

"တို့ မြောင်ဒေသက ကျောက်တောင်ကြီးတစ်ခုလောက် မခာကျောသေးပါဘူးကွာ"

သူ၏ စကားကြောင့် ကြူးဝမ်းခုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

"တို့တစ်တွေ မရဏချောက်ကို မြင်းနဲ့ ဖြတ်ကျော်ခဲ့တယ်ဆိုရင် သူတို့ရဲ့ ဘာမဟုတ်တဲ့ ကျုံးကလေးကို ဘာကြောင့် မကျော်နိုင်ရမှာလဲ"

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးဝမ်းခုံး ပြုံးလိုက်သည်။ မရဏချောက်ကို ကျော်ဖြတ်နိုင်ခဲ့သည်ဖြစ်ရာ ရဟာတ်ရဲတိုက်၏ကျုံးကို ကောင်းစွာ ဖြတ်ကျော်နိုင်မည် ဖြစ်လေသည်။

သို့သော် မြင်းသည်တော်အားလုံး ဖြတ်ကျော်နိုင်ကြမည်ကား မဟုတ်ပါ။ ကျုံးကိုဖြတ်ကျော်ပြီးနောက် ထူထဲသည့် မြို့ရိုးတံခါးကြီးကို ဖျက်ဆီးရန် မလွယ်သလို တံတိုင်းပေါ် တက်ရန်လည်း လွယ်မည် မဟုတ်ပါ။

ဖြစ်လိုရာဖြစ်စေ ပြင်းထန်စွာ ချေမှုန်းတိုက်ခိုက်မည်ဆိုလျှင် ရဟာတ်ရဲတိုက်ကို စီးနင်းသိမ်းပိုက်နိုင်သည်ထားဦး မြင်းသည်တော် အခြောက်အမြား လက်လွှတ်ဆုံးရှုံးရမည် ဖြစ်သည်။

ထိုသို့သော စွန့်စားခြင်းမျိုးကို မလုပ်လိုပါချေ။ ကြူးဝမ်းခုံးက ရဟာတ်ရဲတိုက် အနေအထားကို စစ်ဆေးကြည့်ရှုလိုက်ပြီး ...

"ရဟာတ်ရဲတိုက်က အုတ်တံတိုင်းနဲ့ တံတားတို့ ကျုံးတို့ အားကိုးပဲ ရှိပါတယ်၊ အထဲမှာ ကျောက်တုံးကျောက်ခဲတွေလို ခိုင်ခံ့တဲ့ အဆောက်အအုံ ရှိတာမဟုတ်ဘူး။ တို့က ဘာမှ အပင်ပန်းခံနေစရာ မလိုဘူး၊ ယန်ရူးကို ဆုံးမသလို ဆုံးမကြတာပေါ့"

ဟု ပြောလိုက်လေသည်။ တာနားက ...

"ဘာလဲ ... မီးမြားနဲ့ပစ်မှာလား"

"ဒါပေါ့"



"ကျုပ်တို့က ရင်ဆိုင်တိုက်ချင်တာဗျ"

ကြူးဝမ်းခုံးက ထူထဲခိုင်ခံ့လှသည့် တံခါးမကြီးကို ညွှန်ပြရင်း

"တံခါးကြီးကို မီးစွဲလောင်ပြီး ပြိုဖျက်သွားရင် ရဲတိုက်ထဲကို မင်းနဲ့ငါ ရှေ့ဆုံးက ဝင်ကြတာပေါ့"

ဟု ပြောလိုက်လေသည်။ ဓမ်းဟိုး ဝမ်းသာသွားသည်။

"ကောင်းတယ်"

တာနားက ...

"လေးသည်တော်တွေကို အသင့်ပြင်နိုင်းလိုက်ရတော့မလား"

ကြူးဝမ်းခုံးက ...

"အသင့်လုပ်မနေနဲ့ ... တစ်ခါတည်း ပစ်ပေတော့"

ဟု အမိန့်ပေးလိုက်လေသည်။

တာနားသည် ခရာတစ်ခုယူကာ အသံရှည်ရှည်မှုတ်ပြီး အချက်ပေးလိုက်၏။ ခရာသံကြားသည်နှင့် မြင်းသည်တော်များသည် လေးမြားအသင့်ပြင်ထားလိုက်ကြ၏။

ထို့နောက် မြားတံထိပ်ဖျား၌ မီးရှို့ကာ ပစ်လွှင့်လိုက်လေသည်။ မီးစွဲလောင်နေသည့် မြားတံများသည် မိုးသီးမိုးပေါက်များအလား ရဟာတ်ရဲတိုက်ဆီသို့ ပစ်လွှင့်သွားသည်။

ရဲတိုက်အတွင်းဘက်သို့ တဖွဲဖွဲ ကျရောက်သွားသဖြင့်ထူထဲ

www.burmeseclassic.com

www.burmeseclassic.com



သော တံခါးမကြီး၌လည်း တဒုတ်ဒုတ်မြည်ဟည်းကာ စိုက်ဝင်သွားလေသည်။ တိုက်ပွဲစပြီ ဖြစ်လေသည်။

✹

ရဟတ်ရဲတိုက်ပိုင်ရှင် ကျောင်းချုပ် မျက်နှာမသာမယာ ဖြစ်နေသည်။ သူသည် တိုက်ပွဲဝင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ဖြစ်သည်။ လေးနှင့်မြား လွယ်ထားသလို ခါး၌ ဓားတစ်လက် ချိတ်ထားသည်။

နှစ်ပေါင်းများစွာ တိုက်ပွဲများနှင့် ကင်းကွာနေခဲ့သဖြင့် ရန်သူနှင့် ရင်ဆိုင်ရမည်ဆိုသောအခါ ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်နေပေတော့သည်။

သူ၏အနီးဝယ် ရဟတ်ရဲတိုက်မှ သူရဲကောင်းများစွာ စုရုံးရောက်ရှိနေ၏။ ကျောင်းချုပ်က ...

"သူတို့ ရဲတိုက်ကို ဝိုင်းထားကြတယ် ... ဟုတ်လား"

ဟု မေးလိုက်လေသည်။ ထိခွမ်းနှင့် ညီအစ်ကိုတော်စပ်သည့် ထိဟာန်ဆိုသူက ...

"ဟုတ်ပါတယ် သခင်ကြီး အရပ်လေးမျက်နှာမှာ လက်ညှိုး



ထိုးမလွဲအောင် တွေ့မြင်နိုင်ပါတယ်"

"သူတို့က ရဲတိုက်ကို ဝင်တိုက်မလာသေးဘဲ ဘာလုပ်နေကြတာလဲ"

"ကျုံးကို ကူးဖို့ နည်းလမ်းရှာနေကြတာ ဖြစ်နိုင်ပါတယ်"

"ကျုံးကို ကူးလာကြပြီဆိုရင်ကော"

ထိဟာန်က ...

"သူတို့ ကျုံးကိုကူးမယ်ဆိုရင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားပါလိမ့်မယ်"

ဟု မြတ်သားစွာ ပြောလေသည်။ ကျောင်းချုပ် ပြုံးလိုက်သည်။

"တို့လူတွေက မြားတစ်စင်းကို ရန်သူတစ်ယောက်ထိအောင်ပစ်နိုင်တယ်ပဲ ထားဦး ... တို့ရဲတိုက်မှာရှိရှိသမျှ မြားတံအားလုံးကုန်သွားတာတောင် ရန်သူတွေ ကျန်ရစ်နေဦးမှာပဲ မဟုတ်လား"

ထိဟာန် ပါးစပ်ပိတ်ထားလိုက်လေသည်။ ကျောင်းချုပ်က...

"သူတို့ ဘာကြောင့် ရဟတ်ရဲတိုက်ပိုင်နက်ကို ကျူးကျော်လာတယ်ဆိုတာ ငါသိချင်တယ်၊ အကြောင်းတစ်ခုခုတော့ ရှိရမယ်၊ အကြောင်းမရှိဘဲ လာမှာမဟုတ်ဘူး၊ သူတို့ဟာ မြောင်ဒေသမှာ နေကြသူတွေပဲ၊ သူများရပ်ရွာကို မက်မောသူတွေလည်း မဟုတ်ဘူး၊ ရဟတ်ရဲတိုက်ပိုင်နက်ကို လိုချင်တယ်ဆိုရင် လူနဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာကတည်းက ဝင်ပြီး သိမ်းပိုက်နိုင်တာပဲမဟုတ်လား"

ဟု တီးတိုးရေရွတ်လိုက်လေသည်။ ထိုစဉ် စူးရှသော ခရာသံ ထွက်ပေါ်လာလေသည်။ ကျောင်းချုပ်က ရဲတိုက် အပြင်ဘက် ပြေးထွက်သွားလိုက်၏။

ရဟတ်ရဲတိုက်မှ သူရဲကောင်းများလည်း နောက်မှ ပြေးလိုက်လာကြသည်။ ရဲတိုက်အပြင်ဘက်သို့ ရောက်လျှင် မီးမြားများ မိုးသီးမိုးပေါက်များပမာ တဖွဲဖွဲ ကျဆင်းလာသည်ကို တွေ့ရ၏။

အဆောက်အအုံများ၏ ခေါင်မိုးပေါ်သို့ လည်းကောင်း၊ လမ်းများပေါ်သို့ လည်းကောင်း တရစပ် ကျရောက်လာလေ၏။ မီးမြားများ ပစ်လွှင့်လာသည်ကိုမြင်လျှင် ကျောင်းချုပ် သက်ပြင်းချလိုက်ပြီး ...

"တို့ ရှုံးသွားပြီ"

ဟု ညည်းညူလိုက်လေသည်။ ရဟတ်ရဲတိုက်မှ အစောင့်အကြပ်များသည် မီးမြားများကို လိုက်လံငြိမ်းသတ်ရန် ကြိုးစားနေကြ၏။ သို့သော် အဆက်မပြတ် ကျရောက်လာသည်ဖြစ်ရာ အချို့မှာ မီးငြိမ်းသတ်ရန် ကြိုးစားရင်းပင် မြားတံများ ထိမှန်ကာ လဲကျကုန်သည်။

အချို့သော အဆောက်အအုံများမှာ မီးစွဲလောင်နေပြီ ဖြစ်သည်။ မီးငြိမ်းသတ်ရန် ကြိုးစားရင်း လမ်းများပေါ်ဝယ် ပြေးလွှား



အော်ဟစ်နေသူများဖြင့် ရှုပ်ထွေးသွား၏။

မြားတံများသည် အရပ်လေးမျက်နှာမှ ရာထောင်ချီပြီး ပစ်လွှင့်လာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ရဟတ်ရဲတိုက်မှလူများ ကြိုးစားငြိမ်းသတ်ပါသော်လည်း မနိုင်မနင်းဖြစ်ကာ နောက်ဆုံး လက်လျှော့လိုက်ရသည်။

မီးမြားများကြောင့် အဆောက်အအုံများ မီးလောင်သွားပြီး တစ်ခုမှတစ်ခု ကူးစက်သွားလေသည်။ ရဟတ်ရဲတိုက် အတွင်းဘက်ရှိ အဆောက်အအုံတိုင်းလိုလို မီးစွဲလောင်သွားလေတော့သည်။

မီးမှာ တစ်စထက်တစ်စ အရှိန်ကောင်းလာပြီး ကျောင်းချုပ်၏ ရဲတိုက်ကြီးဆီပင် ကူးစက်လောင်ကျွမ်းလာသည်။ ကျောင်းချုပ်က

"အုတ်တံတိုင်းပေါ် တက်ကြ၊ သူတို့ ကျုံးကို ဖြတ်ကူးလာကြတော့မယ်"

ဟု အော်ဟစ်အမိန့်ပေးလိုက်သည်။ သူ၏အမိန့်ဖြေသံသည် တဟုန်းဟုန်း တောက်လောင်နေသည့် မီးလောင်သံ၊ ပြေးလွှားအော်ဟစ်သံများ ကြားဝယ် ကွယ်ပျောက်သွားလေသည်။

ထိုစဉ်မှာပင် ...

'တူး တူး တူး'

မြို့ရိုးပေါ်မှ ခရာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရန်သူတွေ ကျုံးကို ဖြတ်ကူးလာပြီ"

အော်ဟစ်သံများလည်း ဟိုမှသည်မှ ထွက်ပေါ်လာသည်။ ရန်သူများသည် ရဟတ်ရဲတိုက်ကို အပြီးတိုင် ချေမှုန်းရန် စတင် ကြိုးစားလာကြပြီ ဖြစ်လေသည်။

ကျောင်းချူးက ဓားကို ဆွဲထုတ်လိုက်ပြီး ရှေ့ဆုံးမှ ပြေးထွက်သွား၏။ ရဟတ်ရဲတိုက် မြို့ရိုးအတွင်းရှိ အဆောက်အအုံများမှာ မီးတဟုန်းဟုန်း တောက်လောင်နေပြီ ဖြစ်လေသည်။

ကျောင်းချူးသည် မြို့ရိုးပေါ်သို့ ရောက်ရှိသွား၏။ ထိုအခါ ရန်သူလေးငါးယောက်မှာ ကျုံးကို မြင်းဖြင့် ဈွားခနဲ လွှားခနဲ ခုန်ကူးလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောင်းချူး မျက်လုံးပြူးသွားသည်။

"အာဂလူတွေပါလား၊ ကျုံးကိုတောင် မြင်းနဲ့ ဖြတ်ကူးနိုင်တယ်" ဟု လွှတ်ခနဲ ပြောလိုက်လေသည်။

"မြားနဲ့ပစ် မြားနဲ့ပစ်"

ဟုလည်း အမိန့်ပေးလိုက်၏။ ရဟတ်ရဲတိုက်မှ လူများက မြားဖြင့် ဝိုင်းပစ်ကြသည်၊ သို့သော် မြင်းခြောက်ကောင်မှာ ရဲတိုက်အုတ်ရိုးအနီးသို့ ရောက်ရှိလာပြီဖြစ်ရာ မြားထိမှန်ခြင်း မရှိတော့ချေ။

ရုတ်တရက် ...

'ဝုန်း'



ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာသည်။ မီးစွဲလောင်နေသည့် မြို့ရိုးတံခါးကြီး လဲပြိုသွား၏။ ဤတွင် အသင့်ရောက်ရှိနေသည့် ရန်သူမြင်းစီးသမားများက ကျုံးကူးတံတား၏ ဆိုင်းကြိုးများကို ဖြတ်တောက်ပစ်လိုက်ကြ၏။

တံတားကြီးမှာ ကျုံးပေါ် ကန့်လန့်ဖြတ် ပြုတ်ကျသွား၏။ ကျုံးကူးတံတား ခင်းပေးလိုက်သလို ဖြစ်သွားသည်နှင့် ...

"ဟေး ဟေး"

ကြွေးသံများနှင့်အတူ မြောင်မြင်းသည်တော်များသည် အသုံးအရင်းဖြင့် ဖြတ်ကျော်လာကြလေတော့သည်။

✱

ရဟတ်ရဲတိုက်မှ လူများကလည်း ဆီးကြို၍တိုက်ခိုက်လိုက်ကြလေသည်။

'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ မြို့

www.burmeseclassic.com

www.burmeseclassic.com



အဝင်တံခါးမရှေ့၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပွားနေသည်။ ရဟာတ်ရဲတိုက်မှ လူများသည် လူစုလူဝေးဖြင့် ဗိုင်းရဲတိုက်ခိုက်ကြပါသော်လည်း တရကြမ်း ထိုးဖောက်ဝင်လာသည့် ကြူးဝမ်းခုံးတို့လူစုကို ဟန့်တားခြင်း မပြုနိုင်ဘဲ ဖြစ်နေ၏။

ထိုအချိန်တွင် ကျူးကူးထံတားကို ဖြတ်ကျော်ကာ ကြူးဝမ်းခုံး၏လူများ အလုံးအရင်းဖြင့် ဝင်ရောက်လာကြပြီ ဖြစ်လေသည်။ ရဟာတ်ရဲတိုက်မှလူများသည် တရကြမ်း ထိုးဖောက်ဝင်လာသည့် မြောင်မြင်းသည်တော်များကို ရင်ဆိုင်ခြင်းမပြုနိုင်ဘဲ တစ်လှမ်းကာ နောက်ဆုတ်ပေးလိုက်ကြရလေတော့သည်။

ကြူးဝမ်းခုံးသည် မြို့ရိုးအတွင်းသို့ ဝင်မိသည်နှင့် မြို့ရိုးပေါ်မှ အော်ဟစ်အမိန့်ပေးနေသည့် ကျောက်ချူးကို သတိပြုမိသွားလေသည်။

ထို့ကြောင့် မြင်းပေါ်မှခုန်ဆင်းပြီး ကျောင်းချူးထံ ပြေးသွား၏။ ထိုအခိုက်မှာပင် သူ့ထက် အရင်ပြေးသွားသူတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

"ဝမ်းဟိုး"

ကြူးဝမ်းခုံး လွှတ်ခနဲ ရေရွတ်လိုက်သည်။ မှန်ပေသည်။ သူ့ထက်ဦးအောင် ကျောင်းချူးထံ ပြေးသွားသူမှာ ဝမ်းဟိုးဖြစ်လေသည်။



ဝမ်းဟိုး၏လက်ထဲ၌ ရဲခင်းတစ်လက် ကိုင်ဆောင်ထားလေသည်။ ဝမ်းဟိုးသည် ရှေ့မှ တားဆီးလာသည့် ရဟာတ်ရဲတိုက်မှ လူများကို ကစဉ့်ကလျားဖြစ်သွားအောင် တိုက်ထုတ်ပစ်လိုက်သည်။

ထို့နောက် ကျောင်းချူးထံ ခုန်ဝင်လိုက်၏။ ကျောင်းချူးက ဓားဖြင့် ပြန်လည်ရင်ဆိုင်၏။ ဝမ်းဟိုးသည် ဗြာသံပေးကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"ယား"

နေရောင်ခြည်အောက်ဝယ် ရဲခင်းအသွား၏အရောင် တဖိတ်ဖိတ် ဝင်းလက်တောက်ပသွားလေသည်။ ကျောင်းချူးက ပြန်လည် ရင်ဆိုင်တိုက်၍ နှစ်ယောက်သား ထိပ်တိုက်တွေ့သည်နှင့် ...

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကျောင်းချူး၏ လက်ထဲမှ ဓား လွင့်စဉ်ကျသွားသည်။ အရှိန်မထိန်းနိုင်တော့ဘဲ အုတ်ရိုးပေါ် ဖင်ထိုင်ကျသွားလေသည်။ ဝမ်းဟိုးက ...

"ခင်ဗျား ဘယ်ပြေးမလဲ"

အော်ငေါက်ရင်း ရဲခင်းဖြင့် ခုတ်ချလိုက်၏။ ထိုစဉ် ...

"ယား"

အော်ငေါက်သံနှင့်အတူ လူတစ်ယောက် ခုန်ပင်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဟိုး၏ ကျောပြင်ကို လှံရှည်ဖြင့် ထိုးသွင်းလိုက်လေသည်။ မမျှော်လင့်သော ဖြစ်ရပ် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ကျောင်းချုပ်ကို မဲနေသည့် ဝမ်းဟိုးမှာ မည်သို့မျှ မရှောင်နိုင်ပါတော့ချေ။

"ဝမ်းဟိုး ... လှဲချလိုက်"

ကြူးဝမ်းခုံး အသံကုန် အော်ဟစ်လိုက်၏။ ရှေ့သို့ ပြေးဝင်သွားပြီး ဝမ်းဟိုးအား တွန်းထုတ်လိုက်၏။ ဝမ်းဟိုးအား လှံရှည်ဖြင့် တိုက်ခိုက်လာသူမှာ ထိဟန် ဖြစ်လေသည်။

ကြူးဝမ်းခုံးက ကြားဝင်လာသဖြင့် ထိဟန်၏ လှံရှည်သည် ဝမ်းဟိုး၏ကျောပြင်ကို ထိမှန်သွားခြင်း မရှိတော့ဘဲ ကြူးဝမ်းခုံး၏ ပခုံးကို စိုက်ဝင်သွား၏။

ကြူးဝမ်းခုံး အံကြိတ်လိုက်သည်။ လက်ထဲကိုင်ထားသည့် ဓားဖြင့် လှံရိုးကို ခုတ်ဖြတ်ပစ်လိုက်ပြီး တစ်ဆက်တည်းပင် ထိဟန်အား တိုက်ခိုက်လိုက်လေသည်။

ကြောင်အမ်းအမ်းဖြစ်သွားသည့် ထိဟန်မှာ မရှောင်နိုင်ပါတော့ချေ။

"အား"

စူးရှစွာအော်ဟစ်ရင်း အောက်ဘက်သို့ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေသည်။



"ခေါင်းဆောင်ကြူး"

ဝမ်းဟိုးက ခုန်ထလာပြီး ကြူးဝမ်းခုံးထံ ပြေးလာ၏။ ကြူးဝမ်းခုံး ခေါင်းယမ်းလိုက်သည်။

"ငါ ဘာမှမဖြစ်ဘူး။ ရန်သူခေါင်းဆောင် လွတ်မသွားဖို့ အရေးကြီးတယ်"

ဟု အော်ပြောလိုက်၏။ ဝမ်းဟိုးက သူ့အား ကျေးဇူးတင်သည့် အကြည့်ဖြင့် ကြည့်ကာ ကျောင်းချုပ်ဘက် လှည့်ပြီး တိုက်ခိုက်လိုက်လေသည်။

ကျောင်းချုပ်သည် ထွက်ပြေးရန် ကြိုးစားပါသော်လည်း လွတ်နိုင်တော့ပါချေ။ ဝမ်းဟိုး၏တိုက်ခိုက်မှုကြောင့် ...

"အား"

စူးရှစွာ အော်ဟစ်ကာ လဲကျသွား၏။ ရဟတ်ရဲတိုက်သည် ဟုန်းဟုန်း တောက်လောင်နေပြီ ဖြစ်သည်။ ရဟတ်ရဲတိုက်မှ လူများသည် ဒူးထောက် အညံ့ခံနေကြပြီ ဖြစ်သည်။

ပြင်းထန်သော တိုက်ပွဲမှာ ရုတ်ခြည်း ပေါ်ပေါက်လာပြီး ခဏအတွင်းမှာပင် ပြီးဆုံးသွား၏။ မြောင်မြင်းသည်တော့များ မြင်းစွာအောက်တွင် ရဟတ်ရဲတိုက် စီစီညက်ညက် ကြေမွသွားတော့သည်။

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တာအင်း၊ တာနာ၊ ဝမ်းဟိုးနှင့် ဟာန်စန်းတို့ သဘောကျစွာ ရယ်မောလိုက်ကြခြင်း ဖြစ်လေသည်။

ဟာန်စန်းသည် ရဟတ်ရဲတိုက်အား တိုက်ခိုက်ရာ၌ သူမတူအောင် အစွမ်းပြနိုင်ခဲ့သူဖြစ်၏။ ထို့ကြောင့် ကြူးဝမ်းခုံး၏ ယုံကြည်အားကိုးရသူ အဆင့်သို့ လှမ်းတက်လာနိုင်ခဲ့လေတော့သည်။

တာအင်းက ...

"ရဟတ်ရဲတိုက်ကလူတွေ ခွေးပြေးဝက်ပြေး ပြေးလိုက်ကြတာ တို့တစ်တွေကို စော်ကားလို့ မရဘူးဆိုတာ ကောင်းကောင်းကြီး သိသွားပြီ"

ဟု ပြောလိုက်လေသည်။ ဟာန်စန်းက ...

"သူတို့မှာရှိတဲ့ လူအင်အားနဲ့ ကျုပ်တို့ကို မချေမင် ဆက်ဆံရဲတာ အံ့ဩစရာကောင်းတယ်၊ ရဟတ်ရဲတိုက်ဟာ ဘုန်းဘုန်းလဲကျ ပျက်စီးသွားတယ်၊ ကျုပ်တို့လူငယ် ထိမှူးကိုသတ်တဲ့ တရားခံ မှာ မတွေ့ခဲ့ဘူး"

ဟု ပြောလေသည်။ ထိုစကားကြားလျှင် ရယ်မောသံများ တိတ်ဆိတ်သွား၏။ သူတို့သည် ထိမှူးအသတ်ခံရသည်ကို အကြောင်းပြကာ ရဟတ်ရဲတိုက်အား အနိုင်ကျင့်ဖျက်ဆီးလိုက်သည့်သဘော သက်ရောက်နေသည်ကို ဆင်ခြင်လာမိကြသည်။



အကယ်တမ်း ထိမှူးအတွက် ခံပြင်းသည်ဆိုလျှင် လူသတ် တရားခံအား အမိအရ ဖော်ထုတ်ဖို့ ကြိုးစားရမည် ဖြစ်သည်။ လူသတ် တရားခံအား ဖော်ထုတ်ရန် မစဉ်းစားဘဲ ရဟတ်ရဲတိုက်အား ဖျက်ဆီးရန်သာ စဉ်းစားခဲ့ကြသည့် သူတို့၏ အမှားကို ဟာန်စန်းက ထောက်ပြလိုက်ခြင်း ဖြစ်ပေတော့သည်။

ကြူးဝမ်းခုံးသည် ဟာန်စန်းကိုကြည့်ကာ သဘောကျစွာဖြင့် ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။ တာနာ၊ တာအင်းနှင့် ဝမ်းဟိုးတို့သည် လက်ရုံးရည်သမားများ ဖြစ်ကြသည်။ ဟာန်စန်းကား လက်ရုံးရည်ကော နှလုံးရည်ပါ ပြည့်စုံသူဖြစ်သည်။

ခြောင်ဒေသတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ ဟာန်စန်းကို များစွာအားကိုးရမည်ဟု ကြူးဝမ်းခုံးတွေးမိလေတော့သည်။ ဝမ်းဟိုးက ထိုင်ရာမှ ထရပ်လိုက်ပြီး ...

"သူတို့က ကျုပ်တို့ရဲ့ လူငယ်တစ်ယောက် သတ်ပစ်ခဲ့တယ်၊ အဲဒါကြောင့် ကျုပ်တို့က သူတို့ကို ဆုံးမခဲ့တယ်၊ ပြီးပြီပေါ့ကွာ၊ ဘာများ ပိုသေးသလဲ"

ဟု ပြောလိုက်၏။ ဟာန်စန်းက ပြန်ပြောရန် ဟန်ပြင်လိုက်လေသည်။ ကြူးဝမ်းခုံးက အချိန်မီ ကြားဝင်ပြောလိုက်သည်။

"ကဲ ... အားလုံး ပျော်ရွှင်နေကြတဲ့အချိန်မှာ ကျုပ်က နောက်ထပ်ပျော်စရာတစ်ခုကို တင်ပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

သူ၏စကားကြောင့် အားလုံး စိတ်ပြောင်းသွားကြသည်။ ကြူးဝမ်းခုံးကို လှည့်ကြည့်လိုက်ကြလေသည်။ ထိုအခါ ကြူးဝမ်းခုံးက လက်ရွေ့ယမ်းပြနေသည်ကို တွေ့ရလေသည်။ မဝေးမနှောင်းမှာပင်

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ဆွတ်ဆွတ်ဖြူဖွေးနေသည့် အမွေးအမျှင်ရှိသည့် မြင်းပေါက်လေး တစ်ကောင်ကို စီးနင်းလာသည့် ကလေးငယ်တစ်ယောက်သည် သူတို့ရှေ့သို့ ရောက်ရှိလာလေသည်။

ထိုကလေးငယ်မှာ ကြူးဝမ်းခုံး၏သား ကြူးစုဖြစ်လေသည်။ ကြူးစု မြင်းစီးလာသည်ကိုတွေ့လျှင် အားလုံးက လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးလိုက်ကြသည်။

မြောင်ဒေသ၌ မွေးဖွားကြီးပြင်းခဲ့သူပီပီ ကလေးဘဝကတည်းက မြင်းစီးတတ်သည်မှာ အဆန်းမဟုတ်ပါချေ။ သို့သော် ကြူးစုသည် မြင်းစီးလာရင်း မြင်းပေါ်၌ မတ်တတ်ရပ်ပြခြင်း၊ ကျွမ်းထိုးပြခြင်း၊ ကင်းမြီးကောက်ထောင်ပြခြင်း၊ မြင်းပေါ်ထိုင်လျက် လက်လွှတ်စီးပြခြင်း စသည့် စွန့်စားခန်းများ ပြုလုပ်ပြလာခဲ့သည် မဟုတ်ပါလား။

ကြူးစု ရဲစွမ်းသတ္တိနှင့် မြင်းစီးကျွမ်းကျင်မှုကို လူကြီးများကပင် အံ့ဩချီးကျူးရလေသည်။ တာနား၏ မျက်နှာ ပြုံးရွှင်နေသည်။ ကြူး၏



မြင်းစီးကျွမ်းကျင်အောင် သူကိုယ်တိုင် သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။

ဝမ်းဟိုးက ...

"တာနား ... ခင်ဗျားကတော့ မြောင်သူရဲကောင်းတစ်ယောက် ပေါ်ထွက်လာအောင် လုပ်လိုက်ပြန်ပြီ"

ဟု ပြောလေသည်။ ကြူးစုအား တာနား၊ တာအင်းနှင့် ဝမ်းဟိုးတို့သည် မိမိ၏ သွေးသားအရင်းပမာ ချစ်မြတ်နိုးကြလေသည်။

ကြူးဝမ်းခုံးက ...

"ခင်ဗျားတို့ သူ့ကို ဆုတစ်ခုစီတော့ ချမှဖြစ်မယ်"

ဟု ပြောလိုက်၏။ ဝမ်းဟိုးက ...

"ပြောပါ ... ဘယ်လိုဆုချရမလဲ"

"ခင်ဗျားက ရဲဒင်းပညာ ကြူးစုကို သင်ပေးပါ"

ထိုစကားကြားလျှင် ဝမ်းဟိုး သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... သိပ်ကောင်းတာပေါ့၊ သူက ရဲဒင်းကိုင်နိုင်ပြီဆိုတာနဲ့ ကျုပ်စပြီးသင်ပေးမယ်"

ဟု ဝမ်းသာအားရ ကတိပြုလိုက်၏။ ကြူးဝမ်းခုံးက တာအင်း ဘက်လှည့်ကာ ...

"တာအင်း ... ခင်ဗျားကတော့ နပန်းပညာ သင်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။ တာအင်း ပြုံးလိုက်သည်။

"ရပါတယ်ဗျာ ... မြောင်ဒေသမှာ အသတ်အပုတ် အကောင်းဆုံး ဖြစ်လာရစေမယ်လို့ ကျုပ် အာမခံတယ်"

တာနှားက ...

"ကျုပ်ကို မြင်းစီးပညာသင်ပေးပြီးပြီ၊ နောက် ဘာလိုသေးလို့လဲ"

ဟု မေးလေသည်။ ကြူးဝမ်းခုံး ခေါင်းယမ်းလိုက်သည်။

"မလိုတော့ပါဘူး၊ ပိုပြီးကျွမ်းကျင်လာအောင် သင်ပေးရင်တော်ပါပြီဗျာ"

ဟန်စန်း မနေနိုင်တော့ဘဲ ...

"ခေါင်းဆောင်ကြီးကြူး ... ကျုပ်ကလည်း သင်ပေးနိုင်တဲ့ပညာရှိရင် သင်ပေးပါရစေဗျာ"

ဟု ပြောလေသည်။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"စိတ်ချ ... ခင်ဗျားရဲ့ လေးပစ်ပညာ သင်ပေးရမယ်"

ဟု ပြောလိုက်၏။ ဟန်စန်းက ...

"ဝမ်းမြောက်ဝမ်းသာ ဧာဝန်ယူပါတယ်ဗျာ"

ရဟာတ်ရဲတိုက်သို့ ချီတက်တိုက်ခိုက်ရာတွင် ဟန်စန်းသည် သူ၏ လေးပစ်ပညာကို ဖော်ပြခဲ့ပေသည်။ မြောင် မြင်းသည်တော်များတွင် ဟန်စန်းသည် အတော်ဆုံး လေးသမားဖြစ်ကြောင်း ပေါ်



လွင် ထွင်းရှားခဲ့ပေသည်။

တာအင်း၊ တာနှား၊ ဝမ်းဟိုးနှင့် ဟန်စန်းတို့၏ ထက်မြက်သည့် ပညာရပ်များသာ သင်ယူရပါလျှင် ကြူးစုသည် အရွယ်ရောက်လာသည့်အခါ မြောင်မျိုးနွယ်စုခေါင်းဆောင်အဖြစ်ဆက်ခံရန် အသင့်ရှိပြီး ဖြစ်နေပေလိမ့်မည်။

ကြူးစု ရောက်ရှိလာခြင်းကြောင့် ဟန်စန်းနှင့် ဝမ်းဟိုး၏ အရွေးအတင် ဖြစ်လုဆဲဆဲ အခြေအနေ ကွယ်ပျောက်သွားခဲ့သည်။ အားလုံးက မေ့လိုက်သော်လည်း ကြူးဝမ်းခုံးက မမေ့ပါ။

သူသည် မြောင်မျိုးနွယ်စုအားလုံး၏ ခေါင်းဆောင်ဖြစ်နေသည် မဟုတ်ပါလား။

"ကဲ ... အားလုံး ပျော်ပျော်ပါးပါး စားကြသောက်ကြတော့"

ပြောပြီး မြင်းပေါ်ထိုင်နေသည့် ကြူးစုထံ ပြေးသွားကာ မွေ့ချီလိုက်၏။ ထို့နောက် တောင်ကုန်းပေါ် တက်သွားလေသည်။

တာအင်းတို့လူစု ပျော်ရွှင်ကြည်နူးစွာဖြင့် တဟားဟားတဟားဟား အော်ဟစ်လိုက်ကြသည်၊ အသင့်စီစဉ်ထားသည့် အသားကင်များ စားကြသည်၊ အရက်သောက်ကြသည်။ အရက်မူးလာသောအခါ သီချင်းဆိုကြသည်၊ နပန်းလုံးသတ်ကြသည်။

ရဟာတ်ရဲတိုက်ပိုင်နက်မှ ရရှိခဲ့သည့် ပစ္စည်းများကို ခွဲခြမ်း

www.burmeseclassic.com

www.burmeseclassic.com



လှကြသည်။ မြောင်ဒေသတစ်ခုလုံး အမှော်လေ တိုက်ခတ်နေပေတော့သည်။

ထိုအချိန်တွင် တန့်ယန်၏မျက်နှာ ညှိုးရော်နေသည်။ တာလိနေပြည်တော်နှင့် နှစ်ပေါင်းများစွာ ရင်းနှီးစွာ ဆက်ဆံလာခဲ့သည့် ရဟာတ်ရဲတိုက်မှာ မြောင်မြင်းသည်တော်များ၏ မြင်းခွာအောက်တွင် စိစိညက်ညက် ကြေမွသွားခဲ့ပြီ ဖြစ်လေသည်။

ရဟာတ်ရဲတိုက် ဖျက်ဆီးခံလိုက်ရသည့်အတွက် တာလိဘုရင် တန့်ယန် ဘဝင်မကျနိုင်ပါတော့ချေ။ မြောင်မျိုးနွယ်စုတို့နှင့် ကူးလူးဆက်ဆံမှုမှာလည်း သတိထားစရာအနေအထားသို့ ရောက်လာပြီဟု ဆင်ခြင်မိလေသည်။

ရဟာတ်ရဲတိုက်ပိုင်နက်နယ်မြေသည် မီးခိုးလုံးများ ပုံးလွှမ်းနေသည်။ ကြောက်လန့်တကြား ပြေးလွှားလာသူများသည် တာလိမြို့သို့ အလုံးအရင်းနှင့် ရောက်လာသည်။

မြောင်မြင်းသည်တော်များသည် ရဟာတ်ရဲတိုက်ကို မြေပေါ် ပြားပြားဝပ်သွားသည်အထိ တိုက်ခိုက်ချေမှုန်းပြီး မြောင်နယ်ခြားသို့ ပြန်သွားကြသည့်တိုင် ဒုက္ခသည်များသည် တာလိပြည်တွင် သောင်တင်နေကြ၏။

တာလိဘုရင် တန့်ယန်မှာ ရဟာတ်ရဲတိုက်ပိုင်နက်မှ ဒုက္ခသည်များ၏ အရေးကြောင့် ခေါင်းခဲနေရပေတော့သည်။ ရဟာတ်ရဲတိုက်ပိုင်နက်အား ကျူးကျော်တိုက်ခိုက်ခြင်းနှင့် ပတ်သက်ပြီး ကြူးဝမ်းခုံးနှင့် ဆွေးနွေးရန် ကုန်းချူးကို စေလွှတ်လိုက်သည်။



ကုန်းချူး ရောက်လာမှ မည်သို့ ဆက်လက် ဆောင်ရွက်ရမည်ကို သိနိုင်တော့မည် ဖြစ်လေသည်။ တန့်ယန်သည် ပြတင်းပေါက်မှတစ်ဆင့် ပန်းဥယျာဉ်ဘက်သို့ ငေးမျှော်ကြည့်နေစဉ် အနောက်ဘက်မှ ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တန့်ယန်လှည့်ကြည့်လိုက်သောအခါ အစောင့်တစ်ယောက် ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ အစောင့်သည် တန့်ယန်အား ဦးညွှတ် ဂါရဝပြုလိုက်ပြီး ...

"ပညာရှိကြီး ပြန်ရောက်လာပါပြီ"

ဟု အစီရင်ခံလိုက်လေသည်။ တန့်ယန် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"သူ့ကို မြန်မြန်လွှတ်လိုက်စမ်း"

ဟုလည်း အမိန့်ပေးလိုက်လေသည်။ အစောင့်ပြန်ထွက်သွား၏။ မရှေးမနှောင်းမှာပင် ကုန်းချူး ဝင်လာလေသည်။ ကုန်းချူးက တန့်ယန့်ကို ဂါရဝပြုလိုက်သည်။ တန့်ယန်က-...

"ကြူးဝမ်းခုံးနဲ့ တွေ့ခဲ့သလား"

ဟု မေးလေသည်။ ကုန်းချူး ခေါင်းညိတ်လိုက်သည်။

"တွေ့ပါတယ်၊ သူက ရဟာတ်ရဲတိုက်နဲ့ပတ်သက်ပြီး သိ..."

www.burmeseclassic.com

www.burmeseclassic.com



လို့မှ အစီအစဉ်မရှိဘူးလို့ ပြောပါတယ်"

"ဟော ... သူက ဒီလိုပဲ ပြောသလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ရဟတ်ရဲတိုက်ပိုင်နက်ကို ကျူးကျော်တိုက်ခိုက်ခဲ့တာဟာ သူတို့ပြောသလို မြောင်လှူငယ်တစ်ယောက်အတွက် သင်ခန်းစာ ပေးတယ်ဆိုပါတော့"

ကုန်းချူး ပါးစပ်ပိတ်ထားလိုက်လေသည်။ တန့်ယန်က ...

"သူတို့က ကျူးကျော်ပြီး တိုက်ခိုက်ဖျက်ဆီးတယ်၊ ပြီးတော့ ဒီအတိုင်း ထားပစ်ခဲ့တယ်၊ ရဟတ်ရဲတိုက်ပိုင်ရှင်ဟာ အုပ်ချုပ်မယ့်လူ မရှိတော့ဘဲ ပရမ်းပတာဖြစ်နေပြီဆိုတာ သူတို့မသိဘူးလား"

ကုန်းချူးက ...

"ဒီကိစ္စ ပြောပြတဲ့အခါ ကြူးဝမ်ခုံးက ရဟတ်ရဲတိုက် ဘာပဲဖြစ်ဖြစ်၊ သူက ဂရုမစိုက်ဘူးတဲ့၊ တာလီဘုရင်က စိတ်ပူနေတယ်ဆိုရင် တာလီပိုင်နက်ထဲ သွတ်သွင်းပြီး စီမံအုပ်ချုပ်ပါလို့ ပြောပါတယ်"

"ဟော"

ထိုစကားကြားလျှင် တန့်ယန် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။ ကြူးဝမ်ခုံး၏ သဘောထားကို အံ့ဩမိသည်။ အမှန်တော့ ကုန်းချူးသည် မင်းသားလေးတန့်ယံနှင့် ကြို တင်တိုင်ပင်ထားသည့်အတိုင်း လုပ်ကြံပြောဆိုနေကြခြင်း ဖြစ်သည်။



ကြူးဝမ်ခုံးထံသို့ အမှန်တကယ် သွားရောက်ခဲ့ခြင်း မရှိသည်ကို တန့်ယန် မရိပ်မိပါတကား။ ကုန်းချူးက ...

"သူက မြောင်လှူငယ်လူရွယ်တွေကို တာလီနေပြည်တော်မှာ ပညာသင်ကြားဖို့၊ ကုန်ပစ္စည်း ကူးသန်းရောင်းဝယ်ဖို့ ဒါလောက်ပဲ စိတ်ဝင်စားနေပါတယ်၊ မြောင်လှူငယ်တွေနဲ့ ကုန်သည်တွေကို ဘယ်တော့ လွှတ်ရမလဲလို့ဘဲ မေးနေပါတယ်"

တန့်ယန် ခေါင်းခါယမ်းလိုက်သည်။

"သူက ရဟတ်ရဲတိုက်နဲ့ပတ်သက်ပြီး ဘာဆိုဘာမှ စိတ်ဝင်စားတော့ဘူးပေါ့"

"ဟုတ်ပါတယ်"

"ရဟတ်ရဲတိုက်ပိုင်နက်က ဆန်ရေစပါး အလွန်ထွက်တယ်ဆိုတာ မသိဘူးလား။ မြောင်ဒေသအတွက် လိုအပ်တဲ့ပစ္စည်း တစ်ဝက်လောက် ရနိုင်တယ်၊ သူက သိမ်းပိုက်ထားမယ်ဆိုရင် အလကား ရမှာပဲ၊ ပြီးတော့ မြောင်ဒေသထွက်ကုန်တွေကို တရုတ်ပြည်တစ်ဝှမ်းလုံးနဲ့ ဆက်သွယ်ပြီး ရောင်းချနိုင်ဖို့ လမ်းပွင့်သွားတယ်၊ ဒါတွေကို သူ မသိဘူးလား"

"သိပါတယ်"

ကုန်းချူးက ဖြတ်တည့်တည့် ပြောသည်။ တန့်ယန်က ...

"သိလျက်နဲ့ ဘာကြောင့် ကိုယ့်လက်ထဲ ရောက်လာရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ရဲတိုက်ကို စွန့်ပစ်ရတာလဲ"

"သူက ဘယ်သူနဲ့မြေမှ မလိုချင်ဘူးလို့ ပြောပါတယ်၊ သူတို့ဟာ မြောင်ဒေသမှာနေရရင် ကျေနပ်တဲ့လူတွေပါ"

"ဒါဆို ရဟတ်ရဲတိုက်ပိုင်နက်ကို တာလီနယ်ထဲ သွတ်သွင်းလိုက်မယ်ဆိုရင်"

"သူက ကန့်ကွက်မှာ မဟုတ်ပါဘူး၊ ဒီလိုလုပ်ဖို့ သူကိုယ်တိုင် တိုက်တွန်းခဲ့ပါသေးတယ်"

တန့်ယန် ခေါင်းကုတ်လိုက်သည်။ ကုန်းချူးကို စိုက်ကြည့်လိုက်ပြီး ...

"တို့က ဒီလိုလုပ်လို့ကော သင့်တော်ပါ့မလား"

ဟု မေးလိုက်လေသည်။ ကုန်းချူးက ...

"ရဟတ်ရဲတိုက်ပိုင်နက်ဟာ ဖရိုဖရဲ ဖြစ်နေပါတယ်၊ စီး အုပ်ချုပ်မယ့်လူမရှိရင် အခြေအနေ ပိုဆိုးကုန်ပါလိမ့်မယ်၊ ဒါကြောင့် တာလီလက်အောက် အမြန်ဆုံး သွတ်သွင်းလိုက်တာ အမှန်ကန်ဆုံး ပါပဲ၊ တကယ်လို့ ဟော့ရမ်းတဲ့ လူတစ်ယောက် ရဟတ်ရဲတိုက်ပိုင်နက် ကို ဦးဆောင်ဖို့ ထွက်ပေါ်လာမယ်ဆိုရင် မြောင်မျိုးနွယ်စုတွေအပြ ရဟတ်ရဲတိုက်ကိုပါ ကျွန်တော်တို့ မျက်ခြည်မပြတ် စောင့်ကြည့်နေ ပါတော့မယ်"

မှန်ပေသည်။ ရန်သူပိုင်းနေသည့်အဖြစ်ကို မည်သူမျှ



တာကြမည် မဟုတ်ပါ။ တန့်ယန် သက်ပြင်းချလိုက်ပြီး ...

"ရဟတ်ရဲတိုက်ပိုင်နက်ကို တို့လက်အောက် သွတ်သွင်း လိုက်တာပေါ့၊ ဒါပေမဲ့ အခုလောလောဆယ် ရဟတ်ရဲတိုက်ကို ဘယ် သူသွားပြီး အုပ်ချုပ်မလဲ"

ကုန်းချူး ပြုံးလိုက်သည်။

"ဘုရင်မင်းမြတ်အကျိုးကို ဆောင်ရွက်ပေးနိုင်မယ့်လူ တစ် ယောက်တည်းသာ ရှိပါတယ်"

ဟု ပြောလိုက်၏။ တန့်ယန်က ... ညင်

"ဘယ်သူလဲ"

ဟု ကပျာကယာ မေးသည်။ ကုန်းချူးက ...

"မင်းသားလေးတန့်ယုံပါ" ရွက်ဖို့ ဆုံး

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။ ညွှတ်မှု ဖျက်

စဉ်းစားနေပါ

❋

တွေ့ခဲ့ဘူး၊ အဲ ...

ကျော်တိုက်ခိုက်ပြီး

တ်အားကြီးပြီး တစ်

တန့်ယုံ၏မျက်နှာ ပြုံးရွှင်နေလေသည်။ ယန်တာယ်ဆိုတာ သိခဲ့ပါ ကြည့်လိုက်သည်။ ယန်စုံးနှင့် ကုန်းချူးသည် တနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက် တိုင်ပင်ကြံစည်ခဲ့သည့်အတိုင်း ကွက်တိ ဖြစ်လာခဲ့သည် မဟုတ်ပါလား။ ရဟာတ်ရဲတိုက်သည် တောကပေါ်မှ ပျောက်ကွယ်သွားချေပြီ။ ရဟာတ်ရဲတိုက်ပိုင်နက်ကို တာလီနေပြည်တော်၏ လက်အောက်သို့ သွတ်သွင်းတာ တန့်ယုံကိုယ်တိုင် စီမံအုပ်ချုပ်ရတော့မည် မဟုတ်ပါလား။ ကုန်းချူးက ...

"ကြူးစမ်းခုံးရဲ့ စိတ်နေသဘောထား အစော့်ကို ထူးဆန်းတယ်၊ သူဟာ ရဟာတ်ရဲတိုက်ပိုင်နက်ကို လိုချင်တယ်ဆိုရင် လွယ်လွယ်ကလေး ရယူနိုင်ပေမယ့် လုံးဝမယူဘဲ မြောင်နယ်ခြားကို ပြန်သွားတယ်"

"ဒါကောင်းတာပေါ့၊ ဒါမှ ရဟာတ်ရဲတိုက်ပိုင်နက်ကို ကျုပ်တို့သလို ခြယ်လှယ်နိုင်မယ် မဟုတ်လား"

ယန်ရွှေးက ဝင်ပြောလိုက်သည်။ တန့်ယုံက ...

"အင်း ... ခင်ဗျားတို့နှစ်ယောက် အစော့်ကို အားကိုး
အုပ်ချုပ်မယ့်
တာလီလက်မ ဒါခင် ကျုပ်က ရဟာတ်ရဲတိုက်ပိုင်နက်ထဲ သွားရတော့
ပါပဲ၊ တကယ်လို့ ရဲတိုက်တစ်ခုဆောက်ပြီး စီမံအုပ်ချုပ်ရမယ်၊ ခင်ဗျား
ကို ဦးဆောင်ဖို့ တွေ့ ပုံး ကျုပ်နောက်လိုက်ခဲ့ပါ၊ မြောင်မျိုးနွယ်စုတွေ
ရဟာတ်ရဲတိုက်ကိုပ တ်ရဲတိုက်ပိုင်နက်လူတွေက မြောက်ပင့်ပေးရ
ပါတော့မယ်" သိ၊ ပြီးရင် [illegible]
မှန်ပေသည် ကျုပ်တက် ဖြစ်လာတဲ့ အချိန်ကျရင် ကျုပ်အ [illegible]



မထေမဆုံး လုပ်ရမယ့်အလုပ်ဟာ မြောင်ဒေသကို သိမ်းပိုက်ဖို့ပဲ"

ဟု ဖြတ်သားစွာ ပြောလေသည်။ ကုန်းချူးက ...

"မင်းသားလေးရဲ့ အကြံ သင့်လျော်ပါတယ်၊ မြောင်မျိုးနွယ်စုတွေဟာ အင်အားတောင့်တင်းလှပါတယ်၊ သူတို့ကို ရင်ဆိုင်ဖို့ အချိန်ယူပြီး ကြိုတင်ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်၊ ပြီးတော့ သူတို့ရဲ့ စည်းလုံးညီညွတ်မှု ပျက်ပြားသွားအောင် သွေးခွဲရလိမ့်မယ်"

တန့်ယုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ပညာရှိကြီးမှာ အကြံအစည် ရှိနေပြီထင်တယ်"

ကုန်းချူးက ...

"ကျုပ်ဟာ မင်းသားလေးရဲ့ အမှုတော်ကို ထမ်းရွက်ဖို့ ဆုံးဖြတ်ပြီးကတည်းက မြောင်မျိုးနွယ်တွေရဲ့ စည်းလုံးညီညွတ်မှု ပျက်ပြားအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ အမြဲတမ်း စဉ်းစားနေပါတယ်၊ ဒါပေမဲ့ အကြံမရခဲ့ဘူး။ နည်းလမ်းရှာ မတွေ့ခဲ့ဘူး။ အဲ ... သူတို့တစ်တွေဟာ ရဟာတ်ရဲတိုက်ပိုင်နက်ကို ကျူးကျော်တိုက်ခိုက်ပြီးတဲ့ နောက်မှ သူတို့ဟာ သူ့ရဲကောင်းဖြစ်ချင်စိတ်အားကြီးပြီး တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်မှုတွေ ရှိနေတယ်ဆိုတာ သိခဲ့ရပါတယ်"

တန့်ယုံ ကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်လည်း ကျုပ်က ပညာရှိကြီးကို အားကိုးနေရတာ ပေါ့ဗျာ၊ ကဲ ... ပြောစမ်းပါဦး"

ကုန်းချူး ရင်ကော့လိုက်သည်။ ရှုဏ်ယူဝင့်ကြွားသည့် လေသံဖြင့် ...

"ကျုပ် သေသေချာချာ လေ့လာကြည့်တဲ့အခါမှာ မြောင်မျိုးနွယ်စုတွေဟာ အကွဲကွဲအပြားပြား ရှိသလို ထွက်ပေါ်လာတဲ့ ခေါင်းဆောင်တွေ၊ သူ့ရဲကောင်းတွေဟာလည်း အကွဲကွဲအပြားပြား ရှိနေပါတယ်၊ ဥပမာ ... ဝမ်းဟိုးဆိုသူဟာ ဝမ်အမျိုးအနွယ်ကဖြစ်ပြီး တာအင်းဆိုသူကတော့ တာအမျိုးအနွယ်က ဖြစ်ပါတယ်"

"ဒါတွေ ကျုပ်သိပါတယ်ဗျာ"

"မင်းသားလေး ... သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင် ဖြစ်နေကြပါတယ်၊ သိသာထင်ရှားတာက ဝမ်းဟိုးဆိုတဲ့ သူ့ရဲကောင်းနဲ့ ဟန်စန်းဆိုတဲ့ သူ့ရဲကောင်းဟာ တစ်ယောက်နဲ့ တစ်ယောက် စိတ်သဘောထားချင်း မတိုက်ဆိုင်ဘဲ ဖြစ်နေကြပါတယ်"

"ဟုတ်ပြီ"

တန့်ယုံ ဝမ်းသာအားရ ပြောသည်။ ကုန်းချူးက ...

"ဝမ်းဟိုးနဲ့ ဟန်စန်းတို့ စိတ်သဘောချင်း မတိုက်ဆိုင်ဘဲ ဖြစ်နေကြတာကို အခွင့်ကောင်းယူပြီး တစ်ယောက်ယောက်ကို



စည်းရုံးသိမ်းသွင်းနိုင်မယ်ဆိုရင်"

တန့်ယုံက ...

"ဒီတာဝန်ကို ပညာရှိကြီးပဲ ယူရလိမ့်မယ်"

ဟု ပြောလိုက်သည်။ ကုန်းချူး ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ မင်းသားလေးရဲ့ အမှုတော်ကို ကျုပ်က ဦးခေါင်းဆံမြည့် ထမ်းရွက်ပါ့မယ်လို့ ကတိပြုပြီးသားပါ၊ ဝမ်းဟိုး ဒါမှမဟုတ် ဟန်စန်းကို စည်းရုံးရာမှာ လက်ဆောင်ပဏ္ဏာပေးပြီး ပထမဆုံး ချဉ်းကပ်ကြည့်မယ်လို့ ကျုပ် စိတ်ကူးထားပါတယ်"

"သိပ်ကောင်းတာပေါ့ဗျာ"

"ဒီကြားထဲမှာတော့ မြောင်မျိုးနွယ်စုတွေနဲ့ ဘယ်လိုမှ ပြဿနာမဖြစ်အောင် ရှောင်ဖို့ အရေးကြီးပါတယ်"

"ဒါ လွယ်ပါတယ်၊ ဖေဖေကိုယ်တိုင် သူတို့နဲ့ သင့်သင့်မြတ်မြတ်နေရမယ်လို့ အမိန့်ထုတ်ထားတာပဲ မဟုတ်လား"

ကုန်းချူးက ...

"မင်းသားလေးဟာ ရဟတ်ရဲတိုက်ပိုင်နက်ကိုသွားပြီး စီမံအုပ်ချုပ်ရင်း လူသူအင်အား လျှို့ဝှက်စုဆောင်းထားဖို့ အရေးကြီးပါတယ်၊ အခုကတည်းက စပြီး ပြင်ဆင်ထားမယ်ဆိုရင် သူတို့ စိတ်ဝမ်းကွဲသွားကြတဲ့အချိန်မှာ"

ကုန်းချူးက စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်ဘ တန့်ယုံ

www.burmeseclassic.com

အဝး နိုက်ကြည့်လိုက်လေသည်။

“ဟား ဟား ဟား”

တန့်ယုံက ခေါင်းမော့ရယ်မောလိုက်လေသည်။ ယန်ဝူးနှင့် ကုန်းချူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် ...

“ဟား ဟား ဟား”

ဖြိုင်ကျရယ်မောလိုက်ကြလေတော့သည်။

● ● ●



## အခန်း ( ၉ )

### မျိုးဆက်သစ်

လေတဟူးဟူး တိုက်ခတ်နေသည်။ အရပ်လေးမျက်နှာတွင် ...ယ်လိုကြည့်ကြည့် မြူဖွေးသည့် ဆီးနှင်းများကို တွေ့မြင်နေရမည် ...ဖြစ်ပေသည်။

မြောင်ဒေသ၏ ဆောင်းဆုတေသည် ဆိုးရွားပြင်းထန်လှပေ ...ည်။ မြောင်ဒေသ၌ မွေးဖွားကြီးပြင်းသူများသာလျှင် ခံနိုင်ရည် ...သော အအေးဒဏ်မျိုး ဖြစ်သည်။

တာလီမှကုန်သည်များ အလာကျဲသွားသည်။ တောင်ကြား ...များ၌ ဆီးနှင်းများ ပိတ်ဆို့သွား၏။ အချို့သော လမ်းများကား ...ဆင်ပေါ်မှ အချိန်မရွေး ပြိုကျလာနိုင်သည့် ဆီးနှင်းတုံကြီးကြောင့် ...သွားလာ မရှိသလောက် ဖြစ်နေသည်။

မြောင်ဒေသနှင့် တာလီနေပြည်တော်တို့ ချစ်ကြည်ရင်းနှီး ...ည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်လေသည်။ ကြာပမ်းနုံး

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သည် သိုးမွေးဖြင့်ရက်လုပ်ထားသည့် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသည်။

ကျောက်တုံးအိမ်ကလေးရှေ့၌ ရပ်ရင်း ...

"ဒီနှစ် ဆောင်းက ပိုအေးပါလား"

ဟု ညည်းညူလိုက်လေသည်။ ထိုစဉ် ...

"အစ်ကို ... ထမင်းစားမယ်ဆိုရင် စားလို့ရပြီလေ"

အတွင်းဘက်မှ ယဉ်ယဉ်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။ သူတို့နှစ်ယောက်သည့် အိမ်ထောင်သက် ရင့်လာလေလေ သံယောဇဉ်ကြီးစို၍ ခိုင်မြဲလာလေလေပင် မဟုတ်ပါလား။

ယဉ်ယဉ်သည် အပြစ်ပြောစရာမရှိသည့် အိမ်ရှင်မကောင်းဖြစ်ခဲ့သည်။ ထိုနည်းတူ သူသည်လည်း မြောင်ဒေသ၏ အထူးခြားဆုံးသော ခေါင်းဆောင်ဖြစ်ခဲ့လေသည်။

သူ၏ ခေါင်းဆောင်မှုအောက်တွင် မြောင်ဒေသမှာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်လေသည်။ ကုန်ရောင်းကုန်ဝယ်ပညာ၊ လူအသုံးအဆောင်ပစ္စည်း ပြုလုပ်သည့် ပညာများအဖြင့် မြောင်ဒေသထွက် အဖိုးတန် စိန်ရိုင်းတုံးများကို အချောဖြစ်အောင် သွေးတတ်လာကြသည်။

ထို့ကြောင့် မြောင်ဒေသထွက်ကုန်များမှာ ဈေးကောင်း



ရလာလေသည်။ မြောင်ဒေသ၌ မိုတင်းနေထိုင်သူများသည် ရွက်ဖျင်တဲများဖြင့် ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေသည့်ဘဝမှ မြို့ရွာများတည်ကာ အခြေတကျ နေတတ်လာကြသည်။

ဆိတ်၊ သိုး၊ ကျွဲ၊ နွား၊ ကြက်၊ မြင်း စသည့် တိရစ္ဆာန်များကိုလည်း ယဉ်ပါးအောင် မွေးမြူတတ်လာသည်။ ကြူးဝမ်းခုံး၏ ခေါင်းဆောင်မှုအောက်တွင် အကြီးအကျယ် တိုးတက်ပြောင်းလဲလာခဲ့ခြင်းဖြစ်ပေတော့သည်။

ကြူးဝမ်းခုံးက အိမ်ကလေးဘက် လှည့်ကာ ...

"အစ်ကို အပြင်ခဏ သွားလိုက်ဦးမယ် ... ပြန်လာမှ စားမယ်"

ပြောပြီး ရှေ့သို့ လှမ်းထွက်လာခဲ့သည်။ သူက မြင်းဇောင်းရှိရာသို့ လျှောက်လာခြင်းဖြစ်သည်။ မြင်းဇောင်းထဲ၌ ဆွတ်ဆွတ်ဖြူဖွေးသည့် အမွေးအမျှင်ရှိသည့် မြင်းသုံးကောင် ရှိနေသည်ကို တွေ့နိုင်၏။

ထိုမြင်းသုံးကောင်အနက် နှစ်ကောင်မှာ အထီးဖြစ်သည်။ အထီးတစ်ကောင်သည် လွန်စွာမှ ထွားကျိုင်းသန်မာပြီး မြင်း သုံးကောင်အနက် အရပ်အမောင်း အကောင်းဆုံး ဖြစ်ပေသည်။

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"ငါ့မြင်းနဲ့ တာနားပေးတဲ့ မြင်းကမွေးလာတဲ့ မြင်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ဟာ ရေခြင်းထက်တောင် ပိုပြီး သွားကျိုင်းနေပါပေါ့လား”

ဟု တီးတိုးရေရွတ်လိုက်သည်။ သူက မြင်းစောင်းထဲမှ သူ၏ မြင်းကြီးကို ထုတ်ယူလိုက်သည်။ ထို့နောက် လွှားခနဲ ခုန်တက်လိုက်ပြီး …

“ကဲ … ခပ်သွက်သွက်ကလေး နှင်လိုက်စမ်းပါ သားကြီးရယ်”

စုတ်သပ်ကာ ပြောလိုက်သည်။ မြင်းဖြူကြီးသည် ရှည်လျားစွာ ဟီလိုက်ပြီး ခုန်းစိုင်းပြေးလွှားသွားလေတော့သည်။

✹

နှင်းတဖွဲဖွဲ ကျနေသည်။

မရဏချောက်ကမ်းပါးတစ်လျှောက်တွင် နှင်းပင်လယ်ကြီးပမာ ရှိနေ၏။ အဝေးမှကြည့်လျှင် မရဏချောက်ကမ်းပါးကို ရုတ်တရက် တွေ့မြင်ရမည် မဟုတ်ပါချေ။

သို့သော် တောင်ပေါ်သားတိုင်းသည် ကြောက်မက်ဖွယ်ကောင်းလှသည့် မရဏချောက်ကမ်းပါးအကြောင်း ကောင်းစွာ သိသားကြပေတော့သည်။



မည်သူမျှ ရာသီဥတု ဆိုးဝါးခက်ထန်သည့် အချိန်အခါမျိုးတွင် မရဏချောက်ကမ်းပါးအနီးသို့ ချဉ်းကပ်သွားစုံမည် မဟုတ်ချေ။

မရဏချောက်ကမ်းပါး၏ နှုတ်ခမ်းသား မြေပြင်နှစ်ဖက်သည် စိုထိုင်းပျော့ပျောင်းနေပြီး အနည်းငယ်အားစိုက်နင်းမိရုံဖြင့်လည်း ကျသွားတတ်သည် မဟုတ်လား။

နွေရာသီရောက်မှသာလျှင် ချောက်ကမ်းပါး နှုတ်ခမ်းစွန်းမြေပြင်သည် ကျစ်လျစ်မာကျောသွားပေလိမ့်မည်။ ကြူးဝမ်းခုံးမှာ မရဏချောက်ကမ်းပါး နယ်နိမိတ်အတွင်းသို့ ဝင်လာမိလျှင် မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့်မြင်ကွင်းကြောင့် မျက်လုံးပြူးကျယ်သွားလေသည်။

“ဟင် … သူတို့ ဒီမှာ ရောက်နေကြတာကိုး”

ဟုလည်း လွှတ်ခနဲ ရေရွတ်မိသည်။ မှန်ပေသည်။ မရဏချောက်ကမ်းပါးအနီး၌ မြင်းတစ်ကောင်နှင့် လူနှစ်ယောက် ရှိနေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ကြူးဝမ်းခုံး ငေးကြည့်နေမိစဉ်မှာပင် …

‘ခွပ် ခွပ် ခွပ် ခွပ်’

ကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ မြင်းညိုကြီးတစ်ကောင်၏ ကျောပေါ်၌ လူတစ်ယောက် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သန်မာထွားကျိုင်းလှသည့် လူကြီးတစ်ယောက်၏ခါးကို လူငယ်လေးတစ်ယောက်က ဖက်ထားခြင်း ဖြစ်သည်။ သူတို့သည် မရဏချောက်ကမ်းပါးဆီသို့ ဦးတည်ကာ မြင်းခုန်းစိုင်း မောင်းနှင်သွားနေ၏။

ကြူးဝမ်းခုံး ထိတ်လန့်သွား၏။

"ဒုက္ခပါပဲ ... ချောက်ထဲကျပြီး သေကုန်တော့မှာပဲ"

ဟုလည်း ရွှတ်ခနဲ ညည်းညူလိုက်လေသည်။ သူကြည့်နေစဉ်မှာပင် မြင်းစီးသမားနှစ်ယောက် စီးနင်းထားသည့် မြင်းကြီးသည် မရဏချောက်ကမ်းပါးတစ်ဖက်သို့ လွှားခနဲ ခုန်ကူးလာသည်ကို တွေ့ရ၏။

ယခုမှ ကြူးဝမ်းခုံး ပိုပြီးထိတ်လန့်သွား၏။ အကြောင်းကား မရဏချောက်ကမ်းပါး တစ်ဖက်သို့ ခုန်ကူးသွားသူများမှာ တာနား နှင့် သူ၏သား ကြူးစုတို့ ဖြစ်နေကြောင်း သတိပြုမိလိုက်လေသည် မဟုတ်ပါလား။

"တာနား ... ကြူးစု"

စိတ်မထိန်းနိုင်တော့ဘဲ အသံကုန် ဟစ်ခေါ်လိုက်လေသည်။ သူ၏ခေါ်သံသည် တဟူးဟူးမြည်ကာ တိုက်ခိုက်နေသည့် လေပြင်းများနှင့်အတူ တစ်မုဟုတ်ချင်း လွင့်ပျံကွယ်ပျောက်သွားလေသည်။



တာနားနှင့်ကြူးစုသည် မရဏချောက်ကမ်းပါး တစ်ဖက်သို့ ရောက်ရှိသွားကြသည်ကို တွေ့လိုက်ရ၏။ တစ်ဖက်ကမ်းသို့ မြင်း ခြေချမိသည်နှင့် မြေကြီးများ ထွက်ကာ ချောက်ကမ်းပါးထဲ တဖွဲဖွဲ ကျသွားသည်။

တာနားက လျင်မြန်သူပီပီ မြင်းကို ရှေ့သို့ဆက်၍ ခုန်သွားစေခြင်းဖြင့် ချောက်ကမ်းပါးထဲ ပြုတ်ကျသွားမည့် အန္တရာယ်မှ လွတ်မြောက်သွားရလေတော့သည်။

"တောက်"

ကြူးဝမ်းခုံး မချင့်မရဲဖြင့် တက်ခေါက်လိုက်သည်။ တာနားသည် လျင်မြန်ဖျတ်လတ်မှု မရှိလျှင် နှစ်ယောက်စလုံး ချောက်ထဲကျကာ သေဆုံးသွားရလိမ့်မည် မဟုတ်လား။

ကြူးဝမ်းခုံး မနေနိုင်တော့ဘဲ မရဏချောက်ကမ်းပါးသို့ ဦးတည်ကာ မြင်းမောင်းနှင်သွားလေသည်။ မရဏကမ်းပါးအနီးသို့ ရောက်လျှင် တာနားနှင့် ကြူးစုသည် ကြူးဝမ်းခုံးရှိနေသည့် တစ်ဖက်ကမ်းသို့ ပြန်လည်ခုန်ကူးလာကြသည်ကို တွေ့မြင်ရလေသည်။

"သတိထား"

ကြူးဝမ်းခုံး အထိတ်တလန့် အော်ဟစ် သတိပေးလိုက်လေသည်။ ထိုစဉ်မှာပင် တာနားသည် မြင်းကို လွှားခနဲ ခုန်ကူးစေပြီး ကြူးဝမ်းခုံးထံ ခုန်းစိုင်းနှင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



တာနားနှင့်အတူ လိုက်လာသည့် ကြူးစုသည် ဖခင်ကို မြင်သည်နှင့် ...

"ဖေဖေ"

ဝမ်းသာအားရ ခေါ်လေသည်။ ကြူးဝမ်းခုံး ပင့်သက်ရှိုက်လိုက်သည်။ တာနားနှင့် ကြူးစုတို့သည် မရဏချောက်ကမ်းပါးကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ကြပြီ မဟုတ်ပါလား။

တာနား ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ငါတို့ ဒီမှာ ရှိတယ်ဆိုတာ မင်း ဘယ်လိုလုပ်သိတာလဲ"

ဟု မေးလိုက်လေသည်။ ကြူးဝမ်းခုံး ခေါင်းငုံ့သွား၏။ တာနားကို စိုက်ကြည့်လိုက်ပြီး ...

"တာနား ... မင်းက ငါ့သားကို သတ်ပစ်တော့မလို့လား"

ဟု ပြောလိုက်လေသည်။ တာနားက ဘာမှမပြောဘဲ သဘောကျစွာ ရယ်မောလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"မင်းက ငါကျေနပ်အောင် အဖြေမပေးဘဲ ဆက်ပြီးရယ်နေမယ်ဆိုရင် မင်းနဲ့ငါ နပန်းလုံးရလိမ့်မယ်"

ဟု ပြောလိုက်လေသည်။ တာနား ရယ်မောခြင်း ရပ်တန့်သွားသည်။ ကမ္ဘာကယာ လက်ကာပြလိုက်ပြီး ...

"မလုပ်ပါနဲ့ကွာ၊ ငါတို့ ဒီမှာ နေ့တိုင်းလာပြီး လေ့ကျင့်ကြ



တာပါ၊ ကြူးစုအတွက် ဘာမှ မပူပါနဲ့ ... ငါ တာဝန်ယူပါတယ်"

ဟု ပြောလိုက်၏။ ကြူးဝမ်းခုံး မကျေနပ်နိုင်သေးပါချေ။

"မင်းတို့နှစ်ယောက်စလုံး ချောက်ကမ်းပါးထဲ ကျသွားရင် ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်ပြန်သည်။ တာနား ခေါင်းယမ်းလိုက်သည်။

"မပူပါနဲ့ကွာ ... မကျပါဘူး"

"ငါမေးတာ ကျသွားရင် ဘယ်လိုလုပ်မလဲ"

တာနား ပြုံးလိုက်သည်။

"ကဲဆိုပြီး ကျပြီဆိုရင် သူ့ကို ငါ ကောင်းကောင်းကြီး ကိုင်မြှောက်ပြီး အပေါ်ကို ပစ်တင်နိုင်ပါတယ်"

"မင်းကကော"

"ငါက အသက်ကြီးပါပြီကွာ"

ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။ တာနားသည် ကြူးစုအား အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည့်သူဖြစ်ကြောင်း နားလည်ထားသည်။ ကြူးစုကို ကြည့်ကာ ...

"သား မတော်တဆ ချောက်ထဲပြုတ်ကျသွားရင် ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်လေသည်။ ကြူးစုက ...

"မြင်းခြေနင်းကွင်းကို အားယူပြီး အပေါ်ကို ခုန်တက်မှာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပတ်လောက်ပစ်လိုက်ရင် အပေါ်ကိုရောက်သွားမှာပါ”

ဟု အဖြေပေးလေသည်။ ကြူးဝမ်းခုံး နှာခေါင်းရှုံ့လိုက်ပြီး

“မင်းကိုယ်မင်း ယုံကြည်စိတ်ချတယ်ပေါ့”

“ဟုတ်ပါတယ် ဖေဖေ”

“ကောင်းပြီ ... မင်းကိုယ်မင်း ယုံကြည်စိတ်ချတယ်ဆိုရင် မင်းနဲ့ငါ နပန်းလုံးကြရအောင်”

“ဗျာ”

ကြူးဝမ်းခုံးက မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။ တာနား မျက်လုံးပြူးသွားသည်။ ကြူးဝမ်းခုံးကို တအံ့တဩ ကြည့်လိုက်လေသည်။ ကြူးစုက ...

“ဖေဖေ”

“စကားမရှည်နဲ့ ... မင်း မြင်းပေါ်က ဆင်းလိုက်စမ်း”

“ကျွန်တော်”

“ဆင်းဆိုဆင်း”

ကြူးစု မတတ်သာတော့ပါချေ။ မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။ ကြူးဝမ်းခုံးက ...

“ကဲ ... လာစမ်း”

အော်ပေါက်ရင်း ကြူးစုထံ ခုန်အုပ်လိုက်၏။ ကြူးစု ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း မလွတ်မြောက်နိုင်ပါတော့ချေ



သူတို့နှစ်ယောက်စလုံး လုံးထွေးကာ နှင်းတောထဲ လဲကျသွားကြလေတော့သည်။

●

“အို ဒုက္ခပါပဲ ... ဘယ်လိုဖြစ်လာကြတာလဲ”

ယဉ်ယဉ်မှာ အဝတ်အစားများ စုတ်ပြဲလျက် အညိုအမည်းစွဲလာသည့် သားအဖနှစ်ယောက်ကို ကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်။ နောက်မှ လိုက်လာသည့် တာနားက

“သားအဖနှစ်ယောက် နပန်းလုံးတာမ်း ကစားခဲ့ကြတာလေ”

ဟု ပြောလေသည်။ ယဉ်ယဉ် မျက်လုံးပြူးသွား၏။

“အစ်ကိုရယ် ... မကြီးမငယ်နဲ့ ဘယ်လိုဖြစ်ရတာလဲ”

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

“ဟဲ ဟဲ ... မင်းသားက အလာကြီးကွ”

ဟု ပြောလိုက်လေသည်။ ယဉ်ယဉ်က ကြူးစုကို ပြေးပြီး ဖေးမလိုက်သည်။ ကြူးစု ခေါင်းယမ်းလိုက်သည်။

“ရပါတယ် မေမေ ... သား ဘာမှ မဖြစ်ပါဘူး”

ယဉ်ယဉ် မကျေမနပ် ဖြစ်သွား၏။ ကြူးဝမ်းခုံးသည် ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တမ်းသူ ဖြစ်စေသည်။ ထို့ကြောင့် သားလေးကြူးစုကို လိမ္မာ ယဉ်ကျေးသူတစ်ယောက် ဖြစ်လာစေရန် ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချ ထား၏။

ယခုတော့ ကြူးစုသည် ဖခင်ကဲ့သို့ပင် ကြမ်းကြမ်းတမ်း တမ်း တောင်မေါ်သား လူတစ်ယောက် ဖြစ်လာချေပြီ။ ယဉ်ယဉ် နှာခေါင်းရှုံ့လိုက်ပြီး ...

"ကဲ ... ဘယ်သူက အနိုင်ရလာသလဲ ... ပြောစမ်းပါဦး"

ဟု တမင်အရွဲ့တိုက်ကာ မေးလိုက်လေသည်။ တာနားက...

"သရေမွဲ ဖြစ်သွားတယ် ... ဘယ်သူမှ မနိုင်ဘူး။ ဘယ်သူမှ မရှုံးဘူး ... ဟား ဟား ဟား"

ပြောပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

ယဉ်ယဉ်က ...

"သား ... အိမ်ထဲဝင်၊ အဝတ်အစားလဲ၊ ရေချိုးရမယ်"

ဟု ဆတ်ဆတ်ပြောလိုက်သည်။ ကြူးစု ခေါင်းငုံ့ကာ အိမ် ထဲဝင်သွား၏။ ယဉ်ယဉ်က ကြူးဝမ်းခိုးကို ကြည့်ကာ ...

"အစ်ကိုကိုလည်း ပြောစရာရှိသေးတယ်"

"ဘာပြောမလို့လဲ ညီမရဲ့"

"အစ်ကို့သားကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး။ တစ်ရ[illegible] တစ်နေ့ တောထဲတောင်ထဲ ဒီလို ပျောက်သွားနေမှာပဲ ဒါကြောင်[illegible]



သူ့ကို စာပေပညာတတ်အောင် တာလီနေပြည်တော်ကို လွှတ်ပြီး ပညာသင်ခိုင်းရမယ်"

ဟု ပြောလိုက်၏။ ကြူးဝမ်းခိုး မျက်လုံးပြူးသွားသည်။

"ဘာ ... ဘယ်လို ... တာလီနေပြည်တော်ကိုလွှတ်ပြီး ပညာသင်ခိုင်းမယ် ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဆို ဝံပုလွေကြားထဲကို သိုးတစ်ကောင် လွှတ်လိုက်သလို ဖြစ်သွားမှာပေါ့"

ယဉ်ယဉ် ရယ်မောလိုက်လေသည်။

"ဝံပုလွေကြားထဲ လွှတ်လိုက်တဲ့ သိုးတစ်ကောင် ... ဟုတ် သား။ တခြားလူငယ်လူရွယ်တွေကိုတော့ လွှတ်ခဲ့သေးတာပဲ၊ ကြူးစု ကျ ဘာကြောင့် မလွှတ်နိုင်ရမှာလဲ"

"တာလီတွေက စိတ်ချရတာ မဟုတ်ဘူး"

"ဒီလိုဆိုရင် မြောင်ဒေသက လူငယ်လူရွယ်တွေကို ပြန်ခေါ် လိုက်ဖို့ ကောင်းတာပေါ့"

ယဉ်ယဉ်က အချက်ကျကျ ပြောလေရာ ကြူးဝမ်းခိုးမှာ ဘည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေပါသည်။ ယဉ်ယဉ်က ...

"တခြားသူတွေကိုတော့ လွှတ်ပြီး ကြူးစုကျမှ မလွှတ်ရင် ကဲ့ရဲ့သံ ဆူညံလိုးရော ဖြစ်လာလိမ့်မယ်၊ အစ်ကို့သဘောနဲ့ လွှတ်လိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



ထိမ္မးဆိုတဲ့ လူငယ်လေးတစ်ယောက်ကို ဆုံးရှုံးခဲ့ရပြီးပြီ မဟုတ်လား။ တကယ်လို့ ထိမ္မးဟာ တာ့လိနေပြည်တော်ကို မသွားဘဲ မြောင်ခေသမှာပဲ နေမယ်ဆိုရင် မြင်းစီးသူရဲကောင်းတစ်ယောက် ဖြစ်နေလောက်ရောပေါ့"

ကြူးဝမ်းခုံး ခေါင်းငိုက်စိုက် ကျသွားလေသည်။ ယဥ်ယဥ်က

"ကြူးစုကို လွှတ်ဖို့ ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်သည်။ ကြူးဝမ်းခုံး မည်သို့မျှ မတတ်နိုင်ပါတော့ချေ။

"အင်းလေ ... သူ့ကို လွှတ်ရတော့မှာပေါ့"

ဟု ပြောလိုက်ရ၏။ ယဥ်ယဥ်ကျေနပ်သွားလေသည်။ ထိုစဉ် ကြူးဝမ်းခုံးက တာနားဘက်သို့လှည့်ကာ ...

"တာနား ... မင်းက ကြူးစုနောက်ကို လိုက်သွားရမယ်"

ဟု ပြောလိုက်လေသည်။ တာနား မျက်လုံးပြူးသွား၏

"ငါ လိုက်သွားရမယ် ... ဟုတ်လား"

"ဟုတ်တယ်"

"ဟာ ... ငါနဲ့ ဖြစ်ပါ့မလားကွာ၊ ဒီအသက်ဒီအရွယ်ကြီး ပညာသင်ဖို့ နေပြည်တော်ကို သွားရတယ်ဆိုတာ လူကြားလို့တောင် မကောင်းပါဘူး"

တာနားက ခေါင်းတယမ်းယမ်းဖြင့် ပြောလေသည်။ ကြူး



ဝမ်းခုံးက ...

"စကားမရှည်နဲ့ ... မင်း လိုက်သွားရမယ်၊ မင်းက ပညာသင်ဖို့ မဟုတ်ဘူး ... ကြူးစုကို စောင့်ရှောက်ဖို့ကွ"

တာနား ရယ်မောလိုက်၏။

"တော်သေးတာပေါ့ကွာ ... ပညာသင်ဖို့ဆိုရင် ငါမသွားချင်ဘူးကွ ... ဟား ဟား ဟား"

ကြူးဝမ်းခုံးလည်း ရယ်မောလိုက်လေသည်။ ယဥ်ယဥ်က ခပ်တည်တည်ဖြင့် ...

"ကဲ ... အိမ်ထဲဝင်ကြဦး၊ အပြင်မှာ အအေးပတ်ပြီး သွားတွေကြွေကျနေဦးမယ်"

ပြောပြီး အတွင်းဘက်သို့ ဝင်သွား၏။ ကြူးဝမ်းခုံးနှင့် တာနားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

တာနားက ...

"ကဲ ... ကြားတယ်မဟုတ်လား"

ကြူးဝမ်းခုံးက ...

"သူက ဘယ်တော့မဆို ငါ့ကို အလျှော့ပေးခဲ့တာချည်းပဲကွ၊ ဒါပေမဲ့ သွားသွားနဲ့ပတ်သက်လာရင် ငါ့ကို ဂရုမစိုက်တော့ဘူး ... ဟား ဟား ဟား"

ပြောပြီး သဘောကျစွာ ရယ်မောလိုက်သည်။ တာနား

www.burmeseclassic.com

www.burmeseclassic.com



လည်း ရယ်မောလိုက်သည်။ သူတို့နှစ်ယောက် တစ်ယောက်လည်ပင်း တစ်ယောက်သိုင်းဖက်ကာ အိမ်ထဲ ဝင်သွားကြလေတော့သည်။

● ● ●



ပါမယ်"

အရှေ့ဘက်အဆောင်သည် မြောင်ဒေသမှ လာသူများအတွက် သီးသန့်တစ်ဆောင် ဖြစ်လေသည်။ သို့သော် ထိုအဆောင်တွင် တခြားသော အရပ်ဒေသမှ လာသူများကို ရောယှက်ထားကြောင်း တွေ့ရသည်။

တာလိနန်းတွင်းမှ လူများနှင့်ခွဲခြားပြီး သင်ကြားပေးသည်ကိုလည်း တွေ့ရ၏။ ထို့ကြောင့် တာနားက ကျူးစုအား ညွှန်ပြလိုက်ပြီး ...

"ကျုပ်ရဲ့တူဟာ အရှေ့ဘက်အဆောင်မှာ နေမှာမဟုတ်ဘူးဗျ"

တာနားကို နားမလည်နိုင်စွာ ကြည့်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ"

တာနားက ...

"ကျုပ်လူဟာ တောင်ဘက်အဆောင်မှာ ပညာသင်ကြားပါစေချင်မယ်"

လုလိ မျက်လုံးပြူးသွားသည်။

"တောင်ဘက်အဆောင် ... ဟုတ်လား၊ မဖြစ်နိုင်တာဗျာ၊ တောင်ဘက်အဆောင်ဟာ တာလိနန်းတွင်းသားတွေအတွက် သီးသန့်သင်ကြားပေးတဲ့ အဆောင်ဗျ၊ တခြား ဘယ်အရပ်ဒေသက လာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရယ်မောလိုက်သည်။ သူတို့နှစ်ယောက် တစ်ယောက်လည်
ဝင်း တစ်ယောက်သိုင်းဖက်ကာ အိမ်ထဲ ဝင်သွားကြလေတော့သည်။

● ● ●



ပါမယ်"

အရှေ့ဘက်အဆောင်သည် မြောင်ဒေသမှ လာသူများအတွက် သီးသန့်တစ်ဆောင် ဖြစ်လေသည်။ သို့သော် ထိုအဆောင်တွင် တခြားသော အရပ်ဒေသမှ လာသူများကို ရောယှက်ထားကြောင်း တွေ့ရသည်။

တာလိနန်းတွင်းမှ လူများနှင့်ခွဲခြားပြီး သင်ကြားပေးသည်ကိုလည်း တွေ့ရ၏။ ထို့ကြောင့် တာနားက ကြူးစုအား ညွှန်ပြလိုက်ပြီး ...

"ကျုပ်ရဲ့တူဟာ အရှေ့ဘက်အဆောင်မှာ နေမှာမဟုတ်ဘူးဗျ"

တာနားကို နားမလည်နိုင်စွာ ကြည့်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ"

တာနားက ...

"ကျုပ်လူဟာ တောင်ဘက်အဆောင်မှာ ပညာသင်ကြားပါစေချင်မယ်"

လုလိ မျက်လုံးပြူးသွားသည်။

"တောင်ဘက်အဆောင် ... ဟုတ်လား၊ မဖြစ်နိုင်တာဗျာ၊ တောင်ဘက်အဆောင်ဟာ တာလိနန်းတွင်းသားတွေအတွက် သီးသန့်သင်ကြားပေးတဲ့ အဆောင်ဗျ၊ တခြား ဘယ်အရပ်ဒေသက လာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေမှ လက်ခံတာ မဟုတ်ဘူး”

“ကောင်းပါပြီ ... ကျုပ်တစ်ခု မေးပါရစေ၊ တာလိဘုရင်ရဲ့ သားတော်၊ သမီးတော်တွေဆိုရင် ဘယ်အဆောင်မှာ ပညာသင်ရမလဲ”

“မေးနေစရာလိုသေးသလားဗျာ ... တောင်ဘက်အဆောင်မှာ သင်ရမှာပေါ့ဗျာ”

“ဒါဖြင့် ကျုပ်တို့ကို တောင်ဘက်အဆောင်မှာ ပညာသင်ပေးမှ ဖြစ်လိမ့်မယ်”

“ဟာ ... ဒါက”

လုလိ၏စကားမဆုံးမီ တာနားက ကြားဖြတ်ပြောလိုက်လေသည်။ သူက ကြူးစုအား ညွှန်ပြလိုက်ပြီး ...

“ကျုပ်တို့ဟာ မြောင်ဒေသရဲ့ ခေါင်းဆောင်ကြူးဝမ်းခုံ့ရဲ့ သား ကြူးစုပါ၊ တာလိဘုရင်ရဲ့ သားတော်နဲ့ တန်းတူရည်တူ အဆင့်အတန်းရှိတဲ့လူပါ၊ ဒါကြောင့် တောင်ဘက်အဆောင်မှာ ပညာသင်ခွင့် မရဘူးဆိုရင် ကျုပ်တို့ကိုခေါ်ပြီး ပြန်ပါတော့မယ်”

ထိုစကားကြားလျှင် လုလိ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။ နေခြည်ဖြာကျနေသည်။ ပန်းရနံ့များ သယ်ဆောင်လာသည့် လေပြည်လေညင်း ဖွဲ့ယမ်းတိုက်ခတ်လာလေသည်။

ကြူးစုသည် ခုံတစ်လုံး၌ ထိုင်ရင်း ပြတင်းပေါက်မှ တစ်ဆင့်



အပြင်ဘက် ငေးမောကြည့်နေမိလေသည်။ ပန်းဥယျာဉ်အတွင်းဝယ် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသည့် လူငယ်လူရွယ်များ ရှိနေကြသည်။

သူတို့သည် အချင်းချင်းဝိုင်းဖွဲ့ကာ ရယ်မောဖွဲ့နေကြသည်။ လှေမ်းစကမ်းတွင် မိန်းကလေးများ ရှိနေကြသည်။ မိန်းကလေးများသည်လည်း အချင်းချင်းဝိုင်းဖွဲ့ကာ ပြောဆိုရယ်မောနေကြ၏။

အားလုံးသည် တာလိနန်းတွင်းသူ နန်းတွင်းသားများ ဖြစ်ကြသည်။ တောင်ဘက်အဆောင်၌ စာပေပညာ သင်ကြားနေကြသူများလည်း ဖြစ်ကြလေသည်။

အားလုံးသည် ကိုယ့်အချင်းချင်း မိတ်ဆွေဖွဲ့ကာ ပျော်ပျော်ရွှင်ရွှင် ရှိနေကြပါသော်လည်း ကြူးစုအား သင်းကွဲငှက်တစ်ကောင်ပမာ တစ်ကိုယ်တည်း အထီးကျန်လျက် ရှိနေပေတော့သည်။

ကြူးစု စာပေပညာ သင်ကြားရသည်ကို စိတ်မပါနိုင်အောင် ဖြစ်ပေ၏။ ပျော်စရာကောင်းလှသည့် မြောင်ဒေသသို့ ချက်ချင်း ပြန်ပြေးသွားလိုစိတ်များ ဖြစ်ပေါ်နေ၏။

သို့သော် သူ၏နားထဲဝယ် မိခင်ဖြစ်သူ မှာကြားလိုက်သည့် စကားများကို အမြဲတမ်း ကြားယောင်နေမိ၍သာ ကြိတ်မှိတ်သင်ကြားနေခဲ့ရခြင်း ဖြစ်ပေသည်။

သူ၏ မိခင်ကြီးက ပညာသင်ခရီးထွက်လာခါနီးတွင် ...

www.burmeseclassic.com

www.burmeseclassic.com



"သား … မေမေတို့ဟာ စာပေပညာမတတ်လို့ အသုံးမကျ အရာမဝင် ဖြစ်ခဲ့ကြရတယ်၊ သူတစ်ပါးရဲ့ အထင်အမြင်သေးတာ ခံခဲ့ရတယ်၊ သား တာလီလို မဖြစ်ပါစေနဲ့၊ စာပေပညာတတ်အောင် သင်ပါ၊ တာလီတွေလိုပဲ မြောင်တွေဟာလည်း မခေဘူးဆိုတာ သိအောင် ကြိုးစားပြလိုက်ပါ"

ဟူ၍ မှာကြားခဲ့သည် မဟုတ်ပါလား။ ကြူးစု သက်ပြင်းချလိုက်သည်။ ထိုင်ရာမှထကာ လှည့်ထွက်ဟန် ပြင်လိုက်၏။ ထိုစဉ်…

"အို … အမေ့"

လွတ်ခနဲ အော်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟာ"

ကြူးစု ထိတ်လန့်သွားလေသည်။ မမျှော်လင့်ဘဲ မိန်းက လေးတစ်ယောက် ဝင်တိုက်မိလိုက်သည် မဟုတ်ပါလား။ ထိုမိန်းက လေးမှာ ပန်းနုရောင် အဝတ်အစားများ ဝတ်ဆင်ထား၏။

အသက်ဆယ့်ခြောက်နှစ်ခန့်သာ ရှိဦးမည် ထင်ရသည်။ ... လက်သော မျက်ဝန်း၊ ကော့ညွှတ်သော မျက်တောင်၊ ဖြောင့်... သည့် နှာတံ၊ ဖြူဖွေးသော အသားအရေ စသည် စသည်ဖြင့် ဖြစ်... မှုမထင် ချောမောလှပသူကလေး ဖြစ်ပေသည်။

ကြူးစု၏ ရင်ထဲ လှုပ်ရှားသွားသည်။



"ကျွုပ် ကျွုပ် …"

သူသည် မည်သို့ တောင်းပန်ရမှန်းမသိ ဖြစ်နေလေတော့သည်။ မိန်းကလေးသည် သူ့အား တစ်ချက်ကြည့်လိုက်ပြီး နှုတ်ခမ်းစူကာ ချာခနဲ လှည့်ထွက်သွားလေသည်။

"ညီ … ညီမ နေပါဦး"

မိန်းကလေး ခြေလှမ်းရပ်သွားလေသည်။ ကြူးစုကို ပြန်လှည့်ကြည့်လာသည်။ ကြူးစုက …

"ကျွုပ် … ကျွုပ်တောင်းပန်ပါတယ်၊ မမြင်လို့ ဝင်တိုက်မိတာပါဗျာ"

မိန်းကလေးသည် သူ့အား မျက်လုံးလှန်ကာ တစ်ချက်ကြည့်လိုက်ပြီး ဘာမှ မပြောဘဲ ထွက်သွား၏။ မိန်းကလေး ထွက်သွားလျှင် ကြူးစု၏ရင်ထဲ ဟာသွားသည်။

သို့သော် သူသည် မြောင်ဒေသသို့ မပြန်လိုတော့ကြောင်း ကိုယ့်ကိုယ်ကိုယ် နားလည်သဘောပေါက်လိုက်လေတော့သည်။

"အားလုံး ငြိမ်ငြိမ်နေကြပါ၊ ဒီကနေ့ မင်းတို့အားလုံးကို ...ဗျာရွတ်ဆိုမှု ပြိုင်နိုင်းမလို့ ကျွုပ်စိတ်ကူးထားတယ်"

လုလိစကားကြောင့် ဆူဆူညံညံဖြစ်နေသည့် လူငယ်လူရွယ်... ငြိမ်ကျသွားကြသည်။ လုလိက အားလုံးကို ဝေ့ကြည့်လိုက်ပြီး…

"ကဲ … ထပြီး ကဗျာတစ်ပုဒ် ရွတ်ပြစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



လှုငယ်တစ်ယောက်ကို လက်ညှိုးညွှန်ကာ ပြောလိုက်လေသည်။ ထိုလှုငယ်သည် ချက်ချင်းထရပ်ကာ ပန်းကလေးများအကြောင်း တင်စားစပ်ဆိုသည့် ကဗျာတစ်ပုဒ် သီဆိုပြလေသည်။

"မဆိုးဘူးဟေ့"

ထို့နောက် လှုငယ်လှုရွယ်များ၊ မိန်းကလေးများ တစ်ယောက်ပြီးတစ်ယောက် ထစေကာ ကဗျာရွတ်ဆိုခိုင်းလေ၏။ လှုငယ်လှုရွယ်များသည် နန်းတွင်းသူနန်းတွင်းသားများ ဖြစ်ကြလေရာ တေးကဗျာရွတ်ဆိုမှုအပိုင်း၌ ထူးချွန်ကြလေသည်။

တစ်ယောက်ပြီးတစ်ယောက် ရွတ်ဆိုသွားကြလေရာ နောက်ဆုံး ကြူးစု၏အလှည့် ရောက်လာလေတော့သည်။ ကြူးစုသည် တာလီဆရာများ သင်ကြားပေးသည့် ကဗျာလင်္ကာများကို သဘောမကျမိပါချေ။

မည်သည့်ကဗျာရွတ်ဆိုရမည်ဟု သတ်မှတ်ထားခြင်း မရှိသဖြင့် ...

"မရဏတောင်တန်းဟာ တောစည်နှင်းဖုံးနေမှာပါ"

သိမ်းငှက်တွေဟာလည်း အတောင်မကျိုးမချင်းတော့ ပျံနေဦးမှာပဲ၊

မြင်းရိုင်းတစ်ကောင်ရဲ့ ကျောပေါ်ထိုင်ပြီး နေထွက်လာတာကို ကြည့်ဖူးပါသလား။



မွေးဖွားခြင်းနဲ့ သေဆုံးခြင်းအတွက် မျက်ရည်ကျစရာ မလိုပါ၊ လူ့ဘဝဆိုတဲ့အချိန်မှာ ပျော်ပျော်ကြီး ခရီးသွားလိုက်ပါ၊

သူ့ရဲ့ကောင်းတွေအတွက် လောကကြီးဟာ သာယာလှပနေမှာပဲ"

ဟု ရွတ်ဆိုပြလိုက်သည်။ ထိုကဗျာသည် မြောင်ဒေသတွင် လူကြိုက်အများဆုံး ကဗျာတစ်ပုဒ်ဖြစ်သည်။ ရုတ်တရက် အသံဗလံဟူသရွေ့ တိတ်ဆိတ်ငြိမ်သက်သွားသည်။

အားလုံး၏ မျက်လုံးအကြည့်သည် ကြူးစုထံ စုပြုံရောက်ရှိလာသည်။ ကြူးစုက ပြန်လည် ထိုင်ချရန် ဟန်ပြင်လိုက်လေသည်။ သို့သော် လုလိက ဟန့်တားလိုက်၏။

"နေဦး"

ကြူးစုက လုလိကို ကြည့်လိုက်သည်။ လုလိက ...

"မင်း ရွတ်ဆိုလိုက်တဲ့ ကဗျာဟာ မြောင်ဒေသက ကဗျာလား"

ဟု မေးလေသည်။ ကြူးစု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာ"

"ဘယ်လို အဓိပ္ပာယ်ဆောင်တယ်ဆိုတာ ရှင်းပြစမ်းပါဦး"

ကြူးစုက ...

"မြောင်ဒေသဟာ တောတောင်လျှိုမြောင်တွေ ပေါများ

www.burmeseclassic.com

www.burmeseclassic.com



သလို မျက်စိတစ်ဆုံး ကျယ်ပြန့်တဲ့ ကွင်းပြင်ကြီးတွေလည်း ရှိနေပါတယ်၊ အမြင့်ဆုံးဖြစ်တဲ့ မရဏတောင်မှာ တစ်နှစ်ပတ်လုံး နှင်းခဲနေပါတယ်၊ မြောင်ဒေသဟာ အေးချမ်းပြီး ထာဝရ မပြောင်းမလဲ တည်ငြိမ်တဲ့သဘောကို ဆောင်ပါတယ်"

ဟု ရှင်းပြပြီး လုလီကို ကြည့်လိုက်၏။ လုလီ ကျေနပ်သွားဟန် ရှိသည်။ ဦးခေါင်း တဆတ်ဆတ်ညိတ်ကာ ...

"ဆက်ပြောစမ်းပါဦး"

ကြူးစုက ...

"ငှက်အမျိုးအနွယ်ထဲမှာ သိမ်းငှက်ဟာ အရဲရင့်ဆုံး၊ သတ္တိအရှိဆုံးဖြစ်ပါတယ်၊ အတောင်မကျိုးမချင်း ပျံနေမယ်ဆိုတာက ဘယ်တော့မှ ခွဲမလျှော့တဲ့ သဘောပါ။ မြောင်လူငယ်လူရွယ်တွေဟာ သိမ်းငှက်ကို အတုယူဖို့ တင်စားထားတာပါ"

"ဟုတ်ပြီ"

"မြောင်ဒေသမှာ မြင်းရိုင်းတွေ အလွန်ပေါပါတယ်၊ ဒါပေမဲ့ မြင်းရိုင်းတစ်ကောင် ဖမ်းဆီးလို့ရဖို့ မလွယ်လှပါဘူး၊ မိမိရဲ့ခွန်အားနဲ့ ကိုယ်တိုင်ကြိုးစားပြီး ဖမ်းမိထားတဲ့ မြင်းရိုင်းတစ်ကောင်ရဲ့ ကျော ပေါ်မှာ ထိုင်ပြီး ခွန်အား အပြည့်အဝနဲ့ ထွက်ပေါ်လာတဲ့ နေမင်းကြီး ကို ကြည့်ရတဲ့အရသာဟာ ဘယ်လို အရသာနဲ့ လဲနိုင်မှာ မဟုတ်ပါ ဘူး"



လုလီ ငြိမ်းလိုက်သည်။ ကြူးစုက ဆက်ပြောလိုက်ပြန်သည်။

"လူဆိုတာ မွေးဖွားလာပြီးတဲ့နောက်တစ်ချိန်မှာ မလွဲ မသွေ သေဆုံးကြရမှာပါပဲ၊ ဒါကြောင့် မွေးဖွားခြင်း၊ သေဆုံးခြင်း စတဲ့ အမှုတွေအတွက် တွေဝေငေးမောနေစရာ မလိုဘူး၊ မျက်ရည်ကျစရာ မလိုပါဘူး။ လောကရဲ့နိယာမကို သိထားပြီး လောကဓံကို ခံနိုင်ဖို့ တိုက်တွန်းထားတာပါ"

လုလီ သက်ပြင်းချလိုက်သည်။ ကြူးစုသည် အေးတိအေး စက် နိုင်လှသူ ထင်မိသည်မှာ မှားယွင်းနေပြီဟု ယူဆလာမိလေ သည်။

"ဆက်ပြောစမ်းပါဦး"

"မြောင်မျိုးနွယ်စုတွေဟာ နေရာတကျ မနေဘဲ ရေကြည် ရာ မြက်နုရာ လှည့်လည်သွားလာနေကြသူတွေပါ၊ ပျော်သောက ဆိုတာ မတွေးဘဲ ပျော်ပျော်နေတတ်ဖို့ လိုတဲ့အကြောင်းနဲ့ သတ္တိရှိတဲ့ သူ့ရဲကောင်းတွေကို ဘယ်လိုအန္တရာယ်မျိုးမှ မဟန့်တားနိုင်လို့ ထာ ဝရ ပျော်ရွှင်ရလိမ့်မယ်လို့ ဆိုလိုပါတယ်"

လုလီ သက်ပြင်းချလိုက်သည်။

"မင်းပြောပြတဲ့ အဓိပ္ပာယ် တော်တော်ကောင်းပါတယ်၊ ဒါပေမဲ့ ဒီကဗျာဟာ ငါတို့ သင်ပေးတဲ့ ကဗျာမှ မဟုတ်ဘဲ"

ကြူးစုက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က နူးညံ့သိမ်မွေ့တဲ့ စိတ်ကူးယဉ်သဘောထက် လက်တွေ့ဘဝကို ပိုပြီးမက်မောလို့ ကျွန်တော်ရတဲ့ ကဗျာကို ရွတ်ဆိုမလိုက်တာပါ ဆရာ"

လုလိ ပြုံးလိုက်သည်။ လက်ဖွေ့ယမ်းပြကာ ...

"ကဲ ... ထိုင်ပါ၊ ထိုင်ပါ"

ဟု ပြောလိုက်လေသည်။ သူတို့၏ လှုနေမှုစရိုက်နှင့် ကြူးစုတို့၏သဘော ကွာခြားနေမှုန်း ကောင်းစွာနားလည် သဘောပေါက်မိသည် မဟုတ်ပါလား။

တာလိလူငယ်လူရွယ်များကား ကြူးစုကို မကျေမနပ် ဖြစ်သွားကြ၏။ လုလိသည် ကဗျာလက်ာနှင့်ပတ်သက်ပြီး စိတ်ကူးယဉ်ဘဝနှင့် လက်တွေ့ဘဝ နှစ်မျိုးစလုံးကို ဖော်ကျူးစပ်ဆိုသည့် ကဗျာလင်္ကာများရှိကြောင်း ရှေးဟောင်းကဗျာလင်္ကာများ ရွတ်ဆိုကာ ရှင်းပြသည်။

နေမွန်းတည့်ချိန် ရောက်ခါနီးတွင် အားလုံးကို နေ့လယ်ခင်းအား လွတ်လပ်ခွင့်ပြုလိုက်လေတော့သည်။ ကြူးစုက စကြိုလမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

ယနေ့ သူ့ထံသို့ တာနား ရောက်လာလိမ့်မည် မဟုတ်ပါလား။ တာနားသည် နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ သူ့ထံ ရောက်လာတတ်၏။



တာနားအား ကြိုဆိုရန် အဆောက်အအုံရှေ့သို့ ထွက်လာခဲ့ခြင်း ဖြစ်၏။ လူငယ်လူရွယ်များနှင့် မိန်းကလေးများသည်လည်း စကြိုလမ်း၌ သွားလာနေကြပါသည်။

ကြူးစုက သုံးလေးယောက်ကို ဖြတ်ကျော်ကာ ရှေ့ဆက်သွားစဉ် မလှမ်းမကမ်း၌ ပန်းနုရောင်ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးသည် သူဝင်တိုက်မိခဲ့သည့် မိန်းကလေး ဖြစ်ကြောင်း ချက်ချင်း မှတ်မိလိုက်သည်။ သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွား၏။ မိန်းကလေးသည် သူ့အား တစ်ချက် လှမ်းကြည့်လိုက်ပြီး ရှေ့ဆက်လျှောက်သွားသည်။

ကြူးစုသည်း နောက်မှ လိုက်သွားရန် အလိုလို ခြေလှမ်းပြင်မိသည်။ ထိုစဉ် ...

"သူရဲကောင်းကြီး နေစမ်းပါဦး"

ဟန့်တားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကြူးစု လှည့်ကြည့်လိုက်သည်။ ထိုအခါ လူငယ်သုံးယောက် ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ကြူးစု မျက်မှောင်ကြုတ်သွား၏။

"ဘာကိစ္စလဲ"

ဟု သံပြတ်ဖြင့် မေးလိုက်သည်။ လူငယ်သုံးယောက်အနက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ...

"ကြူးစု ... မင်းက ငါတို့ကို စိတ်ကူးယဉ်သမားတွေလို့ ပြောလိုက်တာ ဘာသဘောလဲကွ"

ဟု မေးလာသည်။ ကြူးစုက ...

"ငါက မင်းတို့ကို မပြောရပါလား"

"မလိမ်နဲ့ ... မင်းပဲ ဆရာလုလီကို ပြောနေတာ အားလုံး ကြားတယ်ကွ"

ကြူးစု ပြုံးလိုက်သည်။

"ငါက မင်းတို့ကို ပြောတာမဟုတ်ဘူး။ မင်းတို့ရွဝ'သိုကြတဲ့ ကဗျာတွေရဲ့ အနှစ်သာရဟာ စိတ်ကူးယဉ်မှုသက်သက်က ဖြစ်ပေါ် လာတယ်ဆိုတာကို ပြောတာပဲ"

"အပိုတွေ ပြောမနေနဲ့ ... မင်းကိုယ်မင်း သူရဲကောင်းလို့ သတ်မှတ်ပြီး ငါတို့ကိုနှိမ်ချတာကို ငါတို့မကျေနပ်ဘူးကွ"

တစ်ယောက်က ဝင်ပြောသည်။

ကျန်နှစ်ယောက်ကလည်း ...

"ဟုတ်တယ် ဟုတ်တယ်"

ဟု ဝင်ပြီး ထောက်ခံကြလေသည်။ ကြူးစု ဒေါပွသွားသည်။

"မင်းတို့ ဘာလုပ်ချင်သလဲ"

ဟု ခပ်ပြတ်ပြတ် မေးလိုက်လေသည်။ လူငယ်သုံးယောက်



ရှုံးရှုံးရှားရှား ဖြစ်သွားကြ၏။ တစ်ယောက်က ...

"မင်းတို့နဲ့ ခိုက်ရန်မဖြစ်ပွားရဘူးလို့ ဆရာတွေက ပြင်းပြင်း ထန်ထန် တားမြစ်ထားလို့ပေါ့ကွာ၊ နို့မဟုတ်ရင် မင်းမလွယ်ဘူး"

ဟု ငေါက်လိုက်၏။ ကြူးစု ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး။ မင်းတို့က ငါနဲ့ယှဉ်ချင်တယ်ဆိုရင် ဘယ်လို ကိစ္စမျိုးမဆို ငါတာဝန်ယူပါတယ်"

"မင်းက လူကြီးတွေကို ပြန်မပြောဘူးပေါ့"

"ပြောစရာ ဘာလိုလို့လဲ"

"ကောင်းတယ်"

လူငယ်သုံးယောက်သည် ချက်ချင်းပင် ကြူးစုအား ဝိုင်းရံ ထားလိုက်ကြလေသည်။ ကြူးစုက ...

"မင်းတို့ သုံးယောက်စလုံး တစ်ခါတည်း ဝင်လာကြပါ"

ပြောရင်း တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။ လူငယ် သုံးယောက်သည် ကြူးစု၏ အကြောက်အရွံ့ကင်းမဲ့သည့်အသွင်ကို မြင်လျှင် အနည်းငယ် ရွံ့သွားကြ၏။

သို့သော် သုံးယောက်တစ်ယောက် ဖြစ်နေသည်မို့ ...

"သေပေတော့"

တစ်ယောက်ကစပြီး တိုက်ခိုက်လိုက်လျှင် ကျန်နှစ်ယောက် သည်လည်း ပါဝင်တိုက်ခိုက်လိုက်ကြ၏။ ကြူးစုကလည်း ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက် လိုက်လေတော့သည်။

❋

ကြူးစုသည် ဝမ်းဟို၊ တာအင်း၊ တာနားနှင့် ဟန်စန်းတို့ထံမှ ပညာအမျိုးမျိုးကို ငယ်စဉ်ကပင် သင်ကြားခဲ့ရသူ ဖြစ်သည်။ ထို့ကြောင့် လက်ရုံးရည်အရာတွင် တာလီနန်းတွင်းမှ လူငယ်များ မည်သို့မျှ မယှဉ်သာခဲ့ပါချေ။

သူတို့ ထိပ်တိုက် ရင်ဆိုင်လိုက်သည်နှင့် ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ လူငယ်သုံးယောက်မှာ ခြေကားရား လက်ကားရားဖြင့် အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

ကြူးစုက ထပ်မံတိုက်ခိုက်ခြင်း မပြုဘဲ လက်ပိုက်ကြည့်နေလိုက်၏။ လူငယ်သုံးယောက် လူးလိမ့်ထလာကြသည်။ သူတို့သည် ကြူးစုကို မယုံကြည်နိုင်စွာ ကြည့်နေကြ၏။ ကြူးစုက ...



"မင်းတို့ ဆက်ပြီး တိုက်ခိုက်ချင်သေးသလား"

ဟု မေးလိုက်သည်။ လူငယ်သုံးယောက် ခေါင်းငုံ့သွားကြ၏။ ဝိုင်းရံတိုက်ခိုက်ဟန် ပြင်လိုက်ကြ၏။

ထိုစဉ် ...

"ရပ်လိုက်"

ချိုလွင်သာယာသော ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ အားလုံး လှည့်ကြည့်လိုက်သောအခါ ပန်းနုရောင် ဝတ်ဆင်ထားသည့် မိန်းကလေး လှမ်းလာနေသည်ကို တွေ့ရလေသည်။ လူငယ်သုံးယောက် မျက်နှာပျက်သွားကြပြီး ...

"မင်းသမီးလေးကို ဂါရဝပြုပါတယ်"

ဟု ကပျာကယာ ပြောလိုက်ကြ၏။ ကြူးစု မျက်လုံးပြူးသွားသည်။ ပန်းနုရောင်ဝတ်ဆင်ထားသည့် မိန်းကလေးသည် တာလီဘုရင်နှင့် ပတ်သက်နေသူဟု တွေးမိပြီး သူ၏ရင်ထဲ လေးလံလာလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## အတွင်းကျိတ်ကြံနေသူများ

လူငယ်လူရွယ်သုံးယောက် ထွက်သွားကြပြီ ဖြစ်လေသည်။ သူတို့သည် ကြူးစုကို မကျေမနပ်ဖြင့် ကြည့်သွားကြ၏။ ထွက်မသွားဘဲ ဆက်ပြီး တိုက်ခိုက်ကြမည်ဆိုလျှင်လည်း ကြူးစုကို အနိုင်ရကြမည် မဟုတ်ပါ။

ကြူးစု၏လက်ချက်ဖြင့် ကြည့်မကောင်း ရှုမကောင်း ဖြစ်ကြရဦးမည်မှာ သေချာ၏။ တာလီဘုရင်တန့်ယန်သည် မြောင်ဒေသမှ လာသည့် ပညာသင်များနှင့် တိုက်ခိုက် ရန်ဖြစ်ပွားခြင်းမရှိရန် စည်းကမ်းချက်များ ထုတ်ပြန်ထားသည်။

ထိမှုးသေဆုံးသွားရခြင်းကြောင့် ရဟတ်ရဲတိုက် ဖျက်ဆီးခံလိုက်ရသည့်ကိစ္စသည် တာလီပြည်အတွက် နမူနာယူစရာ ဖြစ်ပေသည်။

မြောင်တို့သည် ခက်ထန်ကြမ်းတမ်းကြသည် မှန်သော်



လည်း သူတို့အား တို့ထိခြင်းမပြုသမျှ ကာလပတ်လုံး သူတို့က အန္တရာယ်ပြုကြမည် မဟုတ်ချေ။

ထို့ကြောင့် တာလီဘုရင်က မြောင်ဒေသမှ လာသူများနှင့် ပြဿနာမဖြစ်စေရန် ကြိုတင်သတိပေးထားခြင်းဖြစ်ပေတော့သည်။ လူငယ်သုံးယောက် လှမ်းထွက်သွားကြလျှင် ကြူးစုက မိန်းကလေးကို ကြည့်လိုက်လေသည်။

မိန်းကလေးက ...

“ရှင် ဇတော်တော်ဆိုးတယ်”

ဟု ပြောလေသည်။ ကြူးစု ပြုံးလိုက်သည်။

“ကျုပ်က ဆိုးတယ် ... ဟုတ်လား။ ဒါဖြင့် သူတို့ကိုကော ဘယ်လိုပြောမလဲ”

လူငယ်သုံးယောက် ထွက်သွားရာဘက်သို့ လက်ညှိုးညွှန်ကာ ပြောလိုက်သည်။ မိန်းကလေးက ...

“သူတို့က ရှင့်လက်ချက်မိသွားတာ မဟုတ်လား”

“ဩော် ... ကျုပ်က အနိုင်ရလိုက်လို့ ဆိုးတယ်လို့ ပြောတာပေါ့။ သူတို့က အနိုင်ရသွားကြရင်ကော”

“သူတို့ ဆိုးတာပေါ့”

“ဒါဖြင့် ဘယ်သူက ရန်စတယ်ဆိုတာကို ခင်ဗျားစိတ်မဝင်စားတော့ဘူးပေါ့ ... ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ...

"သူတို့က ရန်စတယ်ဆိုရင်တော့ ရှင်က သည်းခံရမှာပေါ့"

ကြူးစု ဒေါပွသွားလေသည်။

"ခင်ဗျားက သူတို့ဘက်က လိုက်ပြောတာကိုး"

"ရှင်ထင်လို့ပါ။ သူတို့ကို ကျွန်မ မောင်းထုတ်ပစ်လိုက်တာ ရှင် မြင်တာပဲ မဟုတ်လား"

"တကယ်လို့ သူတို့က ကျုပ်ကို ထိုးကြိတ်ရိုက်နက်သွားကြမယ် ဆိုရင်ကောဗျာ"

"ဒါဆိုရင် သူတို့ကို အပြစ်ပေးရမှာပေါ့"

"ခင်ဗျားက ဒီနေရာကို အုပ်ချုပ်သူလား"

ကြူးစု အရွဲ့တိုက်မေးလိုက်သည်။ မိန်းကလေး ပြုံးလိုက်သည်။

"ဒီနေရာကို အုပ်ချုပ်တာဟာ ဆရာကြီးစုအိမ်းပါ။ ဆရာကြီးရဲ့ ပိုင်နက်ဖြစ်တယ်လို့ သတ်မှတ်ရမှာပေါ့။ ကျွန်မဟာ တာလိဘုရင်ရဲ့ မြေးဖြစ်ပေမယ့် ဒီနေရာမှာတော့ စာသင်နေတဲ့သူ တစ်ယောက်အဖြစ် ရှိပါတယ်ရှင်"

ဟု ရှင်းပြလေသည်။ ကြူးစု မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက တာလိဘုရင်ရဲ့ မြေး ... ဟုတ်လား"

ဟု မေးလိုက်သည်။ မိန်းကလေး ခေါင်းညိတ်လိုက်သည်။



"မှန်ပါတယ်ရှင်။ တာလိဘုရင်ရဲ့ သားတော် မင်းသားလေး တန်ယုံရဲ့ တစ်ဦးတည်းသောသမီးပါ။ ကျွန်မနာမည်က တန့်မေလို့ ခေါ်ပါတယ်ရှင်"

ကြူးစု သက်ပြင်းချလိုက်သည်။ တန့်မေမှာ လွန်စွာပင် ချစ်စရာကောင်းသည့် မိန်းကလေးတစ်ယောက် ဖြစ်ပေသည်။ တန့်မေကို မြင်မြင်ချင်း စိတ်ဝင်စားမိသည်။ သို့သော် တန့်မေမှာ တာလိဘုရင်၏မြေးဖြစ်နေသည်ကို သိရခြင်းကြောင့် ရင်ထဲ ဖော်မပြနိုင်သည့် ဝေဒနာများ ဖြစ်ပေါ်လာလေတော့သည်။

တာလိနှင့်ဖြောင်တို့သည် ရှေးခေတ်အဆက်ဆက်ကတည်းက ရန်သူများ ဖြစ်ခဲ့ကြပေသည်။ ယခု ရွှေလမ်းငွေလမ်း ဖောက်ကာ အဆင်ပြေနေသည်။ ဆက်ဆံရေး ကောင်းမွန်နေသည်ဆိုသော်လည်း မည်သည့်အချိန်၌ ပြန်လည်ရင်ဆိုင်ရမည်ကို မပြောနိုင်ပါချေ။

ကြူးစုတို့အားလုံး၏ရင်ထဲ၌ တာလိဘုရင်၏ စိတ်သဘောထားကို မတွေးရဲအောင် ဖြစ်နေသည်။ ကြူးစု တွေးတောနေစဉ်မှာပင် တန့်မေ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တန့်မေက ...

"ရှင်က အသတ်အပုတ် ကျွမ်းကျင်တယ်ဆိုပြီး ဘယ်သူ့ကို အရေးမစိုက်ရင် တစ်နေ့မဟုတ် တစ်နေ့ ပြဿနာဖြစ်ပေပဲ"

"ဒီဘက်ကလူတွေ ထိန်းသိမ်းကြသလို ရှင်လည်း ထိန်း

www.burmeseclassic.com

www.burmeseclassic.com



သိမ်းကြရင်ကောင်းမယ်"

ကြူးစု ပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို ဆုံးမနေတာလား"

တန့်မေ နှုတ်ခမ်းစူလိုက်သည်။

"ရှင့်ကို စကားအကောင်းပြောလို့မှ မရတာ၊ ကျွန်မ ဘာမှ ဆက်မပြောချင်တော့ဘူး၊ ရှင်ထင်ချင်သလို ထင်ပေတော့"

ပြောပြီး ချာခနဲ လှည့်ကာ ထွက်သွားလေသည်။ ကြူးစုက

"နေ ... နေပါဦး"

ဟု ဟန့်တားလိုက်သည်။ သို့သော် တန့်မေက လုံးဝ အရေး မစိုက်ဘဲ ထွက်သွားလေတော့သည်။

●

"ဦးလေးတော"

"ပြော ... မင်း ဘာပြောချင်လို့လဲ"

"တာလိဘုရင်မှာ သားတော်တစ်ပါး ရှိတယ် မဟုတ်လား"

တာနား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မာနကြီးတဲ့ မင်းသားပေါ့၊ တို့ မြောင်အသော



လူတွေကို တစ်စက်ကလေးမှ ကြည့်လို့ရတဲ့ လူမဟုတ်ဘူး"

ကြူးစု ရင်လေးသွားလေသည်။ တာနားက ဆက်ပြော လေသည်။

"တာလိဘုရင်ဟာ သူ့ရဲ့သားအကြောင်းကို သိတယ်၊ ဒါ ကြောင့် တို့တစ်တွေ ချေမှုန်းခဲ့တဲ့ ရဟာတ်ရဲတိုက်ကို အပိုင်စားပေးပြီး တာလိပြည်နဲ့ဝေးအောင် ပို့ထားလိုက်တယ်"

"ဘာဖြစ်လို့လဲ"

"သူဟာ တစ်ချိန်မှာ မြောင်တွေကို တိုက်ခိုက်မယ်လို့ သန္နိ ဋ္ဌာန် ချထားသူဖြစ်တယ်၊ တာလိပြည်မှာရှိနေရင် တို့တစ်တွေ ကူးလူး ဆက်ဆံနေတာကို သူ သဘောကျမှာ မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင် ခင်း ငယ်ငယ်က တာလိမှာလာပြီး ပညာသင်ခဲ့တဲ့ ထိမ္မးဆိုတဲ့ လူငယ် တစ်ယောက် အသတ်ခံလိုက်ရတယ်၊ ဒါကြောင့် ရဟာတ်ရဲတိုက်နဲ့ တို့ စစ်ခင်းခဲ့ကြရသေးတယ်ကွ"

တာလိနေပြည်တော်နှင့် မြောင်မျိုးနွယ်စုတို့ကြား မကြာ သော အချင်းများခဲ့ရသည်ကို ကြူးစုသိရှိထားပြီး ဖြစ်သည်။ တာလိ ဘုရင် တန့်ယန်၏လက်ထက်ရောက်မှ မြောင်မျိုးနွယ်စုတို့နှင့် သင့် သင့်မြတ်မြတ်ရှိခဲ့ပြီး ကူးလူးဆက်ဆံမှု ဖြစ်ပေါ်ခဲ့သည်ကိုလည်း သိ ထားပြီးဖြစ်သည်။

သူ၏ဖခင်ကိုယ်တိုင်က တာလိများအား သတိထားရန်

www.burmeseclassic.com

www.burmeseclassic.com



အတန်တန်မှာကြားခဲ့သည် မဟုတ်ပါလား။ မည်သို့ဆိုစေ သူသည် တာလီများနှင့် ပတ်သက်စရာ ဖြစ်လာခဲ့ချေပြီ။ တာလီဘုရင်၏ မြေးတန့်မေအား သူက စိတ်ဝင်စားနေမိပြီ မဟုတ်ပါလား။

ထိုအချက်ကို တာနားသိဦးမည် မဟုတ်ပါ။ တာနားမဆိုထားနှင့် ... မည်သူမျှ ရိပ်မိကြဦးမည် မဟုတ်ပါချေ။ တာနားက

"ရဟတ်ရဲတိုက်ဟာ မဆီမဆိုင် ကြားအချောင်ခံလိုက်ရတယ်ဆိုတာ တို့သိရတာ မကြာသေးဘူး၊ ဟန်စန်းက မင်းအဖေရဲ့ အမိန့်နဲ့ စုံစမ်းခဲ့လို့ သိရတာပဲ၊ ထိမူးအသတ်ခံလိုက်ရတဲ့ကိစ္စမှာ အဓိက လက်သည်တရားခံတွေဟာ မင်းသားလေးတန့်ယုံ၊ တပ်မှူးကြီး ယန်ဖူးနဲ့ ပညာရှိ ကုန်းချူးတို့ရဲ့လက်ချက်ဆိုတာ အထောက်အထားတွေ တွေ့ခဲ့ရတယ်"

"ထိမူး သေဆုံးသွားတာ ကြာပြီမဟုတ်လား"

"ဟုတ်တယ်"

"အခုမှ ဒီကိစ္စကို ဖော်ထုတ်တော့ ဘာထူးခြားတော့မှာလဲ"

တာလီတို့နှင့် ပြဿနာဖြစ်ရမည်ကို မလိုလားသည့်အသံ ဖြစ်ပေသည်။

"ဒါကြောင့် တို့ကလည်း ဘာမှ မဖော်ထုတ်တော့ဘဲ ငြိမ်ချင် ဟန်ဆောင်နေခဲ့တယ်လေ၊ ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းတာက မင်းသားလေးတန့်ယုံဟာ ရဟတ်ရဲတိုက်မှာ အခြေချပြီး ရှာ



အင်အား စုစည်းနေတယ်ဆိုတာပဲ"

"ကျွန်တော်တို့ သူတို့ကို ကြောက်စရာ မလိုပါဘူး"

"တို့ ဘယ်တုန်းကမှ မကြောက်ခဲ့ကြပါဘူး။ ဒါပေမဲ့ မင်းစဉ်းစားဖို့ဆိုတာက တာလီဘုရင်ဟာ အသက်ကြီးလာပြီ၊ တာလီဘုရင် မရှိတော့တဲ့အချိန်မှာ မင်းသားလေးတန့်ယုံဟာ ဘုရင်ဖြစ်လာမှာပဲ၊ သူက တာလီပြည်ကို စိုးမိုးနိုင်တဲ့အချိန်ရောက်ရင် ဘာတွေ ဖြစ်လာမလဲ"

"နောက်ထပ် စစ်ပွဲကြီးတစ်ပွဲ ရင်ဆိုင်ရနိုင်တာပေါ့"

"ဒါ သေချာတယ်၊ တို့အားလုံး ဒီလိုပဲ တွေးတောကြတယ်၊ သူတို့ကို မျက်ခြည်ပြတ်လို့ မဖြစ်ဘူး"

ကြူးစု၏ ရင်ထဲ လေးလံလာသည်။ တာလီတို့နှင့် မြောင်တို့၏ဆက်ဆံရေးသည် နောင်တစ်ချိန်ဝယ် တင်းမာပြတ်တောက်သွားနိုင်ကြောင်း တွေးမိသည်။ ဤသို့ဆိုလျှင် ...

"ဒါဖြင့် ဦးလေးဟာ မင်းသားလေးတန့်ယုံဟာ စိတ်ထားမပြောင်းလဲသွားနိုင်ဘူးလား"

ဟု မျှော်လင့်ချက်ကြီးစွာ မေးလိုက်သည်။ တာနားက ...

"တို့အားလုံးလည်း ဒီလိုပဲ ဆုတောင်းနေကြတာပဲ"

ဟု ပြောလိုက်သည်။ တာနားသည် တာလီနေပြည်တော်၌ နေထိုင်ရသည်ကို မဖော်ပိုက်ပါချေ။ ထို့ကြောင့် ကြူးစုသည် တာလီ

www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်၌ နေသားကျသွားသည်နှင့် မြောင်ဒေသသို့ ပြန်သွားလေသည်။ သို့သော် ကြူးစုအား ကာကွယ်စောင့်ရှောက်ရန် တစ်ပတ်တစ်ခေါက် တာလိနေပြည်တော်သို့ လာနေရစမြဲ။ တာနားက ...

"အဲဒါတွေ ထားလိုက်ပါတော့၊ တာလိနဲ့မြောင်တွေ ရင်ဆိုင်ကြရမယ်ဆိုရင်လည်း မင်းပညာသင်ပြီးလို့ မြောင်နယ်မြေကို ပြန်ရောက်ပြီးမှပဲ ဖြစ်ပါလိမ့်မယ်၊ မင်းအမေက မင်းကို သတိရတယ်လို့ တဖွဖွ ပြောနေတယ်ကွ"

မိခင်ဖြစ်သူ ယဉ်ယဉ်သည် ကြူးစုအတွက် သူမကိုယ်တိုင် ယက်လုပ်ထားသည့် သားရေအဝတ်အစားများ ပေးပို့လိုက်သည်။ သို့သော် ထိုအဝတ်အစားများသည် တာလိနေပြည်တော်၌ ဝတ်ဆင်၍ မဖြစ်သည်ကို ကြူးစု နားလည်ထား၏။

သူက ဝတ်ဆင်လိုက်မည်ဆိုလျှင် နဂိုကမှ သူ့အား လှောင်ပြောင်ကဲ့ရဲ့ ချင်ကြသူများ အကွက်ကောင်း ဆိုက်သွားပေလိမ့်မည်။ သူကိုယ်တိုင်လည်း ကြမ်းတမ်းသည့် အဝတ်အစားများထက် တာလိနေပြည်တော်မှ ပိုးဖဲအဝတ်အစားများကို ပို၍ နှစ်သက် သဘောကျနေမိပြီ မဟုတ်လား။

ထိုအချက်ကို သူ့မိခင်မသိသလို တာနားလည်း သိမည်မဟုတ်ပါ။ ကြူးစု သက်ပြင်းချလိုက်သည်။

"ကျွန်တော်လည်း မေမေ့ကို သတိရတယ်ဆိုတာ ပြောပေးပါ ဦးလေး။ ဒါထက် ဖေဖေကော ဘာလုပ်နေသလဲဟင်"



"မင်းအဖေကတော့ ထုံးစံအတိုင်း မြောင်ဒေသတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နေတာပေါ့ကွာ၊ ဘယ်တုန်းက သူ အားလပ်တယ်ဆိုတာ ရှိခဲ့လို့လဲ"

ကြူးစု ပြုံးလိုက်လေသည်။

"ဒီနှစ်ကုန်ရင် ကျွန်တော် မြောင်နယ်မြေကို ပြန်လာခဲ့ပါ့မယ်"

"အားလုံးက မင်းကို စောင့်မျှော်နေကြမှာပါကွာ"

တာနားနှင့် ကြူးစုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် သဘောကျစွာ ရယ်မောလိုက်ကြလေတော့၏။

✹

လေပြည်လေညင်း ဝှေယမ်းတိုက်ခတ်လာသည်။ လေပြည်တွင် မွှေးကြိုင်သင်းပျံ့သည့် ပန်းရနံ့များ လွင့်ပျံ့လာသည်။ ကြူးစု လေပြည်ကို တဝကြီး ရှုရှိုက်လိုက်သည်။

ထို့နောက် စကြံလမ်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစောအချိန်တွင် စကြီလမ်းအတိုင်း တန့်မေလာတတ်စမြဲ မဟုတ်ပါလား။

ကြူးစု ကြည့်နေစဉ်မှာပင် ပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သူလာပြီ"

မှန်ပေသည်။ စကြီလမ်းအတိုင်း မိန်းကလေးတစ်ယောက် လျှောက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရ၏။ ထိုမိန်းကလေးမှာ တန့်မေဖြစ်သည်။

ကြူးစု၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာသည်။ ပြတင်းပေါက်မှတစ်ဆင့် တန့်မေကို လှမ်းကြည့်နေမိသည်။ တန့်မေသည် ကြူးစုစောင့်ကြည့်နေသည်ကို သတိမပြုမိပါချေ။

စကြီလမ်းအတိုင်း လှမ်းလာရင်း ပန်းဥယျာဉ်ဘက်သို့ ချိုးကွေ့လိုက်သည်။ ကြူးစု သက်ပြင်းချလိုက်သည်။ တန့်မေသည် ပန်းဥယျာဉ်အတွင်း၌ လှည့်ပတ်ကြည့်ရှုနေရာမှ ကြူးစုထိုင်နေသည့် ပြတင်းပေါက်အနီးသို့ ရောက်ရှိလာလေသည်။

ကြူးစု ရင်ခုန်သွားသည်။ ထိုင်ရာမှထရန် ဟန်ပြင်လိုက်... သူ ထိုင်ကြည့်နေသည်ကို တန့်မေ သိမသွားစေချင်ပါချေ။ ထိုစဉ်မှာပင် တန့်မေသည် ကြူးစုဘက်သို့ လှည့်လိုက်ရာ ပြတင်းပေါက်အနီး...



...၌ ထိုင်နေသည့် ကြူးစုကို တွေ့မြင်သွားလေသည်။

"ဟင် ... ရှင် ရှင်"

ကြူးစု ခေါင်းယမ်းလိုက်သည်။

"ကျုပ် ဒီမှာထိုင်နေတာ ကြာပြီဗျ"

"ရှင် ဘာထိုင်လုပ်နေတာလဲ"

"ဩော် ... ထိုင်နေပါတယ်ဆိုမှ ဘာလုပ်ရမှာလဲဗျ"

ကြူးစု ပခုံးတွန့်ကာ ပြောလေသည်။ တန့်မေက ...

"ရှင် ထိုင်စရာ ဘာအကြောင်းရှိလို့လဲ"

"ဗျာ"

"ဒါ စာသင်တဲ့အချိန်မှ မဟုတ်ဘဲ"

ကြူးစု ပြုံးလိုက်သည်။

"နေပါဦး ... ခင်ဗျားကကော ဘာကြောင့် ပန်းဥယျာဉ်ထဲ ...ို လာရတာလဲ"

"ရှင်"

တန့်မေ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ကြူးစု ...ို မျက်လုံးပြူးကြည့်ပြီး ...

"ဘာပြောတယ်၊ ဒါ တာလီနယ်မြေ၊ ကျွန်မ ဘယ်နေရာကို ...သို့ သွားလာနိုင်တယ် ... ဘယ်သူမှ တားဆီးလို့ မရဘူး"

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

### ထိပ်တားလေး

မွှေးကြိုင်သော ပန်းရနံ့များ လွင့်ပျံ့လာသည်။ ကြူးစုသည် ပန်းရနံ့များကို ဂရုမစိုက်နိုင်အားပါချေ။ ဤနေရာသို့ သုံးရက်ဆက်တိုက် သူလာခဲ့သော်လည်း လာနေကျ တန့်မေ ရောက်လာသည်ကို မတွေ့ရဘဲ လှည့်ပြန်သွားရသည် မဟုတ်ပါလား။

သုံးရက်လုံးလုံး တန့်မေကို မတွေ့ခဲ့ရပါချေ။ ယနေ့လည်း နေအတော်မြင့်သွားသည့်တိုင် တန့်မေ ရောက်လာသည်ကို မတွေ့ရသေးပါ။

ကြူးစု၏ရင်ထဲ ဝမ်းနည်းကြေကွဲလာသည်။ ခါတိုင်းဆိုလျှင် တန့်မေသည် ဇကြိုလမ်းကလေးအတိုင်းလျှောက်လာပြီး ပန်းဥယျာဉ်အတွင်းမှ ပန်းကလေးများ ခူးယူလေ့ရှိသည်။

ယခုသော် ကြူးစု သက်ပြင်းချလိုက်ပြီး ...

"ညီမလေးရယ် ... မင်း ဘယ်များရောက်နေပြီလဲကွယ်



"ပြောစမ်းပါဦး"

"အခုဆိုရင် တာလီကုန်သည်တွေဟာ မြောင်ဒေသမှာ ကျယ်ကျယ်ပြန့်ပြန့် ဖောက်ဝင်နိုင်ခဲ့ကြပါပြီ။ မြောင်မျိုးနွယ်စုတွေဟာ အကွဲကွဲ အပြားပြား ရှိနေကြတဲ့အတွက် မျိုးနွယ်စု အကြီးအကဲတွေဟာ တစ်ယောက်နဲ့တစ်ယောက် စိတ်သဘောထားချင်း တိုက်ဆိုင်လှတယ်ရယ်လို့ မဆိုနိုင်ပါဘူး။ ခေါင်းဆောင်ဖြစ်တဲ့ ကြူးဝမ်းခုံးရဲ့စကားကို နားထောင်ကြတာတော့ အမှန်ပါ။ ဒါပေမဲ့ မျိုးနွယ်စု အကြီးအကဲတွေကို စည်းရုံးချဉ်းကပ်ပြီး သွေးခွဲမယ်ဆိုရင် ဖြစ်နိုင်စရာတွေ ရှိနေတယ်ဆိုတာ တွေ့ရပါတယ်"

"ပြောစမ်းပါဦး"

"အကြီးအကဲတွေရဲ့ သဘောထားတွေကို စုံစမ်းကြည့်တဲ့အခါ တချို့က တာလီတွေနဲ့ ဆက်ဆံတာကို သဘောမကျကြဘူး။ တချို့ကလည်း မြောင်ဒေသမှာ အင်အားအကြီးဆုံး ဖြစ်ဆဲ ဝမ်မျိုးနွယ်စု၊ တာမျိုးနွယ်စုနဲ့ ကြူးမျိုးနွယ်စုတွေ ကြီးစိုးနေတာကို သဘောမကျကြဘူး။ အချင်းချင်း စိတ်ဝမ်းကွဲမှာစိုးလို့ မပြောကြပေမယ့် ကျေနပ်ကြတာတော့ အမှန်ပါပဲ"

"ဝမ်၊ တာနဲ့ ကြူးမျိုးနွယ်စုတွေကိုသာ သွေးကွဲအောင် လုပ်နိုင်ရင် မြောင်ဒေသ အစိတ်အစိတ်အမြွှာမြွှာ ပြိုကွဲသွားမှာ သေချာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်"

"ဒါဖြင့် သူတို့ကို အမိကထားပြီး စည်းရုံးကြည့်ပေါ့"

"စိတ်ချပါ မင်းသားလေး ... တာလိကုန်သည်တွေကို တာဝန်ပေးထားပါတယ်၊ သူတို့ဆီက အစီရင်ခံစာတွေ မပြတ်တမ်း ရနေပါတယ်၊ အစီရင်ခံစာတွေကို ဖတ်ရှုပြီး သူတို့ကို ဘယ်လို ဆက်လုပ်ရမယ်ဆိုတာ ညွှန်ကြားပေးနေပါတယ်"

တန့်ယုံက ယန်ဂူးဘက်သို့ လှည့်လိုက်သည်။

"တပ်မှူးကြီးကကော ဘယ်လိုစီစဉ်ဆောင်ရွက်ထားတယ်ဆိုတာ ပြောပြစမ်းပါဦး"

ယန်ဂူးက ...

"ရဟတ်ရဲတိုက် ပိုင်နက်ထဲမှာပဲ လူသူလက်နက်အင်အားစုရုံးထားခဲ့ပါတယ်၊ တာလိဘုရင်မင်းမြတ်ဟာ မင်းသားလေး လူသူလက်နက်စုဆောင်းနေတယ်ဆိုတာ မသိနိုင်တော့ပါဘူး၊ ရဟတ်ရဲတိုက်နယ်မြေက လူတွေဟာ မြောင်မျိုးနွယ်စုတွေအပေါ် အခဲမကျေနိုင်ကြသေးပါဘူး၊ သူတို့ကို လူအင်အားအားကိုးပြီး တမင်သက်သက် ဖျက်ဆီးပစ်ခဲ့တယ်လို့ ယူဆထားကြပါတယ်၊ ဒါကြောင့် လွယ်လွယ်ကူကူပဲ စည်းရုံးသိမ်းသွင်းလို့ ရခဲ့ပါတယ်"

တန့်ယုံ ကျေနပ်သွားလေသည်။ ရဟတ်ရဲတိုက်ပိုင်နက်အား သူတို့၏ဩဇာအောက်သို့ သွတ်သွင်းနိုင်ရန်လည်းကောင်း၊ မြောင်မျိုးနွယ်စုတို့၏ အတော်ဆုံး လူငယ်တစ်ယောက်ကို သုတ်သင်ပစ်ရန်လည်းကောင်း အကွက်ဆင် ကြံစည်ခဲ့ကြသည်။



သူတို့စီစဉ်ထားသည့်အတိုင်း ဖြစ်ပျက်လာခဲ့လေရာ ယခုဆိုလျှင် ရဟတ်ရဲတိုက်သည် သူတို့၏ ဩဇာအောက်သို့ ရောက်ရှိနေပြီဖြစ်သည်။

ရဟတ်ရဲတိုက်ကို အခြေပြုကာ မြောင်မျိုးနွယ်စုများအား ဖြိုခွဲပစ်ရန် ထပ်မံကြံစည်နေကြပြန်ပြီ ဖြစ်လေသည်။ ယန်ဂူးက ဆက်ပြောသည်။

"အခုဆိုရင် ရဟတ်ရဲတိုက်ပိုင်နက်အတွင်းမှာ ကျုပ်တို့ စည်းရုံးသိမ်းသွင်းထားတဲ့ စစ်သည်အင်အား ငါးသောင်းနီးပါး ရှိနေပါပြီ၊ တကယ်လို့သာ တာလိတပ်ဖွဲ့တွေနဲ့ ပေါင်းလိုက်မယ်ဆိုရင် မြောင်မျိုးနွယ်စုတွေကို မှုစရာမလိုတော့ပါဘူး"

တန့်ယုံက ...

"တာလိတပ်ဖွဲ့တွေကို မရဘဲ ယှဉ်ဖို့မလွယ်ဘူးပေါ့"

"ဒါ မှန်ပါတယ်၊ တာလိတပ်ဖွဲ့အင်အားကို ရမှဖြစ်မှာပါ"

"တာလိတွေဟာ နဂိုကတည်းက မြောင်မျိုးနွယ်စုတွေကို ရင်ဆိုင်နိုင်တာပဲ၊ တို့ ရဟတ်ရဲတိုက်က လူအင်အားအပြင် တာလိတပ်ဖွဲ့အင်အား ရယူမှ ဖြစ်မယ်ဆိုရင် ရဟတ်ရဲတိုက်ပိုင်နက်ကတပ်ဖွဲ့တွေဟာ ဘာမှ ပြောပလောက်တာ မဟုတ်ဘူးလို့ ဆိုရတော့

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

"မင်းသားလေး ... နောက်ထပ် ခြောက်လလောက် အချိန်ထပ်ပေးပါ။ ခြောက်လအတွင်းမှာ မင်းသားလေးအတွက် စစ်သည်တစ်သိန်းကျော်ရအောင် စုဆောင်းပေးနိုင်ပါတယ်"

"ခင်ဗျား သေချာတယ်နော်"

"သေချာပါတယ် မင်းသားလေး"

"ဒါဖြင့် ခင်ဗျားကို ခွင့်ပြုလိုက်မယ်"

တန့်ယုံက ကုန်းချူးဘက်လှည့်ကာ ...

"တာလီကုန်သည်တွေဟာ မြောင်မျိုးနွယ်စုကို သွေးခွဲဖို့ ခြောက်လ တစ်နှစ်လောက်တော့ အချိန်ယူရဦးမယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။ ကုန်းချူး ခေါင်းညိတ်လိုက်သည်။

"တကယ်တမ်းဆိုရင် ခြောက်လ တစ်နှစ်ဆိုတဲ့ အချိန်ကတောင် လုံလောက်သေးတာ မဟုတ်ပါဘူး။ ဒါပေမဲ့ အားလုံးကို အချိန်တိုတိုနဲ့ ဖြစ်မြောက်အောင် ဆောင်ရွက်ဖို့ အမိန့်ပေးလိုက်ပါမယ်၊ အလောတကြီးဆောင်ရွက်လို့ ကျုပ်တို့အကြံကို ရန်သူရိပ်မိသွားနိုင်တဲ့အန္တရာယ် ရှိပါတယ်"

တန့်ယုံ သက်ပြင်းချလိုက်သည်။

"အင်း ... ကျုပ်တို့အကြံကို သူတို့ မရိပ်မိသွားဖို့တော့ ... လိမ့်မယ်၊ သိပ်လည်း အလောသုံးဆယ် မလုပ်နဲ့ပေါ့ဗျာ။ ရှင်းရှင်း



ပြောရရင် ဒီကိစ္စမျိုးကို ကုန်သည်တွေနဲ့ လွှဲထားမယ့်အစား ပညာရှိကြီးကိုယ်တိုင် ဆောင်ရွက်ရင်ကောင်းမယ်"

"ကျုပ် ... ဟုတ်လား"

ကုန်းချူး မျက်လုံးပြူးသွားသည်။

"ဟုတ်တယ် ... ပညာရှိကြီးကိုယ်တိုင် ဆောင်ရွက်မယ်ဆိုရင် အချိန်ကုန်လည်း သက်သာမယ်၊ မြန်မြန်အောင်မြင်ပြီးစီးသွားနိုင်လိမ့်မယ်"

"ကျုပ် ... ကျုပ် ..."

"ပညာရှိကြီးကိုယ်တိုင် နယ်ခြားကိုသွားဖို့ စီစဉ်လိုက်ပါ"

တန့်ယုံက ခပ်ပြတ်ပြတ် အမိန့်ပေးလိုက်သည်။

"ကျုပ်ကိုယ်တိုင် မြောင်နယ်ခြားကိုသွားရမယ် ဟုတ်လား"

"ဟုတ်တယ် ... ဒါမှ ကျုပ်တို့အကြံ မြန်မြန်ဖြစ်မြောက်နိုင်မယ် မဟုတ်လား ပညာရှိကြီးရဲ့"

ကုန်းချူး ပါးစပ်ပိတ်ထားလိုက်လေသည်။ တန့်ယုံသည် သူ့အား မြောင်နယ်ခြားသို့ စေလွှတ်နေချေပြီ။ သူက ငြင်းဆန်၍ ရနိုင်မည်မဟုတ်ပါ။

မြောင်နယ်ခြားသို့သွားပြီး မြောင်မျိုးနွယ်စုများ စိတ်ဝမ်းကွဲပြားသွားအောင် ကြံဆောင်ရပေတော့မည်။ အကြံအစည် အောင်မြင်ခဲ့လျှင် မင်းသားလေးတန့်ယုံ အကျိုးကျေးဇူးခံစားရမည် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မအောင်မြင်ဘဲ ဆုံးရှုံးခဲ့လျှင်ကား ...

ကုန်းချူး ပင့်သက်ရှိုက်လိုက်သည်။

"တကယ်လို့သာ မြောင်မျိုးနွယ်စုတွေ အချင်းချင်း စိတ်ဝမ်းကွဲသွားကြပြီဆိုရင် မင်းသားလေးက ဘာလုပ်မလဲ"

ဟု မေးလိုက်သည်။ တန့်ယုံက ...

"ဘာလုပ်ရမလဲ ... မြောင်နယ်ခြားကို ဝင်ပြီး သိမ်းပိုက်ဖို့ပဲရှိတာပေါ့"

"ဘုရင်မင်းမြတ် တန့်ယန်က လက်ခံမယ် မထင်ဘူး"

တန့်ယုံ လက်ကာပြလိုက်လေသည်။

"ဖေဖေလက်ခံတာ၊ လက်မခံတာ အရေးမကြီးဘူး။ သူတို့သာ အချင်းချင်း စိတ်ဝမ်းကွဲနေကြဖို့လိုတယ်"

"ကျုပ် တာဝန်ယူပါ့မယ်ဗျာ"

ကုန်းချူးသည် မည်သို့မျှ မတတ်သာတော့ဘဲ မြောင်နယ်ခြားသို့ ကိုယ်တိုင်သွားရန် ဆုံးဖြတ်လိုက်ရလေတော့သည်။ တန့်ယုံက ယန်ချူးကို ကြည့်ကာ ...

"ရဟာတ်ရဲတိုက်က တပ်ဖွဲ့ဝင်တွေကို မြောင်မြင်းစီးသမားတွေ ဝတ်ဆင်လေ့ရှိတဲ့ အဝတ်အစားမျိုးတွေ ဝတ်ဆင်ခိုင်းပြီး သူတို့ကိုင်ဆောင်လေ့ရှိတဲ့ လက်နက်တွေ ကိုင်ခိုင်းပါ၊ ပြီးရင် သူတို့ကို မြင်းစီး လှံထိုး လေ့ကျင့်ခိုင်းပါ၊ ရုတ်တရက် ကြည့်မယ်ဆိုရင် ရဟာတ်ရဲတိုက်က လူတွေလို့ မသိရဘဲ မြောင်မြင်းစီးသမားတွေလို့ ထင်ရအောင် စီစဉ်ထားပါ"



ယန်ဝူး ရင်ထိတ်သွားသည်။ မင်းသားလေး တန့်ယုံသည် မြောင်မျိုးနွယ်စုများအား ဒုက္ခပေးရန် ကြိုတင်ကြံစည်နေခဲ့သည်မှာ ကြာပြီဖြစ်၏။ ယခု သူ၏အကြံအစည်သည် တစ်စထက်တစ်စ ပြည့်စုံသာသည်။ ရုပ်လုံးပေါ်လာသည်။ အခွင့်အခါပေးလာသည်နှင့် မြောင်ဒေသကို ကျူးကျော်သိမ်းပိုက်တော့မည် ဖြစ်လေသည်။

ယန်ဝူး ဦးညွှတ်လိုက်သည်။

"စိတ်ချပါ ... မင်းသားလေးမှာတဲ့အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ထားပါ့မယ် ခင်ဗျာ"

"ကောင်းတယ်၊ ခင်ဗျားတို့နှစ်ယောက် ကြိုးစားဆောင်ရွက်ကြမယ်ဆိုရင် မအောင်မြင်စရာအကြောင်း ဘာမှမရှိပါဘူး။ အောင်မြင်တဲ့တစ်နေ့ မြောင်မျိုးနွယ်စုတွေ ပြားပြားဝပ်သွားတဲ့ တစ်နေ့မှာ ခင်ဗျားတို့နှစ်ယောက်ဟာ လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့အဆင့်အတန်းမျိုး ပိုင်ဆိုင်ရလိမ့်မယ်လို့ ကျုပ်က ကတိပြုတယ်"

ကုန်းချူးနှင့် ယန်ဝူးတို့ ပြိုင်တူ ဦးညွှတ်ဂါရဝပြုလိုက်ကြသောတော့သည်။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## ထိပ်ထားလေး

မွှေးကြိုင်သော ပန်းရနံ့များ လွင့်ပျံ့လာသည်။ ကြူးစုသည် ပန်းရနံ့များကို ဂရုမစိုက်နိုင်အားပါချေ။ ဤနေရာသို့ သုံးရက်ဆက်တိုက် သူလာခဲ့သော်လည်း လာနေကျ တန့်မေ ရောက်လာသည်ကို မတွေ့ရဘဲ လှည့်ပြန်သွားရသည် မဟုတ်ပါလား။

သုံးရက်လုံးလုံး တန့်မေကို မတွေ့ခဲ့ရပါချေ။ ယနေ့လည်း နေအတော်မြင့်သွားသည့်တိုင် တန့်မေ ရောက်လာသည်ကို မတွေ့ရသေးပါ။

ကြူးစု၏ရင်ထဲ ဝမ်းနည်းကြေကွဲလာသည်။ ခါတိုင်းဆိုလျှင် တန့်မေသည် စကြံလမ်းကလေးအတိုင်းလျှောက်လာပြီး ပန်းဥယျာဉ်အတွင်းမှ ပန်းကလေးများ ခူးယူလေ့ရှိသည်။

ယခုသော် ကြူးစု သက်ပြင်းချလိုက်ပြီး ...

"ညီမလေးရယ် ... မင်း ဘယ်များရောက်နေပြီလဲကွယ် ကျုပ်က မင်းကို နေ့တိုင်း နေ့တိုင်း စောင့်မျှော်နေမိပါရဲ့"



ဟု ညည်းညူလိုက်၏။ သူ၏အသံ တီးတိုးထွက်ပေါ်လာသည်။ ပန်းပင်ကလေးများသည် လေပြည်နှင့်အတူ ယိမ်းသမများအလား ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ ကြူးစုက ...

"ညီမလေးရယ် ... မင်းဟာ တာလိတ္တရင်ရဲ့ မြေးတော်ဖြစ်နေတာက တကယ့်ကို အခက်အခဲ အတားအဆီးကြီး တစ်ခုပါပဲ၊ အခုတော့"

သူ၏စကား မဆုံးမီ ...

"ခစ် ခစ် ခစ်"

ပန်းပင်များကြားမှ တီးတိုးရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကြူးစု ထိတ်လန့်သွားသည်။ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ ပန်းပင်များကြားမှ မိန်းကလေးတစ်ယောက် ရိပ်ခနဲပြေးထွက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟင် ... တန့်မေ"

ကြူးစု လွှတ်ခနဲ အော်လိုက်သည်။ ကိုယ့်ကိုယ်ကိုယ် သတိ ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပန်းဝင်များကြားသို့ ပြေးဝင်သွားမိလေတော့သည်။

"ခစ် ခစ် ခစ်"

www.burmeseclassic.com

www.burmeseclassic.com



ချိုလွင်သောရယ်သံများ ထွက်ပေါ်လာသည်။ မိန်းကလေး တစ်ယောက်သည် သစ်ပင်များကြား ကွေ့ပတ်ပြေးသွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွား၏။

"ညီမ"

ကြူးစု လှမ်းခေါ်ရင်း ပြေးဝင်သွား၏။ မိန်းကလေးကို ရှာမတွေ့တော့ပါ။ ကြူးစု ခြေလှမ်း ရပ်လိုက်သည်။ တန့်မေသည့် ဤနေရာသို့ ရောက်လာခဲ့သည်။

သူပြောသည့်စကားများ ကြားသွားသည်။ ထို့နောက် ထွက်ပြေးသွားခဲ့သည်၊ ကြူးစု တွေးရင်းတွေးရင်း ရင်ထဲလှုပ်ရှားလာသည်။

တန့်မေအား တွေ့လိုစိတ်များလည်း ဖြစ်ပေါ်လာလေတော့သည်။

"ညီမ ... မင်းဘယ်မှာလဲ"

ကြူးစုခေါ်လိုက်သည်။ သို့သော် တန့်မေ၏အရိပ်အယောင်မှ မတော့ရချေ။ ရယ်သံလည်း မကြားရတော့ချေ။ ကြူးစု စိတ်ပျက်သွားပြီး လှည့်ထွက်ရန် ခြေလှမ်းပြင်လိုက်၏။

ထိုစဉ် မလှမ်းမကမ်း တစ်နေရာ ပန်းဥယျာဉ်အလယ်၌ ခုံတန်းလျားတစ်လုံး ရှိနေပြီး ခုံတန်းလျားပေါ်၌ မိန်းကလေး တစ်ယောက် ထိုင်နေသည်ကို တွေ့မြင်ရ၏။

"တန့်မေ"



မှန်ပါသည်။ ထိုမိန်းကလေးမှာ တန့်မေ ဖြစ်နေလေသည်။ တန့်မေသည် ခပ်တည်တည်ထိုင်နေ၏။ ကြူးစုက သူမအနီးသို့ ခပ်သွက်သွက် လှမ်းသွား၏။

"ညီမ"

ဟုလည်း ခေါ်လိုက်လေသည်။ တန့်မေက သူ့အား လှည့်ကြည့်လိုက်၏။ သူမ၏မျက်နှာ ခပ်တည်တည်ဖြစ်နေသည်။ ကြူးစု၏ ခြေလှမ်း တုံ့ခနဲ ရပ်သွားလေသည်။ တန့်မေက ...

"ရှင်က ကျွန်မနာမည်ခေါ်တယ် ... ဟုတ်လား"

ကြူးစု ခေါင်းညိတ်လိုက်သည်။

"ဟုတ် ... ဟုတ်ပါတယ်"

"ကျွန်မကို ရွှေမင်းသမီးလေးလို့ ခေါ်ရတယ်ဆိုတာ ရှင်မသိဘူးလား"

"ဗျာ"

မမျှော်လင့်သောစကား ကြားရလျှင် ကြူးစု ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ကျွန်မ,ပြောတာ ရှင် ကြားတယ်မဟုတ်လား"

ကြူးစု သက်ပြင်းချလိုက်သည်။

"ကျုပ် မှားသွားပြီ"

ဟု တီးတိုးရေရွတ်လိုက်သည်။ ထို့နောက် ဗျာခနဲ လှည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"ရှင် ဒီလိုထွက်သွားလို့ ရမလား"

တန့်မေ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကြူးစု၏ ခြေလှမ်း တုံ့ခနဲ ရပ်သွား၏။

"ရှင်ပြောတဲ့စကားတွေကို ကျွန်မကြားပြီးပြီ၊ ရှင်က ဘာကြောင့် ကျွန်မနာမည် တကြော်ကြော် ခေါ်နေရတာလဲ၊ ရှင့်ကို အဖြေ ပေးရမယ်"

"ဘာဗျ"

"ရှင်က တတွတ်တွတ်ခေါ်နေတာကို တစ်ယောက်ယောက် ကြားသွားရင် ဘယ်လိုလုပ်မလဲရှင့်"

"ဟာ ဒါက"

ကြူးစု ကြောင်းအမ်းအမ်း ဖြစ်နေသည်။

"ရှင့်မှာ အဖြေရှိတယ်,မရှိဘူးဆိုတာ ပြောပါ၊ ကျွန်မရဲ့ ဘိုးဘိုးကို ပြောပြလိုက်ရင် ရှင့်အတွက် မလွယ်ဘူး"

ကြူးစု မှုပြုံး ပြုံးလိုက်သည်။ တန့်မေက ခပ်တည်တည်ဖြင့် ခြိမ်းခြောက်ပြောဆိုနေသည်ကို သဘောမတွေ့တော့ချေ။ ထို့ကြောင့် တမင်အရွဲ့တိုက်ကာ ပြောလိုက်လေသည်။

"ကိစ္စမရှိဘူး ... ညီမရဲ့ဘိုးဘိုးဆီကိုသာ ခေါ်သွားပါတော့"

"ဘာရှင့်"



"ဪ ... ကျုပ်က ညီမကို သုံးရက်လုံးလုံး မတွေ့ရတဲ့ အတွက် အရူးကြီးတစ်ယောက်လို တတွတ်တွတ် ခေါ်နေမိပါတယ် လို့ ဝန်ခံလိုက်ပါ့မယ်"

"ရှင်"

တန့်မေ မျက်လုံးပြူးသွားသည်။ ကြူးစုကို မါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိလေသည်။

"ကျုပ်က ညီမကို အရူးအမူး စွဲလမ်းနေမိတာကြောင့် အပြစ်ပေးခံရမယ်ဆိုရင်လည်း မကြောက်မရွံ့ ခံယူပါ့မယ်"

ဟု ထပ်ပြောလိုက်လေသည်။ တန့်မေ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်လေသည်။ ကြူးစုကို လက်ညှိုးထိုးရင်း ...

"ရှင် ... ရှင် ဘယ်လိုပြောလိုက်တာလဲ"

"ဪ ညီမကို အရူးအမူး စွဲလမ်းနေပါပြီလို့ ပြောတာပါ"

"အို"

"တကယ်ပြောတာပါ ညီမရယ် ... အစ်ကိုဟာ"

သူ၏စကားမဆုံးမီ တန့်မေသည် နားနှစ်ဖက်ကို လက်ဖြင့် ပိတ်ကာ ...

"ကျွန်မ ... ကျွန်မ နားမထောင်ချင်ဘူး"

အော်ပြောပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

"ညီမ ညီမ"

www.burmeseclassic.com

ကြူးစု ဟန့်တားပါသော်လည်း မရတော့ချေ။ တန့်မေမှာ ပန်းပင်များကြား တိုးဝှေ့ကာ ပြေးထွက်သွားလေတော့သည်။

✸

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ တစ်နှစ်ပတ်လုံး သင်ကြားခဲ့သမျှကို ဆရာများက ပြန်လည်စစ်ဆေးမေးမြန်းပြီး အရည်အချင်းစစ်သည်။

ထို့နောက် တစ်နှစ်တာအတွင်း အတော်ဆုံးတပည့်၏ အမည်ကို ကြေညာလေသည်။ အတော်ဆုံးတပည့်ဆုကို မြောင်ဒေသမှ လူငယ်လေးတစ်ဦး ရရှိသွားခဲ့သည်။

ထို့ကြောင့်လည်း မကျေမနပ်ဖြစ်သူ ပေါများလှပေတော့သည်။ မည်သို့ဆိုစေ တစ်နှစ်ပတ်လုံး ပညာသင်ကြားခဲ့ရသည့် ဆရာများသာမက တပည့်များပါ အနားယူနိုင်ရန် နားရက်တစ်လတိတိ သတ်မှတ်လေသည်။

မြောင်ဒေသမှ လာသူများသည် ဝမ်းသာအားရဖြင့် အုပ်စုခွဲကာ အပြန်ခရီးစနေကြပြီ ဖြစ်သည်။ သူ့အား ကြိုဆိုရန် တာနား ရောက်လာပြီ ဖြစ်သည်။ တာနားရောက်လာပြီး နောက်တစ်နေ့တွင် မြောင်ဒေသသို့ ပြန်ရတော့မည်ဖြစ်ရာ ကြူးစုက ပစ္စည်းဝယ်ခြမ်းရန် မြို့လယ်ဈေးသို့ ထွက်လာခဲ့သည်။



တာလိနေပြည်တော်၏ ထုံးစံအတိုင်း စည်ကားသိုက်မြိုက်နေပါသည်။ ကြူးစုသည် မည်သည့်ပစ္စည်း ဝယ်ရကောင်းနိုး ဝေခွဲမရဘဲ ဈေးထဲ လျှောက်သွားနေမိသည်။

တစ်ဈေးလုံးအနှံ့ လျှောက်သွားပြီးမှ နောက်ဆုံး ရောင်စုံပုတီးကုံးများ၊ လည်ဆွဲများ ဝယ်ယူလိုက်သည်။ ထို့နောက် ဈေးထဲမှ ထွက်လာခဲ့သည်။ ဈေးအပြင်ဘက်ရောက်လျှင် ...

"ဘေးကို ဘေးကို"

အော်ဟစ်သံများနှင့်အတူ မြင်းလှည်းတစ်စီး ဒုန်းစိုင်း မောင်းနှင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ကြူးစု ကပျာကယာ ဘေးသို့ ရှောင်တိမ်းပေးလိုက်၏။

မြင်းလှည်းမှာ လှပခန့်ညားသည့် အမိုးတန်ဆာရှိ လှည်း တစ်စီး ဖြစ်သည်။ မြင်းလှည်းမောင်းနှင်လာသူမှာ တာလိနန်းတွင်းမှ မင်းလုလင် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ထိုမြင်းလှည်းကို မြင်တွေ့သည်နှင့် တန့်မေ၏ မြင်းလှည်း ဖြစ်ကြောင်း ကြူးစု ရိပ်မိလိုက်၏။ မြင်းလှည်း၏ ခေါင်မိုးပေါ်၌ ပန်းညီစလွယ်များ တည့်ထားသည့် ခြင်းတောင်းများ ပါရှိသည်။

"သူ ခရီးထွက်သွားမှာပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကြူးစု လွှတ်ခနဲ ပြောမိသည်။ မှန်ပေသည်။ တန့်မေသည် ဖခင်ဖြစ်သူရှိရာ ရဟာတ်ရဲတိုက်သို့ ပြန်လိမ့်မည် ဖြစ်ပေသည်။ ကြူးစုသည် ပုတီးကုံးများ လက်ထဲကိုင်ရင်း ဖြတ်သွားသည့် မြင်းလှည်းကို ငေးကြည့်နေမိသည်။ ထိုစဉ် ...

"ဟေး ... ရပ်လိုက်စမ်း"

မြင်းလှည်း ရပ်တန့်သွားသည်ကို တွေ့ရလေသည်။ မြင်းလှည်းပြတင်းပေါက်၌ ကာရံထားသည့် ပဝါစများ လှပ်ရှားသွားပြီး တန့်မေ ခေါင်းပြူထွက်လာသည်ကို တွေ့လိုက်ရလေသည်။

တန့်မေသည် သူ့အား လက်ယပ်ခေါ်နေပါ၏။ ကြူးစု မျက်လုံးပြူးသွားသည်။ ချက်ချင်းပင် မြင်းလှည်းရှိရာသို့ ပြေးသွား၏။

"ရှင် ဘာလုပ်နေတာလဲ၊ မြောင်ဒေသကို မပြန်သေးဘူးလား"

ကြူးစု ပြုံးလိုက်သည်။

"ကျုပ် ပြန်မှာပါ၊ ဒါပေမဲ့ မပြန်ခင် ညီမကို လက်ဆောင်တစ်ခု ပေးသွားချင်သေးလို့ပါ"

"ဘာလက်ဆောင်လဲ"

"ဟောဒီမှာလေ"

ကြူးစုက လက်ထဲမှ ပုတီးကုံးများကို ပေးလိုက်လေသည်။ တန့်မေ ပြုံးလိုက်သည်။



"အစ်ကို နောင်နှစ်ကော ပြန်လာဦးမလား"

"လာမှာပေါ့"

"ဒါဖြင့် ကျွန်မတို့ ပြန်တွေ့နိုင်တာပေါ့"

"ညီမရယ်"

သူတို့နှစ်ယောက်သည် ပန်းဥယျာဉ်အတွင်း၌ တွေ့ခဲ့ပြီးသည့်နောက် ရင်းရင်းနှီးနှီး ရှိလာခဲ့ကြပြီ ဖြစ်လေသည်။ တန့်မေက

"အစ်ကိုအားတဲ့ရက်မှာ ရဟာတ်ရဲတိုက်ကို လာခဲ့ပါလား"

ကြူးစု၏ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ညီမက ရဟာတ်ရဲတိုက်ကို ပြန်သွားမှာလား"

"ဟုတ်တယ်"

"ကောင်းပြီလေ ... အစ်ကို ရဟာတ်ရဲတိုက်ကို လာခဲ့မယ်"

"အစ်ကိုလာရင် ဖေဖေ သဘောကျမှာ မဟုတ်ဘူး၊ ဒါကြောင့် ရဲတိုက်ကိုတော့ မလာပါနဲ့"

"ဒါဖြင့် ဘယ်ကိုလာရမလဲ"

"အစ်ကိုလာချင်ရင် ရဲတိုက်မြောက်ဘက် သုံးမိုင်လောက်အကွာမှာ ဘုံကျောင်းတစ်ခု ရှိတယ်၊ အဲဒီဘုံကျောင်းနာမည်က ဆုတောင်းပြည့်မယ်တော်ဘုံကျောင်းလို့ ခေါ်တယ်၊ လူတိုင်းသိတယ်"

"ကောင်းပြီ"

"အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ညီမ"

"ဖြစ်နိုင်ရင် အစ်ကိုမလာတာ ကောင်းပါလိမ့်မယ်ရှင်"

ကြူးစု ဖြေးလိုက်သည်။

"အစ်ကို့အတွက် ဘာမှ မစိုးရိမ်ပါနဲ့ ညီမရယ်"

"အစ်ကို ... ညီမ သွားတော့မယ်"

ကြူးစု ခေါင်းညိတ်ပြကာ နောက်ဆုတ်လိုက်သည်။

✱ ✱ ✱



## အခန်း (၁၃)

## အထီးကျန်ညီမ

မြင်းနှစ်ကောင်သည် ကျောက်တောင်ကြီးပေါ်သို့ ဒုန်းစိုင်းတက်လာလေသည်။ တောင်ကြော့ လမ်းခုလတ်သို့ ရောက်လျှင် တောင်ပေါ်မှ ဒုန်းစိုင်းနှင်ကာ ဆင်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

တောင်ပေါ်တက်လာသည့် မြင်းစီးသမားနှစ်ယောက်မှာ တာနားနှင့်ကြူးစုတို့ ဖြစ်လေသည်။ တာနားက ...

"ဟိုမှာ တောင်အောက်ကို ဆင်းလာတဲ့မြင်းကို ကြည့်စမ်း – အဲဒါ ဘယ်သူစီးလာတယ်လို့ ထင်သလဲ"

ဟု မေးလိုက်သည်။ ကြူးစုက မြင်းစီးသမား၏ မြင်းစီးကျွမ်းကျင်ပုံကို ကြည့်ကာ ချီးကျူးမိလေသည်။

"မြင်းစီး တော်တော်ကျွမ်းကျင်တာပဲ"

"ဟေး ကြူးစု ... မင်းက ငါမေးတာ မဖြေသေးဘူး အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားဟာ ဘယ်သူလဲဆိုတာ မင်းသိသလား"

"ကျွန်တော် မသိဘူး"

"မင်းဟာ မြောင်ဒေသနဲ့ တစ်နှစ်လောက်ပဲ ဝေးသွားသေးတယ်၊ မြင်းစီးအကျွမ်းကျင်ဆုံး ဘယ်သူဘယ်ဝါဆိုတာ မင်း မေ့သွားပြီလား"

"ဒါ ဖေဖေ ... ဟုတ်လား"

တာနားက ဝင့်ကြွားသောလေသံဖြင့် ...

"မြောင်ဒေသမှာ မြင်းစီးအကျွမ်းကျင်ဆုံးလူဟာ မင်းအဖေကလွဲပြီး ဘယ်သူဖြစ်နိုင်ဦးမှာလဲ"

မကြာပါချေ။ တောင်ပေါ်က ဆင်းလာသည့်မြင်းစီးသမားသည် သူတို့အနီးသို့ ရောက်ရှိလာလေတော့သည်။

"ဖေဖေ"

ကြူးစု ဝမ်းသာအားရ ဟစ်ခေါ်လိုက်လေသည်။ မှန်ပေသည်။ တောင်ပေါ်မှဆင်းလာသူမှာ ကြူးဝမ်းခုံး ဖြစ်နေသည် မဟုတ်ပါလား။

"သား"

ကြူးဝမ်းခုံးက ဝမ်းခေါင်းသံဖြင့် ခေါ်လိုက်လေသည်။ ကြူးစုကလည်း ခုန်ဆင်းလိုက်သည်။ သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပြေး၍ပွေ့ဖက်လိုက်ကြလေသည်။



ကြူးဝမ်းခုံးသည် ဝက်ဝံကြီးတစ်ကောင်နှယ် လွန်စွာမှပင် ထွားကျိုင်းသန်မာသူ ဖြစ်ပေသည်။ ကြူးစုကား ဖခင်နှင့်ယှဉ်လိုက်လျှင် လူဗလံလေး ဖြစ်နေပေတော့သည်။

ကြူးဝမ်းခုံးက သားကို ကိုင်မြှောက်လိုက်ပြီးမှ မြေပေါ် ညင်သာစွာ ချပေးလိုက်၏။ သားအဖနှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြသည်။

ကြူးဝမ်းခုံးက ...

"ငါ့သား ... မင်းက ဘာပညာတွေ သင်ခဲ့သလဲ၊ ဖေဖေ့ကို ပြောစမ်းပါဦးကွ"

ဟု မေးလိုက်လေသည်။ ကြူးစုက ...

"သားသင်ခဲ့တဲ့ပညာတွေ မနည်းပါဘူး။ ဒါပေမဲ့ တိုက်နည်းခိုက်နည်း တစ်ခုမှ မပါဘူး"

"ဟား ဟား ဟား"

ကြူးဝမ်းခုံး သဘောကျစွာ ရယ်မောလိုက်လေသည်။ ကြူးစုလည်း ပြုံးလိုက်သည်။ သူ၏ဖခင်သည် သူ့အား မြင်းစီးသူရဲကောင်း တစ်ယောက် ဖြစ်စေလိုသည့်ဆန္ဒ ပြင်းပြနေမှန်း သိထား၏။

သို့သော် သူသည် မည်သည့်အခါမှ မြင်းစီးသူရဲကောင်း ဖြစ်လာမည် မဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် နားလည်ထားပေ၏။ ကြူးဝမ်းခုံးက ...

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကွာ၊ ဒီပညာတွေကို ဖေဖေသင်ပေးနိုင်ပါတယ်၊ ဖေဖေတို့ထက် ဘယ်သူကပိုပြီး ကျွမ်းကျင်နိုင်မှာလဲ"

ကြူးစုက ...

"ဟုတ်ပါတယ်၊ သူတို့ဟာ ဝတ်ကောင်းစားလှ ဝတ်ဆင်ကြမယ်၊ အစားကောင်း အသောက်ကောင်းတွေ စားမယ်၊ တေးကဗျာတွေ သီဆိုကခုန်ကြမယ်၊ ဒီလောက်ပဲ စိတ်ကူးနေကြသူတွေပါ။ တိုက်ရေးခိုက်ရေးမှာ ကျွန်တော်တို့ကို မမီပါဘူး"

ကြူးဝမ်းခုံး ကျေနပ်သွားသည်။

"ဒါထက် သားဟာ တာလီနန်းတွင်းက လူငယ်သုံးယောက်နဲ့ စကားများခဲ့ကြသေးတယ်ဆို"

"ဟင် ... ဖေဖေ ဘယ်လိုသိတာလဲ"

ကြူးစု တအံ့တဩ မေးလာလေသည်။ ကြူးဝမ်းခုံး ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... သား ဘာဖြစ်တယ်, ဘာလုပ်နေတယ်ဆိုတာတွေကို ဖေဖေ အားလုံးသိထားပြီးပါပြီကွာ၊ သူတို့ကို သား ခုံးမလိုက်တယ်ဆိုတာ ဖေဖေသိပါတယ်"

ကျေနပ်သည့်လေသံဖြင့် ပြောလေသည်။ ကြူးစု ရင်ခိတ်နေသည်။ ဖခင်ကြီးသည် မင်းသားလေးတန့်ယုံ၏သမီး တန့်မေနှင့်သံယောဇဉ်ငြိတွယ်နေသည့်ကိစ္စကို သိသွားပြီလောဟု တွေးကာ





စိုးရိမ်နေ၏။

အကယ်၍ သူ၏အဖြစ်ကို သိသွားပါလျှင် ပြင်းထန်စွာ ဆူပူကြိမ်းမောင်းလိမ့်မည်ဟုလည်း ယုံကြည်ထား၏။ သို့သော် ကြူးဝမ်းခုံးက ဘာမှ ဆက်မပြောတော့ချေ။

"ကဲ ... အိမ်ကို သွားကြရအောင်၊ သားမေမေက သားကို သိပ်တွေ့ချင်နေတယ်၊ သားကို စောင့်မျှော်နေတယ်"

စကားဆုံးလျှင် မြင်းပေါ် ခုန်တက်လိုက်လေသည်။ ကြူးစုလည်း မြင်းပေါ် ခုန်တက်လိုက်သည်။ ထို့နောက် တာနားနှင့်အတူ တောင်ပေါ်သို့ ရင်ပေါင်တန်းကာ မောင်းတက်သွားကြလေတော့သည်။

ကျောက်တုံးအိမ်ကလေး၏ မီးဖိုဆောင်မှ မီးခိုးများ တလူလူထွက်ပေါ်နေသည်ကို တွေ့မြင်နေသည်။ ယဉ်ယဉ်သည် မီးဖိုဆောင်ဝယ် အလုပ်ရှုပ်နေပြီဖြစ်ကြောင်း ကြူးစုနားလည်ထား၏။

ကြူးဝမ်းခုံးက ...

"သား ... ဖေဖေနဲ့ဦးလေးတာတို့ တော်ကြာ လာခဲ့မယ်လို့ သားမေမေကို ပြောပြလိုက်"

ဟု လှမ်းပြီးမှာကြားလိုက်သည်။ ပြီးလျှင် တာနားနှင့်အတူ ကျောက်တုံးအိမ်ကလေးဘက်ဆီသို့ မြင်းမောင်းနှင်သွားကြလေသည်။ ကြူးစုက ဓမ်းသာအားရ အိမ်ထဲပြေးဝင်လိုက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝယ် စားပွဲတစ်လုံးချထားပြီး စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ အရက်အိုးများ တင်ထားသည်ကို တွေ့ရသည်။

အပြာရောင် ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက်သည် ဝင်ပေါက်ကို ကျောပေးကာ စားပွဲပေါ်မှ ဟင်းခွက်များကို ပြင်ဆင်ကာ နေရာချနေသည်။

ကြူးစုသည် ခြေဖျားထောက်နင်းရင်း ခပ်သွက်သွက် လှမ်းသွားကာ ...

"မေမေ"

ခေါ်ရင်း နောက်မှ သိုင်းဖက်လိုက်လေသည်။

"အို ... ရှင် ရှင်"

ရုတ်တရက် ထွက်ပေါ်လာသည့် စကားသံကြောင့် ကြူးစု ထိတ်လန့်သွား၏။ လက်ထွတ်ကာ ချက်ချင်းနောက်ဆုတ်လိုက်လေသည်။

သူသိုင်းဖက်ခဲ့သူကို ကြည့်လိုက်၏။ ထိုလူမှာ သူ၏မိခင် မဟုတ်ဘဲ သူ့မိခင်၏ အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ သူနှင့် အသက်အရွယ်တူခန့်ရှိပြီး ချောမော လှပသူကလေး ဖြစ်သည်။ ထိုမိန်းကလေးသည် သူ့အား မျက်လုံးပြူး၍ ကြည့်ကာ ...



"ရှင် ... ရှင် ဘယ်သူလဲ"

ဟု မေးလေသည်။ ကြူးစုက ...

"မင်းကော ဘယ်သူလဲ"

ဟု ပြန်မေးလိုက်၏။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ တအံ့တသြ ဖြစ်နေကြသည်။ မိန်းကလေးက ချက်ချင်းပင် သတိဝင်လာပြီး မီးဖိုဆောင်ဘက်သို့ လှည့်ကာ...

"မေမေရေ ... ဟောဒီမှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်"

သူမ၏ အသံ စာစာကလေး ထွက်ပေါ်လာပြီး ခရေးမနှောင်း မှာပင် ...

"သမီးကြူးချစ် ဧည့်ခံထားလိုက်ပါ ... မေမေ အခုထွက်လာခဲ့မယ်"

အနောက်ဘက်မှ ယဉ်ယဉ်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကြူးစု မျက်မှောင်ကြုတ်သွား၏။ မိန်းကလေးကို စိုက်ကြည့်လိုက်ပြီး ...

"မင်းက ကြူးချင် ... ဟုတ်လား"

ဟု မေးလိုက်လေသည်။ မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ တဲ ... ထိုင်ပါဦးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ကြူးစု ပြုံးလိုက်သည်။

"ကျူပ်က ချည်သည်မှ မဟုတ်တာ"

"ရှင်"

ကြူးစုက မီးဖိုဆောင်ဘက်သို့ မျက်နှာမူကာ ...

"မေမေရေ ... ကျွန်တော်ပြန်လာပြီ"

ဟု အော်ပြောလိုက်လေသည်။

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ မရှေးမနှောင်းမှာပင် ...

"ဟင် ... သားပြန်ရောက်လာပြီလား"

ယဉ်ယဉ် ဝမ်းသာအားရ ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

"မေမေ"

"သား"

သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်ကြသည်။ ကြူးချင်ဆိုသည့် မိန်းကလေးမှာ ခေါင်းကလေးငုံ့ကာ နောက်ဆုတ်သွား၏။ ယဉ်ယဉ်သည် ကြူးချင်ကို သတိရသွားပြီး ...

"သြော် ... သားကို သားညီမလေးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သမီးကြူးချင် ... ဒီကိုလာခဲ့"



ဟု ခေါ်လိုက်သည်။ ကြူးချင်က ခေါင်းကလေးငုံ့ကာ ရှေ့သို့ လှမ်းလာလေသည်။ ယဉ်ယဉ်က ...

"သား ... ဒါဟာ သားရဲ့ညီမလေး ကြူးချင်တဲ့၊ သေသေချာချာမှတ်ထား၊ သမီး ... ဒါ သမီးရဲ့အစ်ကို ကြူးစု ... မှတ်ထားနော်"

ဟု မိတ်ဆက်ပြောလိုက်လေသည်။ ကြူးချင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... သမီးမှတ်ထားပါ့မယ် မေမေ"

ကြူးစုကား ဘာမှမပြောနိုင်ဘဲ မိခင်ဖြစ်သူကို တအံ့တဩ ကြည့်နေမိသည်။ ယဉ်ယဉ်က ...

"သား ... မေမေပြောတာ ကြားတယ်မဟုတ်လား"

ဟု မေးလိုက်၏။ ကြူးစု ခေါင်းညိတ်လိုက်သည်။

"ဟုတ် ... ဟုတ်ကဲ့ ... ကြား ... ကြားပါတယ် မေမေ"

"ကြားတယ်ဆို သား ဘာဖြစ်နေတာလဲ"

"မေမေ ... သူက ဘယ်လိုလုပ်ပြီး သားရဲ့ညီမလေး ဖြစ်လာရတာလဲ"

သူ၏စကားကြောင့် ယဉ်ယဉ် ရယ်မောလိုက်လေသည်။

"သြော် ... ဒါတော့ သားရဲ့ညီမလေးမို့ ညီမလေးဖြစ်လာတာပေါ့၊ ကဲ ကဲ ... ဒါတွေနောက်မှ ပြောကြတာပေါ့။ သားလည်း

www.burmeseclassic.com

www.burmeseclassic.com



ခရီးပန်းလာတယ်ဆိုတော့ ဗိုက်ဆာနေရောပေါ့၊ သားရောက်လာရင် အဆင်သင့် စားနိုင်အောင် မေမေ စီမံချက်ပြုတ်ထားတယ်သားရဲ့ ... လာ လာ"

ကြူးစုလက်ကိုဆွဲကာ ခုံတစ်လုံးဝယ် ထိုင်ခိုင်းလိုက်သည်။ သားအမိနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြခြင်း ဖြစ်ပေသည်။ ကြူးချင်က နံဘေးမှ ရပ်ကြည့်နေသည်။ ယဉ်ယဉ်က ...

"ကဲ သား ... စားစမ်းပါ"

ကြူးစုအတွက် ဟင်းများ တစ်မျိုးပြီးတစ်မျိုး ခပ်ထည့်ပေးသည်။ ကြူးစုလည်း ဆာလောင်နေသည့်အပြင် မိခင်ကြီး ကျေနပ်သွားအောင် အားရပါးရစားရင်း ကြူးချင်ကိုသတိရလာပြီး ...

"ညီမလေးကော မစားဘူးလား"

ဟု မေးလိုက်လေသည်။ ကြူးချင် ခေါင်းယမ်းလိုက်သည်။

"ကျွန်မက မေမေနဲ့မှ အတူတူစားပါ့မယ်"

ဟု ပြန်ပြောလေသည်။ ကြူးစု ပြုံးလိုက်သည်။ မိခင်ဖြစ်သူကို ကြည့်ကာ ...

"မေမေ ... သူက ဘယ်သူလဲ၊ ဘာကြောင့် သားရဲ့ညီမ ဖြစ်လာရတာလဲဆိုတာ ပြောပြမယ်ဆို"

ဟု မေးလိုက်လေသည်။ ယဉ်ယဉ်က ...

"ကြူးချင်က မေမေတို့ရွာကပဲ၊ သူ့အဖေဟာ ဟိုတုန်းက ရဟတ်ရဲတိုက်ကို တိုက်ခိုက်ချေမှုန်းတဲ့ တိုက်ပွဲမှာ အသက်စွန့်သွားခဲ့ရတယ်၊ သူတို့သားအမိနှစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်လေ၊ မနှစ်က သူ့ရဲ့မိခင် ဆုံးသွားတော့ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့တာမို့ မေမေတို့ခေါ်ပြီး မွေးစားထားလိုက်တာလေ၊ ဒါကြောင့် သားရဲ့ညီမ ဖြစ်လာတာပေါ့"

ဟု ရှင်းပြလေသည်။ ကြူးစု ဘဝင်မကျသဲ ဖြစ်သွား၏။ သူတို့မိသားစုအတွင်းသို့ ကြူးချင်ရောက်ရှိလာခြင်းသည် အနှောင့်အယှက် ဖြစ်သည်ဟု ယူဆမိလေတော့သည်။

ကြူးချင်ကို မကျေမနပ် တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် အစားအသောက်များကို ဆက်ပြီးစားသောက်နေသည်။ ထိုအချိန်တွင် ကြူးဝမ်းခုံးနှင့် တာနားတို့ ရောက်ရှိလာကြလေတော့သည်။

*

တောင်ပေါ်လေ တဟူးဟူး တိုက်ခတ်လာသည်။ လရောင်သည် တောင်စဉ်တောင်တန်းများပေါ်သို့ ဖြာကျနေသည်။ ကြူးစုသည် ကျောက်တုံးကြီးတစ်လုံးပေါ်ဝယ် ထိုင်ကာ သဘာဝအလှအပ



www.burmeseclassic.com

www.burmeseclassic.com



များကို ငေးမောကြည့်ရှုနေမိသည်။

တာလီနေပြည်တော်တွင် ဤသို့သော သဘာဝအလှအပများကို တွေ့မြင်လိမ့်မည် မဟုတ်ပါချေ။ မြောင်နယ်မြေ၌သာလျှင် ရနိုင်သည့် သဘာဝအလှအပများ ဖြစ်ပေသည်။

တာလီနေပြည်တော်မှာ မည်သို့ပင် သာယာလှပသည်ဖြစ်စေ၊ ပျော်စရာကောင်းသည်ဖြစ်စေ မြောင်နယ်မြေကို မီနိုင်အံ့မထင်။

သူတို့သည် မြောင်နယ်မြေ၌ မွေးဖွားကြီးပြင်းခဲ့ကြသည်။ မြောင်နယ်မြေ၌ပင် အသက်သေဆုံးသွားကြရပေလိမ့်မည်။ ကြူးစု သက်ပြင်းချလိုက်သည်။

"တန့်မေက တို့အရပ်ဒေသမှာ ပျော်နိုင်ပါ့မလား"

ဟုလည်း တီးတိုးညည်းညူလိုက်လေသည်။ ကောင်းကင်ပေါ်မှ လဝန်းကို ငေးမောကြည့်ရင်း တန့်မေကို သတိရသည့် စိတ်များ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာလေသည်။

ယခုအချိန်ဆိုလျှင် တန့်မေသည် ရဟတ်ရဲတိုက်တွင် အိပ်စက် အနားယူနေလောက်ပေပြီ။

"ရဟတ်ရဲတိုက်ကို ငါသွားရင်ကောင်းမယ်"

ဟု တီးတိုးရေရွတ်လိုက်ပြန်သည်။ သူ၏ မြင်းဖြူကြီးနှင့် ဆိုလျှင် နံနက်မိုးစင်စင်လင်းအချိန်၌ ခရီးပြင်းနှင်မည်ဆိုလျှင် ဖွန်း တည့်ချိန်မတိုင်မီ ရဟာတ်ရဲတိုက်သို့ ရောက်သွားနိုင်ပေသည်။



ရဟာတ်ရဲတိုက်၌ အချိန်မဖြုန်းဘဲ ပြန်လာမည်ဆိုလျှင် အိမ်သို့ မိုးမချုပ်မီ ပြန်ရောက်လာမည် ဖြစ်ပေသည်။ ထိုသို့ တွေးတောစဉ်းစားမိလျှင် နံနက်မိုးစင်စင်လင်းသည်နှင့် ရဟာတ်ရဲတိုက်သို့ သွားရန် ဆုံးဖြတ်လိုက်သည်။

တန့်မေအား တွေ့လိုစိတ်သည် မည်သို့သော အခက်အခဲ အတားအဆီးကိုမဆို ကျော်ဖြတ်သွားရန် ခွန်အားသဖွယ် ဖြစ်လာသည်။ တန့်မေနှင့် သွားတွေ့ရန် ဆုံးဖြတ်ပြီးသည်နှင့် ရင်ထဲ ပေါ့ပါး လန်းဆန်းလာလေတော့၏။

ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ် ရုတ်တရက် ငှက်ကြွေးသံ သဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကြူးစု မျက်မှောင် ကြုတ်သွားသည်။

"တောင်ပေါ်မှာ ဘယ်သူငိုနေတာပါလိမ့်"

တွေးရင်း ငိုရှိုက်သံ ထွက်ပေါ်လာရာဆီသို့ ခပ်သွက်သွက် လေး လှမ်းသွားမိ၏။ တောင်ကုန်း၏ တစ်ဖက်စွန်းဝယ် ကျောက်တုံး ကျောက်ခဲများ ထူထပ်ပေါများစွာ ရှိနေလေသည်။

ငိုရှိုက်သံသည် ထိုနေရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ကြူးစု ခြေသံမကြားရအောင်ဖော့နင်းသွားပြီး ကျောက်တုံးကျောက် ခဲများအနီးသို့ ချဉ်းကပ်လိုက်၏။

ထို့နောက် ချောင်းကြည့်လိုက်လေသည်။ ထိုအခါ ကျောက်

www.burmeseclassic.com

www.burmeseclassic.com



တုံးကျောက်ခဲများကြား၌ မိန်းကလေးတစ်ယောက် ထိုင်ကာ ငိုနေသည်ကို တွေ့ရ၏။

ထိုမိန်းကလေးမှာ ကြူးချင် ဖြစ်လေသည်။ ကြူးစု ကြောင်အမ်းအမ်း ဖြစ်သွား၏။

"သူက ဘာကြောင့် ဒီမှာလာပြီး ငိုနေရတာလဲ"

ဟု ရင်ထဲမှ ကျိတ်ပြီးရေရွတ်လိုက်သည်။ ကြူးချင်သည် သူချောင်းကြည့်နေသည်ကို မသိဘဲ ငိုကြွေးနေ၏။ ကြူးစုမှာ မထင်မှတ်ဘဲ ကြူးချင်အပေါ် သနားသည့်စိတ်များ ဖြစ်ပေါ်လာ၏။

"သူ့ကို မေမေက ဆူလိုက်လို့များလား မသိဘူး"

ဟု တွေးမိသည်။ ကြူးချင်အား ချော့မော့ နှစ်သိမ့်လိုစိတ်များ ဖြစ်ပေါ်လာသည်။ သို့သော် သူ့ကိုတွေ့လျှင် ကြူးချင် ရှက်သွားမည်ဟု တွေးမိပြီး နောက်လှည့်ပြန်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ကျောက်တုံးတစ်တုံးကို တိုက်မိသွား၏။ ကျောက်တုံးလိမ့်ကျသွားသည့်အသံ ထွက်ပေါ်လာရာ ကြူးချင်၏ ငိုရှိုက်သံ ကွယ်ပျောက်သွားသည်။

သူမသည် ကပျာကယာ မျက်ရည်ကိုသုတ်ကာ ထလိုက်သည်။ ကြူးစု ထွက်သွားရန်ဟန်ပြင်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။ ကြူးချင်မှာ သူ့အား တွေ့မြင်သွားလေတော့သည်။

"ဟင် ... အစ်ကိုကြူးစု"



သူမ၏မျက်လုံးကလေး ဝိုင်းနေသည်။ ကြူးစုကိုကြည့်ကာ မလုံမလဲ ဖြစ်နေသည်။ ကြူးစုက မျက်နှာခပ်တည်တည်ထားကာ...

"ပြောစမ်းပါဦး ... မင်းက ဘာကြောင့် ဒီမှာလာပြီး ငိုနေရတာလဲ"

ဟု မေးလိုက်လေသည်။ ကြူးချင် ခေါင်းကလေး ငုံ့သွားသည်။

"ကျွန်မ ကျွန်မ"

"ဘာလဲ ... တို့အိမ်မှာနေရတာကို သဘောမကျလို့လား၊ ဒါမှမဟုတ် မေမေက ဆူလိုက်လို့လား"

သူ၏ဖခင် ကြူးဝမ်းခုံးသည် သားသမီးရေးကိစ္စ၊ အိမ်တွင်းရေးကိစ္စများကို ဇနီးနှင့်လွှဲထားပြီး လုံးဝလှည့်ကြည့်သူ မဟုတ်ပါချေ။ ထို့ကြောင့် ကြူးချင်အား ဆူပူကြိမ်းမောင်းမည်ဆိုလျှင် ယဉ်ယဉ်သာလျှင် ဆူပူသူဖြစ်ပေမည်။

ကြူးဝမ်းခုံးကား လုံးဝ ဆူပူကြိမ်းမောင်းလိမ့်မည် မဟုတ်ပါချေ။ ကြူးချင်း ကပျာကယာ ခေါင်းခါယမ်းလိုက်လေသည်။

"မေမေ ... မေမေဆူတာ မဟုတ်ပါဘူးရှင်၊ မေမေ မဆူပါဘူး"

"ဒါဖြင့် ဘာကြောင့် ငိုနေရတာလဲ၊ တို့အိမ်မှာနေရတာကို စိတ်ဆင်းရဲနေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အို ... ဒီလိုလည်းမဟုတ်ပါဘူးရှင်"

"ကိုင်း ... ဘယ်လိုဖြစ်တယ်ဆိုတာ ပြောစမ်းပါဦး"

ကြူးချင်က ...

"ညီမ ... ညီမရဲ့ ဖေဖေနဲ့မေမေကို သတိရလို့ပါ"

"ဟော"

ကြူးစု မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။ ကြူးချင်က ...

"အစ်ကိုရဲ့ ဖေဖေနဲ့မေမေက ညီမအပေါ် တကယ့်မိဘအရင်းအချာတွေလို ကြည့်ရှုစောင့်ရှောက်ခဲ့ပါတယ်၊ သမီးအရင်း တစ်ယောက်လို သဘောထား ဆက်ဆံခဲ့ကြတယ်၊ ဘာမှ ပြောစရာ မလိုပါဘူးရှင်၊ အစ်ကိုတို့အိမ်မှာ ညီမလေးနေရတာ ပျော်ပါတယ်၊ ဒါပေမဲ့ အခုလို လသာတဲ့ရက်တွေရောက်ရင် ကွယ်လွန်သွားကြပြီဖြစ်တဲ့ ဖေဖေနဲ့မေမေကို သတိရလွန်းလို့ ဒီနေရာကို တိတ်တဆိတ်ကလေး ထွက်လာပြီး ငိုကြွေးမိတာပါရှင်"

ဟု ရှင်းပြလေသည်။ ကြူးစု သက်ပြင်းချလိုက်သည်။

"ညီမ ငိုနေလို့ ညီမမိဘတွေ အသက်ပြန်ရှင်လာမှာမှ မဟုတ်တော့ဘဲ၊ မတွေးဘဲနေတာ ကောင်းမယ်ထင်တယ်၊ တွေးမိနေတိုင်း ဝမ်းနည်းနေရမှာပဲ"

ကြူးချင်ကို သဘောမကျမိသော်လည်း ငိုကြွေးနေသည်ကို



တွေ့ရသောအခါ မနေနိုင်တော့ဘဲ နှစ်သိမ့်လိုက်ခြင်း ဖြစ်ပေသည်။ ကြူးချင်က ...

"ညီမ နားလည်ပါတယ်ရှင် ... ဒါပေမဲ့"

သူမ၏စကား မဆုံးမီ ...

"ဩော် ... သားနဲ့သမီးက ဒီမှာရောက်နေကြတာကိုး"

စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကြူးစုနှင့်ကြူးချင်တို့ လှမ်းကြည့်လိုက်သောအခါ ယဉ်ယဉ် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

"မေမေ"

ကြူးစုနှင့်ကြူးချင်တို့ ပြိုင်တူခေါ်လိုက်ကြသည်။ ယဉ်ယဉ် ပြုံးလိုက်သည်။

"ကဲ ... လာကြ လာကြ အပြင်ဘက်မှာအေးတယ်၊ အိမ်ထဲ ဝင်ကြစို့"

သူမက ရှေ့ဆောင်ခေါ်သွားလျှင် ကြူးစုနှင့်ကြူးချင်တို့ နောက်မှ လိုက်သွားကြလေသည်။ ညဉ့်နက်ပြီဖြစ်ရာ အိပ်ရာထဲ ရောက်၍ ခေါင်းချလိုက်လျှင် မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

"ကြူးစု ကြူးစု"

ခေါ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ [illegible] လန့်နိုးလာသည်။ အိပ်ရာထက်မှ လူးလိမ့်ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နေရောင်ခြည်များ အခန်းတွင်းသို့ပင် ထိုးကျနေပြီ ဖြစ်သည်ကို တွေ့မြင်ရလေသည်။

"ဟာ ... နေတောင် အတော်မြင့်နေပါလား"

ကြူးစု ရေရွတ်ကာ အပျင်းဆန့်ရင်း ထရပ်လိုက်၏။

"ကြူးစု ကြူးစု"

အပြင်ဘက်မှ ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားရသည်။

"လာပါပြီ လာပါပြီ"

ကြူးစုအော်ရင်း အပြင်ဘက် ပြေးထွက်လိုက်လေသည်၊ အိမ်အပြင်ဘက်ရောက်လျှင် တာနားက သူ့အား ခေါ်နေသည်ကို တွေ့ရ၏။

တာနားသည် လေးနှင့်မြားလွယ်ထားပြီး မြင်းတစ်ကောင်ပေါ်၌ ထိုင်နေ၏။ တာနားကိုမြင်လျှင် ကြူးစု ဝမ်းသာသွားပြီး —

"ဦးလေးတာ အမဲလိုက်သွားမလို့လား" —

ဟု မေးလိုက်လေသည်။ တာနားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မင်းကို ငါ လာခေါ်တာ၊ မင်း လိုက်မယ် မဟုတ်လား။ မြောက်ဘက်က တောတန်းတွေပေါ်မှာ သမင်တွေ မှည့်နေပြီ၊ ဝက်ဝံတွေ ရောက်လာပြီကွ"



ကြူးစု ပျော်သွား၏။

"ကျွန်တော် လိုက်မှာပေါ့"

"ဒါဖြင့် လေးနဲ့မြားယူပြီး လိုက်ခဲ့ပေတော့"

"ကျွန်တော် မေမေ့ကို ပြောလိုက်ဦးမယ်"

တာနားက လက်ဝှေ့ယမ်းပြလိုက်သည်။

"ပြောမနေနဲ့တော့ ... မင်းအမေ တောင်အောက်ရွာကို တိစ္စရှိလို့ ကြူးချင်နဲ့အတူ သွားတယ်၊ မင်းအဖေလည်း ဝမ်အမျိုးအနွယ်ကျေးရွာကို သွားတယ်ကွ၊ မင်းကိုခေါ်သွားမယ်လို့ သူတို့ကို ငါ ပြောထားပြီးပြီ"

ကြူးစု ရယ်မောလိုက်သည်။

"ဒါဆိုရင်လည်း ပြီးတာပါပဲ ... ခဏစောင့်ပါ"

သူက အိမ်ထဲပြန်လှည့်ပြေးဝင်သွားသည်။ အိမ်ရှေ့ဧည့်ခန်းတွင် လေးနှင့်မြား အဆင်သင့်ချိတ်ဆွဲထားသည်ကို တွေ့မြင်ရ၏။ လေးနှင့်မြားဘေးဝယ် လှံတိုတစ်လက် ရှိနေသည်။

ထိုလက်နက်များသည် သူ့အတွက် ရည်စူးကာ ဖခင်ဖြစ်သူ မြူလုပ်ပေးထားသည့် လက်နက်များ ဖြစ်လေသည်။ ကြူးစု ကမျာကယော မျက်နှာသစ်လိုက်သည်။

ကိုယ်လက်သန့်စင်ကာ အဝတ်အစားလဲပြီး မီးဖိုဆောင်၌ အသင့်တွေ့ရသည့် အသားကင်တစ်ခုယူကာ ပလုတ်ပလောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘေးလိုက်သည်။

ထို့နောက် လေးနှင့်မြားကို လွယ်ပြီး လှံကို လက်မှ ဆွဲကိုင်ကာ ထွက်လာခဲ့၏။ အိမ်ရှေ့၌ တာနားသည် ကြူးစုစီးရန် မြင်းဖြူကြီး တစ်ကောင်ကို အသင့်ယူထားနှင့်ပြီး ဖြစ်သည်ကို တွေ့ရလေ၏။

ကြူးစုက မြင်းပေါ် ခုန်တက်လိုက်သည်။

"ကဲ ဦးလေးတာ ... သွားကြစို့"

"ကောင်းပြီ ... ငါ့နောက်လိုက်ခဲ့ပေတော့"

တာနားက မြင်းကို ဒုန်းစိုင်းသွား၏။ ကြူးစုက နောက်မှ လိုက်သွားလေသည်။

'ခွပ် ခွပ် ခွပ် ခွပ်'

ကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာသည်။ သူတို့နှစ်ယောက်သည် မြောက်ဘက်တောင်တန်းဆီသို့ ဦးတည်ကာ ဒုန်းစိုင်းနှင်သွားကြလေတော့သည်။

●

နွေရာသီရောက်ပြီဖြစ်ရာ ဆီးနှင်းများ အရည်ပျော်ကျသွားပြီ ဖြစ်သည်။ သစ်ပင်များသည် နွေရာသီကို ကြိုဆိုရင်း အစွမ်းကုန်



စိမ်းလန်းနေသည်။ လေငွေ့ယမ်း တိုက်ခတ်လာသည့်အခါ သစ်နံ့သီး အမှည့်များမှ မွှေးရနံ့များသည် သင်းပျံ့ပျံ့ ကလေး လွင့်ပါလာသည်။

တာနားက ...

"တို့တစ်တွေ မြင်းနဲ့ဆက်သွားလို့ မဖြစ်တော့ဘူး။ မြင်းခွာသံ ကြားရင် သူတို့ ထွက်ပြေးသွားကြမှာ စိုးရိမ်ရတယ်ကွ"

ဟု ပြောလိုက်လေသည်။ ကြူးစု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မြင်းတွေကို တစ်နေရာရာမှာ ထားခဲ့စရာ တာပေါ့"

သူတို့နှစ်ယောက် မြင်းပေါ်မှ ဆင်းလိုက်ကြလေသည်။ မြင်းနှစ်ကောင်မှာ မြင်းလိမ္မာများဖြစ်ကြလေရာ ချည်နှောင်ထားစရာပင် မလိုချေ။

တာနားနှင့်ကြူးစုတို့ တောင်ပေါ်တက်လာခဲ့ကြသည်။ တောင်ပေါ်တက်ရာ လမ်းတစ်လျှောက်ဝယ် သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်လျက် ရှိပေသည်။

အမြင့်ပိုင်းသို့ ရောက်လာချိန်ဝယ် အရှေ့ဘက်ဆီမှ ဝက်ဝံ အော်သံများ၊ မာန်ဖီသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တာနား ပြုံးလိုက်သည်။

"ဝက်ဝံအုပ်တော့ စောစောစီးစီး ရောက်နေပြီကွ၊ ကဲ ... အဲဒါက ဘယ်ဘက်ကသွား။ ငါက ညာဘက်ကသွားမယ်၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို တစ်ကောင်စီရအောင် ဖမ်းကြမယ် ... ဘယ်လိုလဲ”

“စိန်လိုက်လေ”

ကြူးစု အားတက်သရော ပြောလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက် လှူချင်းခွဲလိုက်ကြသည်။ တာနားက ညာဘက်သို့ ချိုးကွေ့သွားပြီး ကြူးစုက ဘယ်ဘက်သို့ ချိုးကွေ့လာခဲ့၏။ သူတို့သည် ဆူရူညည်အသံများ ထွက်ပေါ်နေသည့် နေရာဆီသို့ ဦးတည်ကာ ချဉ်းကပ်သွားကြလေသည်။

“သတိထားနော် ... ဝက်ဝံတွေက အုပ်စုလိုက်ဆိုရင် ကြောက်ဖို့ကောင်းတယ်ကွ”

တာနားက လှူချင်းမခွဲမီ သတိပေးသွားခဲ့သေး၏။ ကြူးစုလည်း ရှေ့သို့ ခပ်သွက်သွက် လှမ်းလာခဲ့၏။ သစ်ပင်ချုံနွယ်များကို ကွေ့ပတ်သွားပြီး အတော်ကလေးကြာလျှင် သဖန်းပင်များ စုရုံးပေါက်နေသည့် နေရာတစ်ခုသို့ ရောက်ရှိလာသည်။

သဖန်းပင်ကြီးတစ်ပင်အောက်၌ ဝက်ဝံတစ်အုပ် ရှိနေသည်ကို တွေ့မြင်ရလေသည်။ ဝက်ဝံများသည် မြေပေါ်ကြွေကျနေသည့် သဖန်းသီးမှည့်များကို အလုအယက် စားသောက်နေကြ၏။

ကြူးစုက လေးနှင့်မြားကို အသင့်ပြင်လိုက်သည်။ ပစ်ခတ်ရမည့် ဝက်ဝံကို ရွေးချယ်လိုက်လေသည်။ သို့သော် မည်သည့် ဝက်ဝံကို ပစ်ရမှန်း ရွေးချယ်မရနိုင်ဘဲ တွေဝေနေ၏။ ထိုစဉ် ...



‘ဂရား’

နောက်ကျောဘက်မှ ကျယ်လောင်သော ဟိန်းဟောက်သံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကြူးစု ရင်ထိတ်သွား၏။ ချာခနဲ လှည့်ကြည့်လိုက်သောအခါ အလွန်ကြီးမားသည့် ဝက်ဝံကြီးတစ်ကောင်သည် သူ့ထံ ကမူးရှူးထိုး ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

“ဟာ”

ရုတ်တရက် တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် ကြူးစု ထိတ်လန့်သွား၏။ မြားနှင့် ခပ်မြန်မြန် ပစ်ခတ်လိုက်သည်။ သို့သော် နီးကပ်နေသည်ဖြစ်ရာ သူ၏မြားပစ်ချက်သည် ထိရောက်မှု မရှိတော့ချေ။

တာလီနေပြည်တော်သို့ ပညာသွားသင်နေခဲ့ခြင်းကြောင့် ...ခိုင်သတ်ပုတ်ခြင်း အလေ့အကျင့် တင်းဝေးနေခဲ့သည်။ အသက်...သားနှင့် ကြုံတွေ့လိုက်ရသည့်အခါ ရုတ်တရက် မည်သို့ရင်ဆိုင်ဖြေ...ရမှန်းမသိဘဲ ဖြစ်သွားလေတော့သည်။

ဝက်ဝံကြီးသည် ဖြူဖွေးသော အစွယ်ကြီးများဖြင့် တိုက်ခဲ... ပြေးဝင်လာ၏။ ဝက်ဝံကြီး၏ လက်နှစ်ဖက်မှ လက်သည်းများ...သည်လည်း ဓားပါးကလေးများပမာ ချွန်ထက်လှပေ၏။

ကြူးစု ငိုင်နေ၏။ ဝက်ဝံကြီး၏ လက်သည်းနှင့် အစွယ်များ... အသက်ပါရတော့မည့် အခြေအနေ ရောက်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အောက်မှ ဝက်ဝံများသည်လည်း ရူးရူးရှရှ အော်ဟစ်နေကြ၏။ ထိုစဉ်မှာပင် ...

"ကြူးစု ... နောက်ဆုတ်လိုက်"

တာနားၤ၏အော်ပြောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကြူးစု ဝမ်းသာသွား၏။

"ဦးလေးတာ ... မြန်မြန်လာပါဦး"

အော်ပြောရင်း နောက်သို့ ကပျာကယာ ခုန်ဆုတ်လိုက်လေသည်။ ထိုအချိန်တွင် တာနားက ဝက်ဝံကြီးထံချိန်ရွယ်ကာ မြားတစ်စင်း ပစ်လွှင့်လိုက်၏။

'ဂရား'

ဝက်ဝံကြီးက အော်ဟစ်ရင်း လက်ဖြင့် ပုတ်ထုတ်လိုက်၏။ ကြူးစု ကံဆိုးသွား၏။ တာနားပစ်လိုက်သည့်မြားကို ဝက်ဝံကြီးက ပုတ်ထုတ်နိုင်ခဲ့သဖြင့် သူသေကိုယ်သေ ရင်ဆိုင်ရမည့် အနေအထား ရောက်ရှိသွား၏။ ကြူးစု မတတ်သာတော့ပါချေ။ လှံကို ကျစ်ကျစ်ဆုပ်ကိုင်ရင်း ဝက်ဝံကြီးကို တိုက်ခိုက်လိုက်လေသည်။

"သတိထား"

အော်သံနှင့်အတူ တာနားခုန်ဝင်လာ၏။ တာနား၏ လက်ထဲဝယ် ရဲခင်းတစ်လက် ကိုင်ဆောင်လာလေသည်။ ဝက်ဝံကြီးသည် တာနားရောက်ရှိလာသည်ကို မြင်လျှင် ဒေါသထွက်လာကာ တာနား



တိုက်ခိုက်လေသည်။

ကြူးစုက လှံဖြင့်ထိုးသွင်းလိုက်ရာ လှံကို ဝက်ဝံကြီးက ဖမ်းဆွဲထားလိုက်သည်။ တစ်ဖန် ကျန်လက်တစ်ဖက်ဖြင့် ကြူးစုအား ကုတ်ဆွဲလိုက်၏။ ကြူးစု ရှောင်တိမ်းလိုက်ပါသော်လည်း ...

'ဖြဲ'

ပခုံးမှ အဝတ်အစားများ စုတ်ပြဲသွားပြီး လက်သည်းနှင့်ခြစ်မိကာ သွေးများ ဖြာကျလာလေတော့သည်။

"အား"

ကြူးစု လွှတ်ခနဲ အော်လိုက်သည်။ ဝက်ဝံကြီးက ကြူးစုကို အတင်းကုတ်ဆွဲရန် ကြိုးစားသည်။ တာနားက အော်ဟောက်ရင်း ဝက်ဝံကြီးအား ရဲခင်းဖြင့် ဝင်ခုတ်၏။

အန္တရာယ်များလှသည် မှန်သော်လည်း ကြူးစုခုက္ခရောက်နေသည်ကို စိုးရိမ်ကာ အသက်ကိုပင် ပဓာနမထားဘဲ ပြေးဝင်တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေတော့သည်။

'ခုတ်'

'ဂရား'

တာနား၏ ရဲခင်းခုတ်ချက်ကြောင့် ဝက်ဝံကြီး အော်ဟစ်ရလေသည်။ ဝက်ဝံကြီးသည် ကြူးစုကို ဂရုမစိုက်တော့ဘဲ တာနားကို ပြေး၍ တိုက်ခိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြူးစု ... ပြေး ပြေး"

တာနား အော်ပြော၏။ သို့သော် ကြူးစု ထွက်မပြေးချေ။ တာနားသည် သူ့အတွက် အသက်စွန့်ကူညီခဲ့ပြီး သူက တာနားကို ထားပစ်ခဲ့ပြီး ထွက်ပြေးမည်မဟုတ်ပါ။ အံကို တင်းတင်းကြိတ်ကာ...

"သေပေတော့"

အော်ငေါက်ရင်း ဝက်ဝံကြီး၏ နောက်ကျောသို့ လှံဖြင့် အားကုန် ထိုးသွင်းလိုက်၏။

'ဂရား'

စူးရှသော အော်ဟစ်သံကြီး ထွက်ပေါ်လာသည်။ ဝက်ဝံကြီးမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။ ထိုအချိန်တွင် တာနားက အခွင့်အရေးကို လက်လွှတ်မခံဘဲ ရဲဒင်းဖြင့် ဆက်ကာ ဆက်ကာ ခုတ်ချလေတော့သည်။

'ခွပ် ခွပ် ခွပ် ခွပ်'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ နောက်ဆုံးတွင် ဝက်ဝံကြီး မခံနိုင်တော့ဘဲ မြေပေါ် ဝုန်းခနဲ လဲကျသွား၏။ အခြားဝက်ဝံများကား ထွက်ပြေးသွားကြပြီ ဖြစ်သည်။

တာနား နောက်ဆုတ်လိုက်သည်။ ကြူးစုကိုကြည့်ကာ —

"ကြူးစု ... မင်း ဘယ်လိုနေသေးသလဲ"

ဟု လှမ်းမေးလိုက်၏။ ကြူးစု၏ ဖခုံးမှ သွေးများ စီးကျနေ



ပါသည်။ ကြူးစု ခေါင်းယမ်းလိုက်သည်။

"ကျွန်တော့်အတွက် ဘာမှမပူပါနဲ့ ဦးလေးတာ၊ ကျွန်တော် ဘာမှ မဖြစ်ပါဘူး"

ဟု ပြောလိုက်၏။ တာနားက ဝက်ဝံကြီးဘက်သို့ ပြန်လှည့်လိုက်သည်။ ဝက်ဝံကြီးကား မလှုပ်မယှက် ငြိမ်သက်သွားချေပြီ။ တာနား သက်ပြင်းချလိုက်သည်။

"သူဟာ ဝက်ဝံအုပ်ရဲ့ ခေါင်းဆောင်ပဲ၊ ခေါင်းဆောင်ဆိုတာ ယော်သားတွေအတွက် ရှေ့က ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး အသေခံသွားတယ်၊ သူက တို့ကို အသက်ပေးပြီး တားဆီးခဲ့တဲ့အတွက် ကျန်တဲ့ဝက်ဝံတွေ လွတ်မြောက်သွားခဲ့ကြတယ် မဟုတ်လား၊ ဒါကို သေသေချာချာ ကြည့်ထား"

ဟု သင်ခန်းစာပေးလေသည်။ ကြူးစု ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် မှတ်ထားပါမယ် ဦးလေးတာ"

သူတို့နှစ်ယောက်သည် လွန်စွာမှပင် ကြီးမားလှသည့် ဝက်ဝံကြီးတစ်ကောင် ရရှိခဲ့သော်လည်း ဝမ်းမသာနိုင်ကြချေ။ ဝက်ဝံကြီးကိုသယ်ကာ အိမ်သို့ ပြန်လာခဲ့ကြလေတော့သည်။

✺ ✺ ✺

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

### ခုတောင်းမပြည့်သောအုံရောင်း

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ ဆယ့်ငါးရက်တင်း တင်း ပြည့်မြောက်သည့်နေ့တွင် ကြူးစု၏ ပန်းမှအဆင်ရာ သက်သာ ပျောက်ကင်းသွားလေသည်။

ကြူးချင်က သူ့အား ဂရုတစိုက် ပြုစုယုယခဲ့ခြင်းကြောင့်ဟု ဆိုနိုင်၏။ ကြူးဝမ်းခုံး ရှာဖွေလာသည့် ဆေးဝါးများက အစွမ်းထက် နေခြင်းကြောင့်လည်း ဖြစ်ပေသည်။

ခါတိုင်းဆိုလျှင် ယဉ်ယဉ်သည် သူတို့သားအဖနှစ်ယောက် တစ်စုံတစ်ခု ဖြစ်လာသည်ဆိုလျှင် ကိုယ်ဖိရင်ဖိ ပြုစုစမြဲပင်။ တန့်မေ ကို တွေ့လိုစိတ်များ ပြင်းပြနေသည်။ ဝေဒနာသက်သာပျောက်ကင်း သွားသည်နှင့် ရဟတ်ရဲတိုက်သို့ သွားရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ဆယ့်ငါးရက်တင်းတင်း ပြည့်မြောက်သည့်နေ့ တွင် ဝေဒနာသက်သာသွားပြီဖြစ်ရာ ရဟတ်ရဲတိုက်သို့ သွားရန် ●



တင် ပြင်ဆင်လေတော့သည်။

ဝက်စိကြီးနှင့် ရင်ဆိုင်သတ်ပုတ်ကာ အနိုင်ယူခဲ့သဖြင့် ကြူးစုသည် တောင်ပေါ်ရွာတွင် သူရဲကောင်းတစ်ယောက်အဖြစ် သတင်းမွှေးနေသည်။

နောင်တစ်နေ့တွင် ဖခင်ဖြေရာ နင်းမည့်သူဟုလည်း သတ် မှတ်ခြင်းခံရသည်။ အကယ်၍သာ ကြူးစုက ရဟတ်ရဲတိုက်ပိုင်ရှင် တာလိဘုရင်၏သားတော် တန့်ယုံ၏သမီး တန့်မေအား မေတ္တာ သက်ဝင်နေကြောင်း သိရှိသွားကြလျှင်မူ မည်သို့ဆိုကြအံ့နည်း။

သူတို့အားလုံးကို ရင်လေးစရာကောင်းလှကြောင်း ကြူး ● တွက်မိပါ၏။ သို့သော် လူသားပီပီ ဘာဆိုဘာမှ မတွေးတောခဲ့ပါ။

ရင်ထဲ၌ ဖြစ်ပေါ်လာသည့်ဆန္ဒကို အကောင်အထည်ဖော် ရန်သာ ကြိုးစားလေတော့သည်။ သူက ရဟတ်ရဲတိုက်သို့ သွားမည် ဆိုသည်ကို သိသွားလျှင် အားလုံးက ဝိုင်းပြီး တားဆီးကြလိမ့်မည်ဟု နားလည်သည်။ ထို့ကြောင့် မည်သူ့ကိုမျှ အသိမပေးဘဲ နံနက်မိုးမ လင်းမီ အိမ်မှထွက်လာခဲ့၏။ ညကတည်းက ကြိုတင်ထုပ်ပိုးထား သည့် ရိက္ခာနှင့်ငွေထုပ်ကို ယူခဲ့သည်။

မြင်းဇောင်းထဲမှ သူ၏မြင်းကို ထုတ်ယူပြီး ထွက်သွားမည် အပြုတွင် ...

"အစ်ကို ဘယ်သွားမလို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကြူးစု၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ ချက်ချင်း နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါ အိမ်တံခါးဝ၌ ကြူးချင် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ ကြူးစု မကျေမနပ် ဖြစ်သွားလေတော့သည်။

"နင် ဘာလုပ်မလို့လဲ"

"ဪ ... အစ်ကိုလေးက စောစောစီးစီး အလုပ်အပိုးတွေနဲ့ ဘယ်ကိုသွားမလို့လဲ ... သိချင်လို့ပါ"

"ငါ ဘယ်သွားသွား နင့်အပူပါသလား"

"ရှင်"

ကြူးချင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကြူးစုက ...

"စောစောစီးစီး နင်ကကော ဘာထွက်လုပ်တာလဲ"

"ကျွန် ... ကျွန်မ"

"ငါ သွားစရာရှိလို့ သွားတာ၊ မေမေမေးရင် မိုးမချုပ်ခင် ငါ ပြန်လာမယ်လို့ ပြောလိုက်"

"အစ်ကိုလေး ဘယ်ကိုသွားမလို့လဲ"

ကြူးချင်က ပေကတ်ပြီးမေးသည်။ ကြူးစု ပြုံးလိုက်သည်။

"ဘယ်ကိုသွားမလို့လဲ ... မှတ်ထားစမ်း၊ သိချင်တယ်ဆိုရင် ငါ့နောက် လိုက်ခဲ့ပေတော့"

ပြောပြီး မြင်းကိုဆွဲကာ ခပ်သွက်သွက်ထွက်သွားလေသည်။

"အင်း"

ကြူးချင်က နောက်မှလိုက်သွားလေသည်။ ကြူးစုက လှည့်မကြည့်ဘဲ ထွက်သွား၏။ အတော်ဝေးဝေးသို့ ရောက်သည်နှင့် မြင်းပေါ် ခုန်တက်ကာ မောင်းနှင်ထွက်သွားလေသည်။

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံ ထွက်ပေါ်လာသည်။ ကြူးချင်က ...

"အစ်ကို ... အစ်ကို ..."

အော်ခေါ်လိုက်သည်။ နောက်မှ ပြေးလိုက်လာလေသည်။ သူမ၏ခေါ်သံကြောင့် မိဘများ နိုးသွားမည်ကို ကြူးစု စိုးရိမ်မိ၏။ ထို့နောက် နောက်လှည့်မကြည့်တော့ဘဲ မြင်းကို တောင်အောက်သို့ ဒုန်းစိုင်း စီးနင်းသွားလေတော့သည်။

ကြူးချင်သည် လိုက်၍ မမီတော့သဖြင့် ခြေလှမ်းရပ်လိုက်ရ၏။ စောစောစီးစီး အိမ်မှ တိတ်တဆိတ် ထွက်လာကာ ကြူးစု ခိုးသည့်နေရာသို့ သွားသည်ကို သူမ၏ရင်ထဲ သိလိုစိတ်များ ပြင်းပြနေလေတော့သည်။

❋



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အရှေ့ဘက်မှ ပေါ်လာပြီးဖြစ်သည်။ မြောင်နယ်ခြားသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ကြူးစုသည် မြင်းမြူကြီးကို ဒုန်းစိုင်းနှင်နေ၏။

သူသည် ရဟာတ်ရဲတိုက်သို့ အမြန်ဆုံးအရောက်သွားနိုင်ရန် မရဏချောက်ကမ်းပါးကို ခုန်ကူးလာခဲ့သည်။ ထိုအကြောင်းကို ဖခင်ဖြစ်သူသာ သိရှိသွားမည်ဆိုပါလျှင် အကြီးအကျယ် ဒေါသထွက်သွားမည်ဟု ယုံကြည်ထား၏။

မြောင်နယ်ခြားတွင် မရဏချောက်ကမ်းပါးကို ခုန်ကျော်ခဲ့သူ များများစားစား ရှိလှသည်တော့ မဟုတ်ချေ။ မရဏချောက်ကမ်းပါးကို ခုန်ကူးခြင်း၊ ဝက်ဝံနှင့် ယှဉ်ပြိုင်သတ်ပုတ်ခြင်းစသည့် အရည်အချင်းများသည် မြောင်ဒေသမှ သူရဲကောင်းတို့၏ အရည်အချင်းများ ဖြစ်ပေ၏။

ကြူးစုသည် သူရဲကောင်းတစ်ယောက် ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ ရှိနေပြီဖြစ်သည်။ သို့သော် သူကိုယ်သူ မည်သို့သော လူစားဖြစ်သည်ကိုမူကား လုံးဝ သတိမပြုခဲ့ပါတကား။

ခွပ်ခွပ် ခွပ်ခွပ်'

ခြင်းချွတ် စည်းချက် ဝါးချက်ညီညီ ထွက်ပေါ်လာနေသည်။



ကြူးစုသည် မြင်းကို ရှေ့သို့ တစိုက်မတ်မတ် ခရီးနှင်နေလေသည်။ သူသည် ရဟာတ်ရဲတိုက်သို့ မရောက်မချင်း ရပ်နားမည်မဟုတ်ပါ။ လမ်းခရီးဝယ် မြို့ရွာများကို တွေ့ခဲ့ရသည်။

သူက မည်သည့်မြို့ရွာများ၌မှ ခေတ္တရပ်နားခြင်း မပြုသလို မြို့ထဲ ရွာထဲမှ မဖြတ်ဘဲ ခပ်ဝေးဝေးမှ ကွေ့ရှောင်ကာ ခရီးနှင်ခဲ့၏။ ရဟာတ်ရဲတိုက်ပိုင်နက်အား မြောင်မျိုးနွယ်များက ပြားပြားဝပ်အောင် တိုက်ခိုက်ချေမှုန်းမှုးခဲ့သည်။

ထို့ကြောင့် ရဟာတ်ရဲတိုက်ပိုင်နက်အတွင်းမှ လူများသည် မြောင်မျိုးနွယ်စုများကို မနှစ်မြို့ကြ၊ မကျေနပ်ကြချေ။ ရဟာတ်ရဲတိုက် ပိုင်နက်အတွင်းသို့ ခြေချမိသည်နှင့် မည်သူမဆို သူ့အား ရန်ပြုလာနိုင်သည်ဟု ကြူးစု ဆင်ခြင်မိသည်။

တမင်ပင် မြို့ရွာများကို ကွေ့ရှောင်ကာခရီးနှင်လာခဲ့ခြင်း ဖြစ်ပေတော့သည်။ အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ နေမွန်းတည့်ချိန်မတိုင်မီ အဝေး၌ ခန့်ညားထည်ဝါစွာ တည်ဆောက်ထားသည့် ရဟာတ်ရဲတိုက်အား လှမ်း၍ တွေ့မြင်လိုက်ရလေသည်။

ကြူးစု၏ရင်ထဲ လန်းဆန်း တက်ကြွလာသည်။ ရဟာတ်ရဲတိုက်သို့ရောက်လျှင် တန့်မေနှင့် တွေ့ရနိုင်သည် မဟုတ်ပါလား။ တန့်မေသည် သူ့အား ဆုတောင်းပြည့်ဘုံကျောင်း၌ စောင့်ဆိုင်းနေပါ မည်လော။

www.burmeseclassic.com

www.burmeseclassic.com



ကြူးစုသည် တောင်ကုန်းတစ်ခုပေါ်မှနေ၍ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်၏။ ထိုအခါ ရဟတ်ရဲတိုက်နှင့် များစွာမကွာဝေးလှသည့် တောင်ကုန်းတစ်ခုပေါ်၌ ဘုံကျောင်းတစ်ခု ရှိနေသည်ကို တွေ့မြင်ရလေသည်။ ကြူးစု စမ်းသာသွားသည်။

"တန့်မေပြောတာ ဒီဘုံကျောင်းပဲ ဖြစ်လိမ့်မယ်"

သူက ထိုနေရာသို့ ဦးတည်ကာ မြင်းမောင်းနှင်သွားလိုက်လေသည်။ ဘုံကျောင်းဆီသို့ သွားရာလမ်းကလေးမှာ သာသာယာယာ ရှိလှပေသည်။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် အရွက်ဖားဖား ကျနေသည့် ရှည်လျားမြင့်မားသော သစ်ပင်ကြီးများ စီတန်းပေါက်လျက်ရှိသည်။

သစ်ပင်ကြီးများ၏ ခြေရင်းဝယ် ရောင်စုံသော ပန်းများ ဝေဝေဆာဆာ ပွင့်ဖူးနေသည်။ လေပြည်လေညင်း ငြေ့ယမ်းတိုက်ခတ်လာသလို ကျေးငှက်သာရကာ ကလေးများသည်လည်း ပျံမှသည် ပျံဝဲလျက်ရှိသည်။

ပတ်ဝန်းကျင် သဘာဝ အလှအပတွင် ကြူးစု နစ်မျောသွားလေတော့သည်။ မြင်းကို ခြေလှမ်းမှန်မှန်ဖြင့် စီးနင်းသွား၏။ တဖြည်းဖြည်း တောင်ကုန်းကလေးတစ်ခု ခြေရင်းသို့ ရောက်လာသည်။ တောင်ကုန်းပေါ်သို့တက်ရန် ကျောက်လှေကားထစ်များ အစီအရီ



ဖောက်လုပ်ထားသည်ကို တွေ့မြင်နိုင်လေသည်။

တောင်ကုန်းခြေရင်း၌ ...

'ဆုတောင်းပြည့်ဘုံကျောင်းသို့'

ဟု ရေးသားထားသည့် ဆိုင်းဘုတ်ချိတ်ဆွဲထားသည်ကို တွေ့နိုင်၏။ တောင်ကုန်းပေါ်သို့ မြင်းဖြင့် တက်သွားနိုင်မည် မဟုတ်ပါ။ ကြူးစု သက်ပြင်းချလိုက်သည်။ မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး...

"ကဲ ... မင်းက ဒီမှာ ခဏစောင့်နေ၊ မကြာခင် ငါပြန်လာခဲ့မယ်"

မြင်းဖြူကြီးသည် သူ၏စကားကို နားလည်သည့်အလား ရှည်လျားစွာ တစ်ချက်ဟီလိုက်၏။ ကြူးစုက မြင်းဖြူကြီးအား သဘောကျစွာ ကြည့်လိုက်ပြီးမှ ကျောက်လှေကားထစ်များအတိုင်း တောင်ကုန်းပေါ် ပြေးတက်ခဲ့လေသည်။

တောင်ကုန်းပေါ်၌ ကျောက်ဖြူများဖြင့် ဆောက်လုပ်ထားသည့် ဘုံကျောင်းတစ်ခု ရှိနေပါသည်။ သူ့အား စောင့်မျှော်နေမည့် တန့်မေကို မျက်စိထဲ မြင်ယောင်လာသည်။

"ညီမလေးရယ် ... အစ်ကိုလာပါပြီကွယ်"

စိတ်ထဲမှ တီးတိုးရေရွတ်လိုက်သည်။ ခပ်သွက်သွက် ပြေးတက်သွားရာ ဘုံကျောင်းရှိရာသို့ ရောက်မှန်းမသိ ရောက်ရှိသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်းပတ်ဝန်းကျင်၌ လှည့်သူကင်းရှင်းနေပါ၏။ ကြူးစုက လှည့်ပတ်ရှာဖွေ ကြည့်လိုက်သည်။ ဘုံကျောင်းအပြင်ဘက်၌ မည်သူ့ကိုမှ မတွေ့ရသည့်အဆုံး ဘုံကျောင်းအတွင်းဘက်သို့ ဝင်လာခဲ့လေသည်။

ကြူးစုက ဘုံကျောင်းအတွင်းဝယ် တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာပါသော်လည်း တန့်မေအား မတွေ့ရသဖြင့် ရင်ထဲ၌ စိုးရိမ်မှုပန်လာသည်။

"တန့်မေ ဒီကိုမလာဘူးဆိုရင် ဘယ်နှယ်လုပ်မလဲ"

တွေးရင်း တွေးရင်း သူမအား တွေ့လိုစိတ်များ ပိုမိုပြင်းပြလာလေသည်။ ဘုံကျောင်းအတွင်းဝယ် လိုက်လံရှာဖွေ၍ မတွေ့သည့်အဆုံး အပြင်ဘက်သို့ လှမ်းထွက်လာခဲ့လေသည်။

ထိုစဉ် ...

"ဟီး ဟီး ဟီး"

တောင်ကုန်းအောက်ဘက်မှ မြင်းဟီသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ထိုမြင်းဟီသံများ သူ၏မြင်းကြီး၏ ဟီသံဖြစ်ကြောင်း ချက်ချင်းမှတ်မိလိုက်၏။

"ဟာ ... ငါ့မြင်းကို တစ်ယောက်ယောက်က လိုက်ဖမ်းနေပြီ ထင်တယ်"

လွတ်ခနဲ ရေရွတ်ကာ ကပျာကယာ ပြေးဆင်းသွားလေသည်။ ကျောက်လှေကားထစ်များကို ကျော်လွှားကာ ပြေးသွားပြီးလျှင် တောင်ကုန်းအောက်ဘက်သို့ ရောက်ရှိသွားသည်။



ထိုအခါ တောင်ကုန်းအောက်ဘက်၌ အဝါရောင် ဝတ်ဆင်ထားသူသုံးယောက်သည် သူ၏မြင်းဖြူကြီးအား ဝိုင်းဝန်းဖမ်းဆီးနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်သည် မြင်းဖြူကြီးက ပတာပ်ရပ်တာ စွာနှင့် ပေါက်နေသဖြင့် ဖမ်းဆီး၍ မရဘဲ ဖြစ်နေသည်ကို ဒေါသထွက်နေကြလေသည်။ တစ်ယောက်က ...

"ရှုပ်ပါတယ်ကွာ ... ဓားနဲ့ ခုတ်ချလိုက်ရအောင်၊ နောက်မှ အတ်ရာကို ပြန်ကုပေးတာပေါ့"

အခြားတစ်ယောက်က ...

"ကောင်းတယ် ... နို့မဟုတ်ရင် ဖမ်းလို့ ရနိုင်တဲ့အမြင် ငါတို့တောင် ခုကူရောက်ဦးမယ်"

ကျန်တစ်ယောက်က ...

"ဟေ့ ဟေ့ ... မလုပ်ကြနဲ့၊ ဒီလို မြင်းကောင်းတစ်ကောင် ဖမ်းမိဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး"

ဟု တားမြစ်လေသည်။ သူ၏ အဖော်နှစ်ယောက် မကျေမနပ် ဖြစ်သွားကြပြီး ...

"ဟေ့ ... ထိုင်ငါ ဒီအတိုင်းဆက်ရှိ ကြိုးစားနေမယ်ဆိုရင်

www.burmeseclassic.com



တို့ပဲ ဒုက္ခရောက်သွားမယ်ဆိုတာ မသိဘူးလား"

ဟု အော်ပြောလိုက်သည်။ ကြူးစုသည် အဝါရောင်ဝတ်ဆင်ထားသူ သုံးယောက် သူ၏ မြင်းအား ဝိုင်းဝန်း ဖမ်းဆီးနေသည်ကို ကြည့်ကာ ရယ်လိုစိတ်များ ဖြစ်ပေါ်လာသည်။

သို့သော် မြင်းဖမ်း၍ မရသဖြင့် ဒေါပွနေသူသုံးယောက်မှာ သူတို့အား လှောင်ပြောင်ကဲ့ရဲ့သည်ဟု အထင်မှားသွားမည်ကို စိုးရိမ်သဖြင့် ရယ်မောခြင်းမပြုမိရန် မနည်းထိန်းလိုက်ရသည်။ သူက ...

'ရှီး'

လေတစ်ချက် ချွန်လိုက်လျှင် မြင်းဖြူကြီးသည် ရှည်လျားစွာ ဟီလိုက်ပြီး ကြူးစုရှိရာသို့ ဦးတည်ပြေးလာလေတော့သည်။ အဝါရောင် ဝတ်ဆင်ထားသူသုံးယောက် ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

မြင်းဖြူကြီးသည် ကြူးစုထံ ပြေးလာပြီး ကြူးစုအား ဦးခေါင်းဖြင့် ပွတ်သပ်နေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

"ဟာ"

"ဘယ်လိုဖြစ်တာလဲ"

"မြင်းရိုင်းတစ်ကောင်လည်း မဟုတ်ပါလား"

တစ်ယောက်တစ်ပေါက် ပြောဆိုလိုက်ကြသည်။ ကြူးစုက



သူတို့သုံးယောက်အား ကြည့်လိုက်ပြီး ...

"ဒါ ကျွန်တော့်မြင်းပါဗျာ၊ ကျွန်တော် တောင်ပေါ်က အုံကျောင်းကို ခဏသွားတော့ သူ့ကို တောင်ခြေရင်းမှာ ထားပစ်ခဲ့တာပါ" ဟု ရှင်းပြလေသည်။

အဝါရောင်ဝတ်ဆင်ထားသူ သုံးယောက်နက် တစ်ယောက်က ...

"ဒါ မင်းရဲ့မြင်း ... ဟုတ်လား။ မြင်းကုန်းနှီးလည်း မပါပါလား"

ကျန်နှစ်ယောက်ကလည်း ...

"ဟုတ်တယ် ... ဟုတ်တယ်"

"မင်းက မြင်းစီးတယ်ဆိုရင် မြင်းကုန်းနှီးကို ခံပြီးစီးရမှာပေါ့"

ဟု ဝေဖန်ပြောဆိုကြလေသည်။ ကြူးစု ခေါင်းယမ်းလိုက်သည်။

"ကျုပ်ဟာ မြင်းကို ကုန်းနှီးမပါဘဲလည်း စီးတတ်အောင် လေ့ကျင့်ထားပါတယ်ဗျာ"

ထိုလူသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး တစ်ယောက်က ...

"ဒီအရပ်ဒေသမှာ မြင်းကို ကုန်းနှီးမပါဘဲ စီးနိုင်တာ မြောင်

www.burmeseclassic.com



ဒေသက လူတွေပဲရှိတယ်၊ ကေနွတော့ မင်းဟာ မြောင်ဒေသက လာခဲ့တာပဲ ဖြစ်ရမယ်"

ထိုလူ၏ စကားကြောင့် ကျန်လူနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ရဟာတ်ရဲတိုက်ပိုင်နက်မှ လူများသည် မြောင်မျိုးနွယ်စုများအား လွန်စွာမုပင် မုန်းတီးနေမိကြသည် မဟုတ်ပါလား။

ကြူးစုသည် အခြေအနေမဟန်မှန်း ရိပ်မိလိုက်သည်။ ထို့ကြောင့် ဘာမှ မပြောတော့ဘဲ မြင်းကို ဆွဲကာ လှည့်ထွက်လာခဲ့လေသည်။ ထိုလူသုံးယောက်က အလွတ်မပေးပါချေ။

"ရပ်လိုက်"

ဟန့်တားရင်း ကြူးစု၏ သွားရာလမ်းကို ပိတ်ဆို့ထားလိုက်ကြ၏။

"မိတ်ဆွေတို့ လမ်းဖယ်ပေးပါဗျာ၊ ကျုပ်မှာ အရေးကြီးတဲ့ ကိစ္စလေးတွေ ရှိနေပါတယ်၊ ဒါကြောင့် သွားပါရစေဗျာ"

ထိုလူသုံးယောက်သည် ကြူးစု တောင်းပန်လာသည်ကို မြင်လျှင် သဘောကျသွားကြသည်။ သုံးယောက်သား ...

"ဟား ဟား ဟား"

မြိုင်တူရယ်မောလိုက်မိလေသည်။ ကြူးစုက ...

"ကဲ ... မိတ်ဆွေတို့ကို အနူးအညွတ် တောင်းပန်ပါတယ်



ဗျာ၊ ကျုပ်ဘာသာ အေးအေးဆေးဆေး သွားပါရစေ၊ လမ်းဖယ်ပေးပါ"

ထိုလူသုံးယောက်သည် ကြူးစုအား ဝိုင်းရံထားလိုက်ကြပါသည်။

"မင်းက မြောင်နယ်ခြားက လာတာ မဟုတ်လား"

ကြူးစု ပါးစပ်ပိတ်ထားလိုက်၏။

"တောက် ... မင်းတို့က ရဟာတ်ရဲတိုက်ကို ဖျက်ဆီးပစ်ခဲ့တာ အားမရသေးဘူး အခုတစ်ခါ ဒုက္ခပေးဖို့ လာကြပြန်ပြီလား"

ကျန်လူနှစ်ယောက်လည်း စိတ်လှုပ်ရှားလာကြပြီး ...

"မထူးပါဘူးကွာ ... ဒီကောင်လေးကိုပဲ ဆုံးမလိုက်ကြတာပေါ့"

ဟု အော်ပြောလိုက်ကြသည်။ လက်သီးလက်မောင်းတန်းကာ ရှေ့တိုးလာကြသည်။ ကြူးစု မျက်လုံးပြူးသွားသည်။

"ခင်ဗျားတို့ ဘာလုပ်မလို့လဲ"

ဟန့်တားရင်း နောက်ဆုတ်လိုက်၏။ ထိုလူသုံးယောက်သည် ကြူးစုမှာ သူတို့အား ကြောက်ရွံ့ထိတ်လန့်နေသည်ဟု ထင်မှတ်သွားကြပုံ ရှိလေသည်။

သုံးယောက်နှင့်တစ်ယောက် ဖြစ်၍ ကြူးစုကို အလွယ်တကူ အနိုင်ရလိမ့်မည်ဟုလည်း ယုံကြည်ထားကြသည်။ တစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ကြည့်လိုက်ကြပြီး ...

"ဒီကောင်လေးကို မလွှတ်စေနဲ့ဟေ့"

ငြာသံပေးကာ မြေးဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။ သူတို့သည် သန်မာပြီး ခွန်အားကြီးသူများ ဖြစ်ကြသည်။ တိုက်ရည်ခိုက်ရည် ရှိခဲ့သူများလည်း ဖြစ်ပုံရသည်။

ကြူးစု ရင်ထိတ်သွားၓ်။ တစ်ခဏအတွင်းမှာပင် အဝါရောင် ဝတ်ဆင်ထားထားသူသုံးယောက်က သူ့အား ချောင်ပိတ်ဖမ်းမိတော့မလို ဖြစ်သွားသည်။

"ဟေ့လူတွေ ... ခင်ဗျားတို့ မှားမယ်နော်"

ထိုလူသုံးယောက်မှာ သူ၏စကားကို လုံးဝ အရေးမစိုက်ကြပါချေ။ ချောင်ပိတ်ဖမ်းမိတော့မည်ဖြစ်ရာ ဝမ်းသာနေကြပြီး တရကြမ်း ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။ ကြူးစု ဒေါသူသွားသည်။

"ခင်ဗျားတို့ တောင်းပန်လို့ မရဘူးလား"

သူ၏စကားကို မည်သူမျှ ဂရုမစိုက်ကြပါချေ။

"ကောင်းပြီ ... နောက်မှ ကျုပ်ကိုအဆိုးမဆိုကြပါနဲ့"

အော်ပြောကာ ခြေလက်များ အသုံးပြုပြီး ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

"အား"



"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာၓ်။ အဝါရောင် ဝတ်ဆင်ထားသူ သုံးယောက်မှာ မြေပေါ်လဲကျနေပြီ ဖြစ်သည်။ သူတို့သည် ချက်ချင်းပင် လူးလိမ့်ထလိုက်ကြလေသည်။ ကြူးစုကို မယုံကြည်နိုင်စွာ ကြည့်လိုက်ကြသည်။

"မင်း ... မင်း ..."

"ကျုပ်ပြောသားပဲ ... ခင်ဗျားတို့ကို မတိုက်ခိုက်ချင်ပါဘူးလို့၊ ကျုပ်ရဲ့လမ်းကို ကျုပ် သွားပါရစေဗျာ"

အဝါရောင်ဝတ်ဆင်ထားသူသုံးယောက် ပို၍ပင် မကျေမနပ် ဖြစ်သွားကြလေသည်။

"ဘာပြောတယ် ... မင်းက မတိုက်ချင်လို့ ... ဟုတ်လား"

"ငါတို့က ညှာလိုက်တာကို အခွင့်ကောင်းယူပြီး ပြန်တိုက်ခိုက်တာကိုများ ကြီးကြီးကျယ်ကျယ် ပြောစရာသေးတယ်"

"ကြာပါတယ်ကွာ ... ဒီကောင်လေးကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမလိုက်ကြတာပေါ့"

တစ်ယောက်တစ်ပေါက် ပြောပြီး ရှေ့တိုးလာကြပြန်လေသည်။

"ခင်ဗျားတို့နဲ့ ရန်မဖြစ်ချင်ပါဘူးဗျာ ... ကျုပ်ဘာသာသွားပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးယောက်က ...

"အခုမှတော့ မင်းက ထွက်သွားချင်လို့ ရှိရင်တောင်းဝန်လည်း ငါတို့ ခွင့်မလွှတ်တော့ဘူးကွ"

ပြောပြောဆိုဆိုဖြင့် ကြူးစုထံ ပြေးဝင်တိုက်ခိုက်ကြ၏။ ကြူးစုမှာ မည်သို့မျှ မတတ်နိုင်သည့်အဆုံး ပြန်လည် ခုခံတိုက်ခိုက်လိုက်လေတော့သည်။

အဝါရောင် ဝတ်ဆင်ထားသူသုံးယောက်၏ တိုက်ခိုက်မှုကို ပွတ်ကာသီကာ ရှောင်တိမ်းပေးလိုက်သည်။ ထို့နောက် အဝါရောင်ဝတ်ဆင်ထားသူတစ်ယောက်ထံ ပြေးဝင်လိုက်ပြီး ထိုလူအား ပခုံးပေါ် ထမ်းပင့်ပြီး ကိုင်ပေါက်ချလိုက်လေသည်။

'ဝုန်း'

"အား"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ ကိုင်ပေါက်မိလိုက်ရသူမှာ မြေပေါ်တွင် ခုန်ဆန့်ဆန့်ကြီးလဲကျကာ သတိမေ့မြောသွားလေတော့သည်။

ကျန် အဝါရောင်ဝတ်ဆင်ထားသူနှစ်ယောက် ဒေါသခြောင်းခြောင်း ထွက်သွားကြလေတော့သည်။

"ခွေးကောင်လေး"

"ငါတို့လူကို မင်းက တိုက်ခိုက်ဝံ့တယ်ပေါ့လေ ... သေပေ



တော့"

တစ်ယောက်တစ်ပေါက် အော်ပြောရင်း ကြူးစုထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။ ကြူးစုလည်း မတတ်သာတော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်ရလေသည်။

'ဝုန်း'

"အား"

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ အဝါရောင် ဝတ်ဆင်ထားသူနှစ်ယောက် မြေပေါ်လဲကျသွားလေတော့သည်။

ကြူးစုလည်း ဆက်၍နေလျှင် တိုက်ခိုက်နေရဦးမည်ကို စိုးရိမ်ကာ မြင်းဖြူကြီးပေါ် ခုန်တက်လိုက်သည်။ ထို့နောက် မြင်းပေါက်ကာ ခုန်းစိုင်းထွက်လာခဲ့လေ၏။ အဝါရောင်ဝတ်ဆင်ထားသူနှစ်ယောက်သည် မြေပေါ်မှ လူးလိမ့်ထလာကြ၏။

"သူခိုး ... သူခိုး"

"ပြေးပြီဟေ့ ... ပြေးပြီ"

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်ကြ၏။ သူတို့၏ အသံကြောင့် ကြူးစု ထိတ်လန့်သွား၏။ နောက်လှည့်ကာ ပြန်လည်တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာသည်။

သို့သော် ထိုလူများနှင့် တိုက်ခိုက်နေလျှင် သံသရာရှည်နေ

www.burmeseclassic.com

www.burmeseclassic.com



ဦးမည်ဖြစ်ကြောင်း တွေးမိသည်။ ထို့ကြောင့် နောက်လှည့်မကြည့်တော့ဘဲ ခုန်းစိုင်းနှင်လိုက်လေတော့သည်။

ဘုံကျောင်းသည် တစ်ခဏအတွင်းပင် အတော်ဝေးဝေး၌ ကျန်ရစ်ခဲ့သည်။ အဝါရောင် ဝတ်ဆင်ထားသူများနှင့် ဝေးလာပြီဖြစ်၍ စိတ်သက်သာရာ ရသွားပြီး သက်ပြင်းချမိစဉ် ...

"ရပ်လိုက်စမ်း"

ဟန့်တားသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ မြင်းစီးသမားတစ်စု သူ၏နောက်သို့ လိုက်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကြူးစု ပြုံးလိုက်သည်။ ရဟတ်ရဲတိုက်ပိုင်နက်မှ လူများသည် မြင်းစီးကျွမ်းကျင်ကြသည်မှာ မှန်ပါ၏။ သို့သော် မြောင်နယ်ခြားမှ မြင်းစီးသူရဲကောင်းများကိုကား မမီမည်မဟုတ်ပါ။

ထို့အပြင် သူ၏မြင်းသည် မြောင်နယ်ခြားတွင် အကောင်းဆုံး အမြန်ဆုံးဆိုသည့် မြင်းများစာရင်း၌ အပါအဝင် ဖြစ်နေသည်။ နောက်မှ လိုက်လာသူများကို အလွယ်တကူ မျက်ခြည်ပြတ်နိုင်ပေသည်။

"သူတို့ကို မညာပြလိုက်ဦးမှပဲ"

ထိုအခါ နောက်မှ လိုက်လာသူများ တစ်ခဏအတွင်းမှာပင် အနီးသို့ ရောက်ရှိလာကြတော့သည်။



"မပြေးနဲ့"

"ရပ်လိုက်စမ်း"

မြင်းစီးသမားများသည် တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြသည်။ ကြူးစုက နောက်လှည့်ကြည့်ကာ ...

"ခင်ဗျားတို့ မီအောင် လိုက်နိုင်လို့လား"

ပြီးလျှင် မြင်းဖြူကြီး၏ ဝမ်းဗိုက်ကို ခြေဖနောင့်ဖြင့် ခပ်ဆတ်ဆတ်ကလေး တို့လိုက်လေသည်။

'ဟီး ဟီး ဟီး'

မြင်းဖြူကြီးသည် ရှည်လျားစွာ ဟီလိုက်ပြီး ရှေ့သို့ မြားတစ်စင်းပမာ ပြေးထွက်သွားလေတော့သည်။ နောက်မှ လိုက်လာသည့် မြင်းစီးသမားများ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ပြေးပြီဟေ့ .... ပြေးပြီ"

"လိုက် ... လိုက်"

တစ်ယောက်တစ်ပေါက် အော်ပြောလိုက်ကြသည်။ ကြူးစု နောက်သို့ မြင်းခုန်းစိုင်းကာ လိုက်ကြမြန်သည်။ သူတို့၏မြင်းများသည် လျင်မြန်စွာ ပြေးနိုင်သည်ဆိုဦး ကြူးစုအား မီနိုင်မည် မဟုတ်ပါချေ။

ကြူးစုသည် ဝါးသုံးကိုက်ခန့်အကွာ ဝေးသွားအောင် မြင်းကို ထားခဲ့ပြီးမှ မြင်းဖြူကြီးကို အရှိန်လျှော့ချလိုက်သည်။ နောက်မှ လိုက်

www.burmeseclassic.com

www.burmeseclassic.com



လာသူများကို စောင့်ဆိုင်းနေလိုက်၏။

နောက်မှ လိုက်လာသူများမှာ ကြူးစုနှင့် တစ်စထက်တစ်စ နီးကပ်လာခြင်းကြောင့် အားတက်လာပြီး မြင်း ဒုန်းစိုင်းနှင်ကာ လိုက်ကြပြန်လေသည်။

ကြူးစု လက်ဝှေ့ယမ်းပြလိုက်သည်။

"မီအောင်လိုက်နိုင်ရင် လိုက်ကြပေတော့"

အော်ပြောကာ မြင်းကို ရှေ့သို့ တစ်ဟုန်ထိုး နှင်လိုက်၏။ ယခုတစ်ကြိမ် သူက ရပ်တန့်ခြင်း မပြုတော့သဖြင့် နောက်မှ လိုက်လာသူများမှာ တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့ပြီး နောက်ဆုံး မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

●

"သား ... ဘယ်ကိုသွားနေတာလဲ"

ယဉ်ယဉ်၏စကားသံ ထွက်ပေါ်လာသည်။ မိခင်၏မျက်နှာကို ကြည့်ရုံဖြင့် စိတ်ဆိုးနေမှန်း ကြူးစုရိပ်မိလိုက်လေသည်။

"သား မြင်းလျှောက်စီးနေတာပါ မေမေ"

"ဘယ်လို ... မြင်းလျှောက်စီးနေတယ် ... ဟုတ်လား"



"ဟုတ်ပါတယ်"

ယဉ်ယဉ် ဖြူးလိုက်သည်။ ကြူးစုအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

"သားက မေမေ့ကိုတောင် လိမ်ပြောတတ်နေပြီနော်"

ကြူးစု၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ မျက်နှာ ပျက်သွားပြီး မိခင်ဖြစ်သူကို မလုံမလဲ ကြည့်မိလေသည်။

"ကဲ ... ပြောစမ်းပါဦး သား ... တစ်နေ့လုံး ဘယ်တွေများ လျှောက်သွားနေတာလဲ"

ကြူးစု သက်ပြင်းချလိုက်သည်။ မည်သည့်နည်းနှင့်မျှ အမှန် အတိုင်း ပြော၍ မဖြစ်သည်ကို နားလည်မိသည်။

"သား လျှောက်လည်နေတာပါ မေမေ"

ယဉ်ယဉ်၏မျက်နှာ တင်းမာသွားသည်။

"ကဲ သား ... ဘယ်တွေများ လျှောက်လည်နေတယ်ဆိုတာ ပြောစမ်းပါဦး"

ဟု မေးလိုက်လေသည်။

"မရေအချောက်ကမ်းပါး အောက်ထဲကို ဆင်းကြည့်ဖို့ လမ်းရှာနေတာပါ"

"ဟင်"

မမျှော်လင့်သည့်စကား ကြားလိုက်ရသဖြင့် ယဉ်ယဉ် အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ကြူးစုကို မျက်လုံးဖြူးကာ ကြည့်လိုက်လေသည်။ ကြူးစုသည် လိမ်ညာပြောပြီးမှ မထူးတော့ဟု သဘောပိုက်ကာ ဆက်၍ ညာပြောလိုက်ရလေတော့သည်။

"ဟုတ်ပါတယ် မေမေ ... မရဏ ချောက်ကမ်းပါးကြီးဟာ တကယ့်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်၊ အောက်ဘက်မှာ ဘာရှိသလဲဆိုတာ သားသိချင်လို့ သွားပြီး"

"တော် တော် ... နောက်ကို သား ဘယ်တော့မှ ဒီလိုမလုပ်ရဘူး။ သား လုပ်ချင်တာရှိရင် လူကြီးမိဘတွေကို ပြောဆိုတိုင်ပင်ဖို့ ကောင်းတယ်၊ မတော်တဆ မရဏချောက်ကမ်းပါးအောက်ကို ကြိုးစားရင်း သား ဒုက္ခရောက်သွားမယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ"

ယဉ်ယဉ်သည် စိုးရိမ်စိတ်ဖြင့် ကြူးစုအား မြစ်တင်ပြောဆိုနေလေတော့သည်။ ကြူးစုက မှင်သေသေဖြင့် ခေါင်းငုံ့ကာ ရပ်နေသည်"

"မတော်တဆ သားက အောက်ဘက်ကို ဆင်းဖို့ ကြိုးစားရင်း ဒုက္ခရောက်ပါပြီတဲ့ သားမှ အဖော်မပါတော့ ဘယ်သူကူညီနိုင်မလဲ၊ သား ဒုက္ခရောက်တာကို ဘယ်သူသိနိုင်တော့မလဲ၊ ပိုဆိုးမကုန်ဘူးလား ... ပြောစမ်းပါဦး"

ကြူးစု သက်ပြင်းချလိုက်သည်။

"သား မှားသွားပါတယ် မေမေ"



"နောက်ဆို မရဏချောက်ကမ်းပါးအောက်ဘက်ကို ဆင်းဖို့ ဘယ်တော့မှ မကြိုးစားရဘူးနော်"

ကြူးစု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ မေမေ"

"သား မေမေ့ကို ကတိပေးတယ်နော်"

"ဟုတ်ကဲ့ ... ကတိပေးပါတယ် မေမေ"

ယဉ်ယဉ်ကျေနပ်သွားသည်။

"ကောင်းပြီ ... ထမင်းသွားစားပေတော့"

ဟု ပြောလိုက်၏။ ကြူးစုက ထမင်းပွဲပြင်ဆင်ထားသည့် အခန်းတွင်းသို့ ဝင်လာခဲ့သည်။ အခန်းတွင်းဝယ် ကြူးချင် ရှိနေပါသည်။ ကြူးချင်သည် သူ စားသောက်ဖို့အတွက် ဟင်းပန်းကန်များ ပြင်ဆင်ပေးနေ၏။ ကြူးချင် မျက်နှာကလေး ငယ်နေလေသည်။

သူ့အား မဝံ့မရဲဖြင့် တစ်ချက်ကြည့်ပြီး နောက်ထပ် မကြည့်တော့ချေ။ ကြူးစု ဒေါပွသွားသည်။ ကြူးချင်အနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွားပြီး ကြူးချင်၏လက်ကို ဖမ်းဆုပ်ရင်း ...

"နင်ပြောလိုက်တာ မဟုတ်လား"

ဟု မေးလိုက်လေသည်။ သူက အားနှင့် ဖျစ်ညှစ်လိုက်သည် ဖြစ်ရာ ကြူးချင်မှာ နာကျင်သွားပြီး မျက်ရည်များပင် စို့လာသည်။

"အား ... နာလိုက်တာ ... လက်ကို လွှတ်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကြူးစုက လုံးဝ လွှတ်မပေးဘဲ ပို၍ အားစိုက်ဖျစ်ညှစ်လိုက်တော့၏။

"ပြောစမ်း ... မေမေ့ကို နင်ပြောလိုက်တယ် မဟုတ်လား"

ကြူးချင်၏ မျက်ဝန်းအစုံမှ မျက်ရည်များ ကျဆင်းလာလေတော့၏။

"ဟုတ်ပါတယ် ... ကျွန်မပြောလိုက်တာပါ"

"နင်က ဘာဝင်ရှုပ်တာလဲ"

"မေမေက အစ်ကိုကို စောင့်ကြည့်ဖို့ မှာထားလို့ပါ"

"ဪ ... နင်က မေမေ့ရဲ့လူယုံပေါ့ ... ဟုတ်လား"

ကြူးချင် နှုတ်ခမ်းကိုက်ထားလိုက်လေသည်။ ကြူးစုက သူမအား တွန်းထုတ်လိုက်သည်။

"သွားစမ်း ... နောက် ငါ့ဘဝထဲလုပ်လုပ် ဝင်မရှုပ်နဲ့"

ဟုလည်း ငေါက်လိုက်၏။ ကြူးချင်သည် သူ့အား ထိတ်လန့်တုန်လှုပ်စွာ ကြည့်လေသည်။ သူမ၏ ဝိုင်းစက်ကြည်လင်သော မျက်လုံးများမှ မျက်ရည်များ စီးကျနေလေသည်။

"သွားဆိုတာ မကြားဘူးလား"

ကြူးစုက ထပ်ပြီးငေါက်လိုက်၏။ ကြူးချင်သည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုရှိုက်ရင်း ပြေးထွက်သွား၏။ သူမ ထွက်သွားပြီး မကြာမနှောင်းတွင် ယဉ်ယဉ်က အခန်းတွင်းသို့ လှမ်းဝင်လာသည်။ ကြူးစုမှာ ကြူးချင်းကို ပို၍ ဒေါသထွက်သွားသည်။



"တောက် ... ဒီကောင်မလေး မေမေ့ကို သွားပြီးတိုင်ပြောလိုက်ပြန်ပြီ ထင်တယ်"

"သား ... ညီမလေးကြူးချင်းကို ဆူပူကြိမ်းမောင်းလိုက်တယ် မဟုတ်လား"

ကြူးစုက ဘာမှမပြောဘဲ နေလိုက်၏။

"သူ ငိုပြီး ပြေးသွားတာ မေမေတွေ့တယ်"

ကြူးစု ငြိမ်မြဲ ငြိမ်နေသည်။

"သား ဘာကြောင့် ကိုယ့်ညီမလေးကို ဆူပူကြိမ်းမောင်းရတာလဲကွယ် ... သူ့ခမျာ သနားစရာကောင်းပါတယ်"

သူမ၏စကားမဆုံးမီ ကြူးစုက ကြားဖြတ်မေးလိုက်၏။

"မေမေ ဘာကြောင့် သူ့ကို ဒီလောက်တောင် အခွင့်အရေးပေး၊ မျက်နှာသာပေးထားရတာလဲ"

ယဉ်ယဉ် ပြုံးလိုက်၏။

"သား သိချင်တယ် ... ဟုတ်လား"

"ဟုတ်တယ် ... သားသိဖို့ လိုမယ်ထင်ပါတယ် မေမေ"

"ကောင်းပြီ ... သားသိချင်ရင် မေမေပြောပြမယ်"

ယဉ်ယဉ်သည် တည်ကြည်သော မျက်နှာထားဖြင့် ...

"မေမေကော မေမေပါ သားပညာသင်လို့ ပြန်သွားတဲ့အခါ

www.burmeseclassic.com



ကြူးချင်နဲ့ သားကို နေရာချထားပေးမယ်လို့ ဆုံးဖြတ်ထားကြတယ်လေ။ ဒါကြောင့်၊ သူ့ကို မျက်နှာသာပေးထားရတာပါပဲ”

ဟု ပြောလိုက်လေသည်။

“ဗျာ”

မမျှော်လင့်သော စကားကြားလိုက်ရခြင်းကြောင့် ကြူးစု ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

✺

နေမင်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်သည်။ နေခြည်ပေါ်ထွက်သည်နှင့် မြောင်နယ်ခြားဒေသတစ်ခုလုံး သာယာလှပလာသည်။

ကြူးစုသည် ကျောက်တုံးကြီးတစ်တုံးပေါ်၌ ထိုင်နေ၏။ သူ၏ ရှေ့တည့်တည့်ဝယ် မှိုင်းညို့ညို့ တောင်တန်းကြီး ရှိနေသည်။ ထိုတောင်တန်း၏ တစ်ဖက်တွင် တာလီပြည်နှင့် ဆက်စပ်လျက်ရှိသည့် ရဟတ်ရဲတိုက်နယ်မြေ ရှိနေသည်။

“မြောင်ဒေသကလူတွေဟာ တာလီပြည်မှာ ပညာသင်ရလည်း သုံးနှစ်ထက်တော့ မပိုဘူး။ နောက်တစ်နှစ် နှစ်နှစ်လောက်ဆို



ရင် မြောင်ဒေသကို ပြန်လာရမှာပဲ၊ ငါက ဒီမှာ ကြူးချင်နဲ့ အိမ်ထောင်ပြုပြီး တစ်သက်လုံး နေသွားရတော့မှာလား”

ကြူးချင်မျက်နှာလေးကို မြင်ယောင်လာသည်။ သူမသည် လှပချောမောပြီး ချစ်စရာကောင်းသူကလေး တစ်ယောက် ဖြစ်သည်။

မြောင်ဒေသတွင် ရှားမှရှားသော အလှပိုင်ရှင်ဖြစ်၏။ သို့သော် သူမသည် တာလီဘုရင်၏ မြေးတော်တန့်မေနှင့် ယှဉ်လိုက်လျှင်မူ ရွက်ကြမ်းရေကြိုအဆင့်သာ ရှိတော့မည် ဆိုရပေတော့မည်။

တွေးရင်း တွေးရင်း တန့်မေကို မှီ၍ သတိရလာတော့၏။ ရဟတ်ရဲတိုက်ဆီသို့ သွားလိုစိတ်များလည်း မြင်းပြလာသည်။

“ငါ သွားမယ်”

ကြူးစု ကောက်ကာငင်ကာ ဆုံးဖြတ်ချက်ချလိုက်၏။ ထို့နောက် ထိုင်ရာမှ ထကာ အိမ်ဘက်သို့ ခပ်သွက်သွက်လျှောက်သွားသည်။ အိမ်အနောက်ဘက်တွင် ယဉ်ယဉ်နှင့်ကြူးချင်တို့သည် နံနက်အချက်ပြုတ်ရင်း အလုပ်ရှုပ်နေကြသည်။

ကြူးဖမ်းခုံးမှာ ဖမ်းဟိုး၏ကျေးရွာသို့ သွားနေ၏။ ထို့ကြောင့် သူထွက်သွားရန် အခွင့်ကောင်း ရနေ၏။ အိမ်ရှေ့မှနေပြီး

“မမေ ... သား နှင်းတောကြီးဘက် ခဏသွားလိုက်ဦးမယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ပြောလိုက်သည်။ သူ၏ကောင်းသံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ...

"အေး အေး ... တောင်ပေါ်တော့ တက်မသွားနဲ့နော်၊ ဝက်ဝံတွေ သောင်းကျန်းနေတယ်"

ယဉ်ယဉ်၏ကောင်းသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟုတ်ကဲ့ မေမေ ... သားသွားတော့မယ်"

ပြောပြီး မြင်းစောင်းဘက်သို့ ကပျာကယာ ထွက်ခဲ့သည်။ သူ၏မြင်းဖြူကြီးသည် စောင်းအတွင်း၀ယ် သူ့အား စောင့်ကြိုနေပါသည်။

ကြူးရသည် အ၀တ်အစားမလဲနိုင်တော့သလို ငွေသည်လည်း တစ်ပြားတစ်ချပ်မှ မယူနိုင်ပါတော့ချေ။ မြင်းဖြူကြီးကို မြင်းစောင်းမှထုတ်ကာ ကပျာကယာ ထွက်လာခဲ့လေတော့သည်။

ဒုတိယပိုင်းပြီး

တတိယပိုင်း (တော်သိမ်း) ဆက်လက်ဖတ်ရှုပါရန်

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## ရဲ့သွေးနီနီလွမ်းတေးပန်ချီ

(တတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၃၉၉၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၁၀၆၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၈၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မိုးရွှေ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**နိုင်ငံတော်ဝန်ကြီး (ပြည်ထောင်စု) ၏ ဆောင်ပုဒ်** 

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

### အကျဉ်းသား

မွန်းလွဲသွားပြီ ဖြစ်သည်။ ကြူးစုသည် အနှောင့်အယှက် အတားအဆီး တစ်စုံတစ်ရာမျှ မတွေ့ရဘဲ ရဟတ်ရဲတိုက်အနီးသို့ အရောက်လာနိုင်ခဲ့ပြီ ဖြစ်လေသည်။

ယခု ကြူးစုသည် ရွာကြီးလေးရွာနှင့် ရဟတ်ရဲတိုက်အား အပေါ်စီးမှ တွေ့မြင်နိုင်သည့် တောင်ကုန်းတစ်ခုပေါ်ဝယ် ရောက်ရှိနေခြင်း ဖြစ်ပေသည်။

သူ့အနေနှင့် ရွာထဲဝင်ရန်သော် လည်းကောင်း၊ ရဟတ် ရဲတိုက်ဆီသို့ သွားရန်သော် လည်းကောင်း လွယ်ကူမည် မဟုတ်သည်ကို နားလည်သဘောပေါက်ထားသည်။

"ဟူး"

ကြူးစု သက်ပြင်းချလိုက်သည်။ တန့်မေအား တွေ့လိုပိုက်

www.burmeseclassic.com

www.burmeseclassic.com



မြင့် အခက်အခဲ အတားအဆီး အသွယ်သွယ်ကို ဖြတ်ကျော်လာခဲ့ပြီး မှ တန့်မေအား မတွေ့ရဘဲ ပြန်ရမည့်ကိန်း ဆိုက်နေပြီဖြစ်သည်။

"သူ့ကိုမတွေ့ရဘဲ ငါမပြန်ဘူး"

လူငယ်ပီပီ မာန်တင်းကာ ရေရွတ်လိုက်သည်။ မြင်းဖြူကို ပေါက်ကာ တောင်ကုန်းပေါ်မှ ဆင်းလာခဲ့သည်။ ဆုတောင်းပြည့် ဘုံကျောင်းသည် ရဟတ်ရဲတိုက်နှင့် ရွာကြီးလေးရွာကြားရှိ တောင်ကုန်းတစ်ခုပေါ်၌ တည်ရှိနေခြင်း ဖြစ်သည်။

မြင်းကို ခပ်သွက်သွက် နှင်လာခဲ့ရာ ဆုတောင်းပြည့် ဘုံကျောင်းအနီးသို့ပင် ရောက်ရှိလာလေသည်။ ကြူးစုက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက် ဘုံကျောင်းပေါ်သို့ တက်လာခဲ့သည်။ ကြူးစုက နတ်ရုပ်တု ရှေ့ဝယ် ဒူးထောက်ချလိုက်ပြီး တန့်မေနှင့် တွေ့ရပါလို့ ဆု ဆုတောင်းလိုက်လေသည်။ သူ ဆုတောင်းပြီး မရှေးမနှောင်း မှာပင် ...

"ဟာ ... ကောင်းလိုက်တဲ့ မြင်းပါလား"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ လေသည်။ ကြူးစု ရင်ထိတ်သွား၏။ ပထမတစ်ကြိမ် လာခဲ့စဉ်က လည်း သူ၏မြင်းဖြူကြီးကို လိုချင်မက်မောသူများနှင့် ပြဿနာဖြစ် ခဲ့ရသည် မဟုတ်ပါလား။ သူတွေးတောနေစဉ် ...



"ဒီမြင်းက တန်ဖိုးသေးမှာ မဟုတ်ဘူး"

"ဟုတ်တယ်ကွ ... မြင်းပိုင်ရှင်နဲ့တွေ့ရင် ရောင်းမလားလို့ မေးကြည့်ရအောင်"

"ကောင်းသားပဲကွ"

စကားသံများ ထွက်ပေါ်လာသည်။ ဘုံကျောင်းအပေါ် ဘက်သို့ တက်လာသည့် ခြေသံများကိုလည်း ကြားရလေသည်။ ဘုံ ကျောင်းအပေါ်ဘက်သို့ လူသုံးယောက် တက်လာကြလေသည်။ ကြူးစုက သိုးမွေးဖြင့် ထိုးထားသည့် ဦးထုပ်ကို မျက်နှာပေါ် ခပ်ငိုက် ငိုက် ဆောင်းထားလိုက်၏။

သူ၏ရုပ်သွင်ကို တိတိပပ သတိမပြုမိစေရန် အလွယ်တကူ ရုပ်ဖျက်လိုက်ခြင်း ဖြစ်လေသည်။ ဘုံကျောင်းပေါ်သို့ ရောက်လာသူ သုံးယောက်မှာ ကြူးစုနှင့် သက်တူရွယ်တူခန့်ရှိကြသော လူငယ် လူ ရွယ်များ ဖြစ်ကြလေသည်။

ထိုလူငယ်သုံးယောက်ကို မြင်လျှင် ကြူးစုမျက်နှာပျက်သွား တော့၏။

"ဒုက္ခပဲ"

ဟုလည်း လွှတ်ခနဲ ညည်းညူလိုက်သည်။ ထိုလူငယ် သုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာ တာလီနေပြည်တော်၌ ပညာသင်ရင်း စော်ကားမော်ကား ပြောလာသဖြင့် သူနှင့် ခိုက်ရန်ဖြစ်ခဲ့သူများပင်တည်း။

ထိုလူငယ်သုံးယောက်သည် သူ့အား တွေ့သွားလျှင် ကျိန်းသေ ဒုက္ခပေးကြပေလိမ့်မည်။ ကြူးစုက ရင်ဆိုင်၍ မဖြစ်မှန်းသိရာ နတ်ရုပ်ဓာတ်ထားသည့် အခန်း၏ တစ်ဖက်အခန်းဆီသို့ ခပ်သွက်သွက်ကူးသွားပြီး တံခါးနောက်ကွယ်၌ ရပ်နေလိုက်၏။

ထိုအချိန်တွင် လူငယ်သုံးယောက်သည် ဘုံကျောင်းပေါ်သို့ ရောက်လာကြပြီ ဖြစ်သည်။ သူတို့သည် ဘုံကျောင်းအတွင်းဝယ် လူသူတစ်ယောက်မျှ မတွေ့ရသဖြင့် ဟိုဟိုသည်သည် လှည့်ပတ်ရှာဖွေကြည့်လိုက်ပြီး တစ်ယောက်က ...

"ဘယ်သူမှ မရှိပါလားကွ"

ဟု ပြောလိုက်သည်။ ကျန်နှစ်ယောက်က ...

"ဟုတ်တယ်ဟေ့ ... တစ်ယောက်မှ မတွေ့ရဘူး"

"ဒါဖြင့် ဘုံကျောင်းအောက်က မြင်းဖြူကြီးဟာ ဘယ်သူ့မြင်းလဲ"

ကြူးစုက မလှုပ်မယှက် ငြိမ်သက်စွာ နားထောင်နေလိုက်သည်။ စကားသံများ ထွက်ပေါ်လာပြန်သည်။

"တစ်ယောက်ယောက်က လာပြီး စွန့်ပစ်ထားတာများလား သိဘူး"

"ဟာ ... ဟုတ်ပါ့မလားကွ"

"မင်း စဉ်းစားကြည့်ပေါ့၊ မြင်းတော့တွေ့တယ်၊ လူမတွေ့ ... ဘေးမဲ့လာပစ်ထားတာပဲ ဖြစ်မယ်"

"မင်းပြောတဲ့အတိုင်း မှန်ရင် ကောင်းတာပေါ့"

"အို ... လုပ်မနေနဲ့တော့၊ ပိုင်ရှင်မရှိလည်း တို့ယူသွားမယ်၊ ...ရှင်ပေါ်လာတော့လည်း တို့ဆီကို လိုက်လာမှာပေါ့၊ တန်ရာတန် ...ကြေးပေးပြီး ဝယ်ထားလိုက်ကြတာပေါ့"

တစ်ယောက်တစ်ပေါက် ပြောနေကြသည့်စကားများ ကြား... ... ကြူးစု ရင်ထိတ်သွားလေသည်။

"ဒုက္ခပဲ ... ငါ့ရဲ့မြင်းဖြူကြီးကို ယူသွားကြတော့မှာပဲ"

သူသည် ဘုံကျောင်းအပြင်ဘက် ထွက်နိုင်မည့်လမ်းကို ရှာ...လိုက်၏။ ထိုအခါ မလှမ်းမကမ်း၌ ပြတင်းပေါက်တစ်ခု ရှိနေသည် ...တွေ့ရ၏။

ကြူးစုလည်း ခပ်သွက်သွက် လျှောက်သွားပြီး ပြတင်း...က် တံခါးကို တွန်းဖွင့်လိုက်လေသည်။ ပြတင်းပေါက်တံခါး ပွင့်...လျှင် အပြင်ဘက် ဘုံကျောင်းလှေကားရင်းသို့တိုင် လှမ်းပြီး ...မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်သုံးယောက်သည် ကျောက်လှေကားထစ်များ အပိုင်း ပြေးဆင်းသွားကြသည်ကို တွေ့မြင်ရပေသည်။ မြင်းဖြူကြီးသည် ကျောက်လှေကားထစ်အဆုံး ဝဲဘက်ရှိ သစ်ပင်ကြီးတစ်ပင်အောက်၌ ရှိနေ၏။

ကြူးစုသည် ဘယ်သောအခါမှ မြင်းကို ချည်နှောင်ထားခြင်း မပြုချေ။ သူ၏မြင်းဖြူကြီးသည် လိမ္မာလွန်းရကား ချည်နှောင်ထားစရာမလိုခြင်းကြောင့် ဖြစ်ပေတော့သည်။

လူငယ်သုံးယောက်သည် မြင်းဖြူကြီးအနီးသို့ ရောက်လျှင် ချက်ချင်း ဝိုင်းရံထားလိုက်ကြသည်။ သူတို့အသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်ဝယ် လူသူကင်းရှင်းနေပြီး မြင်းဖြူကြီးနှင့်ပတ်သက်သူကို မတွေ့ရသဖြင့် တစ်ယောက်က ...

"ကဲ ... အချိန်ဖြုန်းနေမယ့်အစား တို့ယူပြီး သွားကြတာပေါ့"

တစ်ဆက်တည်းမှင် မြင်းဖြူကြီးကျောပေါ် ခုန်တက်လိုက်လေသည်။ ကြူးစု မနေနိုင်တော့ပါချေ။ ပြတင်းပေါက်မှ ခေါင်းပြူကာ စူးရှသော လေချွန်သံတစ်ချက် ပြုလိုက်၏။

'ရှီး'

လေချွန်သံ ထွက်ပေါ်လာသည်နှင့် ...



"ဟီး ဟီး ဟီး"

မြင်းဖြူကြီးသည် ရှည်လျားစွာ ဟီလိုက်ပြီး ပခေါ်ရပ်လိုက်လေသည်။ ကျောပေါ်ခွစီးထားသည့် လူငယ်ကို ခါချပစ်လိုက်၏။ မြင်းကုန်းနှီးမပါသဖြင့် လူငယ်သည် မြင်းဖြူကြီးလည်ပင်းကို သိုင်းဖက်ထားလိုက်ပါသော်လည်း ကြာကြာ ဖက်တွယ်နေနိုင်ခြင်း မရှိဘဲ

"အောင်မယ်လေးဗျ"

အော်ဟစ်ရင်း မြင်းပေါ်မှ ပြုတ်ကျသွားတော့၏။ သူ၏အဖော်နှစ်ယောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ၏။

"ဟေ့ ... မင်း ဘယ်နာသွားသေးသလဲ"

"တော်တော်ဆိုးတဲ့ မြင်းပဲ"

ထိုလူငယ် ကြီးကြီးကျယ်ကျယ် ထိခိုက်ဒဏ်ရာ ရသွားခြင်းမရှိသည်ကို တွေ့ရလျှင် ကျန်လူငယ်နှစ်ယောက် သဘောကျစွာ ရယ်မောလိုက်ကြတော့သည်။

"ဟား ဟား ဟား"

မြင်းပေါ်မှ ပြုတ်ကျသွားသည့်လူငယ် ဒေါ်ပွသွားသည်။

"မင်းတို့ ရယ်မနေနဲ့ ရအောင် ဖမ်းကြည့်စမ်းပါဦး၊ မင်းတို့ ဖမ်းလို့ ရမယ် မရဘူးဆိုတာ ငွေဒင်္ဂါးတစ်ထောင်ကြေး လောင်းကြေးအစ်လိုက်ချင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ၏ အဖော်နှစ်ယောက်အား စိန်ခေါ်လိုက်သည်။

"ငွေဒင်္ဂါး တစ်ထောင်ကြေး ... ဟုတ်လား၊ ကောင်းပြီ ... မင်း သေသေချာချာ ကြည့်ထားပေတော့"

တစ်ယောက်ကပြောပြီး မြင်းဖြူကြီးအနီးသို့ ချဉ်းကပ်သွားလေသည်။ မြင်းဖြူကြီးမှာ သူ့စီမံများ ဖြစ်သည်ကို သိထားရာ အစိအမံမခံဘဲ ဟီလျှက် ပတာပ်ရပ်လိုက်၊ ဦးခေါင်းကို ဟိုယိမ်း ဒီယမ်းဖြင့် ပတ်ချာလှည့်လိုက် လုပ်နေ၏။

ထို့ကြောင့် မြင်းဖြူကြီးအနီးသို့ ချဉ်းကပ်ရန်ပင် မလွယ်ဘဲ ဖြစ်နေသည်။ လူငယ်တစ်ယောက်မှာ မြင်းဖြူကြီးအား တက်စီးရန် ကြိုးစားနေချိန်ဝယ် အလစ်ချောင်းနေသည့် တတိယမြောက် လူငယ်က မြေပေါ်ခြေဆောင့်ကာ လွှားခနဲခုန်လိုက်ရာ မြင်းဖြူကြီး၏ ကျောပေါ်သို့ ကျရောက်သွားတော့၏။

'ဟီး ဟီး'

မြင်းဖြူကြီးသည် ရှည်လျားစွာ ဟီလိုက်ပြီး ပတာပ်ရပ်လိုက်လေသည်။ လူစီမံသုံးယောက်၏ ဝိုင်းဝန်းဖမ်းဆီးမှုခံရသည်ဖြစ်ရာ စိတ်ဆိုးနေပြီ ဖြစ်၏။ ပတာပ်ရပ်ပြီးသည်နှင့် ရှေ့၌ ရှိနေသည့် ဒုတိယလူငယ်ကို ခြေထောက်ဖြင့် တန်ကျောက်လိုက်တော့သည်။

'ခွပ် ခွပ်'



"အား"

ဒုတိယလူငယ်မှာ မြင်းခွာကြောင့် နဖူးပေါက်သွားပြီး မြေပေါ် ဖင်ထိုင်လဲကျသွားသည်။ မြင်းဖြူကြီးသည် တောအုပ်ထဲ ပြေးဝင်သွား၏။

သစ်တောထဲရောက်လျှင် ကျောပေါ်မှလူငယ်ကို ခါချသည်။ သစ်ပင်သစ်ကိုင်းများနှင့် ပွတ်တိုက်မိကာ မြေပေါ် ပြုတ်ကျသွားအောင် လုပ်သည်။

နောက်ဆုံးတွင် ခပ်နိမ့်နိမ့်ကျနေသည့် သစ်ကိုင်းတစ်ကိုင်းနှင့် ဝင်တိုက်မိရာ ...

'ခွပ်'

"အောင်မယ်လေး"

လူငယ်မှာ ခြေကားရား လက်ကားရားဖြင့် မြင်းပေါ်မှ ပြုတ်ကျသွားလေသည်။ မြင်းဖြူကြီးသည် ဘုံကျောင်းလှေကားရင်း သူ၏မူလနေရာ၌ ပြန်လည်ရပ်တန့်သွားသည်။ မြင်းဖြူကြီးအား ဖမ်းဆီးရန်ကြိုးစားသည့် လူငယ်လူရွယ်သုံးယောက်မှာ ထိပ်ပေါက် ခေါင်းကွဲ ဖြစ်ကုန်ကြချေပြီ။

"တောက် ... တော်တော်ဆိုးတဲ့ မြင်းပဲ"

"ဟုတ်တယ်ကွ၊ သူ့ကို တက်စီးဖို့ မပြောနဲ့ ... အနားကပ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကောင် မလွယ်ဘူး"

"ငါတော့ ဒီမြင်းကို မကျေနပ်ဘူး။ ဖမ်းလို့မရတဲ့အတူတူ သတ်ပစ်လိုက်ချင်တယ်"

"ကောင်းတယ်"

"ငါတို့ကို အနာတရ ဖြစ်အောင်လုပ်ရင် မြင်းကိုတောင် ချမ်းသာမပေးဘူးဆိုတာ သိရစေမှာပေါ့"

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။ ခါး၌ ချိတ်ဆွဲ ထားသည့် ဓားများလည်း ဆွဲထုတ်လိုက်ကြလေသည်။ ဘိုကျောက် ပြတင်းပေါက်မှနေ၍ အကဲခတ်ကြည့်နေသည့် ကြူးစု ရင်ထိတ်သွား လေသည်။

"ခုက္ခပဲ ... ငါ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး"

လူငယ်သုံးယောက်သည် မြင်းဖြူကြီးအနီးသို့ တရွေ့ရွေ့ ချဉ်းကပ်သွားနေကြပြီ ဖြစ်လေသည်။ ကြူးစု မနေနိုင်တော့ဘဲ ...

"ရပ်လိုက်"

ဟန့်တားရင်း ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန် ထွက်လိုက်သည်။ သူ၏ခန္ဓာကိုယ်မှာ ပေါ့ပါးစွာဖြင့် လူငယ်သုံး ယောက်ရှေ့သို့ ကျသွား၏။

'ဟီး ဟီး ဟီး'



မြင်းဖြူကြီးမှာ ကြူးစုရောက်လာသည်ကို တွေ့ရသဖြင့် ဝမ်းသာအားရ ထိလိုက်လေတော့သည်။ လူငယ်သုံးယောက်သည် ကြူးစုကိုတွေ့လျှင် မျက်လုံးပြူးသွားကြ၏။ နောက်သို့ ချက်ချင်း ဆုတ်လိုက်ကြသည်။

"မင်း ... မင်း ကြူးစုမဟုတ်လား"

ကြူးစုက အဖြေမပေးဘဲ ...

"လူလောက် အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်မြင်းတစ်ကောင် ကို ဘာကြောင့် အငြိုးထားပြီးသတ်ပစ်ချင်ရတာလဲ ... ပြောစမ်းပါ ဦး"

ကြူးစု၏ စကားကြားလျှင် လူငယ်သုံးယောက် ဒေါသ ချောင်းချောင်း ထွက်သွားကြလေတော့သည်။

"တောက် ... သခင်ကော မြင်းပါ တို့အနိုင်ယူသွားတယ်ဆို တော့ လူကြားလို့တောင် မကောင်းဘူး"

တစ်ယောက်က ကြိတ်မနိုင်ခဲမရ ရေရွတ်လိုက်သည်။ ထို နောက်တစ်ယောက်က ...

"အိုကွာ ... ဒါဟာ မြောင်နယ်မြား မဟုတ်သလို တာလီ မြည်တော်လည်း မဟုတ်ပါဘူး။ မင်းသားလေး တန့်ယုံ ပိုင်နိုင် ရမှာတဲ့ဆိုက်ဒေသပါ။ ဒါကြောင့် သူ့ကိုကောင်းကောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ချုံအောင်ဖြစ်နေနိုင်တယ်ကွ"

"ဟုတ်တယ်ဟေ့၊ ရဲတိုက်ပိုင်ရှင်ကို ပြောပြလိုက်ရင် ...
ဆောင် ပေးလိမ့်မယ် ... ကဲ ... တို့နှစ်ယောက်က သူ့ကို တားဆီးထား...
မယ်၊ မင်းက ဒီကောင်ကို ဆုံးမမယ့်လူတွေ မြန်မြန်သွားခေါ်စမ်း...

သုံးယောက်သား တိုင်ပင်ပြီး လူစုခွဲလိုက်ကြသည်။ ကြူး...
ခေါင်းယမ်းလိုက်သည်။

"မင်းတို့သုံးယောက်ဟာ တာလီနေပြည်တော်မှာ ငါ့...
စော်ကားမော်ကားလုပ်ခဲ့ကြတာ အားမရသေးဘူး၊ အခု ဒီမှာလည်း...
ဒုက္ခပေးဖို့ ကြိုးစားကြပြန်ပြီး မင်းတို့ မလွန်ဘူးလားကွ"

"စကားမရှည်နဲ့ ... မင်းထွက်ပြေးလို့ မရတော့ဘူးကွ"

လူငယ်သုံးယောက်သည် ကြူးစုအား ဝိုင်းရံထားရာမှ တ...
ယောက်ကနောက်သို့ မသိမသာ ဆုတ်သွားသည်။ ကျန်နှစ်ယော...
ကား ဓားကိုယ်စီ ဆွဲကိုင်ကာ ဝိုင်းရံထားလိုက်ကြ၏။ ကြူးစုက ...

"မင်းတို့ ငါ့ကို တားလို့မရပါဘူး"

ပြောပြီး မြင်းပေါ် ခုန်တက်လိုက်လေသည်။ လူငယ် နှ...
ယောက်က ...

"မင်း ဘယ်ပြေးမလဲ"

အော်ငေါက်ရင်း ဓားကိုယ်စီဖြင့် ပြေးဝင်တိုက်ခိုက်လိုက်...



...သသည်။ ကြူးစုက မြင်းပေါ်မှ မဆင်းဘဲ ခြေထောက်ကို ဝှေ့ယမ်း...
...ဘ ပြန်လည်တိုက်ခိုက်လိုက်၏။

'ခြွမ်း ခြွမ်း'

'ဝုန်း'

"အား"

လူငယ်နှစ်ယောက်မှာ လူတခြား ဓားတခြား လွင့်စဉ်သွား...
...လတော့သည်။

"ဟား ဟား ဟား ... မင်းတို့ ငါ့ကို ဘယ်တော့မှ အနိုင်မရ...
...နိုင်ဆိုတာ မှတ်ထားကြ"

ထို့နောက် မြင်းဖြူကြီးကို ဒုန်းစိုင်းကာ ထွက်သွားရန် ဟန်...
...ပြင်သည်။ ထိုစဉ်မှာပင် ...

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်
...ကို ကြားလိုက်ရလေသည်။ အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြ...
...သည်။ တစ်ယောက်က ...

"သူ လာပြန်ပြီ"

ဟု ပြောလိုက်သည်။ ကျန်တစ်ယောက်က ...

"ဟုတ်တယ်၊ တာလီနေပြည်တော်မှာလည်း သူကြောင့် ငါ

www.burmeseclassic.com



တို့က လက်လျှော့လိုက်ကြရတာပဲ”

“အခုကော”

သူတို့ မကျေမနပ် ပြောဆိုနေစဉ်မှာပင် ...

“ရှင်တို့ ဘယ်သူနဲ့ ရန်ဖြစ်နေကြဖြန်ပြီလဲ”

မြင်းလှည်း အိမ်အတွင်းမှ ချိုလွင်သာယာသည့် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကြူးစု မျက်လုံးပြူး သွားသည်။

“ဒါ ... ဒါ တန့်မေရဲ့အသံပါလား”

ဟုလည်း ရေရွတ်လိုက်မိလေသည်။ လူငယ်နှစ်ယောက် မကျေမနပ်ဖြင့် ကြူးစုကိုကြည့်ကာ ...

“တန့်မေရောက်လာလို့ မင်း ကံကောင်းသွားတယ် မှတ်ပါ”

ဟု ကြုံးဝါးလိုက်ကြသည်။ ထို့နောက် ချာခနဲ လှည့်ကာ ထွက်ပြေးသွားကြ၏။ သူတို့ ထွက်သွားကြပြီး မရှေးမနှောင်းမှာပင်

ခွပ်ခွပ် ခွပ်ခွပ်

မြင်းလှည်းသည် ဘုံကျောင်းရှေ့သို့ရောက်ရှိလာလေသည်။ ကြူးစုမျက်နှာ ပြုံးရွှင်သွားပြီး ...

“ညီမ တန့်မေ”

ဟု ဝမ်းသာအားရ ခေါ်လိုက်၏။ မြင်းလှည်း ရပ်တန့်သွားသည်။



“ကျွန်မကို ခေါ်တာ ဘယ်သူလဲ”

တန့်မေ၏ စကားသံ ထွက်ပေါ်လာသည်။ မြင်းလှည်းတံခါး ပွင့်သွားပြီး အတွင်းဘက်မှ လှမ်းထွက်လာသည်ကို တွေ့ရ၏။ သူမ သည် မြေပေါ် ခြေအစုံရပ်မိသည်နှင့် ကြူးစုကို သတိပြုမိသွားလေ တော့၏။

“ဟင် ... အစ်ကို”

“ဟုတ်ပါတယ် ညီမရယ် ... အစ်ကိုဟာ ညီမကို တွေ့ချင်လို့ မြောင်နယ်ခြားကနေပြီး ဒီကိုရောက်အောင် လာခဲ့တာပါ”

“အစ်ကို”

တန့်မေသည် ကြူးစုထံသို့ ခပ်သွက်သွက် ပြေးသွား၏။ ကြူးစုက လက်နက်ဖက်ဆန့်တန်းကာ ဆီးကြိုလိုက်၏။ တန့်မေ က ရင်ထဲပြေးဝင်လာသည့်အခါ ကြူးစုက အလိုက်သင့် ဆီးကြို ပွေ့ ဖက်ထားလိုက်သည်။

ထိုအခြင်းအရာကို ထွက်ပြေးသွားဟန်ဆောင်ပြီး သစ်ပင် များကြားမှ ချောင်းကြည့်နေသည့် လူငယ်နှစ်ယောက် တွေ့မြင်သွား ကြသောအခါ ...

“တို့တစ်တွေ မင်းသားလေးတန့်ယုံကို သွားပြောကြမယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟု တိုင်ပင်လိုက်ကြသည်။

"ကောင်းတယ် ... သွားကြစို့ဟေ့"

သူတို့သည် သစ်ပင်များကို အကာအကွယ်ပြုကာ ခပ်သွက်သွက် ထွက်ပြေးသွားကြလေတော့သည်။

❋

"အစ်ကို"

"ပြောပါ ညီမ"

"ညီမလေ နေ့စဉ်နေ့တိုင်း ဒီနေရာကိုလာပြီး အစ်ကို့ကို စောင့်မျှော်နေခဲ့တယ်ဆိုရင် အစ်ကိုယုံကြည်မှာလားဟင်"

"ယုံပါတယ် ညီမရယ် ... အစ်ကိုလည်း ညီမကိုတွေ့ချင်လို့ ပထမတစ်ခေါက် အရဲစွန့်ပြီး လာခဲ့ပါသေးတယ်"

"အစ်ကို တကယ်ပြောတာနော်"

"တကယ်ပေါ့"

တန့်မေသည် ကြူးစု၏ ရင်ခွင်ထဲ တိုးဝင်လိုက်၏။ သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖွေ့ဖက်



လိုက်ရင်း လောကကြီးတစ်ခုလုံးကို မေ့လျော့နေပေတော့သည်။

အချိန်မည်မျှ ကြာသွားမှန်းမသိ ...

"သခင်မလေး ... သခင်မလေး ..."

ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ တန့်မေက

"ဘာဖြစ်လို့လဲ"

ဟု လှမ်းမေးလိုက်သည်။ မြင်းလှည်းသမားက ...

"မြင်းခွာသံတွေ ကြားရလို့ပါ"

တန့်မေနှင့် ကြူးစုတို့ နားစွင့်လိုက်ကြသည်။ အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာနေသည်ကို ကြားရလေသည်။

"ညီမ,သွားမှ ဖြစ်မယ်ထင်တယ်"

ဤနေရာ၌ သူနှင့်တန့်မေတို့ နှစ်ယောက်တည်းရှိနေသည်ကို အခြားသူများ တွေ့မြင်သွားပါက တန့်မေအတွက် ထိခိုက်မည်ကို စိုးရိမ်မိလေသည်။

"အစ်ကို ... နောက်သုံးရက်ကြာရင် လာခဲ့နော်"

"စိတ်ချ ... အစ်ကိုလာခဲ့ပါ့မယ်"

"ကဲ ... ညီမသွားမယ်"

သူမသည် ချာခနဲလှည့်လိုက်ပြီး မြင်းလှည်းပေါ်သို့ တက်လိုက်သည်။ မြင်းလှည်းသမားက ခပ်သွက်သွက် မောင်းနှင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ မြင်းလှည်းသည် ဘုံကျောင်းအနောက်ဘက်မှ ကွေ့ပတ်မောင်းနှင်သွား၏။

ကြူးစုကလည်း မြင်းဖြူကြီးပေါ် ခုန်တက်လိုက်၏။ သူထွက်သွားရန် ဟန်ပြင်လိုက်စဉ် ...

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ မြင်းစီးသမားများသည် သစ်ပင်များအကြားမှ အလျှိုလျှို ထွက်ပေါ်လာပြီး ကြူးစုအား ဝိုင်းရံထားလိုက်ကြသည်။

"သူပဲ သူပဲ ... မြောင်နယ်ခြားက မြင်းစီးသူရဲကောင်းဆိုတာ သူပဲ၊ သူ့ကို မလွတ်စေနဲ့"

လူငယ်သုံးယောက်၏စကားကြားလျှင် ...

"ခွေးကောင်လေးကို မလွတ်စေနဲ့ဟေ့"

အော်ငေါက်ကာ ဓားလှံလက်နက်များ ဝှေ့ယမ်းကာ မြင်းခုန်းစိုင်းပြီး ပြေးဝင်လာကြ၏။ ကြူးစု ရင်ထိတ်သွား၏။ ရှင်းပြနေလျှင်လည်း အကြောင်းထူးမည် မဟုတ်သည်ကို နားလည်မိသည်။

"ကဲ သားကြီးရေ ... သူတို့လက်က လွတ်အောင် ပြေးလိုက်စမ်းပါဦး"

မြင်းဖြူကြီးသည် သူ့စကားနားလည်သည့်သဘော ရှည်



လျားစွာ ဟီလိုက်၏။ ထို့နောက် တစ်ဟုန်ထိုး ပြေးသွားတော့လေသည်။

"ပြေးပြီဟေ့ ပြေးပြီ ... လိုက်ကြ"

"ဟာ တစ်ခါတုန်းက ထွက်ပြေးလွတ်မြောက်သွားတာ ဒီကောင်လေးပဲ၊ ဒီတစ်ခါတော့ မလွတ်စေနဲ့တော့"

"လိုက်ကြ လိုက်ကြ"

ဆူဆူညံညံ အော်ဟစ်လိုက်ကြသည်။ ကြူးစု ပြေး၍ မလွတ်အောင် အချို့နောက်မှ လိုက်သွားကြပြီး အချို့ ဘေးမှ ပန်းကာ လမ်းပိတ်ကြ၏။

မြင်းစီးသမားများသည် ကြူးစု ထွက်ပြေးသွားနိုင်သည်ကို ရိပ်မိထားကြရာ လေးဖက် လေးတန်မှ ကြိုးစားကာ ဝိုင်းရံထားကြသည်။ ကြူးစုကို သူပုန်စူးသူပ်ဝိတ် ရင်ဆိုင်တိုက်ခိုက်ကြတော့၏။

'ခြွမ်း ခြွမ်း'

နေရောင်ခြည်အောက်တွင် ဓားရောင်လှံရောင် ဝင်းလက်တောက်ပြောင်သွားသည်။ မြင်းစီးသမားများက သူ့အား ပစ်ခတ်လိုက်သည့် ဓားမြှောင်များသည် အချင်းချင်းထိတွေ့မိကာ မြေပေါ်သို့ ပြုတ်ကျကုန်သည်။

"ဒီအတိုင်းဆိုင် သူတို့နဲ့ မတိုက်ခိုက်ဘဲ ထွက်ပြေးလို့တော့

www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူး"

မြင်းစီးသမားများသည် ဖြာသံပေးကာ ဓားလှံလက်နက်များ ဝင့်ကာ ပြေးဝင်လာကြ၏။ ကြူးစု ဦးတည်ရာ အရပ်တိုင်း မြင်းစီးသမားများ ပိတ်ဆို့နေသည်။

သူတို့သည် ထွက်ပေါက်မရှိအောင် ပိတ်ဆို့ဝိုင်းရံထားသည်ကိုပင် ကျေနပ်နေကြဟန် ရှိသည်။

"ဟေး ဟေး ဟေး"

"မင်း ဘယ်ပြေးမလဲ"

"ဝိုင်းတိုက်ကြဟေ့"

ဖြာသံပေးသံများ တစ်ခဲနက် ထွက်ပေါ်နေ၏။ မြင်းစီးသမားသုံးယောက်သည် ကြူးစုထံသို့ မြင်းဒုန်းစိုင်းကာ ပြေးဝင်လာသည်။ ကြူးစုမှာ လက်နက်မပါ။

"သေပေတော့"

အော်ဟစ်ကာ တစ်ယောက်က လှံဖြင့် ထိုးသွင်းလိုက်၏။ ကြူးစု၏ မျက်လုံးများ ပြာဝေသွား၏။ လက်တစ်ဖက်ဖွေ့ယမ်းကာ ထိုးသွင်းလိုက်သည့် လှံတံကို ဖမ်းဆွဲလိုက်၏။

ထိုအချိန်မှာပင် ကျန်မြင်းစီးသမားနှစ်ယောက်က ဓားများဖြင့် ခုတ်ချလိုက်သည်။ မြင်းစီးသမားများသည် သူ့အား အသေ



သတ်ရန် ကြိုးစားလိုက်ကြသည် မဟုတ်ပါလား။

"ကျုပ်က ခင်ဗျားတို့ကို ဘာလုပ်မိလို့လဲ၊ ကျုပ်မှာ ဘာများ အပြစ်ရှိလို့လဲဗျာ"

ဟု အော်ပြောလိုက်သည်။ ဖမ်းမိလိုက်သည့် လှံတံကို လည်း တအား ဆောင့်ဆွဲယူလိုက်၏။ လှံရှည်ကိုင် မြင်းစီးသမားသည် ကြူးစုက ဆောင့်ဆွဲလိုက်ခြင်းကြောင့် အားလွန်ပြီး မြင်းပေါ်မှ ခြေကားယား လက်ကားယား ပြုတ်ကျသွားတော့သည်။

လှံတံမှာ ကြူးစု၏လက်တွင်း၌ ကျန်ရစ်ခဲ့သည်။ ကြူးစုသည် လှံသမားကို အမိကထားနေသဖြင့် ဓားသမားနှစ်ယောက် ခုတ်ချလိုက်သည့် ဓားချက်များကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ပါသော်လည်း ဓားချက်တစ်ချက်ကိုသာ လွတ်အောင် ရှောင်နိုင်ခဲ့၏။

ဝဲဘက်မှ ခုတ်ချသည်ကို မရှောင်နိုင်ဘဲ ...

"အား"

ရှူးရှူးရှားရှား တစ်ချက် အော်ဟစ်လိုက်၏။ သူ၏ ဝဲဘက်ပခုံးမှ သွေးခြင်းခြင်း နီရဲသွားလေတော့၏။

"ထိသွားပြီဟေ့ ထိသွားပြီ"

"ဝိုင်းတိုက်ကြ"

"မလွတ်စေနဲ့ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



အော်သံဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာ ကြူးစု၏ မျက်လုံးများရဲရဲနီနေသည်။ သူသည် ဒေါသ အကြီးအကျယ် ထွက်နေပြီဖြစ်လေ၏။

အကြောင်းကား မြောင်နယ်ခြား၌ အမဲလိုက်ခဲ့စဉ်က တွေ့ ကြုံခဲ့သည့်အဖြစ်မျိုးနှင့် ရင်ဆိုင်နေရပြီဟု ဆင်ခြင်မိခြင်းကြောင့် ဖြစ် လေ၏။

မြင်းစီးသမားများသည် သူ့အား ဝိုင်းရံကာ အမဲလိုက်သလို ဝိုင်းဝန်း သုတ်သင်ရှင်းလင်းရန် ကြိုးစားနေကြသည် မဟုတ်ပါလား

ထို့ကြောင့်လည်း ဖြစ်လိုရာဖြစ်စေတော့ဟု သဘောပိုက် ကာ ပြန်လည်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။ လှံရှည်ကို လှယူရသည် နှင့် ချက်ချင်းပင် မြင်းပေါ်၌ ထရပ်လိုက်ပြီး သူ့အား ဓားဖြင့် ခုတ် ခဲ့သူထံ ထိုးသွင်းလိုက်၏။

ထိုလူမှာ ကြူးစုအား ဓားဖြင့်တစ်ချက် ခုတ်နိုင်ခဲ့သဖြ ဝင့်ကြွားနေပါ၏။ သူက ကြူးစုထံ ပြန်လည်ချဉ်းကပ်သွားရန် ကြိုး စားလိုက်၏။ ထိုစဉ်မှာပင် ကြူးစုက လှံဖြင့် ထိုးသွင်းလိုက်ရာ ...

"အား"

စူးရှစွာအော်ဟစ်ရင်း မြင်းပေါ်မှ တလိမ့်ခေါက်ကွေး ပြုတ် ကျသွားတော့၏။



"ဟာ"

"ငါတို့လူ ထိသွားပြီဟေ့"

"ဒီကောင့်ကို မလွတ်စေနဲ့"

"ဝိုင်းတိုက်ကြ ... ဝိုင်းတိုက်ကြ"

မြင်းစီးသမားများ ဒေါသတကြီး အော်ဟစ်လိုက်ကြ၏။ ချက်ချင်းပင် ကြူးစုအား ဝိုင်းရံတိုက်ခိုက်ကြ၏။ သူက မြင်းကို အ သေအချာ စီးနင်း၍ လှံကိုဇွေ့ယမ်းကာ အရပ်လေးမျက်နှာမှ တိုးဝင် လာသည့် ရန်သူများကို တရစပ် ခုခံတိုက်ခိုက်နေ၏။

မြင်းစီးကျွမ်းကျင်မှု၊ လှံကိုင်ကျွမ်းကျင်မှုနှင့် သတ္တိရှိမှုတို့ ပေါင်းစပ်လိုက်သောအခါ ...

'ဂုန်း'

"အား"

"အောင်မယ်လေး"

ရန်သူများသည် မြင်းပေါ်မှ တစ်ယောက်ပြီးတစ်ယောက် ပြုတ်ကျကုန်တော့သည်။ ထိုအခါ ရရှိလာသည့် အခွင့်အရေးကို လက် လွှတ်မခံဘဲ ကြူးစုက ထိုးဖောက်ထွက်လိုက်လေတော့သည်။

"ပြေးပြီ ပြေးပြီ ... အရှေ့ဘက်ကိုပြေးပြီ"

ဆူဆူညံညံ အော်ဟစ်သံများ ထွက်ပေါ်နေသည်။ နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားများ လိုက်လာကြသည်။ ထိုစဉ် ...

'ဝိုး'

'ဝုန်း'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည် တောလမ်းအတိုင်း ဒုန်းစိုင်းနှင်လာရင်း ရုတ်တရက် ချုံပုတ်များကြာ ၌ ကန့်လန့်ဖြတ်ထားသည့် ကြိုးတစ်ချောင်းကို ဝင်တိုက်မိလိုက်ပေ သည်။

ကြိုးတန်းကို ဝင်တိုက်မိလိုက်ရာ လမ်းဘေးတစ်ဖက်တ ချက်မှ ကြိုးများဖြင့် ဆိုင်းထားသည့် ဓားချွန်များ တရစပ် ပစ်လွ လာလေတော့သည်။ ကြူးစုက ...

"ယား"

ငြာသံပေးကာ မြင်းပေါ်မှ ခုန်ထွက်လိုက်လေသည်။ တ စဝ် ပစ်လွှင့်လာသည့် ဝါးချွန်များသည် ပတာစ်ရပ်လိုက်သည့် မြင်း ကြီး၏ တစ်ကိုယ်လုံး စိုက်ဝင်သွားလေတော့သည်။

"ဟီး ဟီး ဟီး"

မြင်းဖြူကြီးသည် ရှည်လျားစွာ ဟီလိုက်သည်။ မြေ ဘိုင်းခနဲ လဲကျသွားသည်။ မြေပေါ်၌ အကြောများဆွဲကာ ဆ ဆန့်ငင်ဖြစ်ကာ အသက်ထွက်သွား၏။ ထိုစဉ် ...



"ဟိုမှာဟေ့ ဟိုမှာ"

"မလွှတ်စေနဲ့ ဝိုင်းထား"

"တိုက်ကြဟေ့"

မြင်းပေါ်မှ ခုန်ထွက်လိုက်စဉ်က ကြူးစု လက်ထဲမှ လှံတံ သည် လွင့်စဉ်ကျသွားခဲ့သည်။ ထို့ကြောင့် ကြူးစုမှာ ပြေးဝင်လာ သည့် မြင်းစီးသမားအပေါ် ခုန်အုပ်လိုက်၏။

မြင်းစီးသမားများက သူ့အား ဓားဖြင့်ခုတ်ချလိုက်သည်။ ဘျာပြင်တွင် သုံးလက်မခန့် ရှည်လျားသည့် ဒဏ်ရာရရှိသွား၏။ ကြူးစုက မမှုဘဲ ထိုလူ၏လက်ထဲမှ ဓားကို လုယူပြီး မြင်းပေါ်မှ ခွန်းချပစ်လိုက်လေသည်။

မြင်းစီးသမားမှာ မြေပေါ် ခြေကားယား လက်ကားယား ပြုတ်ကျသွား၏။ ကြူးစုက မြင်းပေါ် အကျအန ထိုင်လိုက်သည်။ ၌နောက် ဓားရေးယမ်းကာ တစ်ဟုန်ထိုး ပြေးဝင်လာသူများကို ပြန် ည် တိုက်ခိုက်မှုကြောင့် တစ်ယောက်ပြီးတစ်ယောက် ပြုတ်ကျကုန် ည်။

လေးမြားယူဆောင်လာသူများက ကြူးစုအား မြားဖြင့် င်းပစ်ကြလေသည်။ မြားတံများ တဖွဲဖွဲ ပစ်လွှင့်လာသည်။ ကြူးစု ာ ဓားရေးယမ်းပြီး ကာကွယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြားတံများသည် သူ့အား မထိသော်လည်း ကြူးစုစီးနင်းထားသည့် မြင်းကြီးကို ထိမှန်သွားလေတော့သည်။ မြင်းကြီးသည် ရှည်လျားစွာ ဟီကာ မြေပေါ် ဘုန်းခနဲ လဲကျသွားလေတော့သည်။

ကြူးစုသည် မြင်းပေါ်မှ ပြုတ်ကျသွားပြီး မြေပေါ်လိမ့်ထွက်လိုက်၏။ မြင်းစီးသမားများသည် သူ့အား ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်။

ကြူးစု ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်လိုက်ပါသည်။ သို့သော် ရန်သူများမှာများပြားနေသည့်အပြင် တောလမ်းတစ်လျှောက်တွင် ထောင်ချောက်များ ဆင်ထားသည်ဖြစ်ရကား ...

'ဝုန်း'

ရုတ်တရက် နောက်သို့ ဆုတ်လိုက်ချိန်၌ ထောင်ချောက်ဆင်ထားသည့် ကျိုးတန်းတစ်ခုကို ဝင်တိုက်မိလိုက်လေသည်။ ထိုအခါ ကျယ်လောင်သော မြည်ဟည်းသံကြီး ထွက်ပေါ်လာပြီး ချုံပုတ်များကြားမှ ဆူးချွန်များ တိုးထွက်လာ၏။

ကြူးစုက ဆူးချွန်များကို ရှောင်တိမ်းလိုက်စဉ် အပေါ်မှ သစ်ကိုင်းသစ်ရွက်များ ဖုံးအုပ်ထားသည့် ကျိုးကွင်းထောင်ချောက်ကြီး ပြုတ်ကျလာပြန်သည်။ ကြူးစု ထိတ်လန့်သွား၏။

"ယား"



ဖြောသံပေးကာ ခုန်ထွက်ရှောင်တိမ်းလိုက်ပါသော်လည်း မလွတ်နိုင်တော့ဘဲ ကျိုးကွင်းထောင်ချောက်ကြီးက သူ့အပေါ် ဖုံးအုပ်သွားလေတော့သည်။

ကြူးစုမှာ ကျိုးများဖြင့်လုံးထွေးကာ မြေပေါ်လဲကျသွားလေသည်။ မြေပေါ်၌ လွတ်မြောက်ရန် ရုန်းကန်နေစဉ်မှာပင် မြင်းစီးသမားများသည် သူ၏အနီးသို့ ဝိုင်းအုံရောက်ရှိလာကြသည်။

"ချာဘ ... ချ"

တစ်ယောက်က အော်ပြောလိုက်သည်။ ကြူးစုမှာ ရှောင်မရတော့ပါချေ။

'ခွပ်'

မြည်သံတစ်ချက် ထွက်ပေါ်လာသည်။ ကြူးစုမှာ မသဲမကွဲ ညည်းညူကာ ငြိမ်ကျသွားလေ၏။ ရဟတ်ရဲတိုက်တောင်ဘက်ရှိ ရွာကြီး၏ ရွာအလယ်ပိုင်းတွင် စည်စည်ကားကား ဖြစ်နေလေသည်။

ရွာဘက်တွင် လူအုပ်ကြီး စုရုံးစုရုံး ရှိနေ၏။ ရွာသူ ရွာသားများသည် ကျိုးများဖြင့် တုပ်နှောင်ထားသည့် လူငယ်တစ်ယောက်ကို ဝိုင်းရံထားကြသည် မဟုတ်ပါလား။

ထိုလူငယ်မှာ ကြူးစု ဖြစ်လေသည်။ ကြူးစုသည် မြင်းစီးသမားများနှင့် ရင်ဆိုင်တိုက်ခိုက်ပြီးနောက် ထောင်ချောက်မိကာ

www.burmeseclassic.com

www.burmeseclassic.com



အဖမ်းခံလိုက်ရသည် မဟုတ်ပါလား။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည့် မြင်းစီးသမားများသည် ကြူးစုကို ဝိုင်းရံထားကြ၏။ မြင်းစီးသမားခေါင်းဆောင်က ရွာသူရွာသားများကို ဝေ့ကြည့်လိုက်ပြီး ...

"မြောင်နယ်ခြားကနေပြီး ကျုပ်တို့နယ်ထဲကို ကျူးကျော်ဝင်လာတဲ့လူငယ်တစ်ယောက်ကို ဖမ်းမိထားပါတယ်၊ သူဟာ ရဟတ်ရဲတိုက်ကို ဖျက်ဆီးဖို့ လျှို့ဝှက်စွာလာပြီး စုံစမ်းတာပါ၊ ဒါကြောင့် သူ့ကို ရွာသူရွာသားများရှေ့မှောက်မှာ သေဒဏ်ပေးရပါလိမ့်မယ်"

"ဟုတ်တယ် ဟုတ်တယ်"

"ကျုပ်တို့ရဲ့ဒေသကို ဖျက်ဆီးပစ်ခဲ့တဲ့ လူတွေကို ချမ်းသာမပေးနဲ့"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းအော်ဟစ်ကြလေတော့သည်။ ရွာသူရွာသားများ၏ အသံများသည် ရွာထဲ၌ ပွက်ပွက်ညံသွားသည်။

ကြူးစုမှာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပြီး ဦးခေါင်းမူးမူးဝေနေသည်။ ရွာသူရွာသားများ အော်ဟစ်နေကြသည့် စကားသံများကို ဗလုံးဗထွေးသာ ကြားနေရပါသည်။ မြင်းစီးသမား ခေါင်းဆောင်က ...



"ကဲ ... ကျုပ်တို့ရဲ့ ရဟတ်ရဲတိုက်ကို ဖျက်ဆီးဖို့လာတဲ့လူကို သုတ်သင်ရှင်းလင်းပစ်ပါတော့မယ်"

ပြောပြောဆိုဆို ကြူးစုအား ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

ရုတ်တရက် ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်။ အားလုံး လှည့်ကြည့်လိုက်ကြသောအခါ မြင်းစီးသမားတစ်စု ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းစီးသမားများသည် အဝါရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး လှံရှည်များ ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။ ရဟတ်ရဲတိုက်မှ မြင်းစီးသမားများ ဖြစ်ကြလေသည်။

ကြူးစုအား သုတ်သင်ရှင်းလင်းတော့မည့် အခြေအနေတွေ့လျှင် ခေါင်းဆောင်လာသည့် အသက်လေးဆယ်ခန့်ရှိသူက ...

"ဒါက ဘယ်လိုဖြစ်တာလဲဟေ့"

ဟု မေးလေသည်။ ကြူးစုအား ဖမ်းဆီးခဲ့သည့် မြင်းစီးသမား ခေါင်းဆောင်က ရှေ့သို့ထွက်လာပြီး အကျိုးအကြောင်း ရှင်းပြလိုက်လေ၏။ အသက်လေးဆယ်ခန့်ရှိသူက ...

"မြောင်နယ်ခြားက လာတဲ့လူဆိုရင် မဆင်မခြင် လုပ်ဖို့

www.burmeseclassic.com



ဘယ်ဖြစ်မလဲ၊ တိုတစ်ခါတုန်းက မြောင်နယ်ခြားဏ လူငယ်တစ်ဦး အသတ်ခံလိုက်ရတာကို အကြောင်းပြုပြီး မြောင်မျိုးနွယ်စုတွေက ရဟတ်ရဲတိုက်ကို ချေမှုန်းခဲ့ကြသေးတာပဲ၊ တို့က အရမ်းလုပ်လိုက်မယ်ဆိုရင် မြောင်ဒေသက မြင်းသည်တော်တွေနဲ့ ကျိန်းသေ ရင်ဆိုင်တိုက်ခိုက် ရမှာပဲ"

ထိုစကားကြားလျှင် ရွာသူရွာသားများသာမက မြင်းစီးသမားများပါ ထိတ်လန့်သွားကြလေတော့သည်။ မြောင်မျိုးနွယ်စုများ တိုက်ခိုက်လာပါလျှင် ရဟတ်ရဲတိုက်မှာ ခုခံနိုင်ခြင်း ရှိမရှိ ဆိုသည်မှာ မသေချာပါချေ။

မြောင်မြင်းသည်တော်များသည် အင်အားကောင်းပြီး တိုက်ရခိုက်ရမည်ကို မမှုသူများ ဖြစ်ကြောင်းလည်း အားလုံးသိထားကြလေသည်။

အသက်လေးဆယ်ခန့်ရှိသူက ကြူးစုအား ညွှန်ပြပြီး ...

"တကယ်လို့ သူ့ကို သတ်ပစ်လိုက်ပြီဆိုပါတော့ မြောင်မျိုးနွယ်စုတွေက မကျေနပ်လို့ ရဟတ်ရဲတိုက်ပိုက်နက်ကို ကျူးကျော်တိုက်ခိုက်လာကြမယ်ဆိုရင် ဘယ်လိုဖြေရှင်းကြမလဲ"

ဆူဆူညံညံ အသံများ ရုတ်ခြည်းတိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ကြူးစုနှင့်ပတ်သက်ပြီး မြောင်မြင်းသည်တော်များနှင့်



စစ်ခင်းရမည်ကိုတော့ မည်သူမျှ မလိုလားကြပါချေ။

အသက်လေးဆယ်ခန့်ရှိသူက ...

"ဒီကိစ္စကို ရဟတ်ရဲတိုက်ပိုင်ရှင်ပဲ ဖြေရှင်းနိုင်လိမ့်မယ်၊ ဒါကြောင့် သူ့ကို ကျုပ်တို့ခေါ်သွားမယ်"

ရွာသူရွာသားများ ချက်ချင်း သဘောတူလိုက်ကြလေသည်။ မြင်းစီးသမားများလည်း ကန့်ကွက်ခြင်း မပြုကြပါ။ အသက်လေးဆယ်ခန့်ရှိသူက ...

"သူ့ကို မြင်းပေါ် တင်ပေးလိုက်စမ်း"

ကြူးစုကို ညွှန်ပြရင်း ပြောလိုက်သည်။ မြင်းစီးသမားများက ကြူးစုကို မြင်းတစ်ကောင်ပေါ် တင်ပေးလိုက်ကြ၏။ ရဟတ်ရဲတိုက်မှ လူများသည် ကြူးစုအား ရဟတ်ရဲတိုက်သို့ ခေါ်ဆောင်သွားကြလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

### ဉာဏ်ကစားသည့်အကြံသမား

"အောက်အီးအီးအွတ်"

ကြက်တွန်သံများ ထွက်ပေါ်လာသည်။ အရှေ့ဘက်ဆီဝယ် ရောင်နီများ ပျို့အန်လာပြီး ဖြစ်လေသည်။ တစ်ညတာ ကုန်ဆုံးသွားပြီး တစ်နေ့တာ စတင်ခဲ့ပြီတည်း ...။

"အား ... ကျွတ် ကျွတ်"

မိုးစင်စင်လင်းလျှင် ကြူးစု အိပ်ပျော်ရာမှ နိုးလာ၏။

အနည်းငယ် လှုးလွန့်လှုပ်ရှားလိုက်သည်နှင့် သူ၏တစ်ကိုယ်လုံး နာကျင်သွားသည်ဖြစ်ရာ ညည်းညူမိလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်လျှင် လွန်စွာမှပင်ကြီးကျယ်ခမ်းနားလှသည့် အခန်းကြီးတစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကို တွေ့မြင်ရလေသည်။ ကြူးစု လှုးလိမ့်ထလိုက်သည်။



"ငါ ဘယ်ရောက်နေပါလိမ့်"

တွေးရင်းပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်မိပြန်သည်။ သူသည် အိစက်ညက်ညောသည့် မွေ့ရာကြီးခင်းထားသည့် ခုတင်ကြီးပေါ်၌ လဲလျောင်းနေခြင်း ဖြစ်သည်။

တွေးရင်း တွေးရင်း ရဟတ်ရဲတိုက်မှ လူများသည် သူ့အားခြင်းစီးသမားများက သတ်ဖြတ်ရန် ဟန်ပြင်နေကြချိန်ဝယ် ကယ်တင်ခဲ့ပြီး ရဟတ်ရဲတိုက်သို့ ခေါ်ဆောင်လာကြခြင်း ဖြစ်လေသည်။

ရဟတ်ရဲတိုက်သို့ရောက်လျှင် သူ၏ဒဏ်ရာများကို ဆေးကြောသုတ်သင်ကာ ဆေးထည့်ပေးကြသည်။ ထို့နောက် ဆေးတစ်ခွက် တိုက်လိုက်ကြ၏။

ဆေးသောက်ပြီး တစ်ခဏအကြာတွင် မျက်လုံးများ မှေးစင်းကာ အိပ်ပျော်သွားခြင်း ဖြစ်သည်။ အိပ်ရာမှ နိုးလာချိန်ဝယ် မိုးစင်စင်လင်းနေပြီ ဖြစ်လေသည်။ ကြူးစု တွေးတော စဉ်းစားနေစဉ် မှာပင် အခန်းတံခါးပွင့်လာပြီး လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ကုန်းချူးသည် ကြူးစုကိုတွေ့လျှင် သဘောကျစွာ ပြုံးလိုက်ပြီး ...

"သခင်လေးကြူးတော်င် အိပ်ရာကနိုးနေပြီကိုး ... ဒေဒနာ

www.burmeseclassic.com



သက်သာတယ် မဟုတ်လား"

ကြူးစုမှာ သူ့အား ဆေးဝါးကုသပေးခဲ့သည့် ကျေးဇူးကို ထောက်ထားကာ ကောင်းမွန်စွာ ပြန်လည်ဆက်ဆံလိုက်လေသည်။

"သက်သာသွားပါပြီ ခင်ဗျာ၊ ကျွန်တော့်အတွက် ဘာမှ မစိုးရိမ်ပါနဲ့"

"သခင်လေးကြူးဟာ ဘယ်ကတယ်လို ရဟာတ်ရဲတိုက် ပိုင်နက်ထဲကိုရောက်လာရတယ်ဆိုတာ ပြောပြပါလားဗျာ"

"ရဟာတ်ရဲတိုက်တောင်ဘက်က ဆုတောင်းပြည့်ဘုံကျောင်းမှာ အမွေးတိုင်တွေနဲ့ ပူဇော်ပသပြီး ဆုတောင်းမယ်ရင် ဆုတောင်းပြည့်တယ်လို့ ပြောကြတယ်၊ ဒါကြောင့် ကျုပ်က ဆုတောင်းဖို့ လာခဲ့တာပါ"

တုန်းချူး မျက်မှောင်ကြုတ်သွားသည်။

"ဆုတောင်းပြည့်ဘုံကျောင်းကို လာခဲ့တာ ... ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဆုတောင်းပြည့်ဘုံကျောင်းအကြောင်းကို မြောင်နယ်ခြားက လူတွေကော သိကြတယ်မဟုတ်လား"

"သိတာပေါ့ဗျာ ... တကယ့်ကို ဆုတောင်းပြည့်တယ်ဆိုတော့ မြောင်နယ်ခြားအထိ ကျော်ကြားတာပေါ့"



ကုန်းချူးက ...

"သခင်လေးကြူးက ဘာများ ဆုတောင်းချင်လို့လဲ"

"ခြော် ... ကျုပ်က မိန်းကလေးတစ်ယောက်ကို သဘောကျနေတယ်လေ၊ ဒါကြောင့် အဲဒီမိန်းကလေးနဲ့ ပေါင်းဖက်ရပါစေလို့ ဆုတောင်းခဲ့တာပေါ့ဗျာ"

ပြောပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။ ကုန်းချူး ပြုံးလိုက်သည်။

"လက်စသတ်တော့ သခင်လေးကြူးက ချစ်သူတွေ့နေပြီကိုး။ အခုလို ရဟာတ်ရဲတိုက်ပိုင်နက်ကို ကျူးကျော်ဝင်လာတဲ့အတွက် သခင်ကြီးကြူးကကော ဘယ်လိုသဘောထားမလဲ"

ကြူးစု ခေါင်းယမ်းလိုက်သည်။

"ကျွန်တော့်သဘောနဲ့ကျွန်တော် ထွက်လာတာပါ၊ ဖေဖေ သိပါဘူး"

"သခင်ကြီးကြူး သိရင်ကော"

"ဖေဖေသိရင် ကျွန်တော့်ကို အပြစ်ပေးမှာ သေချာပါတယ်"

"အင်း ... သခင်လေးကြူးဟာ ကိုယ့်အရေးပေးမယ့် အပြစ်ကိုတောင် မကြောက်ဘဲ ဆုတောင်းပြည့်ဘုံကျောင်းကို လာခဲ့တယ်

www.burmeseclassic.com



ဆိုတာ နည်းတဲ့သတ္တိ မဟုတ်ဘူးနော်"

"ကျွန်တော်က မိန်းကလေးတစ်ယောက်ကို နှစ်သက်နေတာကိုး၊ ဒါကြောင့် ဖေဖေဆူရင်လည်း ဆူပါစေတော့ဆိုပြီး အရဲစွန့် ထွက်လာခဲ့တာပါ"

"သခင်လေးကြူးက ဘယ်မိန်းကလေးကိုများ နှစ်သက်သဘောကျနေလို့လဲဗျ။ ဆုတောင်းပြည့်ဘုံကျောင်းမှာလာပြီး ဆုတောင်းရတယ်ဆိုတော့ သခင်လေးကြူးတို့ရဲ့ မေတ္တာရေးမှာ အခက်အခဲတွေ ရှိနေပြီထင်တယ်"

ကြူးစု သက်ပြင်းချလိုက်သည်။

"သိပ်မှန်တာပေါ့ဗျာ၊ ကျုပ်တို့နှစ်ယောက်ဟာ ဘယ်လိုမှ မဆုံစည်းနိုင်တဲ့ အခြေအနေမှာ ရှိနေကြပါတယ်"

"သခင်လေးကြူးက ဘယ်မိန်းကလေးကိုများ နှစ်သက်သဘောကျနေမိလို့လဲ"

ကုန်းချူးက ပညာရှိဝိဝိ လှည့်ပတ်ပြောဆိုပြီး စကားအစ်နေသည်ကို ကြူးစုရိပ်မိလေသည်။ ထို့ကြောင့် အပေါ်ထပ်သို့ လက်ညှိုးညွှန်လိုက်ပြီး ...

"ကျုပ် မိုးပေါ်က နတ်သမီးတစ်ပါးကို လိုချင်မက်မောနေလို့ဗျ။ ခင်ဗျား ကူပြောနိုင်ရင် ကူပြောပေးစမ်းပါဦး"



"နတ်သမီးဆိုတော့လည်း ခက်တာပေါ့ဗျ၊ တကယ်လို့များ ဟာတ်ရဲတိုက်ပိုင်နက်ထဲက ဖြစ်နေရင် ကျုပ် ကူပြောပေးနိုင်တာ ပါ"

ကြူးစု ပါးစပ်ပိတ်ထားလိုက်လေသည်။ ကုန်းချူးက ဆက် ပြောလိုက်သည်။

"ကျုပ်က ရဟာတ်ရဲတိုက်ပိုင်နက်ကဖြစ်ဖြစ်၊ တာလီနေပြည် ာ်ကဖြစ်ဖြစ် တစ်ယောက်ယောက်နဲ့ သခင်လေးကြူး အိမ်ထောင် သွားပါစေလို့ ဆုတောင်းနေတာပေါ့၊ ဒါဆိုရင် တာလီနဲ့မြောင် း နှယ်စုတွေ တစ်ခါတည်း ရွှေလမ်း ငွေလမ်း ဖောက်ပြီးသား ဖြစ် ားတာပေါ့"

ဟု ပြောလေသည်။ ကြူးစုရင်ထဲ လှုပ်ရှားသွားသည်။ ကုန်း းကို စိုက်ကြည့်မိသည်။ တာလီတို့ဘက်မှ ကုန်းချူးပြောသည့် ာ်ထားမျိုး အမှန်တကယ်ရှိနေကြသည်လော၊ သူ့အတွက် ယုံကြည် ခက်ခဲနေသည်။

"ကဲ ... သခင်လေးကြူးကို ရဲတိုက်ပိုင်ရှင်က တွေ့ချင်ပါ သးတယ်၊ ကျုပ်နောက်လိုက်ခဲ့ပါဗျာ"

ကြူးစု သက်ပြင်းချလိုက်သည်။ ရဟာတ်ရဲတိုက်သို့ ရောက် ပြီးနောက် ရဲတိုက်ပိုင်ရှင်နှင့် မတွေ့ဘဲ ရှောင်ရှား၍ ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ ထို့ကြောင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ"

ရဲတိုက်အတွင်းဘက်၌ ကျယ်ဝန်းသော ခန်းမဆောင်ကြီး တစ်ခုရှိ၏။ ထိုခန်းမဆောင်ကြီးအတွင်း၌ စားပွဲရှည်ကြီးတစ်လုံး ခင်းကျင်းထား၏။

စားပွဲပေါ်တွင် စားသောက်ဖွယ်ရာ ဟင်းလျာများ သစ်သီးဝလံများ၊ အရက်အိုးများ တင်ထား၏။ စားပွဲရှည်ကြီး၏ တစ်ဖက်ထိပ်တွင် ရွှေရောင်ကုလားထိုင်ကြီးတစ်လုံး ရှိနေပြီး လူတစ်ယောက်ထိုင်နေသည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

ထိုလူမှာ ရဟာတ်ရဲတိုက်ပိုင်ရှင် မင်းသားလေးတန့်ယုံ ဖြစ်နေလသည်။ အစောင့်အကြပ်များသည် ခန်းမ၏ ဝဲယာတစ်ဖက် တစ်ချက်တွင် စီတန်းပြီး ရပ်နေကြ၏။

သူတို့သည် ကျောက်ရုပ်များပမာ မလှုပ်မယှက် ရပ်နေကြလေသည်။ ခန်းမတွင်းသို့ ကြူးစုနှင့် ကုန်းချူးတို့ လှမ်းဝင်လာသည်။ ကုန်းချူးသည် တန့်ယုံအား ဦးညွတ် ဂါရဝပြုလိုက်ပြီး ...

"ရဲတိုက်ပိုင်ရှင် မင်းသားလေးခင်ဗျာ ... မြောင်မျိုးနွယ်ရခေါင်းဆောင် ကြူးဝမ်းခိုးရဲ့သား ကြူးစု ရောက်လာပါတယ်"

ဟု ပြောလိုက်သည်။ တန့်ယုံသည် ကြူးစု ဝင်လာကတည်း



က မျက်ခြည်မပြတ် အကဲခတ်ကြည့်နေသည်။ ကြူးစုသည် ယောကျ်ား ပီသပြီး ခန့်ညားသည့် ရုပ်သွင်ရှိသည်ကို သတိပြုမိ၏။

အထောက်တော်များ၏ သတင်းပေးချက်အရ ကြူးစုနှင့် သမီးတန့်မေတို့သည် ဆုတောင်းပြည့်တံကျောင်း၌ တွေ့ဆုံခဲ့ကြသည်ကို သိထားပြီး ဖြစ်သည်။

ကြူးစုနှင့် တန့်မေကို သူက မည်သည့်နည်းနှင့်မျှ သဘောတူနိုင်မည် မဟုတ်ပါချေ။ ထိုနည်းတူ ကြူးဝမ်းခိုးကလည်း သဘောတူမည် မဟုတ်ကြောင်း နားလည်ထားပါ၏။

ကြူးစုနှင့်တန့်မေတို့ တွေ့ဆုံကြသည့် သတင်းကြားလျှင် ကြူးစုအား သုတ်သင်ပစ်ချင်လိုစိတ်များ ဖြစ်ပေါ်ခဲ့၏။

သို့သော် ယန်ပွေးနှင့်ကုန်းချူးတို့၏ဖျောင်းဖျမှုကြောင့် ကြူးစု ယခုအချိန်အထိ အသက်ရှင်သန်နေခြင်း ဖြစ်ပေသည်။

ကုန်းချူးသည် ကြူးစုအား မည်သို့မည်ပုံ အသုံးပြုရမည်ကို ပြောပြခဲ့သည်မဟုတ်ပါလား။ သူတို့၏ အကြံအစည်ကို အကောင်အထည်ဖော်ရာတွင် ကြူးစုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လာခဲ့ပြီ ဖြစ်၏။

ကြူးစုသည် တန့်မေ၏အဖေနှင့် တွေ့ဆုံလိုက်ပြီဖြစ်ရာ သတိထားပြီး ဆက်ဆံရမည်ကို ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ တန့်ယုံက လက်ဇွေ့ယမ်းပြလိုက်ပြီး ...

"ထိုင်ပါ"

ဟု ပြောလေသည်။ ကြူးစု ထိုင်ချလိုက်၏။ တန့်ယုံက ...

"မင်းဟာ ဆုတောင်းပြည့်ဘုံကျောင်းကို လာခဲ့တယ်လို့ သတင်းကြားတယ် ... ဟုတ်လား"

ဟု မေးလိုက်သည်။ ကြူးစု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"မင်းက လူငယ်သဘာဝ မိန်းကလေးတစ်ယောက်နဲ့ မေတ္တာမျှပြီး အဆင်ပြေစေဖို့ လာပြီးဆုတောင်းတာဆို"

"ဟုတ်ပါတယ်"

"ကောင်းပြီ ... မင်း ဘယ်မိန်းကလေးကို သဘောကျနေသလဲဆိုတာ ပြောပါ"

ကြူးစု ရင်ထိတ်သွားသည်။ ကုန်းချူးအား သူက နောက်ပြောင်စံ့သော်လည်း တန့်ယုံကိုမူ နောက်ပြောင်ကျီစယ်ခြင်း မပြုဝံ့ချေ။ ထို့ကြောင့် ရုတ်တရက် အဖြေမပေးဘဲ ဖြစ်နေ၏။ တန့်ယုံက...

"မင်းပြောပြမယ်ဆိုရင် ကျုပ်တို့က မင်းကို အကူအညီ ပေးနိုင်တာပေါ့၊ မင်းဟာ တို့မိတ်ဆွေ ကြူးဝမ်းခုံးရဲ့သား ဖြစ်နေတယ် မဟုတ်လား၊ တကယ်လို့များ မင်းက ဆုတောင်းပြည့်ဘုံကျောင်းကို



လာချင်တယ်လို့ ကြိုပြီးပြောမယ်ဆိုရင် တို့က တခမ်းတနား ကြိုဆိုကြမှာပါ"

ဟု ပြောသည်။ ကြူးစု စိတ်လှုပ်ရှားလာသည်။ တန့်ယုံသည် လွန်စွာမှပင် သဘောကောင်းပြီး ဖော်ရွေသူတစ်ယောက် ဖြစ်သည်ဟုလည်း ထင်မှတ်လာလေသည်။

တန့်ယုံကို ကြည့်ရင်း ကြည်ညိုလေးစားလာ၏။ တန့်မေနှင့် သူ့ရဲ့မေတ္တာရေးရာသည် ထင်သလို အဟန့်အတားဖြစ်မည် မဟုတ်ဟုလည်း ထင်မှတ်လာမိသည်။

တန့်ယုံအား ဦးညွတ်လိုက်ပြီး ...

"အခုလို ကြားရတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ် ခင်ဗျာ၊ ကျွန်တော်ဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်လို့ တိတ်တဆိတ် လာခဲ့တာပါ"

ဟု ပြောလိုက်သည်။ တန့်ယုံ ရယ်မောလိုက်သည်။

"မင်းက ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တာနဲ့ အားလုံး ဒုက္ခရောက်ကုန်တယ်လို့ ပြောရတော့မှာပဲ"

"ဗျာ"

"မင်း စဉ်းစားကြည့်လေ ... မင်းကို လူမှားပြီး ဝိုင်းတိုက်ကြတယ်မို့ မဟုတ်လား။ မင်းရဲ့မြင်းတစ်ကောင် ဆုံးရှုံးသွားရတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား”

ကြူးစု သက်ပြင်းချလိုက်သည်။

“ဟုတ်ပါတယ်”

သူ၏မြင်းဖြူကြီးအတွက် နှမြောမိသလို ဝမ်းနည်းမိ၏

“မင်းအဏ်ရာတွေ ရခဲ့တယ်၊ ကျုပ်လူတွေသာ အချိန်မီ ရောက်မသွားရင် မလွယ်ဘူး”

ကြူးစု ပါးစပ်ပိတ်လိုက်သည်။

“တကယ်လို့သာ ကျုပ်လူတွေ အချိန်မီ မရောက်သွားခဲ့ ဘူးဆိုရင် မခက်ပါလား။ အလကားသက်သက် မြောင်မျိုးနွယ်စုတွေ နဲ့ တို့တစ်တွေ စစ်ပွဲကြီးတစ်ပွဲ မနွှဲရတော့ဘူးလား။ တစ်ချိန်တုန်း လည်း အထင်မှား အမြင်မှားပြီး ဒီလိုဖြစ်ပြီးပြီ၊ တကယ်ဆိုရင် မြော မျိုးနွယ်စုတွေရဲ့အင်အားကို ဘယ်သူမှ မယှဉ်နိုင်ကြပါဘူး”

ကြူးစု သက်ပြင်းချလိုက်၏။

“ကျွန်တော်လည်း ဒီလောက်အထိတောင် ဖြစ်လာလိ မယ်လို့ မထင်ခဲ့မိပါဘူး”

“အေး ... မင်းကို ဝိုင်းပြီး တိုက်ခဲ့ကြတဲ့ လူတွေကို အပြ ပေးလိုက်ဖို့ ကျုပ် အမိန့်ပေးလိုက်ပါပြီ”

“ဗျာ”



မမျှော်လင့်သော စကားကြားလိုက်ရလျှင် ကြူးစု ပါးစပ် အဟောင်းသား ဖြစ်သွား၏။ မြောင်ဒေသတွင် အပြစ်ကျူးလွန်မိသူ အတွက် အပြစ်ဒဏ်ခတ်သည်ဆိုလျှင် သေဒဏ်မှလွဲပြီး အခြား အပြစ်ဒဏ် မရှိတော့ချေ။

“မင်းရဲ့လက်ချက်နဲ့ လူတစ်ယောက်သေသွားတယ်၊ ငါး ယောက် အပြင်းအထန် ဒဏ်ရာရသွားကြတယ်”

“ကျွန် ... ကျွန်တော်”

“ဒါ မင်းအပြစ်မရှိပါဘူး။ သူတို့က မင်းကို ဝိုင်းပြီး တိုက် ခိုက်ကြတာကိုး၊ ဒီအတွက် ကျုပ်ကပဲ တောင်းပန်ပါတယ်၊ ကျေနပ် တယ် မဟုတ်လား”

“ကျွန် ... ကျွန်တော်”

“မင်း မကျေနပ်ဘူးဆိုရင် ကျုပ်က ...”

တန့်ယုံ၏ စကားမဆုံးမီမှာပင် ကြူးစု ကြားဖြတ်ဝင်ပြော လိုက်သည်။

“ကျွန် ... ကျွန်တော် ကျေနပ်ပါတယ်”

တန့်ယုံ ပြုံးလိုက်သည်။

“မင်း ဒီမှာ ဆက်ပြီးနေဦးမယ်ဆိုရင်လည်း နေပါ၊ ဒါမှ မဟုတ် ပြန်ချင်တယ်ဆိုရင်လည်း ပြောပါ ... ကျုပ်တို့ လိုက်ပို့ပေးပါ့

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မင်းရဲ့မိဘတွေဆီကိုလည်း အကြောင်းကြားထားလိုက်ပါ

"ကျွန်တော့်မိဘတွေဆီကို အကြောင်းကြားထားလိုက်ပြီ

ဟုတ်လား"

"ဟုတ်တယ်လေ ... မင်းပျောက်နေတယ်ဆိုတော့ သူ

လည်း စိတ်ပူနေကြမှာပဲ မဟုတ်လား"

"ဒုက္ခပဲ ... ဖေဖေနဲ့ ဘယ်လိုရင်ဆိုင်ရမလဲ"

ကြူးစု တီးတိုးရေရွတ်လိုက်လေသည်။ တန့်ယုံက ...

"တာ့လီနေပြည်တော်မှာ မင်းဟာ ကျူပ်သမီးနဲ့ အတူ

ပညာသင်ခဲ့တယ် မဟုတ်လား"

ကြူးစု ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဆို မင်းတို့အချင်းချင်း သိကြမှာပေါ့"

"ဟုတ်ကဲ့ ... သိပါတယ်"

"အတော်ပဲ ... ကျူပ်သမီးနဲ့ စကားပြောနေဦးပေါ့၊ ကျူ

လုပ်စရာရှိသေးတာလေးတွေ သွားလုပ်လိုက်ဦးမယ်"

ပြောပြောဆိုဆို ထိုင်ရာမှထသွား၏။ ကြူးစု ပင့်သက်

လိုက်သည်။ တန့်ယုံက ...

"ပညာရှိကြီး ... ကျူပ်ရဲ့သမီးကို ခေါ်လိုက်ပါ"



ဟု အမိန့်ပေးလိုက်လေ၏။ ကုန်းချူး ဦးညွတ်လိုက်သည်။

"ကောင်းပါပြီ သခင်ကြီး"

တန့်ယုံက ကြူးစုအား ပြုံးပြပြီး ထွက်သွားသည်။ ကုန်းချူး

က ကြူးစုကိုကြည့်ကာ ...

"သခင်လေးကြူး ... ဒီမှာခဏစောင့်နေပါ"

စကားဆုံးလျှင် ခပ်သွက်သွက် ထွက်သွား၏။ ကြူးစုကား

ယောင်ချာချာဖြင့် အခန်းတွင်းဝယ် ကျန်ရစ်ခဲ့သည်။ မကြာပါချေ။

ပေါ့ပါးသောခြေသံများ ထွက်ပေါ်လာလေသည်။

ကြူးစု လှမ်းကြည့်လိုက်သောအခါ အခန်းတွင်းသို့ တန့်မေ

ဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

"ညီမ"

ကြူးစု ထိုင်ရာမှထကာ လွှတ်ခနဲ ခေါ်လိုက်သည်။

"အစ်ကို"

တန့်မေက ပြေးလာသည်။ အစောင့်အကြပ်များသာ မရှိ

လျှင် သူမသည် ကြူးစု၏ရင်ခွင်ထဲသို့ ပြေးဝင်သွားမိမည် ဖြစ်သည်။

"အစ်ကို ... ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရယ်"

တန့်မေက စိုးရိမ်မကင်းသံလေးဖြင့် ပြော၏။ ကြူးစု ပြုံး

လိုက်သည်။

www.burmeseclassic.com



"ဘာမှ မပူပါနဲ့ ညီမရယ် ... အစ်ကို ဘာမှ မဖြစ်ပါဘူး"

"အစ်ကို သူများတွေနဲ့ ရန်ဖြစ်ခဲ့တယ်ဆို"

"သူတို့က အစ်ကို့ကို ဝိုင်းပြီး ဖမ်းဆီးဖို့ ကြိုးစားခဲ့တယ်လေ"

"ကံကောင်းလို့ပေါ့ ... သူတို့က အစ်ကို့ကို ဖမ်းမိသွားပြီး သတ်ပစ်ကြတော့မလို့ဆို"

"အခု ညီမရှေ့မှာ အစ်ကိုရောက်နေပြီလေ"

"တော်ပါသေးရဲ့ ... ရဲတိုက်ကလူတွေ အချိန်မီ ရောက်မသွားဘူးဆိုရင် သူတို့က အစ်ကို့ကို သတ်ပစ်လိုက်ကြမှာ သေချာတယ်၊ သူတို့ဟာ မြောင်နယ်ခြားကလူဆိုရင် အသေအလဲ မုန်းတီးနေကြတာ"

ကြူးစု မျက်မှောင်ကြုတ်သွား၏။ တန်ယုံ၏စကားနှင့် တန့်မေ၏စကား ကွာခြားနေသည် မဟုတ်ပါလား။ တန့်ယုံသည် မြောင်နယ်ခြားနှင့် ရွှေလမ်းငွေလမ်း ဖောက်လိုသည်ဟု ပြောခဲ့ပေသည်။

တန့်မေကမူ မြောင်နယ်ခြားမှ လူများကို အသေအလဲ မုန်းတီးသည်ဟု ဆိုနေသည်။ မည်သူ၏စကားကို ယုံကြည်ရမည်နည်း။ တန့်မေသည် လိမ်ပြောမည်မဟုတ်ဟု တွေးမိ၏။

ဤသို့ဆိုလျှင် တန့်ယုံသည် ...။

တန့်ယုံသည် လိမ်လည်ပြောခဲ့သည်ဆိုလျှင် သူ့အား



အဘယ်ကြောင့် ကောင်းကောင်းမွန်မွန် ဆက်ဆံနေရပါသနည်း။ တန့်ယုံနှင့် ကုန်းချူးတို့တွင် အကြံတစ်ခုခု ရှိမည်ဟု ဆင်ခြင်လာမိ၏

သို့သော် တန့်ယုံအား စော်ကားသလို ဖြစ်သွားမည်ကို စိုးရိမ်ကာ ထုတ်ဖော်မေးမြန်းခြင်း မပြုဘဲ နေလိုက်သည်။ တန့်မေက

"ဖေဖေက မေးတယ် ... ညီမနဲ့အစ်ကို ဘယ်လိုပတ်သက်နေသလဲ သိချင်တယ်တဲ့"

"သူက ဒီလိုပဲ မေးသလား"

"ဟုတ်တယ်"

ကြူးစု ပြုံးလိုက်၏။

"သူက အစ်ကို့ကိုတော့ တစ်မျိုးပြောခဲ့တယ်"

"ဟင် ... ဘယ်လိုများ ပြောခဲ့လို့လဲဟင်"

တန့်မေက စိုးရိမ်သည့်လေသံဖြင့် မေးသည်။

"သူကပြောတယ် ... အစ်ကိုဟာ မိန်းကလေးတစ်ယောက်ကို မေတ္တာသက်ဝင်နေတယ်ဆိုရင်လည်း ပွင့်ပွင့်လင်းလင်း ပြောပါတဲ့၊ မြောင်နယ်ခြားနဲ့ ရွှေလမ်းငွေလမ်းဖောက်ဖို့ သူမှာ ဆန္ဒရှိပါတယ်တဲ့"

"ရှင်"

"ဟုတ်တယ်ညီမရဲ့ ... ဒီလိုပဲ ပြောခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



တန့်မေ မျက်မှောင်ကြုတ်သွား၏။

"အစ်ကိုတော့ ဒီစကားကြားလိုက်ရတာ အားရှိလိုက်တာ၊ ညီမနဲ့အစ်ကို့အကြောင်းကို ဖွင့်ပြောလိုက်မလို့တောင် စိတ်ကူးလိုက်မိသေးတယ်"

"အောင်မယ်လေး ... မပြောလိုက်ပါနဲ့ အစ်ကိုရယ်"

တန့်မေက ကပျာကယာ ဟန့်တားလိုက်သည်။

"ဘာဖြစ်လို့လဲ ညီမရဲ့"

"အစ်ကို"

"ပြော ညီမ"

"ညီမ ဖေဖေအကြောင်းကို ညီမအသိဆုံးဆိုတာ အစ်ကိုယုံပါ၊ ညီမတို့ကိစ္စကို ဖွင့်ပြောလို့ မဖြစ်သေးဘူး"

"ဘာကြောင့်လဲ ညီမရဲ့"

"ဖေဖေ တကယ်စိတ်သဘောထား ပြောင်းလဲသွားပြီဆိုတာ ဟုတ်,မဟုတ် ညီမ စုံစမ်းကြည့်ဦးမယ်လေ"

"ခြော် ... ညီမရယ်"

ကြူးစု သက်ပြင်းချလိုက်သည်။

"အစ်ကို ... ဖေဖေက စိတ်ကြီးတယ်၊ နဂိုကတည်းက မြောင်နယ်ခြားလူတွေကို သဘောကျတာ မဟုတ်ဘူး၊ အစ်ကိုနဲ့ကျမှ



ဘာကြောင့် လိုက်လျောနေရတာလဲ"

"ညီမ ... တကယ်လို့သာ အစ်ကိုက ညီမဖေဖေကို အစ်ကိုတို့အကြောင်း ပြောပြလိုက်မယ်ဆိုရင်ကော"

"ဖေဖေသာ သဘောမတူဘူးဆိုရင် အစ်ကို အသက်ရှင်ဖို့မလွယ်တော့ဘူး"

"တကယ်လို့ ညီမဖေဖေက သဘောတူမယ်ဆိုရင်ကော"

"ရှင်"

ကြူးစုက ပြုံးစစဖြင့် ...

"အစ်ကိုမေးတာ ဖြေဦးလေ"

"ဖေဖေသဘောတူရင် ... ဟုတ်လား"

"ဟုတ်တယ်"

တန့်မေက ခေါင်းကလေးငုံ့သွားသည်။

"ဖေဖေ သဘောတူတယ်ဆိုရင်တော့ ဘာပြောစရာ လိုမှာလဲ အစ်ကိုရယ်"

"ဒါဖြင့် ညီမ စိတ်အေးအေးသာ ထားပေတော့"

"အစ်ကို ဖွင့်ပြောလိုက်တော့မယ် ... ဟုတ်လား"

တန့်မေ အထိတ်တလန့် မေးသည်။ ကြူးစု ခေါင်းငြိမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ မပြောသေးပါဘူး ညီမရယ်"

"ဒါဖြင့်"

"အရင်ဦးဆုံး အစ်ကို ဖေဖေ့ကို ပြောပြရဦးမယ်၊ ဖေဖေက သဘောတူတယ်ဆိုရင် လူကြီးချင်းနားဖောက်ခိုင်းတာ မကောင်းဘူးလား"

မြောင်မြင်းသည်တော်များအား မည်သူမျှ ယှဉ်နိုင်မည် မဟုတ်ဟု တန့်ယုံက ပြောသွားခဲ့သည်ကို ကြူးစုမှတ်ထား၏။ မြောင်မျိုးနွယ်စုတို့၏အင်အားစုများကို မယှဉ်နိုင်သလို ချစ်ကြည်ရင်းနှီးစွာ နေနိုင်ရေးအတွက် ရွှေလမ်းငွေလမ်းဖောက်လိုသည်ဟု စကားလမ်းကြောင်းခင်းထားရာ သူတို့၏မင်္ဂလာကိစ္စကို ငြင်းပယ်မည် မထင်ပါချေ။

တန့်ယုံသည် ဖွင့်ပြောလိုက်သည်နှင့် ကျိန်းသေလက်ခံမည်ဟု ကြူးစု တစ်ထစ်ချ တွေးထားလေသည်။

"အစ်ကို ... ကြည့်လည်းလုပ်ပါဦး"

ကြူးစု ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဘာမှ မပူပါနဲ့ ညီမရယ် ... ဒီကိစ္စကို ကျုပ်တာဝန်ထားစမ်းပါ"

ပြောပြောဆိုဆို တန့်မေ၏ လက်ကလေးကို ဆွဲယူဆုပ်ကိုင်ထားလိုက်၏။ ထိုစဉ် ...

"အမောင်း"

ချောင်းဟန့်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တန့်မေနှင့်ကြူးစုတို့ ကမျာကယာ လူချင်းခွဲကာ လှမ်းကြည့်လိုက်လေသည်။ ထိုအခါ ကုန်းချူးဝင်လာသည်ကို တွေ့ရလေသည်။ ကုန်းချူးက ဦးညွတ်လိုက်ပြီး ...

"သခင်လေးကြူး ... သခင်လေးရဲ့ဦးလေး ရောက်လာပါတယ်"

ဟု ပြောလာလေတော့သည်။

❋

တာနား၊ တာအင်းနှင့် ဝမ်းဟိုးတို့သည် စားပွဲတစ်လုံးဝယ် ခံတောင့်တောင့်ကြီး ထိုင်နေကြလေသည်။ သူတို့၏မျက်နှာများသည် ကျောက်ရုပ်များပမာ ခံစားချက်ကင်းမဲ့လျက် တင်းမာ ခက်ထန်နေကြလေသည်။

တန့်ယုံသည် သူတို့နှင့် မျက်နှာချင်းဆိုင် ထိုင်နေ၏။ တန့်ယုံ



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာကား ပြုံးရွှင်နေသည်။

"တကယ်လို့များ သူက လာချင်တယ်လို့ ကြို့တင်ပြီး အ... ကြောင်းကြားခဲ့မယ်ဆိုရင် ကျုပ်တို့က တခမ်းတနား ကြိုဆိုမှာပါ"

ဟု ပြောလေသည်။ သူ၏စကားကို မည်သူမျှ စိတ်ဝင်စားပုံ မပေါ်ကြချေ။ ကြူးစုထွက်လာမည့် တံခါးပေါက်ဆီကိုသာ အာရုံ... ရောက်နေ၏။

မကြာပါချေ။ ခြေသံများ ထွက်ပေါ်လာသည်။ ကုန်းချူးက ဦးစွာ လှမ်းဝင်လာသည်။ ကုန်းချူး၏နောက်မှ တာနှံမေနှင့်ကြူးစု... လိုက်ပါလာကြလေသည်။

ကြူးစုကိုမြင်လျှင် တာနားတို့သုံးယောက် လှုပ်လှုပ်ရှားရှား... ဖြစ်သွားကြ၏။ ထိုင်ရာမှ ပြိုင်တူ ထရပ်လိုက်ကြပြီး ...

"ကြူးစု"

ဟု ဝမ်းသာအားရ ခေါ်လိုက်ကြလေသည်။ ကြူးစုလည်း... ဝမ်းသာသွားလေသည်။

"ဦးလေးတာ"

သူက ခေါ်ရင်း ပြေးသွားသည်။ တာနားက သူ့အား ဆီး... ရှုပ္ပ ဖက်ကာ အပေါ်သို့ ကိုင်မြှောက်လိုက်၏။ တာနား မည်မျှ သ... စွမ်းသည်ကို သိနိုင်ပေတော့သည်။



တာအင်းနှင့်ဝမ်းဟိုးတို့ ပြုံးနေကြလေသည်။ အကယ်၍ ...သာ ကြူးစု တစ်စုံတစ်ခုဖြစ်သွားသည်ကို တွေ့ရလျှင် သူတို့ သည်း... ခံနိုင် ကြမည် မဟုတ်ပါချေ။

ရဟတ်ရဲတိုက်အတွင်းသို့ လက်နက်ကိုင်ဆောင်ကာ ဝင်... ...ာသည့်ဒြေသည်မှာ သူတို့သုံးယောက်သာ ရှိပေတော့သည်။ တာ... ...နားက ...

"မင်းရဲ့ မြင်းဖြူကြီးကို ဆုံးရှုံးလိုက်ရပြီ ဟုတ်လား"

ဟု မေးလိုက်လေသည်။ ကြူးစုက ပြုံးရုံသာ ပြုံးနေပြီ... ...ာမှမပြောချေ။ ဝမ်းဟိုးက ...

"မြင်းဖြူကြီး ဆုံးရှုံးလိုက်ရတာ တော်သေးတာပေါ့ ... ...ာယ်လို့သာ ရဟတ်ရဲတိုက်ကလူတွေ အချိန်မီ ရောက်မသွားဘူး... ...ရင် မင်းအတွက် အသက်အန္တရာယ်တောင် ရှိနိုင်တယ်၊ မင်းက ...ကြောင့် တို့ကို အသိမပေးဘဲ ထွက်သွားရတာလဲ"

ကရုဏာဒေါသဖြင့် ပစ်တင်ပြောဆိုလိုက်လေသည်။ ...ဟိုး၊ တာနား၊ တာအင်းနှင့် ဟန်စန်းတို့မှာ သူ့အား ပညာသင်ပေး... ...ခဲ့သည့် လက်ဦးဆရာများ ဖြစ်ကြသည်။

ထို့ကြောင့် သူ့အား ဆူပူကြိမ်းမောင်းသော်လည်း ကြူး... ...ဆိုးပါ။ ကြူးဝမ်းခုံးကိုယ်တိုင်ကလည်း သူတို့အား ကြူးစုကို

www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှက်ဆုံးမရန်အထိ အိပ်နံ့ထားလေသည်။

ထထအင်းက ...

"မင်း အမေနဲ့အမေ ဘယ်လောက်စိတ်ပူနေကြတယ်ဆိုတာ မင်းသိရဲ့လား။ မင်းအမေက မရဏချောက်ကမ်းပါးအောက်ကို မင်း သွားမယ်ထင်တယ်လို့ ပြောတော့ တို့တစ်တွေ ဆင်းရှာဖို့ ကြိုးစားခဲ့ ကြသေးတယ်"

"ဗျာ"

ကြူးစု အံ့ဩထိတ်လန့်သွားသည်။ မရဏချောက်ကမ်းပါး အောက်သို့ မည်သူမျှ ဆင်းဝံ့ကြသည် မဟုတ်ပါ။ သူ့အတွက် ဆင်း ရှာရန် ကြိုးစားကြခြင်းမှာ သူ့အပေါ် မည်မျှ သံယောဇဉ်ရှိကြသည် ကို သိနိုင်ပေတော့သည်။

တာအင်းက ဆက်ပြောသည်။

"မင်းအမေက တားလို့ပေါ့။ နို့မဟုတ်ရင် ငါတို့လည်း ဘာ ဖြစ်မယ် မပြောနိုင်ဘူး"

ကြူးစုက ဦးညွှတ်လိုက်သည်။

"မပြောမဆို ထွက်လာမိတာ ကျွန်တော့် အမှားပါ။ ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ"

တာအင်းက ...



"အေးလေ ... ငါတို့ကတော့ မင်း ဘေးမသီရန်မခရှိနေ ဘယ်ဆိုရင် ပြီးတာပါပဲ၊ မင်းအမေကျေနပ်အောင်သာ တောင်းပန်ဖို့ ဦးစားထားပေတော့"

ကြူးစု ဝင့်သက်ရှိုက်လိုက်သည်။ သူ၏ဖခင်မှာ နိုင်ကျည် ပြတ်သားသော စိတ်ဓာတ်ရှိသူ ဖြစ်သည်။ မြောင်မျိုးနွယ်စုများအ တွက် ရှေ့ဆုံးမှ မားမားမတ်မတ်ရပ်ကာ အသက်စွန့်ဝံ့သူ ဖြစ်သည်။

သူ၏ဖခင်နှင့် ရင်ဆိုင်ရမည်ကို ဝန်လေးနေမိတော့သည်။ ညည်သို့ဆိုစေ ရင်မဆိုင်ဘဲ ရှောင်လွှဲ၍လည်း ရနိုင်မည်မဟုတ်ပါ။ ကုန်းချူးက ပြုံးရွှင်သော မျက်နှာထားဖြင့် ...

"ကျုပ်တို့က သခင်လေးကြူးမှန်းသိတာနဲ့ စောင့်ရှောက် ထားကြပါတယ်ဗျာ၊ တာကယ်လို့ သခင်ကြီးကြူးက သခင်လေးနဲ့ မတ် သက်ပြီး မကျေနပ်ဘူးဆိုရင်လည်း၊ ကျေနပ်တဲ့အထိ ဆောင်ရွက်ပေး ဖို့ အသင့်ရှိနေပါတယ်ဆိုတာ ပြောလိုက်ပါရစေဗျာ"

သူတို့က ဖော်ဖော်ရွေရွေ ဆက်ဆံကြသည့်အပြင် လိုလေ သေးမရှိ လိုက်လျောနေကြသဖြင့် တာနားတို့ တစ်ယောက်ကို တစ် ယောက် ကြည့်လိုက်မိကြလေသည်။ ဝမ်းဟိုးက ကုန်းချူးကို စိုက် ကြည့်လိုက်ပြီး ...

"အင်း ... တစ်ချိန်တုန်းကတော့ မြောင်လူငယ်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ရဟာတ်ရဲတိုက်ပိုင်နက်ထဲကို ကျုပ်တို့ ရောက်ခဲ့ဖူးကြသေ
တယ်၊ အခုတစ်ခါ ကြူးစုရဲ့ကိစ္စ ပေါ်ပေါက်လာပြန်ပြီ၊ ကြူးစု
ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားတာ သိပ်ကံကောင်းသွာ
တယ်၊ ဘာကြောင့်လဲဆိုရင် ကြူးစုဟာ မြောင်မျိုးနွယ်စုခေါင်းဆော
ကြူးဝမ်းခုံးရဲ့သား ဖြစ်နေလို့ပါ"

ဟု ခပ်မာမာ ပြောလိုက်လေသည်။ ကုန်းချူး၏ မျက်နှာ
မှာ အပြုံးရိပ်များ ကွယ်ပျောက်မသွားပါချေ။ ဝမ်းဟိုးကို ပြုံးပြရင်

"မှန်ပါတယ်ဗျာ ... ကြူးစုဟာ ဘယ်သူ့သားဆိုတာ ကျုပ်
တို့ သိကြပါတယ်၊ ဒါကြောင့် သူ့ကို နှောင့်ယှက်ခဲ့တဲ့လူတွေကို ဖမ်
ဆီးပြီး အပြစ်ပေးလိုက်ပါပြီ"

"သူသာ တစ်ခုခု ဖြစ်သွားရင် မလွယ်ဘူး"

"ဟုတ်ပါတယ် ... မြောင်မျိုးနွယ်စုတွေကို ကျုပ်တို့ ဘယ
လိုမှ ယှဉ်နိုင်မှာမဟုတ်ပါဘူး၊ ဒါကို ရဟာတ်ရဲတိုက်ပိုင်ရှင် အတော်
စိုးရိမ်ထိတ်လန့်နေပါတယ်"

ဝမ်းဟိုး ပြုံးလိုက်သည်။

"အင်း ... မြောင်မြင်းသည်တော်တွေဟာ တရုတ်ပြည်တ
စန်းဆိုးကို ခြေစကြာဖြန့်နိုင်ကြပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်တို့ဟာ
အကြောင်းမရှိဘဲ သူတစ်ပါးပိုင်နက်ထဲ ကျူးကျော်ဝင်ဖို့ ဘယ်တုန်းက



စိတ်မကူးခဲ့ကြပါဘူး။ ခင်ဗျားတို့က မိတ်ဆွေလိုသဘောထားပြီး
ဆက်ဆံကြမယ်ဆိုရင် ကျုပ်တို့ကလည်း မိတ်ဆွေလို ပြန်ပြီးဆက်ဆံ
ကြမှာပါ၊ အခုလည်း ကြူးစုကို ကောင်းမွန်စွာ စောင့်ရှောက်ထား
တယ်ဆိုတဲ့အတွက် ကျုပ်တို့ရဲ့ခေါင်းဆောင်ကြူးဝမ်းခုံး လက်ဆောင်
ပစ္စည်းတွေ ပေးလိုက်ပါသေးတယ်"

ပြောပြောဆိုဆို အင်္ကျီအိတ်ထဲမှ အိတ်ရှုံ့ကလေးတစ်ခု
ထုတ်ယူလိုက်ပြီး ကုန်းချူးအား ပေးလိုက်သည်။ ကုန်းချူးက
သောအားရ လက်ခံယူလေသည်။

အိတ်ရှုံ့ကလေးကို ဖွင့်ကြည့်လိုက်ရာ အတွင်းဘက်၌ အ
ရောင်တဖျပ်ဖျပ် ဝင်းလက်တောက်ပနေ သည့် စိန်ပွင့်ကလေးများကို
တွေ့မြင်လိုက်ရလေသည်။ ကုန်းချူး၏ မျက်လုံးများ အရောင်တ
လက်ဖိတ် ဝင်းလက်တောက်ပြောင်လာ၏။

"မြောင်တွေဟာ တာလီနေပြည်တော်မှာလာပြီး ပညာ
သင်ယူကြတယ်၊ သူတို့ဟာ စိန်ရိုင်းကို အရည်အသွေးပေါ်အောင်
...ချောအဖြစ် သွေးတဲ့ပညာကို သယ်ယူသွားကြပြီပဲ"

ဟုလည်း စိတ်ထဲမှ ကျိတ်ပြီး ရေရွတ်လိုက်လေသည်။
...င်ကဆိုလျှင် မြောင်ဒေသမှ စိန်ရိုင်းများကို ဈေးပေါပေါဖြင့် ရနိုင်
သည်။ ယခုမူ တာလီနေပြည်တော်မှ ပညာတတ်မြောက်သွားကြ

www.burmeseclassic.com



သည့် လူငယ်ရွယ်များသည် မြောင်နယ်ခြားခွဲပင်လျှင် စိန်ရိုင်းများ
ကို စိန်ချောများဖြစ်အောင် သွေးနေကြပြီ ဖြစ်သည်။ သွေးပြီးသာ
စိန်များ၏တန်ဖိုးကို မည်ရွေ့မည်မျှသတ်မှတ်ရမည်ဆိုသည်ကိုလည်
ထိုက်သင့်သလောက် နားလည်သွားကြပြီဖြစ်သည်။ မြောင်နယ်ခြ
မှ စိန်များကို ဈေးပေါပေါဖြင့် အချောင်ရနိုင်တော့မည် မဟုတ်ပါချေ

စိန်များကိုသာမက အခြားသောပစ္စည်းများကိုလည်း ဘယ
သောအခါမှ အချောင်ရနိုင်တော့မည် မဟုတ်ပါ။ ထို့အပြင် တော
နယ်မှ ကုန်ပစ္စည်းများကို အဆမတန် ဈေးတင်ရောင်းချနိုင်ခြ
လည်း ရှိတော့မည် မဟုတ်ချေ။

ထို့ကြောင့်သာလျှင် တန့်ယုံက...

"သူတို့ကို ပညာသင်ပေးလိုက်တာဟာ ကိုယ့်လည်ပ
ကိုယ် ကြိုးကွင်းစွပ်တာနဲ့ အတူတူပဲ"

ဟု ပြောခဲ့ဖူးလေသည်။ ကုန်းချူး သက်ပြင်းချလိုက်သည
မကျေနပ်မှုများကို ရင်ထဲ၌ မျိုသိပ်ထားလိုက်သည်။ ဝမ်းတိုးကို ပြ
ပြလိုက်ပြီး ...

"ကျေးဇူးတင်လိုက်တာဗျာ၊ ရဲတိုက်ပိုင်ရှင်တော့ အတော်
ဝမ်းသာသွားမှာပါပဲ"

ဟု ပြောလိုက်လေသည်။ ဝမ်းတိုးက ...



"ကဲ ... အချိန်လည်း အတော်ကြာသွားပြီ ကျုပ်တို့ပြန်မှ
ဖြစ်မယ်၊ ခေါင်းဆောင်ကြီးက ကြူးစုကို သိပ်ပြီးတွေ့ချင်နေမှာ သေ
ချာတယ်၊ ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦးဗျာ"

"ကောင်းပါပြီ ... ကောင်းပါပြီ"

ကုန်းချူးသည် ဝမ်းတိုးတို့လူစုအား ရဲတိုက်အပြင်ဘက်သို့
ရောက်သည့်တိုင် လိုက်လံပို့ဆောင်ပေးလိုက်လေသည်။

ကြူးစုသည် တန့်မေကို နှုတ်ဆက်လိုသေးသော်လည်း
တန့်ပေနှင့်တန့်ယုံတို့ ထွက်ပေါ်လာခြင်းမရှိသဖြင့် မတတ်သာတော့
ပါချေ။ ရဟတ်ရဲတိုက်မှပေးသည့် မြင်းတစ်ကောင်စီးနင်းကာ ဝမ်းတိုး
တို့လူစုနှင့်အတူ လိုက်သွားရလေတော့သည်။

❋

၉

ကုန်းချူး ပါးစပ်စိတ်ထားလိုက်သည်။ တန့်ယုံက ...

"ကျုပ်သမီးနဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး"

ဟု ခပ်ပြတ်ပြတ် ပြောလေသည်။ ကုန်းချူးက ...

"သူတို့ကို လက်ထပ်ပေးရမယ်လို့ ပြောတာ မဟုတ်ပါဘူး၊

www.burmeseclassic.com



ဒီကိစ္စ ဗန်းပြထားပြီး သူတို့ကို လှည့်စားဖို့ပါ”

“သူတို့ကို လှည့်စားဖို့ ... ဟုတ်လား”

“ဟုတ်ပါတယ်”

“ဘယ်လိုလှည့်စားမှာလဲ ... ပြောစမ်းပါဦး”

“သူတို့ကို ...”

ကုန်းချူးက သူ၏အစီအစဉ်များကို ပြောပြလိုက်သည်။

တန့်ယုံက စိတ်ဝင်စားစွာ နားထောင်နေ၏။

ယန်ဝူးက ငြိမ်သက်စွာ ထိုင်နေပါ၏။ သူ၏မျက်ဝန်းထဲဝယ် ထူးခြားသည့်အဖြစ်အပျက်များကို မြင်ယောင်နေမိပါသည်။

ထိုအဖြစ်အပျက်များကား တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်စွာတိုက်ခိုက်နေကြသည့် တိုက်ပွဲကြီးဖြစ်လေသည်။

ထိုတိုက်ပွဲကြီး၏အနိုင်အရှုံးသည်ကား ...

ယန်ဝူးသည်လည်း ကုန်းချူးပြောသည့်စကားများတွင် နစ်မျောသွားလေတော့သည်။

❋ ❋ ❋



## အခန်း (၁၇)

### အလောင်းအစား

‘ဝုန်း’

ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာသည်။ သစ်သားခုံတန်းကြီးမှာ ထက်ပိုင်းကျိုးသွားလေသည်။

ကြူးစု ခေါင်းငုံ့ထားလိုက်သည်။ အိမ်ထဲမှ ချောင်းကြည့်နေကြသည့် ယဉ်ယဉ်နှင့် ကြူးချင်တို့၏ခန္ဓာကိုယ်များ ဆတ်ခနဲတုန်ခါသွားကြလေသည်။ ကြူးချင်က ...

“မေမေ ... ဖေဖေ့ကို သွားဆွဲပါဦး”

ဟု တိုးတိုးပြောလိုက်လေသည်။ ယဉ်ယဉ် ခေါင်းယမ်းလိုက်သည်။

“ဆွဲစရာမလိုပါဘူး သမီးရယ်၊ သမီးဖေဖေဟာ ဒေါမြှာင်ဒေသတစ်ခုလုံးရဲ့ ခေါင်းဆောင်ပါ၊ သူဟာ သားတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းကြီး ဆုံးမနိုင်ပါတယ်၊ ဘယ်လိုဆုံးမရမလဲဆိုတာလည်း သိပါတယ်”

ဟု ပြောလိုက်လေသည်။ ကြူးချင် ငြိမ်ကျသွား၏။ ယဉ်ယဉ်က နားမလည်နိုင်သည့်အကြည့်ဖြင့် ကြည့်မိလေ၏။ ယဉ်ယဉ်က

“သမီးဟာလည်း မြောင်မျိုးနွယ်က ပေါက်ဖွားလာတာပဲ မဟုတ်လား။ တို့တစ်တွေရဲ့ စိတ်နေသဘောထား ဘယ်လိုရှိတယ်ဆိုကာ အထူးပြောစရာမလိုပါဘူး၊ တစ်နေ့ သမီး အိမ်ထောင်ကျတဲ့အခါ သားသမီးတွေ ရလာတဲ့အခါ သိလာမှာပါ။ ကဲ … လာလာ ဒီမှာ တို့အလုပ်မရှိဘူး၊ မီးဖိုဆောင်ကို သွားကြစို့”

ပြောပြီး ကြူးချင်၏လက်ကိုဆွဲကာ ခေါ်သွားလေ၏။ ကြူးချင်လည်း ယဉ်ယဉ်နောက်သို့ ခေါင်းကလေးငုံ့ကာ လိုက်သွားလေတော့သည်။

အိမ်အပြင်ဘက်၌ကား … ကြူးဝမ်းခုံးသည် ကျီးပဲ့သွားသည့်ခုံကို ကြည့်နေ၏။ သူ၏ရှေ့တွင် ကြူးစု ခေါင်းငုံ့ကာ ရပ်နေသည်။ ကြူးဝမ်းခုံးက …

“မြောင်ဒေသကနေပြီး တာလိနေပြည်တော်ကိုသွားပြီး ပညာသင်ခဲ့ကြတဲ့ လူငယ်လူရွယ်တွေကို ဖေဖေ ဘာပြောခဲ့သလဲ သားမှတ်မိသလား”



ဟု မေးလိုက်လေသည်။ ကြူးစု ခေါင်းညိတ်လိုက်သည်။

“မှတ် … မှတ်မိပါတယ် ဖေဖေ”

“ကဲ … ပြောစမ်းပါဦး”

“တာလိကနေ ပြန်လာရင် မြောင်ဒေသအတွက် တစ်ခုမဟုတ်တစ်ခုပါအောင် ယူလာခဲ့ရမယ်လို့ မှာလိုက်ပါတယ်”

“ကောင်းပြီ … သား ပညာသွားသင်တာ ဘာပါလာသလဲ”

“ကျွန် … ကျွန်တော်”

“မြောင်နယ်ခြားက မြင်းကောင်းတစ်ကောင် ဆုံးရှုံးခဲ့တာ အဖတ်တင်တယ် မဟုတ်လား”

ကြူးစု ပါးစပ်ပိတ်ထားလိုက်လေသည်။ ကြူးဝမ်းခုံးက …

“တာလိဘုရင်ရဲ့ မြေးတော်ဟာ အတော့်ကို ချောတယ်၊ လှတယ်လို့ ပြောသံကြားတယ် … အဲဒါ မှန်သလား”

ကြူးစု အဖြေမပေးနိုင်ချေ။ ကြူးဝမ်းခုံးက …

“ကြူးချင်နဲ့ ဘယ်သူလှသလဲ”

ကြူးစု ပါးစပ်ပိတ်ထားဆဲ … ကြူးဝမ်းခုံးက …

“သူက သားကောင်ဖျက်တတ်သလား၊ သားရေအဝတ်ချုပ်တတ်သလား၊ နွင်းတောထဲမှာ စားစရာရှာတတ်သလား၊ နွားပြတ်သောက်ပြီး လပေါင်းများစွာ နေနိုင်သလား”

www.burmeseclassic.com

www.burmeseclassic.com



မြောင်ဒေသမှ မိန်းကလေးတိုင်း လွတ်မြောက်ထားသည် ပညာရပ်များကို မေးလိုက်ခြင်းဖြစ်သည်။ မြောင်ဒေသ၌ ရာသီဥတု ဆိုးဝါးသောအခါ လပေါင်းများစွာ အိမ်ထဲမှမထွက်ဘဲ နေရတတ် သည်။ ထိုအခါ စွပ်ပြုတ် သို့မဟုတ် ဆန်ပြုတ်သောက်နေရလေ၏

ယောကျ်ားဖြစ်သူ ရှာဖွေလာသည့် အမဲကို ဇနီးသည်က ဖျက်တတ်ရသည်။ သားရေကို အဝတ်အစားချုပ်ဖို့ လှမ်းရ၏ အသားကို အခြောက်လှမ်းသည်ကလှမ်း၊ ဆားနယ်သည်ကနယ် ပြု လုပ်ရသည်။

အများအပြားရလာလျှင် ပတ်ဝန်းကျင်မှ အိမ်နီးပါးချင်း များကို ဝေငှရသည်။ ကြူးဝမ်းခုံးက မည်သည့်သဘောဖြင့် ထိုသို့ ပြောသည်ကို ကြူးစု နားလည်ထားပါသည်။ ကြူးဝမ်းခုံးက ...

"ကဲ ပြောစမ်းပါဦး ... မင်းရဲ့ရွှေမင်းသမီးလေးက မြောင် နယ်ခြားကအလုပ်တွေကို လုပ်နိုင်ပါ့မလား"

"ဒါ ... ဒါကို ကျွန်တော်"

"ငါမေးတာပြော"

ကြူးစု ပါးစပ်ပိတ်ထားလိုက်လေသည်။

"မြောင်နယ်ခြားဟာ နုနယ်တဲ့လူတွေအတွက် မဟုတ်ဘူး ကွ၊ လမ်းပန်းဆက်သွယ်ရေး ခက်ထန်ကြမ်းတမ်းတယ်၊ ရာသီဥတု ဆိုးရွား



တယ်၊ သားရဲတိရစ္ဆာန်တွေ ပေါတယ်၊ အရင်ကဆို မျိုးနွယ်စုစစ်ပွဲတွေ မပြတ်မ်း ရင်ဆိုင်တွေ့နေရတယ်၊ ဒီလိုနေရာမျိုးမှာမွေးပြီး ဒီလိုနေ မျိုးမှာ ကြီးပြင်းလာတဲ့လူတွေကလွဲရင် ဘယ်သူနေနိုင်ကြမှာလဲ ကြူးစု"

"ခင်ဗျာ ဖေဖေ"

"ပြောစမ်းပါဦး ... မင်းက စိတ်ကူးယဉ်အိပ်မက် မက်နေ တာလား"

"ဒီ ... ဒီလိုလည်းမဟုတ်ပါဘူး ဖေဖေ"

"ဒါဖြင့် ဘာကဟုတ်သလဲ ... ငါ့ကိုပြောစမ်း"

"ဟို ... ဟို"

ကြူးစု မည်သို့ပြောရမှန်းမသိ ဖြစ်နေလေသည်။ ကြူးဝမ်း ခုံးက ...

"ငါဟာ မျိုးနွယ်စုခေါင်းဆောင်ဖြစ်တယ်၊ ဒါပေမဲ့ ငါ့မှာ ဘာအဆောင်အယောင်မှ မရှိဘူး။ တခြားခေါင်းဆောင်တွေကော ကြည့်စမ်း၊ တာလိတွေနဲ့ ဆီနံ့ရေ ကွာခြားတယ်ဆိုတာ မင်း မြင်ပါ သိမှာပါ"

မှန်ပေသည်။ တာလိနေပြည်တော်နှင့်မြောင်နယ်ခြားသို့ ရောက်ဖူးသူတိုင်း နားလည်သဘောပေါက်ကြမည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးဝမ်းခိုးက ...

"တာလီသူ တစ်ယောက်ဆိုရင် ငါစဉ်းစားမိဦးမယ်၊ အခု တော့ တာလီဘုရင်ရဲ့ မြေးတော်တဲ့ တန့်ဆုံဟာ ငါတို့ကို ရှိန်းစိုင်းခက် ထန်တဲ့လူတွေလို့ သတ်မှတ်ထားတာ မင်းမသိဘူးလား။ ငါတို့ကို ခေါင်းမထောင်နိုင်အောင် ချေမှုန်းပစ်မယ်လို့ သန္နိဋ္ဌာန်ချထားတာကို မင်းမသိဘူးလား"

"ဖေဖေ ညီမလေးတန့်မေဟာ"

ကြူးစုသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ ဆက်မ ပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။ ကြူးဝမ်းခိုးက ...

"ပြောစမ်းပါဦး ... တန့်မေဟာ ဘာဖြစ်သလဲ"

"သူ ... သူက ကျွန်တော်နဲ့ အေးအတူပူအမျှ နေနိုင်မယ့်လူ ပါ ဖေဖေ"

"ဟား ဟား ဟား"

ကြူးဝမ်းခိုးက သဘောကျစွာ ရယ်မောလိုက်လေသည်။ ကြူးစု ငြိမ်နေ၏။ ကြူးဝမ်းခိုးက အတန်ကြာရယ်မောပြီးမှ ...

"တယ်ဟုတ်ပါလား ... မင်းနဲ့ အတူတူ အေးအတူပူအမျှ နေနိုင်မယ် ဟုတ်လား ... ပြောစမ်းပါဦး"

"ဟုတ်ပါတယ် ဖေဖေ"



"တို့မြောင်နယ်ခြားမှာ ပြောတာနော်"

"ဟုတ်ပါတယ်"

"ကောင်းပြီ ... မင်းနဲ့ငါ အပေးအယူလုပ်ရအောင်"

"ဗျာ"

ကြူးစုက ဖခင်ဖြစ်သူကို နားမလည်နိုင်စွာ ကြည့်လိုက်လေ သည်။ ကြူးဝမ်းခိုးက ...

"မင်းရဲ့မိန်းကလေးက မင်းပြောသလို မြောင်နယ်ခြားကို လိုက်လာပြီး အေးအတူပူအမျှ နေနိုင်မယ်ဆိုရင် မင်း သူ့ကို လက် ထပ်ဖို့ ငါခွင့်ပြုလိုက်မယ်"

ကြူးစု ဝမ်းသာသွား၏။

"ဖေဖေ ဖေဖေ အကယ်ပြောတာနော်"

ကြူးဝမ်းခိုးက တည်ကြည်သောမျက်နှာထားဖြင့် ...

"တကယ်ပြောတာပေါ့"

"ဟာ ... ဝမ်းသာလိုက်တာ ဖေဖေရာ"

ကြူးဝမ်းခိုးက လက်ကာပြလိုက်သည်။

"ဝမ်းမသာနဲ့ဦး ... တကယ်လို့သာ မင်းရဲ့မိန်းကလေးက မြောင်ဒေသမှာ မနေနိုင်ဘူးဆိုရင်ကော"

"ကျွန်တော်"

www.burmeseclassic.com

www.burmeseclassic.com



ကြူးစုမှာ မည်သို့အဖြေပေးရမှန်းမသိ ဖြစ်သွားလေတော့သည်။ ကြူးဝမ်းခုံးက ကြူးစုအား စိုက်ကြည့်လိုက်ပြီး ...

"ကြူးစု ... မင်းဟာ မြောင်ဒေသမှာ မွေးဖွားကြီးပြင်းခဲ့တယ်၊ ဒါကြောင့် အသက်ပေးတဲ့အထိ မြောင်ဒေသကိုခွဲမသွားဘူးလို့ ငါ့ကို ကတိပေးရမယ်"

ဟု ပြောလိုက်သည်။ ကြူးစု၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ဖခင်ဖြစ်သူကို ချက်လုံးအဝိုင်းသားဖြင့် ကြည့်မိသည်။ တန့်မေက မြောင်ဒေသ၌ တစ်သက်လုံးနေပါမည်ဟု ကတိမပြုနိုင်လျှင် သူနှင့်တန့်မေသည် မည်သည့်နည်းနှင့်မျှ တွေ့နိုင်စရာအကြောင်းမရှိတော့ပါချေ။ သူသည် မြောင်ဒေသကို အသက်ဆုံးသည်အထိ စွန့်ခွာသွားရမည်မဟုတ်ပါ။ ကြူးဝမ်းခုံးက ...

"မင်း ကတိပေးနိုင်မလား"

ဟု မေးလိုက်၏။ မြောင်ဒေသ၌ တစ်သက်လုံးနေမည်ဆိုလျှင် လက်ထပ်ခွင့်ပြုမည်ဆိုခြင်းမှာ ကြူးစုအတွက် အဆုံးစွန်သော လိုက်လျောမှုဖြစ်သည်။ ထို့ထက်ပိုပြီး လိုက်လျောနိုင်စရာအကြောင်း မရှိတော့ပါ။ ဖခင်၏လိုက်လျောမှုကို မိမိက နားလည်သဘောပေါက်ရမည်။ ကြူးစု တွေးမိလေသည်။ ထို့ကြောင့် ...

"ကျွန်တော် ကတိပေးပါတယ် ဖေဖေ"



ဟု ပြောလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"ကောင်းပြီ ... မင်းရဲ့ မိန်းကလေးကို ဒီရောက်အောင်ခေါ်
တို့ရဲ့ ဓလေ့ထုံးစံအတိုင်း လက်ထပ်ပေးမယ်"

ဟု ပြတ်သွားစွာ ပြောလိုက်သည်။ ထို့နောက် ချာခနဲလှည့်
 အိမ်ထဲသို့ဝင်သွားလေသည်။ ကြူးစုအား အပြင်ဘက်၌ တစ်
ယာက်တည်း ငူငူကြီးရပ်လျက် ကျန်ရစ်ခဲ့လေတော့သည်။

❋

တာနားက သက်ပြင်းချလိုက်သည်။ ကြူးဝမ်းခုံးဘက်
ခနဲလှည့်လိုက်ပြီး ...

"မင်း ဆုံးဖြတ်ပြီးပြီလား"

ဟု မေးလိုက်လေသည်။ ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်
ည်။

"ဟုတ်တယ်"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အရှိန်
်းစွာ တိုက်ခတ်လာသည့် လေပြည်နှင့်အတူ အဝေးမှ တေးစဉ်

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းများဆီသို့တိုင် ပျံ့လွင့်သွားသည် ထင်ရလေသည်။ တောင်ကုန်းပေါ်မှကြည့်လျှင် တောင်ခြေ၌ မြင်းကျောင်းနေသူများတို့ ရေးရေးမျှ တွေ့မြင်နေရပါသည်။ တောင်ပေါ်ဝယ် ဆူးအပြည့်ရှိသော ချုံပုတ်များမှအပ သူတို့နှစ်ယောက်တည်းသာ ရှိနေပါ၏။

ကြူးဝမ်းခုံးတစ်ယောက် စိတ်ပျက်လက်ပျက်ဖြင့် ဤနေရာ၌ လာထိုင်နေစဉ် တာနား ရောက်လာခြင်းဖြစ်ပေသည်။ ကြူးဝမ်းခုံး၏စကားကြောင့် တာနား မကျေမနပ်ဖြစ်သွားလေသည်။

"မင်းက သူ့ကိုခွင့်ပြုလိုက်မယ်ဆိုရင် မြောင်နယ်ခြားက လူတွေ ဘာပြောကြမလဲ"

ကြူးဝမ်းခုံး ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။ တာနားက ...

"ကြူးစုရဲ့သတင်းဟာ မြောင်ဒေသတစ်ခုလုံး အုတ်အော်သောင်းတင်း ဖြစ်သွားနိုင်လောက်တယ်ကွ၊ ဒီလိုကိစ္စမျိုး ဖြစ်ခဲ့ဖူးတဲ့ အစဉ်အလာမရှိဘူး၊ နောက်ဆုံးတော့ မြောင်ဒေသက လူတွေ တာလီနေပြည်တော်ကို ပညာသင်စေလွှတ်လိုက်တဲ့ မင်းအပေါ် အပြစ်ပုံကျလာမှာပဲ"

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"ငါ့တာဝန်ပဲ ထားလိုက်ပါတော့ကွာ"



"ဟုတ်တယ်လေ"

"မင်း ... မင်း"

ကြူးဝမ်းခုံးက ...

"ငါလုပ်ခဲ့တဲ့ အလုပ်ကို ငါတာဝန်မယူရင် ဘယ်သူက တာဝန်ယူမလဲ"

"မင်း ... မင်း ဒီလိုပြီးစလွယ် ပြောလိုက်တော့မှာလား"

ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။

"ကြူးစုနေရာမှာ တခြားလူငယ်တစ်ယောက်ဖြစ်နေရင် သည်း ခွင့်ပြုမိမှာပဲ၊ သူတို့ဟာ လူငယ်လူရွယ်တွေပဲ၊ သူတို့ကြိုက်နှစ်ဆက်တဲ့လူကို ရွေးချယ်နိုင်ခွင့်ရှိပါတယ်၊ ဘယ်သူနဲ့ပဲဖြစ်ဖြစ် ငါ သဘောတူပါတယ်၊ ဒါပေမဲ့ ဘယ်သူမဆို မြောင်ဒေသမှာ အသက်ဆက်ဆုံး နေထိုင်သွားရလိမ့်မယ်"

တာနား ခေါင်းယမ်းလိုက်သည်။ ကြူးဝမ်းခုံးအပေါ် ကရုဏာသက်မိသည်။ ကြူးဝမ်းခုံးသည် ခေါင်းဆောင်ကောင်းပီသသူ တစ်ယောက် မဟုတ်ပါလား။

"မင်းကို ငါ နားလည်တယ်၊ ဒါပေမဲ့ တခြားလူတွေ နားလည်ကြပါ့မလား"

"တဖြည်းဖြည်းတော့ နားလည်မှာပေါ့"

www.burmeseclassic.com



"ကြူးဝမ်းခုံး မင်း သိပ်ပြီးလျှော့မတွက်နဲ့၊ တို့ကြောင့် ဒေသမှာ မျိုးနွယ်စုတွေအမျိုးမျိုး ကွဲပြားနေတယ်ဆိုတာ မင်း သိတယ်နော်"

"ငါ နားလည်ပါတယ်"

"တကယ်လို့ တစ်ယောက်ယောက်က မင်းရဲ့လုပ်ရပ်ကို မကျေနပ်လို့ ကန့်ကွက်ခဲ့ရင်ကော"

ကြူးဝမ်းခုံး၏မျက်နှာ တည်သွားသည်။

"ငါနဲ့နှပန်းလုံးမလား။ ဒါမှမဟုတ် မရဏချောက်ကမ်းပါးကို ပြိုင်ပြီးခုန်ကြမလားလို့ မေးလိုက်ရုံပေါ့"

တာနား ပါးစပ်ပိတ်သွားလေသည်။ ကြူးဝမ်းခုံး ထိုင်ရာမှ ထလိုက်သည်။

"တာနား"

"ပြောပါ"

"တာလိဘုရင်ရဲ့မြေးတော်က မြောင်နဒေသမှာ တစ်သက်လုံး နေနိုင်မှာလား"

တာနား ခေါင်းယမ်းလိုက်သည်။

"ငါတော့ မထင်ဘူး"

"ဒါဆိုပြီးတာပဲ"



"ဟင် ... မင်းက"

"ကြူးစုက သူ့ကိုကြိုက်တာ ဘာမှအပြစ်ပြောစရာ မရှိဘူး၊ ဒါပေမဲ့ သူက ကြူးချင်ကလွဲပြီး ဘယ်သူနဲ့မှ အိမ်ထောင်ပြုမှာ မဟုတ်ဘူး"

တာနား ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ကြူးဝမ်းခုံးကို တအံ့တသြကြည့်လိုက်သည်။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"ကဲ ... ငါတို့ ဘာများစဉ်းစားစရာလိုသေးလဲ၊ ဘာများစိတ်ပူစရာလိုသေးသလဲ"

တာနား၏မျက်နှာ တဖြည်းဖြည်း ပြုံးရွှင်လာလေသည်။ ကြူးဝမ်းခုံးက ...

"ကဲ ... သွားကြစို့"

ပြောပြီး ခပ်သွက်သွက်သွားသည်။ တာနား ဘာမှမပြောတော့ဘဲ နောက်မှ လိုက်သွားသည်။ သူ၏ခြေလှမ်းများ ပေါ့ပါးသွက်လက်နေပေတော့သည်။

✱ ✱ ✱

www.burmeseclassic.com



## အခန်း (၁၈)

## ပြိုကွဲခြင်းအစ

'ခွပ် .. ခွပ် .. ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ မြင်းလှည်းတစ်စီ
သည် နယ်စပ်ချောင်းကို ကျော်ဖြတ်ကာ မြောင်ဒေသသို့ ဝင်ရောက်
လာလေသည်။ မြောင်ဒေသသို့ ဝင်မိသည်နှင့် ဦးစွာ ဝမ်းမျိုးနွယ်
များ နေထိုင်သည့် တောင်ကြားဆီသို့ ဦးတည်မောင်းနှင်သွားလေ
သည်။

တောင်ကြားလမ်းကို ဖြတ်ပြီးလျှင် မြောင်ဒေသသို့ လုံးလုံ
လျားလျား ရောက်ရှိသွားမည်ဖြစ်လေသည်။ မြင်းလှည်းမှာ အမိုး
တန် စီရိုမြင်းလှည်းတစ်စီးဖြစ်သည်။

မြင်းလှည်းမောင်းသူနေရာ၌ ရွှေဝါရောင်အဝတ်အစား ဝတ်
ဆင်ထားသူတစ်ယောက် ထိုင်ကာ မောင်းနှင်နေသည်။



တာလီနေပြည်တော်တွင် ထိုမြင်းလှည်းကိုမြင်လျှင် ပညာ
ရှိကုန်းချူး၏မြင်းလှည်းဖြစ်ကြောင်း လူတိုင်းသိကြမည် ဖြစ်လေ
သည်။ မြောင်ဒေသ၌ကား ...

"ရပ်လိုက်"

ရုတ်တရက် ဟန့်တားသံ ထွက်ပေါ်လာသည်။ လမ်းဘေး
တစ်ဖက်တစ်ချက်ရှိ သစ်ပင်များကြားမှ လေးမြားကိုင်ဆောင်ထား
သူ ဆယ်ယောက်ခန့် ပြေးထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေ
သည်။ ထိုလူများသည် မြင်းလှည်းသွားရာလမ်းကို ပိတ်ဆို့ထားလိုက်
ကြ၏။

"ဟေး ... ရပ်လိုက်"

မြင်းလှည်းမောင်းသမား မြင်းဇက်ကြိုးတင်းတင်းဆွဲကာ
ရပ်တန့်လိုက်၏။ မြင်းလှည်းရပ်တန့်သွားလျှင် လေးမြားကိုင်ဆောင်
ထားကြသူများသည် မြင်းလှည်းကို ဝိုင်းရံထားလိုက်ကြလေသည်။
မြင်းလှည်းမောင်းသမားက ...

"ပညာရှိကုန်းချူးဟာ မြောင်မျိုးနွယ်စုခေါင်းဆောင် ကြူး
မင်းခုံးနဲ့ တွေ့ဆုံဖို့ ရောက်လာပါတယ်"

ဟု အော်ပြောလိုက်လေသည်။ ကုန်းချူးသည် မြောင်ဒေသ
သို့ မကြာခဏ ရောက်လာခဲ့ဖူးသူဖြစ်သည်။ တာလီကုန်သည်များ

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ဝင်ထွက်သွားလာနေကြသည်ဖြစ်ရာ ဝိုင်းရံထားသူ
သည် ချက်ချင်း လမ်းဖယ်ပေးလိုက်ကြလေသည်။

ထိုစဉ် မြင်းလှည်းတံခါး ပွင့်သွားပြီး ကုန်းချူး ခေါင်း
ထွက်လာသည်။ သူက ဝိုင်းရံထားသူများကို လှမ်းမေးလိုက်သ

"ဝမ်းအမျိုးအနွယ်ခေါင်းဆောင် ဝမ်းဟိုးရှိသလား"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။
ရံထားသူများ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။
၏မျက်နှာတွင် လေးစားကြည်ညိုသည့် အရိပ်အယောင်များ
ပေါ်လာ၏။

ဝမ်းဟိုးသည် ဝမ်းမျိုးနွယ်စုများ၏သူရဲကောင်းကြီး
ပါလား။ ဝိုင်းရံထားသူများ အနက်ရောင် ခေါင်းဆောင်ဖြစ်ဟန်ရှိ

"ရှိပါတယ်၊ သူရဲကောင်းကြီးဝမ်း တောင်ကြားထဲက
အိမ်မှာ ရှိနေပါတယ်"

ဟု ဖြေကြားလိုက်၏။ ကုန်းချူးက သူ၏မြင်းလှည်းမော
သမားအား ...

"တောင်ကြားထဲကို မောင်းပေတော့"

ဟု အမိန့်ပေးလိုက်သည်။ မြင်းလှည်းသမားလည်း
ဒကာမတက်ဘဲ မြင်းလှည်းကို တောင်ကြားအတွင်းသို့ ဦးတ



မောင်းနှင်လိုက်လေတော့သည်။

*

မြင်းလှည်းသမားလည်း သစ်လုံးများဖြင့် ဆောက်လုပ်ထားသည့် အိမ်ကလေးတစ်လုံးရှေ့၌ ရပ်တန့်လိုက်ပြီ ဖြစ်လေသည်။ ကုန်းချူးက မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်။ သူ၏မျက်နှာ ပြုံးရွှင်နေသည်။

သစ်လုံးအိမ်ကလေးသည် ဝမ်းမျိုးနွယ်စုခေါင်းဆောင်ဝမ်းဟိုး၏အိမ်ကလေးပင် ဖြစ်ပေသည်။ ဝမ်းဟိုးသည် မျိုးနွယ်စုခေါင်းဆောင်တစ်ယောက်ဖြစ်သော်လည်း သူ့တွင် အဆောင်အယောင် မရှိချေ။

မြောင်ဒေသမှခေါင်းဆောင်များသည် ထိုနည်းနှင့်ပင် ... မိမိ၏ဝမ်းစာကို မိမိဘာသာ ရှာဖွေစားရသေးသည်။ တာလီနေပြည်တော်နှင့် အကွာကြီး ကွာနေပေတော့သည်။

ကုန်းချူးသည် ဝမ်းဟိုးနှင့်အလွန်ခင်မင်ရင်းနှီးသူတစ်ယောက်၏အသွင်သဏ္ဌာန်မျိုး ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိပီပီ ဟန်ဆောင်ထားခြင်းတည်း ... သူက သစ်လုံးအိမ်ကလေးဆီသို့ ခပ်သွက်သွက် လှမ်းသွားလေသည်။ ထိုစဉ် မြင်းလှည်းရပ်လိုက်သည့်အသံကြောင့် သစ်လုံးအိမ်ကလေးအတွင်းမှ ဝမ်းဟိုး လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းဟိုးသည် ကုန်းချူးကိုမြင်လျှင် မျက်မှောင်ကြုတ်သွားလေသည်။ သူသည် တာလိနေပြည်တော်မှ ဝတ်ကောင်းစားလှ ဝတ်သင်ထားပြီး အလုပ်မည်မည်ရရမလုပ်ဘဲ အပြောဖြင့် နေထိုင်စားသောက်နေသူများကို အထင်သေးသူဖြစ်ပေသည်။

ကုန်းချူးကိုလည်း ကြည့်မရပါ။ ကုန်းချူးက တဟဲဟဲရယ်မောရင်း ...

"ခေါင်းဆောင်ကြီး ဝမ်းဟိုးဆီကို ရောက်တုန်းရောက်ခိုက် ဝင်တွေ့တာပါဗျာ"

ဟု ပြောလိုက်လေသည်။ ဝမ်းဟိုးက ... "ကိစ္စရှိလို့လား"

"ကိစ္စကတော့ ခေါင်းဆောင်ကျူးနဲ့ တွေ့ရမှာပါပဲ"

ဝမ်းဟိုးက ...

"ကျူးဝမ်းခုံးက တောင်ကြားထဲမှာ မရှိဘူး၊ သူက တောင်ပေါ် ရွာကလေးမှာနေတာဗျ"

"ဟုတ်ပါတယ် ... ကျုပ် သိပါတယ်၊ ကျုပ်က တောင်ကြား



ထဲရောက်လာမှတော့ ခေါင်းဆောင်ဝမ်းကို ဂါရဝပြုသင့်တယ်လို့ သဘောထားလို့ ဝင်လာခဲ့တာပါ၊ မြောင်ဒေသမှာ ခေါင်းဆောင်ကျူး ခေါင်းဆောင်တာတဲ့၊ ခေါင်းဆောင်ဝမ်းတို့ ဦးဆောင်နေကြတယ်ဆိုတာ ကျုပ်သိပါတယ်"

ကုန်းချူးသည် အခွင့်အရေးရသည်နှင့် သွေးခွဲစကား စတင်ပြောဆိုနေပြီ ဖြစ်လေသည်။ ဝမ်းဟိုး ပြုံးလိုက်သည်။ မြောင်ဒေသ၌ သူ၏အရေးပါမှုကို ကျူးဝမ်းခုံးက အသိအမှတ်ပြုထားသလို၊ တာလိနေပြည်တော်မှာလည်း အသိအမှတ်ပြုလက်ခံနေပြီဟု တွေးထင်မိပါ။ ကုန်းချူး၏သဘောထားအမှန်ကို မသိခဲ့ပါချေ။ ကုန်းချူးက...

"ခေါင်းဆောင်ကြီး ဝမ်းဟိုးကို တာလိဘုရင်ကိုယ်တိုင်က ချီးကျူးနေပါတယ်၊ မြောင်ဒေသမှာ ဝမ်းအမျိုးအနွယ်တွေဟာ လေးစားထိုက်သူတွေဖြစ်တဲ့အကြောင်း၊ ဝမ်းမျိုးနွယ်တွေဟာ မြောင်ဒေသအကြီးအကဲရာထူးကို ဘယ်တုန်းကမှ လှမ်းမိုးချုပ်ကိုင်တဲ့ ကျူးအမျိုးအနွယ်တွေနဲ့ သင့်သင့်မြတ်မြတ်နေထိုင်ခဲ့တဲ့အကြောင်းတွေလည်း မကြာခဏပြောပါတယ်"

မြောင်ဒေသ၌ ကျူးမျိုးနွယ်စုများသာ ထာဝရကြီးစိုးနေပြီး ဝမ်းမျိုးနွယ်စုများမှာ နောက်လိုက်သဖွယ် ဖြစ်နေခဲ့ရသည်ကို ပေါ်လွင်အောင် သွယ်ဝိုက်ကာ ပြောလိုက်ခြင်းဖြစ်ပေသည်။ ဝမ်းဟိုးက

www.burmeseclassic.com

www.burmeseclassic.com



"ကြူးပဲဖြစ်ဖြစ် ဝမ်းပဲဖြစ်ဖြစ် မြောင်ဒေသမှာ နေထိုင်ကြ တယ်ဆိုတာတော့ အားလုံးညီအစ်ကိုတစ်တွေပါပဲ၊ ဘယ်သူပဲ အကြီး အကဲဖြစ်ဖြစ် အားလုံး အေးအတူ ပူအမျှ နေထိုင်နိုင်ရင် ပြီးတာပဲ"

ဟု ပြောလေသည်။ ကုန်းချူးက ...

"ဟုတ်ပါတယ် ... မကြာခင်မှာ မြောင်ဒေသနဲ့ တာလီနေ ပြည်တော် ရွှေလမ်းငွေလမ်း ဖောက်တော့မှာမို့ ကျုပ်တို့ဟာလည်း ညီအစ်ကိုတွေ ဖြစ်လာကြတော့မှာပေါ့"

ဝမ်းဟိုး မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ဪ ... တာလီဘုရင်ရဲ့ မြေးတော်နဲ့ ခေါင်းဆောင်ကြ ရဲ့သားဟာ မေတ္တာမျှနေကြတယ်လေ၊ ဒါကြောင့် ခေါင်းဆောင်ကြ ရဲ့သဘောထားကို တီးခေါက်ကြည့်ဖို့ ကျုပ် လာခဲ့တာပါ"

"ဘာ"

ဝမ်းဟိုး၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာ သည်။ တာလီဘုရင်၏မြေးနှင့် ကြူးဝမ်းခုံး၏သား ကြူးစုတို့၏ကိ ကို သူ မသိသေးပါချေ။

အကယ်၍သာ သူတို့လက်ထပ်ထိမ်းမြားခဲ့ကြပါလျှင် မြောင်ဒေသသို့ တာလီများ တံခါးမရှိ ဓားမရှိ ဝင်လာကြတော့မည်



ဖြစ်ပေသည်။ မြောင်မျိုးနွယ်စုများ၏မလေ့ထုံးတမ်း အစဉ်အလာ များကို တာလီတို့၏ယဉ်ကျေးမှုများက ထိုးဖောက်လွှမ်းမိုးသွားပေ တော့မည်။

မြောင်လူငယ်တစ်ယောက်နှင့်တာလီနေပြည်တော်မှ မိန်း ကလေးတစ်ယောက်ကို သဘောတူရန်ပင် ခက်ခဲလေရာ မြောင်မျိုး နွယ်စုခေါင်းဆောင် ကြူးဝမ်းခုံး၏သား ကြူးစုနှင့်တာလီဘုရင်၏ မြေးကို သဘောတူရန် ပို၍ခက်ခဲပေတော့မည်။

တာလီတို့သည် မြောင်ဒေသကို သိမ်းပိုက်ရန် နှစ်ပေါင်း များစွာကတည်းက ကြံစည်နေကြခြင်းဖြစ်သည်။ ယခု မင်္ဂလာကိစ္စ သာ အောင်မြင်သွားလျှင် မြောင်ဒေသသည် တာလီတို့၏ခြေဖဝါး အောက်သို့ရောက်ရှိ သွားခြင်းမည်ပေသည်။ ဝမ်းဟိုး လှုပ်လှုပ်ရှား ရှား ဖြစ်လာသည်။

"ခင်ဗျားက မင်္ဂလာကိစ္စအတွက် ကြူးဝမ်းခုံးဆီကို သွား မလို့ ဟုတ်လား"

ဟု မေးလိုက်လေသည်။ ကုန်းချူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ဒါဖြင့် ကျုပ်လည်း လိုက်မယ်"

"ဟာ ... သိပ်ကောင်းတာပေါ့ဗျာ၊ ခေါင်းဆောင်ဝမ်း ိုက်

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် မြင်းလှည်းပေါ်ကြွပါ”

ဟု လေးလေးစားစား ပြောလိုက်သည်။ ဝမ်းဟိုးအား လွန်စွာမှပင် ကြည်ညိုလေးစားသည့်အသွင် တမင်ဟန်ဆောင်နေခြင်း ဖြစ်ပေတော့သည်။ ဝမ်းဟိုးက သူ့အား လွန်စွာမှ ရိုသေလေးစားမှုရှိသည်ကို သတိပြုမိ၏။

ထို့ကြောင့် ကျေနပ်သွား၏။ တာလီနေပြည်တော်မှလူများသည် မြောင်ဒေသမှလူများကို ထာဝစဉ်လေးစားနေသင့်သည် မဟုတ်ပါလား။ ဝမ်းဟိုးက မြင်းလှည်းပေါ် တက်လိုက်၏။ ကုန်းချူးက သူနှင့်မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

“ကဲ ...တောင်ပေါ်ရွာကိုရောက်အောင် မနားတမ်း မောင်းစမ်းဟေ့”

ဟုလည်း အမိန့်ပေးလိုက်လေသည်။ မြင်းလှည်းမောင်းသမားသည် ကျာပွတ်ကို ရွမ်းခနဲမြည်အောင် ဝှေ့ယမ်းလိုက်ပြီး အော်ဟစ်ကာ စတင်မောင်းနှင်လိုက်လေသည်။

'ခွပ်ခွပ် ... ခွပ်ခွပ်'

မြင်းခွာသံများ မြည်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်။

ကုန်းချူးနှင့်ဝမ်းဟိုးအား တင်ဆောင်ထားသည့် မြင်းလှည်းသည် တောင်ပေါ်ရွာကလေးဆီသို့ ဦးတည်ကာ ဒုန်းစိုင်းနှင်သွားလေသည်။

ယခုတစ်ကြိမ် မြောင်ဒေသသို့ ကုန်းချူးရောက်ရှိလာခြင်းသည် မြောင်မျိုးနွယ်စုများ၏သွေးစည်းညီညွတ်မှုကို ခွဲပစ်ရန် ဖြစ်သည်။ သူ၏အကြံအစည် အောင်မြင်နိုင်ပါမည်လော။



❋

ကြူးဝမ်းခုံးက သစ်တုံးတစ်တုံးပေါ်၌ ထိုင်နေသည်။ သူ၏ဘေး၌ တာနားနှင့်တာအင်းတို့ ရပ်နေကြသည်။ သူတို့သည် အိမ်ရှေ့သို့ရောက်ရှိလာသည့် မြင်းလှည်းကို ကြည့်နေ၏။

မြင်းလှည်းပေါ်မှ ကုန်းချူးနှင့်ဝမ်းဟိုးတို့ ဆင်းလာကြသည်ကို တွေ့ရလေသောအခါ ကြူးဝမ်းခုံး မျက်မှောင်ကြုတ်သွားလေသည်။ ဝမ်းဟိုးသည် ဘာမှမပြောဘဲ ကြူးဝမ်းခုံးနှင့် မလှမ်းမကမ်းတွင် ရှိနေသည့် သစ်တုံးတစ်တုံးပေါ်၌ ထိုင်ချလိုက်သည်။

သူ့အမူအရာပျက်နေသည်ကို တာနားနှင့်တာအင်းတို့ပါ ရိပ်မိသွားကြလေသည်။ ကြူးဝမ်းခုံးက ဘာမှမပြော။ သူ့ထံ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းလာနေသည့် ကုန်းချူးကို ကြည့်လိုက်သည်။ ကုန်းချူးသည် သူ၏အနီးသို့ရောက်လာလျှင် ...

"ခေါင်းဆောင်ကြီးကြူးကို ဂါရဝပြုပါတယ်"

ပြောပြောဆိုဆို မြေပေါ် ဒူးထောက်ဂါရဝပြုလိုက်သည်။ ကြူးဝမ်းခုံးက ...

"ဘာကိစ္စများ ရှိနေပြန်ပြီလဲ၊ ပြောစမ်းပါဦး"

ဟု မေးလိုက်လေသည်။ ကုန်းချူးက အသင့်ယူလာသည့် ကတ္တီပါအိတ်ကလေးကို လှမ်းပေးရင်း ...

"အဘာဘုရင်မင်းမြတ်က ခေါင်းဆောင်ကြီးကြူးအတွက် လက်ဆောင်ပဏ္ဏာ ဆက်သလိုက်ပါတယ်၊ အရေးကြီးတဲ့စကား တစ်ခွန်းလည်း ပြောခိုင်းလိုက်ပါတယ်"

ကြူးဝမ်းခုံးက ကတ္တီပါအိတ်ကလေးကို လှမ်းယူခြင်းမပြုချေ။ သူ့အစား တာနားက ရှေ့ထွက်ပြီး လှမ်းယူလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"သူက ဘာပြောလိုက်သလဲ"

ဟု မေးလိုက်၏။ ကုန်းချူး ပြုံးလိုက်သည်။

"တာလိဘုရင်ရဲ့မြေးတော် ခေါင်းဆောင်ကြီးရဲ့သားဟာ မေတ္တာမျှနေကြပါတယ်၊ သူတို့နှစ်ယောက်ရဲ့ မင်္ဂလာကိစ္စမှာ ခေါင်းဆောင်ကြီးရဲ့သဘောထား ဘယ်လိုရှိတယ်ဆိုတာ သိချင်လို့ ကျွန်ုပ်ကို လွှတ်လိုက်တာပါ"



ကြူးဝမ်းခုံး အံ့ဩသွား၏။ တာအင်းနှင့်တာနားကို လှမ်းကြည့်လိုက်သည်။ တာအင်းနှင့်တာနားတို့လည်း ပါးစပ်အဟောင်းသားဖြစ်နေကြလေသည်။

အမှန်တော့ ကြူးစု၏မင်္ဂလာကိစ္စကို တာလိတို့ဘက်မှ မည်သည့်နည်းနှင့်မျှ သဘောတူမည်မဟုတ်ဟု ယူဆထားကြ၏။

ထို့ကြောင့် ကုန်းချူးက စပြောလာသောအခါ အကြီးအကျယ် အံ့ဩသွားကြခြင်း ဖြစ်ပေတော့သည်။ ကုန်းချူးက ...

"တာလိနေပြည်တော်ဟာ မြောင်ဒေသက မျိုးနွယ်စုတွေနဲ့ ရင်းရင်းနှီးနှီးဆက်ဆံချင်ပါတယ်၊ အေးအတူပူအမျှ နေလိုစိတ် ရှိပါတယ်၊ တကယ်လို့ ရွှေလမ်းငွေလမ်း ဖောက်နိုင်မယ်ဆိုရင် အတိုင်းထက်အလွန်ပါပဲ၊ တာလိပြည်သူတွေဟာ မြောင်ဒေသက လူတွေ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမှာပါ"

ဟု ပြောလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"သူတို့နှစ်ယောက်ကို တာလိဘုရင်က သဘောတူတယ်ပေါ့လား"

"ဟုတ်ပါတယ်များ"

www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩစရာပဲ"

ကြူးဝမ်းခုံး လွှတ်ခနဲ ရေရွတ်လိုက်လေသည်။ ကုန်းချူးက

"တာလီဘုရင်မှာ မြောင်ဒေသအပေါ်မှာ ဘယ်လို သဘောထားတယ်ဆိုတာ ထင်ရှားပေါ်လွင်နေပါတယ်၊ တကယ့်ကို စိတ်ကောင်းစေတနာကောင်းနဲ့ နှစ်ပြည်တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်ချင်တဲ့သဘောပါ"

ဟု ပြောလိုက်သည်။ ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။ တာလီဘုရင်က လိုက်လျောလာခြင်းသည် သူ့အား အငိုက်မိသွားစေသည်။ တာလီဘုရင်သည် မည်သို့မျှ သဘောတူလိမ့်မည် မဟုတ်ဟု ယုံကြည်ထား၏။

ထို့ကြောင့် ကြူးစု၏ကိစ္စကို ခဝဲမပေါ့ပေါ့ပင် သဘောထားသည်။ နောက်ဆုံးတွင် ကြူးစုသည် ကြူးချင်နှင့်သာ အိမ်ထောင်ကျသွားလိမ့်မည်ဟု တာနားကိုပင် ပြောခဲ့လေသည်။

ယခုတော့ တာလီဘုရင်က သဘောတူသည်ဆိုခြင်းကြောင့် မည်သို့ဆုံးဖြတ်ရမည်ကိုပင် မသိနိုင်အောင် ဖြစ်သွားရ၏။ တာနားက ရှေ့သို့ ရာမ်းထွက်လိုက်သည်။ ကုန်းချူးနှင့်မျက်နှာချင်းဆိုင်လိုက်ပြီး...

"တာလီဘုရင်က သဘောတူတယ် ဟုတ်လား"



ဟု မေးလိုက်သည်။ သူ၏လေသံမှာ ထောက်ထောက်ကြီး ခြစ်နေသည်။ ကုန်းချူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ကောင်းပါပြီ၊ သူတို့ကို သဘောတူတယ်ဆိုရင် မင်္ဂလာကိစ္စကို ဘယ်လိုစီစဉ်မလဲ ပြောပါ"

"တာလီဘုရင်ကတော့ ခေါင်းဆောင်ကြီးတို့ရဲ့ သဘောထားကို မေးလိုက်ပါတယ်၊ ခေါင်းဆောင်ကြီးတို့ ဘယ်လိုစီစဉ်ချင်သလဲ ပြောပါလား"

တာနားက ...

"ကျုပ်တို့ထုံးစံကတော့ ကျွဲတို့နွားတို့ကို တင်တောင်းတာပဲ၊ သက်ထပ်ပြီးရင် မိန်းကလေးဟာ ယောကျ်ားလေးရဲ့အိမ်မှာ လိုက်ပြီးနေရလိမ့်မယ်"

"ဟုတ်ကဲ့"

တာနားက ကြူးဝမ်းခုံးကို ကြည့်လိုက်သည်။ ကြူးဝမ်းခုံးက ခေါင်းညိတ်ပြလိုက်သည်။ တာနားက ဆက်ပြောလိုက်သည်။

"ကျုပ်တို့က တောင်ပေါ်ရွာမှာ သစ်လုံးအိမ်တစ်လုံး ဆောက်ပေးမယ်၊ သူတို့ရဲ့ဘဝကို သူတို့ ထူထောင်ကြရလိမ့်မယ်၊ တာလီနေပြည်တော်မှာလို အခမ်းအနား အခေါင်အကောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိမှာမဟုတ်ဘူး”

ဟု ပြောလိုက်လေသည်။ ကုန်းချူး ပြုံးလိုက်သည်။

“ကောင်းပါပြီ ... တာလီဘုရင်ကို ကျုပ်ပြောပြလိုက်ပါ့မယ်၊ သူက ကျေနပ်တယ်,လက်ခံမယ်ဆိုရင်တော့ ကျုပ် လာပြီးတောင်းရမ်းပါ့မယ်”

မည်သို့မျှ လက်ခံမည်မဟုတ်ဟုတွက်ကာ တာနားက ပြောလေသည်။ ကုန်းချူးက ...

“စိတ်ချပါ ... မကြာခင် အကြောင်းပြန်ပါ့မယ်ဗျာ”

ကြူးဝမ်းခုံးက ...

“ခင်ဗျား ပြောစရာကုန်ပြီဆိုရင် ပြန်နိုင်ပါပြီ”

ဟု ပြောလိုက်သည်။ ကုန်းချူးရှိနေသည်ကို စိတ်ကျဉ်းကျပ်မိသဖြင့် လက်ဈေးယမ်းပြကာ နှင်ထုတ်လိုက်ခြင်း ဖြစ်ပေတော့သည်။ ကုန်းချူးက ဝမ်းဟိုးဘက်လှည့်ကာ ...

“ခေါင်းဆောင် ဝမ်းကော ကျုပ်နဲ့အတူ ပြန်လိုက်မှာလား”

ဟု မေးလိုက်လေသည်။ ဝမ်းဟိုး ခေါင်းယမ်းလိုက်သည်။

“ခင်ဗျား သွားနှင့်ပါ” ... “ကောင်းပါပြီဗျာ”

ကုန်းချူးက မြင်းလှည်းပေါ် ပြန်တက်လိုက်၏။ မြင်းလှည်းသမားက အလိုက်သိစွာပင် မောင်းနှင်ထွက်ခွာသွားလေတော့သည်။



✱

ကုန်းချူးထွက်သွားပြီဖြစ်သည်။ ကြူးဝမ်းခုံး ထိုင်ရာမှ ထရပ်လိုက်သည်။ ဝမ်းဟိုးက သူ့အား စိုက်ကြည့်နေ၏။ ကြူးဝမ်းခုံးက ...

“ကြူးစုအကြောင်း မင်းသိပြီမဟုတ်လား”

ဟု မေးလိုက်လေသည်။ ဝမ်းဟိုးက ...

“သူ့ကို ရဟတ်ရဲတိုက်က ပြန်ခေါ်လာပြီးကတည်းက ကျုပ် အလုပ်ရှုပ်နေခဲ့တယ်လေ”

“သူက တာလီဘုရင်ရဲ့ မြေးနဲ့ မေတ္တာမျှနေတယ်လို့ ကျုပ်ကို ပြောတယ်”

“ဒါကို ကျုပ်သိပြီးပါပြီဗျာ”

ကြူးဝမ်းခုံးက ...

“သူက အိမ်ရောက်မှ ကျုပ်ကိုပြောပြခဲ့တာ”

“ဒီလိုကိစ္စမျိုးကို ဘယ်သူက လျှောက်ပြောမှာလဲ၊ သားအဖ

www.burmeseclassic.com



ချင်းပြောတယ်ဆိုတာတောင် ခင်ဗျားက မေးလို့ဖြစ်မှာပေါ့"

"ဟုတ်တယ် ... ကျုပ်က မေးခဲ့တာပဲ"

"သူ့အပေါ် ခင်ဗျား ဘယ်လိုဆုံးဖြတ်မလဲ"

ကြူးဝမ်းခုံးက တည်ကြည်သော မျက်နှာထားဖြင့် ...

"တကယ်လို့ အာလီဘုရင်ရဲ့မြေးက တို့ဆီမှာသာ နေနိုင

တယ်ဆိုရင် လက်ထပ်ယူနိုင်တယ်လို့ ပြောလိုက်တယ်"

"ဘာ"

ဝမ်းဟိုး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ

ကြူးဝမ်းခုံးက သူ့အား စိုက်ကြည့်လိုက်လေသည်။ တာအင်းနှင့်

နားတို့ မနေနိုင်ကြပါတော့ချေ။ တာနားက ရှေ့သို့ လှမ်းထွက်လိုက

ပြီး ...

"ဝမ်းဟိုး သူတို့က မြောင်ဒေသမှာလာပြီး နေနိုင်မလာ

စဉ်းစားကြည့်စမ်းပါ"

ဟု ပြောလိုက်၏။

"ဘယ်လိုလုပ် နေနိုင်မှာလဲ"

"ကြူးဝမ်းခုံးပြောတဲ့စကားကို မင်းကြားတယ်မဟုတ်လား

ဝမ်းဟိုး ပါးစပ်ပိတ်ထားလိုက်လေသည်။ တာနားက ...

"သူတို့နဲ့တို့ ခလေ့ထုံးတမ်းချင်းမတူဘူး။ အကျင့်စရိုက်ချ



တူဘူး။ အာလီရွှေမင်းသမီးက မြောင်နယ်ခြားမှာ လာနေမယ်ဆို

င် တာလီနေပြည်တော်ကို တို့က တိုက်ခိုက်စရာမလိုဘဲ အနိုင်ရပြီ

ို့ ပြောနိုင်တာပေါ့ကွာ"

ဝမ်းဟိုး သက်ပြင်းချလိုက်သည်။

"ဒါပေမဲ့ သူတို့ကို လက်ထပ်ပေးလိုက်တယ်ဆိုတာကို

ျုပ် သဘောမကျနိုင်ဘူး"

ဟု ပြောလိုက်သည်။ မှန်ပေသည်။ မြောင်ဒေသမှ မည်သူ

သဘောကျမည် မဟုတ်ပါချေ။ မြောင်ဒေသမှလူများသည်

ာလီတို့အပေါ် ထားရှိသည့် သဘောထားသည် မည်သည့်အခါမှ

ြောင်းလဲသွားနိုင်တော့မည်မဟုတ်ပါချေ။ ကြူးဝမ်းခုံးက ...

"ဝမ်းဟိုး ... ငါလည်း ဒီမှာပဲမွေးပြီး ဒီမှာပဲကြီးပြင်းလာခဲ့တဲ့

ါ၊ အားလုံးနည်းတူ ငါလည်း သဘောထားရှိပါတယ်၊ မင်းက

ို လူစိမ်းတစ်ယောက်လို မထင်စမ်းပါနဲ့"

ဟု ပြောလိုက်သည်။ သူ၏စကားအဆုံးတွင် နာကြည်း

င်းသည့်အရိပ်အယောင်များ အထင်သားပေါ်လွင်နေပေသည်။

ဟိုးက ...

"ကျုပ်တို့အားလုံး သွေးစည်းညီညွတ်တယ်ဆိုရင် တာလီ

င်ရဲ့မြေးကလေးက လာနေနိုင်တယ်ထားဦး။ နေခွင့်မပေးနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ဟာ ဒီလောက်တောင်မှ တာလီတွေကို အလျှော့ပေး...
အရောတဝင် မဆက်ဆံနိုင်ဘူးဗျ”

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။ ကြူးဝမ်းခုံးက...

“ဒီကိစ္စကို မင်းက ကန့်ကွက်တယ်ပေါ့ ဟုတ်လား”

“ဟုတ်တယ်”

ဝမ်းဟိုးက ခပ်တည်တည် ပြောလိုက်သည်။ ကြူးဝမ်...
သက်ပြင်းချလိုက်သည်။ ဝမ်းဟိုးကို စိုက်ကြည့်လိုက်ပြီး ...

“ဝမ်းဟိုး ... ဒီတစ်ခါတော့ မင်း ငါ့ကို ခွင့်လွှတ်ပေ...
သူတို့က မြောင်ဒေသမှာ လာနေမယ်ဆိုရင် လက်ထပ်ပေးမယ်...
ငါ သဘောတူလိုက်ပြီ”

ဟု ပြောလိုက်လေသည်။ ဝမ်းဟိုး၏ခန္ဓာကိုယ် ဆတ်...
တုန်ခါသွား၏။ သူ၏စကားကို လက်မခံဘဲ ပယ်ချလိုက်ပြီဖြစ်သ...
ကြူးဝမ်းခုံးနှင့် အေးအတူပူအမျှ လက်တွဲနေထိုင်ခဲ့သည့်ဘဝမှ...
အား လက်တွဲဖြုတ်ကာ ဖယ်ရှားပစ်လိုက်သကဲ့သို့ ခံစားရ...
သူသည် ကြူးဝမ်းခုံး၏သွေးသောက်မိတ်ဆွေမဖြစ်နိုင်တော့ပါ။ ...
ဟိုး နောက်ဆုတ်လိုက်လေသည်။ ကြူးဝမ်းခုံးက ...

“မြောင်ဒေသမှာနေမှ တို့ဟာ ဘယ်လိုလူစားမျိုးတွေ...
တာ သူတို့ လက်တွေ့ကျကျ နားလည်သဘောပေါက်သွားလိမ့်...



...သ”

ဟု ပြောသည်။ ဝမ်းဟိုး၏နားထဲ၌ ဘာဆိုဘာမှ မကြား
...တော့ပါ။ မြောင်ဒေသတွင် တာလီများ ထင်သလို သွားလာခြယ်
...ယ်နေမည့် မြင်ကွင်းများကို မြင်ယောင်လာမိသည်။

“ဝမ်းဟိုး ... မင်း ဘာပြောချင်သေးသလဲ”

ကြူးဝမ်းခုံးက မေးလာသည်။ ဝမ်းဟိုး သက်ပြင်းချလိုက်
...း ...

“ဘာမှ ပြောစရာမရှိတော့ပါဘူး”

“ဒါဖြင့် မင်းပြန်တော့” ... “ကောင်းပြီ”

ဝမ်းဟိုး ချာခနဲ လှည့်ထွက်သွားသည်။ တစ်ခဏအတွင်း
...ဝင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။ ကြူးဝမ်းခုံး
...က်ပြင်းချလိုက်သည်။ တာနားက ...

“သူ ကျေနပ်မှာမဟုတ်ဘူး”

ဟု ပြော၏။ ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

“သူနားလည်အောင် ရှင်းပြမှဖြစ်လိမ့်မယ်”

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

“ဝမ်းဟိုးဟာ လူတော်တစ်ယောက်ပါ၊ ကျုပ် ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အခုလိုစီစဉ်ရတယ်ဆိုတာ သူ နားလည်သဘောပေါက်လာပါ
မယ်”

ဟု ပြောလိုက်သည်။ တာနားက ...

“ဒါဖြင့် အခုလောလောဆယ် သူ့ကို ဘာမှပြောရေ
ဘူးပေါ့”

“ဟုတ်တယ် ... သူ့ဘာသာ အေးအေးဆေးဆေးနေပါ

“ကောင်းပြီ”

ကြူးဝမ်းခုံးက ...

“ဟန်စန်းဆီက ဘာသတင်းကြားသေးသလဲ”

ဟု မေးသည်။ ဟန်စန်းသည် ဥဏ်ပညာပြည့်စုံသူဖြ
တာလီတို့၏ခြေလှမ်းကို စောင့်ကြည့်ရန် ကြူးဝမ်းခုံးက တာဝန်
သည်။ ဟန်စန်းသည် မြောင်ဒေသနှင့်တာလီတစ်ခွင် ခရီးဆန့်နေ
ဖြစ်ပေသည်။ တာနားက ...

“ရဟာတ်ရဲတိုက်ပိုင်နက်မှာတော့ တပ်ဖွဲ့အတော်များ
စုဆောင်းထားရှိတယ်လို့ သတင်းပို့တယ်၊ မြောင်ဒေသကို ကျူးကေ
နိုင်တဲ့ အခြေအနေတော့ မရှိသေးပါဘူး၊ ဒါပေမဲ့ ... တာလီပြည်
က တာလီတပ်ဖွဲ့တွေက စပြီးကျူးကျော်ရင် ရဟာတ်ရဲတိုက်
တပ်ဖွဲ့တွေ တစ်ဖက်က ထိုးဖောက်ဝင်လာမယ်ဆိုရင် မြောင်ဒေ



ဟာ စစ်မျက်နှာနှစ်ဖက်ကြားမှာ ညှပ်မိသွားမယ်လို့ ပြောပါတယ်”

ကြူးဝမ်းခုံးက ...

“တာကယ်လို့ သူတို့ကျူးကျော်တိုက်ခိုက်လာရင် တို့ ဘာ
လုပ်ကြမလဲ”

“ဟန်စန်းကတော့ နှစ်ဖက်ညှပ်ပြီး တန်ချက်ညီညီတိုက်ခိုက်
လာမယ်ဆိုရင် ခုခံနေမယ့်အစား မရဏာချောက်တမ်းပါးအထိ ဆုတ်
ပေးပြီး ထောင်ချောက်ဆင်ဖို့ အကြံပေးထားပါတယ်”

“သူတို့က ကျူးကျော်နိုင်တဲ့ အခြေအနေရှိသလား”

“တပ်ဖွဲ့တွေ စုစည်းဖြင်ဆင်နေတာ ငါးနှစ်လောက် ရှိနေပြီ
ဆိုတော့ အင်အားအတော်ကောင်းပြီး ကျစ်လျစ်ခိုင်မာတဲ့တပ်ဖွဲ့ကြီး
တစ်ခု ဖြစ်ပေါ်လာမှာအမှန်ပါပဲ၊ သူတို့က ကျူးကျော်တိုက်ခိုက်ချင်
တယ်ဆိုရင် အချိန်မရွေး ကျူးကျော်လာနိုင်တယ်လို့ ဆိုပါတယ်”

“ဟာ ... တပ်ဖွဲ့တွေ မပါဘဲနဲ့ကော”

“တာလီတပ်ဖွဲ့တွေ မပါဘဲနဲ့တော့ သူတို့လှုပ်ရှားရဲမှာ
မဟုတ်ပါဘူး”

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

“တာလီဘုရင်က သူ့ရဲ့မြေးနဲ့ ကျုပ်ရဲ့သား မင်္ဂလာကိစ္စကို
တမ်းလှမ်းထားတာပဲ၊ သူတို့ဟာ ကျူးကျော်မယ့်အရိပ်အယောင်

www.burmeseclassic.com

www.burmeseclassic.com



တော့ မရှိပါဘူး”

တာနား ခေါင်းညိတ်လိုက်သည်။

“မြောင်ဒေသကို ကျူးကျော်ရင် သူတို့ အမှားကြီး မှားသွာ

မှာပေါ့”

တာအင်းကလည်း ဝင်ပြောလိုက်သည်။

“မြောင်ဒေသကို ဘယ်တုန်းကမှ ကျူးကျော်လို့ မရဘူးဆို

တာ သူတို့ ကောင်းကောင်းကြီး သိထားကြပါပြီ၊ လုစ်ရဲကြမှာ မဟုတ်

ပါဘူး”

“ဒါဖြင့် ဟာနိစန်းကို ပြန်ခေါ်လိုက်ရင်ကောင်းမယ်”

ကြူးဝမ်းခုံးက ပြောသည်။ တာနားက …

“သူ့ကို ပြန်ခေါ်မယ့်အစား ဒီအတိုင်းထားတာ ကောင်း

မယ်၊ ကျုပ်တို့ မမျှော်လင့်တဲ့အဖြစ်တွေ သတိမပြုမိလိုက်တဲ့အဖြ

တွေရှိနေရင် သူက သိနိုင်တာပေါ့”

ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ … သူ့ကို ဒီအတိုင်းပဲ ထားလိုက်ပါတော့

ကဲ ကဲ … အိမ်ထဲဝင်ကြဦး၊ ကျုပ်သမီး ကြူးချင် ချက်ပြုတ်ထားတဲ့

ဟင်းလျာတွေ ဘယ်လောက်အရသာရှိတယ်ဆိုတာ ခင်ဗျားကို ကြွ

ရဦးမယ်”



ပြောပြီး အိမ်ကလေးအတွင်း လှမ်းဝင်လိုက်၏။ တာအင်း

နှင့်တာနားတို့က နောက်မှလိုက်သွားကြလေတော့သည်။

❋

ဝမ်းဟိုးတို့၏ခြေလှမ်း တုံ့ခနဲရပ်သွား၏။ တောင်ကြား

အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် လှပသော မြင်းလှည်းတစ်စီး ရပ်

ထားသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။ ထိုမြင်း

ည်းမှာ ကုန်းချူး၏မြင်းလှည်းဖြစ်ကြောင်း သိထား၏။

“သူက တာလီနေပြည်တော်ကို မပြန်သေးဘဲ ဒီမှာ ဘာ

ဘာလုပ်နေတာပါလိမ့်”

ဟု တီးတိုးရေရွတ်လိုက်လေသည်။ သူ၏ခြေလှမ်းများ

ည်း ပို၍သွက်လာသည်။ မကြာမီ သူ၏သစ်လုံးအိမ်ကလေးရှေ့သို့

ရောက်ရှိသွားလေသည်။ ထိုအခါမှ အိမ်ရှေ့၌ ကုန်းချူး ထိုင်နေသည်

ကို တွေ့မြင်လိုက်ရလေသည်။ ဝမ်းဟိုးက …

“ခင်ဗျား ဘာလုပ်နေတာလဲ”

ဟု မေးလိုက်လေသည်။ ကြူးဝမ်းခုံးနှင့်အဆင်မပြေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရာ ဝမ်းဟိုးမှာ စိတ်တိုနေပေသည်။ ကုန်းချူး ပြုံးလိုက်၏။

"ခေါင်းဆောင်ဝမ်းကို စောင့်နေတာပါ"

"ကျုပ်ကို ... ဟုတ်လား" ... "ဟုတ်ပါတယ်ဗျာ"

"ပြောစမ်းပါဦး ... ဘာကိစ္စလဲ"

"ခေါင်းဆောင်ဝမ်းဆီက အကြံဉာဏ်လိုချင်လို့ပါ"

"ဘာဗျ"

ကုန်းချူးက အခက်အခဲ ကြုံတွေ့နေရသူတစ်ယောက်အလား သက်ပြင်းချရင်း ...

"ခေါင်းဆောင်ဝမ်းပဲ စဉ်းစားကြည့်ပါဦးဗျာ၊ တာလီဘုရင်မင်းမြတ်က စိတ်ကောင်းနှလုံးကောင်းထားပြီး မင်္ဂလာကိစ္စကို သဘောတူလိုက်ပါတယ်၊ ခေါင်းဆောင်ကြူးရဲ့ တုံ့ပြန်မှုဟာ မိတ်ဆွေမဆန်ဘူးဗျ"

ဝမ်းဟိုး ပြုံးလိုက်သည်။

"တာလီနဲ့ မြောင်ဒေသကို ဆက်စပ်လို့ ကြံစည်တာဟာ မိုက်မဲတာနဲ့ အတူတူပဲဆိုတာ ကြိုပြီးစဉ်းစားဖို့ကောင်းတာပေါ့"

"လူငယ်ချင်းကလည်း မေတ္တာမျှနေတယ်၊ တာလီဘုရင်ကိုယ်တိုင်ကလည်း မြောင်မြင်းသည်တော်တွေနဲ့ ရင်ဆိုင်တိုက်ပွဲကို ရှောင်ရှားချင်တယ်၊ မိတ်ဆွေအဖြစ် ဆက်ဆံနေထိုင်ချင်တယ်၊



ကြောင့် မင်္ဂလာကိစ္စပေါ်ပေါက်လာတာ ကောင်းတဲ့နိမိတ်လို့ ယူဆ ကြတယ်၊ ခေါင်းဆောင်ကြူးလုပ်ပုံကြောင့် တာလီနေပြည်တော် မကျေနပ်မှုတွေ ပေါ်ပေါက်လာတော့မှာပဲ"

ဝမ်းဟိုးက ...

"ကျုပ်တို့ဆီမှာလည်း မကျေနပ်မှုတွေ ပေါ်ပေါက်နေတာ မထူးပါဘူးဗျာ"

"ဒီကိစ္စကို အကြောင်းပြုပြီး တစ်ဖက်နဲ့တစ်ဖက် အချင်းများ ရင် မကောင်းဘူးလို့ ကျုပ်ထင်တယ်၊ ခေါင်းဆောင်ဝမ်းဟာ သြဇာ ရှိတဲ့လူတစ်ယောက်ပါ၊ ခေါင်းဆောင်ကြူးကို နည်းနည်းလောက် ဖျောင်းဖျပေးပါလို့ ကျုပ်က တောင်းပန်ချင်ပါတယ်ဗျာ"

"ဘာဗျ ... ကျုပ်က သြဇာရှိတဲ့လူ ... ဟုတ်လား"

ဝမ်းဟိုး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။

ကုန်းချူးက ...

"ဟုတ်ပါတယ်၊ ခေါင်းဆောင်ကြူးကိုယ်တိုင်က ခေါင်းဆောင်ဝမ်းရဲ့မျိုးနွယ်စုတွေက ထောက်ခံမှုမပြုဘူးဆိုရင် သူဟာ မြောင်ဒေသတစ်ခုလုံးကို စုစည်းခေါင်းဆောင်ထားဖို့ မလွယ်ဘူးလို့ ပြောခဲ့ဘူးပါတယ်"

ဝမ်းဟိုး၏ရင်ထဲ လှုပ်ရှားသွား၏။ ကြူးဝမ်းခုံးသည် သူ၏

www.burmeseclassic.com



စကားကို လက်မခံဘဲ လျစ်လျူရှုခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် တန် မရှိသူတစ်ယောက်ဟု ဝမ်းဟိုး ခံစားနေရသည်။ ကုန်းချူး၏စကား ကြားရသောအခါ ကြူးဝမ်းခုံးက သူ့အား အရေးမစိုက်လျှင် လက် ဖြုတ်လိုက်ရုံသာ ရှိသည်ဟူသော အတွေးများ ဖြစ်ပေါ်လာသည်

သူသည် ကြူးဝမ်းခုံးကဲ့သို့ပင် သန်မာထွားကျိုင်းသူ မြင်းစီးကျွမ်းကျင်သည်။ ဓားခုတ်၊ လှံထိုးပညာ ကျွမ်းကျင်သည် မရဏချောက်ကမ်းပါးကို ကျော်ဖြတ်ခဲ့သည်။ သူ့တွင် ခေါင်းဆော ကောင်းတစ်ယောက်၏အရည်အချင်း အပြည့်အဝရှိနေသည် မဟု ပါလား။

"ခေါင်းဆောင်ဝမ်း"

ကုန်းချူး၏ခေါ်သံ ထွက်ပေါ်လာသည်။ ဝမ်းဟိုးက ...

"ပြောပါ"

"ခေါင်းဆောင်ဝမ်းက မြောင်မျိုးနွယ်စုတွေနဲ့ တာလီမေ ရွှေလမ်းငွေလမ်း ဖောက်နိုင်အောင် ဝမ်းမျိုးနွယ်စုရဲ့ အရှိန်အဝါ သုံးပြီး ဖျောင်းဖျပေးဖို့ တောင်းပန်ပါတယ်ဗျာ၊ တာလိဘုရင်က ခေါင်းဆောင်ဝမ်းကို အထူးပဲ ကျေးဇူးတင်မှာပဲ၊ ကူညီတဲ့အကြော သူ့ကို ပြောပြမယ်ဆိုရင် သူက ခေါင်းဆောင်ဝမ်းအတွက် လိုအပ် အကူအညီမှန်သမျှ မဆိုင်းမတွ ပေးမှာသေချာပါတယ်"



ဝမ်းဟိုးက ကြူးဝမ်းခုံး၏နံဘေး၌ ရှိနေသည့် တာအင်းနှင့် တာနားတို့ကို မြင်ယောင်လာသည်။ သူ၏ရင်ထဲဝယ် လွဲမှားသည့် အတွေးများလည်း ပေါ်ပေါက်လာလေတော့သည်။

"တာနားနဲ့ တာအင်းဟာ သူ့ရဲ့ဆွေမျိုးတွေ ဖြစ်နေလို့ ငါ့ ထက်ပိုပြီး အရေးပေးတာပေါ့လေ ... သိကြသေးတာပေါ့"

ရင်ထဲမှ ကြုံးဝါးလိုက်သည်။ ကုန်းချူးကိုကြည့်ကာ ...

"ကျုပ်က အကူအညီလိုတယ်ဆိုရင် တာလိဘုရင်က ပေး မှာလား"

"ဟာ ... ပေးမှာပေါ့ ... ချက်ချင်းပေးမှာပါ"

"ကျုပ်က မြောင်ဒေသရဲ့ မြောက်ဘက်တောင်ကြားဒေသ ကို သီးခြားအုပ်ချုပ်မယ်ဆိုရင်ကော"

"ဗျာ"

ကုန်းချူး အံ့သြသွား၏။

ဝမ်းဟိုးအား သူက စည်းရုံးနိုင်ခဲ့ပြီဟုလည်း ချက်ချင်းရိပ်မိ လိုက်သည်။ ဝမ်းဟိုးသည် ကြူးဝမ်းခုံး၏သြဇာခံအဖြစ် မနေလို တော့ကြောင်း ထင်ရှားပေါ်လွင်လာပြီ မဟုတ်လား။ ဝမ်းဟိုးက ...

"ကျုပ်တို့ ဝမ်းမျိုးနွယ်စုဟာ တောင်ကြားဒေသကို သီးသန့် တာဝန်ယူတော့မယ်၊ ကျုပ်က ဒီလိုဆုံးဖြတ်လိုက်တာ ကြူးဝမ်းခုံးက

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်မှာမဟုတ်ဘူး”

ဟု ပြောလိုက်သည်။ ကုန်းချူးက …

“ကြူးဝမ်းခုံးက ရန်ရှာမယ်ဆိုရင်တော့ ဘယ်တရားပါမလဲ”

“သူ့အကြောင်း ကျုပ်သိတယ်၊ တကယ်လို့ သူက ရန်ရှာလာတယ်ဆိုရင် တာလီစာပ်ဖွဲ့တွေက ကျုပ်ဘက်က လှည့်မလား”

ကုန်းချူး ဝမ်းသာသွားလေသည်။ သို့သော် သူက ဝမ်းဟိုးကို အပြည့်အဝ မယုံကြည်သေးသဖြင့် …

“တာလီဘုရင်ဟာ မြေးဖြစ်သူရဲ့ မင်္ဂလာကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားမယ်ဆိုတာ တိတိကျကျ မသိရသေးပါဘူး။ ဒါကြောင့်”

“ကောင်းပြီ … ကျုပ်ရဲ့သဘောထားကို တာလီဘုရင် သိအောင် ပြောပြလိုက်ပါ၊ ကျုပ်ကတော့ ကြူးဝမ်းခုံးတို့နဲ့ လမ်းခွဲလိုက်တော့မယ်”

ဟု ပြောလိုက်လေသည်။ ကုန်းချူးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး …

“ကျုပ် ပြန်မှဖြစ်မယ်ထင်တယ်”

ဟု ပြောသည်။ ဝမ်းဟိုး ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီ”



“အခြေအနေတွေးရင်း ချက်ချင်းအကြောင်းပြန်ပါမယ်၊ တာလီဘုရင်က မောက်မာတဲ့ကြူးဝမ်းခုံးတို့ထက် နားလည်မှုရှိတဲ့ ခေါင်းဆောင်ဝမ်းကို ထောက်ခံဖို့ ပိုများတယ်”

“ကဲ ကဲ … သွားပါတော့”

ကုန်းချူးသည် သူလိုချင်သည့် စကားကြားရပြီးနောက် မြင်းလှည်းပေါ်တက်ကာ မြောင်ဒေသမှ အမြန်ဆုံးထွက်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

## နောက်ကျောဓားထိုးခံရခြင်း

'ခွပ်ခွပ် ... ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ မြင်းတစ်ကောင်သည် တောင်ကုန်းပေါ်သို့ ဒုန်းစိုင်းတက်လာလေသည်။ ကျောက်တုံးအိမ်ကလေးရှေ့၌ ရှိနေသည့် ကြူးဝမ်းခုံး၊ တာနားနှင့်တာအင်းတို့ ထရပ်လိုက်ကြသည်။ မြင်းစီးလာသူကိုမြင်လျှင် တာနားက ...

"ဟာ ... ဟန်စန်းပါလား"

ဟု အော်လိုက်လေသည်။ ကြူးဝမ်းခုံး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်လာလေသည်။ တာအင်းက ...

"ဟန်စန်းကိုကြည့်ရတာ ရေးကြီးသုတ်ပျာနိုင်လိုက်တာ အကြောင်းထူး ရှိနေပြီထင်တယ်"



ဟု ပြောလိုက်၏။ ထိုစဉ် ဟန်စန်းသည် မြင်းပေါ်မှ ဘွားခနဲ ခုန်ဆင်းကာ သူတို့အနီးသို့ ရောက်ရှိလာလေသည်။ ဟန်စန်းသည် ကြူးဝမ်းခုံးရှေ့သို့ ရောက်လာသည်။ ကြူးဝမ်းခုံးက သူ့အား သိုင်းဖက်ကာ နှုတ်ဆက်လိုက်လေသည်။

"ဟန်စန်း ... မင်း ပြန်လာပြီလား"

ဟန်စန်းကလည်း သူ့အား တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်၏။ ပြီးမှ လူချင်းခွာလိုက်သည်။ တာနားက ဆိတ်သားရေဖြင့် ချုပ်ထားသည့် အရက်ဘူးကို လှမ်းပေးရင်း ...

"အမောပြေသောက်လိုက်ပါဦး"

ဟု ပြောလေသည်။ ဟန်စန်း ဘာမှမပြောဘဲ ယူကာ သောက်ချလိုက်သည်။ ပြီးမှ ...

"ပြဿနာတော့ စပြီဗျို့၊ တာလိဘုရင်တန့်ယန် နတ်ရွာစံသွားပြီ" ဟု ပြောလိုက်လေသည်။

"ဟေ"

ကြူးဝမ်းခုံး၊ တာနားနှင့် တာအင်းတို့ ပြိုင်တူရေရွတ်လိုက်မိကြသည်။ ဟန်စန်းက ...

"ဒီကနေ့မနက်ပဲ ကံကုန်သွားတာ၊ သူ မကျန်းမမာဖြစ်နေတာ ကြာပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ"

ကြူးဝမ်းခုံး ညည်းညူလိုက်သည်။ တာနားက ...

"ဒါဆိုရင် မင်းသားလေးတန့်ယုံ နန်းတက်လာမှာပဲ၊ သူက မြောင်ဒေသကို သိမ်းပိုက်ချင်နေတာ"

ဟု ပြောလိုက်သည်။ ဟန်စန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... တန့်ယုံဟာ ရဟာတ်ရဲတိုက်ကို အခြေပြုပြီး လူသူလက်နက် စုဆောင်းထားတယ်၊ တာလီထီးနန်းကို သိမ်းပိုက်ပြီ ပြီဆိုရင် သူ့ကိုတားဆီးမယ့်လူ မရှိတော့ဘူး"

"သူက မြောင်ဒေသကို ကျူးကျော်လာမှာလား"

တာအင်းက မေးသည်။ ဟန်စန်းက ...

"သေချာတာပေါ့၊ တို့နဲ့မိတ်ဆွေဖွဲ့ထားပြီး အေးချမ်းနေ အချိန်ကာလမှာ လူသူလက်နက် စုစည်းထားခဲ့တယ်လေ၊ သူတို့အ အား ခိုင်မာတောင့်တင်းနေပြီကွ"

"တို့ ဘာလုပ်ကြမလဲ"

"တို့ဘက်က အဆင်သင့်ပြင်ထားရမှာပေါ့"

ဟန်စန်းက ကြူးဝမ်းခုံးကို ကြည့်လိုက်လေသည်။ ကြူးဝမ်း ခုံးသည် တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောစဉ်းစား ဟန် ရှိလေသည်။ ဟန်စန်းက ...



"ခေါင်းဆောင်ကြူး ... ဘယ်လိုသဘောရလဲ"

ဟု မေးလိုက်သည်။ ကြူးဝမ်းခုံးက ...

"တာလီနေပြည်တော်မှာ ရောက်နေတဲ့လူတွေကို အရင်ဆုံး ပြန်ခေါ်ရလိမ့်မယ်"

ဟု ပြောလိုက်သည်။ ဟန်စန်း ခေါင်းညိတ်လိုက်သည်။

"ဒီကိစ္စအတွက် စိတ်မပူပါနဲ့တော့၊ အားလုံး ချက်ချင်းပြန် လာခဲ့ဖို့ ကျုပ်က အမိန့်ထုတ်လိုက်ပါပြီ"

ကြူးဝမ်းခုံး သက်ပြင်းချလိုက်သည်။ အရေးကြုံလာသည့် အခါ ဟန်စန်းကို အားကိုးရသည် မဟုတ်လား။ ဟန်စန်းက ...

"တာလီနေပြည်တော်မှာ တပ်ဖွဲ့ဝင်တွေ အမြောက်အများ လှုပ်ရှားသွားလာနေကြတယ်၊ သူတို့ဟာ မြောင်ဒေသကို ကျူးကျော် သိမ်းပိုက်မယ်ဆိုတဲ့ စကားတွေ ပြောနေကြတယ်"

တာနားက ...

"ဒါဆိုရင် ကြူးစုရဲ့မင်္ဂလာကိစ္စ ဘယ်လိုလုပ်ကြမလဲ"

ဟု ဝင်မေးလိုက်၏။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"သူ ဘာတတ်နိုင်တော့မှာလဲ"

"စိတ်အေးသွားရအောင် ကြူးချင်နဲ့ မြန်မြန်အိမ်ထောင်ချ ပေးလိုက်တာပဲ မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကြူးဝမ်းခုံး လက်ကာပြလိုက်သည်။

"သူ့ဘာသာ အေးအေးဆေးဆေး နေပါစေကွာ၊ သူ့ကို မေ့ထားလိုက်ကြရအောင်၊ သူ့ထက် အရေးကြီးတဲ့ကိစ္စတွေရှိနေတယ်"

သူတို့လေးယောက် ခေါင်းချင်းဆိုင်လိုက်ကြသည်။ ကြူးဝမ်းခုံးက ...

"ဟန်စန်း ... သူတို့တစ်တွေ ဘယ်ပုံဘယ်နည်း ကျူးကျော်လာနိုင်တယ်ဆိုတာ ပြောစမ်းပါ"

ဟု မေးလိုက်၏။ ဟန်စန်းက ဓားတစ်ချောင်းကောက်ယူကာ မြေပေါ်ခြစ်ရင်း ...

"ဖောဒါက ရဟတ်ရဲတိုက်ပိုင်နက်၊ ဒါက တာလီပြည်၊ ဒါက မြောင်ဒေသ၊ သူတို့ဟာ ကျူးကျော်လာမယ်ဆိုတာနဲ့ နယ်စပ်ချောင်းကိုဖြတ်ပြီး တောင်ကြားထဲ ဝင်လာကြမှာပဲ၊ တစ်ဖက်ကလည်း ရဟတ်ရဲတိုက်ပိုင်နက်ဖြတ်ပြီး စားကျက်နယ်မြေတွေထဲ ဝင်လာကြလိမ့်မယ်"

ကျူးကျော်လာနိုင်သည့် အနေအထားကို ရှင်းလင်းပြောပြလိုက်လေသည်။ ဟန်စန်းပြောသည့်အတိုင်းဆိုလျှင် နှစ်ဖက်ညှပ်ကာ တိုက်ခိုက်လာသည့် စစ်မျက်နှာများနှင့် ရင်ဆိုင်ရမည်ဖြစ်ပေသည်။



င်အားကြီးမားစွာဖြင့် ကျူးကျော်လာသူများကို နှစ်ဖက်မှုကာ ရင်င်ရပေမည်။ ထိုအခါ အင်အားချင်း ကွာခြားတော့မည် မဟုတ်ပါ။ က်ခိုက်မှုစွမ်းရည်သတ္တိသာလျှင် အနိုင်အရှုံး အဆုံးအဖြတ် ဖြစ်ပေမည်။ ကြူးဝမ်းခုံးက ...

"နယ်ခြားချောင်းကို ဖြတ်လာမယ့်အဖွဲ့တွေကို တာဝန်ယူ ဝမ်းဟိုးကို တာဝန်ပေးရမှာပဲ၊ သူက ကျူးကျော်လာသူတွေကို ာင်ကြားထဲမောင်းသွားပြီး သုတ်သင်ပစ်မှာ သေချာတယ်"

ဟု ပြောလိုက်သည်။ ဟန်စန်းက ကြူးဝမ်းခုံးအား စိုက်ည့်နေ၏။ သို့သော် ဘာမှမပြောချေ။ ကြူးဝမ်းခုံးက ...

"မင်း ဘာပြောချင်လို့လဲ"

ဟု မေးလိုက်သည်။ ဟန်စန်းက ...

"ခေါင်းဆောင်ကြီး စိတ်မဆိုးပါနဲ့ ... ကြိုတင်တောင်းပန်တယ်ဗျာ"

"ကျုပ်က ဘာကြောင့်စိတ်ဆိုးရမှာလဲ"

"ဝမ်းဟိုးကို စိတ်ချမထားသင့်ဘူး ထင်လို့ပါ"

"ဘာ"

ကြူးဝမ်းခုံး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေည်။ ဟန်စန်းကို နားမလည်နိုင်စွာ ကြည့်လိုက်သည်။ ဟန်စန်းက

www.burmeseclassic.com

www.burmeseclassic.com



"တာလီနေပြည်တော်မှာ ဝမ်းဟိုးရဲ့ လူတွေ ထွက်သွား
နေတာကို တွေ့ခဲ့ရတယ်၊ ဝမ်းဟိုးကိုယ်တိုင်လည်း ပညာရှိကုန်
ဆိုသူနဲ့ ရင်းရင်းနှီးနှီး ဖြစ်နေတယ်"

ဟု ပြောလိုက်သည်။ ကြူးဝမ်းခုံး ပင့်သက်ရှိုက်လိုက်သ

"ဝမ်းဟိုးက ကျုပ်ကိုအထင်လွဲသွားပြီကိုး။ ဒါပေမဲ့ တ
တွေ ကျူးကျော်လာရင် သူက လက်ပိုက်ကြည့်နေမှာ မဟုတ်ပါ

"သူက ကျုပ်တို့နဲ့ တစ်စိတ်တစ်ဝမ်းတည်း ရှိနေတယ်
အရေးမကြီးပါဘူး။ ဒါပေမဲ့ သူက တာလီတွေနဲ့ ပူးပေါင်းလိုက်
ဆိုရင်"

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။ ကြ
ဝမ်းခုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ တာနား
လှုပ်ရှားရှားဖြစ်သွားပြီး ...

"ဝမ်းဟိုး သစ္စာဖောက်မယ်ဆိုရင် ကျူးကျော်ဝင်လာ
တာလီတွေကို တို့ဘယ်လိုမှ တားဆီးလို့ရတော့မှာမဟုတ်တော့

ဟု ပြောလိုက်သည်။ တာအင်းက ...

"ဝမ်းဟိုးနဲ့ သွားတွေ့ဖို့ကောင်းပြီ"

ဟု ဝင်ပြောသည်။ ဟန်စန်းက ...

"တကယ်ဆိုရင် တာလီနေပြည်တော်မှာ အပြောင်းအ



ဖြစ်လာတာတွေနဲ့ ပတ်သက်ပြီး ကျုပ်တို့ တိုင်ပင်ဆွေးနွေးနေကျဆို
တာ သူသိတယ်၊ အခုအချိန်မှာ သူရောက်လာဖို့ကောင်းတယ်"

ဟု ပြောလေသည်။ ထိုစကားကြောင့် ဝမ်းဟိုး သစ္စာ
ဖောက်သွားနိုင်ခြင်းမှာ အမှန်တကယ်ဖြစ်နိုင်သည်ဟု ကြူးဝမ်းခုံး
တွက်ဆမိလေသည်။

ဝမ်းဟိုးသာ သစ္စာဖောက်လျှင် မြောင်မျိုးနွယ်စုမှာ ကျူး
ကျော်သူတို့၏ ခြေဖဝါးအောက်၌ ပျက်စီးကြေမွသွားရပေတော့မည်။
ဝမ်းဟိုးနှင့်ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းရတော့ မည်ဖြစ်ပေ
သည်။ ကြူးဝမ်းခုံး ဆုံးဖြတ်ချက်ချလိုက်သည်။

"မနက်မိုးလင်းလို့ သူရောက်မလာဘူးဆိုရင် သူ့ကို ကျုပ်
သွားတွေ့မယ်"

ဟု ပြောလိုက်လေတော့သည်။

❋

တာလီဘုရင် တန့်ယန် ကံကုန်သွားပြီဖြစ်သည်။ ...သား
လေး တန့်ယုံသည် ရဖာတ်ရဲတိုက်မှနေ၍ တာလီနေပြည်တော်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာသည်။ သူသည် တာလီပြည်ထီးနန်းကို သိမ်းပိုက်စိုးစံတော့မည် ဖြစ်ပေသည်။ တာလိပြည်နှင့် ရဟာတ်ရဲတိုက်နယ်မြေကို တစ်ဆက်တည်းဖြစ်အောင် ပေါင်းစည်းလိုက်သည်။

တာလိဘုရင် တန့်ယုံဆိုသည့်ဘွဲ့ထူးကို ဆက်ခံပြီး ခုနစ်ရက်တိုင်တိုင် ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပသည်။ တာလိနေပြည်တော်တစ်ဝန်းလုံး ပျော်ရွှင်နေကြပေတော့သည်။ တန့်ယုံသည် တာလိထီးနန်းကို သိမ်းပိုက်စိုးစံနိုင်သည်နှင့် သူ၏ရင်ထဲ၌ ကိန်းအောင်းနေသည့်ဆန္ဒကို အကောင်အထည်ဖော်ရန် ကြိုးပမ်းလေတော့သည်။

တာလိဘုရင် တန့်ယုံ၏အထူးသီးသန့်အဆောင်အတွင်း၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြ၏။ ထိုလူသုံးယောက်မှာ တန့်ယုံ၊ ယန်ဝူးနှင့် ကုန်းချူးတို့ ဖြစ်ကြလေသည်။ တန့်ယုံ၏မျက်နှာ ပြုံးရွှင်နေသည်။ ယန်ဝူးနှင့် ကုန်းချူးကို ကြည့်လိုက်ပြီး …

"သူတို့အခြေအနေ ဘယ်လိုရှိသလဲ ပြောစမ်းပါဦး"

ဟု မေးလိုက်လေသည်။ ယန်ဝူးက …

"တာလိနေပြည်တော်မှာရောက်နေကြတဲ့ မြောင်လူငယ်လူရွယ်တွေအားလုံး မြောင်နယ်ခြားကို ပြန်သွားကြပါပြီ၊ နယ်ခြားမှာ လှုပ်ရှားမှုတော့ မတွေ့ရသေးပါဘူး"

ကုန်းချူး ပြုံးလိုက်သည်။



"မြောင်နယ်ခြားနဲ့ကပ်နေတဲ့ တောင်ကြားမှာ ဝမ်းအမျိုးအနွယ်တွေ ကြီးစိုးနေကြပါတယ်၊ ဝမ်းမျိုးနွယ်စုခေါင်းဆောင် ဝမ်းဟိုးဟာ ကျူပ်တို့နဲ့ပူးပေါင်းဖို့ သဘောတူလိုက်လို့ နယ်ခြားမှာ လှုပ်ရှားမှု မတွေ့ရတာပါ။ မင်းသားလေးက မြောင်ဒေသကို သိမ်းပိုက်ချင်တယ်ဆိုရင်တော့ အချိန်ဆွဲနေလို့ မဖြစ်ပါဘူး။ ဝမ်းဟိုး စိတ်သဘောထားမပြောင်းခင် စီးနင်းတိုက်ခိုက်သင့်ပါတယ်"

ဟု ပြောလေသည်။ သူတို့သည် တန့်ယုံ သဘောကျစေရန် မည်သို့ပြောရမည်ဆိုသည်ကို ကောင်းစွာ နားလည်ထားကြပေသည်။ ယခုအချိန်တွင် မြောင်ဒေသသို့ ကျူးကျော်ခြင်းမပြုရန် တားဆီးမည့်သူကို တန့်ယုံက သုတ်သင်ဖယ်ရှားပစ်မည်သာဖြစ်ပေသည်။

တန့်ယုံ သဘောကျစွာ ပြုံးလိုက်လေသည်။

"မြောင်နယ်ခြားက လူတွေဟာ ရိုင်းစိုင်းခက်ထန်ကြတယ်၊ သူတို့ကို ဆုံးမဖို့ အချိန်တန်ပြီ၊ ကဲ … တပ်မှူးကြီး ခင်ဗျားကော ဘယ်လိုသဘောကျသလဲ"

ဟု မေးလိုက်သည်။ ယန်ဝူး ဦးညွှတ်လိုက်သည်။

"သင့်မြတ်လှပါတယ်၊ မင်းသားလေး မြောင်နယ်ခြားကို ကျူးကျော်သိမ်းပိုက်မယ်ဆိုရင် တာလိနယ်စပ်က တော့ ရဟာတ်ရဲတိုက်နယ်စပ်ကကော စစ်မျက်နှာနှစ်ဖက်ညှပ်ပြီး တိုက်ရပါလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



စစ်မျိုးနွယ်စုတွေက ကူညီမယ်ဆိုရင် သုံးရက်အတွင်း မြောင်ဒေသရဲ့ တစ်ဝက်နီးနီး သိမ်းပိုက်နိုင်မှာ ဖြစ်ပါတယ်"

တန့်ယုံ ကျေနပ်သွား၏။

"ကောင်းတယ်၊ ကျုပ်တို့တပ်ဖွဲ့တွေကို အဆင်သင့်ဖြင်ထားနိုင်ပြီးပြီ မဟုတ်လား"

"လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်ကစပြီး အဆင်သင့်ဖြင်ထားကြတာမို့ အချိန်မရွေး တိုက်ပွဲဝင်နိုင်တဲ့အနေအထား ရောက်နေပါပြီ"

"သိပ်ကောင်းတယ် ပညာရှိကြီး၊ ကျုပ်တို့တပ်ဖွဲ့ကတွေ ဒီကနေညပဲ ကျူးကျော်မယ်ဆိုရင် ဝမ်းဟိုးက ဘာပြောမလဲ"

ကုန်းချူးဘက်လှည့်ကာ မေးလိုက်သည်၊ ကုန်းချူးက ...

"ဝမ်းဟိုးက ကျုပ်တို့နဲ့ ပူးပေါင်းတယ်ဆိုပေမယ့် သူ့အပေါ် အပြောအဆိုခံရမှာကို စိုးရိမ်နေပုံရပါတယ်၊ တာလိတပ်ဖွဲ့တွေ မြောင်နယ်မြေကိုဖြတ်ပြီး ဝင်လာမယ်ဆိုရင် သူက ဟန့်တားမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ရဲတောင်ကြားတစ်ဖက်ကပတ်ပြီး သွားရမယ်လို့ ပြောပါတယ်"

တန့်ယုံ မျက်မှောင်ကြုတ်သွား၏။

"တောင်ကြားထဲ မဝင်ရဘူး ... ဟုတ်လား"



"ဟုတ်ပါတယ်"

တန့်ယုံက ယန်ဝူးကို ကြည့်လိုက်လေသည်။ ယန်ဝူးက ထိုက်သိစွာဝင် ဖြေလိုက်သည်။

"တောင်ကြားထဲ မဝင်ရဘူးဆိုရင်တော့ အချိန်တစ်ရက် ...ဘက် ပိုကုန်သွားပါလိမ့်မယ်၊ ဒါပေမဲ့ တောင်ကြားထဲကို ထိုး...တ်ဝင်ဖို့ ဝမ်းမျိုးနွယ်စုတွေနဲ့ တိုက်ခိုက်ရတာလောက်တော့ ဆိုး...မှာမဟုတ်ပါဘူး"

"ခင်ဗျားက သဘောတူတယ်ပေါ့ ... ဟုတ်လား"

"ဝမ်းဟိုးနဲ့ အဆင်ပြေဖို့ အရေးကြီးပါတယ်၊ မြောင်ဒေသ...ခုလုံးကို သိမ်းပိုက်ပြီးရင် ဝမ်းဟိုးကို ဂရုစိုက်နေစရာ လိုတော့မှာ...တ်ပါဘူး"

ကုန်းချူးကလည်း ...

"တာလိတပ်ဖွဲ့တွေ မြောင်နယ်မြေကို သိမ်းပိုက်ပြနိုင်ဖို့...လိမ့်မယ်၊ ဒီလိုသိမ်းပိုက်ပြီးတဲ့အခါမှာ နောက်နောင် မြောင်...တစ်ခုလုံး အုပ်ချုပ်ခွင့်ပေးမယ်ဆိုရင် ဝမ်းဟိုးက မလွှဲမသွေ...ပေါင်းလာတော့မှာပါပဲ"

ဟု ဝင်ပြောလေသည်၊ တန့်ယုံက ...

"ဒါဖြင့် ဘယ်နည်းပဲဖြစ်ဖြစ် မြောင်ဒေသကို ကျူးကျော်

www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်နိုင်ဖို့က အဓိကပဲ မဟုတ်လား၊ ကောင်းပြီ၊ တစ်မျိုးဖြ
ယန်ဂူး ဒီကနေ့ညပဲ ခင်ဗျားကိုယ်တိုင် ဦးဆောင်ပြီး မြောင်နယ်
ထဲ ဝင်ပေတော့”

ဟု အမိန့်ပေးလိုက်၏။ ယန်ဂူးသည် ယခင်က တွေ့ခဲ့
သည့် မြင်ကွင်းကိုလည်း မြင်ယောင်လာ၏။ ထိုမြင်ကွင်းကို စိတ်ကူ
ယဉ်အဖြစ်မှ လက်တွေ့ တွေ့မြင်တော့မည်ဟု နားလည်သဘော
ပေါက်လာလေတော့သည်။

✹

ကောင်းကင်ပေါ်ဝယ် လဝန်းထိန်ထိန်သာနေသည်။ လ
ရောင်ဖြာကျနေသဖြင့် ဝန်းကျင်တစ်ခုလုံး သာယာ၍နေသည်။ ကြူး
စုသည် ကျောက်တုံးကြီးတစ်တုံးပေါ်ဝယ် ထိုင်ကာ ပတ်ဝန်းကျင်ကို
ငေးမောကြည့်နေမိ၏။ မြောင်ဒေသသည် ရေမြေတောတောင်
သဘာဝရှုခင်းဖြင့် သာယာလှပနေသည်မှာ မှန်ပါ၏။ သို့သော် သူ၏
ရင်ထဲဟာနေသည်။ သူ့အတွက် အကြီးမားဆုံးသော လိုအပ်ချက်ကြီး
တစ်ခု သဘာဝရှုမျှော်ခင်းများက ဖြည့်ဆီးပေးနိုင်မည်မဟုတ်ချေ



သူ၏ရင်ထဲ အာသာငမ်းငမ်း တောင့်တနေသည်မှာ ချစ်ခြင်းမေတ္တာ
ဖြစ်ပေသည်။

“ညီမလေးတန့်မေရယ်”

ကြူးစု တီးတိုးရေရွတ်လိုက်သည်။ ထိုစဉ် ...

“အစ်ကို ... မအိပ်သေးဘူးလားဟင်”

ချိုလွင်သာယာသောစကားလေး ထွက်ပေါ်လာသည်ကို
ကြားလိုက်ရလေသည်။ ကြူးစုလှည့်မကြည့်ဘဲ ကြူးချင် ရောက်လာ
ကြောင်း နားလည်လိုက်၏။ မှန်ပေသည်။ ကြူးချင်သည် သူ၏အနီး
သို့ ရောက်ရှိလာလေသည်။ ကြူးစု၏မျက်နှာ တင်းမာသွားသည်။

“ဘာလာလုပ်တာလဲ”

ဟု ငေါက်ဆတ်ဆတ် မေးလိုက်၏။ ကြူးချင် မျက်နှာက
လေး ငယ်သွားလေသည်။ ကြူးစုက ...

“ငါ့ဘာသာ တစ်ယောက်တည်းနေစမ်းပါရစေ၊ လာမရှုပ်ပါ
နဲ့”

ဟု မောင်းထုတ်လိုက်၏။ ကြူးချင်က ...

“အစ်ကိုညည်းနက်နေပြီ အိပ်ဖို့ကောင်းပါပြီ၊ တော်ကြာ နေ
ထိုင်မကောင်းဖြစ်မှာ စိုးရိမ်ရပါတယ်”

ဟု ပြောလေသည်။ ကြူးစုက ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘာသာ ဘာပဲဖြစ်ဖြစ် ... နင်နဲ့မဆိုင်ဘူး။ ငါသေသွားရင်လည်း အေးတာပဲ"

ဟု ဒေါက်လိုက်ပြန်သည်။ ကြူးချင်၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။

"အစ်ကိုရယ် ... ညီမကို ဘာကြောင့် ဒီလောက်တောင် မုန်းနေတာလဲဟင်"

"ဟာ ... မုန်းတယ် ဟုတ်လား" ... "ဟင့် ဟင့်"

ကြူးချင်သည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ငိုနေသည်။ ကြူးစုက ...

"နင့်ကြောင့် ငါချစ်သူနဲ့ ကွေကွင်းနေရတာ၊ ငါတို့အိမ်ကို နှဝ်ရောက်လာတာ ဂြိုဟ်ဆိုးဝင်လာတာနဲ့အတူတူပဲ"

ကြူးချင်သည် ငိုကျွေးရင်း ...

"ကောင်း ... ကောင်းပါပြီ အစ်ကိုရယ်၊ အစ်ကို မကြည့်ချင် မမြင်ချင်ဘူးဆိုရင်လည်း ညီမ သွားပါတော့မယ်၊ ညီမမျက်နှာကို နောက်ထပ် မမြင်မတွေ့ရတော့ပါဘူး"

စကားဆုံးလျှင် ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ်မှာပင် ...

'ခွပ်ခွပ် ... ခွပ်ခွပ်'



မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကြူးစု လှမ်းကြည့်လိုက်သည်။ ထိုအခါ မြင်းတစ်ကောင် တောင်ပေါ်သို့ ဒုန်းစိုင်းတက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။ ကြူးစု ဒေါက်ခနဲထလိုက်၏။ မြေကွက်လပ်ဆီသို့ ခုန်ထွက်သွားပြီး ...

"ဘယ်သူလဲ"

ဟု အော်မေးလိုက်လေသည်။ ညဥ့်နက်ပြီဖြစ်ရာ သူ၏သံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။ မြင်းစီးသမားသည် တောင်ကုန်းပေါ်သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။ ထိုလူက မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ...

"ခေါင်းဆောင်ကြူး ရှိသလား၊ ရန်သူတွေ နယ်ခြားကို ဖြတ်ကျော်ပြီး ဝင်လာပြီ၊ နယ်ခြားမှာရှိတဲ့ တို့တပ်ဖွဲ့ဝင်တွေ ကျဆုံးကုန်

ဟု အော်ပြောလိုက်လေသည်။ ကြူးစု မျက်လုံးပြူးသွား မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် ကြက်သေသေပြီး ဖြစ်သွား၏။ ကြူးချင်က အိမ်ထဲသို့ လှစ်ခနဲ ပြေးဝင်သွား၏။ ကြာပါချေ။ အိမ်ထဲမှ မီးရောင်များ ထွက်ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် ကြူးဝမ်းခုံး ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြူးဝမ်းခုံးကိုမြင်လျှင် မြင်းစီးသမားသည် ဦးညွှတ်ဂါရဝပြုလိုက်ပြီး

"တာလီတပ်ဖွဲ့တွေ ကျူးကျော်ဝင်လာကြပါပြီ၊ မြောင်နယ်ခြားစခန်းကို သိမ်းပိုက်လိုက်ကြပါပြီ"

ဟု အစီရင်ခံလိုက်လေသည်။ ကြူးဝမ်းခုံး၏မျက်နှာ တင်းမာသွား၏။

"တောက် ... ငါ ထင်တာထက် စောပြီး သူတို့ဝင်လာကြတာပဲ၊ ဝမ်းဟိုးတို့လူစုကော ဘာလုပ်နေသလဲ"

"တာလီတပ်ဖွဲ့တွေက ဝမ်းမျိုးနွယ်စုရဲ့တောင်ကြားကို ကွေ့ပတ်ပြီး ထိုးဖောက်ချီတက်နေကြပါတယ်၊ ဝမ်းမျိုးနွယ်စုတွေ ထွက်ပြီး ခုခံကြတာကို မတွေ့ရပါဘူး"

"ဝမ်းဟိုးက သစ္စာဖောက်လိုက်ပြီကိုး"

ထိုစကားသည် ကြူးဝမ်းခုံး တီးတိုးညည်းညူလိုက်ခြင်းဖြစ်ပေသည်။ သူက မြင်းစီးသမားအား လက်ဖွေ့ယမ်းပြလိုက်ပြီး ...

"မင်းက တာနားဆီကိုသွားပြီး အကြောင်းကြားပါ၊ ကျူးကျော်သူတွေကို ပြတ်ပြတ်သားသား ချေမှုန်းကြမယ်"

ဟု ပြောလိုက်၏။ မြင်းစီးသမားသည် ဦးညွှတ်ပြီး မြင်းပေါ်ခုန်တက်လိုက်သည်။ ထို့နောက် တောင်အောက်သို့ ဒုန်းစိုင်းနှင်သွားလေတော့သည်။ ကြူးဝမ်းခုံးက ကြူးစုဘက်လှည့်လိုက်၏။ ကြူးစုက



သူ့အား ငေးကြည့်နေသည်။

"သူတို့ရဲ့အကျင့်ကို မင်းသိပြီလား"

ဟု မေးလိုက်၏။ ကြူးစု ခေါင်းငြိမ့်ထားလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"တာနားက မင်းအတွက် မြင်းတစ်ကောင် ဝယ်ပေးထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကောင်းပြီ ... လက်နက်အပြည့်အစုံယူပြီး သွားကြမယ်၊ မြန်မြန်လုပ်"

ပြောပြီး အိမ်ထဲပြေးဝင်သွား၏။ ကြူးစုလည်း ယခုမှ သတိဝင်လာသည်။ ချက်ချင်း ဖခင်နောက်သို့ လိုက်သွားလေတော့သည်။

✺

'တူ .. တူ .. တူ'

ကျွဲချိုမှုတ်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။ ကြူးဝမ်းခုံးနှင့် ကြူးစုသည် တောင်အောက်သို့ ရောက်လာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တောင်ခြေသို့ များပြားလှစွာသော မြောင်မြင်းသည်တော်
လက်နက်အပြည့်အစုံ ကိုင်ဆောင်ကာ စုရုံးရောက်ရှိနေကြသည်
တွေ့မြင်ရလေသည်။

ကြူးစု၏ရင်ထဲ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ တိုက်ပွဲ
တစ်ပွဲ ဆင်နွှဲရတော့မည်ဖြစ်သည်။ ထိုတိုက်ပွဲသည် သူ၏ဘဝ
သက်တာတွင် အပြင်းထန်ဆုံး၊ ကြောက်စရာအကောင်းဆုံး တိုက်
ကြီး ဖြစ်ပေလိမ့်မည်။ ထို့ပြင် ရင်နာစရာကောင်းလှသည့်တိုက်
ဖြစ်မည်မဟုတ်ပါလား။

တာလိဘုရင် တန့်ယုံ၏သမီး ရွှေမင်းသမီးလေး တန့်မေ
လက်ထပ်ရလုဆဲဆဲအခြေအနေမှ ရန်သူ့ဘဝသို့ ရောက်ရှိသွား
ရင်ဆိုင်တိုက်လိုက်ရပေတော့မည်။ ကြူးစု တွေးတောစဉ်းစားနေ
ကြူးဝမ်းခုံးအသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလို
ရလေသည်။

"တို့မြေပေါ်ကို ကျူးကျော်လာသူ ရန်သူတွေကို မော
ထုတ်ကြမယ်၊ သူရဲကောင်းသွေးကို ပြကြ၊ တို့မြေအတွက် အသ
စွန့်ကြ"

သူ၏စကားသံအဆုံးဝယ် မြင်းစီးသူရဲကောင်းများ၏ ပြ
ဘာပေးသံကြီး ညည်ယံတွင် ဟိန်းထွက်လာလေသည်။ ကြူးစု



ကြက်သီးမွေးညင်းပင် ထသွားသည်။ ကြူးဝမ်းခုံးက ...

"တောင်ကြားဒေသကို ဦးတည်သွားကြမယ်၊ ကဲ ... ငါ့
နောက် လိုက်ခဲ့ကြ"

စကားဆုံးလျှင် ရှေ့ဆုံးမှနေပြီး မြင်းကို ဒုန်းစိုင်းနှင်လိုက်
လေသည်။ ကြားစုက နောက်မှလိုက်သွား၏။ ထို့အတူ ရာပေါင်းများ
စွာသော မြင်းစီးသူရဲကောင်းများသည် လက်နက်များကို ဝှေ့ယမ်း
ကာ နောက်မှလိုက်လာကြလေတော့သည်။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

## အသိမှန်အမြင်မှန်

တောင်ကြားလမ်းသည် လရောင်အောက်ဝယ် ကွေ့ကွေ့ကောက်ကောက် တည်ရှိနေလေသည်။ ယန်ဝူးက နယ်ခြားချောင်းကို ဖြတ်ကျော်ပြီးသည်နှင့် မြောင်ဒေသအတွင်းပိုင်းသို့ရောက်သည်အထိ တာလီတပ်ဖွဲ့များကို အပြင်းချီတက်စေသည်။ သူတို့သည် နံနက်မိုးမသောက်မီ ဝမ်းမျိုးနွယ်စုတို့၏တောင်ကြားဒေသ၏ဝဲဘက်သို့ပင် ရောက်ရှိလာခဲ့ကြလေသည်။

နယ်ခြားကိုဖြတ်ကျော်စဉ် မြောင်မြင်းသည်တော်တစ်စုနှင့် ရင်ဆိုင်တွေ့ခဲ့ကြ၏။ ထိုမြင်းစီးအဖွဲ့မှာ လူတစ်ရာခန့်သာ ရှိသေးသည်။ ထို့ကြောင့် အင်အားကြီးမားလှသည့် တာလီတပ်ဖွဲ့များနှင့် ရင်ဆိုင်လိုက်ရသောအခါ တစ်ခဏအတွင်းပင် တပ်ပျက်သွားတော့သည်။



ပထမဦးဆုံး ရင်ဆိုင်လိုက်ရသည့်တိုက်ပွဲတွင် အနိုင်ရလိုက်ခြင်းကြောင့် တာလီတပ်ဖွဲ့များ အားတက်သွားကြ၏။ ရှေ့သို့လည်း တစ်ဟုန်ထိုး ချီတက်ကြလေသည်။ ဝမ်မျိုးနွယ်စုတို့၏ တောင်ကြားဒေသကို ကွေ့ဝိုက်ကာ ချီတက်လာကြပြီး မိုးသောက်ရောင်နီပျိုးချိန်ဝယ် အရှေ့ဘက်ဆီမှ ရာပေါင်းများစွာသော မြောင်မြင်းသည်တော်များ အပြင်းနှင်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ယန်ဝူး သက်ပြင်းရှိုက်လိုက်သည်။ သူ၏တပ်ဖွဲ့များကို မြောင်မြင်းစီးတပ်ဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်ရန် အမိန့်ပေးလိုက်၏။ အရှေ့ဘက်မှ နေခြည်ထွက်ပေါ်လာချိန်တွင် တာလီတပ်ဖွဲ့ကြီးနှင့် မြောင်မြင်းသည်တော်များ စားကျက်နယ်မြေတစ်ခုတွင် ထိပ်တိုက်ရင်ဆိုင်မိကြသည်။

ပတ်ဝန်းကျင်တွင် မြားသံပေးသံ၊ မြင်းဟီသံ၊ အော်ဟစ်သံများ ကျွက်ကျွက်ညံသွားသည်။ ဓားရောင်၊ လှံရောင်များ တဝင်းဝင်း တောက်ပြောင်သွားသည်။ မြားတံများသည် မိုးသီးမိုးပေါက်များအရွယ် ကောင်းကင်တစ်ခုလုံး ဖုံးသွားမတတ် ထွက်ပေါ်လာသည်။

ရှေးနှစ်ပေါင်းများစွာကပင် ဖြစ်ပေါ်ခဲ့သည့် တိုက်ပွဲများအနက် ယခုတစ်ကြိမ်ပေါ်ပေါက်လာသည့်တိုက်ပွဲသည် အပြင်းထန်ဆုံးတိုက်ပွဲကြီးဟု ဆိုရမည်ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'တူ ... တူ ... တူ'

ကျွဲချိုမှုတ်သံများ ထွက်ပေါ်လာသည်။ ရင်ဆိုင်တိုက်ခိုက်နေကြသည့် မြောင်မြင်းသည်တော်များ မကျေမနပ် ဖြစ်သွားကြလေသည်။ ထွက်ပေါ်လာသည့် ကျွဲချိုသံမှာ တပ်ဆုတ်ရန် အချက်ပေးသည့်အသံ ဖြစ်နေသည်မဟုတ်ပါလား။ နောက်မဆုတ်၍လည်း မဖြစ်နိုင်တော့ချေ။ တာလီတပ်ဖွဲ့များသည် အင်အားကြီးမားလှသည့်အပြင် လေးမြားကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေခြင်းကြောင့် မြောင်မြင်းသည်တော်အမြောက်အမြား ထိခိုက်ကျဆုံးကုန်၏။

ထိပ်တိုက်ရင်ဆိုင်ရာ၌ တာလီတပ်ဖွဲ့တစ်ခုသည် စားကျက်နယ်မြေတစ်ဖက်၌ တိတ်တဆိတ် ပုန်းအောင်းစောင့်ဆိုင်းနေခဲ့ပြီး တိုက်ပွဲဖြစ်လာသည့်အခါမှ မြောင်မြင်းသည်တော်များ၏ အနောက်ဘက်မှပိတ်ဆို့ကာ နှစ်ဖက်ညှပ်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ပေသည်။ ထို့ကြောင့် နေမွန်းတည့်ချိန်ခန့်အထိ တိုက်ခိုက်ပြီးလျှင် ကြူးဝမ်းခုံးက နောက်ဆုတ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပေတော့သည်။

ကျွဲချိုသံများထွက်ပေါ်လာပြီးလျှင် မြောင်မြင်းသည်တော်များ နောက်ဆုတ်သွားကြလေသည်။ တာလီတပ်ဖွဲ့များသည် အသာစီးရလိုက်သော်လည်း ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်ခြင်း



ရှိပါချေ။ မြောင်မြင်းသည်တော်များ၏ တိုက်ရည်ခိုက်ရည်ကို စိုး ...နေကြသည်။ ထို့ကြောင့် မွန်း လွဲပိုင်းအချိန်တွင် မြောင်မြင်းသည် ...တော်များသည် သစ်တောအုပ်များအတွင်းသို့ ဝင်ရောက်ကွယ် ...ပျောက်သွားတော့သည်။

စားကျက်နယ်မြေမှ မြင်ကွင်းမှာ အရုပ်ဆိုးအကျည်းတန် ...မေသည်။ အကျအဆုံးများလှသည့်တိုင် အောင်ပွဲခံနိုင်ခဲ့သဖြင့် ...ာလီတပ်ဖွဲ့များ ဝမ်းသာပျော်ရွှင်နေကြ၏။ တာလီတပ်ဖွဲ့များ၏ ...ြောင်ဒေသသို့ကျူးကျော်မှုသည် ပထမနေ့မှာပင် တိုက်ပွဲကြီးတစ်ပွဲ ...ဆိုင်ပြီးနောက် ခုခံမည့်သူမရှိတော့ဘဲ မြောင်ဒေသအတွင်းပိုင်းသို့ ...ရောက်ဝင်သွားနိုင်ခဲ့ကြလေတော့သည်။

"တောက်"

ကြူးဝမ်းခုံး တက်ခေါက်လိုက်သည်။ မြောင်ဒေသ၏ ရာ...င်တွင် သူ၏လက်ထက်ရောက်မှ မရှုမလှ ပွဲရှုံးနိမ့်ရသည်ဟု ...ည်းတင်ရတော့မည် ဖြစ်ပေသည်။ အကယ်၍သာ ဝမ်းဟိုးသည် ...နှင့် တစ်စိတ်တစ်ဝမ်းတည်း ရှိနေမည်ဆိုပါလျှင် ဤမျှရှုံးနိမ့် ...ရာအကြောင်းမရှိချေ။ ဝမ်းဟိုးသည် အဘယ်ကြောင့် သစ္စာ ...ဖောက်ခဲ့ရပါသနည်း။

'ခွပ်ခွပ် ... ခွပ်ခွပ်'

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ ထွက်ပေါ်လာသည်။ ကြူးဝမ်းခုံး လှမ်းကြည့်လိုက်သည်။ မြင်းစီးသမားကိုမြင်လျှင် ...

"ဟင် ... တာနား"

ဝမ်းသာအားရ ရေရွတ်လိုက်သည်။ မှန်ပေသည်။ မြင်းစီးလာသူမှာ တာနားဖြစ်ပေသည်။ တာနားက မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ...

"ဟန်စန်းပြောတာ မှန်တယ်၊ ရဟတ်ရဲတိုက်ပိုင်နက်ဘက်ကလည်း ရန်သူတွေ ဝင်လာကြတယ်"

ဟု ပြောလိုက်သည်။ ကြူးဝမ်းခုံးက ...

"အခြေအနေ ဘယ်လိုလဲ"

"မခံနိုင်ဘူး၊ သူတို့က ဝင်လာဖို့ ကြိုတင်ပြင်ဆင်ပြီးနေပြီ၊ တို့ရောက်သွားတော့ သူတို့က ညှပ်ပူးညှပ်ပိတ် တိုက်မိကြတာပဲ"

"ဒါဖြင့် နောက်ဆုတ်ပေးလိုက်ရပြီပေါ့"

"ဟုတ်တယ်"

"တောက် ... ဝမ်းဟိုးကြောင့် အခုလိုဖြစ်ရတာကွ၊ ဝမ်းဟိုးသာ တို့နဲ့အတူရှိနေမယ်ဆိုရင် အရှေ့ဘက်က ရန်သူတွေကို မောင်းထုတ်ပစ်နိုင်မှာပဲ၊ ဒါဆိုရင် ရဟတ်ရဲတိုက်ဘက်က ရန်သူတွေလည်း ဝင်လာရဲ[illegible]ကြတော့မှာ မဟုတ်ဘူး"



"ခင်ဗျား ဘယ်လိုလုပ်မလဲ"

"ဝမ်းဟိုးနဲ့ စာရင်းရှင်းရလိမ့်မယ်"

တာနားက ...

"ဝမ်းဟိုးရဲ့တောင်ကြားအပြင်ဘက်မှာ တာလီတပ်ဖွဲ့တွေ ကြီးစိုးနေပြီကွ"

"ကိစ္စမရှိဘူး၊ တောင်ကြားထဲရောက်အောင် ဘယ်လိုသွားရမယ်ဆိုတာ ငါသိတယ်"

"မင်း တကယ်သွားမှာလား" ... "ဟုတ်တယ်"

"ဒါဖြင့် ငါလည်းလိုက်မယ်"

ကြူးဝမ်းခုံးက တာနားကို ကြည့်လိုက်သည်။ တာနားက

"ဒီမှာရှိတဲ့လူတွေကို တာအင်းနဲ့လွှဲထားလိုက်ရင် ရပါတယ်၊ ဟိုမှာ ဟန်စန်းက ဦးဆောင်နေတာပဲ၊ တောင်ပေါ်ဒေသကို သူတို့ ဘယ်လောက်ပဲအင်အားကောင်းကောင်း ထိုးဖောက်မလာနိုင်ပါဘူး"

မှန်ပေသည်။ လမ်းခရီး ခက်ထန်ကြမ်းတမ်းလှသည့် တောင်ပေါ်ဒေသတွင် မြောင်မျိုးနွယ်စုများသာ ကျင်လည်စွာသွားလာနိုင်ကြပေသည်။ တာလီတပ်ဖွဲ့များသည် တောင်ပေါ်ဒေသသို့ တက်မည်ဆိုလျှင် အံ့နှင့်ကျင်းနှင့် တက်နိုင်မည်မဟုတ်ပါ။ ထိုသို့ဆိုလျှင် မြောင်လေးသည်တော်များ၏ ပစ်မှတ်များ ဖြစ်သွားကြမည်

www.burmeseclassic.com

www.burmeseclassic.com



သာတည်း။ ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... မင်းလိုက်ချင်တယ်ဆိုရင် လိုက်ခဲ့"

ပြောပြီး ကြူးစုဘက်သို့လှည့်ကာ ...

"မင်းလည်း လိုက်ခဲ့ရမယ်"

ဟု ပြောလိုက်လေသည်။ ကြူးစု၏ဝဲဘက်ပခုံးတွင် ဒဏ်ရာ ရထားပေသည်။ ကြောက်ခမန်းလိလိ တိုက်ပွဲကြီးနှင့်လည်း ရင်ဆိုင် ခဲ့ပြီး ဖြစ်သည်။ မြောင်မျိုးနွယ်စုများ အရှုံးနှင့်ရင်ဆိုင်ရသောအ ဖော်မပြနိုင်သော ခံစားချက်များ ခံစားနေရပေတော့သည်။ ဖခင်ဖြ သူ၏စကားကြားလျှင် ...

"ဟုတ်ကဲ့ ဖေဖေ"

ဦးခေါင်း ဆတ်ခနဲညိတ်ကာ ပြောလိုက်လေတော့သည် လရောင်ဖြာကျနေသည်။ တိုက်ပွဲနှင့်ကမ်းဝေးခဲ့သည့် တောင်ကြား ဒေသမှာ သာယာလှပနေလေသည်။ တောင်ကြားအတွင်းသို့ လူ ယောက် မြင်းသုံးစီးဖြင့် ရောက်ရှိလာကြသည်။ သူတို့သည် စခန်း ထားသည့် တာလိတဲပ်ဖွဲ့များကို တွေ့ပတ်ကာ တောင်ကြားအတွင်း ရောက်လာကြခြင်း ဖြစ်သည်။ တောင်ကြားအတွင်းသို့ ဝင်မိသည်နှ

"ရပ်လိုက်"

ဟန့်တားသံများ ထွက်ပေါ်လာသည်။ ဝဲယာတစ်ဖက်စေ



ချက်ရှိ သစ်ပင်များ၊ ချုံပုတ်များကြားမှ လက်နက်ကိုယ်စီ ကိုင်ဆောင် ထားကြသူများ ပြေးထွက်လာကြပြီး လမ်းပိတ်ထားလိုက်ကြသည် ကို တွေ့မြင်လိုက်ရလေသည်။ ကြူးဝမ်းခုံးက ...

"မြောင်ဒေသ အကြီးအကဲ ကြူးဝမ်းခုံးဆိုတာ ငါပဲ၊ ဘယ် သူက ငါ့ကို ဟန့်တားချင်ကြသေးသလဲ"

ဟု အသံဝါကြီးဖြင့် ပြောလိုက်လေသည်။ လရောင်ဖြင့် ကြူးဝမ်းခုံး၏သူ့ရဲကောင်းပီသသည့် အသွင် ထင်းထင်းကြီး ပေါ်လွင် နေပါသည်။ ကြူးဝမ်းခုံးမှန်း သိသွားကြလျှင် ဟန့်တားထားသူများ ချက်ချင်း လမ်းဖယ်ပေးလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"ဝမ်းဟိုး ဘယ်မှာလဲ" ဟု မေးလိုက်သည်။

"ရွာထဲမှာ ရှိပါတယ်"

တစ်ယောက်က ဖြေလိုက်သည်။ ကြူးဝမ်းခုံးက မြင်းကိုရှေ့ သို့ဆက်ပြီး မောင်းနှင်သွား၏။ တာနားနှင့်ကြူးစုတို့ နောက်မှ လိုက် သွားကြ၏။ မကြာပါချေ ဝမ်းမျိုးနွယ်စု ရွာထဲသို့ ရောက်သွားလေ တော့သည်။ ကြူးဝမ်းခုံး ရောက်ရှိလာသည့်သတင်း ပျံ့နှံ့သွားရာ ရွာသူရွာသားများ ချက်ချင်း စုရုံးရောက်ရှိလာတော့သည်။

"ဝမ်းဟိုး"

ကြူးဝမ်းခုံးက ရွာလယ်မြေကွက်လပ်၌ မြင်းကို ရပ်တန့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး အော်ခေါ်လိုက်၏။ သူ၏အသံ ကျယ်လောင်စွာဟိန်းထွက်လာသည်။ မရှေးမနှောင်းမှာပင် ...

"ကျုပ်ရှိတယ်"

ဝမ်းဟိုး ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ဝမ်းဟိုးသည် တိုက်ပွဲဝင်တော့မည့်အသွင်ဖြင့် လက်နက်အပြည့်အစုံ စုဆောင်းထားသည်ကို တွေ့ရ၏။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး ဝမ်းဟိုးအနီးသို့ လှမ်းသွား၏။ ဝမ်းဟိုးက မလှုပ်မယှက် ရပ်နေပါသည်။ သူတို့နှစ်ယောက် မြေကွက်လပ်အလယ်တွင် ရပ်ဆိုင်မိလိုက်ကြ၏။ ကြူးဝမ်းခုံးက ...

"ဝမ်းဟိုး ... တာလီတွေက မြောင်ဒေသကို ဖျက်ဆီးနေကြပြီ၊ မင်းမျက်လုံး ကန်းနေသလား၊ ဒါမှမဟုတ် နားပင်းနေသလား"

ဟု မေးလိုက်သည်။ ဝမ်းဟိုးက ...

"ကျုပ် နားလည်းမပင်းဘူး၊ မျက်လုံးလည်း မကန်းဘူး"

"ကောင်းပါပြီ ... မင်းက မြောင်ဒေသက လူတစ်ယောက် မဟုတ်တော့ဘူး ဆိုပါတော့"

"ဟား ဟား ဟား"

ဝမ်းဟိုးက သဘောကျစွာ ရယ်မောလိုက်သည်။ ပြီးလျှင်

"ကျုပ်က ဒီမြေမှာမွေး၊ ဒီမြေမှာကြီးတဲ့ လူစစ်စစ်ပါဗျာ၊ တာလီတွေနဲ့ ဆွေမျိုးတော်စပ်ဖို့ စဉ်းစားတဲ့လူ မဟုတ်ပါဘူး"

ကြူးဝမ်းခုံးက ...

"ဘာလဲ ... ကြူးစုကို တာလီဘုရင်မြေးနဲ့ လက်ဆက်ပေးယ်ဆိုတာကို မင်း ကျေနပ်တာလား"

"ဟုတ်တယ်၊ သူတို့ကို ခင်ဗျားက လက်ယပ်ခေါ်ခဲ့တာပဲ"

"ကောင်းပြီ ... တို့တစ်တွေဟာ ပွင့်လင်းတယ်၊ ကြမ်းတမ်းတယ်၊ ပျော်ပျော်ရွှင်ရွှင်နေတတ်ကြတယ်၊ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးချင်ကြတယ်၊ တကယ်လို့သာ ကြူးစုထက်အရင် တို့ဆီက လူငယ်တစ်ယောက်နဲ့ တာလီမိန်းကလေးတစ်ယောက် မေတ္တာသက်ဝင်ခဲ့ကြတယ်၊ သူတို့နဲ့ပတ်သက်ပြီး မြောင်မျိုးနွယ်စုခေါင်းဆောင်ကယ်လိုဆုံးဖြတ်ခဲ့တယ်ဆိုတာ ရှိခဲ့ဖူးရင် ဘာလုပ်ရမယ်ဆိုတာ ကျုပ်ဝေခွဲနိုင်ခဲ့ဘူး"

ဝမ်းဟိုး ပါးစပ်ပိတ်ထားလိုက်လေသည်။ ကြူးဝမ်းခုံးက ဆက်ပြောလိုက်သည်။

"ကျုပ်ဟာ ကိုယ်နှစ်သက်တဲ့မိန်းကလေးကို ယူနိုင်ခွင့်ရှိတယ်လို့ ခံယူထားတယ်၊ ဒါကြောင့် ကြူးစုကို တားဆီးဖို့ မစွမ်းသာခဲ့ဘူး။ ဒါပေမဲ့ တာလီသူတွေဟာ မြောင်ဒေသကို လိုက်လာပြီး ... သက်လုံးမခွဲဘဲ အေးအတူပူအမျှ နေရမယ်လို့ ဆုံးဖြတ်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆူက နေနိုင်တယ်ဆိုရင် မြောင်ဒေသမှာ မမွေးပေမယ့် မြော[illegible] ဒေသသူလိုဖြစ်သွားမှာပဲ၊ ကြူးစုဟာ တာလီနေပြည်တော်ကို လို[illegible] သွားမယ်ဆိုရင် ကျုပ်ကိုယ်တိုင် အဖြစ်ဒဏ်ခတ်လိုက်မှာပဲ"

ဝမ်းဟိုး ငိုင်သွားသည်။ ကြူးဝမ်ခုံး၏နေရာ၌ သူရှိခဲ့လျှ[illegible] မည်သို့ဆုံးဖြတ်ရမည်ကို စဉ်းစားထားမည် မဟုတ်ပါ။ ကြူးဝမ်ခုံး[illegible] ဆုံးဖြတ်ချက်သည် မှုတာသည်ဟု ယခုမှ နားလည်သဘောပေါက်လ[illegible] လေတော့သည်။ သို့သော် ကုန်းချူး သွေးထိုးထားသည်ဖြစ်ရာ သူ[illegible] ရင်ထဲ၌ မကျေမနပ်ဖြစ်နေသည့် အချက်တစ်ချက် ရှိနေသေး[illegible] ကြူးဝမ်ခုံးကို စိုက်ကြည့်လိုက်ပြီး ...

"မြောင်မျိုးနွယ် အကြီးအကဲနေရာကို ခင်ဗျားတို့ပဲ လ[illegible] ဝါးကြီးအုပ်ခဲ့ကြတယ် မဟုတ်လား။ ဒါကိုကော ဘယ်လိုပြောမလဲ"

ဟု မေးလိုက်လေသည်။ ကြူးဝမ်ခုံး ပြုံးလိုက်သည်။

"မျိုးနွယ်စုခေါင်းဆောင်ဆိုတာ နာမည်ပဲရှိတာ၊ ဘာမျှ[illegible] အကျိုးခံစားခွင့်ရှိလို့လဲ၊ ကိုယ်ကျိုးစွန့်ပြီး အများအကျိုးကို ဦးစား[illegible] ဆောင်ရွက်ရတယ်၊ အနစ်နာခံရသေးတယ်၊ ကောင်းပြီ မင်းက[illegible] အကြီးအကဲနေရာကို လိုချင်တယ်ဆိုရင် ယူဝါ ငါပေးမယ်"

ပြောပြောဆိုဆို မဟူရာလှံကို မြေပေါ်ပစ်ချလိုက်၏။

'ဒုတ်'

မဟူရာလှံသည် သူတို့နှစ်ယောက်၏အလယ်၌ စိုက်ဝင်သွားလေသည်။ ကြူးဝမ်ခုံးက ...

"ဝမ်းဟိုး ... မင်းဟာ ရဲစွမ်းသတ္တိရှိတဲ့လူ၊ အရည်အချင်းရှိတဲ့လူတစ်ယောက်ပါ။ အကြီးအကဲဖြစ်ထိုက်ပါတယ်၊ ကျုပ်က ဝမ်းမြောက်ဝမ်းသာ လွှဲပေးပါ့မယ်"

ဟု ပြောလိုက်၏။ ဝမ်းဟိုး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ကြူးဝမ်ခုံးကို မယုံကြည်နိုင်စွာကြည့်ရင်း ...

"ကျုပ် ... ကျုပ်"

စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။ ထိုစဉ် ...

"ထွီ ... မင်းအသက်ကို ကြူးဝမ်ခုံး ကယ်ခဲ့ဖူးတာ မင်းမေ့နေပြီလား ဝမ်းဟိုး"

တာနား မကျေမနပ်စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ဝမ်းဟိုးက တာနားကို လှမ်းကြည့်လိုက်သည်။ တာနား၏စကား မှန်နေသည်။ ရဟတ်ရဲတိုက်အား ချေမှုန်းတိုက်ခိုက်ခဲ့စဉ်က အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့နေချိန်ဝယ် ကြူးဝမ်ခုံးက ကယ်တင်ခဲ့သည် မဟုတ်ပါလား။ ကြူးဝမ်ခုံးသာ ကယ်တင်ခဲ့ခြင်းမပြုလျှင် ဝမ်းဟိုး သေဆုံးသွားမည်သာ ဖြစ်လေသည်။ ဝမ်းဟိုး ငိုင်နေစဉ် ကြူးဝမ်ခုံးက ...

www.burmeseclassic.com



"ဝမ်းဟိုး ... မင်းဟာ ငါ့အပေါ် ကျေးဇူးသစ္စာ မစောင့်သိဘူးဆိုရင်တောင် မြောင်ဒေသအမျိုးနွယ်စုတွေအပေါ် ကျေးဇူးသစ္စာ စောင့်သိဖို့လိုတယ်၊ ငါက မြောင်ဒေသရဲ့အကြီးအကဲနေရာကို လက်ဝါးကြီးအုပ်ထားတယ်လို့ မင်းယူဆရင် မင်းကို အကြီးအကဲတင်မြှောက်လိုက်မယ်၊ မဟူရာလှံကို မင်း ယူပေတော့"

ဟု ပြောလိုက်လေသည်။ တာနားက ...

"ကျူးဝမ်းခုံး"

ဟု လွတ်ခနဲ အော်ခေါ်လိုက်လေသည်။ ကျူးဝမ်းခုံး လက်ကာပြလိုက်သည်။ သူက ဝမ်းဟိုးကို စိုက်ကြည့်ရင်း ...

"တစ်ခုတော့ရှိတယ် ... အကြီးအကဲနေရာ လိုချင်တဲ့လူဟာ ငါ့ကိုစိန်ခေါ်ပြီး ယှဉ်ပြိုင်သတ်ပုတ်နိုင်တဲ့လူ ဖြစ်ရမယ်"

ထိုစကားကြားလျှင် ဝမ်းဟိုး၏မျက်နှာ ဖြူဖတ်ဖြူလျော်ဖြစ်သွားလေသည်။

"ကျူပ် ... ကျူပ်"

စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသလို မည်သို့ပြောရမှန်းမသိဖြစ်နေသည်။ ကျူးဝမ်းခုံးက ...

"မင်းကို ငါ မသတ်ချင်ဘူး။ မင်းက ငါ့ကို သတ်ချင်သတ်၊ ဒါမှမဟုတ်ရင်တော့ မင်းကိုယ်မင်း အဆုံးစီရင်လိုက်ပါ"



ဟု ပြောလိုက်၏။ ဖခင်၏စကား ကြားရသောအခါ ကျူးစုမှာ ကြက်သီးဖြန်းဖြန်းထသွားလေသည်။ သူ၏ဖခင်သည် လွန်စွာမှပင် ရဲရင့်ပြတ်သားသူတစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်နေသည် မဟုတ်ပါလား။ ဝမ်းဟိုး၏ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာသည်။ ကျူးဝမ်းခုံးကိုကြည့်ရင်း ရုတ်တရက် မြေပေါ်ဒူးထောက်ချလိုက်လေသည်။

"ခေါင်းဆောင်ကြီးကျူး ... ကျူပ် မှားသွားပါပြီ၊ ကျူပ်ကို အပြစ်ပေးပါ"

ဟု ပြောလာလေတော့သည်။ ကျူးဝမ်းခုံးက ...

"မင်းအတွက် အပြစ်ဒဏ်ကို ငါသတ်မှတ်ပြီးပြီ"

ဟု ပြောလိုက်၏။ ဝမ်းဟိုး အံကြိတ်လိုက်သည်။

"ကောင်းပြီ"

သူက ဒူးထောက်ရာမှ ခုန်ထလိုက်သည်။ မြေပေါ်၌စိုက်ဝင်နေသည့် မဟူရာလှံကို ဆွဲနုတ်လိုက်၏။ ထို့နောက် သူ၏ရင်ဝသို့ ဖြန်လည်စိုက်သွင်းလိုက်လေသည်။ အဖြစ်အပျက်မှာ လျင်မြန်လွန်းလှသည်။ အားလုံးသည် မှင်တက်မိကာ ငေးကြည့်နေမိကြလေတော့သည်။ ထိုစဉ် ... "ရပ်လိုက်"

ကျယ်လောင်သော ဟန့်တားသံတစ်ချက် ထွက်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တာနားသည် မြင်းပေါ်မှ ခုန်ထွက်လိုက်သည်။ ဝမ်းဟိုးထံ ဝါးလုံးတိုးခုန်ဝင်တိုက်ပြီး မဟူရာလှံကို လုယူလိုက်လေသည်။ သူက အရှိန်ဖြင့် တွန်းထုတ်လိုက်မှုကြောင့် ဝမ်းဟိုးမှာ မြေပေါ် ဘိုင်းခနဲ လဲကျသွားတော့သည်။ ဝမ်းဟိုးသည် မြေပေါ်မှ လူးလိမ့်ထရင်း ...

"တာနား ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

ဟု ဒေါသတကြီး အော်ဟစ်လိုက်သည်။ တစ်ဆက်တည်း ဝင် တာနားထံ ပြေးဝင်လာကာ မဟူရာလှံကို ပြန်လည်လုယူဖို့ ကြိုး စား၏။ တာနားက နောက်ဆုတ်လိုက်သည်။ ဝမ်းဟိုးကို စေ့စေ့ကြည့် ကာ ...

"ဝမ်းဟိုး ... မင်းက ဒီလိုသေချင်လို့ ဘယ်ရမလဲ၊ မင်းရဲ့ အပြစ်ကြောင့် ထူလူယေ်လူရွယ်အတော်များများ အသက်ပေးလိုက် ကြရပြီ၊ ဒီအကြွေးကို မင်းဆပ်ရဦးမယ်၊ ပြီးမှ မင်းကို သေခွင့်ပြု နိုင်မယ်"

ဟု ပြောလိုက်လေသည်။ သူ့စကား၏ဆိုလိုရင်းကို ဝမ်းဟိုး သာမက ကြူးဝမ်းခုံးလည်း နားလည်လိုက်၏။ ဝမ်းဟိုး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ တာနားကို တွေတွေကြီးစိုက်ကြည့်နေ၏။ တာနားက ဝမ်းဟိုး၏အရှေ့သို့ မဟူရာလှံကို ပစ်ချလိုက်ပြီး ...

"တို့ပြန်ရင် ကောင်းမယ်"



ဟု ပြောလိုက်လေသည်။ ကြူးဝမ်းခုံး ခေါင်းညိတ်လိုက် ည်။ သူတို့ဘက် ချာခနဲလှည့်ကာ မြင်းပေါ်သို့ ကိုယ်စီကိုယ်ငှ ခုန် က်လိုက်ကြ၏။ ကြူးစုလည်း မြင်းပေါ်ခုန်တက်လိုက်၏။ ထိုအချိန် တိုင် ဝမ်းဟိုးသည် မလှုပ်မယှက် ရပ်နေဆဲ ... ကြူးဝမ်းခုံးက...

"သွားမယ်"

ပြောပြီး မြင်းကို မောင်းနှင်သွား၏။ တာနားနှင့်ကြူးစုတို့ က်မှလိုက်သွားကြ၏။

'ခွပ်ခွပ် ... ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထို ချိန်မှာပင် ဝမ်းဟိုး သတိဝင်လာပြီး မဟူရာလှံကို လှမ်းဆိုင်လိုက် တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

## အတုံ့အလှည့်

တန့်ယုံ ပြုံးလိုက်သည်။ သူ၏ရှေ့၌ ထိုင်နေသည့် ယန်ဂူး
ကုန်းချူးကိုကြည့်ကာ ...

"ကြားရတဲ့သတင်းကတော့ စိတ်ချမ်းမြေ့စရာပဲ၊ သူတို့
တွေ အရှုံးကြီးရှုံးသွားကြပြီပေါ့ ဟုတ်လား"

ဟု ပြောလေသည်။ ယန်ဂူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်လိုက်တဲ့အ
သူတို့ ချက်ချင်းပြန်ပြီး ခုခံကြပေမယ့် ရဲစွမ်းသတ္တိပြည့်စုံလှတဲ့ တာ
တပ်ဖွဲ့တွေကို မယှဉ်နိုင်တဲ့ အရှုံးကြီးရှုံးသွားကြပါတယ်၊ ကြူးဝမ်း
ဆိုရင်လည်း သွေးရူးသွေးတန်း ထွက်ပြေးတာပါပဲ"

ဟု ပြောသည်။ တန့်ယုံက ...

"ကြူးဝမ်းခုံး ဘယ်ရောက်နေပြီလဲ"



"သူက တောင်ပေါ်ရွာကို ပြေးသွားပြီး ကစဉ့်ကလျားဖြစ်
နေတဲ့သူရဲ့လူတွေကို ပြန်ပြီးစုစည်းနေပါတယ်"

"တပ်မှူးကြီးက သူ့ကိုချေမှုန်းပစ်မယ် မဟုတ်လား"

ယန်ဂူး ရင်ကော့လိုက်သည်။

"ကြူးဝမ်းခုံး ဘာမှမတတ်နိုင်တော့ပါဘူး၊ တောင်ပေါ်ရွာ
ကိုသာ သိမ်းပိုက်နိုင်ပြီဆိုရင် မြောင်မျိုးနွယ်စုတွေအားလုံး ဒူး
ထောက်ခြေခံလာကြတော့မှာပါ"

"ဒါဖြင့် ကြူးဝမ်းခုံးရဲ့တောင်ပေါ်ရွာတွေကို သိမ်းပိုက်ဖို့
အရေးကြီးဆုံးပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျားက ဘယ်လိုစီစဉ်ထားသလဲ"

"တာလီတပ်ဖွဲ့တွေကို ပေါင်းစည်းပြီး အင်အားအပြည့်အဝ
နဲ့ တောင်ပေါ်ရွာတွေကို ချေမှုန်းပစ်ပါမယ်၊ မနက်ဖြန်မနက် မိုးလင်း
တာနဲ့ စပြီးတိုက်မှာပါ၊ သုံးရက်အတွင်း အပြီးသတ်ချေမှုန်းလို့ စီစဉ်
ထားပါတယ်"

"ကောင်းတယ်"

တန့်ယုံက ကုန်းချူးဘက်သို့ လှည့်လိုက်သည်။ ကုန်းချူး၏
မျက်နှာ ပီတိလွှမ်းနေသည်။ တန့်ယုံက ...

www.burmeseclassic.com

www.burmeseclassic.com



"ပညာရှိကြီးတကောဝ ဘာများပြောစရာ ရှိသေးသလဲ၊ ဝမ်းဟိုးက ငြိမ်နေတယ် မဟုတ်လား"

ဟု မေးလိုက်သည်။ ကုန်းချူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဝမ်းဟိုး ငြိမ်နေလို့လည်း တာလီတာပ်ဖွဲ့တွေဟာ မြောင်ဒေသကို အချိန်တိုတိုနဲ့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်နိုင်ခဲ့ကြတာပါ၊ မြောင်ဒေသတစ်ခုလုံးကို သိမ်းပိုက်ပြီးပြီဆိုရင်တော့ ဝမ်းဟိုးကို ကျုပ်တို့ရဲ့ ကြိုးဆွဲရာကတဲ့ ခေါင်းဆောင်အဖြစ် ရုပ်ပြတင်မြှောက်ပေးထားဖို့တောင် ကောင်းနေပါပြီ"

"ခင်ဗျားက ဝမ်းဟိုးကို စိတ်ချတယ်ပေါ့ဟုတ်လား"

တန့်ယုံက မေးသည်။ ကုန်းချူးက ...

"အခုအချိန်ထိ သူက ငြိမ်နေတုန်းပဲဆိုတော့ စိတ်ချနိုင်ပါပြီ၊ မြောင်ဒေသတစ်ခုလုံး ဖျက်စီးသွားတော့မယ် မဟုတ်လား"

"ကောင်းပြီလေ ... သူ့ကိုစိတ်ချရတယ်ဆိုရင် သူ့အတွက် လက်ဆောင်ပစ္စည်းလေး ဘာလေးပေးပြီး နှစ်သိမ့်ထားလိုက်ပေါ့၊ တကယ်လို့ စိတ်မချရတဲ့ အနေအထားရှိလာရင်တော့ အမြန်ဆုံး သုတ်သင်ရှင်းလင်းပစ်ဖို့လိုတယ်"

ကုန်းချူးသည် ဝမ်းဟိုးအား ကောင်းစွာချုပ်ကိုင်နိုင်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် ...



"မင်းသားလေး ... သူ့အတွက် ဘာမှမပူပါနဲ့၊ ကျုပ် တာဝန်ယူပါတယ်"

ဟု ပြောလိုက်လေသည်။ တန့်ယုံ ခေါင်းညိတ်လိုက်သည်။ ယန်ဝူးဘက်သို့ ပြန်လှည့်ကာ ...

"ခင်ဗျားက ကနေ့ညတွင်းချင်းပဲ ပြန်သွားမယ် မဟုတ်လား"

ဟု မေးလိုက်သည်။ ယန်ဝူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ကဲ ... ဒါဖြင့် ခင်ဗျားသွားပေတော့၊ သွားရမယ့်ခရီးကနီးတာမှမဟုတ်ဘဲ"

"ဟုတ်ပါတယ် မင်းသားလေး"

"ကဲ ကဲ ... သွားပေတော့"

ယန်ဝူးသည် ထိုင်ရာမှထကာ တန့်ယုံအား ဦးညွတ်ဂါရဝပြုလိုက်ပြီး အခန်းတွင်းမှ ထွက်သွားလေတော့သည်။ ယန်ဝူး ထွက်သွားလျှင် တန့်ယုံက ကုန်းချူးဘက်သို့လှည့်ကာ ...

"ယန်ဝူးက တောင်ပေါ်ရွာတွေကို ချေမှုန်းပစ်နိုင်မှာလား"

ဟု မေးလိုက်လေသည်။ ကုန်းချူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကြူးဝမ်းခုံးကို ကူညီမယ့်လူ မရှိတော့ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူတို့ တောင်ပေါ်ရွာတွေဟာ သဘာဝအနေအထားကို အားကို
ပြီး အစွမ်းကုန်ခုခံမှာ သေချာပါတယ်၊ ဒါပေမဲ့ နောက်ဆုံးတော့
တာလီတပ်ဖွဲ့တွေရဲ့ ချေမှုန်းမှုကို ခံရမှာပါ"

"ကောင်းတယ် ... မြောင်ဒေသကို တာလီဘုရင် ဘယ်နှ
ယောက် သွားဖူးသလဲ"

"တစ်ယောက်မှမသွားခဲ့ကြဖူးပါဘူး"

"ဒါဆို ကျုပ်ဟာ မြောင်ဒေသကိုရောက်တဲ့ ပထမဆုံး
တာလီဘုရင် ဖြစ်လာမှာပေါ့"

"ဟုတ်ပါတယ်"

တန့်ယို အားရပါးရပြုံးလိုက်သည်။ သူ၏မျက်လုံးထဲဝယ်
သယံဇာတပေါများလှသည့် မြောင်ဒေသကို သိမ်းပိုက်ပြီးနောက်
ပို၍ တိုးတက်စည်ပင်လာသည့် တာလီရွှေမြို့တော်ကြီးကို
မြင်ယောင်နေမိလေတော့သည်။

❋

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်လေသည်။



နေခြည်ပေါ်ထွန်းလာသည်နှင့် တောင်အောက်ဘက်မှ ခရာသံ ဟိုမှ
သည်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။
ကျောက်တုံးကြီးတစ်တုံးပေါ်၌ ရပ်ကာ အောက်သို့ငုံ့ကြည့်နေသည့်
တာနားက ကျောက်တုံးကြီးပေါ်မှ ခုန်ဆင်းလာပြီး ...

"သူတို့လာကြပြီ"

ဟု အော်ပြောလိုက်လေသည်။ သူ၏စကားသံနှင့် မရှေး
မနှောင်းမှာပင် ...

'ဝူး ... ဝူး ... ဝူး'

ကျွဲချိုမှုတ်သံများ ထွက်ပေါ်လာသည်။ တောင်ကုန်းများ
ကား တစ်ခုနှင့်တစ်ခု ဆက်စပ်ကာ တောင်စဉ်တောင်တန်းများ
သဖွယ် တည်ရှိနေပါ၏။ တောင်စဉ်တောင်တန်းတစ်လျှောက်ဝယ်
မြောင်သူရဲကောင်းများ နေရာမလပ် နေရာယူထားသည်ကို တွေ့နိုင်
၏။ တောင်ပေါ်ဒေသသို့ တာလီတပ်ဖွဲ့များ တက်လာလျှင် အပြင်း
အထန် ခုခံချေမှုန်းရန် ကြိုတင်ပြင်ဆင်ထားကြပြီးဖြစ်၏။

ယခု ထွက်ပေါ်လာသည့် ကျွဲချိုမှုတ်သံများမှာ ရန်သူများ
တောင်ပေါ်သို့ တက်လာနေကြောင်း အချက်ပေးသံ ဖြစ်ပေသည်။
တာနားက ကြူးဝမ်းခုံးအနီးသို့ ပြေးသွား၏။ ကြူးဝမ်းခုံးက တောင်
ပေါ်သို့တက်ရာ လမ်းကလေးထိပ်၌ မားမားမတ်မတ်ရပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခေါင်း၌ လေးမြားကိုင်ဆောင်ထားပြီး ခါး၌ ရခဲ်းတစ်လက် ချိတ်ဆွဲထားလေသည်။ သူတို့သည် တောင်အောက်ဆီသို့ ငုံ့ကြည့်နေကြသည်။

တောင်ခြေတွင် တာလီတပ်ဖွဲ့များ စုရုံးရောက်ရှိနေကြပြီဖြစ်မှသည်။ တာလီတပ်ဖွဲ့များသည် တောင်ခြေဒေသတစ်ခုလုံး ဖြန့်ကြက်နေရာယူထားကြလေသည်။ တာလီတပ်ဖွဲ့အင်အားက ကြီးမားလှသည်။ သို့သော် သူတို့သည် တောင်ပေါ်သို့ အုပ်ဖွဲ့တက်လာနိုင်ကြသည် မဟုတ်ပါ။ တောင်ပေါ်သို့တက်ရန် လမ်းသာသည့်နေရာများ ရွေးပြီးတက်လာရခြင်းကြောင့် အုပ်စုငယ်များအဖြစ် တဖွဲ့ဖွဲ့ကွဲသွားလေတော့သည်။

တောင်ပေါ်တက်ရာ လမ်းတစ်လျှောက်တွင် မြောင်သူ့ရဲကောင်းများ နေရာယူထားကြပါသည်။ ထို့ကြောင့် တာလီတပ်ဖွဲ့များ တောင်ပေါ်တက်လာသည်နှင့် အသင့်စောင့်နေကြည့် မြောင်သူ့ရဲကောင်းများနှင့် ထိပ်တိုက်ရင်ဆိုင်မိလေတော့သည်။

"မှူး"

ကြူးဝမ်းခုံးက ကျွဲချိုမှုတ်လိုက်သည်။ တိုက်ပွဲဝင်ရန် အချက်ပေးလိုက်သည့်အသံဖြစ်သည်။ နံနက်ခင်းနေရောင်ခြည်အောက်ဝယ် တိုက်ပွဲကြီး စတင်ဖြစ်ပွားလာလေတော့သည်။



"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။ တောင်ခြေ၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပေါ်လာ၏။ တိုက်ပွဲစလျှင်စချင်း တာလီတပ်ဖွဲ့များ တပ်လန်သွားလေတော့သည်။ မြောင်သူ့ရဲကောင်းများ တရကြမ်းတိုက်ခိုက်မှုကြောင့် တောင်ပေါ်ဆက်မတက်နိုင်တော့ဘဲ တောင်အောက်သို့ ပြန်ပြေးဆင်းသွားရသည်။

"ဟေး ... ဟေး"

ကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။ မြောင်သူ့ရဲကောင်းများ ဝမ်းသာပျော်ရွှင်သွားခြင်းဖြစ်လေသည်။ ကြူးဝမ်းခုံး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ တာနားက တောင်ပေါ်ဒေသကို သူတို့ဘယ်လိုလုပ်တက်နိုင်ကြမှာလဲဟု ပြောလိုက်လေသည်။ ကြူးဝမ်းခုံးက ...

"သူတို့က လက်လျှော့ကြမှာမဟုတ်ဘူး ... ထပ်ပြီးကြိုးစားဦးမှာပဲ"

သူ၏စကားမဆုံးမီ တောင်အောက်မှ ခရာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တာလီတပ်ဖွဲ့များ ရှေ့သို့

www.burmeseclassic.com

www.burmeseclassic.com



အပြင်းချီတက်ရန် အမိန့်ပေးသည့် ခရာသံဖြစ်ပေသည်။ ခရာသံထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် တာလီတပ်ဖွဲ့များသည် ခြာသံပေးကာ တောင်ပေါ်တက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

မြောင်သူ့ရဲကောင်းများကလည်း ဆီးကြိုတိုက်ခိုက်ကြသည်။ တောင်ပေါ်တက်ရာလမ်းတွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။ တာလီတပ်ဖွဲ့များပင် အထိနာသွားကြလေသည်။ ယခုတစ်ကြိမ် ရှေ့သို့ချီတက်ရန် အမိန့်ပေးခရာသံများ အဆက်မပြတ် ထွက်ပေါ်နေခြင်းကြောင့် နောက်မဆုတ်ဝံ့ကြဘဲ အသေခံကာ ရှေ့သို့တက်လာနေကြသည်ကို တွေ့ရ၏။

ရှေ့မှတက်သူက တက်နေသလို နောက်မှလည်း စဉ်ဆက်မပြတ် ရောက်လာကြသဖြင့် တာလီတပ်ဖွဲ့များ တောင်ပေါ်သို့ တက်လာသည့်အရှိန်ကို တားဆီးရန် မလွယ်တော့ချေ။ မြောင်သူ့ရဲကောင်းများသည် တစ်ယောက်လျှင် ရန်သူတစ်ယောက်နှုန်းခန့်ဖြင့် ရင်ဆိုင်နေခြင်းဖြစ်ပေသည်။ ထို့ကြောင့် တာလီတပ်ဖွဲ့များ အသေခံကာ ရှေ့သို့ စဉ်ဆက်မပြတ် တက်လာကြသောအခါ မြောင်သူ့ရဲကောင်းများ ထိခိုက်ကျဆုံးမှု ရှိလာတော့သည်။ တာနားက ...

"တို့ ဆင်းကူရင် ကောင်းမယ်"



ဟု ပြောလိုက်သည်။ ကြူးဝမ်းခုံး ခေါင်းယမ်းလိုက်သည်။

"တို့လူတွေကို အပင်ပန်းမခံနိုင်ဘူး။ သူတို့ တောင်ပေါ်တက်လာပါစေ"

ထိုစကားကြားလျှင် ကြူးစု သဘောကျသွားလေသည်။ ရန်သူများသည် ခုခံတိုက်ခိုက်သူများနှင့် အပြင်းအထန်ရင်ဆိုင်ပြီး တောင်ပေါ်သို့ တက်လာကြခြင်းဖြစ်သည်။ ရိုးရိုးတန်းတန်း တောင်ပေါ်တက်မည်ဆိုလျှင်ပင် အတော်ကြီးပင်ပန်းနေမည်ဖြစ်သည်။ ထို့ကြောင့် တောင်ပေါ်တက်ရာလမ်းတစ်လျှောက် ရင်ဆိုင်တိုက်ခိုက်ခဲ့ရပြီး တောင်ပေါ်သို့ ရောက်လာသူသည် ခြေကုန်လက်ပန်းကျနေမည်ဖြစ်လေသည်။ ထိုအခါ တောင်ပေါ်တွင် ခွန်အားအပြည့်ဖြင့် စောင့်ကြည့်နေသည့် မြောင်သူ့ရဲကောင်းများနှင့် မည်သို့ရင်ဆိုင်နိုင်အံ့နည်း။

ကြူးစုသည် ဖခင်ဖြစ်သူကို လေးလေးစားစား ကြည့်မိ၏။ သူ၏ဖခင်သည် မြောင်မျိုးနွယ်များ၏ခေါင်းဆောင် အဘယ်ကြောင့်ဖြစ်နေသည်ဆိုခြင်းကိုလည်း နားလည်သဘောပေါက်လာလေတော့သည်။ ကြူးဝမ်းခုံးက ကျွဲချိုကို မှုတ်လိုက်သည်။

'တူ'

ကျွဲချိုမှုတ်သံထွက်ပေါ်လာလျှင် တောင်ခြေမှ ရန်သူအား

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်နေသူများ ချက်ချင်းနောက်ဆုတ်ကာ တောင်ပေါ်ပြေးတက်လာကြလေတော့သည်။ ပြောင်သူရဲကောင်းများ နောက်ဆုတ်သွားသည်ကိုမြင်လျှင် တာလီတာပ်ဖွဲ့ဝင်များ စမ်းသာအားရဖြစ်သွားကြ၏။

"ပြေးပြီဟေ့ … ပြေးပြီ"

"တိုက်ကြ … ရန်သူကို ချေမှုန်းကြ"

"တောင်ပေါ်တက်"

ဆူဆူညံညံ အော်ဟစ်လိုက်သည့်အသံများ တောင်ပေါ်သို့တိုင် ပျံ့လွင့်လာလေတော့သည်။ တောင်ပေါ်သို့ နောက်မဆုတ်တမ်း တက်ရန် အချက်ပေးသည့် ခရာသံများလည်း အဆက်မပြတ်ထွက်ပေါ်နေသည်။ တာလီတာပ်ဖွဲ့ဝင်များသည် အားတက်လာကြပြီး တောင်ပေါ်သို့ တစ်ဟုန်ထိုး တက်လာကြလေသည်။ ကြူးဝမ်းခုံးက

"ဒီလောက်ဆို အနေတော်ပဲ"

တီးတိုးရေရွတ်လိုက်သည်။ ထို့နောက် လက်ဝှေ့ယမ်းပြလိုက်၏။ ကြူးစုသည် လက်ထဲကိုင်ထားသည့်လေးမြားကို အပေါ်သို့ မြှောက်ကာ မြားတစ်စင်း ပစ်လွှတ်လိုက်သည်။ မြားတံသည် ကောင်းကင်ပေါ်သို့ တစ်ဟုန်ထိုး ပြေးတက်သွား၏။ မြား၏အမြီးပိုင်း၌ အနီရောင်ပန်းပွားတစ်ခု တပ်ဆင်ထားရာ နေခြည်အောက်ဝယ်



တလူလူလွင့်လျက် အဝေးမှပင် မြင်တွေ့နိုင်တော့၏။ ကြူးစု မြားတံပစ်လွှတ်လိုက်ပြီး မရှေးမနှောင်းမှာပင် …

'ဝှီး … ဝှီး … ဝှီး'

စူးရှသောလေတိုးသံများ ထွက်ပေါ်လာသည်။ တောင်ပေါ်၌ နေရာယူထားသူများသည် လေးမြားများဖြင့် တောင်ပေါ်တက်လာသည့် တာလီများကို တရစပ်ပစ်ခတ်လိုက်ကြလေသည်။ မြားတံများ ကျဆင်းလာသည်မှာ မိုးသီးမိုးပေါက်များ ရွာချလိုက်သည်နှင့်ပင် တူလှပေတော့သည်။ တာလီတာပ်ဖွဲ့ဝင်များသည် တောင်ပေါ်တက်ရာလမ်းတစ်လျှောက်ဝယ် အကာအကွယ်ယူရန် ကြိုးစားလိုက်ကြ၏။

သို့သော် ကျောက်တုံးကျောက်ခဲများမှအပ အခြားသောအကာအကွယ်ယူစရာ မရှိပါ။ ကျောက်တုံးကျောက်ခဲများနောက်သို့ ပြေးဝင်ပုန်းကွယ်လိုက်သူများပင်လျှင် လူတိုင်းလွတ်မြောက်သူမရှိဘဲ ထိသူထိသွားကြလေ၏။ တဖွဲဖွဲကျဆင်းလာသည့် မြားတံများသည် တောင်ပေါ် တရကြမ်းတက်လာကြသည့် တာလီတာပ်ဖွဲ့ဝင်များကို ကစဉ့်ကလျား ဖြစ်သွားစေတော့သည်။

"အား"

"ဟွန့်"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ပွက်ပွက်ညံသွားလေသည်။ တာလီတပ်ဖွဲ့ဝင်များ အတုံးအရုံး ကျဆုံးကုန်၏။ ရှေ့ဘက်သို့မဆိုထားနှင့် ... နောက်သို့လှည့်ပြေးရင်းပင် မြားထိကာ လဲကျကုန်လေသည်။ တောင်ပေါ်သို့ တရကြမ်းတက်လာသည့် တာလီတပ်ဖွဲ့အင်အား သုံးပုံနှစ်ပုံခန့်မှာ မြေပေါ်လဲကျသွားတော့သည်။

မြောင်နယ်ခြားသို့ ကျူးကျော်ပြီးနောက် ပထမဆုံးအထိနာသည့်တိုက်ပွဲ ဖြစ်ပေတော့သည်။ ကျန်ရှိနေသေးသည့် တာလီတပ်ဖွဲ့များသည် တောင်အောက်သို့ ဒရောသောပါး ပြေးဆင်းသွားကြလေတော့သည်။

နံနက် မိုးစင်စင်လင်းသည့်အချိန်က စတင်ခဲ့သည့် တိုက်ပွဲကြီးမှာ နေမွန်းတည့်ချိန်မတိုင်မီ ပြီးဆုံးသွားလေသည်။ တောင်ပေါ်တက်ရာလမ်းတစ်လျှောက်ဝယ် လူသေအလောင်းများဖြင့် အသေကောင်များ ပြန့်ကျဲနေသည်။ တာလီတို့ မရှုမလှရှုံးနိမ့်ခဲ့ရသည့် ပြယုဂ်ဖြစ်ပေသည်။

ပထမဆုံးအကြိမ် တာလီများကို တွန်းလှန်နိုင်ခဲ့ခြင်းကြောင့် မြောင်သူရဲကောင်းများလည်း ပျော်ရွှင်နေကြပေသည်။ တာလီများ နောက်ထပ်တစ်ကြိမ် တောင်ပေါ်တက်လာရန် ကြိုးစားပါ



လျှင် ယခုထက်ပို၍ အထိနာအောင် တိုက်ခိုက်ပစ်လိုက်မည်ဟု ကြုံးဝါးနေကြလေသည်။

ကြူးဝမ်းခုံ၊ တာနားနှင့် ကြူးစုတို့သုံးယောက်သည် ကြူးချင် လာပေးသည့် စားသောက်ဖွယ်ရာများ စားသောက်လိုက်ကြ၏။ ကြူးချင်သည် ဓားတစ်လက်လွယ်ထားသည်ကို မြင်လျှင် ကြူးစု တအံ့တသြဖြစ်ခဲ့ရသည်။ သို့သော် ထိုအခြင်းအရာသည် ထူးဆန်းလှသည်တော့ မဟုတ်ပါ။ မြောင်ဒေသမှ ကလေးလူကြီး၊ မိန်းမယောကျ်ားမကျန် ကျူးကျော်လာသူများကို ရင်ဆိုင်တိုက်ခိုက်မည်ဟူသော သတ္တိသွေးရှိကြသူများဖြစ်သည် မဟုတ်ပါလား။

ကြူးချင်သည် သူ့အား တစ်ချက်ကြည့်ပြီး လှည့်ထွက်သွား၏။ နောက်ထပ် ပေါ်မလာတော့ချေ။ ကြူးစု၏ရင်ထဲ ဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်လာ၏။ သို့သော် ကြာကြာတွေးတောစဉ်းစားနိုင်ခြင်း မရှိပါချေ။ အကြောင်းကား တောင်ခြေမှ ခရာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်မဟုတ်ပါလား။ ကြူးစု ခုန်ထလိုက်သည်။

"ရန်သူတွေ လာနေပြီ"

ဟု အော်ပြောလိုက်လေသည်။ ကြူးဝမ်းခုံနှင့်တာနားတို့က သူ့ကို လှည့်ကြည့်လိုက်ကြ၏။ ခရာသံများကြောင့် ရန်သူများ

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်သို့ တက်လာနေကြပြန်ပြီဖြစ်ကြောင်း အားလုံးရိပ်မိကြ လေသည်။ ကြူးဝမ်းခုံးက ကျွဲချိုတို့ ကြူးစုထံ ပစ်ပေးလိုက်သည်။ ကြူးစု ကြောင်အမ်းအမ်းဖြင့် ဖမ်းယူထားလိုက်၏။ ကြူးဝမ်းခုံးက...

"ကဲ ... မင်းပဲ တောင်ပေါ်တက်လာတဲ့ ရန်သူတွေကို ဆုံးဖ လိုက်စမ်းပါ"

ဟု ပြောလိုက်လေသည်။ ကြူးစု မျက်လုံးပြူးသွားသည်။

"ဖေဖေ"

"ရန်သူတွေကို ဘယ်လိုဆုံးမရမယ်ဆိုတာ မင်းသိပါတယ်"

အားလုံးက ကြူးစုကို ဝိုင်းကြည့်လိုက်ကြသည်။ ကြူးစု ပ စပ်ပိတ်ထားလိုက်ရလေတော့သည်။ မြောင်ဒေသသည် သူ၏မွေး ဖွားရာဒေသဖြစ်သည်။ မြောင်ဒေသ၌ မှီတင်းနေထိုင်ကြသူများမှာ သူ၏မျိုးနွယ်များဖြစ်ကြသည်။ တာလီများကား သူ၏ရန်သူ ဖြစ် သည်။ သို့သော် တာလီဘုရင်၏သမီးတော်သည် သူ၏ချစ်သူဖြစ်နေ သည်။ ကြူးစုမှာ ခုပ်လည်းစူး စားလည်းရူး ဖြစ်နေတော့၏။

စူးရှသော ခရာသံများ ဆက်တိုက်ထွက်ပေါ်လာသည်။ တာလီတပ်ဖွဲ့ဝင်များသည် လေးမြားများ တရစပ်ပစ်ခတ်ကာ တောင်ပေါ်သို့တက်လာကြလေသည်။ မြားတံများ တောင်ခါးပန်းသို့ ပင် ရောက်လာသည်။ သို့တိုင် ကြူးစုကား မလှုပ်မယှက်ရပ်လျက်



ထားနား မနေနိုင်တော့ပါချေ။

"ကြူးစု ... မင်း ဘာလာလုပ်နေတာလဲ"

ဟု အော်ငေါက်လိုက်လေသည်။ ထိုအခါမှ ကြူးစု သတိဝင် လာသည်။ တောင်အောက်သို့ ငုံ့ကြည့်လိုက်သောအခါ တာလီတပ်ဖွဲ့ များ လျှင်မြန်စွာချီတက်လာနေကြသည်ကို တွေ့မြင်လိုက်ရလေ သည်။

ကြူးစု အံကြိတ်လိုက်သည်။ ကျွဲချိုကိုင်ကာ လေးမြားများ ပစ်ခတ်ရန် အမိန့်ပေးလိုက်လေသည်။ ကျွဲချိုမှုတ်သံများ တောင် တောင်တန်းတစ်လျှောက် ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာသည်။ ချုံမနှောင်းတွင် မြောင်လေးသည်တော်များသည် လေးမြားများ ဖြင့် တရစပ်ပစ်ခတ်ကြပေတော့သည်။

'ဝိုး ... ဝိုး ... ဝိုး'

မြားတံများမှာ မိုးသီးမိုးပေါက်များပမာ တောင်အောက်သို့ ဖွဲဖွဲကျသွား၏။ အကာအကွယ်မရှိ တရကြမ်းတက်လာသည့် တာလီတပ်ဖွဲ့ဝင်များ အထိနာသွားကြပြန်တော့သည်။

"အား"

"အွန့်"

"အမယ်လေး"

www.burmeseclassic.com



စူးရှသော အော်ဟစ်သံများ တောင်ပေါ်သို့တိုင် လွင့်ပျံလာ
သည်။ သို့သော် ယခုတစ်ကြိမ်တွင် တာလီတပ်ဖွဲ့များသည် အနော
ကာ ရှေ့သို့တရစပ်တိုးလာကြလေသည်။ တစ်ယောက်ကျသွားလျှ
နှစ်ယောက်ရှေ့တက်လာသည်။ နှစ်ယောက်ကျသွားလျှင် လေ
ယောက်ရှေ့တက်လာကြသည်။ ဤသို့ဖြင့် ရှေ့သို့ တရကြမ်းတ
ကြသည်။

တောင်ပေါ်သို့ လေးမြားများဖြင့် ပြန်လည်ပစ်ခတ်
သည်။ သူတို့သည် အကျအဆုံးအမြောက်အမြားရှိသော်လည်း
မေကာ ရှေ့သို့တက်လာကြရာ အမြင့်ပိုင်းဆီသို့ရောက်လာကြ
သည်။ သူတို့ပြန်လည်ပစ်လွှတ်လိုက်သည့် မြားတံများသည် တော
ပေါ်သို့တိုင် ရောက်လာသည့် အချို့သော မြောင်းသူရဲကောင်းများ
ထိမှန်သွားလေသည်။ ရန်သူများ အသေခံကာ တရကြမ်း တက်လ
သည်ကိုကြည့်ကာ ကြူးစု အံ့သြနေမိသည်။

"တော်တော်မိုက်တဲ့လူတွေပဲ"

ဟု ရေရွတ်မိလေသည်။ ရန်သူတို့သည် တောင်ထိပ်ပိုင်းနှ
တစ်စထက်တစ်စ နီးကပ်လာပြီ ဖြစ်လေသည်။ ကြူးစု မျက်လုံးဖြ
ကာ ငေးကြည့်နေမိသည်။ ထိုစဉ် ...

"မင်း ဘာလုပ်နေတာလဲ"



တာနား၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ
လာသည်။ တာနားသည် အနီးသို့ ရုတ်ခြည်းရောက်လာပြီး ကြူးစု၏
လက်ထဲမှ ကျွဲချိုကို လုယူလိုက်လေသည်။ ထို့နောက် တောင်ထိပ်
တွင်ဆင်ထားသည့် ကျောက်မောင်းများကို ဖြုတ်ချရန် အချက်ပေး
လိုက်ခြင်း ဖြစ်ပေသည်။ ကျွဲချိုမှုတ်သံ ထွက်ပေါ်လာပြီး မရှေးမ
နှောင်းတွင် ကျောက်မောင်းဖြုတ်ချသံများ ထွက်ပေါ်လာသည်။

'ဝုန်း .. ဝုန်း .. ဝုန်း'

'ဝေါ .. ဝေါ .. ဝေါ'

တော်လည်းသံကြီးပမာ ကျယ်လောင်သော မြည်သံကြီး
ဟိန်းထွက်လာ၏။ တောင်ထိပ်၌ စုပုံထားသည့် ကျောက်တုံး
ကျောက်ခဲ အကြီးအသေး အရွယ်အစားအမျိုးမျိုးသည် တောင်
အောက်သို့ တစ်ဟုန်ထိုး လိမ့်ဆင်းသွားလေတော့သည်။

တောင်ပေါ်သို့ စုရုံးတက်လာကြသည့် တာလီတပ်ဖွဲ့များ
ထိတ်လန့်တုန်လှုပ်သွားကြ၏။ ရှောင်တိမ်းစရာနေရာမရှိ၊ ပုန်း
ကွယ်စရာ နေရာမရှိသဖြင့် စူးစူးဝါးဝါးအော်ကာ တောင်အောက်သို့
ပြန်လည်ပြေးဆင်းသွားကြလေတော့သည်။ သို့သော် အရှိန်ဖြင့် လိမ့်
ဆင်းလာသည့် ကျောက်တုံးကျောက်ခဲများသည် တဝေါဝေါမြည်သံ
ကြီးဖြင့် လိုက်လာသည် ဖြစ်ရကား ...

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ... ဝုန်း ... ဝုန်း'

"အား"

"အွန့်"

"အမယ်လေး"

စူးရှကျယ်လောင်သော အသံများသည် ကမ္ဘာမြေကြီး ပျက်စီးတော့မည့် နောက်ဆုံးအနေအထား ထွက်ပေါ်လာတော့ သည်။ ကျောက်မောင်းများ တစ်ခုပြီးတစ်ခု ဖြုတ်ချလိုက်သည် တောင်စောင်းတစ်လျှောက်ရှိ သစ်ပင်ငယ်များပါအရှိန်ဖြင့် လိမ့်ဆင်း ကျလာသည့် ကျောက်တုံးကျောက်ခဲများ၏တိုက်ချမှုဖြင့် တောင် အောက်သို့ ကျဆင်းသွား၏။

တာလီတပ်ဖွဲ့များမှာလည်း တောင်ကျရေစီးဆင်းလာသည့် ချောင်းထဲမျောပါသွားသည့်နှယ် ... ကျောက်တုံးကျောက်ခဲများကြား ဝယ် နစ်မျောရင်း တောင်အောက်တို့တိုင် ကျသွားလေတော့သည်။ ကျောက်တုံးကျောက်ခဲများကျဆင်းမှု ရပ်တန့်သွားပြီးသည့်နောက် ဝယ် တောင်ပေါ်မှနေပြီး တောင်အောက်သို့တိုင် ရှင်းရှင်းလင်းလင်း ဖြစ်သွား၏။ တာလီတပ်ဖွဲ့ဝင်တစ်ယောက်တလေမျှပင် မတွေ့မမြင် ရပါတော့ချေ။

"ဟေး ... ဟေး ... ဟေး"



မြောင်သူရဲကောင်းများ ဝမ်းသာအားရ ဟစ်ကြွေးလိုက်ကြ ၏။ တာလီတို့အား ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ပြီမဟုတ်ပါ လား။ တာလီတို့သည် နောက်တစ်ကြိမ် တောင်ပေါ်သို့ တက်လာဝံ့ ကြတော့မည် မဟုတ်ပါချေ။

ကြူးစု၏ရင်ထဲ တင်းကျပ်နေသည်။ တာလီတို့၏ရှုံးနိမ့်ခြင်း သည် သူ၏ရှုံးနိမ့်ခြင်းဖြစ်သည်။ မြောင်တို့၏ ရှုံးနိမ့်ခြင်းသည်လည်း သူ၏ရှုံးနိမ့်ခြင်းပဲ မဟုတ်ပါလား။ ထိုစဉ် ...

'တူ ... တူ ... တူ'

ကျွဲချိုမှုတ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကြူးစု လှည့်ကြည့်လိုက်သည်။ ထိုအခါ ကြူးဝမ်းခုံးက တာနားဘက် မှ ကျွဲချိုကိုယူကာ မှုတ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ တာနားက မြင်းသုံးကောင်ဆွဲပြီး လာနေသည်ကို တွေ့ရ၏။ ကျွဲချို မှုတ်သံသည် တောင်အောက်သို့ဆင်းကာ ရန်သူအား ထိပ်တိုက်ရင် ဆိုင်ရန် အချက်ပေးလိုက်ခြင်း ဖြစ်ပေတော့သည်။ ကြူးဝမ်းခုံးက မြင်းပေါ် ခုန်တက်လိုက်သည်။ တာနားက ...

"ကြူးစု လာခဲ့"

ဟု ပြောလိုက်သည်။ ကြူးစု မနေသာတော့ဘဲ မြင်းပေါ် ခုန်တက်လိုက်လေသည်။ အခြားသော သူရဲကောင်းများလည်း မြင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီဖြင့် တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေကြသည်ကို တွေ့ရလေသည်။ ကြူးဝမ်းခုံးက လက်ဝှေ့ယမ်းပြလိုက်သည်။

"ရန်သူတွေကို ပြတ်ပြတ်သားသား ချေမှုန်းကြ"

ဟု အော်ပြောလိုက်၏။ ထို့နောက် ရှေ့ဆုံးမှ မြင်းဒုန်းစိုင်းစီးနင်းကာ တောင်အောက်သို့ ဆင်းသွား၏။ မြောင်သူရဲကောင်းများလည်း ဧြာသံပေးကာ နောက်မှစုရုံးလိုက်ပါသွားကြ၏။ တောင်စဉ်တောင်တန်းတစ်လျှောက်ဝယ် မြင်းစီးသမားမြောက်များစွာ ထွက်ပေါ်လာလေသည်။ အားလုံးလိုလိုပင်ဧြာသံပေးရင်း တောင်အောက်သို့ ဒုန်းစိုင်းနှင်နေကြ၏။ တောင်အောက်တွင် တာလိတပ်ဖွဲ့များသည် ပြန်လည်စုရုံးနေကြပြီဖြစ်သည်။ ခရာမှုတ်သံများ အဆက်မပြတ် ထွက်ပေါ်နေသည်။ မကြာပါချေ။ တာလိတပ်ဖွဲ့ဝင်များနှင့် မြောင်မြင်းသည်တော်များ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေတော့သည်။

✻

တာလိနှင့်မြောင်တို့သည် နှစ်ပေါင်းတစ်ရာအတွင်း တိုက်ပွဲ



ပေါင်းများစွာ ဆင်နွှဲခဲ့ကြဖူးပေသည်။ သို့သော် ယခုတစ်ကြိမ် ဖြစ်ပေါ်လာသည့် တိုက်ပွဲကဲ့သို့ ပြင်းထန်လှသော တိုက်ပွဲမျိုးကား မပေါ်ပေါက်ခဲ့ဖူးပါချေ။ ယခုတစ်ကြိမ်တွင် မြောင်ဒေသကို သိမ်းပိုက်နိုင်ရန် တာလိဘုရင်တန့်ယုံက မြို့စောင့်တပ်မှုသော ချန်ထားပြီးရှိသမျှ စစ်သည်အင်အားအကုန် ပို့လွှတ်လိုက်ခြင်းဖြစ်သည်။

မြောင်မြင်းစီးသမားများလည်း ဝမ်းမျိုးနွယ်မှအပ အခြားမျိုးနွယ်စုအားလုံး အကုန်အစင် ပါဝင်တိုက်ခိုက်ကြခြင်း ဖြစ်သည်။ နှစ်ဖက်စလုံး ရှိသမျှအင်အား အကုန်ထုတ်ကာ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။ တောင်ခြေမှတိုက်ပွဲကား ကြောက်ခမန်းလိလိပြင်းထန်လှသည်။ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် တိုက်ခိုက်ကြရ၏။ နှစ်ဖက်စလုံး မည်သူမျှ အသာမရနိုင်ဘဲရှိနေစဉ် ...

'တူ ... တူ ... တူ'

အဝေးမှ ကျွဲချိုမှုတ်သံများ ထွက်ပေါ်လာလေသည်။ အရှေ့ဘက်ဆီမှ မြင်းသည်တော်များ တစ်ဟုန်ထိုးချီတက်လာနေသည်ကို တွေ့မြင်လိုက်ရသည်။ အားလုံး အံ့သြသွားကြသည်။ ရောက်ရှိလာသူများသည် ရန်သူများဖြစ်နေလျှင် မလွယ်မှန်း နားလည်ကြသည်။ သို့သော် ကျွဲချိုမှုတ်သံ ကြားရကတည်းက ကြူးဝမ်းခုံးနှင့်တာနားတို့ ပျော်ရွှင်သွားကြလေသည်။ တာနားသည် ရန်သူများနှင့် တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ...

"ဝမ်းဟိုးတို့လူစုလာနေပြီ ... ရန်သူတွေကို ပြတ်ပြတ်သားသား ချေမှုန်းကြပေတော့၊ တို့လူတွေ လာနေပြီ"

ဟု အော်ပြောလိုက်လေသည်။ မှန်ပေသည်။ အုပ်စုဖွဲ့ကာ ဒုန်းစိုင်းနှင်းလာနေကြသူများမှာ ဝမ်းဟိုးတို့လူစု ဖြစ်လေသည်။ ဝမ်းဟိုးတို့လူစုသည် အချိန်မီရောက်လာခြင်းဖြစ်သည်။ ကြူးဝမ်းခုံးတို့နှင့် ရင်ဆိုင်နေသည့် တာလီတပ်ဖွဲ့များအား အနောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်ကြသည်။ နှစ်ဖက်ညှပ်ကာ ပြင်းထန်စွာ တိုက်ခိုက်ခြင်းခံရလျှင် တာလီတပ်ဖွဲ့ မခံနိုင်ပါတော့ချေ။

'ဝုန်း'

"အား"

"အမယ်လေး"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေ၏။ တာလီတပ်ဖွဲ့များမှာ တဖြည်းဖြည်း ရှုံးနိမ့်လာလေတော့သည်။ မြောင်မြင်းသည်တော်များသည် အားတက်လာကြသည်။

"ရန်သူတွေကိုလိုက်ကြ"

"တို့မြေပေါ်က မောင်းထုတ်ကြ"

"မြောင်သူရဲကောင်းတွေရဲ့ အစွမ်းကို ပြကြဖော့"



ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ မြောင်မြင်းသည်တော်များ ရှိသမျှခွန်အား အကုန်ထုတ်ကာ ခရကြမ်းတိုက်ခိုက်ကြလေတော့သည်။ ကြောက်ခမန်းလိလိတိုက်ပွဲကြီးသည် ဝမ်းဟိုးတို့လူစုရောက်လာပြီး မကြာမီမှာပင် အဖြေပေါ်လာလေတော့သည်။

တာလီတပ်ဖွဲ့များသည် မြင်းသည်တော်များ၏တိုက်ခိုက်မှုအောက်ဝယ် အကွဲကွဲအပြားပြား ဖြစ်ကုန်ကြသည်။ တစ်ခဏအတွင်းမှာပင် ကစဥ့်ကလျား ဖြစ်သွားသည်။ တာလီတပ်ဖွဲ့များမှာ စိတ်ဓာတ်ကျဆင်းသွားကြပြီး ဆက်လက်မတိုက်ဝံ့ကြတော့ချေ။ အသက်ဘေးမှ လက်မြောက်ရလေအောင် ကိုယ်လွတ်ရုန်းပြေးကြသည်။

တိုက်ပွဲမှာ နေမဝင်မီ ပြီးဆုံးသွားလေတော့၏။

❋

ဝမ်းဟိုး၏တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲ၏။ သူ၏ခန္ဓာကိုယ်မှ စီးကျလာသည့်သွေးများ မဟုတ်ဘဲ ရန်သူ၏သွေးများ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကျံနေခြင်းဖြစ်၏။ ဝမ်းဟိုး၏လက်ထဲ၌ မဟူရာလုံ ကိုင်ထား၏။ မြင်းပေါ်၌ထိုင်နေပုံမှာ မြောင်သူရဲကောင်းတစ်ယောက်၏ပုံပန်းသဏ္ဌာန် ဝိုဝိုပြင်ပြင် ပေါ်လွင်နေပေသည်။ ဝမ်းဟိုသည် တာနား၊ တာအင်း ဟန်စန်းနှင့် ကြူးဝမ်းခုံးတို့၏ရှေ့တွင် မြင်းကိုရပ်တန့်လိုက်သည်။ ကြူးဝမ်းခုံးက ...

"ဝမ်းဟိုး ... မင်း အပြစ်တစ်ဝက်လောက်တော့ ကျေသွားပြီကွ"

ဟု ပြောလိုက်သည်။ ဝမ်းဟိုး အားရပါးရပြုံးလိုက်သည်။

"ကျန်တဲ့တစ်ဝက်ကို ကျုပ် ဘယ်လိုဆပ်ရမလဲ"

ဟု မေးလေသည်။ ကြူးဝမ်းခုံး လက်ကာပြလိုက်သည်။

"ခဏနေဦး"

သူက ဟန်စန်းဘက်သို့လှည့်ကာ ...

"ရဟတ်ရဲတိုက်ပိုင်နက်ဘက်က ရန်သူအခြေအနေကော ဘယ်လိုရှိသလဲ"

ဟု မေးလိုက်လေသည်။ ဟန်စန်းက ...

"ကျုပ်တို့က နောက်ဆုတ်လာပြီး တောင်ပေါ်မှာ ခေါင်းဆောင်ကြူးနဲ့ လာပြီးပူးပေါင်းခဲ့သလို၊ သူတို့ကလည်း တာလိပြည်ဘက်ကလာတဲ့ တပ်ဖွဲ့တွေနဲ့ ပူးပေါင်းလိုက်ကြပါတယ်"



"ဒါဆို ရဟတ်ရဲတိုက်ပိုင်နက်ဘက်မှာ စိုးရိမ်စရာမရှိဘူးပေါ့"

"ဟုတ်တယ် ... သူတို့အထိနာပြီး နောက်ဆုတ်သွားကြပြီ"

ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"ကောင်းပြီ ... တို့ ဘာဆက်လုပ်သင့်သလဲ စဉ်းစားကြရအောင်"

အားလုံးသည် သူ့ဆက်ပြောလာမည့်စကားကို နားစွင့်နေလိုက်ကြ၏။ ကြူးဝမ်းခုံးက ...

"တို့က သူတို့ကို စော်ကားတာမဟုတ်ဘူး၊ သူတို့က တို့ကို ကျူးကျော်စော်ကားခဲ့တာ၊ တို့ဟာ ဘယ်တော့မှ ခေါင်းငုံ့ခံမနေတတ်ဘူးဆိုတာ သူတို့သိအောင်ပြရလိမ့်မယ်"

အားလုံး ဝမ်းသာသွားကြသည်။ ကြူးဝမ်းခုံးက ဆက်ပြောသည်။

"သူတို့ကို မဆုံးဘူးဆိုရင် နောက်နောင် တို့နယ်မြေကို ကျူးကျော်သိမ်းပိုက်ဖို့ ကြိုးစားကြဦးမှာပဲ၊ အခု သူတို့တပ်ဖွဲ့တွေ ကစဉ့်ကလျားဖြစ်နေပြီး အထိနာနေချိန်ဟာ တို့အတွက် အကောင်းဆုံးအချိန်ပဲ၊ တိုက်ပွဲအစမှာ တို့လူတွေ အထိနာခဲ့ကြတယ်၊ ဒါကြောင့် တိုက်ပွဲကို ရပ်နားချင်သလား ဒါမှမဟုတ် ရှေ့ဆက်ချင်ကြသလား၊

www.burmeseclassic.com

www.burmeseclassic.com



ငှါးသဘောက တာလီနေပြည်တော်အထိလိုက်ပြီး တိုက်ခိုက်ချင်တယ်၊ ယေယ်သားတွေရဲ့သဘောထားကို ဦးစားပေးဖို့ လိုနေပြန်သေးတယ်၊ သူတို့ဟာလည်း အသက်ပေးပြီး တိုက်ပွဲဝင်ကြရသူတွေပဲ မဟုတ်လား”

ဝမ်းဟိုးသည် ကြူးဝမ်းခုံးအား ကြည်ညိုလေးစားသည့်အကြည့်ဖြင့် ကြည့်လိုက်မိလေသည်။ ကြူးဝမ်းခုံးသည် ခေါင်းဆောင်ကောင်းတစ်ယောက် မဟုတ်ပါလား။ ကုန်းချူး၏စကားကို နားထောင်မိခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ် အရှက်ရလာခဲ့လေတော့သည်။ ကြူးဝမ်းခုံးက ...

“တာနား ... မင်းလူတွေ အခြေအနေဘယ်လိုလဲ”

ဟု မေးလိုက်သည်။ တာနား ခေါင်းယမ်းလိုက်သည်။

“မေးစရာမလိုပါဘူး။ သူတို့က တာလီနေပြည်တော်ထဲကို မြင်းစီးပြီး ဝင်သွားချင်ကြသူတွေပါ”

“ဟန်စန်း ... မင်းကော”

“ကျုပ်တို့ဟာ မြောင်ဒေသမှာမွေးတဲ့ လူတွေပါဗျာ၊ တစ်စိတ်တစ်ဝမ်းတည်းပဲ ရှိတော့မှာပေါ့”

“ကောင်းပြီ ... အားလုံး သဘောတူတယ်ဆိုရင် တို့တစ်တွေ တာလီနေပြည်တော်ကို ချီတက်ကြတယ်”



ကြူးဝမ်းခုံး၏စကားကို အားလုံးက ထောက်ခံပေးလိုက်ကြလေတော့သည်။

✹

“ဘာ”

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။ ယန်ဝူးနှင့်ကုန်းချူးတို့ ခေါင်းငုံ့ထားလိုက်ကြလေသည်။ ယန်ဝူး၏ဦးခေါင်း၌ပတ်တီးစည်းထားပြီး လက်တစ်ဖက်ကို သိုင်းချည်ထား၏။ မြောင်ဒေသ၌ မရှုမလှ ရှုံးနိမ့်ခဲ့ရသည့်အဖြစ်ကြောင့် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းနေတော့သည်။ တန့်ယုံက ...

“မြောင်ဒေသကို သုံးရက်အတွင်း သိမ်းပိုက်နိုင်မယ်ဆို ... အခုတော့ ဘယ်လိုလဲ၊ တာလီတပ်ဖွဲ့အင်အား ဆယ်ပုံတစ်ပုံလောက်ပဲ ပြန်ရောက်လာတော့တယ်၊ တကယ်လို့သာ မြောင်တွေက တာလီနေပြည်တော်အထိ ချီတက်တိုက်ခိုက်လာကြမယ်ဆိုရင် ဘယ်လိုလုပ်မလဲ”

ယန်ဝူးနှင့်ကုန်းချူးတို့ ဆတ်ခနဲ ခေါင်းထောင်လာကြလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြူးဝမ်းခုံးတို့လူစု နေပြည်တော်အထိ ချီတက်လာမည်ဆို လျှင် မည်သို့မျှ ခုခံနိုင်ကြတော့မည် မဟုတ်ပါချေ။ တန့်ယိုက ...

"ပညာရှိကြီး ... ဝမ်းအမျိုးအနွယ်တွေက လက်ပိုက်ကြည့် နေမယ်ဆို၊ အခုတော့ ဝမ်းဟိုးကြောင့် အားလုံးဒုက္ခရောက်ခဲ့ကြပြီ မဟုတ်လား"

ဟု မေးလိုက်၏။ ကုန်းချူးက ...

"ဝမ်း ... ဝမ်းဟိုး ... ဒီလိုလုပ်မယ် မထင်မိလို့ပါ"

"ခင်ဗျား မထင်မိတာက အကြောင်းမဟုတ်ဘူး၊ အခု — တာလိနေပြည်တော် ဖျက်စီးရမယ့်ကိန်း ဆိုက်နေပြီ"

တန့်ယိုသည် အကြီးအကျယ် ဒေါသထွက်နေပါ၏။ ယန်ဂူး နှင့် ကုန်းချူးတို့လည်း မည်သို့မျှမတတ်နိုင်ကြပါတော့ချေ။ သူတို့၏ အကြံအစည်သည် လုံးဝပျက်စီး ပြိုကွဲခဲ့ရချေပြီ။ တန့်ယိုက ...

"သူတို့ တာလိနေပြည်တော်အထိ ချီတက်လာကြရင် ဘယ် လိုလုပ်မလဲ"

ယန်ဝူးနှင့်ကုန်းချူးတို့ထံမှ အဖြေစကား မကြားရချေ။ တန့် ယိုက ...

"ခင်ဗျားတို့ အကြံမပေးတတ်တော့ဘူးပေါ့၊ ကောင်းပြီ — အခုအချိန်ကစပြီး ရနိုင်သမျှ ရိက္ခာ စုဆောင်းပါ၊ မြို့ပတ်လည်ထ



ကျုံးကို ဖော်ပါ၊ နေပြည်တော် ပတ်ဝန်းကျင် ကျေးရွာက လူငယ်လူ ရွယ်တွေကို သိမ်းသွင်းပြီး တပ်ဖွဲ့တွေ ပြင်ဆင်ဖွဲ့စည်းပေးပါ"

ဟု အမိန့်ပေးလိုက်သည်။ တန့်ယိုသည် ခေါင်းဆောင် ကောင်းတစ်ယောက်အဖြစ် ရပ်တည်လိုက်ပြီ ဖြစ်၏။ ယန်ဂူးနှင့်ကုန်း ချူးတို့သည် တန့်ယို၏စကားကို တစ်သဝေမတိမ်း နားထောင်ရမည့် သူများ ဖြစ်သွားကြလေသည်။ တန့်ယိုက ...

"နေပြည်တော်ပတ်လည်က ကျုံးမြို့ရိုးကို မြှင့်ပြင်ပါ၊ ရိက္ခာ အပြင် လက်နက်လူသူ စုဆောင်းတာကို အမြန်ဆုံးလုပ်ပါ၊ သူတို့က အချိန်ဆိုင်းနေကြမှာ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။ ယန်ဂူးနှင့် ကုန်းချူးတို့ ခေါင်းညိတ် လိုက်ကြသည်။ တန့်ယိုက ...

"ကဲ ... အချိန်ရှိတုန်း မြန်မြန်လုပ်ကြ၊ ဒီတစ်ခါ တာဝန် မ ကျေဘူးဆိုရင် ခင်ဗျားတို့နှစ်ယောက်စလုံး ကြီးလေးတဲ့အပြစ်ဒဏ် ခံရမယ်"

ယန်ဝူးနှင့်ကုန်းချူးတို့ မနေနိုင်ကြပါတော့ချေ။ တန့်ယိုအား အရိုအသေပြုကာ ကတိုက်ကရိုက် ထွက်သွားကြလေတော့သည်။ သူတို့သည် တန့်ယိုစေခိုင်းလိုက်သည့်အတိုင်း အချိန်မဆွဲဘဲ အပြေး အထန် လုပ်ကိုင်ဆောင်ရွက်လိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



*

ရဟတ်ရဲတိုက် ပိုင်နက်သည်လည်းကောင်း၊ တာလီနေပြည် တော်၏ပိုင်နက်များသည်လည်းကောင်း၊ သုံးရက်အတွင်း မြော မြင်းသည်တော်များ၏ မြင်းခွာများအောက် ရောက်ရှိသွားေ သည်။ မြောင်မြင်းသည်တော်များသည် တားဆီးမရနိုင်ဘဲ ဒီရေ လား တစ်ဟုန်ထိုး ဝင်ရောက်လာကြသည်။

မြို့ရွာများ မီးတဟုန်း ဟုန်းတောက်လောင်ကုန်သည် ခုခံကြသည့် တပ်ဖွဲ့များ စိစိညက်ညက်ကျေမွသွားသည်။ တာလီ ဘုရင်၏ပိုင်နက်ဟူ၍ တာလီနေပြည်တော် ကွက်ကွက်လေးသာ ကျန်ရစ်ခဲ့တော့သည်။

အမြို့မြို့အရွာရွာမှ ထွက်ပြေးလာသူများသည် တာလီ နေပြည်တော်သို့ ဝင်ရောက်လာ ကြသည်။ တာလီနေပြည်တော်မှာ မကြုံစဖူး ထူးကဲအောင် စည်ကားသိုက်မြိုက်လာလေတော့သည်

သို့သော် တာလီနေပြည်တော်နှင့် ဝင်လာသူများ မ သဖြင့် သုံးရက်ဟူသောအချိန်အတွင်း၌ ရိက္ခာပြတ်တတ်သည့်အဖြ



နှင့် စတင်ကြုံတွေ့ရတော့သည်။

လက်နက်ရိက္ခာစုစည်းရန်မှာ သုံးရက်ခန့်သာ အချိန်ရခဲ့၍ လည်း လိုအပ်သလောက် သိုမှီးမထားနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ မြောင်မြင်းသည်တော်များသည် တာလီနယ်မြေများကို တိုက်ခိုက် သိမ်းပိုက်လိုက်ကြပြီးနောက် တာလီနေပြည်တော်ထဲသို့ ဦးတည် ချီတက်လာကြလေတော့သည်။

မြောင်မြင်းသည်တော်များ ချီတက်လာကြသည်ကို ပထမဦးဆုံးတွေ့မြင်ရသူမှာ တာလီနေပြည်တော်၏ မြို့ရိုးမျှော်စင် ပေါ်၌ တာဝန်ကျနေသည့် အားကျီဆိုသူဖြစ်ပေသည်။

အားကျီသည် တာလီနေပြည်တော်သို့ လာရောက်ခိုလှုံခဲ့သူ များအနက်မှ တစ်ယောက်ဖြစ်သည်။ သူသည် အသက်လေးဆယ် ကျော်ရှိပြီး ကျန်းမာသန်စွမ်းသူ ဖြစ်ပေရာ ချက်ချင်းပင် တာလီ တပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ရန် ခေါ်ယူခြင်းခံရ၏။

အားကျီသည် လက်သမားတစ်ယောက်ဖြစ်သည်။ ထို့ ကြောင့် ချပ်ဝတ်တန်ဆာကာ ဓားလွယ်ထားရသည့်အဖြစ်နှင့် လား လားမျှ မအပ်စပ်ဘဲဖြစ်နေ၏။

ထို့အပြင် အားကျီသည် လက်သမားတစ်ယောက်လည်း ဖြစ်ပေသည်။ ထိုနေ့က အားကျီသည် ကင်းမျှော်စင်ပေါ်ဝယ် တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းရှိနေစဉ် အရက်ခိုးသောက်ရန် စိတ်ကူးပေါ်လာသည်။

ဝှက်ထားသည့် အရက်အိုးကို ထုတ်ယူကာ ခွက်ထဲငှဲ့ထည့်လိုက်စဉ်မှာပင် အရက်ခွက်သည် တဆတ်ဆတ် လှုပ်နေသည်ကို တွေ့ရ၏။ အားကျို မျက်လုံးပြူးသွားသည်။

"ဘယ်လိုဖြစ်တာလဲ"

သူက အရက်ခွက်ကို ဆုပ်ကိုင်လိုက်၏။

ထိုစဉ် သူထိုင်နေ သည့် မြို့ရိုးနံရံပင်လျှင် တုန်ခါနေသည်ကို သတိပြုမိ၏။ အမှတ်မထင် အပြင်ဘက် လှမ်းကြည့်လိုက်ရာ —

"ဟာ"

အားကျို လွှတ်ခနဲ အော်လိုက်မိ၏။ မိုးကုပ်စက်ဝိုင်းတစ်ခုလုံး ပြည့်လုနီး အရှိန်ပြင်းစွာ ချီတက်လာနေသည့် မြောင်မြင်းသည်တော်များကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

အားကျို အရက်မသောက်နိုင်တော့ပါ။ ကင်းမျှော်စင်၌ အသင့်ထားရှိသည့် အချက်ပေးမောင်းကြီးအနီးသို့ ပြေးသွားပြီး အဆက်မပြတ် ထုလိုက်လေတော့သည်။

✵ ✵ ✵



# အခန်း (၂၂)

## ချစ်ခြင်းသက်သေ

နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းသွားပြီဖြစ်လေသည်။ ဝင်လုဆဲဆဲ နေရောင်ခြည်အောက်တွင် တာလီနေပြည်တော်ရှိ မြားတပစ်သာသာတွင် ရှက်ဖျင်တဲများ ရာပေါင်းများစွာထိုးပြီး စခန်းချနေသည့် ကြူးဝမ်းခုံး၏တပ်ဖွဲ့ကို တွေ့မြင်နိုင်ပေတော့သည်။

ကြူးဝမ်းခုံးတို့လူစုသည် နေပြည်တော်ကို ဝိုင်းရံထားနိုင်ခဲ့ပြီဖြစ်သည်။ သူတို့သည် မြောင်ဒေသမှနေပြီး တာလီနေပြည်တော်ကိုရောက်အောင် သုံးရက်အတွင်း အပြင်းချီတက်လာကြခြင်းဖြစ်သည်။

အခက်အခဲ အတားအဆီးတွေ့သမျှ ကျော်ဖြတ်ခဲ့ကြသည်။ ယခုတော့ သူတို့၏ပန်းတိုင်နှင့် လက်တစ်ကမ်းအကွာသာ လိုပေ

www.burmeseclassic.com

တော့သည်။ ရွက်ဖျင်တဲများ၏တောင်ဘက်စူးစူး တစ်နေရာ
တောင်ကမူကလေးတစ်ခုပေါ်၌ လူတစ်စု ရပ်နေကြ၏။

ထိုလူစုမှာ ကြူးဝမ်းခုံးတို့လူစု ဖြစ်သည်။ သူတို့သ
တာလိနေပြည်တော်ကို အကဲခတ်ကြည့်နေကြလေသည်။

တာလိနေပြည်တော်မှာ ကျုံးပတ်လည် ဝိုင်းရံထားသ
မြင့်မားသောအုတ်ရိုး ကာရံထားသည်။ ရဟတ်ရဲတိုက်ထက် အ
ပေါင်းများစွာ ဝံ့ဩနိုင်ခံ့တောင့်တင်းလေသည်။ ကြူးဝမ်းခုံးက ...

"တို့တစ်တွေ ဒီတောင်ပေါ်ကနေ အခွင့်အရေး စောင့်ပြီး
တို့ကို ဖြုန်ခွဲဖစ်ခဲ့ကြတာ၊ ဒါကို သင်ခန်းစာယူရလိမ့်မယ်၊ သူတို့
မြို့ထဲကနေ ကြိုကြိုခံကြလိမ့်မယ်"

ဟု ပြောလိုက်လေသည်။ မှန်ပေသည်။ ခံစစ်အနေအထ
ကောင်းမွန်နေလွန်းလျှင် ထိုးစစ်မှာ ဖြိုကွဲပျက်စီးသွားရမည် ဖြစ်
သည်။ ကြူးဝမ်းခုံးက ဆက်ပြောလိုက်သည်။

"တို့က လောကြီးပြီး တိုက်ခိုက်မယ်ဆိုရင် သူတို့ရဲ့ ထော
ချောက်ထဲ ဝင်သွားမိမှာပဲ၊ တို့က သူတို့ကိုပြန်ပြီး ထောင်ချော
ဆင်ရအောင်"

"ဘယ်လိုဆင်မှာလဲ"

တာနားက မေးလေသည်။ ကြူးဝမ်းခုံးက ...



"တို့က သူတို့ကို ဝိုင်းထားကြမယ် ... ဝင်မတိုက်ဘူး"
တာနားက ပြုံးလိုက်သည်။

"ကောင်းတယ်"

ဟု ချက်ချင်းထောက်ခံလိုက်သည်။ ဟန်စန်းက ...

"ကျုပ်တို့လူတွေ ပင်ပန်းနေပါပြီ၊ ဒီမှာ အေးအေးဆေးဆေး
နေပြီး နားခွင့်ရတာပေါ့"

"ကဲ ... အားလုံးသဘောတူကြရင် ဒီမှာပဲနားကြတာပေါ့။
သူတို့ ဘယ်လောက်ကြာကြာ အောင့်ခံနိုင်မလဲ၊ ကြည့်ကြသေးတာ
ပေါ့"

"ဟား .. ဟား .. ဟား"

သူတို့အားလုံး သဘောကျစွာ ရယ်မောလိုက်ကြလေသည်။
သူတို့၏ရယ်မောသံများသည် တိုက်ခတ်ထားသည့် လေပြည်နှင့်
အတူ တာလိနေပြည်တော်သို့တိုင် လွင့်ပျံ့သွားသည်ဟု ထင်မှတ်ရ
လေတော့သည်။

❋

www.burmeseclassic.com



"သူတို့ရောက်လာကြပြီ မဟုတ်လား"

တန့်ယုံက မေးလိုက်လေသည်။ ယန်ဂူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"သူတို့က နေပြည်တော်ကို ဝင်တိုက်ရင် ဘယ်လိုလုပ်မလဲ"

ယန်ဂူး စိတ်ပျက်သွားသည်။ မြောင်မြင်းသည်တော်များ ရောက်လာသည်ကို တန့်ယုံကိုယ်တိုင် မြို့ရိုးပေါ်မှကြည့်ခဲ့ပြီး ဖြစ်လေသည်။

ထို့ကြောင့် တန့်ယုံ မေးလာသည့်စကားများသည် အဓိပ္ပာယ်မရှိဟု တွေးပြီး စိတ်ပျက်သွားခြင်းဖြစ်၏။ ယန်ဂူး အဖြေ မပေးဘဲနေလျှင် တန့်ယုံက ...

"သူတို့လာတာနဲ့ ယမ်းထုပ်တွေအားလုံး ဖောက်ခွဲပစ်လိုက်ရင် ဘယ်လိုနေမလဲ"

"ကျုပ်တို့ အနိုင်ရမှာပေါ့"

"ဟား .. ဟား .. ဟား"

တန့်ယုံ ရယ်မောလိုက်လေသည်။ ယန်ဂူးက ကုန်းချူးကို ကြည့်လိုက်သည်။ ကုန်းချူးက ခေါင်းယမ်းပြလိုက်လေသည်။



တန့်ယုံသည် စိတ်ချောက်ချားကာ တစ်ချက်တစ်ချက် စိတ်ဖောက်ပြန်သွားကြောင်း သူတို့ နားလည်ထားကြပေသည်။ တန့်ယုံသည် ရယ်မောလိုက်ပြီးမှ ...

"သူတို့ ဘာကြောင့် ဝင်မတိုက်ကြသေးတာလဲ"

ဟု မေးပြန်သည်။ ကြူးဝမ်းခုံးတို့လူစု ရောက်လာသည်မှာ ငါးရက်ခန့်ရှိသွားပြီဖြစ်၏။ သူတို့သည် တာလိနေပြည်တော်ကို ဝိုင်းရံထားကြပြီး တိုက်ခိုက်ခြင်း မပြုကြချေ။

ဝိုင်းရံထားရင်း ပျော်ပျော်ပါးပါး စားကြသောက်ကြ၊ က၊ ခုန်ကြသည်။ သီချင်းများ သံပြိုင်ဆိုကြသည်။ တာလိနေပြည်တော် အတွင်းမှ လူများကို လှောင်ပြောင် ကြသည်။

ယန်ဂူး မမေ့နိုင်ဆုံးမှာ ကြူးဝမ်းခုံးတို့လူစု၏ မီးပုံပွဲဖြစ်၏။ သူတို့သည် မီးပုံကြီးများဖိုကာ ဆိတ်များ၊ နွားများ၊ ဝက်များကို အကောင်လိုက်မီးကင်ကာ ဝိုင်းဝန်းစားသောက်နေကြခြင်း ဖြစ်သည်။

ထိုမြင်ကွင်းကို မမေ့နိုင်ရသည့်အကြောင်းရင်းလည်း ရှိနေသည်။ တာလိနေပြည်တော်ဝယ် ရိက္ခာပြတ်လပ်နေပြီ မဟုတ်ပါလား။ လူတစ်ယောက်လျှင် တစ်နေ့ ထမင်းတစ်နပ်စားရဖို့ အရိုင်နိုင်ပင်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အချိန်အတောအတွင်း တာလိဘုရင်ကိုယ်တို
ဆန်ပြုတ်သောက်ရတော့မည့်သဘော ရှိ၏။

ဆန်ပြုတ်ပြုတ်သောက်မည်ဆိုသော်လည်း ကြာကြာ
သောက်ရမည်မဟုတ်ကြောင်း ယန်ဝူးသိသည်။

ကြူးဝမ်းခုံးတို့လူစု စားသောက်နေသလို အမဲသားငါးများ
ကား "လုံးဝမရှိတော့ပြီ၊ မရနိုင်တော့ပြီ။

ရက်ရှည်ကြာလာလေလေ သူတို့တွင် ရိက္ခာပြတ်ပြီး အငတ်
မခံနိုင်တော့သည့်အဆုံး ဒူးထောက် အညံ့ခံရသည့်အဖြစ်မျိုး ရောက်
စေရန် ကြူးဝမ်းခုံးက ဝိုင်းရံထားခြင်းဖြစ်သည်မှာ ပေါ်လွင်ထင်ရှား
လာလေတော့သည်။

"ဟေ့ ... ပြောကြဦးလေ ... သူတို့ ဘာကြောင့် ဝင်မတိုက်
ကြသေးတာလဲ"

ရုတ်တရက်ထွက်ပေါ်လာသည့် တန့်ယုံ၏အသံကြောင့်
ယန်ဝူး၏အတွေးများ ပြတ်တောက်သွားသည်။ ယန်ဝူး မျက်မှောင်
ဖြစ်သွားပြီး ...

"တာလိနေပြည်တော်ကလူတွေ ရိက္ခာပြတ်ပြီး ဒုက္ခရောက်
အောင် တမင်မတိုက်ဘဲ ဝိုင်းရံထားကြတာပါ"

"ဘာ"



အပြင်ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။
တန့်ယုံ၏အသံကိုပင် ဖုံးလွှမ်းသွား၏။

တန့်ယုံ မျက်မှောင်ကြုတ်သွားပြီး ...

"ဘာသံတွေလဲ"

ဟု မေးလိုက်လေသည်။ ကုန်းချူးက ...

"တာလိနေပြည်တော်အတွင်းမှာ မှီခိုနေကြသူတွေ စား
သောက်စရာမရှိလို့ ပေးဖို့ တောင်းဆိုနေကြတဲ့အသံပါ"

"လာ ... သူတို့ စားစရာမရှိတော့ဘူး ... ဟုတ်လား"

"ဟုတ်ပါတယ်"

"စုဆောင်းထားတဲ့ ရိက္ခာတွေကော"

"လွန်ခဲ့တဲ့သုံးရက်လောက်ကပဲ ကုန်သွားပါပြီ"

တန့်ယုံ ငိုင်သွားလေသည်။ ကုန်းချူးက ...

"လူတွေအားလုံး စားစရာမရှိတဲ့ ဖြစ်နေပါတယ်၊ တာလိ
နန်းတော်အတွင်းမှာတောင် တစ်ရက်နှစ်ရက်အတွင်း ဆန်ပြုတ်
သောက်ရပါတော့မယ်၊ သောက်ရေလည်း ကုန်သလောက် ရှိပါပြီ"

"တော်တော့"

တန့်ယုံက ငေါက်လိုက်လေသည်။ ကုန်းချူး ငြိမ်ကျသွား
၏။ တန့်ယုံက ...

www.burmeseclassic.com

www.burmeseclassic.com



"စားစရာမရှိလို့ မြို့ထဲမှာ သေကုန်ရတာမျိုး အဖြစ်မခံ[...] ဘူး၊ မနေနိုင်တဲ့လူတွေ ထွက်သွားကြပါစေ၊ မြို့တံခါးဖွင့်ပေးလို[...] ပါ"

ဟု ပြောလိုက်၏။ ယန်ဝူးနှင့်ကုန်းချူးတို့ မျက်လုံးပြူး[...] ကြလေသည်။

"မြို့ရိုးတံခါးပွင့်ရင် ..."

ယန်ဝူး၏စကားမဆုံးမီ တန့်ယုံက ကြားဖြတ်အော်[...] လိုက်သည်။

"စကားမရှည်နဲ့ ... မြို့တံခါးဖွင့်ပေးလိုက်"

ယန်ဝူးနှင့် ကုန်းချူးတို့ ငြိမ်ကျသွား၏။ တာလီနေပြ[...] တော်မှ ထွက်ပြေးသွားလိုစိတ်များပင် ဖြစ်ပေါ်လာကြလေ[...] သည်။

❋

"မြို့တံခါး ပွင့်သွားပြီဟေ့"

ရုတ်တရက် ကျယ်လောင်သောအသံ ထွက်ပေါ်လာ[...]



ကြူးဝမ်းခုံးတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ချက်ချင်းပင် တောင်ကမူလေးပေါ်သို့တက်ကာ ကြည့်လိုက်ကြ၏။ ထိုအခါ တာလီနေပြည်တော်အတွင်းမှ လူအများအပြား ထွက်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။ ကြူးဝမ်းခုံး ပြုံးလိုက်သ[...]။

"သူတို့ ရှုံးသွားပြီ"

ဟု ပြောလိုက်သည်။ တာနားက ...

"သူတို့ကို စိတ်မချရဘူး၊ သတိထားမှဖြစ်မယ်"

"စိတ်ချ ... ထွက်လာလဲ့လူအားလုံး တစ်ယောက်မှမလွှတ်စေနဲ့၊ ဒါပေမဲ့ ... တိုက်ခိုက်မှုမရှိတဲ့လူကို ဒုက္ခမပေးရဘူးလို့ အမိန့်ပေးလိုက်"

ဟု ပြောလိုက်၏။ တာနားသည် ချက်ချင်းပင် တောင်ကမူပေါ်မှ ပြေးဆင်းသွား၏။

ထို့နောက် မြင်းတစ်ကောင်ပေါ် ခုန်တက်ကာ ရှေ့တန်းတွင် ရှိနေကြသည်။ မြောင်မြင်းသည်တော်များထံသို့ ဦးတည် မောင်းနှင်သွားတော့၏။ ကြူးဝမ်းခုံးက ...

"ငါတို့လည်း လိုက်သွားကြရအောင်၊ စိတ်ဝင်စားစရာ တစ်ခုခုတော့ တွေ့ရလိမ့်မယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ တာအင်းနှင့်ဟန်စန်းတို့ သဘောတူလိုက်ကြ၏။ သူတို့လည်း မြင်းကိုယ်စီဖြင့် ထွက်သွားကြ၏။ ကြူးစုလည်း သူတို့နောက်မှ လိုက်ပါသွား၏။

မကြာပါချေ တာလီနေပြည်တော်မှ ထွက်လာသူများ၏ လာရာလမ်းဆီသို့ ရောက်ရှိသွားကြတော့၏။ တာလီနေပြည်တော်မှ လူအမြောက်အမြား ထွက်လာကြသည်ကို မြင်လျှင် မြောင်မြင်းသည် တော်များသည် ချက်ချင်းပင် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

သို့သော် ထွက်လာကြသူများမှာ သက်ကြီးရွယ်အိုများ ကလေးသူငယ်များနှင့် အမျိုးသမီးများ၊ သားသည်အမေများ၊ ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

ယောကျ်ားများမှာလည်း ခန္ဓာကိုယ်ပိန်ချုံးကာ မျက်တွင်းဟောက်ပက် ဖြစ်နေကြ၏။ ထိုလူအုပ်ကြီးသည် များပြားလှသည့် မြောင်မြင်းသည်တော်များကို တွေ့မြင်ရသော်လည်း အကြောက်အရွံ့မရှိဘဲ လှမ်းလာကြလေသည်။

တာနားက မြောင်မြင်းသည်တော်များက ပစောက်ပုံသဏ္ဌာန်ဖြင့် ထိုလူအုပ်ကြီးကို ဝိုင်းရံနိုင်းလိုက်၏။ ထိုလူအုပ်ကြီးမှာ တာနားတို့၏ဝိုင်းရံမှု ခံလိုက်ရလေ၏။



တာနားသည် ထိုလူအုပ်ကြီးတွင် သူတို့အား ဒုက္ခပေးနိုင်သူ၊ တိုက်ခိုက်လာနိုင်သူများ ပါ၊မပါ စစ်ဆေးကြည့်လိုက်၏။

[illegible]ားလုံးလိုလို နာဖျားမကျန်းမမာဖြစ်နေကြပြီး အာဟာရချို့တဲ့သည့် ဒုက္ခသည်များ ဖြစ်နေသည်ကို တွေ့ရ၏။ တာနားက ထိုလူအုပ်မှ လည်လည်ပတ်ပတ်ရှိသူတစ်ယောက်ကို ကြူးဝမ်းခုံးထံ ခေါ်လာခဲ့သည်။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။ တာနားက ...

“သူ့ကိုမေးကြည့်ရင်ကောင်းမယ်”

ဟု ပြောလိုက်သည်။ ကြူးဝမ်းခုံး ခေါင်းညိတ်လိုက်သည်။ ထိုလူကို စိုက်ကြည့်လိုက်ပြီး ...

“ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ”

ဟု မေးလိုက်၏။ ထိုလူက ...

“အား ... အားကျိုလို့ ခေါ်ပါတယ်၊ ကျွန်ုပ်က လက်သမားတစ်ယောက်ပါ၊ တာလီနေပြည်တော်ကို ပြေးလာတော့ သူတို့က ကျွန်ုပ်ကို ကင်းစောင့်တာဝန်ပေးပါတယ်”

မမေးရဘဲ ပြည့်စုံအောင်ပြော၏။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။

“ခင်ဗျားက ဘာကြောင့်ထွက်ပြေးတာလဲ ... ပြောစမ်းပါ [illegible]”

www.burmeseclassic.com

www.burmeseclassic.com



"တာလီနေပြည်တော်မှာ စားစရာလည်းမရှိ၊ ရေလည်း
တော့ဘူးဗျ၊ လူတွေဝေ်နေကြပြီး ရောဂါဘယတွေလည်း ထူပြေ
နေပြီး သေလိုက်တာ သောက်သောက်လဲပဲ၊ တာလီဘုရင်လည်း စိ
ဖောက်ပြန်နေပြီလို့ ပြောတယ်၊ တာလီစစ်သည်တွေဟာ လက်န
ကိုင်ဖို့တောင် အားမရှိတော့ဘူး။ အဲဒီမှာ ဆက်နေရင် သေဖို့ဝမှိုတာ
ဒါကြောင့် တံခါးဖွင့်ပေးလိုက်တာနဲ့ ထွက်ပြေးလာတာပါ"

သူရှင်းပြသည့်စကား ကြားလျှင် ကြူးဝမ်းနဲ့ စိတ်မကော
ဖြစ်သွား၏။ တာနားကိုကြည့်ကာ ...

"သူတို့ကို စားစရာပေးပြီး သွားချင်ရာ သွားခွင့်ပြုလိုက်
ဟု ပြောလိုက်၏။ တာနား ခေါင်းညိတ်လိုက်သည်။ မြေ
မြည်းသည်တော်များသည် ချက်ချင်းပင် တာလီနေပြည်တော
ထွက်ပြေးလာသူများအား ဆေးဝါးကုသပေးကြသည်။ အစာရေ
ကျွေးမွေးကြသည်။

ထို့နောက် သွားချင်ရာ သွားခွင့်ပြုလိုက်ကြလေသ
တာလီနေပြည်တော်မှာ မကြာမီ သူတို့လက်တွင်းသို့ ကျရောက်
တော့မည်ဟု တာနားတို့အားလုံး နားလည်ထားကြပေတော့သ

❋



ကျူးရေပြင်မှာ ကြည်စိမ်းနေသည်။ ရေပြင်ပေါ်တွင် တောင်းကင်ပေါ်မှ လရိပ်ထင်နေသည်။ ကြူးစုက ခဲလုံးတစ်လုံး ကောက်ကာ ကျူးရေပြင်ထဲ ပစ်ပေါက်လိုက်၏။

ခဲလုံး ရေထဲကျသံ၊ လှိုင်းဂယက်ထသွားသံ ထွက်ပေါ်လာသည်။ ကြူးစု၏စိတ်ထဲ ကျူးရေပြင်နှယ် လှုပ်ရှားနေပါ၏။ တာလီနေပြည်တော်အတွင်းမှ လူများသည် အတိဒုက္ခရောက်နေကြပြီဖြစ်သည်။

သူချစ်ရသောတန့်မေသည် မည်သို့ရှိမည်နည်း။ တန့်မေသည်လည်း အကြီးအကျယ်ဒုက္ခရောက်နေပေတော့မည်။ တန့်မေအား တွေ့လိုစိတ်များ ထိန်းသိမ်းမရနိုင်အောင် ဖြစ်ပေါ်လာသည်။

"သူ့ကို ငါကယ်မှဖြစ်မယ်"

ဟုလည်း ရေရွတ်မိလေသည်။ သူ၏မျက်လုံးအစုံသည် ကျူးရေပြင်မှ မြို့ရိုးအုတ်တံတိုင်းဆီသို့ ရောက်သွား၏။ မြို့ရိုးကား ရှထဲခိုင်ခန့်ပြီး မြင့်မားလှသည်။

သို့သော် တောင်ပေါ်ဒေသ၌ ကြီးပြင်းခဲ့သည့်အတွက် ကြူးအဖို့မှာကား အတားအဆီးတော့ မဟုတ်ပါချေ။ ကြူးစု အကြံတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

“ငါသွားမယ်”

သူက ဆုံးဖြတ်ချက်ချလိုက်သည်။ ပတ်ဝန်းကျင်ကို အထဲ ခတ်ကြည့်လိုက်ရာ လူသူကင်းရှင်းနေသည်ကို တွေ့မြင်ရလျှင် အား တက်သွားပြီး ကျုံးရေထဲ ဆင်းလိုက်သည်။

ရေထဲငုပ်ကာ ကူးခတ်သွား၏။ အတန်ကြာ ကူးခတ်သွား ပြီးလျှင် ကံကောင်းထောက်မစွာဖြင့် အန္တရာယ်မတွေ့ဘဲ တစ်ဖက် ကမ်းသို့ ရောက်သွားလေသည်။

မြို့ရိုးပေါ်မှ အစောင့်အကြပ်များ မြင်တွေ့သွားမည်ကို စိုးရိမ်ကာ ခေတ္တမျှငြိမ်နေပြီးမှ အမှောင်ရိပ်ခိုကာ မြို့ရိုးဆီသို့ ချဉ်း ကပ်သွားလေသည်။

ထို့နောက် အသင့်ယူလာသည့် ကြိုးတစ်ချောင်းကို မြို့ရိုး ပေါ် ပစ်တင်လိုက်၏။ အပေါ်ဘက်မှ ထူးခြားမှုမတွေ့ရလျှင် ကြိုး အားပြုကာ မြို့ရိုးပေါ်တက်သွားသည်။

တစ်ခဏအတွင်းမှာပင် မြို့ရိုးပေါ် ရောက်သွား၏။ ထိုအခါ မှ မြို့ရိုးပေါ်၌ အစောင့်အကြပ်များ ရှိနေကြသော်လည်း အင်အား ပြတ်လပ်မှုကြောင့် ပင်ပန်းနွမ်းနယ်ကာ ငိုက်မျဉ်းနေကြသည်ကို တွေ့ရလေသည်။



ကြူးစုလည်း အချိန်မဖြုန်းတော့ဘဲ အစောင့်အကြပ်များဆီ ရှောင်ကွင်းကာ မြို့တွင်းသို့ ဆင်းလာခဲ့သည်။ တာလိနေပြည်တော်၌ ပညာသင်ကြားခဲ့ဖူးသူဖြစ်၍ မြို့ထဲမှ လမ်းအသွယ်သွယ်ကို ကျင် လည်စွာ သွားလာတတ်ပေသည်။

လရောင်ကိုအားပြုကာ ခပ်သွက်သွက်လျှောက်လာခဲ့ရာ မြို့ထဲ၌ လူအချို့သည် စားသောက်ရန်အလို့ငှာ မြေကြွက်များ လိုက်လံဖမ်းဆီးနေကြသည်ကို တွေ့ရ၏။

ကြူးစု ကြေကွဲမိသည်။ တန့်မေအတွက်လည်း ပိုပြီးစိုးရိမ် လာသည်။ နန်းတော်တည်ရှိရာဘက်သို့ရောက်လာမှ အစောင့် အကြပ်များကို စတင်တွေ့ရလေသည်။

အစောင့်အကြပ်များမှာလည်း နေ့ရောညပါမရှောင် အစာရှာဖွေရန် အလို့ငှာ သွားလာနေကြသည့် မြို့သူမြို့သားများကို တွေ့ရဖန်များလာ၍ ကြူးစုကို ဂရုမစိုက်ကြပါချေ။

အစောင့်အကြပ်များအလစ်တွင် ကြူးစုသည် ပန်းရုံကို ဖြတ်ကာ နန်းတော်၏တစ်ခုသောပြတင်းပေါက်မှတစ်ဆင့် အတွင်း ဘက် ခုန်ဝင်လိုက်၏။

တာလိနန်းတော်အတွင်းသို့ ကြူးစုတွက်လာသည်ကို မည်သူမျှ မသိလိုက်ကြပါချေ။ ကြူးစု စိတ်လှုပ်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူတွေ့လိုသည့် တန့်မေကို တွေ့ရတော့မည် မဟုတ်ပါလား။ တန့်မေအား ခေါ်ထုတ်သွားမည်ဟု ဆုံးဖြတ်ထား၏။ သူ့အတွက် တစ်ခုရှည်း‌သောအခက်အခဲမှာ တန့်မေနေသည့် အဆောင်ကို မသိခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ တစ်ခန်းဝင် တစ်ခန်းထွက်၊ တစ်ဆောင်ဝင် တစ်ဆောင်ထွက် လိုက်ရှာရလေတော့သည်။

တာလိနန်းတော်အတွင်း လှည့်ပတ်ရှာဖွေရင်း မီးရောင်ထွက်ပေါ်နေသည့် အခန်းတစ်ခုကို တွေ့မြင်လိုက်ရ၏။ ကြူးစုက ချက်ချင်းပင် ချဉ်းကပ်သွားလေသည်။ အခန်းအနီးသို့ ရောက်လု ရောက်ခင်၌ ...

"ဘယ်သူလဲ ... ရပ်လိုက်စမ်း"

ဟန့်တားသံနှင့်အတူ အမှောင်ရိပ်ထဲမှ အစောင့်အကြပ်များ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။ ကြူးစု ရှောင်တိမ်းသွားရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွား၏။

ထိုစဉ် ဆူဆူညံညံအသံများကြောင့် မီးရောင်ထွက်ပေါ်နေသည့် အခန်း၏တံခါး ပွင့်သွားပြီး ယန့်ဝူ၊ ကုန်းချူးနှင့် တန့်ယုံတို့ကို လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။



"မြို့ရိုးတံခါးပွင့်သွားပြန်ပြီ၊ ဒီတစ်ခါတော့ သူတစ်ယောက် မြင်းတစ်ကောင်နဲ့ ထွက်လာတယ်ကွ၊ နေဦး သူက တာလိနန်းတော်က အဆောင်အယောင် အဝတ်အစား ဝတ်ထားတယ်၊ အားလုံး အသင့်ပြင်ထားကြ"

တာနား၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ကြူးဝမ်းခုံးက ...

"ဟော့ ဟော ... သူ့ကိုမတိုက်ခိုက်ကြနဲ့၊ သူ့လက်ထဲမှာ အလံဖြူကိုင်ထားတယ်"

ဟု အော်ပြောလိုက်၏။ မှန်ပေသည်။ တာလိ နေပြည်တော်အတွင်းမှ အလံဖြူကိုင်ထားသည့် မြင်းသည်တော်တစ်ယောက် ထွက်လာသည်ကို တွေ့ရသည်။ ကြူးဝမ်းခုံးက ...

"တာနား ... အခြေအနေသွားကြည့်လိုက်ပါ"

ဟု ပြောလိုက်၏။ တာနားက ခေါင်းညိတ်ပြလိုက်ပြီး မြင်းကို ရှေ့သို့မောင်းထွက်သွား၏။ ကြူးဝမ်းခုံးတို့လူစု အခြေအနေကို စောင့်ကြည့်နေလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။ တာလီမြင်းသည်တော်နှင့် တာနားတို့ တွေ့ဆုံမိကြသည်။

သူတို့နှစ်ယောက် စကားအနည်းငယ် ပြောဆိုပြီး တာလီမြင်းသည်တော်သည် မြို့ရိုးဘက်သို့ မြင်းကို ပြန်လည်မောင်းနှင်သွား၏။

တာနားသည်လည်း ကြူးဝမ်းခုံးတို့ထံသို့ မြင်းကို ပြန်လည်မောင်းနှင်လာ၏။

အနီးသို့ရောက်သော် ...

"တာလီဘုရင်က စာတစ်စောင်ပို့လိုက်တယ်"

ပြောပြောဆိုဆို စာထည့်သည့် ရွှေပိန်းချကျည်တောက်ကို လှမ်းပေး၏။ ကြူးဝမ်းခုံးကယူကာ အဖုံးဖွင့်ပြီး စာကိုထုတ်ယူသည်။ စာကိုဖောက်ဖတ်လိုက်လျှင် ...

*ကြူဝမ်းခုံး ...*

*အမြစ်မဲ့သူတွေ ဆက်ပြီး ဒုက္ခမရောက်ရလေအောင် တာလီသူရဲကောင်းတစ်ယောက်နဲ့ မြောင်သူရဲကောင်းတစ်ယောက် စီးချင်းထိုးပြီး ယှဉ်ပြိုင်ကြရမယ်၊ တာလီသူရဲကောင်း ရှုံးသွားရင် တာလီနေပြည်တော်ကို အပ်မယ်၊ မြောင်သူရဲကောင်း ရှုံးသွားရင်တော့ ... အေးအေးဆေးဆေး တပ်ခေါက်ပြီး ပြန်သွားဝါ။*



*တန့်ယု... တာလီဘုရင်*

ဟု ရေးသားထားသည်ကို တွေ့လိုက်ရ၏။ ကြူးဝမ်းခုံး ပြုံးလိုက်သည်။

"သိပ်ကောင်းတဲ့အကြံပဲ၊ ကျုပ်က လက်ခံရမှာပေါ့"

ပြောပြောဆိုဆို တာလီဘုရင်၏သဝဏ်လွှာကို တာနား၊ တာအင်း၊ ဟာန်စန်းနှင့် ဝမ်းဟိုးတို့အား ပေးဖတ်လိုက်၏။ စာဖတ်ပြီးသော် ဝမ်းဟိုးက ...

"ဒီကိစ္စကို ကျုပ်တာဝန်ယူပါ့မယ်ဗျာ"

ဟု ပြောလေသည်။ ကြူးဝမ်းခုံးတို့လည်း ကန့်ကွက်ခြင်းမပြုဘဲ သဘောတူလိုက်ကြ၏။ ဝမ်းဟိုးမှာ ပေးဆပ်စရာ အပြစ်ကြွေးတစ်ဝက် ကျန်နေသေးသည် မဟုတ်လား။

သူတို့သည် တာလီသူရဲကောင်းနှင့် ယှဉ်ပြိုင်မည့်ကိစ္စကို အသေးစိတ် ဆွေးနွေးတိုင်ပင်လိုက်ကြလေတော့သည်။

❋

စူးရှကျယ်လောင်သော ခရာသံများ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းတွင် ကျွဲချိုမှုတ်သံများ ထွက်ပေါ်လာလေသည်။

တာလိနေပြည်တော်၏မြို့ရိုးတံခါးပွင့်သွားပြီး လူတ

ယောက်သည် ချပ်ဝတ်တန်ဆာအပြည့် ဝတ်ဆင်လျက် မြင်းနက်ကြ

တစ်ကောင်စီးကာ ထွက်ပေါ်လာ၏။

လှံရှည်ကိုင် တာလိစစ်သည်တော်များက ထိုလူ၏ေနာ

ခြံရံလျက် လိုက်ပါလာကြ၏။

စီးချင်းထိုး ယှဉ်ပြိုင်မည့် တာလိသူရဲကောင်း ထွက်လာ

ဖြစ်သည်။ ဝမ်းဟိုးက မြင်းပေါ်၌ ဝင့်ကြွားစွာ ထိုင်နေ၏။

တာလိသူရဲကောင်း ထွက်လာသည်နှင့် သူကလည်

မဟူရာလှံကို တင်းကျပ်စွာဆုပ်ကိုင်ရင်း ရှေ့သို့လှမ်းထွက်သွားေ

သည်။

တာလိနေပြည်တော်၏အရှေ့ဘက် မြေကွက်လပ်တွ

ယှဉ်ပြိုင်တိုက်ခိုက်ရန် သတ်မှတ်ထား၏။ ထိုယှဉ်ပြိုင်ပွဲသည

တာလိနေပြည်တော်အတွက် နောက်ဆုံးအခွင့်အရေးဖြစ်၏။

ဒီအတိုင်းနေလျှင်လည်း ရှုံးနိမ့်သွားမည့်လမ်းကို ရှောင

ရမည် မဟုတ်ပါ။

မြောင်မြင်းသည်တော်များသည် ရိက္ခာပြတ်သွားသည

အထိ စွဲ့င်းရံထားပြီးမှ လွယ်လင့်တကူ သိမ်းပိုက်နိုင်မည် မဟုတ



ထား။

အကယ်၍သာ ယှဉ်ပြိုင်ပွဲ၌ တာလိသူရဲကောင်း အနိုင်ရခဲ့

ပါလျှင် မြောင်မြင်းသည်တော်များ တပ်ခေါက်ပြန်ကြရမည် ဖြစ်ပေ

သည်။

ထို့ကြောင့် တာလိနေပြည်တော်မှလူများသည် သူတို့၏

သူရဲကောင်း အနိုင်ရပါစေဟု ဆုတောင်းနေကြပေတော့သည်။

'ခွပ်ခွပ် .. ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ တာလိ

လှံကိုင်စစ်သည်များသည် ကျုံးတံတားနှင့် မလှမ်းမကမ်း၌ ရပ်တန့်

သွားကြ၏။

တာလိမြင်းစီးသူရဲကောင်းတစ်ယောက်တည်းသာ ရှေ့သို့

ထွက်လာလေသည်။ ထိုနည်းတူ မြင်းသည်တော်များသည် ဝိုင်းရံ

ထားသည်မှန်သော်လည်း ဝမ်းဟိုးတစ်ယောက်တည်းသာလျှင်

ရှေ့သို့ထွက်သွား၏။

မြေကွက်လပ်တွင် ဝမ်းဟိုးနှင့်တာလိသူရဲကောင်းတို့

မျက်နှာချင်းဆိုင်မိလိုက်ကြပြီ ဖြစ်လေသည်။ ဝမ်းဟိုးက တာလိ

သူရဲကောင်းကို အကဲခတ်ကြည့်လိုက်၏။

တာလိသူရဲကောင်းသည် ကြေးဖြင့် ပြုလုပ်ထားသည့် ချပ်

www.burmeseclassic.com

www.burmeseclassic.com



စတ်တန်ဆာအပြည့် ဝတ်ဆင်ထားသည်။ တာလိဘုရင်များ အသုံးပြုလေ့ရှိသည့် လှံရှည်တစ်လက် ကိုင်ထားသည်။

ခါး၌ ဓားတစ်လက် ချိတ်ထားပြီး အချိန်မရွေး တိုက်ပွဲဝင်နိုင်သည့် အနေအထား၌ ရှိနေသည်ကိုတွေ့ရ၏။ ဝမ်းဟိုး ပြုံးလိုက်သည်။

"ဒီလူ မခေတာတော့ သေချာတယ်"

ဟု စိတ်ထဲ ကျိတ်၍တွေးလိုက်သည်။

"ခင်ဗျားက စောစောစီးစီးအရှုံးပေးလိုက်ရင် ခင်ဗျားအသက်ချမ်းသာရာရမယ်၊ ဒါမှမဟုတ်ရင်တော့ ကျုပ်လက်ချက်နဲ့ ခင်ဗျား သေရမှာပဲ"

ဟု လှမ်းပြောလိုက်၏။

တာလိသူရဲကောင်းက ခေါင်းခါယမ်းပြသည်။

ဝမ်းဟိုးက ...

"ဘာလဲ ... ခင်ဗျားက ကျုပ်ကို အနိုင်ရမယ်ထင်လို့လား"

တာလိသူရဲကောင်းက ခေါင်းညိတ်လေသည်။ ဝမ်းဟိုးက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား စကားမပြောတတ်ဘူးလား"

တာလိသူရဲကောင်းက လက်ဟန်ခြေဟန်ဖြင့် ရင်ဆိုင်တိုက်



ခိုက်ကြရန် ပြော၏။ ဝမ်းဟိုး ပိုပြီးမကျေမနပ်ဖြစ်သွားလေသည်။ သို့သော် မဟုရာလိုကို တင်းကျပ်စွာဆုပ်ကိုင်ရင်း ...

"ကောင်းပြီ ... မင်း သတိထားပေတော့"

စကားဆုံးလျှင် တာလိသူရဲကောင်းထံသို့ မြင်းဒုန်းစိုင်းနှင်ကာ ဝင်သွားလေသည်။

တာလိသူရဲကောင်းကလည်း ရှေ့သို့မြင်းကို နှင်လာသည်။ မြေကွက်လပ်အလယ်တွင် နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြပြီ ဖြစ်လေသည်။

"ယား"

ဝမ်းဟိုးက ကြွေးသံပေးရင်း စတင်တိုက်ခိုက်လိုက်၏။ တာလိသူရဲကောင်းကလည်း ပြန်လည်တိုက်ခိုက်လေသည်။

"ဟိုး .. ဟိုး ..ဟိုး"

'ခြွမ်း'

'ခွပ် .. ခွပ် .. ခွပ်'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။ ဝမ်းဟိုးနှင့် တာလိသူရဲကောင်းတို့သည် မြင်းဘေးချင်းယှဉ်ပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြ၏။

ထို့နောက် မြင်းကို ရှေ့သို့မောင်းနှင်ကာ လူချင်းခွဲလိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူတို့နှစ်ယောက်သည် ခပ်လှမ်းလှမ်း ငှီရောက်သည် အထိ မောင်းနှင်သွားကြပြီးမှ ပြန်လှည့်လာကြပြီး ထိပ်တိုက် ရင်ဆိုင်လိုက်ကြပြန်လေသည်။

ယခုတစ်ကြိမ် သူတို့၏တိုက်ခိုက်မှုမှာ ပိုပြင်းထန်လာလေ တော့သည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။ နှစ်ယောက် သား ထိပ်တိုက်ရင်ဆိုင်မိလျှင် တာလီသူရဲကောင်း၏ခန္ဓာကိုယ် ယိမ်း ယိုင်သွားပြီး မြင်းပေါ်မှ ပြုတ်ကျမလိုဖြစ်သွား၏။

"ဟေး ... ဟေး"

"ဝမ်းဟိုးကွ"

"တာလီလူမိုက်ကို မြင်းပေါ်က ကန်ချပစ်လိုက်စမ်းပါ"

မြောင်မြင်းသည်တော်များ တခဲနက်ဩဘာပေးလိုက်ကြ လေသည်။ ဝမ်းဟိုးက တဟားဟားရယ်မောကာ ပြင်းထန်စွာ တိုက် ခိုက်လေသည်။

တာလီသူရဲကောင်းသည် မြင်းပေါ်မှပြုတ်ကျမသွား ရလေအောင် ကုပ်တွယ်ထားရင်း ကြိုးစားခုခံ၏။

ထို့နောက် ဝမ်းဟိုး၏တိုက်ခိုက်မှုဒဏ်မှ လွတ်မြောက်



လေအောင် မြင်းကိုတစ်ဖက်သို့ မောင်းထွက်သွား၏။

တာလီသူရဲကောင်း ရှောင်ထွက်သွားခြင်းကြောင့် ဝမ်း ဟိုးမှာ ပြတ်ပြတ်သားသားတိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ပါချေ။

"မင်း ဘယ်ပြေးမလဲ"

အော်ဟစ်ရင်း နောက်မှလိုက်လံတိုက်ခိုက်၏။ တာလီ သူရဲကောင်းသည် လွတ်မြောက်သွားအောင် ရှောင်ကွင်းပြီးမှ တတ်တရက် နောက်သို့ ချာခနဲလှည့်ကာ ပြန်လည်တိုက်ခိုက်လိုက်လေ သည်။

'ခြွမ်း'

ယခုတစ်ကြိမ် ဝမ်းဟိုး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။ သူသာ သတိမထားလျှင် တာလီသူရဲကောင်း၏လက်ချက်မိသွားနိုင် သည်ကို နားလည်မိခြင်းကြောင့် ဖြစ်ပေသည်။

တာလီသူရဲကောင်း၏တိုက်ကွက်မှာ မြောင်သူရဲကောင်း များ တိုက်ခိုက်ပုံနှင့် အတော်ကလေး တူညီနေသည်ကို တွေ့ရ၏။ ဝမ်းဟိုး မျက်မှောင်ကြုတ်သွားပြီး ...

"မင်း ဘယ်သူလဲ"

ဟု အော်မေးလိုက်လေသည်။ တာလီသူရဲကောင်းက ပြန်မဖြေပေးဘဲ ပြင်းထန်စွာ တိုက်ခိုက်လာသည်။ သူ၏တိုက်ခိုက်မှု

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ကာ ဝမ်းဟိုးချက်နှာ ပျက်သွား၏။

"မင်း ... မင်းက ကြူးစု မဟုတ်လား"

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထိုစဉ်မှာပင် တရကြမ်း ထိုးသွင်းလာသည့် တာလီသူရဲကောင်း၏ လှံချက်သည် သူ၏ရင်ဝသို့ တိုးဝင်လာသည်။ ဝမ်းဟိုး ရှောင်နိုင်ပါသော်လည်း တွေတွေကြီး ကြည့်နေမိသည်။

"ကြူးစု"

ဟု တတွတ်တွတ် ရေရွတ်နေမိ၏။ သတိလစ်ဟင်းနေသည့် တဒင်္ဂအချိန်အတွင်းမှာပင် တာလီသူရဲကောင်း၏လှံဖျားသည် သူ၏ ရင်ဝကို ထိုးဖောက်ဖွင့်သွားလေတော့သည်။

"အား"

ဝမ်းဟိုးသည် စူးရှစွာအော်ဟစ်လိုက်ပြီး မြင်းပေါ်မှ ပြုတ်ကျသွား၏။

"ဟေး ... ဟေး ... နိုင်ပြီကွ"

တာလီစစ်သည်များ၏ ဝမ်းသာအားရ ဟစ်ကြွေးသံကြီး ထွက်ပေါ်လာလေတော့သည်။

✱



တာအင်း၊ တာနားနှင့် ဟန်စန်းတို့က ကြူးဝမ်းခုံးကို ကြည့်လိုက်ကြ၏။ ဝမ်းဟိုး မြင်းပေါ်မှ ပြုတ်ကျသွားသည်ကို သူတို့တွေ့လိုက်ရပြီဖြစ်၏။

တကယ်ဆိုလျှင် ဝမ်းဟိုးသည် တာလီသူရဲကောင်းအား အလွယ်တကူအနိုင်ယူနိုင်သည်ကို နားလည်ထားကြပါ၏။

သို့သော် ဝမ်းဟိုးက ညှာဖိုက်သဖြင့် ရှုံးသွားရခြင်းဖြစ်သည်ကို နားလည်ကြ၏။

ဝမ်းဟိုးသည် ရန်သူဖြစ်သော တာလီသူရဲကောင်းကို အဘယ်ကြောင့် ညှာလိုက်ရပါသနည်း။

ကြူးဝမ်းခုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။ သူက မြင်းကို ရှေ့သို့ ဒုန်းစိုင်းနှင်လိုက်၏။

ထိုအချိန်ဝယ် မြေကွက်လပ်တွင် တာလီသူရဲကောင်းသည် မြင်းပေါ်မှဆင်းကာ ဝမ်းဟိုးအား ပွေ့ဖက်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

ကြူးဝမ်းခုံးက တာလီသူရဲကောင်းထံ ဦးတည်သွား၏။ မြေကွက်လပ်အလယ်တွင် ဆုံစည်းမိလိုက်ကြ၏။ တာလီသူရဲကောင်း

www.burmeseclassic.com



သည် သံခမောက်ဆောင်းထားပြီး မျက်နှာတွင် ကြေးဝါဖြင့်အကာ ကွယ် မျက်နှာဖုံးစွပ်ထားသည်။

လူငယ်လူရွယ်တစ်ယောက် ဖြစ်သော်လည်း မည်သူမည်ဝါ ဖြစ်ကြောင်း သိနိုင်မည်မဟုတ်ပါချေ။ ကြူးဝမ်းခုံက သူ့အား စိုက်ကြည့်လိုက်ပြီး ...

"ဝမ်းဟိုးက မင်းကို ညှာလိုက်လို့ မင်း အနိုင်ရလိုက်တာပဲ၊ ဝမ်းဟိုးဟာ မြောင်မျိုးနွယ်ဖွဲ့တွေကို သစ္စာဖောက်ခဲ့ပေမယ့် သူ့ အပြစ်ကို ရဲရဲကြီးပေးဆပ်ခဲ့တယ် ... မင်းကော"

တာလိသူရဲကောင်းသည် ဘာမှမပြောဘဲ ကြူးဝမ်းခုံကို ငေးကြည့်နေ၏။ ကြူးဝမ်းခုံက မြေပေါ်ကျနေသည့် မဟူရာလှံကို ညွှန်ပြလိုက်ပြီး ...

"ဟိုမှာ မဟူရာလှံရှိတယ်"

ဟု ပြောလိုက်သည်။ ထို့နောက် ချာခနဲလှည့်ကာ မြင်းဒုန်း စိုင်းသွား၏။ မြောင်မြင်းသည်တော်များသည် ကြိတ်မနိုင်ခဲမရ ဖြစ် နေကြပါ၏။

တာလိနေပြည်တော်အား တိုက်ခိုက်ချေမှုန်းပစ်လိုကြ သည်။ သို့ပါသော်လည်း ကြူးဝမ်းခုံက လက်မခံပါချေ။ ကြူးဝမ်း ခုံးသည် ကျွဲချိုထုတ်ကာ မှုတ်လိုက်၏။



မြောင်ဒေသသို့ တပ်ခေါက်ပြန်ရန် အချက်ပေးလိုက်ခြင်း ဖြစ်သည်။ တာနား၊ တာအင်းနှင့်ဟန်စန်း တို့သည် ကြူးဝမ်းခုံအား ကရုဏာသက်စွာ ကြည့်မိကြ၏။

ပျောက်ဆုံးနေသည့် ကြူးစုနှင့်ပတ်သက်ပြီး ဘာမှမမေး ကြတော့ချေ။ သူတို့ဦးဆောင်ပြီး မြောင်ဒေသသို့ တပ်ခေါက်ပြန် သွားကြလေတော့သည်။

✹

မြောင်မြင်းသည်တော်များသည် ကတိအတိုင်း တာလိသူရဲ ကောင်းကို ငေးကြည့်နေ၏။ မဟူရာလှံသည် သူ၏လက်တစ်ကမ်း အကွာ၌ ရှိနေပါ၏။

"ဟေး ... ဟေး"

"ကျုပ်တို့အနိုင်ရပြီ"

"ဒါမှ တာလိသူရဲကောင်းကွ"

တာလိစစ်သည်တော်များ၏ ဝမ်းသာအားရ ဟစ်ကြွေးသံ များ ထွက်ပေါ်လာ၏။ တာလိသူရဲကောင်း၏ခန္ဓာကိုယ် ဆတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



တုန်ခါသွား၏။ တာလီတို့ အနိုင်ရလိုက်ပြီဖြစ်သည်။ သူ၏စွမ်းဆောင်မှုကြောင့် ယခုလိုအနိုင်ရလိုက်ခြင်း ဖြစ်သည်။

ဒူက အဘယ်ကြောင့် ယခုလို ဆောင်ရွက်ခဲ့ရပါသနည်း။

တာလီသူရဲကောင်းက မပြောမဆို မဟူရာလှံကို ဆွဲယူလိုက်ပြီး သူ၏ရင်ဝသို့ ပြန်လည်စိုက်သွင်းလိုက်၏။

"အင့်"

သူ၏နှုတ်ဖျားမှ ညည်းညူသံ ထွက်ပေါ်လာ၏။ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားပြီး မြေပေါ် ပျော့ခွေကျသွား၏။ သူ၏ဦးခေါင်းပေါ်မှ သံခမောက်နှင့် မျက်နှာဖုံးကျွတ်ကျသွား၏။ သူ၏မျက်နှာအထင်းသား ပေါ်လာသည်။ ထိုလူမှာ ...

❋

လေပြည်လေညင်း ဖွဲ့ယမ်းတိုက်ခတ်နေ၏။

တောင်ပေါ်လေကို ရှူရှိုက်လိုက်ရသည်မှာ အရသာရှိလှသည်ဟု ကြူးဝမ်းခုံး တွေးမိ၏။ တောင်ပေါ်ရွာသို့ရောက်လျှင် ကလေးငယ်များ ပြေးလွှားဆော့ကစားနေကြသည်ကို တွေ့ရ၏။ အချို့



သည် လူကြီးများနှင့်အတူ လာရောက်ကြို့ဆိုကြလေသည်။

မြောင်မြင်းသည်တော်များသည် မြောင်ဒေသသို့ ပြန်လည်ရောက်ရှိလာကြပြီ မဟုတ်ပါလား။ တာလီနေပြည်တော်မှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲနေပြီဖြစ်၏။

တာလီဘုရင်ကန့်ယုံမှာ စိတ်ဖောက်ပြန်နေပြီဖြစ်ရာ တာလီနေပြည်တော်ကို ဆက်ပြီးဦးဆောင်မှု ပေးနိုင်တော့မည် မဟုတ်ပါ။ တာလီနေပြည်တော်သည် မြောင်ဒေသသို့ ကျူးကျော်သိမ်းပိုက်ရန် နောက်ထပ် နှစ်ပေါင်းငါးဆယ်အတွင်း ကြိုးစားနိုင်တော့မည် မဟုတ်ပါ။

ကြူးဝမ်းခုံးသည် ကျောက်တုံးအိမ်ကလေးရှေ့၌ မြင်းကိုရပ်တန့်လိုက်၏။ အိမ်ရှေ့ဝယ် ယဉ်ယဉ်နှင့်ကြူးချင်တို့က သူ့အားကြို့နေကြ၏။ ယဉ်ယဉ်၏မျက်လုံးအစုံဝယ် မျက်ရည်များ ရစ်ဝဲနေ၏။ ကြူးဝမ်းခုံးကိုကြည့်ကာ ...

"သား ... သားလေးကော"

ဟု မေးလိုက်လေသည်။ ကြူးဝမ်းခုံး မချိပြုံး ပြုံးလိုက်သည်။ ပြေးလွှားဆော့ကစားနေသည့် ကလေးငယ်များကို ညွှန်ပြလိုက်ပြီး ...

"ဟိုမှာကြည့်စမ်း ... တို့မှာ သားသမီးတွေ အများကြီးရှိနေ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ မဟုတ်လား။ သားတစ်ယောက် ဆုံးရှုံးလိုက်ရလို့ ဝမ်းနည်း
မယ့်အစား တခြားသားသမီးတွေကို မြုစုပျိုးထောင်ပေးဖို့
ဘူးလား"

ဟု ပြောလိုက်၏။ သူ၏လေသံ အနည်းငယ် တုန်
ယင် ဖြစ်နေသည်။ ယဉ်ယဉ် ခေါင်းငုံ့သွား၏

ကြူးချင် ငိုရှိုက်လိုက်သည်။ အကယ်၍သာ
အဘယ်ကြောင့် သေဆုံးခဲ့ရသည်ကို သူတို့သိခဲ့ကြပါမူ --- သူ
ကြေးကြမည် မဟုတ်ပါချေ။ သူတို့သည် မြောင်ခေသဉ္ဇ မွေးဖွာ
ပြင်းလာခဲ့ကြသူများ မဟုတ်ပါလား။

တက္ကသိုလ်နေလင်း

www.burmeseclassic.com